# အဗ္ဘာဒီပနီ

ဦးမြင့်သိန်း
ဆူးလေဓမ္မကထိကဆရာကြီး



၈၇၉၉

ရန်ကုန်မြို့
ဆူးလေစေတီတော် ဓမ္မသဘင်၌
တလလျှင် (၁) ကြိမ်ကျ
စနေ-တနင်္ဂနွေညစဉ်
ဟောပြောလျက်ရှိသော တရားတော်များကို
မဂ်ဉာဏ် - ဖိုလ်ဉာဏ်အခြေခံရစေခြင်း အကျိုးငှာ

## ရန်ကုန်မြို့ဆူးလေဓမ္မကထိကဆရာကြီး

ဦးမြင့်သိန်း ရေးသားသော

# [illegible]

ပဉ္စမအကြိမ် ရိုက်ခြင်း

၁၉၇၅-ခု၊ ဇွန်လ

တန်ဘိုး တအုပ် (        )

အဖုံးရိုက်    ဆယ်သန်းစာပုံနှိပ်တိုက်

ဘာသာရေးဆိုင်ရာ စာမူ ပုံနှိပ်ထုတ်ဝေခွင့်

၆၇၇၀ (က) ၆၇၇၀ (ခ)

**ထုတ်ဝေသူ**

ဦးရွှေဝင်း-လူထုစာအုပ်တိုက်၊
(၀၅၇၀-မြ)

၃၅၁-ဗိုလ်ချုပ်လမ်း၊ ကီလီလမ်းဒေါင့် ရန်ကုန်။

ပုံနှိပ်သူ

ဦးစိန်ကြည်၊ ပြည်သူ့အလင်း ပုံနှိပ်တိုက်၊
(၀၀၄၇-မြ)

၁၆၅-ဗိုလ်ချုပ်လမ်း၊ ရန်ကုန်။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | |
|---|---|---|
| | ပန်ကြားလွှာ | |
| | အဘိယာစက | |
| ၁။ | အဝိဇ္ဇာအဖွင့် တရားတော် | ၁၇ |
| ၂။ | ဒုက္ခသစ္စာအဖွင့် ။ | ၁၈ |
| ၃။ | သမုဒယသစ္စာအဖွင့် ။ | ၂၄ |
| ၄။ | နိရောဓသစ္စာအဖွင့် ။ | ၂၉ |
| ၅။ | မဂ္ဂသစ္စာအဖွင့် ။ | ၃၂ |
| ၆။ | မဂ်လမ်း၇-သွယ် ။ | ၃၈ |
| ၇။ | ဒိဋ္ဌိသတ်၊သစ္စာ-၄-ပါး၊ ပဋိစ္စသမုပ္ပာဒ် ပဋိသမ္ဘိဒါ ဉာဏ်တရားတော် | ၄၆ |
| ၈။ | နည်းသုံးသွယ် ။ | ၅၉ |
| ၉။ | စရိယ သုံးပါး ။ | ၆၇ |
| ၁၀။ | ဒိဋ္ဌိသတ်၊ သစ္စဉာဏ် ။ | ၇၃ |
| ၁၁။ | ဣန္ဒြိယ အနုတ္တရ ဘာဝနာ ဒိဋ္ဌိသတ် | ၈၉ |
| ၁၂။ | ပဋိစ္စသမုပ္ပါဒ်-ဒိဋ္ဌိသတ် တရားတော် | ၁၀၈ |
| ၁၃။ | သမထနှင့်ဝိပဿနာ လမ်းခွဲ ။ | ၁၁၉ |
| ၁၄။ | ဂေါတြဘူဉာဏ် တရားတော် | ၁၂၇ |
| ၁၅။ | အဿာဒ ဒိဋ္ဌိအဖွင့် ။ | ၁၃၃ |
| ၁၆။ | ပဋိဝေဓဂမ္ဘီရ တရားတော် (ရူပက္ခန္ဓာပိုင်း) | ၁၄၄ |

# မာတိကာ

ဦးရေ　　　အကြောင်းအရာ


၁၇။ ဝေဒနက္ခန္ဓာ　တရားတော်(နာမက္ခန္ဓာပိုင်း)　၁၅၈

၁၈။ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ
　　တရားတော်　၁၇၇

၁၉။ သောတာပတ္တိမဂ်အဖွင့် တရားတော်　၁၈၃

၂၀။ ဓမ္မာရုံသဘောတရားတွင်　၁၉၈

၂၁။ ဆဠင်္ဂုပေက္ခာတရားတော် - ( တဏှာသတ် )　၂၀၅

၂၂။ ဣန္ဒြိယ၊ ဘာဝနာ　တဏှာသတ်-တရားတော်　၂၁၇

၂၃။ ဒိဋ္ဌိနှင့်တဏှာသတ်၊ သစ္စာ- ၄ - ပါး၊ပဋိသမ္ဘိဒါ
　　ဉာဏ်　　　တရားတော်　၂၃၆

၂၄။ တဏှာ-၃—တန်　　။　၂၈၂

၂၅။ ပဋ္ဌာန်း　　။　၃၀၂

၂၆။ နိဗ္ဗာန်အဖွင့်　　။　၃၅၀

၂၇။ သရဏဂုဏ် - ၃ - ပါး　။

# ပန်ကြားလွှာ။

ဆရာကြီး၏ သက်တော် ၇၀ - ကျော်လာပေပြီ၊ ဆူးလေမွေ သဘင်နှင့်တကွ၊ မြို့နီးဝန်းကျင် အပြင်ပင့်ဘိတ်ရာ အမြို့မြို့အနယ်နယ် သို့လည်းကြွချီ ဟောကြားလျက်ရှိနေရသဖြင့် ကျမ်းကြီး၊ ပေကြီး များကို အလိုတော်ကြ ပြုနိုင်ရန် အချိန်မရသလောက် ရှိနေရပေ သည်။

သို့ဖြစ်၍ " ဆရာမလွန်မီ ကြိုးစားပြီးနာယူ မှတ်သားကြလေ " ဟူသော မိန့်မှာချက်ကို ပန်ဆင်ခါ အသံဖမ်းစက် မပြည့်စုံသည့် ကြားမှရနိုင်သမျှသော တရားတော်များကို ဖမ်းယူမှတ်သားရပါ သည်။

ဆရာကြီးသည်၊ တမြို့တနေရာတွင် ဟောတော်မူသော တရား သည်၊ အခြားသောမြို့၌ ဟောတော်မူရာတွင် အမည်ပင် တူသော် လည်း သဘောသဘာဝမှာ နည်းမျိုးစုံ ဖွင့်၍ဟောတော်မူလေ့ရှိပေ ရာ၊ အမြို့မြို့-အနယ်နယ်တွင်ရှိကြသော တပည့်သာဝကတို့အနေဖြင့် ပြည့်ပြည့် - စုံစုံ နာယူနိုင်ရန် သည် မလွယ်ကူသော အခွင့်အရေးဖြစ် နေရပေသည်။

ဤကိုရည်၍ အများ၏ဆန္ဒဖြင့် အဖွဲ့ချုပ်သည် တာဝန်ယူခါ တပြည်လုံးရှိ ထေရဝါဒီတပည့်များနှင့်တကွ ဗဟုသုတလိုလား

လိုက်စားကြသည့် အများသော ပါရမီရှင်တို့ ပြန်လည်သုံးသပ်လေ့ လာနိုင်စေခြင်းအကျိုးငှာ၊ ၁၃၃၀ - ခုနှစ်၊ မန္တလေးဟောစဉ် တရားများနှင့် ဆူးလေဓမ္မာရုံ၊ ဥက္ကလာပဓမ္မာရုံ၊ သာကေတ၊ အလုံ၊ ဟသ်ာတ၊ မြိတ် စသည့်မြို့များတွင် နေ့ -ည- ဟောတော် မူသော ဒိဋ္ဌိနှင့် တဏှာသတ် တရားတော်များကို ကဏ္ဍအလိုက်စုပေါင်းစီစဉ်ပြီးလျှင်၊ ဆရာကြီး တည်းဖြတ်၍ စက်တင်ပုံနှိပ်ဖြန့်ချိပါသည်။

မှတ်ယူပြီးသမျှသော တရားတော်များကိုသာ တကဏ္ဍတခဏ်း ရပ် သဘောဖြင့် ဖြန့်ချိရာတွင် မှတ်ချက်မယူရသေးသော မင်္ဂလာဒွယတရားတော်၊ မြိတ်မြို့၏ လျှောက်ထား တောင်းပန်ချက်ဖြင့် ချီးမြှင့် ဟောကြားတော်မူသော ပဋ္ဌာန်း တရားတော်ကြီးများနှင့် ဆရာကြီး ဆက်တိုက် ဟောကြား ဖမ်းယူလျက် ရှိနေသေးသော တရားများကို အခါအခွင့်သင့်တိုင်း ဤကဲ့သို့ ပုံနှိပ်ဖြန့်ချိနိုင်ရန် အစီအစဉ်ရှိပြီးဖြစ်ပေရာ၊ လက်ရေးတိုနည်းဖြင့်ရယူရသည် မဟုတ်သော ဤမှတ်ချက်သည်၊ မှတ်ချက် သဘာဝအလျောက်၊ ဆရာကြီးကိုယ်တိုင် ဟောကြားသည်ကို နာယူဘူးသော ပါရမီရှင်တို့ အတွက် လိုလျှင်ဖြည့်၊ ပိုလျှင်လျှော့၊ ပြုနိုင်ပါသော်လည်း ကိုယ်တိုင်ကိုယ်ကြမနာယူဘူးသေးသော ပါရမီရှင်တို့တွင် ပြည့်စုံနိုင်မည် မဟုတ်ပါ၍ ဆရာကြီးပြုစုတော်မူသော -

အတိဂမ္ဘီရ သဘာဝဓမ္မဝိစယ်စုံကျမ်း၊

ဗုဒ္ဓဝိညာဏ်တော်ကျမ်း၊

အဗ္ဘုတ ဒီပနီကျမ်း—

များဖြင့် ဖေးမ၍ လေ့လာ ဝင်စားတော်မူကြပါရန် လေးမြတ်စွာ ပန်ကြားအပ်ပါသည်။

တပည့်များ

ကောဇာ (၁၃၃၆) နယုန်။ သာသနာ (၂၅၁၈) ခရာဇ် (၁၉၇၆)

**နမတ္ထု အဗ္ဘုတ ဒေသကဇိနဿ။**

နိကာယ၊ ဆေက၊ နိကာယ၊ ကောဝိဒ၊ နိကာယ ဘာဏက ဖြစ်သော ရန်ကုန်မြို့ဆူးလေ ဓမ္မကထိက၊ဆရာကြီး ဦးမြင့်သိန်းသည် ဤကျမ်းဂန်ကို၊ အဗ္ဘုတ - ဒီပနီဟုအမည်မှည့်လိုက်ခြင်းသည်၊ ပေါ့ ပေါ့တန်တန် မှည့်ထားခြင်းမဟုတ်ပါ။ ဂမ္ဘီရ လေးနက်သော အဓိပ္ပာယ်မျိုးကို ရည်သန်၍၊ မှည့်ခေါ်ထားခဲ့ပေသည်။

အဗ္ဘုတ ဟူသည်–

(၁) ဝိမ္ဟယော - ပစ္စယော - ဝဏ္ဏနော – အဗ္ဘုတော၊ (အဘိဓာန ဒီပိကာသူစိ)

(၂) ဝိမ္ဟယော - အစ္ဆရိယော -အဗ္ဘုတော ( ၇၃၆ )အဘိဓာန် ဝိသေသျာ ဓိဝဂ်၊

(၃) အဗ္ဘုတော-အစ္ဆရိယေ-တီသုပကောစေဝေါ-အဗ္ဘုတော၊ ပုမေ (၁၀၂၃) အဘိဓာန် အနေကတ္ထဝဂ်၊

(၄) အစ္ဆရိယံဘန္တေ၊ အဗ္ဘုတံဘန္တေ၊နိဒါနဝဂ္ဂသံယုတ်၊ ဒုက္ခဝဂ်၊ နိဒါနသုတ်။

**အထက်ပါ** စကားရပ်တို့၌ပါသော၊ အဗ္ဘုတသည်၊ အံ့သြဘွယ် အံ့သြစရာ မဖြစ်စဘူး အဖြစ်ထူးသည် - ဟူသော အဓိပ္ပာယ်အရ၊ ကောက်ယူရပေမည်။ ဤအဗ္ဘုတမျိုးကို ဆရာကြီး မရည်ရွယ်ခဲ့ပါ။

အဗ္ဗုတဥ္စ - ဝေါ-ဘိက္ခဝေ ဒေသေဿမိ - အဗ္ဗုတဂါမိဥ္စ မဂ္ဂံ၊
တံသုဏာထ-ကတမဉ္စဘိက္ခဝေ-အဗ္ဗုတံ - ယော ဘိက္ခဝေ၊
ရာဂက္ခယော—ဒေါသက္ခယော - မောဟက္ခယော၊
ဣဒံ ဝုစ္စဘိက္ခဝေ အဗ္ဗုတံ။

(သဠာယတနဝဂ္ဂသံယုတ်ပါဠိ - အသင်္ခတသံယုတ် (၅၄၂) အဗ္ဗုတသုတ်) ၌ အဗ္ဗုတကို နိရောဓသစ္စာဟု ဟောတော်မူ၏။

အဋ္ဌကထာအဖွင့်၌—

အဘူတမေဝဘူတံ - မဖြစ်ဘူးသည်သာလျှင် ဖြစ်သောနိဗ္ဗာန်။

"အဇာတံဟုတွာ အတ္ထီတိ အဗ္ဗုတံ"

တစုံတခုသော အကြောင်းကြောင့် မဖြစ်သည်သာဖြစ်၍ ထင်ရှားရှိသော နိဗ္ဗာန်ဟူသော - နိရောဓသစ္စာ - နိဗ္ဗာန် ကိုသာ အဗ္ဗုတဟု ဆိုလိုပါသည်။

ဓမ္မ—ကား ဓမ္မာရုံ-ဒီပနီက ပြခြင်း၊

နိရောဓသစ္စာ - ဓမ္မာရုံ - ဓမ္မဓာတ်ကြီး တပည့်တွေကို ပြခဲ့မည်ဟု ဆိုလိုရိပ် ရှိပါသည်။

ဤအဗ္ဗုတဒီပနီ - ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းကား

မန္တလေးမြို့ ထေရဝါဒ သာသနာ့ မာမက အဖွဲ့မှ - ဥက္ကဋ္ဌ ဦးဘသူသည်၊ ဝိနယကာ-ဆရာကြီး ဦးမြင့်သိန်း၏ သင်တန်းမှုနှင့် တိတ်ခွေတို့မှ ကောင်းနိုးရာရာ တရားတို့ကို သုံးနှစ်သုံးမိုး ရေးသား မှတ်ယူ၍ (၁၅-၉-၇၀) ခုနှစ်၌ ဆရာကြီးထံ တင်ပြပြင်ဆင်ပြီး ပုံနှိပ်ရန် အပ်နှံခဲ့လေသည်။ ၎င်းစာမူကြီးကို- ဦးအရိယဝံသာဘိ ဓမ္မ (ခ)ဦး ဥက္ကံသဗုဒ္ဓိနှင့် မောင်ရွှေဘသိန်းတို့သည် ညစဉ်လိုလို သုံးလခန့် ဆရာကြီးအား-ဖတ်ပြ ပြင်ဆင်ခဲ့ကြပါသည်။ ၎င်းနောက်

ဆရာကြီးသည်၊ ၎င်းစာမူကြီးကို၊ လိုစွက် - ပိုဖျက်လျက် ပြုပြင်ခဲ့ပါသည်။ ယင်းသို့ပြုပြင်ပြီးနောက် (၅-၃-၇၃)၌ မောင်ရွှေဘသိန်းအား ဤစာမူကြီးကို သံဃာ့အဖွဲ့မှ ပဋိဝိသောဓကအဖွဲ့သို့ ထပ်မံပြုပြင်ရန် အပ်နှံခိုင်းလိုက်ပါသည်။ ဤအဗ္ဘုတ ဒီပနီကို - ဆရာကြီးမသေခင်ကြည့်ချင်သည်။ သမ္မော - မှလာသော စကားများများပါသည်ဟု ပြောခဲ့ပါသည်။ ဆရာကြီး ကြည့်လို - မြင်လိုသောအချက်နှစ်ချက်တို့တွင် ဤအဗ္ဘုတ ဒီပနီလည်း တခုအပါအဝင်ဖြစ်သည်။

ထေရဝါဒ သာသနာ့မာမက သံဃာ့အဖွဲ့ချုပ်
"ပဋိဝိသောဓကအဖွဲ့"

(၁) ကျိုက္ကဆံ ပဌမ ရွှေကျင်တိုက်အုပ် ဆရာတော်-ထေရဝါဒီ ဦးသေဂိက (မဟာနာယက)။

(၂) သဃ်န်းကျွန်း မဟာအောင်မြေ ရွှေဂူတိုက်သစ် ဆရာတော်- ထေရဝါဒီ ဦးအရိယ ဝံသာဘိဓမ္မ (ဂဏဝါစက) ဥက္ကဋ္ဌ။

(၃) ဘောက်ထော် မေဃဝံသာရာမ ကျောင်းဆရာတော်-ထေရဝါဒီ ဦးပညိန္ဒာ ဘိဝံသ (မူလဓမ္မာစရိယ) ဒုဥက္ကဋ္ဌ။

(၄) ရန်ကုန်တိုင်း လှည်းကူးမြို့နယ် လေးဒေါင့်ကန် ကျောင်းသစ် - ထေရဝါဒီ အသျှင် တေဇနိယာ ဘိဝံသ (ဂဏဝါစက) အထွေထွေ အတွင်းရေးမှူး။

(၅) မန္တလေးမြို့ - အနောက် ခင်မကန်တိုက်သစ် စည်သာကျောင်း၊ထေရဝါဒီအသျှင်နာရဒါဘိဝံသ (ဓမ္မာစရိယ) တွဲဘက် အတွင်းရေးမှူး။

(၆) သာကေတမြို့-အာဒိကာရုံကျောင်းတိုက် အဘယာရာမ ကျောင်း၊ ထေရဝါဒီ အသျှင် သောဘဏာ ဘိဝံသ (ဓမ္မာစရိယ) နဝကမ္မမှူး။

အထက်ပါ ပဋိဝိသောဓက ဆရာတော်များသည်၊ ဤအဘ္ဓိတ ဒီပနီကျမ်းကို (၂၀ - ၃ - ၇၃) တွင် စတင်ပြင်ဆင်ရာ - ဆရာကြီး လေငန်းရောဂါစွဲကပ်၍၊ စိတ်ဓာတ်ကျဆင်းကာ၊ စာပြင်ဆင်မှုကို ရပ်ဆိုင်းလိုက်ပါသည်။ ဆရာကြီး၏ ဝေဒနာသည်၊ သက်သာလိုက် တခါ၊ တိုးချီတလှည့်နှင့် တဖြေးဖြေး ရောဂါနှိပ်စက်သဖြင့် ၁၃၃၅-ခု၊ ကဆုန်လပြည့်ကျော် (၁၅) ရက် (၃၁-၅-၇၃) ကြာ သာပတေးနေ့၊ ည ၁၀-နာရီတွင် ဆရာကြီး အကျိုးခန္ဓာ ဇာတ်သိမ်း ၍၊ စျာပနကိစ္စ ပြီးသည့်တိုင်အောင်-ဘာမျှ မလုပ်နိုင်သည့်ပြင်၊ ဆရာကြီး အတ္တုပ္ပတ္တိနှင့် ဆရာကြီး ရေးသားသမျှသော စာပေ၊ စာမူများကို ထိန်းသိမ်းရေးအတွက် ကျွန်ုပ်နှင့် ဦးတေဇနိယာဘိဝံ သတို့သည် နံဂါတ်ကြီး၊ ဟသ်ာတ၊ မြေခြားရွာ ဆရာကြီး ဆွေမျိုး များရှိရာသို့ ခရီးထွက်ခဲ့ကြသည်။ ရသင့်သမျှသော စာမူများကို ရရှိပြီးသည့်နောက် ဟသ်ာတမြို့မှတဆင့်ပြည်မြို့သို့ ၁၃၃၅-ခု နယုန် လပြည့်ကျော် (၆)ရက်နေ့ ခရီးဆက်ခဲ့ရာ ပြည်မြို့မှာ တညဥ့်အိပ်၍ (၇) ရက်နေ့တွင် ပြည်မြို့မှ မန္တလေးသို့ ခရီးပြင်းဆက်ခဲ့ရာ မန္တလေး အနောက်ခင်မကန်တိုက်စည်သာကျောင်းသို့ (၈)ရက်နေ့ နံနက် ၄-နာရီတွင် ရောက်ရှိရာ ခရီးထွက်အံ့ဆဲဆဲ ဦးနာရဒါဘိဝံသ (ဓမ္မာစရိယ) ကို ရန်ကုန်၌ ဝါဆို၍ စာမူနှင့် သင်တန်းမူများကိုပဋိဝိ သောဓက အဖွဲ့-ညီညွတ်စွာဖြင့် တိုင်ပင်နှီးနှော၍ ပြင်ဆင်ရန် ရန်ကုန်သို့ ခေါ်ခဲ့ပေသည်။

ရန်ကုန်မြို့သို့ (၁၂)ရက်နေ့တွင် ပြန်လည်ရောက်ရှိ၍ ပဋိဝိယော ဓကအဖွဲ့ သံ-ဃာများစုံညီသောအခါ သင်တန်းမှုများကို မပြင်ဆင်သေးဘဲ(၁၆-၇-၇၃) ဝါဆိုလဆုပ် (၂) ရက်၊ တနင်းလာနေ့၌ ဤ အဗ္ဘုတ ဒီပနီကျမ်းကို စတင်ပြင်ဆင်ခဲ့ရာ (၂-၈-၇၃) ဝါခေါင် လဆုပ် (၇)ရက် တနင်းလာနေ့၌ ပြင်ဆင်ပြီး၍၊ ထေရဝါဒ သာ သနာ့မာမက အဖွဲ့ချုပ် လူကြီးမင်းများ ဖြစ်ကြသော ဦးသောင်း တင်-ဥက္ကဋ္ဌ၊ ဦးစံလှိုင်-အကျိုးဆောင်၊ ဦးဘသင်-ဒု-အကျိုးဆောင်၊ ဦးကြင်ကြိုင်-ဘဏ္ဍာရေးမှူးတို့သည် ဤ အဗ္ဘုတ ဒီပနီကျမ်း ထွက် ပေါ်လာရေးအတွက် တာဝန်ယူကာ အားသွန် ကြိုးပမ်းကြလေ သည်။ ယင်းသို့ ကြိုးပမ်းကြသော်လည်း ကောင်းကင်မှာ ဆင်ရုပ် ရေးသူပမာ၊ အရာမထင်သကဲ့သို့ ဖြစ်ရလေသည်။ ဘာကြောင့်လဲ ဆိုရင် ဆရာကြီးမရှိ၍ - အားငယ်သည်ကတကြောင်း၊ကျန်းမာရေး ထိခိုက်လာသည်က တဖုံ၊ စားဝတ်နေရေးအတွက် ကြိုးပမ်းနေသည် များကြောင့် အသင်းကြီး မချို ငဲ့အောင် ထိန်းသိမ်းရသည်က တမျိုး၊အသင်းကြီး တိုးတက်သော်လည်း ဍ္ဍ္ဍြေရရန်နှင့် အကြောင်း သတ် ဝိပဿနာ တည်တန့်ရေး ကြိုးပမ်းရသည်ကား ဘေးကကြည့် သူပင် သက်သာအံ့မထင်ပါ။ အထက်ပါ လူကြီးမင်းများသည် ယင်းသို့သော အခက်အခဲများကြားမှ ယောဂီတို့ လက်ထဲသို့ တရွက် ကြည့်လျှင် တမဂ် အသိရနိုင်အောင် အဗ္ဘုတ ဒီပနီ-ဂမ္ဘီရ နက်နဲ စွာပါသော လှ-ချော-ခန့်-ကညာပျိုကို အရောက်ပို့လိုက်ပါသည်။ အရဟတ္တဖိုလ်အထိ-အသိရောက်အောင် ကြည့်ရှုနိုင်ပါစေသတည်း။

၁၃၃၆-ခု၊ နယုန်လဆုပ် ၄-ရက်၊

(၈-၆-၇၄) စနေနေ့၊

ဦး အရိယဝံသာဘိဓမ္မ(ခ)ဦးဥက္ကံသဗုဒ္ဓိ၊

မဟာအောင်မြေ ရွှေဂူတိုက်သစ်၊

သဃ်န်းကျွန်း၊ ရန်ကုန်မြို့။

# “ အဘိယာစက ”

**တဟိံ တဟိံ ဥာပနာယ၊ အနိလမဘိယာစိတော။**
**ကရိဿာဟံ လီနဋ္ဌေသု၊ အဗ္ဘုတံ မဂ္ဂဒီပနိံ။**

တဟိံတဟိံ၊ထိုထိုမြို့ရွာ၊ထိုထိုဒေသအသီးသီးတို့၌။ ဝသန္တေဟိ၊ နေထိုင်ကြကုန်သော။သိဿေဟိ၊တပည့်ကြီးငယ် အပေါင်းတို့သည်။ အခိလံ၊ အခါခပ်သိမ်း။ အဘိယာစိတော၊ အလွန်လေးစားစွာ တောင်းပန်အပ်ကုန်သည်ဖြစ်၍။ လီနဋ္ဌေသု- ကွယ်ဝှက်သော အရာ တို့၌။ ဥာပနာယ- သိစေခြင်းငှာ။ အဗ္ဘုတံ-အလွန် အံ့ဩဘွယ် ကောင်းသော။ ဝါ၊ အလွန်ဆန်းကြယ်သော။ မဂ္ဂဒီပနိံ၊ ပါရမီရှင် (ပညာရှင်) သူတော်စင်တို့ သွားရာ လမ်းကြောင်းဖြစ်သော ဗုဒ္ဓ၏ သန္ဒိဋ္ဌိက လမ်းစဉ်ကို။ အဟံ၊ငါသည်။ ကရိဿံ-ကရိဿာမိ၊ရေးသား ပြုပြင် စီရင်ပေအံ့သတည်း။

**ရစိတံ ခလိစေဟ၊ ပမာဒေန ဒိတ္တစိတ္တံ။**
**ယံတံဒိဋ္ဌံ(ပဿံ)ဒယာပန္နော၊ သန္တော(သန္တေဟိ)**
**မေသုဓေသာ ဒယန္တု။**

ဣဟ၊ဤ၌ရေးသားပြုပြင်စီရင်လတ္တံ့ဖြစ်သောအဗ္ဘုတ မဂ္ဂဒီပနီမည် သောကျမ်းကို။ မေမယာ၊အကျွန်ုပ်သည်။ ပမာဒေန၊ အာရုံထွေ ပြား စိတ်လွင့်ပါးသဖြင့်ရင်း။ ခလိတံ-ခလိတဉ္စ၊ ပုဒ်ပါဌ် အက္ခရာ အဖြာဖြာ၌ ဥာဏ်မှာလွတ်ကင်း တိမ်းပါးခြင်းဖြင့်ရင်း။ ရစိတံ၊

ရေးသားစီရင်မိသည်ရှိသော်။ ယံ၊ အကြင်ချွတ်ချော် တိမ်းပါးယွင်း မှားသောအချက်ကို။ ဝိဒူ၊ ပညာခေါင်ထိ ကဝိအမော် ဆရာကျော်တို့သည်။ စေဒိဋ္ဌံ-(စေပဿံ) အကယ်၍ တွေ့မြင်ခဲ့သည်ဖြစ်အံ့။ တံ၊ ထိုသတိလွတ်ကင်း မေ့လျော့ခြင်းကြောင့် ဖြစ်သော၊ မှားယွင်း တိမ်းစောင်းသောအချက်ကို။ ဒယာပန္နော၊ သနားမေတ္တာကရုဏာ ဖြင့် ငဲ့ညှာထောက်ထားသည်ဖြစ်၍ အမြော်အမြင် ရှိတော်မူကြကုန်သော။ သန္တာ- သန္တေဟိ-၊ နိရုတ္တိပါရဂူတဆူ ပြောင်မြောက်မှန်သောက်မာတင် ဇာနည်ဝင်တို့သည်။ သုသောဒယန္တု၊ အမှန်သိမြင်အများပြင်၍ ရှင်ကြည်ပြုံးပြုံး စိတ်နှလုံးဖြင့်သုတ်သင်ရှင်းလင်းတော်မူနိုင်ကြပါစေကုန်သတည်း။

# စာရှုသူအပေါင်းအား ပန်ကြားလွှာ

ယခုထုတ်ဝေသော စာအုပ်သည် အခက်ခဲကြားမှ ထုတ်ရသော စာအုပ်ဖြစ်ပါသည်။ ဆရာမသေမီကပင် ထုတ်ရန် ကြိုးစားခဲ့သော်လည်း အဆင်မပြေသော အကြောင်းအမျိုးမျိုးတို့ကြောင့် မထွက်ပေါ်လာနိုင်ဘဲ ဖြစ်ခဲ့ရပါသည်။ ဆရာမရှိသည့်နောက်မှာပင် ၂-နှစ်ကြာခဲ့ပါသည်။

ထိုစာအုပ်ကို "အဗ္ဘုတမင်္ဂဒီပနီ" ဟူ၍ နာမည်တပ် လိုရင်းဖြစ်ပါသည်။

ကျွန်တော်များသည် ဤ အဗ္ဘုတဒီပနီ စာအုပ်ကို ရိုက်နှိပ်ရန် အခက်အခဲ အမျိုးမျိုးကိုကျော်လွှားပြီး စီစဉ်ရပါသည်တကြောင်း၊ ရွှေရှုစေတနာ လွန်ကြီးစွာဖြင့် ကျေးဇူးရှင် ဆရာကြီး၏ အာဘော်များကို ပျောက်ပျက်သွားမည်ကို စိုးရိမ်တကြီးဖြင့် လုပ်ဆောင်ရပါသည် တကြောင်း၊ စာပုံနှိပ်တိုက် အခက်အခဲ အတွက် ဆရာတော်များ စာမူကို စိတ်တိုင်းကျ မပြုပြင်ရပါသဖြင့် အမှားများသည်းခံ၍ ဖတ်ကြပါရန်ဦးတင်ထိပ်ထား ဂါရဝတရားဖြင့် အထူးတောင်းပန် အပ်ပါသည်။

ထုတ်ဝေသူ

၂၅-၅-၇၅

နမော တဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ။

○

# အဝိဇ္ဇာအဖွင့်

## ( ရန်ကုန်ခေတ်ခွေမှ ကူးယူပါသည် )

အဝိဇ္ဇာဟူသောအမည်သည် သာသနာတော်တွင်ထိပ်ဆုံးမှနေ၍ ထင်ရှားသော ပြဿနာဖြစ်ပေသည်။ သံသရာ ပဋိစ္စသမုပ္ပာဒ် စက်ရဟတ်၌ ရှေ့ပိုင်းမှနေ၍ ဦးစီးခေါင်းဆောင်လျက် ရှိနေသည့်ပြင် အရဟတ္တမဂ်ကျမှသာလျှင် အပြီးတိုင် ချုပ်ငြိမ်းသည် ဖြစ်၍လည်း သာမန် အစွမ်းထက်သော သဘောတရားမဟုတ်ပေ၊ ၎င်းသည် အလွန်ကျစ်လစ်သိမ်မွေ့စွာဖြင့် သစ္စာ ၄-ပါး တရားမြတ်ကို သတ္တဝါ ဝေနေယျတို့ အမှန်အတိုင်း မမြင်နိုင်စေရန် ဖုံးလွှမ်းလျက်ရှိပေရာ သစ္စာ ၄-ပါး တရားမြတ်ကို အသိမှန် အမြင်မှန်ဖြင့် သိမြင်လိုသော ပုဂ္ဂိုလ်တို့သည် အဝိဇ္ဇာ၏ ပရိယာယ်ကိုပထမဦးစွာ ထင်ရှားစေအပ်လှပေသည်။

ထိုကြောင့်....။

အဝိန္ဒိယံ ဝိန္ဒတီတိ အဝိဇ္ဇာ

အဝိန္ဒိယံ-မသိအပ်မသိသင့်မသိထိုက်သော အနာတွေကို (၀၁)နိဗ္ဗာန် ရောက်ကြောင်း မဟုတ်သောတရားတွေကို ဝိန္ဒတိ-သိတတ်၏။ ဣတိ တသ္မာ-တို့ကြောင့် အဝိဇ္ဇာ-အဝိဇ္ဇာမည်၏။

ဝိန္ဒိယံ ဝိန္ဒတီတိ အဝိဇ္ဇာ

ဝိန္ဒိယံ-သိအပ် သိသင့် သိထိုက်သောအရာတွေကို (ဝါ)နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော တရားတွေကို နဝိန္ဒတိ-မသိတတ်၊ ဣတိတသ္မာ တို့ကြောင့် အဝိဇ္ဇာ-အဝိဇ္ဇာမည်၏။

( သမ္မောဟဝိနောဒနီအဋ္ဌကထာ-၁၃၁ )

ဟူသည်နှင့်အညီ နိဗ္ဗာန်ရောက်စေသည့် သိသင့်သိအပ်သော တရားတို့ကို မသိမြင်ခြင်းသည်၎င်း၊ မသိသင့်မသိအပ်သော တရားတို့ကို သိခြင်းသည်၎င်း၊ အဝိဇ္ဇာမည်သဖြင့် ယင်းအဝိဇ္ဇာသည် သစ္စာ ၄-ပါး တရားတို့၌ အဘယ်ကဲ့သို့ ဖုံးလွှမ်း၍ ဝိဇ္ဇာဉာဏ်သည် အဘယ်ကဲ့သို့ ပယ်သတ်ပါသနည်း။

# ဒုက္ခသစ္စာအဖွင့်

ယသ္မာ အယံ အဝိဇ္ဇာ ဒုက္ခ သစ္စဿ ယာထာဝ သရသ
လက္ခဏံ ဇာနိတုံ ပဿိတုံ ပဋိဝိဇ္ဈိတုံ န ဒေတိ
ဝိဘင်းအဋ္ဌကထာ( ၁၃၁ )

ယသ္မာ-အကြင်ကြောင့် အယံအဝိဇ္ဇာ ဤဝိဇ္ဇာသည် ဒုက္ခသစ္စဿ-ဆင်းရဲခြင်းအမှန်ဖြစ်သော ဒုက္ခသစ္စာ၏ ယထာဝ သရထ လက္ခဏံ သ္ဘာသဘော သ္ဘာအလျောက်ဖြစ်နေသော လက္ခဏာကို ဇာနိတုံ-သိခြင်းငှာ၊ ပဿိတုံ မြင်ခြင်းငှာ၊ ပဋိဝိဇ္ဈိတုံ-ထိုးထွင်း၍ သိမြင်ခြင်းငှာ၊ နဒေတိ မပေးနိုင်ပေ၊ ဖုံးလွှမ်း၍သာတည်၏။ ထိုကြောင့်—

## ဒုက္ခေ အညာဏ် အဝိဇ္ဇာ

ဒုက္ခေ-အကျိုးဒုက္ခ အကြောင်းဒုက္ခ နှစ်မျိုး၌ အညာဏံ- မသိခြင်း သည် အဝိဇ္ဇာ-အဝိဇ္ဇာမည်၏။

ဟူ၍ ဟောတော်မူပေရာ သတ္တဝါတို့တွင် ပဋိသန္ဓေ တည်နေရ ခြင်းဆင်းရဲ၊ အိုမင်းရင့်ရော်ရခြင်းဆင်းရဲ၊ ဖောက်ပြန်ဖျားနာရ ခြင်းဆင်းရဲ၊ သေကြေပျက်စီးရခြင်းဆင်းရဲ၊ မနှစ်လိုအပ်ကုန်သော သတ္တဝါ သင်္ခါရ ကံကိလေသာသတရားတို့နှင့် မပြတ်ပေါင်းသင်း ဆက်ဆံ၍ နေရခြင်းဆင်းရဲ၊ နှစ်လိုအပ်ကုန်သော သတ္တဝါသင်္ခါရ ကံကိလေသာတရားတို့နှင့် မပေါင်းယှဉ်, ကွေကွင်းရခြင်းဆင်းရဲ၊ တောင်းတ,တိုင်း မရခြင်းဆင်းရဲနှင့် အချုပ်အားဖြင့် တဏှာစွဲ၊မာန စွဲ၊ ဒိဋ္ဌိစွဲ ဥပါဒါနက္ခန္ဓာတို့နှင့် မကင်းရှင်းရခြင်းစသည်ဖြင့် မရေ တွက်နိုင်လောက်သော ဆင်းရဲဒုက္ခအနန္တနှင့် ရင်ဆိုင်လျက် ရှိနေကြ ရပေသည်။

သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်လိုသော ပုဂ္ဂိုလ်တို့အားလုံး လက္ခဏာယာဉ် ၃-ချက်ကို လက်ကိုင်ပြု၍ နည်းမျိုးစုံဖြင့် အားထုတ် ကြရသည်သာ ဖြစ်၏။ သို့သော် အဘယ်သို့သောနည်း၊ အဘယ်သို့ သော လက္ခဏာသဘောဖြင့် ရှုဆင်ခြင်ပါမည်နည်း၊ ဒုက္ခဟူသော ဆင်းရဲခြင်းသည် လူမဆိုထားဘိဦး၊ အပါယ်ဘုံသား တို့ပင်လျှင် သိသော၊ ကြောက်သော၊ မလိုလားသော သဘာဝတရား ဖြစ်ပေရာ မဂ်ဖိုလ်နိဗ္ဗာန်ကို အမှန်တကယ်အကျိုးပြုနိုင်သော လက္ခဏာသဘော သည် ဤ၌ မသိမဖြစ်သော ပြဿနာဖြစ်နေပေသည်။

ဤကိုရည်၍ ဗုဒ္ဓအရှင်က....။

**အနိစ္စေန အပရေဒုဝေ၊**
**ဒုက္ခေနစဒု ဝေစုဇ္ဇာ၊**
**အနတ္တေန တထေဝစ။**

( ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်) (၁၆၁) ဆ-မူ။

**ဟု**အနိစ္စဒွယ၊ ဒုက္ခဒွယ၊ အနတ္တဒွယ အားဖြင့် အစုံ အစုံပြု၍ **ဟော**တော်မူ၏။ ပရမတ္ထ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တနှင့် မိစ္ဆာဓမ္မာရုံ အနိစ္စ-ဒုက္ခ-အနတ္တ ၂-ပါး ပြား၏။ ပရမတ္ထ လက္ခဏာသည် အကျိုးဝိပါက်ခန္ဓာဖြစ်၍ ပရမတ်တရား ထောက်ခံမှုရှိ၏။ လက္ခဏာရေးတင်၍ ရှုနိုင်သော်လည်းသံဝေဂသဘောငြိးငွေ့ရုံသဘောမျှဖြစ်နိုင်၍ မဂ်မဆိုက်နိုင်ပေ၊ ခဏတ္တယ သဘောဖြင့် မထင်မြင်နိုင် ဗုဒ္ဓရှင်တော်မြတ်တို့၏ အရာဖြစ်၏။ မပယ်ကောင်း၊ မသတ်ကောင်း၊ မနှိပ်စက်ကောင်းသော သဘာဝဖြစ်၏။ အကယ်တိ ၎င်းကိုဖိ၍ ကျင့်ကြံအားထုတ်သော် အတ္တကိလ၊ မထ၍ကျ၏၊ အပဟာတဗ္ဗ တရားအမှန်ဖြစ်သောကြောင့်ပင်တည်း။ ( အဘိဓမ္မာဘာဇနိယနည်းဖြစ်၏ )။

ထင်ရ၊ မြင်ရ၊ သိရ၊ ပယ်ရ၊ သတ်ရမည့်သဘောကား မိစ္ဆာဓမ္မာရုံ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ဖြစ်၏။ (တနည်း)ပရမတ် ထောက်ခံမှုတို့မှ လုံးဝကင်းဆိတ်သော အဘိသင်္ခါရ တရားတို့သာ ဖြစ်၏။ ၎င်းသည် အကြောင်း သမုဒယသစ္စာ ပဟာတဗ္ဗတရား အမှန်ဖြစ်သောကြောင့်ပင်တည်း၊ ဤ အဘိသင်္ခါရတရားတို့ဖြစ်သော ဥပါဒါနက္ခန္ဓာကို သာယာတွယ်တာဆုပ်ကိုင်သည်ရှိသော် ကာမသုခလ္လိကတရား၌ကျ၏။ ဓမ္မာစကြာ ဒေသနာတော်တွင် ဤ တရား ၂-ပါးကို လက်ဝဲ လကျာ်အစွန်း ၂-ဘက် အယုတ်တရားဖြစ်ကြောင်းဖြင့် ဆုံးမတော်မူ၏။

သို့ဖြစ်၍ မိမိတို့ အားထုတ်လျက်ရှိသော တရားသည် အသံပင်တူသော်ငြားလည်းအဆံမှာလွဲနိုင်သဖြင့် လက္ခဏာပင်မှန်သည်ဆိုဦး၊ သစ္စာထိုက်သောလက္ခဏာ-မထိုက်သော လက္ခဏာကိုလည်းကောင်း၊ မရမတ္တသစ္စာလော-အရိယသစ္စာလော (တနည်း)သမုတိသစ္စာ ဟူ၍လည်းကောင်း၊ ကွဲကွဲပြားပြား သိပါမှသာလျှင် မဂ်တရား၊ ဖိုလ်တရားကို ရယူနိုင်ပေမည်၊ အချုပ်ဆိုပါမူအကျိုးတရားဖြစ်သော ပရမတ္တဝိပါ၏ ခန္ဓကိုမရှုအပ်၊အကြောင်းတရားဖြစ်သော (တနည်း) အဘိသင်္ခါရတရားတို့ကို အရိယသစ္စာဉာဏ်ဖြင့် သိမြင် ပယ်သတ်နိုင်ရန်ပင်ဖြစ်ပေသည်။

အကြောင်းကား ဒုက္ခသစ္စဿ ယထာဝ သရသ လက္ခဏံ-ဟူသည့်သွယ်သဘော သွယ်အလျောက်ဆိုသည်မှာ သင်္ခါရဒုက္ခ၏ သင်္ခတ ဒုက္ခလက္ခဏာဖြစ်ပေရာ အကြောင်း ဓမ္မာရုံ ဥပါဒါန်တရား ဖြစ်သည့်အလျောက်—

ဥပ္ပါဒေါ ပညာယတိ

ဥပ္ပါဒေါ-ဖြစ်ခြင်းသည်၊ ပညာယတိ-ထင်ရှား၏။

ဝယော ပညာယတိ

ဝယော-ပျက်ခြင်းသည်-ပညာယတိ- ထင်ရှား၏။

ဟူသည်နှင့်အညီ ဖြစ်ခြင်း-ပျက်ခြင်းသည် ထင်ရှားပေသည်၊ ပရမတ်တရား ထောက်ခံမှုမရှိသည်ဖြစ်၍ ခဏငယ် သုံးချက်မရှိ-ဖြစ်ပျက်သာလျှင် ရှိသည်ဖြစ်သဖြင့် ရှုအပ်သောတရားဖြစ်သောကြောင့်ပေတည်း။ (သုတ္တန္တဘာဇနိယနည်း မည်၏)

ထိုကြောင့် ဤသဘောသဘာဝကိုသိ-ဝိဇ္ဇာ၊မသိ-အဝိဇ္ဇာဖြစ်၏။ ထိုနည်းတူစွာ ဒါနမျှ သီလမျှ ဘာဝနာမျှ ဝိပဿနာမှုတို့၌—

၈၈၉၃

(၁) နိဗ္ဗာန်အမှန်ရောက်ကြောင်း တရားတို့ကိုသိလျှင်—ဝိဇ္ဇာ။
(၂) နိဗ္ဗာန် အမှန်ရောက်ကြောင်း တရားတို့ကို မသိလျှင်—အဝိဇ္ဇာ။
(၃) နိဗ္ဗာန်ရောက်ကြောင်း မဟုတ်သော တရားတို့ကိုသိလျှင်—ဝိဇ္ဇာ။
(၄) နိဗ္ဗာန်ရောက်ကြောင်းမဟုတ်သောတရားတို့ကို မသိလျှင် အဝိဇ္ဇာ

အချုပ်မှာမူ-ဥပါဒါန် နက္ခန္ဓာကို သိလျှင်—ဝိဇ္ဇာ၊ မသိလျှင် အဝိဇ္ဇာဖြစ်၏။

မသိလျှင် မဖြစ်သည့်တရားမှာ၊ သစ္စာ-လေးပါး၊ အနိစ္စံ—သင်္ခတံ ပဋိစ္စသမုပ္ပန္နံ-ခယဓမ္မံ-ဝယဓမ္မံ-ဝိရာဂဓမ္မံ-နိရောဓ ဓမ္မံဖြစ်၏။

သို့ဖြစ်သော် အခြားသောအကြောင်းအရာတွေကိုသိလျှင်ဝိဇ္ဇာ၊ မသိလျှင်—အဝိဇ္ဇာ မည်ပါသလော-မမည်ပါ၊ ဥပမာသော်—သိပ္ပံပညာဖြင့် သောကြာဂြိုဟ်အင်္ဂါတို့၌ သက်ရှိသတ္တဝါ ရှိနိုင်သည်ဟု သိခြင်းသည်၎င်း၊ စနေဂြိုဟ်-ရာဟုဂြိုဟ်တို့၌ သက်ရှိသတ္တဝါရှိသည် မရှိသည်ကို မသိခြင်းသည်၎င်း၊ ဝိဇ္ဇာ-အဝိဇ္ဇာသဘောနှင့် မသက်ဆိုင်ပေ။

အကျဉ်းအားဖြင့် ကာယိကဒုက္ခ၊ စေတသိက ဒုက္ခသည်အကျိုးဝိပါက်ခန္ဓာပရမတ္ထ သစ္စဖြစ်၍ ဒုက္ခသစ္စာအမှန်ဖြစ်သည်ဟု သိမ်းပိုက်ခဲ့သော် အမှန်သိ မဟုတ်သဖြင့် အဝိဇ္ဇာပင်မည်၏။ ဤဒုက္ခတွေကား ကမ္မာသိဖြစ်၏။ အဝိဇ္ဇာဦးစီးသော အသိဖြစ်သောကြောင့်၊ ပဋိစ္စသမုပ္ပာဒ် စက်ရဟတ်လည်ပတ်ခါ ဇရာ၊ မရဏ ထိသွားမည်ဖြစ်ပေသည်။ အရိယသစ္စာ နည်းဖြင့်သော်-ဤပရမတ်အကျိုး ခန္ဓာကို အကျိုးတရားဟူ၍သိ၏။ တဖန်အကျိုးတွင် အကြောင်းဆက်သော်

ပဋိစ္စသမုပ္ပါဒ် သင်္ခါရဒုက္ခဖြစ်မည့် အကြောင်းကိုလည်း သိမြင်၏။ ဤသင်္ခါရဒုက္ခ-ဓမ္မပဋိသမ္ဘိဒါသည် တရားရှုရင်း ချုပ်ရန်ဖြစ်၏။ ဝိပါက်အကျိုးခန္ဓာ၏ ကာယိကဒုက္ခ- အတ္ထပဋိသမ္ဘိဒါသည်ကား ပရိနိဗ္ဗာန် စံဝင်တော်မူသောအခါမှသာ ချုပ်မည် ဖြစ်ကြောင်း တိကျ ခိုင်မာပြတ်သားစွာ သိသဖြင့် ဒုက္ခသစ္စ တရားကို အမှန်မြင်သောကြောင့်—

## ဒုက္ခေ ဉာဏံ ဝိဇ္ဇာ

ဒုက္ခေ-ကျိုး-ကြောင်းဒုက္ခ၌ ဉာဏံ သိခြင်းသည်။ ဝိဇ္ဇာ—ဝိဇ္ဇာ မည်၏။ ဟူသည်နှင့်အညီ ဒုက္ခကို မသိနိုင်အောင် ဖုံးလွှမ်း၍ ထားသော အဝိဇ္ဇာကိုသတ်ပြီးလျှင် သိသော ဝိဇ္ဇာဉာဏ် ဖြစ်သဖြင့်လည်း—

## ဝိန္ဒိယံ ဝိန္ဒတီတိ ဝိဇ္ဇာ

ဝိန္ဒိယံ-သိအပ် သိသင့် သိထိုက်သော အရာတွေကို [ဝါ] နိဗ္ဗာန် ရောက်ကြောင်းဖြစ်သော တရားတွေကို ဝိန္ဒတိ၊ သိတတ်၏။ ဣတိ တသ္မာတို့ကြောင့် ဝိဇ္ဇာ၊ ဝိဇ္ဇာမည်၏။

ဤတွင် ဒုက္ခသစ္စာကို သိခွင့်၊ မြင်ခွင့်၊ ထိုးထွင်း၍ သိခွင့်မပေးသော အဝိဇ္ဇာကို သိခွင့်၊ မြင်ခွင့်၊ ထိုးထွင်း၍ သိခွင့် ရတော့သဖြင့်လည်း—

**ယသ္မာ အယံ ဝိဇ္ဇာ ဒုက္ခသစ္စဿ ယာထာဝ သရသလက္ခဏံ ဇာနိတုံ ပဿိတုံ ပဋိဝိဇ္ဈိတုံ ဒေတိ။** (ဝိဘင်းအဋ္ဌကထာ-နေယျတ္ထ)

ယသ္မာ အကြင့်ကြောင့် အယံဝိဇ္ဇာ၊အကြင်ဝိဇ္ဇာဉာဏ်သည် ဒုက္ခသစ္စ၊ ဒုက္ခသစ္စာ၏ ယာထာဝ သရသလက္ခဏံ၊ သူ့သဘော သူ့ အလျောက်ဖြစ်နေသော လက္ခဏာကို ဇာနိတုံ၊ သိခြင်းငှာ ပဿိ

တို့ မြင်ခြင်းငှာ ပင်္ဂဝိဇ္ဇီတုံထိုးထွင်း၍ သိမြင်ခြင်းငှာ၊ ဒေတိ ပေး၏။ ဟူသည်နှင့်အညီ။

**မဂ္ဂေါတိ ကေနဋ္ဌေန မဂ္ဂေါ**

မဂ္ဂေါတိ မဂ်မည်ခြင်းသည်၊ ကေန ဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့် မဂ္ဂေါ မဂ် မည်ပါသနည်း။

**သောတာပတ္တိ မဂ္ဂဉာဏံ ဒဿနဋ္ဌေန သမ္မာဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိယာ ပဟာနာယ မဂ္ဂေါ။ ပဋိသမ္ဘိဒါမဂ်-မဂ္ဂကထာ(၂၇၄)**

သောတာပတ္တိ မဂ္ဂဉာဏံ သောတာပတ္တိမဂ်ဉာဏ်သည် ဒဿနဋ္ဌေန သစ္စာ ၄-ချက်ကို အမှန်မြင်ခြင်းကြောင့်၊ သမ္မာဒိဋ္ဌိ မဖောက်မပြန် မှန်ကန်သော အယူမည်ပါပေ၏။ မိစ္ဆာဒိဋ္ဌိယာ လွဲမှားသော အယူကို၊ ပဟာနာယ ပယ်ခြင်းကြောင့်လည်း၊ မဂ္ဂေါ မဂ် မည်ပါပေ၏-ဟူ၍ ဟောတော်မူသဖြင့် ဤကဲ့သို့ မှန်သော အယူကို မြင်သိခြင်း နှင့် လွဲမှားသော အယူကို စွန့်ပယ်ခြင်းသည် မဂ်တရားအစစ် ဖြစ်ပေသည်။

(ဤသည်တို့ကား ဒုက္ခသစ္စာ၌ အဝိဇ္ဇာနှင့် ဝိဇ္ဇာတွဲ၍ အကျဉ်း အားဖြင့် ဟောကြား ဆုံးမတော်မူခြင်း ဖြစ်ပါသတည်း။)

---

# သမုဒယသစ္စာ အဖွင့်

**ယသ္မာ အယံအဝိဇ္ဇာ ဒုက္ခသမုဒယဿ ယာထာဝ သရသလက္ခဏံ ဇာနိတုံ ပဿိတုံ ပဋိဝိဇ္ဈိတုံ နဒေတိ။**

ယသ္မာ အကြင့်ကြောင့်၊ အယံအဝိဇ္ဇာ ဤအဝိဇ္ဇာသည် ဒုက္ခ သမုဒယဿ၊ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာ တရား၏ ယာထာဝ

သရသလက္ခဏာ၊သူ့သဘော သူ့အလျောက်ဖြစ်နေသော လက္ခဏာကို ဇာနိတုံ သိခြင်းငှာ၊ ပဿိတုံ မြင်ခြင်းငှာ၊ ပဋိဝိဇ္ဈိတုံထိုးထွင်း၍ သိခြင်းငှာ နဒေတိ မပေးနိုင်ပေ၊ ဖုံးလွှမ်း၍သာ တည်၏။

ထို့ကြောင့်–

**ဒုက္ခသမုဒယေ အညာဏံ အဝိဇ္ဇာ။**

ဒုက္ခသမုဒယေ - ဒုက္ခ၏ ဖြစ်ကြောင်းတရား၌ - အညာဏံ-မသိခြင်းသည် အဝိဇ္ဇာ– အဝိဇ္ဇာ မည်၏။

ဤ၌ ဒုက္ခဖြစ်ကြောင်း၏၊ သူ့သဘော သူ့အလျောက် ဖြစ်နေသော လက္ခဏာကို သိခွင့် - မြင်ခွင့်- ထိုးထွင်း၍ သိခွင့်မပေးသည်၏ အဖြစ်ကြောင့် အဝိဇ္ဇာ ဖြစ်ပေရာ။

**တဏှာ သမုဒယာ အဝိဇ္ဇာ သမုဒယော။**

တဏှာ သမုဒယော - တဏှာဟူသော အကြောင်းကြောင့် အဝိဇ္ဇာသမုဒယော- အဝိဇ္ဇာသည် ဖြစ်၏။

ဟူသည်နှင့်အညီ ဒုက္ခဖြစ်ကြောင်းကို မသိနိုင်အောင် ဖုံးလွှမ်း၍ထားသော အဝိဇ္ဇာ၏ အကြောင်းသည် တဏှာဖြစ်၏။ ၎င်းတဏှာမှာလည်း ကိလေသာ ကာမဂုဏ် အာရုံတို့၏ အပေါ်၌ အာဒီနဝတည်း ဟူသော အပြစ် ဒေါသကိုမမြင် - သာယာဘွယ် နှစ်သက်ဘွယ် ဟူ၍သာ မြင်သော အဿာဒဒိဋ္ဌိ အယူကြောင့်ပင် ဖြစ်ပေသည်။ ပုထုစဉ်တို့၏ အယူအစွဲဖြစ်၏။ ကာမတဏှာ ဘဝတဏှာ - ဝိဘဝတဏှာ တို့သည် အလွန်ချမ်းသာ၏ ဟူသော အယူမှားခြင်းဖြင့်၊ သံသရာ၏ မွေးသောဒုက္ခကို မမြင်နိုင်သော သူတို့သည် ယခု လက်ရှိဘဝအပေါ်တွင် မကျေနပ်သည့်အတိုင်း ထို့ထက် ပိုမိုကောင်းမွန် ချမ်းသာနိုင်သော ဘုံဘဝ ထိုထိုတို့ကို

ရည်မှန်းတောင်းတ,ခါ ကုသိုလ်ကောင်းမှု အစုစုကို အားစိုက် ခွန်စိုက်ပြုလုပ်ကြရပေသည်၊ ဤသည်ပင်လျှင်—

**အဝိန္ဒိယံ ဝိန္ဒတီတိ အဝိဇ္ဇာ။**

အရ မသိသင့် - မသိထိုက်သော နိဗ္ဗာန်ရောက်ကြောင်း တရား မဟုတ်သော အရာတွေကို သိသဖြင့် ( တနည်း ) ဇာတိတဖန် ဖြစ်စေသော အရာတွေကို သိသဖြင့်၊ ပြုလုပ်သဖြင့် အဝိဇ္ဇာ မည်၏။ တဏှာနှင့် အဝိဇ္ဇာ တို့သည်-

**အဝိဇ္ဇာ သမုဒယာ တဏှာသမုဒယော။**

အဝိဇ္ဇာ သမုဒယာ၊ အဝိဇ္ဇာ ဟူသော အကြောင်းကြောင့်၊ **တဏှာသမုဒယော - တဏှာသည်ဖြစ်၏။**

အဝိဇ္ဇာကြောင့်လည်း တဏှာသည် ဖြစ်ရသဖြင့်၊ သတ္တဝါ လူမိုက် ကြီးတို့အား ဒုက္ခဇာတ်မသိမ်းနိုင်စေရန် သံသရာ၏ ရှေ့ နောက် အစွန်းတို့မှနေ၍ ပဋိစ္စသမုပ္ပါဒ် ယန္တရားကို ဦးဆောင် လှည့်ပတ်လျက် ရှိနေ ပေ သည်။ ဤတဏှာ လည်း ဖြစ်သော ဥပါဒါန်အာရုံလည်း ဖြစ်သော မစ္ဆာဓမ္မာရုံလည်း ဖြစ်သော ဒိဋ္ဌိတရား၏ ဖြားယောင်းမှုဖြင့် မသေချာ မရေရာသော ချမ်း သာစစ် ချမ်းသာမှန်မဟုတ်သည့် လောကီ စည်းစိမ်တို့အတွက်ပြု လုပ်ရသော အဘိသင်္ခါရဒုက္ခတွေကို ဒုက္ခမှန်း မသိနိုင်အောင် ဖုံးလွှမ်းသည်ဖြစ်၍ ဓမ္မပဋိသမ္ဘိဒါ အကြောင်းတရား၌၊ မသိ မလိမ္မာခြင်း တချက်၊ မိမိ၏ ယခုရရှိပြီး ဝိပါက်အကျိုးခန္ဓာကို လည်း အဘယ်ကဲ့သို့ ရသည်ကို မသိမြင်သဖြင့်လည်း အတ္ထပဋိ သမ္ဘိဒါ အကျိုးတရား၌ မသိသည်တချက်တို့ကြောင့် မွေး-သေ ဒုက္ခမှ မကျွတ်လွတ်ရခြင်း ဖြစ်ပေသည်။

ဥပမာအားဖြင့်၊ မိန်းခလေးတယောက်သော်၎င်း၊ ယောကျ်ား ငယ်တယောက်၎င်း၊ အလွန်ဆိုးသွမ်းမိုက်မဲသော လင်ယောကျ်ား အိမ်သယ်ဇနီးနှင့် အကြောင်းဘက်မိ၍ ဒုက္ခရောက်ရပါသည်ဟု ဆိုခဲ့သော် မှန်ပါမည်လော၊ လောကီအသိဉာဏ်ဖြင့်သော်၊ လင် ဆိုး၍ - မယားဆိုးဒုက္ခအလွန် ရောက်ရပါသည်ဟု ပြောပေမည်၊ လောကသစ္စာ-အတ္တပင်္ဂိသမ္ဘိဒါအနေအားဖြင့်မှန်၏။ လောကုတ္တ ရာသစ္စာ (တနည်း) အရိယသစ္စာ နည်းအားဖြင့်သော်မှား၏၊ ဓမ္မပဋိသမ္ဘိဒါဉာဏ်ဖြစ်သော တဏှာကြောင့်ဟု ယူနိုင်မှမှန်ပေ သည်။ သို့မှာသာလျှင်-

**ယသ္မာ အယံဝိဇ္ဇာ ဒုက္ခသမုဒယဿ ယာထာဝ သရသ လက္ခဏံ ဇာနိတုံ ပဿိတုံ ပဋိဝိဇ္ဈိတုံ ဒေတိ။**

ယသ္မာ အကြင့်ကြောင့် - အယံဝိဇ္ဇာ-
ဤဝိဇ္ဇာဉာဏ်သည်ဒုက္ခသ၊
သမုဒယဿ- ဒုက္ခဖြစ်ကြောင်း၏
ယထာဝ သရသ လက္ခဏံသူ့သဘော၊
သူ့အလျှောက် ဖြစ်နေသော လက္ခဏာကို-
ဇာနိတုံ၊ သိခြင်းငှာ၊ ပဿိတုံ၊
မြင်ခြင်းငှာ၊ ပဋိဝိဇ္ဈိတုံ၊
ထိုးထွင်း၍ သိခြင်းငှာ၊ဒေတိပေ၏။

ဤတွင် ဒုက္ခဖြစ်ကြောင်း၏ သူ့သဘောသူ့အလျှောက် လက္ခ ဏာသည် တဏှာအကြောင်းဖြစ်ကြောင်း ဝိဇ္ဇာဉာဏ်ဖြင့် သိနိုင် တော့သည်ဖြစ်၍-

ဒုက္ခသမုဒယေ ဉာဏံ ဝိဇ္ဇာ။

ဒုက္ခသမုဒယေ-ဒုက္ခဖြစ်ကြောင်း၌-ဉာဏံ-
သိသောဉာဏ်သည် ဝိဇ္ဇာ—ဝိဇ္ဇာမည်ဖြစ်၏။

သို့ဖြစ်၍ သံသရာအစမှ တကြိမ် တခါဘူးမျှ မသိမမြင်ခဲ့သဖြင့် ဘယ်သူမပြု မိမိမှုဆိုသကဲ့သို့ ဘဝကောင်းစားရေးတွေကို အစဉ်မပြတ် ပြုလုပ်ခဲ့မိသော ဒုက္ခဖြစ်ကြောင်း ဖြစ်သော မိစ္ဆာ ဓမ္မာရုံ အဘိသင်္ခါရ တရားတွေကို သိမြင်ရတော့ပြီဖြစ်၍ မိမိ၏ သင်္ခါရမျှ ကိစ္စအဝဝတို့တွင် အသိတည်းဟူသော အဝိဇ္ဇာပညာဖြင့်၊ ဇာတိဖြစ်စေမည့် မိစ္ဆာတရားယုတ်တို့မှ ကင်းစင်စေကာ ဘဝဇာတ် ချုပ်ငြိမ်းရာမှန်-ပြည်နိဗ္ဗာန်သို့ ဖြောင့်ဖြောင့် တန်းတန်း တက်လှမ်းနိုင်ကြစေရာ၏။

ထို့ကြောင့်—

( ၁ ) ဒုက္ခဖြစ်ကြောင်း အမှန်တရားကိုသိသော်-ဝိဇ္ဇာ

( ၂ ) ဒုက္ခဖြစ်ကြောင်း အမှန်တရားကိုမသိသော် - အဝိဇ္ဇာ

( ၃ ) ဒုက္ခ ဖြစ်ကြောင်း အမှန်မဟုတ်သော တရားကို သိသော်—ဝိဇ္ဇာ၊

( ၄ ) ဒုက္ခဖြစ်ကြောင်း အမှန် မဟုတ်သော တရား ကို မသိသော်—အဝိဇ္ဇာ။

စသော သဘောတရားတို့သည် အလွန်တရာမှပင် နက်နဲလှပါ၍ ဆရာကောင်း၊ ဆရာမြတ်ကိုမှီပြီးခါ၊ အကျိုး တရား၏ သင်္ခါရနှင့် အကြောင်းတရား၏၊ အဘိသင်္ခါရတရားတို့ကို အစွန်း အစမထွက်စေမှုဘဲ ဝိဇ္ဇာပညာဖြင့် ထွင်းဖောက် သိမြင်အပ်လှပေသည်။

( ဤသည်ကား သမုဒယသစ္စာတွင် ဝိဇ္ဇာနှင့် အဝိဇ္ဇာတွဲ၍ အကျဉ်းနည်းဖြင့် ဆုံးမတော်မူချက် ဖြစ်ပါသတည်း။ )

---

# နိရောဓသစ္စာအဖွင့်

**ယသ္မာ အယံ အဝိဇ္ဇာ ဒုက္ခနိရောဓေ ယထာဝ**
**သရသလက္ခဏံ ဇာနိတုံ ပဿိတုံ ပဋိဝိဇ္ဈိတုံ နဒေတိ။**

ယသ္မာ အကြင့်ကြောင့် အယံအဝိဇ္ဇာ ဤအဝိဇ္ဇာသည် ဒုက္ခနိရောဓေ ဒုက္ခချုပ်ခြင်း၏ ယာထာဝ သရသလက္ခဏံ-သူ့သဘောသူ့အလျောက် ဖြစ်နေသော လက္ခဏာကို ဇာနိတုံ-သိခြင်းငှာ၊ ပဿိတုံ-မြင်ခြင်းငှာ၊ ပဋိဝိဇ္ဈိတုံ-ထိုးထွင်း၍ သိခြင်းငှာ၊ နဒေတိ-မပေးဖုံးလွှမ်း၍သာတည်၏။

အထက်၌ ဟောတော်မူခဲ့သည့်အတိုင်း အနာဂတ်ကောင်းစားရေးအတွက် အဝိဇ္ဇာဦးစီးပြီး တဏှာအရင်းခံဖြင့် အားထုတ်ခြင်းသည် အဘိသင်္ခါရဖြစ်ကြောင်းနှင့် ဤအဘိသင်္ခါရ တရားတို့သည် စင်စစ်ဒုက္ခဖြစ်ကြောင်း တရားတို့သာ ဖြစ်သည်ကို နာကြားခဲ့ပေပြီ ဤ၌ အကျိုးကာယိက ဒုက္ခစေတသိက ဒုက္ခမပါဝင်သည်ကို သတိပြုရပါမည်၊ အကျိုးခန္ဓာသည်ကား-စားဝတ်နေရေး တည်းဟူသော ဝိသင်္ခါရဓမ္မခေါ် ပြုပြင်မှုမရှိသော အသင်္ခတဓမ္မဖြစ်၏၊ ဖြစ်သဘော-ပျက်သဘောမရှိလေ၊ ဂဟဏူပါဒါနိဝါဒ [တနည်း] ထေရဝါဒ အရိယာသစ္စာနည်းဖြစ်သော စတုသစ္စသမ္မာမဂ္ဂင်ဖြင့် ထိုထိုသော ဥပါဒါနက္ခန္ဓာတို့ကို ပယ်သတ်ပြီးဖြစ်သည့်အလျောက် အဘိသင်္ခါဒုက္ခတို့သည်—

**ဥပ္ပါဒေါ နပညာယတိ။**

ဥပ္ပါဒေ-အဖြစ်သဘောသည် နပညာယတိ မထင်။

**ဝယော နညာယတိ။**

ဝယော-အပျက်သဘောသည် နပညာယတိ-မထင်- ဟူဘိသို့ အဖြစ်သဘောမရှိသည့်အတိုင်း အပျက်သဘောလည်း မထင်တော့ သည်ဖြစ်၏။ ထို့ကြောင့်....

**သဗ္ဗေသင်္ခါရာ ဒုက္ခာတိ ယဒါပညာယပဿတိ။**
**အထနိဗ္ဗိန္ဒတိ ဒုက္ခေ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။**

(ဓမ္မပဒ ပါဠိတော်)

သဗ္ဗေ-ခပ်သိမ်းကုန်သော သင်္ခါရာ အဘိသင်္ခါရတရားတို့သည် ဒုက္ခဆင်းရဲလှကုန်၏။ ဣတိ ဤသို့ ယဒါ အကြင်အခါ၌ ပညာယ အရိယသစ္စဉာဏ်ဖြင့် ပဿတိ မြင်၏၊ အထ-ထိုသို့မြင်သောအခါ၌ ဒုက္ခေ-ဖြစ်ပျက်ဒုက္ခ၌၊ နိဗ္ဗိန္ဒတိ-ငြီးငွေ့၏၊ ဧသ-ဧသော ဤသို့ ငြီးငွေ့ခြင်းသည် ဝိသုဒ္ဓိယာ တဏှာကိလေသာ စင်ကြယ်ခြင်း၏ မဂ္ဂေါ-လမ်းကြောင်းမည်ပါပေ၏၊ (ဝါ) မဂ်မည်ပါပေ၏။

ဤကဲ့သို့ အရိယသစ္စာဉာဏ်ဖြင့် အကြောင်းဒုက္ခ၏ချုပ်ပုံကို သိမြင်ခြင်းသည် ဒဿနဋ္ဌေန သမ္မာဒိဋ္ဌိဟူသည့်အတိုင်း-

**ဒုက္ခနိရောဓေ အညာဏံ အဝိဇ္ဇာ။**

ဒုက္ခနိရောဓေ-အကျိုးဒုက္ခ-အကြောင်းဒုက္ခချုပ်ခြင်း၌အညာဏံ- မသိ ခြင်းသည် အဝိဇ္ဇာ- အဝိဇ္ဇာမည်၏။ ဟူသော အဝိဇ္ဇာကို ပယ်သတ်ပြီးလျှင် အေးချမ်းသော နိရောဓသစ္စာ၌ ဝင်စံနိုင်တော့ သည့် ဖြစ်၍လည်း-

**ယသ္မာ အယံဝိဇ္ဇာ ဒုက္ခနိရောဓေသု ယာထာဝ သရသ လက္ခဏံ ဇာနိတုံ ပဿိတုံ ပဋိဝိဇ္ဈိတုံ ဒေတိ။**

ယသ္မာ အကြောင့်ကြောင့်၊ အယံဝိဇ္ဇာ-ဤဝိဇ္ဇာဉာဏ်သည်၊ ဒုက္ခနိရောဓေသု-ဒုက္ခချုပ်ငြိမ်းခြင်း၏၊ ယာထာဝ သရသလက္ခဏံ သဘာဝ-သဘောအလျောက်ဖြစ်နေသော လက္ခဏာကို ဇာနိတုံ သိခြင်းငှာ-ပဿိတုံ -မြင်ခြင်းငှာ-ပဋိဝိဇ္ဈိတုံ- ထိုးထွင်း၍သိခြင်းငှာ ဒေတိ-ပေး၏–ဟူ၍ ဆိုးမတော်မူသည့်အတိုင်း ဒုက္ခချုပ်ခြင်း၏ လက္ခဏာသဘောကို ဝိဇ္ဇာဉာဏ်ဖြင့် သိမြင်သည် မည်ပေသည်၊ အဘိသင်္ခါရဒုက္ခတွေကို နိဗ္ဗာန်ဉာဏ်ရ၍ မပြုပြီဖြစ်၏။
သို့ဖြစ်၍-

**ဒုက္ခနိရောဓေ ဉာဏံ ဝိဇ္ဇာ။**

ဒုက္ခနိရောဓေ-အကျိုးဒုက္ခ အကြောင်းဒုက္ခ ချုပ်ငြိမ်းခြင်း၌ ဉာဏံ သိသောဉာဏ်သည် ဝိဇ္ဇာ-ဝိဇ္ဇာမည်၏။ ဤသည်ပင်လျှင် ဒုက္ခချုပ်ငြိမ်းခြင်းကို သိမြင်သော ဝိဇ္ဇာဉာဏ်မည်သဖြင့်....

(၁) ဒုက္ခချုပ်ငြိမ်းခြင်း အမှန်တရားကိုသိလျှင်-ဝိဇ္ဇာ။
(၂) ဒုက္ခ ချုပ်ငြိမ်းခြင်း အမှန်တရားကို မသိလျှင် - အဝိဇ္ဇာ။
(၃) ဒုက္ခချုပ်ငြိမ်းခြင်း အမှန်မဟုတ်သော တရားကို သိလျှင် ဝိဇ္ဇာ။
(၄) ဒုက္ခချုပ်ငြိမ်းခြင်း အမှန်မဟုတ်သော တရားကို မသိလျှင် အဝိဇ္ဇာ– စသည့် မှန်၊မှား သဘာဝတို့ကို စိစစ်ဝေဘန်ပြီးလျှင် ဉာဏ်မြင်စင်ကြယ်သည့်တိုင် ကြိုးစားရာ၏။

(ဤသည်ကား နိရောဓသစ္စာတွင် ဝိဇ္ဇာနှင့် အဝိဇ္ဇာတွဲ၍ အကျဉ်းနည်းအားဖြင့် ဟောတော်မူချက် ဖြစ်ပါသတည်း။)

# မဂ္ဂသစ္စာအဖွင့်

**ယသ္မာ အယံ အဝိဇ္ဇာ ဒုက္ခနိရောဓ ဂါမိနိ ပဋိပဒါယ ယာထာဝ သရသလက္ခဏံ ဇာနိတုံ ပဿိတုံ ပဋိဝိဇ္ဈိတုံ နဒေတိ။**

ယသ္မာ-အကြင့်ကြောင့်၊ အယံအဝိဇ္ဇာ-ဤအဝိဇ္ဇာသည် ဒုက္ခနိရောဓဂါမိနိပဋိပဒါယ-ဒုက္ခချုပ်ငြိမ်းကြောင်း လုပ်ငန်းပဋိပတ်၏ ယာထာဝ သရသလက္ခဏံ သူ့သဘော သူ့အလျောက် ဖြစ်နေသော လက္ခဏာကို ဇာနိတုံ-သိခြင်းငှာ၊ ပဿိတုံ မြင်ခြင်းငှာ၊ ပဋိဝိဇ္ဈိတုံ ထိုထွင်း၍ သိခြင်းငှာ နဒေတိ-မပေးဖုံးလွှမ်း၍သာလျှင်တည်၏။

နိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်းဖြစ်သော လုပ်ငန်းပဋိပတ် ယူသည်မှာ ဆရာကောင်း ဆရာမြတ်ကို မဆည်းကပ်မိပါက အလွန်မှပင် သိမြင်နိုင်ခဲသော လုပ်ငန်းဖြစ်ပေသည်၊ နိဗ္ဗာန်သို့ သွားရာတွင် ထိုထို ဤဤသော လမ်းမှားများဖြင့် သွား၍ရောက် နိုင်သော ကိစ္စမဟုတ်ပေ။

တဖန်တုံ လမ်းတွေကလည်းများ-ထို့ပြင် - သမ္မာဒိဋ္ဌိလမ်းစဉ်ဆိုရုံ မျှဖြင့် မပြီးနိုင်ပုံမှာ-

[၁] ကမ္မဿကတသမ္မာဒိဋ္ဌိ [ပ] သမ္မာသမာဓိ။
[၂] ဈာနသမ္မာဒိဋ္ဌိ [ပ] သမ္မာသမာဓိ။
[၃] ဝိပဿနာသမ္မာဒိဋ္ဌိ [ပ] သမ္မာသမာဓိ။
[၄] စတုသစ္စသမ္မာဒိဋ္ဌိ [ပ] သမ္မာသမာဓိ။
[၅] မဂ္ဂသမ္မာဒိဋ္ဌိ [ပ] သမ္မာသမာဓိ။

[၆] ဖလသမ္မာဒိဋ္ဌိ။ [ပ] သမ္မာသမာဓိ။
[၇] မိစ္ဆာဒိဋ္ဌိ [ပ] မိစ္ဆာသမာဓိ။

ဟူ၍ လမ်း -၇ သွယ်ရှိသည့်အနက်မှ မိစ္ဆာဒိဋ္ဌိနှုတ်သော် လမ်း ၆-သွယ်ရှိနေပေသည်။ အများပင်လျှင် မိမိတို့ပါရမီစရိုက် အား လျော်သော ဝိပဿနာတရားလုပ်ငန်းကို အားထုတ်လျက် ရှိကြ၏။ သို့ပါသော်လည်း အချို့မှာ၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိ အချို့မှာ ဈာနသမ္မာဒိဋ္ဌိ၊ အချို့မှာ ဝိပဿနာသမ္မာဒိဋ္ဌိ တို့ဖြင့် ရောထွေး လျက်ရှိနေသည်ကို မရိပ်မိ - မသိရှိနိုင်သည်မျှမက အချို့တွင် မိစ္ဆာ ဒိဋ္ဌိအယူသို့ ကျရောက်မှန်းမသိ ကျရောက်လျက် ရှိနေကြရသဖြင့် အထူးသတိပြုကြရမည့် ကိစ္စကြီးတရပ်ဖြစ်၏။ လမ်းစစ် လမ်းမှန်ကို မသိသမျှ လိုရာစခန်းသို့ ဘယ်သောအခါမှာမှ ရောက်နိုင်မည်မဟုတ် ကြောင်း အားလုံးပင် ဝန်ခံကြရပေမည်။ ဘရမ်းဘတာ ကျင့်ချင် တိုင်းကျင့်၊ ကြံချင်တိုင်းကြံ၊ ကြိုးစားကရနိုင်ပါသည်။ ဆိုပါမူ ဘုရား ရှင်ပွင့်တော်မူရန်ပင် လိုမည်မဟုတ်ပေ။

ဤကဲ့သို့ တိကျ မှန်ကန်သော လမ်းစဉ်ကို မသိ မြင်ခြင်းသည် ပင်လျှင်

**ဒုက္ခနိရောဓဂါမိနီပဋိပဒါယ အညာဏံ အဝိဇ္ဇာ။**

ဒုက္ခနိရောဓဂါမိနီပဋိပဒါယ ဒုက္ခချုပ်ငြိမ်းကြောင်း လုပ်ငန်း ပဋိပတ်၌ အညာဏံ မသိခြင်းသည် အဝိဇ္ဇာ-အဝိဇ္ဇာမည်၏။

ဤကိုရည်တော်မူသော ဗုဒ္ဓရှင်က-

[၁] **သပ္ပုရိသသံသေဝ** = ပညာရှိ သူတော်ကောင်း ဆရာ စစ် ဆရာမှန်ကို ဆည်းကပ်ကိုး ကွယ်ခြင်း။

[၂] **သဒ္ဓမ္မဿဝန** = သူတော်ကောင်း ဟောကြား ဆိုဆုံးမတော်မူသော တရားကို ရိုသေကြိုးနွံစွာ နာယူခြင်း။

[၃] **ယောနိသောမနသိကာရ** = ကောင်းစွာ နှလုံးသွင်းခြင်း အားထုတ်ခြင်း။

[၄] **ဓမ္မာနုဓမ္မပဋိပတ္တိ** = မဂ်ဖိုလ်နှင့် လျော်သော အနုဓမ္မ သို့ဆိုက်ရောက်ခြင်း။

အစရှိသော အရိယာဖြစ်ကြောင်းအင်္ဂါ ၄ ပါးနှင့် ပြည့်စုံစေရန် ဆုံးမတော်မူပေသည်။ ဤ ၄ ပါး အနက်တွင် သပ္ပုရိသသံသေဝ-သည် အရေးအကြီးဆုံး ဖြစ်၏။ အဘယ့်ကြောင့် ဟူမူ ဆရာကောင်း ဆရာမြတ်တို့ကို ဆည်းကပ်ရသော် မဂ်ကိစ္စဖိုလ်ကိစ္စ အားလုံးပြီးကြောင်းဖြင့် ရှင်တော်မြတ်က အရှင်အာနန္ဒာမထေရ်ကို ဆုံးမတော်မူသောကြောင့်ဖြစ်၏။ **သို့ဖြစ်သဖြင့်** ဆရာကောင်း ဆရာမြတ်ထံ ဆည်းကပ်၍ ဘုရားရှင်၏ အလိုတော်ကျဖြစ်သော စတု သစ္စသမ္မာဒိဋ္ဌိမဂ္ဂင်တရားကို ပဋိသမ္ဘိဒါဉာဏ် အရိယသစ္စာ လမ်းစဉ်ဖြင့် မည်သည့် တရားကား - သိရန်ကိစ္စရှိ၏။ မည်သည့် တရားကား ကျင့်ရန်ပယ်ရန်ကိစ္စရှိ၏။ မည်သည့်တရားကား အကျိုးတရား၊ အတ္ထပဋိသမ္ဘိဒါ မည်သည့် တရားကား အကြောင်းတရား ဓမ္မပဋိသမ္ဘိဒါ အစရှိသော မလွဲမှားနိုင်သည့် နည်းနာ နိသျတို့ကို ရယူကျင့်ကြံအားထုတ်နိုင်ကြရာ၏။

**သို့မှသာ**လျှင်-

(၁) ဒုက္ခချုပ်ငြိမ်းစေကြောင်း လုပ်ငန်း ပဋိပတ် **အမှန်တရားကိုသိ**လျှင်-ဝိဇ္ဇာ။

(၂) ဒုက္ခချုပ်ငြိမ်းစေကြောင်းလုပ်ငန်း ပဋိပတ်အမှန်တရားကို မသိလျှင် အဝိဇ္ဇာ။

(၃) ဒုက္ခချုပ်ငြိမ်းစေကြောင်း လုပ်ငန်း ပဋိပတ်အမှန်မဟုတ်သော တရားကို သိလျှင်-ဝိဇ္ဇာ။

(၄) ဒုက္ခချုပ်ငြိမ်းစေကြောင်း လုပ်ငန်း ပဋိပတ်အမှန်မဟုတ်သောတရားကို မသိလျှင်-အဝိဇ္ဇာ။

သဘောတရားတို့ကို ပိုင်းပိုင်း ခြားခြား ခိုင်ခိုင် မာမာ သိမြင်ခြင်းတော့သည်ဖြစ်၍ -

**ဒဿနေန သမ္မာဒိဋ္ဌိ။**

သစ္စာ ၄- ချက် (တနည်း) အမှန်-၄ချက်ကို ပဋိသမ္ဘိဒါ ဉာဏ်နှင့်တကွ မြင်သည်ဖြစ်သောကြောင့် မဖောက်မပြန် မှန်ကန်သော အယူဖြစ်သည်တချက်။

**မိစ္ဆာဒိဋ္ဌိယာ ပဟာနာယ မဂ္ဂေါ။**

မှားသောအယူကို ပယ်စွန့်နိုင်သည်ဖြစ်သောကြောင့် နိဗ္ဗာန်သို့ ရောက်ရာ လမ်းစစ်လမ်းမှန် ဖြစ်သည် တချက်တို့အားဖြင့် -

**ယသ္မာ အယံ ဝိဇ္ဇာ ဒုက္ခနိရောဓဂါမိနိပဋိပဒါယ။**
**ယာထာဝ သရသလက္ခဏံ ဇာနိတုံ ပဿိတုံ ပဋိဝိဇ္ဈိတုံ ဒေတိ။**

ယသ္မာ အကြင့်ကြောင့် အယံဝိဇ္ဇာ-ဤဝိဇ္ဇာဉာဏ်သည်။ ဒုက္ခနိရောဓ ဂါမိနိပဋိပဒါယ ဒုက္ခချုပ်ငြိမ်း ကြောင်း လုပ်ငန်းပဋိပတ်၌၊ ယာထာဝ သရသလက္ခဏံ သူ့သဘောသူ့ အလျောက်ဖြစ်နေသော လက္ခဏာကို ဇာနိတုံ သိခြင်းငှာ ပဿိတုံ၊ မြင်ခြင်းငှာ ပဋိဝိဇ္ဈိတုံ ထိုးထွင်း၍ သိခြင်းငှာ ဒေတိပေး၏။

ထိုယောဂီပုဂ္ဂိုလ်သည် ဒုက္ခ ချုပ်ငြိမ်း စေကြောင်း၏ သဘော လက္ခဏာဖြစ်သောစတုသစ္စသမ္မာဒိဋ္ဌိမဂ္ဂင်တို့၌ ဖုံးလွှမ်း၍ထားသော အဝိဇ္ဇာကြီးကို အရိယသစ္စာ ဉာဏ်ဖြင့် ဖယ်ရှား နိုင်တော့သည် ဖြစ်၏။

ထို့ကြောင့်။

**ဒုက္ခနိရောဓဂါမိနီပဋိပဒါယ ဉာဏံ ဝိဇ္ဇာ။**

ဟူသည်နှင့်အညီ ဝိဇ္ဇာဉာဏ်မည်ပါပေ၏။

**ဝိန္ဒိယံ ဝိန္ဒတီတိ ဝိဇ္ဇာ။**

ဝိန္ဒိယံ သိသင့် သိအပ် သိထိုက်သော အရာတွေကို ဝါ။ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သော တရားတွေကို ဝိန္ဒတိ သိတတ်၏။ ဣတိတသ္မာ ထို့ကြောင့် ဝိဇ္ဇာ ဝိဇ္ဇာ မည်၏။

ဤ ရှေ့တွင် ကား သစ္စာ ၄ -ချက် တွင် ဖုံး အုပ် လျက် ရှိသော အဝိဇ္ဇာအမိုက်တိုက်ကြီး၏ လက္ခဏာသဘောတရားကို အကျဉ်းနည်း အားဖြင့် သော့ချက်မျှသာ ဟောကြားတော်မူခါ ဝိဇ္ဇာဉာဏ်ကြီး ကွန့်မြူးပွင့်လင်းစေသော အဝိဇ္ဇာအဖွင့်တရားသည် ပြီးဆုံးပါသည်။ ထေရဝါဒအရိယသစ္စာလမ်းစဉ်၏ အသိတရားကား ဤသို့ လုပ်ငန်း ပဋိပတ်ကား ထိုသို့ဖြင့် တိကျပြတ်သားရှင်းလင်းစွာ ဆိုဆုံးမတော်မူချက်များကို ရှေ့တွင် ဆက်လက်ရှုဆင်ခြင်ရန် ဖြစ်ပါသည်။

**ဉာဏံနာမ ပညာ သာ အတ္ထတ္ထံ၊ ကာရဏာ၊ ကာရဏံ။ ဝိဒိတံ ပါကဋံ ကရောတိ။ (ဝိဘင်း အဋ္ဌကထာ(၁၃၂) ဆ-မူ)**

ဉာဏ်သည် ပညာမည်၏၊ ပညာသည် ဉာဏ်မည်၏၊ သစ္စာ ၄-ပါးတရားကို ပေါ်လွင်စေသော သဘောတရားကိုပြု၏။

**အယံ ပန အဝိဇ္ဇာ ဥပ္ပဇ္ဇိတွာ တံ ဝိဒိတံ ပါကဋံ**
**ကာတုံ န ဒေတိ၊ ဉာဏ ပစ္စနီကတော အညာဏံ။ ဝိဘင်းအဋ္ဌကထာ**

ပေါ်လွင်ထင်ရှားသော သစ္စာ ၄-ပါးတရားကို မသိနိုင်အောင် ဖုံးကွယ်ခြင်းသည် အဝိဇ္ဇာမည်၏။ အညာဏစရိယ မည်၏။

သို့ဖြစ်၍....။

**ဒုက္ခေ အညာဏံ**
**ဒုက္ခသမုဒယေ အညာဏံ။**

တို့သည် လောကီသစ္စာ ၂-ပါးဖြစ်၏။ အမျှားပင် ဤသစ္စာ ၂-ပါးကို ပဋိသမ္ဘိဒါဉာဏ်ဖြင့် ကြောင်း-ကျိုးခွဲ၍ မထွင်းဖောက်နိုင်သည် ဖြစ်သောကြောင့် အရိယသစ္စမဂ်ကို မရနိုင်၊ မမြင်နိုင်သော အဝိဇ္ဇာ တရားယုတ်၌ ကျရောက်ရပေသည်။

လောကီသစ္စာကို သိမှသာလျှင်
လောကုတ္တရာသစ္စာတရားကို တက်လှမ်းနိုင်မည်ဖြစ်၏။

# မဂ်လမ်း ၇–သွယ်တရားတော်

လောကီ၊လောကုတ္တရာ ၂– ဖြာသော သွားရာလမ်းတွင်။

(၁) ကမ္မဿကတ သမ္မာဒိဋ္ဌိသမ္မာသင်္ကပ္ပ (ပ) သမ္မာသမာဓိ၊
(၂) ဈာနသမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ (ပ) သမ္မာသမာဓိ၊
(၃) ဝိပဿနာသမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ (ပ) သမ္မာသမာဓိ၊
(၄) စတုသစ္စ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ (ပ) သမ္မာသမာဓိ၊
(၅) မဂ္ဂသမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ (ပ) သမ္မာသမာဓိ၊
(၆) ဖလ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ (ပ) သမ္မာသမာဓိ၊
နှင့် (၇) မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပ (ပ) မိစ္ဆာသမာဓိ၊

ဟူ၍ ၇–လမ်း ၇–သွယ်ရှိပေရာ အဘယ်လမ်းကို လိုက်ကြမည်နည်း။ မိစ္ဆာဒိဋ္ဌိ လမ်းကိုကား ဓမ္မတာစွဲအားဖြင့် အပါယ်ငရဲသို့ လားရသည်ဟု သိပြီးဖြစ်၍ ဤလမ်းသို့ လိုက်ချင်ကြမည်မဟုတ်ပေ၊ သို့သော် မသွားချင်လျက်နှင့် မလွဲကံရောက်စေမည့် အလုပ်တို့ကိုကား ပြုလုပ်မိလျက်ရှိကြပေသည်။

အတော်အသင့် ဗဟုသုတရှိသူများမှာ နိဗ္ဗာန်ရောက်ကြောင်းလမ်းကိုသာလိုက်လိုပါသည်ဟု ပြောပေမည်။ သို့ဖြစ်၍ ဒါန သီလ ဘာဝနာ အလုပ်များကို နိဗ္ဗာန်ရည်မှန်း၍ ပြုလုပ်ကြရပေမည်။ မရမီစပ်ကြား အနည်းဆုံး လူကောင်း နတ်ကောင်းဗြဟ္မာကောင်း ဖြင့် ဖြစ်နိုင်သေးသည်ဟူသော အစွဲတရားဖြင့်လည်း ငြိကပ်လျက်ရှိနေပေသေး၏။

(၁) ကမ္မသမုဋ္ဌာန သမ္မာဒိဋ္ဌိ (ပ) သမ္မာသမာဓိ၊
(၂) ဈာနသမ္မာဒိဋ္ဌိ (ပ) သမ္မာသမာဓိ၊
နှင့် (၃) ဝိပဿနာသမ္မာဒိဋ္ဌိ (ပ) သမ္မာသမာဓိ၊

ဤ ၃-မျိုးသောလမ်းကို ယုံကြည်လိုက်စားရုံမျှဖြင့်သော် ဗုဒ္ဓဘာသာ မစစ်သေး၊ ဇာတိ-မရဏ မချုပ်နိုင်သော လူနတ်ပြဟ္မာသာ ဖြစ်နိုင်သောကြောင့် ဖြစ်၏။

(၄) စတုသစ္စသမ္မာဒိဋ္ဌိ (ပ) သမ္မာသမာဓိ
(၅) မဂ္ဂသမ္မာဒိဋ္ဌိ (ပ) သမ္မာသမာဓိ
နှင့် (၆) ဖလသမ္မာဒိဋ္ဌိ (ပ) သမ္မာသမာဓိ

ဤ ၃-ပါးသောလမ်းကို ဆရာစစ်ဆရာမှန်တို့၏ထံမှ နည်းနာနိသျကိုယူ၍ ကြိုးကြိုးကုတ်ကုတ် အားထုတ်နိုင်သော် မွေးသေလွတ်သော နိဗ္ဗာန်သို့ရောက်၏။

**ပစ္စာနာတိ အစီပွာယ်**

ဇာတိ ပဇာနာတိ၊
ဇာတိသမုဒယေ ပဇာနာတိ၊
ဇာတိ နိရောဓေ ပဇာနာတိ၊
ဇာတိ နိရောဓ ဂါမိနိ ပဋိပဒါယ ပဇာနာတိ။

ဇာတိ ဇာတိဒုက္ခကို ပဇာနာတိ ပဏ္ဏပဋိသမ္ဘိဒါ ဉာဏ်ဖြင့် ထွင်းဖောက်၍သိ၏။

ဇာတိသမုဒယေ ဇာတိဒုက္ခ၏ ဖြစ်ကြောင်းကို ပဇာနာတိ ဓမ္မပဋိသမ္ဘိဒါဖြင့် ထိုးထွင်း၍သိ၏။

ဇာတိနိရောဓေ ဇာတိဒုက္ခ၏ ချုပ်ခြင်းကို ပဇာနာတိ အတ္ထပဋိသမ္ဘိဒါဉာဏ်ဖြင့် ပွင့်လင်းစွာသိ၏။

ဇာတိနိရောဓဂါမိနိ ပဋိပဒါယ ဇာတိဒုက္ခ၏ ချုပ်ကြောင်း လုပ်ငန်း ပဋိပတ်ကို ပဇာနာတိ ထွင်းဖောက်၍သိ၏။

ဗုဒ္ဓဘာသာ အယူဝါဒသည် ဇာနာတိ [တနည်း] ရိုးရိုးသိ လူတိုင်းသိ ပညာဟူက မြူမျှမပါသော အသိဖြစ်သော ခန္ဓာကိုယ် ပေါ်တွင် ကျရောက်သော ဒုက္ခမျှသိသော အသိဖြင့် မလိုအပ်၊ အရိယာမဂ်နှင့် မနီးစပ်သောကြောင့်ဖြစ်၏။

**ပဇာနာတိ**

ဇာတိဒုက္ခအား သစ္စာ ၄-ပါး ပဋိသမ္ဘိဒါဉာဏ်ဖြင့်အကြောင်း တရားနှင့် တကျိုးတရားကို ဝေဖန်ခွဲခြား၍သိသောအတ္တပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါဉာဏ်သည် ပဇာနာတိမည်၏။ ဥပမာသော် ဇာတိ သည် ဒုက္ခသစ္စာ အတ္တပဋိသမ္ဘိဒါဖြစ်၏။ ၎င်း၏ အကြောင်းတရား သည်တဏှာ ဥပါဒါန် ဘဝအဝိဇ္ဇာ သင်္ခါရဖြစ်သော သမုဒယသစ္စာ ဓမ္မပဋိသမ္ဘိဒါကြောင့်သာဟူ၍ သိသောပညာဉာဏ်ဖြစ်၏။

**ပါဒကံဟိ သုတစိန္တာ မဇ္ဈိမာ ယထာဘူတကံ**
**ဘာဝနာစ ပဋိဝေဓော ဥတ္တမော ဇာနနက္ကမော**

ဟိ-ဉာဏ်၏အစဉ်ကို ထင်ရှားစွာ ပြဦးအံ့။ သုတစိန္တာ သုတမယ ဉာဏ်စိန္တာမယဉာဏ်တို့သည် ပါဒကံ ဝိပဿနာလုပ်ငန်း၏အခြေခံ မူလတရားမည်၏။ [ဇာနာတိဖြစ်၏] ယထာဘူတကံ ဟုတ်တိုင်းမှန် စွာသိ သောဉာဏ်သည် မဇ္ဈိမံ အလတ်သိသောဉာဏ်မည်၏၊ ဘာဝ နာစ ပဋိဝေဓော အကြိမ်ကြိမ် အထပ်ထပ် ပွားများ ထိုးထွင်း၍ သိသောဉာဏ်သည် ဥတ္တမော မြတ်သော ဇာနက္ကမော အသိဉာဏ် ၏ အစဉ်တရားမည်၏။ [ပဇာနာတိဖြစ်၏]

သို့ဖြစ်၍ -

(၁) သုတမယဉာဏ် ⎫ ဤဉာဏ် ၂ - ပါး သည် ဝိပဿနာ၏
(၂) စိန္တာမယဉာဏ် ⎭ အခြေခံမျှဖြစ်၍ ဇာနာတိမည်၏။
(၃) ယထာဘူတာဉာဏ် - အလယ်အလတ်ဖြစ်၏။
(၄) ဘာဝနာမယဉာဏ် - အမြတ်ဖြစ်၍ ပဇာနာတိမည်၏။

(၁) ကမ္မဿကတ—သမ္မာဒိဋ္ဌိ (ပ) သမ္မာသမာဓိ။

စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ သဗ္ဗဒါ ဟူသည့်အတိုင်း ကံကို ၎င်း၊ ကံ၏အကျိုးတရားကို၎င်း ယုံကြည်ပြီး ပြုလုပ်သည်ဖြစ်၍ အဘယ်မှာလျှင် ဇာတိငြိမ်းစေပါမည်နည်း။ သာသနာတော်မှ အပကိုကြဉ်စေဦး၊ သာသနာတော်တွင်း၌ပင်လျှင် ဤကံတရားသည် ဒါန၊ သီလ၊ ဘာဝနာ အမှုပြုကြရာတွင် ဘယ်လို ဘယ်ကဲ့သို့ပင် ကံကို အလိုမရှိပါဟု ဆိုသည့်တိုင် အသံမျှဖြစ်၍ မထိရောက်ပေ။ သမ္မာဒိဋ္ဌိပညာကို လက်ကိုင်မပြုနိုင်မခြင်း၊ တစုံတရာသောရည်မှန်းချက်(တနည်း) ချိတ်ဆက်သည် ပါရှိနေမည်သာ ဖြစ်ပေသည်။ နောက်ဆုံး ဝိပဿနာတရား အားထုတ်နေလျက်ပင်လျှင် ပညာဉာဏ် မပြတ်သားသဖြင့် တခုသော အနာဂါတ်သဘော နိဗ္ဗာန်ကို မျှော်မှန်းမိလျက်သား ရှိနေတတ်ပေသည်။

ထို့ကြောင့်-

(၁) အရိယာတို့ ပေးလှူလျက်....ကံ-ချုပ်ပုံကို၎င်း၊
(၂) ပုထုဇဉ်တို့ပေးလှူလျက်....ကံ-မချုပ်ပုံကို၎င်း၊
(၃) အရိယာတို့ မပေးလှူဘဲ....ကံ-ချုပ်ပုံကို၎င်း၊
(၄) ပုထုဇဉ်တို့ မပေးလှူဘဲ....ကံ-မချုပ်ပုံကို၎င်း။

သမ္မာသင်္ကပ္ပ-သမ္မာဝါစာ-သမ္မာကမ္မန္တ-သမ္မာအာဇီဝ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိမဂ္ဂင်တို့တွင် စေတနာ ကံတရားသည်လျှင် အရင်းပြု၍ ပြုမူကြပုံကို ထိထိမိမိကြံဆခါ၊ လျစ်လျူမရှုအပ်သော ကောင်းမှုကုသိုလ်တရားတို့ကို အမြင်မှန်၊ အသိမှန်ပညာဖြင့် ဦးစီးပြီး ပြုလုပ်နိုင်စေကြောင်းကိုသာလျှင် ဟောပြောဆုံးမအပ်ပေသည်။

(၂) ဈာနသမ္မာဒိဋ္ဌိ(ပ)သမ္မာသမာဓိ။

ဤလမ်းဖြင့်သော် နီဝရဏအချိုးကျငြိမ်း၏၊ ကာမဂုဏ်ဒုက္ခ၏အပြစ်အာဒီနဝကိုလည်းသိ၏။ ကာမရာဂ ထူပြော အလိုလိုက်နေသော သူများနှင့်စာသော် လောကီချမ်းသာကို ရနိုင်၏။ အမြင့်ဆုံးအကျိုးပေးကား အာဋ္ဌာရဥဒက ရသေ့ကြီးများကဲ့သို့ ပဥ္စမဈာန်အရူပစွမ်းအားဖြင့် အရူပဘုံတိုင် ရောက်နိုင်ပေသည်။ နိဗ္ဗာန်ဖြင့်ကား ဝေးလှပေသေး၏။ သို့သော် မိစ္ဆာဒိဋ္ဌိအယူနှင့်စာသော် သက်သာရာ ရနိုင်သည့် အယူဖြစ်၍ သမ္မာဒိဋ္ဌိဟုဆိုရ၏။

(ကြွင်းသော သမ္မာမဂ္ဂင်များ ထင်ရှားပြီ)

(၃) ဝိပဿနာ သမ္မာဒိဋ္ဌိ(ပ)သမ္မာသမာဓိ။

ဝိပဿနာတရား အားထုတ်ရာတွင် အများပင် မိမိတို့၏အကျိုးပေါက်ခန္ဓာကိုယ်ကြီးသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ရင်း ရုပ်တရားကြီးသည်ကား ဘာမျှ မတတ်နိုင်။ နာမ်တရားက စေခိုင်းသောကြောင့်သာလျှင် မလိုလားအပ်သော သင်္ခါရမှုကိစ္စ အဝဝတို့ကိုလုပ်ကိုင်နေကြရသောကြောင့် သွားချင်၊ စားချင်သည်ကား နာမ်တရာ၊ သွားရ၊ စားရသည်ကား ရုပ်တရားဟူ၍လည်း ရှုကြရပေသည်။ ငြိးငွေ့ရုံမှုတပါး ခန္ဓာဇာတ်သိမ်းဘို့အရေး ဝေးလှပေသေး

၏။ အဘယ်ကြောင့်ဟူမူ လူတိုင်းသိနိုင်သော နိယာမ ပရမတ္တသဘော ဖြစ်သောကြောင့် ပေတည်း။

ဝိပဿနာလုပ်ငန်းဟူသည်ဇာတိတဖန်မရှိသောနိဗ္ဗာန ဓာတ်မြတ်ကိုရယူရန်ဖြစ်၏။ အတိတ် အကြောင်းတရားအားဖြင့် ရရှိပြီးသော အကျိုးဝိပါက်ခန္ဓာကို ကြိတ်ချေ၍ကား ပင်ပန်းနွမ်းနယ်ရုံမှတပါး ဇာတိမချုပ်နိုင်ပေ။ အကျိုးခန္ဓာကို မှီ၍ဖြစ်သော အကြောင်းခန္ဓာ (တနည်း)ဥပါဒါနက္ခန္ဓာကို သိမ်းဆည်းနိုင်မှသာလျှင် အနာဂတ် အကျိုးခန္ဓာတည်းဟူသော ဇာတိငြိမ်းမည်ဖြစ်သောကြောင့်တည်း။

(ကြွင်းသော သမ္မာမဂ္ဂင်များ ထင်ရှားပြီ)

(၄) စတုသစ္စသမ္မာဒိဋ္ဌိ(ပ)သမ္မာသမာဓိ။

နိဗ္ဗာန်ဓာတ်မြတ်ကို အမှန် ကေန်ရယူနိုင်သော သာသနာတော်တွင်း တရားဖြစ်၏။ သစ္စာ ၄-ပါးကို ပဋိသမ္ဘိဒါဉာဏ်ဖြင့် ယှဉ်၍ လက္ခဏာရေး ၃-ပါးကို ဒွယအားဖြင့် ယူပြီးလျှင် အဘယ်ဒုက္ခသည်ကား အကျိုးတရား ဖြစ်၍ အနာသဝ၊ အဘယ်ဒုက္ခသည်ကား အကြောင်း တရားဖြစ်သဖြင့် အာသဝ၊ ဖြစ်ကြောင်း ထိုးထွင်း၍သိ၏။ ပဇနာတိဖြစ်သောကြောင့် ဘာဝနာမယ ပညာဖြင့် သိသောဉာဏ်ဖြစ်၏။

သံသရာလည်စေသောအကြောင်း ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ရပ်ကို သစ္စာ ၄-ပါး ပဋိသမ္ဘိဒါဉာဏ်တို့ဖြင့် ချိုးဖဲ့ဖျက်ဆီးနိုင်သော ဉာဏ်ဖြစ်ပေသည်။ (ရှေ့ကဏ္ဍများတွင် ထင်ရှားပါမည်)

(ကြွင်းသော သမ္မာဒိဋ္ဌိမဂ္ဂင်များ ထင်ရှားပြီ)

(၅) မဂ္ဂသမ္မာဒိဋ္ဌိ(ပ)သမ္မာ သမာဓိ။

အကျဉ်းအားဖြင့် စတုသစ္စသမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိနှင့် ဖလသမ္မာဒိဋ္ဌိ ၃-ပါးသည်သာ ဤဒ္ဓိ အကျုံးဝင်၏။ ကြွင်းသောမဂ္ဂင်များ မလိုအပ်ပြီဖြစ်၏။

(၆) ဖလသမ္မာဒိဋ္ဌိ(ပ)သမ္မာသမာဓိ။

စတုသစ္စသမ္မာဒိဋ္ဌိအကျိုးပြု၍ မဂ္ဂသမ္မာဒိဋ္ဌိ -မဂ္ဂသမ္မာဒိဋ္ဌိအကျိုးပြုသည်ဖြစ်၍ ဤဖလသမ္မာဒိဋ္ဌိကိုရသဖြင့် ကျေးဇူးကြီးလှပေသည်။

သို့ဖြစ်၍....

ကတံကရဏီယံ နာပရံ ဣတ္တတ္တာယာတိ ပဇာနာတိ။

ကရဏီယံ-ပြုဘွယ်ကိစ္စဟူသမျှကို ကတံ ပြုအပ်ပြီ ဣတ္တတ္တာယ ကိလေသာကုန်ခြင်းငှာ အပရံ တပါးသော ပြုဘွယ်ကိစ္စသည် နတ္တိ ကော်တီတိ တကယ်ပင်မရှိပြီ၊ ဣတိ ဤသို့ ပဇာနာတိ အပြားအားဖြင့် ဟုတ်မှန်တိုင်း အမှန်သိ၏။

ဟူသည်နှင့်အညီ ဖိုလ်ချမ်းသာကို ခံစားရနေသည်။

ဒူရင်္ဂမံ ဧကစာရံ အသရီရံ ဂုဟာသယံ၊
ယေစိတ္တံ သံယ မေဿန္တိ မောက္ခန္တိမာရဗန္ဓနာ။

(ဓမ္မပဒပါဠိတော်)

စိတ္တံ-အဖြစ်က မနားပျက်တယ်လို့သွားပေမဲ့ နောက်ထပ်အစား ဆက်ခါ များစွာပွားလေ့ရှိသော သတ္တဝါတိုင်းတို့၏ စိတ်သည် စိတ္တံ ဝတ္ထုအာရုံ နှစ်ပါးဆုံက ပွားကြုံမပြတ်၊ မီးပွင့်တတ်သည့် စိတ်သည် စိတ္တံ ၆-ပါးအာရုံ ထိခိုက်ဆုံက ကြံယုံညွတ်တတ် စိတ် နာမ်ဓာတ်သည် ဝါဒုက္ခကိုပင် သုခထင်၍ကြည်ရွှင်လျှံမိတ်င ါ၏စိတ် သည်ဒူရင်္ဂမံဝေးအရပ်သို့ ပြေးဝင်ရောက်သွားဖောက်ပြားလှည့်ဟန်

မျှောက်သဖျှာန်နှင့်တူပေသသော ဝါ စိတ်မိုက်-စိတ်ရူးစိတ်ဘီလူး တွေစိတ်ကူးပွေ၍စိတ်ရူးထွေပြားအလွန်တရာရှည်ဝေးစွာသွားလေ့ရှိ ထ,သော ကေစာရံ တနေရာဆုံက တအာရုံ၌ တလုံလဲလဲ တစွဲစွဲနှင့် ကြိတ်ခဲမပြီး မိုက်ရဲကြီး ရဲလေ့ရှိထ,သော အသရိရံ ယောကျ်ား လေလား မိန်းမလားဟု ပုံထားရေးယူ အလေးမူကြသော်လည်း ဘယ်သူမှ မဟုတ်နိုင်ထသော ဝါ အပြားအလုံး အခဲပုံကို ခွဲခြင်း ငှာ ခဲယဉ်းစွာထသော စိတ္တာံ ရှိမှန်းလဲသိ၊ ထိလို့မရ ကြုံမှပေါ်တက် စိတ်နာမ်ဓာတ်သည် ဂူဟာသယံ ကြည့်လို့လဲမမြင်၊ ကြားချင်လို့ မဖြစ် နမ်းရစ်လို့မမွှေး၊ လျက်ရေးမချို ထိတွေ့လို့မရ၊ အလင်းကို လဲ ထွက်၍မပြ အရှင်းစမ်းသပ်၍မရ၊ အတွင်းကျကျ ဟဒယဓာတ် နှလုံးသား ရွှေဂူလှိုင် အထပ်ထပ်၌ ဓာတ္ထုအရောင် အနိဋ္ဌအရောင် တွေလျှမ်း လိပ်ပြာတောင်တကယ်ခတ်သလို တဖျတ်ဖျတ် လွန့်လူး၍ ကွန့်မြူးကာ ငြိမ်မနေဣန္ဒြေဖောက်ပြား စိတ်ယုတ်မာဆိုတဲ့နာမ်တရား ကို ယေအကြောင်းသို့သော သူတို့သည် သံယမေဿန္တိ အဖြောင့်နည်း ဖြင့် စောင့်ဆည်းကြကုန်ရာ၏။ မာရဗန္ဓနာ သံသရာခွဲ တကဲ့ရန် သူ ကြည်ဖြူလက်ခံ မဆက်ဆံဘဲ လက်ရှိဟောက်ငင်း ဒိဋ္ဌိဆိုသည့် သူ့လက် တွင်းမှ မောက္ခန္တိ လွတ်ကြရလေကုန်ပြီ။ မောက္ခန္တိ ဒိဋ္ဌိတဏှာဖြင့် ဝေးပြီ အစစအရာရာမှာအေးမည်။ ဘဝဘဝါ ကမ္ဘာ့ ကမ္ဘာမှ ဘေးမသီ အေးကြည်ချမ်းမြ တမ်းတသည့်နိဗ္ဗာန် စိတ်အကြံအဓိဋ္ဌာန် မြောက်ပြီမို့ ဒို့ယောဂီတွေမှာ ကွယ် နိဗ္ဗာန်သို့ ရောက်ကြရလေကုန် တော့သတည်း။

## ဒိဋ္ဌိသတ်သစ္စာ ၄-ပါး
## ပဋိစ္စသမုပ္ပါဒ် ပဋိသမ္ဘိဒါဉာဏ် တရားတော်။

ဝိပဿနာ လုပ်ငန်းဟူသည်၊ အကြောင်းတရားကို ပယ်သတ်၍ အကျိုးခန္ဓာချုပ်ငြိမ်းစေသော သဘောဖြစ်ရာ၊အလွန်ပင် သိမ်မွေ့သော အလုပ်ဖြစ်သည်နှင့်အမျှ ကျိုး-ကြောင်း သဘာဝသတ်၊မသိလျှင် မဖြစ်သော ကိစ္စကြီးတရပ်ဖြစ်ပေသည်။ ထို့ကြောင့် ပဋိသမ္ဘိဒါဉာဏ်(တနည်း) နက်နက်နဲနဲ ကြံဆသိမြင်သောပညာသည် မပါလျှင် မပြီးနိုင်သော သဘောဖြစ်သဖြင့် ငြိမ်းချမ်းရေးသုခကို အမှန်တကယ်လိုလားသော ပုဂ္ဂိုလ်သည် မိမိ၏ ပါရမီ အားလျော်စွာ ပဋိသမ္ဘိဒါဉာဏ်ကို ရင့်သန်ထက်မြက်စေအပ်လှပေသည်။

ပဋိသမ္ဘိဒါဉာဏ် ၄-ပါးမှာ-

(၁) အတ္ထပဋိသမ္ဘိဒါ=အကျိုးတရားကိုသိသောဉာဏ်၊
(၂) ဓမ္မပဋိသမ္ဘိဒါ=အကြောင်းတရားကိုသိသောဉာဏ်၊
(၃) နိရုတ္တိပဋိသမ္ဘိဒါ=အဘိဓာန်အစဉ်၊ သဒ္ဒါ အစဉ်ကိုသိသောဉာဏ်၊
(၄) ပဋိဘာနပဋိသမ္ဘိဒါ=အထက်၃-ပါးကိုသိသောဉာဏ်ဖြစ်၏။

ထို့ကြောင့်-

ဒုက္ခေဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
ဒုက္ခသမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊

ဒုက္ခနိရောဓေဉာဏံ အတ္တပဋိသမ္ဘိဒါ၊
ဒုက္ခနိရောဓဂါမိနိ ပဋိပဒါယဉာဏံ ဓမ္မပဋိသမ္ဘိဒါ။

ဒုက္ခေ၊ ဇာတိ၊ ဇရာ၊ မရဏာဒုက္ခစသည့်ဒုက္ခအပေါင်းကို ဉာဏံ သိသော ဉာဏ်သည်အတ္တပဋိသမ္ဘိဒါ အကျိုးတရား၌ ထိုးထွင်း သိမြင်သော ဉာဏ်မည်၏။

ဒုက္ခသမုဒယေ၊ ဒုက္ခတွေဖြစ်ကြောင်းကို ဉာဏံ သိသောဉာဏ် သည် ဓမ္မပဋိသမ္ဘိဒါ အကြောင်းတရား၌ ထိုးထွင်းသိမြင်သောဉာဏ် မည်၏။

ဒုက္ခနိရောဓေ၊ ဒုက္ခချုပ်ခြင်း၌ ဉာဏံ သိသောဉာဏ်သည် အတ္တပဋိသမ္ဘိဒါအကျိုးတရား၌ ထိုးထွင်းသိမြင်သော ဉာဏ်မည်၏။

ဒုက္ခနိရောဓဂါမိနိ ပဋိပဒါယ ဒုက္ခတွေချုပ်ငြိမ်းအောင် အား ထုတ်သော လုပ်ငန်း ပဋိပတ်၌ ဉာဏံ သိသောဉာဏ်သည် ဓမ္မပဋိ သမ္ဘိဒါ အကြောင်းတရား၌ ထိုးထွင်းသိမြင်သော ဉာဏ်မည်၏။ သတိ။

ဒုက္ခဆိုရာ၌ မိမိ၏ ယခုရရှိပြီးသော ဒုက္ခကား ဇရာဒုက္ခ၊နောင် ရမည့် ဒုက္ခကား ဇာတိဒုက္ခ ရပြီး ဝိပါက်ခန္ဓာကား အကျိုးဒုက္ခ ဖြစ်ပုံကို ပဌမ သတိပြုထားရာ၏။
သို့ဖြစ်၍—

အမှန် ၄–ချက်ကို သိလျှင်=ဝိဇ္ဇာ
မသိလျှင်=အဝိဇ္ဇာ
မှန်မှန်ကန်ကန်ကျင့်သော်=ဝိဇ္ဇာ
မကျင့်သော်=အဝိဇ္ဇာ

ဖြစ်သဖြင့် အဘယ်မျှ လေးနက်သည်ကို သတိပြုသင့် လှပါသည်။ မဂ္ဂသစ္စာအားဖြင့် ဒုက္ခတွေ ချုပ်ငြိမ်းအောင် အားထုတ်သော ပဋိပတ်အကျင့်၌ဆိုရာတွင်ဓမ္မပဋိသမ္ဘိဒါ ဉာဏ်ဖြစ်သည့်အတိုင်း အကျိုးခန္ဓာနှင့် အကြောင်းခန္ဓာ မည်သည့်အပေါ်တွင် ရှုရန်ဖြစ်သည်ကို ဂရုပြုသင့်လှပါသည်။

(၁) ဇရာ—မရဏ

ဇရာ မရဏေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
ဇရာ မရဏ သမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊
ဇရာ မရဏ နိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
ဇရာ မရဏ နိရောဓဂါမိနိပဋိပဒါယ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ။

[အနက်သိသာပြီ]

[က] ဉာဏစရိယဉာဏ်ဖြစ်သော ဝိပဿနာ ပညာဖြင့်ထိုး ထွင်း၍ သိရသော ဇရာ မရဏဒုက္ခကိုသာ လို၏၊ ပဋိသမ္ဘိဒါဉာဏ်ဟူသည် ထိုးထွင်းကြံဆသိမြင်သော ပညာဖြစ်သည့်အတိုင်း၊ ၎င်းဝိပါက်ခန္ဓာ အကျိုးတရားသည် အတိတ်အကြောင်းတရားကြောင့် ဖြစ်ရသည့်နည်းတူ အရိယသစ္စာကလည်း အနာဂတ်အကျိုးတရားကို ဖြစ်စေမည့် ပစ္စုပ္ပန် အကြောင်းတရားကို အလိုမရှိ၊ သို့ဖြစ်၍ အကျိုးတရား အကြောင်းတရားကို စီစစ်ဝေဘန်၍ သိသော ဉာဏ်ကိုသာ အလိုရှိပေသည်။

[ခ] ဤကဲ့သို့သော နည်းဖြင့် ဇရာ-မရဏတည်း ဟူသော အကျိုးဒုက္ခသစ္စာကို အတ္ထပဋိသမ္ဘိဒါဉာဏ်ဖြင့် ထောက်ဆသော် ၎င်း၏ အကြောင်းတရား သမုဒယ သစ္စာဖြစ်သော ဇာတိကို တွေ့ရ၏၊ သို့ဖြစ်၍ အိုရခြင်း၊ သေရခြင်း၏ အကြောင်းတရား ဇာတိကိုထုတ်ဖော်နိုင်သောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါဉာဏ်မည်၏။

[ဂ] ထိုကြောင့် အကျိုးတရားသည် အကြောင်း တရားကြောင့် သာလျှင် ဖြစ်ရကြောင်းကိုသိရသည့်အတိုင်း ၎င်းအနာဂတ်အကျိုး တရားကိုဖြစ်စေမည့် ပစ္စက္ခအကြောင်းတရားကို ဝိပဿနာဉာဏ်ဖြင့် သိမ်းဆည်းနိုင်၍ အကျိုးတရားချုပ်ဟုန်ကိုသိ၏။ ဤသို့ ဇရာ မရဏ ချုပ်ပုံကို သိသော ဉာဏ်သည် အတ္တပဋိသမ္ဘိဒါဉာဏ်မည်၏။

[ဃ] ဤကဲ့သို့ ဇရာ မရဏ ဒုက္ခတွေ ချုပ်စေရန် သမ္မာဒိဋ္ဌိသမ္မာ သင်္ကပ္ပ မဂ္ဂင်လမ်း မြတ်အကျင့် ပဋိပတ်ဖြင့် အား ထုတ် နိုင် စွမ်း သော ဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါ ဉာဏ်မည်၏။

(၁) ဇာတိ

ဇာတိယာ ဉာဏံ အတ္တပဋိသမ္ဘိဒါ
ဇာတိသမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ
ဇာတိ နိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ
ဇာတိ နိရောဓဂါမိနိပဋိပဒါယ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ

(က) ဇာတိသည် တဖန်ပြန်၍တည်သော သဘော ပဋိသန္ဓေ ဖြစ်၍။

(၁) အဏ္ဍဇ = ဥခွံတွင်း၌ တည်သောသတ္တဝါ၊
(၂) ဇလာဗုဇ = သားအိမ်တွင်း၌တည်သောသတ္တဝါ၊
(၃) သံသေဒဇ = စိုစွတ်သောအရပ်၌ဖြစ်သောသတ္တဝါ၊
နှင့် (၄) ဩပပါတိက = ခုန်လွှားသကဲ့သို့ ကျရောက်အသစ် ထင်ရှားဖြစ်သောသတ္တဝါအားဖြင့် ၄-ပါး ပြား၏။

၎င်းသည် အကျိုးတရား ပရမတ္ထသစ္စာဖြစ်၏၊လူတိုင်းသိဖြစ်၍ အရိယသစ္စာဉာဏ်သည် ဤမျှဖြင့်မပြီးပေ၊ ၎င်းသည် အတိတ်

အကြောင်းတရားကြောင့်ဖြစ်သော ပဋိစ္စ သမုပ္ပါဒ်အကျိုးတရား ဟူ၍ သိနိုင်မှသာလျှင်-အတ္တပဋိသမ္ဘိဒါဉာဏ်မည်၏။

(ခ) ဤကဲ့သို့- ၎င်းဇာတ်ဒုက္ခ၏ အကြောင်းသမုဒယကို လိုက်သော် ဘဝကိုတွေ့ရ၏ (ဥပပတ္တိဘဝကိုမယူရ) ကမ္မဘဝ (တနည်း) သင်္ခါတဒိဋ္ဌ ဥစ္ဆေဒဒိဋ္ဌိကိုယူရ၏၊ ထို့ကြောင့်ဇာတိ၏ အကြောင်း ကမ္မဘဝဖြစ်ကြောင်း သိသော ဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါ ဉာဏ် မည်၏။

( ကြွင်းသော အတ္တပဋိသမ္ဘိဒါ၊နိရောဓသစ္စာနှင့် ဓမ္မပဋိသမ္ဘိဒါ မဂ္ဂသစ္စာတို့ကို ဇရာ မရဏ ဒုက္ခနည်းတူ သိမ်းဆည်းပါရန် )

(၃) ဘဝ

ဘဝ ဉာဏံ အတ္တပဋိသမ္ဘိဒါ၊
ဘဝသမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊
ဘဝနိရောဓေ ဉာဏံ အတ္တပဋိသမ္ဘိဒါ၊
ဘဝနိရောဓဂါမိနိပဋိပဒါယ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊

(က) ဘဝဟူရာ၌ ဤတွင် ဥပပတ္တိဘဝကို မယူရ ကုသိုလ်ကံ အကုသိုလ်ကံ မဟဂ္ဂုတ်ကံတည်းဟူသော ကမ္မဘဝကိုယူ၍ ၎င်း၌ ဘဝကိုဖြစ်ရန် တိုက်တွန်းစေ့ဆော်မှု စေတနာသည်ရှိ၏။ ၎င်းကံတို့အား ဝိပဿနာပညာဖြစ်သော ဉာဏံစရိယဉာဏ်ဖြင့်ပြုနိုင်ပါမူ လောကုတ္တရာကုသိုလ်ဖြစ်၍ သက္ကာယဒိဋ္ဌိဦးစီးသောအညာဏစရိယ ဖြင့်ပြုမိမူ အကုသိုလ်ဖြစ်ကြောင်း အရိယသစ္စာဉာဏ်ဖြင့် အကျိုးတရားကို ပိုင်းခြားပြီးသိသည်ဖြစ်၍ အတ္တပဋိသမ္ဘိဒါ ဉာဏ်မည်၏။

(ခ) တဖန်တုံ-၎င်းအကျိုးတရား ဘဝ သည်မိုးပေါ်ကျမဟုတ်၊ အကြောင်းတရားဖြင့် မလွတ်ကင်းသည်ကို သိသည့် အလျောက်

ဝေဘန်သော် ၎င်း၏ အကြောင်းတရား ဖြစ်သော ဥပါဒါန်ဟူ
သော အစွဲတရားကိုတွေ့ရ၏။ ထိုကြောင့် အကျိုးတရား ဘဝ
၏အကြောင်းတရား ဥပါဒါန်ကိုသိသော ဉာဏ်သည် ဓမ္မဋ္ဌိတိ
ဒ္ဒါ ဉာဏ်မည်၏။

[ ကြွင်း ၂-ပါး သုံးသပ်ရန်သိသာပြီ ]

(၄) ဥပါဒါန်

ဥပါဒါနေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
ဥပါဒါနသမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊
ဥပါဒါနနိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
ဥပါဒါန နိရောဓဂါမိနိပဋိပဒါယ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊

(က) ဥပါဒါန်ဟူသည်၊ အပြင်းအထန် စွဲလန်းသော သဘော
ဖြစ်၏။

၎င်းတို့မှာ–

(၁) ကာမုပါဒါန်။ ။ကိလေသာ ကာမဂုဏ်တို့အပေါ်၌
စွဲလန်းခြင်း။

(၂) ဒိဋ္ဌုပါဒါန်။ ။လွဲမှားသော အယူ၌ စွဲလန်းခြင်း။

(၃) သီလဗ္ဗတုပါဒါန်။ ။ညှဉ်းဆဲပင်ပမ်းစေသော အကျင့်
သီလ၌ စွဲလန်းခြင်း။ နှင့်–

(၄) အတ္တဝါဒုပါဒါန်။ ။အတ္တဟု စွဲလန်းခြင်းဟူ၍ ၄-ပါး
ပြားပေရာ ၎င်းသည် အကြောင်းတရားကြောင့် ဖြစ်ရသော အကျိုး
တရား ဖြစ်ကြောင်း အရိယသစ္စာဉာဏ်ဖြင့် သိသော်-အတ္ထပဋိသမ္ဘိ
ဒါ ဉာဏ်မည်၏။

(ခ) ဤဥပါဒါနိ်တရားသည်လည်း အကြောင်းမဲ့ စွဲလန်းရသည်မဟုတ်၊ တဏှာခေါ် အစေးအညှော် အကြောင်းတရားကို သိသောဉာဏ်သည် ဓမ္မပစ္စယသမ္ဘိဒါဉာဏ်မည်၏။

(ကြွင်း ၂-ပါး ထင်ရှားပြီဖြစ်၏)

(၅) တဏှာ—

တဏှာယ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
တဏှာသမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊
တဏှာနိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
တဏှာနိရောဓ ဂါမိနိ ပဋိပဒါယ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ။

(က) တဏှာသည် အစေးအညှော်ဖြစ်၏။ ၎င်းသည် အကျဉ်းအားဖြင့်....

(၁) ကာမတဏှာ....၊
(၂) ဘဝတဏှာ....၊ နှင့်—
(၃) ဝိဘဝတဏှာ....။ ဟူ၍ ၃-ပါးပြား၏။

ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မတဏှာ ၆-ပါးကိုလည်း ယူရာ၏။ ၎င်းကို အရိယသစ္စာ ပဋိသမ္ဘိဒါဉာဏ်ဖြင့် အကြောင်းတဏှာ အကျိုးတဏှာဟု ခွဲခြား၍ သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါဉာဏ်မည်၏။

(ခ) တဖန် ဤအကျိုးတဏှာသည်လည်း အကြောင်းမဲ့ပေါ်လာရသည်မဟုတ်ပေ။ အဝိဇ္ဇာသမုဒယာ တဏှာသမုဒယော အဝိဇ္ဇာဟူသောအကြောင်းကြောင့် တဏှာဖြစ်သည်ဟု သိသောဉာဏ်သည်

ဓမ္မပဋိသမ္ဘိဒါဉာဏ်မည်၏။ (တနည်း) ဝေဒနာပစ္စယာ တဏှာ ဝေဒနာ ဟူသော အကြောင်းကြောင့် တဏှာဖြစ်၏ဟူလည်း ယူရာ၏။

(ကြွင်း ၂-ပါး ထင်ရှားပြီ)

(၆) ဝေဒနာ—

ဝေဒနာ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
ဝေဒနာ သမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊
ဝေဒနာ နိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
ဝေဒနာ နိရောဓဂါမိနီ ပဋိပဒါယ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ။

(က) စက္ခုသမ္ဖဿဇာ ဝေဒနာ၊ သောတသမ္ဖဿဇာ ဝေဒနာ၊ ဃာနသမ္ဖဿဇာ ဝေဒနာ၊ ဇိဝှာသမ္ဖဿဇာ ဝေဒနာ၊ ကာယသမ္ဖဿဇာ ဝေဒနာနှင့် မနောသမ္ဖဿဇာ ဝေဒနာဟူ၍ဝေဒနာ ၆-ပါး (တနည်း) သုခဝေဒနာ၊ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ ၃-ပါး (တနည်း) သောမနဿဝေဒနာ၊ ဒေါမနဿ ဝေဒနာ၊ ဥပေက္ခာ ဝေဒနာဟူ၍လည်း အကျဉ်းအားဖြင့်ပြားရာ၏။ ဤသည်တို့ကား အလွယ်ပင် သိနိုင်သည်ဖြစ်၍ ပဋိသမ္ဘိဒါဉာဏ်ဖြင့် ရှုဆင်ခြင်ပြီးလျှင် ဒွယနည်းအားဖြင့် အကြောင်းဝေဒနာ၊ အကျိုးဝေဒနာ ပိုင်းပိုင်းခြားခြားသိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါဉာဏ်မည်၏။
(ခ) တဖန် ဤခံစားမှု ဝေဒနာအစုသည် မိမိ၏ စွမ်းအားသတ္တိဖြင့် ခံစားနိုင်သော သဘောမရှိ၊ အကြောင်းတရား ဖဿ ကြောင့်သာလျှင်ဖြစ်ကြောင်း စသည်ဖြင့် အကြောင်းတရား၌ သိသော ဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါဉာဏ်မည်၏။

(ကြွင်း ၂-ပါး ထင်ရှားပြီ)

(၇) ဖဿ—

ဖဿော ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
ဖဿ သမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊
ဖဿ နိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
ဖဿ နိရောဓဂါမိနိပဋိပဒါယ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ။

(က) ဤ၌ စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှာသမ္ဖဿ၊ ကာယသမ္ဖဿနှင့် မနောသမ္ဖဿဟူ၍ ရှိရာတွင် အရိယသစ္စာဉာဏ်ဖြင့် အကျိုးဖဿ အကြောင်းဖဿ အားဖြင့် ၂-ပါး ပြားရာ၏။

(၁) အကြောင်းဖဿကား=ဒဿနသမ္ပဒါ ဉာဏစရိယပညာဖြင့် ချုပ်စေနိုင်၏။

(၂) အကျိုးဖဿကား=ပစ္စက္ခတွင်မချုပ်စကောင်း၊မပျောက်စကောင်းပေ၊ အတင်းအဓမ္မ ချုပ်စေသည်ရှိသော်၊ လောကီသီလ သမထလုပ်ငန်းစဉ်၌ ကျမည်ဖြစ်ကြောင်းကိုရှင်း၊ နောက်ဆုံး ပရိနိဗ္ဗာန် စံဝင်တော်မူသော အခါမှသာလျှင် ချုပ်မည်ကိုရှင်း ဤကဲ့သို့ အကျိုးတရား၌သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါ ဉာဏ်မည်၏။

(ခ) ဤဖဿသည်လည်း အတ္တသတ္တမရှိ၊ သဠာယတနတည်းဟူသော သမုဒယ အကြောင်းတရားကြောင့် ထိခိုက်မှု ဖြစ်ရကြောင်းသိသောဉာဏ်သည် အကြောင်းတရား၌သိသော ဉာဏ်ဖြစ်၍ ဓမ္မသမ္ဘိဒါဉာဏ် မည်၏။

[ ကြွင်း ၂-ပါး ထင်ရှားပြီ ]

(ဂ) **သစ္စာယတန—**

သစ္စာယတနေ ဉာဏံ အတ္တပဋိသမ္ဘိဒါ၊
သစ္စာယတန သမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊
သစ္စာယတန နိရောဓေ ဉာဏံ အတ္တပဋိသမ္ဘိဒါ၊
သစ္စာယတန နိရောဓဂါမိနိပဋိပဒါယဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊

[က] စက္ခာယတန- သောတာယတန ဃာနာယတန ဇိဝှာယတန ကာယာယတန မနာယတန ဟူ၍ အဇ္ဈတ္တိက အာယတန ၆—ပါး။

ရူပါယတန သဒ္ဒါယတန ဂန္ဓာယတန ရသာယတန ဖောဋ္ဌဗ္ဗာယတန ဓမ္မာယတန ဟူ၍ ဗဟိဒ္ဓက အာယတန ၆-ပါး ပေါင်း သစ္စာယတန ၁၂–ပါးဖြစ်၏။ ဤ၌လည်း အကျိုးသစ္စာယတန အကြောင်း သစ္စာယတန ဒွယအားဖြင့်ယူ၍ အကျိုးသစ္စာယတန၌ ဉာဏစရိယ ဉာဏ်ဖြင့် သိမ်းဆည်းသော် အတ္တပဋိသမ္ဘိဒါ ဉာဏ် မည်၏။

[ခ] ၎င်းအကျိုးသစ္စာယတနသည်လည်း စွမ်းအားသတ္တိရှိသည် မဟုတ်ကြောင်း သမုဒယကြောင့် ဖြစ်ပေါ် ရသည်ကို အရိယာ သစ္စာဉာဏ်ဖြင့် အကြောင်းတရားအမှန်ကို သိသည်ဖြစ်၍ ဓမ္မပဋိ သမ္ဘိဒါဉာဏ်မည်၏။

[ ကြွင်း ၂-ပါးထင်ရှားပြီ ]

(ဃ) **နာမရူပ**

နာမရူပေ ဉာဏံ အတ္တပဋိသမ္ဘိဒါ၊
နာမရူပ သမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊

နာမရူပ နိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
နာမရူပ နိရောဓဂါမိနိ ပဋိပဒါယ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊

[က] အရိယသစ္စာဉာဏ်ဖြင့် အကျိုးနာမ်ရုပ် အကြောင်းနာမ်ရုပ်ကို အပြားအားဖြင့် သိခြင်းပေတည်း၊ မိမိ၏ယခုပစ္စုပ္ပန် ဝိပါက်ခန္ဓာနာမ်ရုပ်သည် ဥပါဒ် ဌီ အင် ခဏ ငယ် ၃ - ချက်ရှိသော ပရမတ္ထ အကျိုးနာမ်ရုပ်ဖြစ်၍ ဖြစ်ပြီး မဖြစ်သေးသော အတိတ် အနာဂတ် မိစ္ဆာဓမ္မရုံတွေကို တွေးတော အောင်းမေ့သည်ကား အကြောင်းနာမ်ရုပ်ဖြစ်၏။ ၎င်းအတိတ်-အနာဂတ် သဘောမိစ္ဆာ ဓမ္မာရုံကား အာရုံရုပ် ၎င်းကို ညွတ်ကိုင်းရှိုင်းသောစိတ်ကား နာမ်တရားဖြစ်၏။ ဤ ၂-ပါးစလုံးတွင် ပရမတ် ထောက်ခံမှု မရှိသည် ဖြစ်၍ အကြောင်းနာမ်ရုပ် [ တနည်း ] ပညတ်နာမ်ရုပ်သာဖြစ်၏။ ၎င်းသည် ဇာတိကိုဖြစ်စေနိုင်၏။ ဤကဲ့သို့သော နည်းဖြင့် အကျိုး နာမ်တရား၌ သိသော ဉာဏ်သည် အတ္ထပဋိသမ္ဘိဒါ ဉာဏ်မည်၏။

[ခ] ဤအကျိုးနာမ်သည်လည်းအကြောင်းမဲ့ ဖြစ်ပေါ်နိုင်စွမ်း ရှိသည်မဟုတ်ပေ၊ ဝိဉာဏ်တည်းဟူသော သမုဒယအကြောင်းသည် ပင်လျှင် အရင်းခံပုံကိုသိသော ဉာဏ်သည် အကြောင်းတရား၌သိ သော ဓမ္မပဋိသမ္ဘိဒါ ဝိဇ္ဇာပညာဖြင့်သိသော ဉာဏ်မည်၏။

[ ကြွင်း ၂-ပါး ထင်ရှားပြီ ]

(၁၀) ဝိညာဏ်-

ဝိညာဏေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
ဝိညာဏ သမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊
ဝိညာဏ နိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊

ဝိညာဏ နိရောဓဂါမိနီ ပဋိပဒါယ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊

[က] ဤ၌ အများသိဖြစ်သော ဝိညာဏ် အသက် လိပ်ပြာ အစရှိသော အယူအဆမျိုးကို မယူရာ၊ ဝိညာဏ် ၃-ပါး ရှိရာတွင် ၎င်းသည် ပဋိစ္စသမုပ္ပာဒ် အညာဏစရိယ ဝိညာဏ်ဖြစ်၏။ ၎င်းကြောင့် ဖြစ်ပေါ်လာသော အကျိုးဝိညာဏ်ကို အရိယသစ္စာဉာဏ်ဖြင့်သိသော ဉာဏ်သည်-အတ္ထပဋိသမ္ဘိဒါကို သိသောဉာဏ်မည်၏။

[ခ] ၎င်း ပဋိစ္စသမုပ္ပာဒ် အညာဏ စရိယ ဝိညာဏ်သည်လည်း အကြောင်းတရားဖြင့် ကင်း၍ မဖြစ်စကောင်း အကြောင်းသမုဒ တည်းဟူသော သင်္ခါရကြောင့် ဖြစ်ကြောင်း သိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါ၌ သိသော ဉာဏ်မည်၏။

( ကြွင်း ၂-ပါး ထင်ရှားပြီ )

(၁၁) သင်္ခါရ-

သင်္ခါရေသု ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
သင်္ခါရ သမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊
သင်္ခါရ နိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
သင်္ခါရ နိရောဓဂါမိနီ ပဋိပဒါယ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊

(က) ဤ သင်္ခါရ ကိုလည်း ဒွယ အားဖြင့်၊ အကျိုးသင်္ခါရ အကြောင်းသင်္ခါရဟူ၍ ၂-ပါးပြား၍သိရာ၏။ မိမိ၏ ကာယသင်္ခါရ ဝစီသင်္ခါရ မနောသင်္ခါရတို့သည် အကျိုးသင်္ခါရဖြစ်၍ ၎င်းသည် ပရိနိဗ္ဗာန်စံယူသော အခါမှသာ ငြိမ်းမည်ဖြစ်၏။

ထို့ပြင် -

(၁) ပုညာဘိ သင်္ခါ၊

(၂) အပုညာဘိ သင်္ခါရ၊
နှင့်(၃) အာနေဉ္စာဘိသင်္ခါ၊
တို့ကား အကြောင်းသင်္ခါရဖြစ်၍ ချုပ်အောင် ကြိုးစားရမည် ဖြစ်၏။ ထိုကဲ့သို့ အရိယသစ္စာဉာဏ်ဖြင့် အကျိုးသင်္ခါရကို ပိုင်းခြား၍ သိသောဉာဏ်သည် အတ္တပဋိသမ္ဘိဒါကိုသိသော ဉာဏ်မည်၏။
(ခ) တဖန်တုံ ၎င်းသင်္ခါရသည်လည်း အဝိဇ္ဇာလျှင်အကြောင်း ရင်းဖြစ်ကြောင်း သိသောဉာဏ်သည် အကြောင်းတရား၌ သိသော ဉာဏ်ဖြစ်၍ ဓမ္မပဋိသမ္ဘိဒါ၌ သိသော ဉာဏ်ဖြစ်၏။

[ ကြွင်း ၂-ပါးထင်ရှားပြီ ]

သတိ။

အဝိဇ္ဇာကာ - သီးခြား ပယ်သတ်ရန် မလိုပြီဖြစ်၏။ အဘယ် ကြောင့်ဟူမူ ပဋိစ္စသမုပ္ပာဒ် စက်ယန္တယားဖြစ်သော အင်္ဂါအသီးသီး ကို ပဋိသမ္ဘိဒါဉာဏ် သစ္စာ၄-ချက် ဝိဇ္ဇာဉာဏ်ဖြင့် အကြေးလှန်၍ ပယ်သတ်လာသောကြောင့် ပေတည်း။

**ပယ်သတ်ပုံမှာ—**

ဇရာ–မရဏဒုက္ခတွင် ဟောတော် မူသည့်အတိုင်း အကျိုးဇရာ မရဏာဒုက္ခသစ္စာ၏၊ အကြောင်းသမုဒယသစ္စာ ဇာတိကိုဝိဇ္ဇာဉာဏ် ဖြင့် ဖော်ထုတ်နိုင်ခြင်းကြောင့် အကျိုးဇရာ မရဏဒုက္ခသစ္စာချုပ် ရ၏။ ဤကား အတ္တပဋိသမ္ဘိဒါ နိရောသစ္စာဖြစ်၏။ ၎င်းအကျိုး ဇရာ မရဏဒုက္ခသစ္စာ အတ္တပဋိသမ္ဘိဒါ၏ အကြောင်း သမုဒယ သစ္စာ ဇာတိ ဓမ္မပဋိသမ္ဘိဒါကို ဖော်ထုတ်နိုင်သော ဉာဏစရိယ ဝိပဿနာ လုပ်ငန်း ပဋိပတ် ဓမ္မပဋိသမ္ဘိဒါဉာဏ်သည် မဂ္ဂသစ္စာ ဖြစ်၏။

# နည်း ၃—သွယ်တရားတော်

'အနေက ဇာတိသံသာရံ' ဟူသောဘုရားရှင်၏ ဥဒါန်းဂါထာတော်တွင် ငါဘုရားသည် သံသာရံ နောက်သို့ တွန့်ဆုတ်နေသော (တနည်း) ရှေ့ရဲရဲနိုင်သော အယူမျိုးကိုရင်း (တနည်း) သဿတဒိဋ္ဌိအယူမျိုးကိုရင်း၊ သန္တာ ဝိ သံ နိဗ္ဗာန်ထက် လွန်၍ သွားသော (တနည်း) တင်းကြပ်ပြင်းထန် ညှင်းဆဲ၍ ကျင့်သော (တနည်း) ဥစ္ဆေဒဒိဋ္ဌိအယူမျိုးကို ရင်း ငါဘုရား မသိမမြင်ခဲ့၍ တကြိမ်မက များလှစွာသော ဇာတိဒုက္ခကို ခံခဲ့ရလေပြီဟု မိန့်ဆိုတော်မူပေရာ။

ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ကုန်သော ပိဋကတ်တော်တွင် -

[၁] သုတ္တန်ပိဋကတ် = ဓမ္မက္ခန္ဓာပေါင်း ၂၁၀၀၀ သည်မဂ်ဖိုလ်လိုလား အားလုံးသော ရှင်လူရဟန်းတို့နှင့် သက်ဆိုင်ပေသည်။

[၂] ဝိနည်းပိဋကတ် = ဓမ္မက္ခန္ဓာ ပေါင်း ၂၁၀၀၀ သည် ရဟန်းတော်များနှင့် သက်ဆိုင်ပြီးလျှင်၊မဂ်ဖိုလ်အကျိုးကို ပေး၏။

[၃] အဘိဓမ္မပိဋကတ် = ဓမ္မက္ခန္ဓာပေါင်း ၄၂၀၀၀ သည် ဝိပဿနာလုပ်ငန်းနှင့် သက်ဆိုင်ပေသည်။ သို့သော်၊ ၎င်းနည်း သန့်သန့်ဖြင့်သော်၊ မဂ်ဖိုလ်အကျိုးကို မပေးနိုင်သည် အကြောင်းကို သတိမူရန်ဖြစ်ပေသည်။

အောက်ဖော်ပြပါစဉ်များတွင် မိန့်ဆိုတော်မူမည့်အတိုင်း ပိဋကတ်တော်ကို အခြေပြု၍ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရားကို။

[၁] အဘိဓမ္မာနည်းဖြင့်သော်၎င်း၊
[၂] ပဋိစ္စသမုပ္ပါဒ် နည်းဖြင့်သော်၎င်း၊
[၃] အရိယာ သစ္စာနည်းဖြင့်သော်လည်းကောင်း၊

ကြိုးစားအားထုတ်လျက် ရှိနေကြပေသည်။ သို့ပါသော်လည်း မိမိ ရရ တိတိကျကျ ပြတ်သားသော နည်းနာနိသျှဖြင့် အားထုတ်ပါမှ သာလျှင် လိုရာခရီးသို့ ရောက်နိုင်မည်ဖြစ်သည်ကို ယုံကြည်ကြရမည် သာ ဖြစ်ပေသည်။ အရိယ သစ္စာနည်းမှာမူ အရိပ်အယောင်မျှသာ ရှိတော့၏။ သို့ဖြစ်၍....

( ၁ ) ပဋ္ဌာန်းအဘိဓမ္မာနည်းသဘော

စက္ခု အဆင်း

↓

မြင်စိတ် - ဖဿ - ဝေဒနာ - တဏှာ - ဥပါဒါန်

စက္ခုနှင့်အဆင်းပေါင်းဆုံသည်ဖြစ်၍ မြင်စိတ်ဖြစ်ပေါ်ရသည်ဟု ဆို၏။ ဤတွင် စက္ခုနှင့် အဆင်းတို့သည် အကြောင်းတရားနှင့် မြင်စိတ်သည် အကျိုးတရားဥ္ဖကျ၏။ အဘိဓမ္မာနည်းဖြစ်၏။ မှန် လည်းမှန်၏။

အကယ်၍ စက္ခုအကြည်ပျက်ခဲ့သော် သို့တည်းမဟုတ် မှေးဘွား စဉ်ကပင် အလင်းခေတ်မရခဲ့သော် မျက်စေ့သံသရာ ချုပ်ပါမည် လော၊ သတိပြုရန်ဖြစ်ပါသည်။

ဥပမာသော်....“ ကေသာ သုညံ အတ္တေနဝါ ”

ကေသာ-ဆံပင်ဟူသော ရုပ်တရားသည် အတ္တေနဝါ-အတ္တသဘောမှ ဝါ မိမိဘာသာ ဖြစ်နိုင်သော စွမ်းအားမရှိသည်ဖြစ်၍ သုညံ-သုဉ်းဆိတ်သော သဘောသာဖြစ်၏။

ဟူသော သဘာဝ၌ ငင်းဆံပင်သည် အကျိုးတရားစစ်ဖြစ်၍ အဘိဓမ္မာနည်း အနတ္တဖြစ်နေ၏။ အဝသဝတ္တန အနတ္တ အစိုးမရ အလိုသို့ မလိုက်ခြင်းသဘောကြောင့် အနတ္တဟူလိုသည်။ မဂ်မဝင်နိုင်ပေ။

အဘယ်ကြောင့်ဟူမူ ဆံပင်တွင် အခြေခံပရမတ် ရုပ်ဓာတ်ကြီး ၈-ပါးတို့ဖွဲ့စည်းပေါင်းစုမှု ရှိသည်ဖြစ်၍ ငင်းဓာတ်ကြီးတို့၌ သတ္တုကျ၏။ တဖန် ငင်းဓာတ်တို့ကို ဃန-(တနည်း)ပေါင်းစပ်မှုဖြစ်နိုင်ရန် ကြိတ်ချေပြန်သော် စိန္တာမယဉာဏ်၏ အစွမ်းဖြင့် ရှိသည်ဟုမပြောနိုင်တော့သော တုစ္ဆသဘော (တနည်း) အချီးနှီးသော သဘာဝအဖြစ် ဥစ္ဆေဒဒိဋ္ဌိ၌ ကျနိုင်ရာ၏။

တုစ္ဆာသဘောကြောင့် အနတ္တဆိုသော် သင့်ပါမည်လော....။

ထိုကြောင့် ချေသည်ဖြစ်စေ၊ မချေသည်ဖြစ်စေ နိဗ္ဗာန်ဖြင့်ကားဝေးလှပေသေးသည်။ ဓာတ် ၈-ပါးသည် ခွဲခွာ စိတ်ဖြာ၍ မရစကောင်းသော အဝိနိဗ္ဘောဂ ဓာတ်တို့ဖြစ်၏။ အတ္တပဋိသမ္ဘိဒါကား ရ၏။ သို့သော် ဓမ္မပဋိသမ္ဘိဒါ(တနည်း) အကြောင်းတရားအလိုငှာ ဝဏ္ဏဓာတ်ယင်း၏ အကြောင်းကိုရှာသော် ပထဝီဓာတ်ကိုတွေ့မည်ဖြစ်ရာ ငင်းပထဝီသည် အကြောင်းတရား၌ ကျရာ၏။ သို့သော် ကျန် ဓာတ်ကြီး ၃-ပါးတို့လည်း ငင်းပထဝီ၌ ပါဝင်လျက်ရှိသဖြင့် ပထဝီအား၏ အကြောင်းတရားစစ်ဟူ၍ သတ်မှတ်ခြင်းငှာ မဖြစ်စကောင်းပေ။

သတိ....

သို့ဖြစ်၍ အကျိုးတရားစစ်ဖြစ်သော ၎င်း ခေတ်ကြီး ၄-ပါး၌ ပဋိသန္ဓိဒေါ် မဝင်နိုင်ပေ၊ ဤကဲ့သို့ မဝင်ရောက်နိုင်သော တရားမှန် သမျှ မင်္ဂမရနိုင်ပေ။

သို့ရာတွင် ၎င်းခေတ်ကြီးတို့ကို ပြစ်ပယ်၍ကား မရပေ၊ ၎င်းတို့ အားလုံးစုပေါင်း၍ကား ပဋိသန္ဓိဒေါ် ဉာဏ်တွင်ဝင်နိုင်သည်ဖြစ်သဖြင့် ဤ၍ ဤမျှ သိမ်မွေ့လှသော သဘာဝကို ဉာဏ်မြင်စင်ကြယ်သည့် တိုင် မရမနေ အားထုတ်သင့်လှပေသည်။

**( ၂ ) နိယာမ ပဋိစ္စသမုပ္ပာဒ်နည်းသဘော**

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာ နာမရူပံ....

အစရှိသည်နှင့်အညီအဘိမ္မောနည်း၏ တရားခံဖြစ်သောစက္ခုနှင့် အဆင်းတို့၏ ဆုံစည်းမှုသည် မြင်စိတ်ဖြစ်၏။ ဤ၃မ္မ ၃-ချက်တို့၏ ပေါင်းဆုံမှုသည် ဖဿဖြစ်၏ ဟူသော သဘောသည် နိယာမ ပဋိစ္စ သမုပ္ပာဒ်နည်း မည်၏။

ဤတွင် ဓမ္မ ၃-ချက်ကြောင့်၊ ဖဿကြောင့် ဝေဒနာ-ဝေဒနာ ကြောင့် တဏှာ-တဏှာကြောင့် ဥပါဒါန်ဖြစ်၏ဟု ဆိုသည်။ လော ကနိယာမ သဘောအားဖြင့်မှန်လှပေသည်။ သို့သော် မင်္ဂရနိုင်သော အလုပ်မဟုတ်ပေ။

အဘယ်ကြောင့်ဟူမူ....

ဥပမာသော်။ ။ဖဿပစ္စယာ ဝေဒနာ-ဖဿဟူသော အကြောင်း ကြောင့် ဝေဒနာသည် ဖြစ်ပေါ်၏ဟု ဆို၏။ ဤတွင် ဖဿကား

အကြောင်းတရား ဓမ္မပဋိသမ္ဘိဒါ ဖြစ်၍ ဝေဒနာကား အကျိုးတရား အတ္ထပဋိသမ္ဘိဒါ၌ ဝင်၏။

တဖန်တုံ ဝေဒနာပစ္စယာ တဏှာ ဝေဒနာဟူသော အကြောင်းကြောင့် တဏှာ-တဏှာသည် ဖြစ်၏ဟု ဆိုပြန်သော် ဝေဒနာကား အကြောင်းတရား ဓမ္မပဋိသမ္ဘိဒါ ဖြစ်ရပြီးလျှင် တဏှာသည်ကား အတ္ထပဋိသမ္ဘိဒါ အကျိုးတရားဖြစ်ရပြန်၏။

ထို့ကြောင့် ဤသဘောတရားတို့ကို ဝေဘန်ရန်သည် ဖြစ်ခဲ့၏။ ဝေဒနာသည် ဖဿဖြင့်ထောက်သော် အတ္ထပဋိသမ္ဘိဒါ အကျိုးတရား ဖြစ်၍ တဏှာဖြင့်ထောက်သော် ၎င်းဝေဒနာသည် ဓမ္မပဋိသမ္ဘိဒါ အကြောင်းတရားသည် ဖြစ်လာသဖြင့် ၎င်းသည်ပင် အကျိုးတရား၊ ၎င်းသည်ပင် အကြောင်းတရား၊ ကံမောက်ကမ ဖြစ်ချင်သလိုဖြစ်နေသည်ကိုမြင်သော အရိယသစ္စာဉာဏ်က ၎င်းကိုလည်း ကန့်ကွက်ခဲ့ပေသည်။

ဆင်သည် ဆိတ်မဖြစ်နိုင်ပေ၊ ဆင်သည် ဆင်ပင်ဖြစ်၍ ဆိတ်သည် ဆိတ်ပင် ဖြစ်ရာ၏။ ထိုနည်းတူစွာပင်လျှင် ဆိတ်သည်လည်း ဆင် မဖြစ်နိုင်ပေ။

## ( ၃ ) အရိယသစ္စာနည်း ထေရဝါဒ။

အရှင်အဿဇိ၏ အရှင်သာရိပုတ္တရာအလောင်းတော် ဥပတိဿ ပရိဗိုဇ်အား ဟောကြားတော်မူသော....

**ယေဓမ္မာ ဟေတုပ္ပဘဝါ**

ယေဓမ္မာ-အကြင် အကျိုးတရားအပေါင်းတို့သည် ဟေတုပ္ပဘဝါ-ဟိတ်ဟူသော အကြောင်းတရားကြောင့် ဖြစ်ရလေကုန်၏။

ဟူသော သဘောတရားသည် အရိယသစ္စာနည်းမည်၏။

ထို့ကြောင့် အဘိဓမ္မာနည်း၏ အကြောင်းတရား ဖြစ်သော စက္ခုနှင့် အဆင်းတို့သည် အရိယသစ္စာနည်း ဖြည့်သော်-အကျိုးတရား၌ဝင်၏။ သို့ဖြစ်၍ ၎င်းအကြည်ဓာတ်တို့ ပျက်သည်ဖြစ်စေ၊ မပျက်သည်ဖြစ်စေ အရိယသစ္စာနည်းအားဖြင့်-

**ရူပေ ဝိဘူတေ ဖဿော နဟောတိ။**

ရူပေ ရူပါရုံ၌ ဝိဘူတေ-ဝိပဿနာ အနတ္တဉာဏ် ထင်မြင်နိုင်ခဲ့သည်ရှိသော် ဖဿော-ဖဿသည် နဟောတိမဖြစ်ပေ။

ဟူသည်နှင့်အညီ မြင်လျက်-မမြင်၊ မမြင်ပါဘဲလျက် မြင်နိုင်သည်ဖြစ်၍ ဝိပဿနာဉာဏ် အစစ်ဖြစ်ပေသည်။

(တဏှာသတ်တရားတွင် ထင်ရှားပါမည်။)

ဤတွင်အဘိဓမ္မာ၏ စက္ခုကို အသင် အဘယ်ကြောင့် ဖြစ်ပေါ်လာပြီး ကျွန်ုပ်တို့အား ဒုက္ခပေးရလေသနည်းဟု အမေးပြုသော်-စက္ခုက ကျွန်တော်သည် ကျွန်တော်၏ အားစွမ်းသတ္တိဖြင့် ထည်းထည်းမဖြစ်ပေါ်နိုင်ပါ။ ဇာတိကြောင့်ပါဟု ပြောမည်အမှန် ဖြစ်ပေသည်။

တဖန် ဇာတိကို စစ်မေးပြန်သော် ကျွန်တော်သည်လည်း အတ္တသတ္တိရှိသူ မဟုတ်ရပါ-

**ဇာတိဒုက္ခော တဏှာမူလကော။**

ဇာတိဒုက္ခော-ဇာတိတဖန်ဖြစ်ပေါ်ရခြင်း ဒုက္ခသည် တဏှာ၊ တဏှာသည်လျှင် မူလကော အကြောင်းရင်းရှိ၏။

ဟူသောကြောင့်-တဏှာ၏ အပေါ်တွင် ပုံ၍ကျတော့၏။ ဤကို ရည်တော်မူသော ဗုဒ္ဓအရှင်မြတ်က—

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ ယာယံ တဏှာ။
ပေါနောဗ္ဘဝိကာ နန္ဒိရာဂ သဟဂတာ တတြတတြာ ဘိနန္ဒိနီ။
သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ၊
ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံအရိယသစ္စံယောတဿာ၊
ယေဝ တဏှာယ အသေသဝိရာဂ နိရောဓော စာဂေါ
ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

ဟူ၍ ဒုက္ခဖြစ်ကြောင်း တဏှာနှင့် ၎င်း၏ချုပ်ရာ စွန့်ရာ ဖြစ်ကြောင်းသဘောကို ဆုံးမတော်မူခြင်းဖြစ်ပေသည်။ ဤတွင်-

ဒုက္ခံ အရိယသစ္စံ၊
ဒုက္ခ သမုဒယံ အရိယသစ္စံ၊
ဒုက္ခနိရောဓံ အရိယသစ္စံ၊
ဒုက္ခ နိရောဓဂါမိနိပဋိပဒါယ အရိသယစ္စံ။

ဟူသော အဆုံး အမဖြင့် ဒုက္ခနှင့် အရိယသစ္စာဉာဏ် ထင်လျက်ရှိသည်ကို သတိမူကြပြီးလျှင်—
သတိ....

(၁) အဘိဓမ္မာပဋ္ဌာန်း ဒေသနာတော်သည်။ ။အလုံးစုံသော ပရမတ္ထတရားတို့ကို ၂၄-ပစ္စည်းဖြင့် အကြောင်း-အကျိုး ဆက်ပုံကို ဟောတော်မူပုံ....

(၂) ပဋိသမုပ္ပါဒ်ဒေသနာတော်သည်။ ။အလုံးစုံသော ဘုံ ၃-ပါး တရားစုတို့ကို အင်္ဂါ ၁၂-ပါးဖြင့် အကြောင်း အကျိုးဆက်စပ်ပုံကို ဟောတော်မူပုံ....။

(၃) အရိယသစ္စာ ဒေသနာတော်သည်။ ။ဝေနေယျ တို့ အသိဉာဏ်၏ လက်လှမ်းမှီရာ ထင်လွယ်-မြင် လွယ် နိုင်ရာကို အကြောင်းအကျိုးဆက်စပ်၍ ဟော တော်မူသဖြင့်....

သူ့နည်းနှင့် သူ့သဘောမှန်သည်သာချည်းဖြစ်၏။ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးဖြင့် လောကဓာတ်ကြီး၏ တည်နေဟန်နှင့် သင်္ခတ ပရမတ်တို့၏ ဖြစ်-ပျက်နေပုံကို ပြတော်မူပေရာ ၎င်းသည် ပရိညေယျတရား(တနည်း) သိရုံမျှသိစေ၍ မပယ်သတ်မိကြစေရာ၊ အရိယသစ္စာ ဒေသနာတော်သည်ကား သိရုံမျှမဟုတ်၊ သံသရာ့ စက်ရဟတ်မှ လွတ်ထွက်နိုင်စေရန်၊ ပဟာတဗ္ဗတရား (တနည်း) ပယ်သတ်အပ်သော သဘောဖြစ်၍ တနည်းနှင့်တနည်း ရောနှောပြီး မကြံစည်ရာ၊ ဉာဏ်မကြီးလျှင် စိတ်ရှုပ်ထွေး၍ ယုံမှားခြင်းသို့ရောက် တတ်၏။

အချုပ်မှာမူ သံသရာ၏တရားခံအစစ်မှာ တဏှာ ၁၀၈-ဖြစ် သဖြင့် ၎င်းကို အရိယသစ္စာနည်းဖြစ်သော သစ္စာ ၄-ပါးတွင် ပဋိ သမ္ဘိဒါဉာဏ်သွင်း၍ မလျော့သော ဇွဲလုံ့လဖြင့် သိအပ်-ပယ်သတ် အပ်သင့်လှပါသည်။

ဖဿသံသရာသည် ဘဝင် ၈-ချက်တွင် ချုပ်၏၊ သို့သော် ဇော်စိတ် တွင် လည်ပတ်မည် ဖြစ်သည်ကိုလည်း သတိပြုရမည်ဖြစ်ပါသည်။

# စရိယ ၃-ပါး တရားတော်

ဗုဒ္ဓဘာသာဝင်အများပင် မဂ်ဖိုလ်နိဗ္ဗာန်အကျိုးငှာ အဘိဓမ္မာနည်းဖြင့်သော်၎င်း၊ အကျင့်တရားအားဖြင့် သော်၎င်း၊ ဝိပဿနာတရားကို အားထုတ်လျက် ရှိနေကြပေသည်။ သို့ပါသော်လည်း အဘိဓမ္မာဒေသနာတော်မှ ဗုဒ္ဓကိုယ်တော်မြတ်ကြီးတို့၏ လောကအား အကြွင်းမရှိ သဗ္ဗညုတ ရွှေဉာဏ်တော် ကွန့်မြူးရာ ဖြစ်သဖြင့် အတိုင်းအတာမရှိ ကျယ်ဝန်းလှပေသည်။ ဝေနေယျ အဘို့ရာတွင် အကျဉ်းနည်းဖြစ်သည့် မှန်ကန်သော ပဋိပတ်လုပ်ငန်းစဉ်သည်သာ-လိုရင်းကြီးဖြစ်ပေသည်။

တဖန် အဘိဓမ္မာသည် ဗုဒ္ဓအရှင် ပွင့်တော်မမူမီက ပင်လျှင် လောကီပညာရှိတို့ ပေါ်ပေါက်ပြီး ဉာဏ်မီသလောက် ကြံဆဟောပြောလျက် ရှိနှင့်ပေသည်။ သို့ဖြစ်သော်-အဘိဓမ္မာခြင်း တူပါလျက် ဘုရားရှင်ကို သမ္မာသမ္ဗုဒ္ဓ ဟူ၍ ခေါ်ဆိုနိုင်ပါသနည်း....။

နာဟံ ဘိက္ခဝေ လောကေန ဝိဝဒတိ

ဘိက္ခုဝေချစ်သားရဟန်းတို့၊လောကေ လောကကြီးအား အဟံငါသည် နဝိဝဒတိ ဘယ်သောအခါမှ မငြင်းခုံ။

လောကောဝ မယာ ဝိဝဒတိ

လောကောဝ - လောကကြီးကသာလျှင် မယာ ငါဘုရားနှင့် ဝိဝဒတိ ငြင်းခုံ၏ ဟု -

မိန့်ကြားတော်မူရာတွင် လောကီ ပညာရှိတွေက ခန္ဓာကိုယ်တွင် ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ ရှိပြီးလျှင် ၎င်းတို့သည် အနိစ္စသဘော ဒုက္ခသဘော ဝိပရိနာမ သဘောတို့သာ ဖြစ်ကြ၏ဟုဆို၏။

ရှင်တော်မြတ်ကလည်း မှန်ကြောင်းဝန်ခံတော်မူ၏။ ဤသည်ပင်လျှင် လောကကြီးအား ငါဘုရားက မငြင်းခုံဟု မိန့်ဆိုတော်မူခြင်းဖြစ်၏။

ပဏ္ဍိတ်တို့ကသို့ဖြစ်သော် ဘာများထူး၍ အလုံးစုံသော တရားကို သိသောဘုရားဖြစ်၏ဟု သုံးလောကအား ဝန်ခံပါသနည်းဟု ဆိုပြန်သော်-

ဘုရားရှင်က အသင်တို့သိသောတရားသည်မှန်၏။ သို့သော်၊ ၎င်း ခန္ဓာကိုယ်သည် အဘယ်ကဲ့သို့ ဖြစ်ပုံနှင့် အဘယ်ကဲ့သို့သော နည်းဖြင့် ငြိမ်းအေးနိုင်မည်ကိုကား သင်တို့ မသိနိုင်လေ၊ ငါဘုရားသာ သိ၍ ဘုရားအမည်ကို ခံယူသည်ဟု မိန့်ဆိုတော်မူ၏၊

ဗုဒ္ဓ၏ သဗ္ဗညုတ ရွှေဉာဏ်တော် -

စက္ခု၊ အဆင်း

↓

မြင်စိတ်

တဦးသော ပဏ္ဍိတ်က စက္ခုနှင့်အဆင်းတို့ ပေါင်းဆုံသော် မြင်စိတ်ဖြစ်၏။ ဤစိတ်သည်မကောင်းသည့်တိုင်ဦသာလျှင် ရောက်တတ်

သည်ဖြစ်၍အကုသိုလ် တရားအပေါင်းတို့ မဖြစ်စေခြင်းငှာ[တနည်း] နိဗ္ဗာန်သို့ ရောက်ခြင်းငှာ ၎င်းစိတ်ကလေးမဖြစ်ပေါ် နိုင်ရန် စက္ခုနှင့် အဆင်း မပေါင်းဆုံစေနှင့်ဟု ဟောကြား ပြသ၏။

တဦးသော ပဏ္ဍိတ်ကမူ၊ စက္ခုနှင့် အဆင်းတို့ ဆုံသော် စိတ်ကလေးဖြစ်မည်၊ ၎င်းသည် အလွန်ပင်လှုပ်ရှားတတ်၏။ သို့ဖြစ်၍ မလှုပ်ရှားနိုင်စေရန် ဆုံးဖြတ်ရမည်ဟု ဆို၏။

ဤသည် တို့ ကား နိဝရဏ တရား ခေတ္တငြိမ်း ရုံမျှတပါး မဂ် တရားနှင့် မနီးစပ်သော သီလ သမထ ဘာဝနာသာလျှင်ဖြစ်၏။

ဘုရားရှင်ကမူ ၎င်းစက္ခုနှင့်အဆင်းတို့ ထိခိုက်ပေါင်းဆုံ၍ ဖြစ်ပေါ်သော မြင်စိတ်ကို -

(၁) ဝိညာဏစရိယ၊
(၂) ဉာဏစရိယ၊
(၃) အညာဏစရိယ ဟူ၍ ၃- လွှာစိပ်ပြီး ဟောတော်မူ၏။

(၁) ဝိညာဏစရိယ—တလွှာ။

(၁) အတီတဘဝင် = လွန်ဘဝင်၊
(၂) ဘဝင်္ဂစလန-လှုပ်ဘဝင်၊
(၃) ဘဝင်္ဂုပစ္ဆေဒ-ပြတ်ဘဝင်၊
(၄) ပဉ္စဒွါရာဝဇ္ဇန်-ဤဟာ ဘာလဲဟုဆင်ခြင်မှု၊
(၅) ပဉ္စဝိညာဏ်-အာရုံအမျိုးမျိုးကိုသိမှု၊
(၆) သမ္ပဋိစ္ဆိုင်း-အာရုံကိုလက်ခံသိမ်းပိုက်မှု၊
(၇) သန္တီရဏ-အာရုံကိုစူးစမ်းမှု၊
(၈) ဝုဋ္ဌော-အာရုံကိုမှတ်သားမှုတို့ဖြစ်၏။

ဤဝိညာဏစရိယသည် အဟိတ်အဗျာကတ ဘဝင်စိတ် ဖြစ်၏။ ဥပါဒ်ဌီဘင် ခဏငယ်-၃ချက်ရှိသော အသင်္ခတ ပရမတ် အကျိုးတရားလည်းဖြစ်သဖြင့် မချုပ်ကောင်း-မပျောက်ကောင်း၊ မပယ်ကောင်း မသတ်ကောင်းသော သဘာဝဖြစ်သည့်ပြင်-

စိတ္တဿဟိ ခဏာဘင်္ဂေါ အတိလဟုကော

ဗုဒ္ဓါနံယေဝ ဝိသဝယာ ဇိနလင်္ကာရ ဋီကာ(၁၂၅)သုမေ္မဝတီမူ၊

ဟိဝိတ္တာရေပိ ချွဦးအံ့၊ စိတ္တဿ ဝိညာဏ စရိယစိတ်၏ ခဏဘင်္ဂေါ ခဏငယ် ၃-ချက်ဖြင့် ဖြစ်ခြင်း၊ ပျက်ခြင်းသည် အဟိလဟုကော လက်ပစ်တတွက်တွင် ကုဋေတသိန်းမျှ လျင်မြန်၏။ ဗုဒ္ဓါနံယေဝ-မြတ်စွာဘုရားတို့၏သာလျှင်၊ ဝိသယော အာရုံပြုနိုင်သော အရာပေတည်း။ ဟူ၍ဖွင့်ဆိုတော်မူသဖြင့် သတိပြုရန် ဖြစ်ပါသည်။

ဤဝိညာဏစရိယ တည်၊ဟူသော ပင်မကြီးနှင့်ဒဲ့တူ၊ ဥပါဒါနက္ခန္ဓာသည်လည်း အရိပ်ပမာ အောက်မင် ၃-ပါးအထိလိုက်၏။ အဧဟတ္တဖိုလ်ကျမှသာလျှင်ပိုတ်သဖြင့် ဘုရားရဟန္တာ အရှင်မြတ်တို့တွင် ဝိထိစိတ်သည်သာ ကြွင်းတော်မူ၏။

သတိ။ ထို့ကြောင့် ဤအသင်္ခတ ပရမတ် အကျိုးတရားဖြစ်သော ခန္ဓာကိုယ်ကို ညှင်းပန်းနှိပ်စက် ပြင်းထန်သောအကျင့်ဖြင့် အားထုတ်သည်ရှိသော် နိဗ္ဗာန်နှင့် မနီးစပ်သည့်ပြင် သီလဗ္ဗတပရာမာသ ဥစ္ဆေဒဒိဋ္ဌိနှင့် တကွသော အတ္တကိလမထ လက်ဝဲအစွန်း၌ ကျရောက်မည် ဖြစ်ကြောင်းကိုလည်း သတိမူသင့်လှပါသည်။

## (၂) ဥာဏစရိယ—တဿ။

အထက်တွင် ဟောတော်မူသော ဘဝင်စိတ် ၈-ချက်တို့ နောင်ဇော ၇-ကြိမ် သဒ္ဒါရုံ ၂-ကြိမ် ပေါင်း ၉-ကြိမ် စုစုပေါင်းစိတ်

၁၇-ချက်ဖြစ်၏။ ဤဧော ၉-ချက်တွင် ဉာဏစရိယနှင့်တကွ အညာဏ စရိယဇောတို့သည်ဖြစ်၏။ ဒိဋ္ဌိဖြုတ်ပြီးသော အရိယာပုဂ္ဂိုလ်တို့တွင် ဉာဏသမ္ပယုတ် ဇောကျ၍ ဝိညာဏစရိယဖြစ်၏။ (တနည်း) ဝိပဿနာဇော၊ မဂ်ဇော၊ ဖိုလ်ဇောတို့ကျ၏။

ဤကိုရည်တော်မူသော ရှင်တော်မြတ်က ပဏ္ဍိတ်အား သင်တို့သည် ထိုစိတ်အား ချုပ်ထား၏၊ သတ်ထား၏၊ ညှင်းဆဲထား၏။ အကျိုးမကြီးလေ။ ငါဘုရားသည်ကား ဝိပဿနာပညာဖြင့် ညာဏ စရိယဇောဖြစ်အောင် ဆုံးမ၏။ သင်တို့၏ပညာကား သုတမယ ဉာဏ်၊ စိန္တာမယဉာဏ်မျှဖြစ်၏။ ငါဘုရားသည်ကား ဘာဝနာမယ ဉာဏ်၊ ပဋိဝေဒဉာဏ်ဖြစ်၏။ သို့ဖြစ်၍ ဇာတိချုပ်ခြင်းဖြစ်၏ဟူ၍ မိန့်တော်မူခြင်းဖြစ်ပေသည်။

(၃) အညာဏ စရိယ—တဏှာ။

မိစ္ဆာဒိဋ္ဌိလက်ရှိဖြင့် ပုထုဇဉ်တို့တွင် ဉာဏဝိပ္ပယုတ်ဇောကျ၍ အညာဏစရိယဖြစ်၏။ (တနည်း) လောဘ၊ ဒေါသ၊ မောဟတို့ ဖြင့်ယှဉ်သော ၂၉-ပါးသောက်-ကိလေသာတို့ဖြစ်၏။

သတိ။ ဤအညာဏစရိယဇောသည် စင်စစ် ပင်မတည်းဟူသော ပရမတ်ဝိထိကိုမှီ၍ဖြစ်သော အရိပ်တည်းဟူသော ဥပါဒါနက္ခန္ဓာ တို့ပင်ဖြစ်၏။ ၎င်း၌ဘူတရုပ် ၄-ပါး ထောက်ခံမှုမရှိ။ ဥပါဒ်နှင့် ဝယသာရှိလေသောကြောင့် ပညတ်သဘောအကြောင်း သခ်တ တရားဖြစ်၏။ ၎င်း၌ သံယောဇဉ် ၁၀-ပါး၊ ကိလေသာ ၁၀-ပါး အနုသယ ၇-ပါး အစဉ်ကိန်းလျက်ရှိသောကြောင့် ၎င်းတို့သာယာ တွယ်တာသော် သဿတဒိဋ္ဌိကာမသုခလ္လိက လက်ျာအစွန်း၌ ကျ ရောက်မည်ကို မြင်တော်မူသဖြင့်-

(၁) မထိပါးကောင်းသော အကျိုးခန္ဓာဖြစ်သည့် ဝိညာဏစရိယကို မညှင်းပန်း၊ မနှိပ်စက်မူ၍၊

(၂) အညာဏစရိယကို မမြင်နိုင်အောင် ဖုံးလွှမ်းကာကွယ်ထားသော အဝိဇ္ဇာတဏှာတို့ကို ခွာလှုပ်၍ ဝိပဿနာဘာဝနာကို အကြိမ်ကြိမ်အဖန်ဖန် ပွားများအားထုတ်အပ်လှပါသည်။

အချုပ်ဆိုပါမူ မဂ်တရား-ဖိုလ်တရား-နိဗ္ဗာန်တရားကို လိုသော်လက်ဝဲ-လကျာ(တနည်း)သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးတို့မှ မလွတ်သောအကြောင်းတရား ပညတ်ဖြစ်သည့် ဥပါဒါန်အာရုံ ကာမဂုဏ်တို့၏အပေါ်တွင် လိုက်စားလေ့ရှိသော အညာဏစရိယတရားယုတ်ကို ဝိပဿနာ ညာဏစရိယပညာဖြင့် ပယ်သတ်နိုင်စေရာ၏။

သို့မဟုတ်မူ၍ အတိတ်အကြောင်းတရားကြောင့် ရပြီးဖြစ်သောပစ္စုပ္ပန်အကျိုးခန္ဓာရှုရုံ-နှိပ်စက်ရုံဖြင့်ကား ပစ္စုပ္ပန်အကြောင်းခန္ဓာမချုပ်သဖြင့် အနာဂါတ်ဇာတိ ငြိမ်းမည်မဟုတ်သည်ကို ဉာဏ်မြင်စင်ကြယ် သင့်လှပေသည်။

သို့ဖြစ်၍ ရှင်တော်မြတ်သည် သဗ္ဗညုတဉာဏ်တော်ကို ရပြီးနောက် ပွင့်ရာဗောဓိပင်ရင်း၌ပင်လျှင်—

အနေကဇာတိသံသာရံ သန္ဓာဝိဿံ အနိဗ္ဗိသံ သံဂဟကာရံ၊
ဂဝေသန္တော ဒုက္ခာဇာတိ ပုနပ္ပုနံ ဂဟကာရက ဒိဋ္ဌောသိ၊
ပုန ဂေဟံနကာဟသိ သဗ္ဗာတေ ဖာသုကာ ဘဂ္ဂါ ဂဟကူဋံ၊
ဝိသင်္ခတံ ဝိသင်္ခါ ရဂတံ စိတ္တံ တဏှာနံ ခယမဇ္ဈဂါ။

ဥဒါန်းတော်ကြီးကို ကျူးရင့်တော်မူခြင်းဖြစ်ပေသည်။

# ဒိဋ္ဌိသတ်သစ္စဉာဏ် တရားတော်

## အလွတ်ဟောတော်မူသောခေတ်ခွေမှ ကူးယူပါသည်

## (မဋ္ဌလေး)

ပွင့်တော်မူကြသော သမ္မာသမ္ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့သည် တရားဦးအဖြစ် ဒိဋ္ဌိဝိစိကိစ္ဆာနှင့် သီလဗ္ဗတပရာမာသတရားယုတ်တို့ကို ပယ်နှုတ်နိုင်စေခြင်း အကျိုးငှာ အသိတရား သန့်သန့်ဖြစ်သော ဓမ္မစကြာ ဒေသနာတော်ကို တသောင်းသော လောကခေတ်ရှိ ကျွတ်ထိုက်သသူဝေနေယျတို့အတွက် ဟောကြားဆုံးမတော်မူကြောင်းကို တရားလိုက်စားသူတိုင်း သိပြီးဖြစ်ပေသည်။ သဃမ္ဘာ့ဉာဏ်စွမ်း ၁၂-ခဏ်းဖြင့် ဟူသည့်အတိုင်း သစ္စာ ၄-ပါးတွင် သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်(တနည်း)အသိတရား၊ အပယ်တရားနှင့် အလွတ်တရား၊ သုံးကဏ္ဍခွဲ၍ ဟောတော်မူရာ၌ ပထမအားဖြင့် သစ္စဉာဏ်ကို ရယူရန်ဖြစ်ပေရာ....

ဒုက္ခသစ္စံဒုက္ခန္တိ ကာယိကဒုက္ခံ စေတသိကဒုက္ခံ

ဋ္ဌပေတွာ အဝသေသံ-ဒုက္ခံသစ္စံ-နဒုက္ခံ (သစ္စယမိုက်)

ဒုက္ခသစ္စံ ဒုက္ခသစ္စာသည် ဒုက္ခန္တိ-ဒုက္ခမည်သလော, ကာယိကဒုက္ခံ ကာယိဒုက္ခကိုရင်း၊စေတသိကဒုက္ခံ-စေတသိကဒုက္ခကိုရင်း၊ဋ္ဌပေတွာ ချန်ထား၍ အဝသေသံ ကြွင်းသောတရားအပေါင်းသည် ဒုက္ခံသစ္စံ-ဒုက္ခသစ္စာမည်၏။ နဒုက္ခံ-ဒုက္ခမမည်။

မည်သည့်သတ္တဝါမဟူ ဤဆင်းရဲခြင်းဒုက္ခကို ကြောက်ရွံကြသည်သာ၊ မလိုလားကြသည်သာ ဖြစ်၏။ လူနတ်ဗြဟ္မာ တို့မှာမူ ကုသိုလ်ကံထောက်မကြသည်ဖြစ်၍ သာသနာတော်နှင့် ကြုံကြရပြီးလျှင် ဆင်းရဲအပေါင်းမှ ကျွတ်လွတ်ရာမှန် ပြည်နိဗ္ဗာန်ကို ဘာသာတရား အဆုံးအမဖြင့် ကြိုးစားအားထုတ်လျက် ရှိနေကြရပေသည်။ သို့သော် သိ၍ကြောက်သလော၊ သို့မဟုတ် မိမိတို့၏ အလိုမှကျမှုကိုထောက်၍ ထိုဘဝ ဤဘဝ-နိဗ္ဗာန်အစရှိသည်တို့၌ စံစားရသော် ဒုက္ခမရှိ ချမ်းသာအတိပြီးမည်ဟူသော ဝေဒယိတ သုခချမ်းသာမှုကို လို၍ ကြောက်သလော ဟူသည်ကို သုံးသပ်ရန် လိုလှ၏။

ရှင်တော်မြတ်သည် ဓမ္မစက္ကပဝတ္တနသုတ်တွင် ဒုက္ခ ၈-ချက်ကိုလည်းကောင်း၊ ပဋိစ္စသမုပ္ပာဒ်တွင် ဝဋ် ၃-ပါး ဒုက္ခကိုလည်းကောင်း ဟောကြားတော်မူပေရာ ဤ၌ တရားခေတ်လက်တွေ့ ပေါက်ရောက်တော်မူသော ဆရာမြတ်ကို မဆည်းကပ်မိပါသော် သိမြင်နိုင်ရန် အလွန့်အလွန် ခက်ခဲနက်နဲသော သဘောတရားတို့ ဖြစ်ပေသည်။ ဥပမာသော်ကား "သင်္ခတသင်္ခါရဒုက္ခ"ဟူ၍ ဟောတော်မူရာ၌ သင်္ခတပုဒ်အရ "ခပ်သိမ်းကုန်သော"ဟူ၍ အဓိပ္ပာယ် ရသော်လည်း လုံးဝဥဿုံ အကြွင်းမရှိဟူ၍ကား ယူရန်မသင့်၊ အဘယ်ကြောင့်ဟူမူ အကျိုးဝိပါက်ခန္ဓာ၏ အတ္တပဋိသမ္ဘိဒါပရမတ္ထ ဝိသင်္ခါရဒုက္ခနှင့် အကြောင်း၊ ဥပါဒါနက္ခန္ဓာ၏ ဓမ္မပဋိသမ္ဘိဒါ-မိစ္ဆာဓမ္မာရုံ-အဘိသင်္ခါရဒုက္ခ ၂-ပါးပြားလျက်ရှိနေသည်ဖြစ်၍ ဒုက္ခဒွယတွင် အဘယ်ဒုက္ခသည်ကား သိရန်၊ အဘယ်ဒုက္ခသည်ကား ပယ်သတ်ရန်ဖြစ်သည်ကို နည်းကောင်းလမ်းမှန် ရမှသာလျှင် ဖြစ်နိုင်သောကြောင့်ပေတည်း။

ဒုက္ခ ၈-ချက်သည်လည်းကောင်း ဝဋ် ၃-ပါး ဒုက္ခသည်လည်းကောင်းကျိုးကြောင့် ခန္ဓာ ၂-ပါး၌ ရအပ်သော်လည်း အကျိုးပရမတ္တခန္ဓာမှာ လွန်ပြီး ကျွံပြီးဖြစ်၍ "အပဟာတဗ္ဗတရား" (တနည်း)မပယ်ကောင်း၊ မသတ်ကောင်း၊ ပယ်သတ်လို့လည်း မရစကောင်းသော သဘာဝဖြစ်သဖြင့် မိမိနှင့် ထိုက်ရုံတန်ရုံမျှသာ ကြုံစည်ရာ၏။ ၎င်းမှာ မအိုချင်၍မနေရ၊ မနာချင်၍မနေရ၊ မသေချင်၍မနေရ ဘယ်ဟာတစိုးတစိမျှ အစိုးရက်သည်၊ အလိုသို့လိုက်သည် မရှိခြင်းကြောင့် "အဝသဝတ္တန အနတ္တ" ထိုက်၏။ ကာယိကဒုက္ခ၊ စေတသိက ဒုက္ခတို့ဖြင့် အမြဲဆက်ဆံသည်ဖြစ်၍ ဒုက္ခထိုက်၏။ မရပ်မနား ပရမတ္တသဘာဝအလျောက် ခဏငယ် ၃-ချက်အားဖြင့်လည်း ဖြစ်လျက်၊ တည်လျက်၊ ပျက်လျက်ရှိသဖြင့် အနိစ္စထိုက်၏။ ဤသဘောတရားတို့မှာ ကမ္ဘာသိ၍ မဂ်တရား-ဖိုလ်တရားနှင့် မနီးစပ်ပေ။

သို့ဖြစ်၍ ရုပ်တရားအားဖြင့် ၃၂-ပါးသော ကောဋ္ဌာသတို့သည်၎င်း၊ နာမ်တရားအားဖြင့် ၄-ပါးသော ခန္ဓာတို့သည်၎င်း အတိတ်၏အကြောင်းတရားဖြင့် ယခုအကျိုးဝိပါက်ခန္ဓာတို့ ရရှိပြီးဖြစ်ပေရာ ဤရရှိပြီးအကျိုးခန္ဓာအပေါ်တွင် လက္ခဏာ ရေးတင်၍ ရှုသော်၊ အကျိုးကြီး-မကြီး စဉ်းစားရန်ဖြစ်ပေသည်။ အကျိုးခန္ဓာရှိသမျှ ရှုမှတ်ဘွယ်ရာတရားကား ရှိနေမည်သာဖြစ်၏။ ခန္ဓာပြတ်ပါမှ အရှုရပ်ရတော့မည်ကဲ့သို့ ဖြစ်သဖြင့် ခန္ဓာမတုံး-သံသရာမဆုံး အရှုလည်းမမုန်းရှိမည်ကို မြင်တော်မူသော ဘုရားရှင်က—

**ဝိပါက ကဋတ္တာရူပံ နအစိန္တိယံ။**

ဝိပါက်ရုပ်ကြီးကို မကြံစီကြပါလေနှင့်-မနှိပ်စက်ကြပါလေနှင့် ဟူ၍ ဆုံးမတော်မူခြင်းဖြစ်၏။ ဤတွင်ခန္ဓာဒွယ လက္ခဏာဒွယ၌

ထေရဝါဒအရိယသစ္စာနည်းသွင်း၍ ကြံစည် ဝင်စားနိုင်မှသာလျှင် လမ်းမှန်ပေါ်သို့ရောက်မည်ဖြစ်ပေသည်၊ အချုပ်ဆိုပါမူကား ပဋိသမ္ဘိဒါဉာဏ်ဖြင့် ဝေဖန်သုံးသပ်ပါမှသာလျှင် ဒိဋ္ဌိဝိစိကိစ္ဆာ တရားယုတ်တို့ ပြုတ်နိုင်မည်ဖြစ်၏။ ထို့ကြောင့် ဝဋ် ၃-ပါးရှိရာတွင် မိမိယခု ရရှိပြီးသော အကျိုးခန္ဓာကြီးသည် ဝိပါကဝဋ်ဖြစ်၏။ ၎င်းဝိပါကဝဋ်ကို စစ်တမ်းထုတ်သော် ၎င်းသည် ဝဋ်ဒုက္ခဆိုသည့်အတိုင်း သတ္တဝါတိုင်းအား ဒုက္ခ အလွန်ပေးနေသည်ကား မှန်ပေသည်။ သို့သော် ၎င်းဝိပါကဝဋ်သည် မိုးပေါ်ကျမဟုတ်-

အနတ္တာဟိ ထာမ ကဋတ္တာ နတ္တိ၊
အနတ္တာဟိ အနတ္တဟူသည်ကား၊ ထာမ ကဋတ္တာ မိမိအလိုလို ဖြစ်နိုင်သော စွမ်းအားသတ္တိသည် နတ္ထိမရှိ။

ဟူသည်နှင့်အညီ မိမိစွမ်းအားဖြင့် ဖြစ်ပေါ်လာနိုင်သည်မဟုတ်။ အကျိုးတရားတို့မည်သည် အကြောင်းတရားနှင့် ကင်း၍ သင်္ခတလောကတွင် ဖြစ်ပေါ်နိုင်စွမ်းမရှိ။ ၎င်း၏ဆရာ ကမ္မဝဋ်၊ ၎င်း၏ဆရာ ကိလေသာဝဋ်တို့ကြောင့် ဖြစ်ရပေသည်။ ဤကဲ့သို့ သိမြင်ခြင်းသည် အတ္တပဋိသမ္ဘိဒါဉာဏ်မည်၏။ ထိုမျှဖြင့် မပြီးသေးပေ။ အတိတ်အကြောင်းကြောင့် ရရှိသော ယခုဝိပါကဝဋ် ဖြစ်သော အကျိုးခန္ဓာသည် စင်စစ်ပရမတ္ထလက္ခဏာသာ ရထိုက်၏။ အာသဝပုဂ္ဂိုလ်တို့တွင် အနုသယဓာတ် ကိန်းလာသည်ဖြစ်၍ အကြောင်းခန္ဓာ (တနည်း)ဥပါဒါနက္ခန္ဓာတို့တွင် ပါဝင်ရသည် ဖြစ်သောကြောင့် ကမ္မဝဋ်-ကိလေသာဝဋ်တို့ ပြုသည်ဖြစ်သဖြင့် အနာဂတ်ဘဝ-အနာဂတ်ဇာတိအကျိုးတရားကို အမှန်မလွဲ ရရှိမည်ဖြစ်ကြောင်း ဉာဏ်မြင်မိသည့်အလျောက် အနာဂတ်ဇာတိချုပ်ငြိမ်းစေရန် အကြောင်း

တရားကို ပယ်သတ်ရမည်ဖြစ်ကြောင်းကိုပါ သိ၏။ ဤနည်းဖြင့် အကျိုး ပရမတ္တခန္ဓာကား ဝိပါကဝဋ်-ဒုက္ခသစ္စာ။ အကြောင်း ဥပါဒါနက္ခန္ဓာကား-ကမ္မဝဋ်-ကိလေသဝဋ်-သမုဒယသစ္စာ။ ဤအဘိသင်္ခါရဒုက္ခတွေ ချုပ်ငြိမ်းခြင်းကား နိရောဓသစ္စာ။ လုပ်ငန်းကား မဂ္ဂသစ္စာဖြစ်ပါ၍-

ဒုက္ခသစ္စံ အကြောင်း ဒုက္ခအမှန်ကို-ဝါ ပယ်သတ်အပ်သော ဒုက္ခအမှန်ကို၊

ဥပေတွာ-ချန်ထား၍အဝသေသံ -ကြွင်းသော ပရမတ္ထဒုက္ခနှင့်တကွ၊

ထွေရာလေးပါးသော ဒုက္ခ-ဒုက္ခဟူသမျှသည် နဒုက္ခသစ္စံ ဒုက္ခသစ္စာမမည်၊

ဝါ-ဒုက္ခအစစ်အမှန်တို့ မဟုတ်ကုန်။ (ခုဇ္ဇဝတ္ထု)

ဟု ဟောတော် မူသည့်အတိုင်း အကျိုး ဒုက္ခနှင့် တကွသစ္စာ မထိုက်သော ဒုက္ခအပေါင်းတို့မှာ ဓမ္မတာနည်းအရ ကိလေသဝဋ်-ကမ္မဝဋ် တို့ကြောင့်ပင် ဖြစ်ပေါ်ရပေရာ ဒုက္ခဒွယအားဖြင့် အကျိုးဒုက္ခသည် သာယာနှစ်လိုဘွယ်ကား မဟုတ်၊ သို့သော် ပယ်သတ်ခြင်းငှာ မထိုက်ပေ။ အကြောင်း ဒုက္ခဖြစ်သော ဥပါဒါနက္ခန္ဓာ အဘိသင်္ခါရ တရားကိုသာ ဇာတိတဖန်မဖြစ်ပေါ်နိုင်ရန် ပယ်သတ်ရမည်ဖြစ်သည်မှာ ထင်ရှားလှပေသည်။ဧရှင်သာရိပုတ္တရာ မထေရ်မြတ် အလောင်းဖြစ်သော ဥပတိဿသည်။

ယေဓမ္မာ ဟေတုပ္ပဘဝါ။

ယေဓမ္မာအ-ကြင်အကျိုးတရားဟူသမျှတ်သည် ဟေတုပ္ပဘဝါ။ ဟိတ်ဟူသော အကြောင်းတရားကြောင့် ဖြစ်ကြရကုန်၏။

စသော အကျိုးတရား အကြောင်းတရားပိုင်းခြား၍သိရှိမှုဖြင့် အယူမှန်တရား (တနည်း) သမ္မာဒိဋ္ဌိဉာဏ်ကို (တနည်း) သောတာ ပတ္တိမဂ်ကို ရတော်မူကြောင်း ကျမ်းဂန်တွင် တွေ့ရှိနိုင်ပေသည်။

ဤတွင်-ဉာဏ်နှင့်ဒုက္ခသည် အကြောင်းတရားကြောင့် ဖြစ်ပေါ်ရ သည်ရှိသော် အကြောင်း သမုဒယကို ရှာတွေ့ စီစစ်ရန် ဖြစ်၏။ အဘယ်သို့သော အကြောင်းတရားသည်အကြောင်းစစ် အကြောင်း ဖြစ် မှန်ပါသနည်း။

သမုဒယော သမုဒယသစ္စန္တိ
သမုဒယသစ္စံ ဥပထ္ထာ ဒ၁ဝသေသော
သမုဒယော န သမုဒသစ္စံ။
သမုဒယော အကြောင်းတရားဟူသမျှသည် သမုဒယသစ္စန္တိ သမုဒယသစ္စာမည်ပါသလော ဝါ အကြောင်းစစ်အကြောင်း မှန်ပါသလော။ (အမေး)

အကြောင်း တရားတွေကား အများပင်ရှိ၏။ အကြောင်း ၌ အကျိုးရှိ၏။ အကျိုး၌လည်း အကြောင်း ရှိနေပြန်၍ ပဋ္ဌမ ပဋ္ဌာန်းနည်းဖြင့် စစ်တမ်းထုတ်ရာ၏။ ဥပမာသော် လောဘတရား ကိုယ် မြင်စိတ် သည် စက္ခုနှင့်ရူပါရုံ ၂- ပါးတို့ ပေါင်းဆုံ၍ ဖြစ် ပေါ်၏။ စက္ခုကား စတ္တုပုရေဇာတ ရူပါရုံကား အာရမ္မဏပုရေ ဇာတဖြစ်ပေရာ ဤ၌ စက္ခုနှင့်ရူပါရုံတို့သည် အကြောင်းတရားဖြစ် နေ၏။ မြင်စိတ်ကား အကျိုးတရားဖြစ်၏။ တဏှာ - ကိလေသာ မဖြစ်ပေါ်ရန် အကြောင်းဖြစ်သော စက္ခုနှင့် ရူပါရုံတို့ကိုသတ်ရန် ဖြစ်နေပေသည်။ မကြည့်သော် - မမြင်သော် ကိလေသာမှ လွတ် ကင်းနိုင် ပါမည်လော အကြည်ဓာတ်တွေ ချုပ်နေသော ပျက်နေ

သော ပုဂ္ဂိုလ်တွင် ကိလေသာ မရှိတော့ပြီလော စဉ်းစားရန်ဖြစ် ပါသည်။

ပါရာသိပိယ ဗြဟ္မဏကြီး၏ အဆုံးအမမှာ–

စက္ခုနာ ရူပံ နပဿတိ။

စက္ခုနာ မျက်စေ့ဖြင့် ရူပါရုံအဆင်းကို နပဿတိ မကြည့် လေနှင့်။

ဟူ၍ဖြစ်၏။ ကံကိလေသာ မဖြစ်ပေါ်ရန် မျက်စေ့ကို ပိတ်ထား ရမည်ဟုဆို၏။ မှန်ပါသည်။ ဤကဲ့သို့ ပိတ်ထားနိုင်သော် မကြည့် သော် ကိလေသာမဖြစ်ပေ။ အဘယ်ကိလေသာပါနည်း။ ဝီတိက္ကမ ကိလေသာတည်း ဟူသော ကာယကံမှု ဝစီကံမှုမျှသာ ပိတ်ထား စဉ် ခဏခေတ္တငြိမ်းပေမည်။ သီလတရားဖြစ်၏။ ပရိယုဋ္ဌာနကိလေ သာတည်းဟူသော မနောကံမှုဖြစ်သည့် သမထ ဘာဝနာ တရား အတွက်ပင် စိတ်မချရလေ။ ဇာတိဘဖန် ဖြစ်စေသော အနုသယ ကိလေသာကိုမူကား အနားပင် မကပ်နိုင်သည်ဖြစ်၍ ပြောဘွယ်ရာ မရှိပြီဖြစ်၏။

တဖန် ပဋိစ္စသမုပ္ပါဒ် ယန္တရားကို ဆင်ခြင်ပြန်သော် အဝိဇ္ဇာ ကြောင့်သင်္ခါရ ဖြစ်၏– ဟု ဟောတော်မူ၏။ ထို့နောက် သင်္ခါရ ကြောင့် ဝိညာဏ်ဖြစ်ရပြန်ပေရာ ဤတွင် အဝိဇ္ဇာသည်အကြောင်း တရား သင်္ခါရသည် အကျိုးတရားဖြစ်၏။ သို့သော် အာသဝနှင့် ထောက် သော် အဝိဇ္ဇာသည် အကျိုး တရား ကျ ၏။ အဝိဇ္ဇာ အကြောင်းကြောင့်ဖြစ်ရသော အကျိုးသင်္ခါရသည် ဝိညာဏ်ဖြင့် ထောက်သော် အကြောင်းသင်္ခါရ ဖြစ်နေပြန်သောကြောင့်–၎င်း နိယာမဘဝယန္တရားစက်ကြီးသည် အကျိုးနှင့်အကြောင်း ရှုပ်ထွေး လျက်ရှိသည့်ပြင် အတွင်းသဘောကလည်း ထပ်၍မရှင်းပြန်သဖြင့်

ပုထုဇဉ်ပုဂ္ဂိုလ်တို့တွင် အံခက်ကြီး ခက်လျက် ရှိနေကြရပေသည်။ ထို့ကြောင့် အရိယသစ္စာနည်း ပဋိသမ္ဘိဒါဉာဏ်ဖြင့် ကျိုးကြောင်း ခန္ဓာသဘောကို ဉာဏ်မြင်မိပါသော်လျှင် သွားလမ်း ဖြောင့်တန်း မည်ဖြစ်ပေသည်။ နိဗ္ဗာန်ရောက်ကြောင်း တရားကို ဘရမ်းဘတာ ကျင့်ကြံ အားထုတ်၍ ရစကောင်းသော လုပ်ငန်း မဟုတ်သည် ၏အဖြစ်ကြောင့် အချို့တွင်သီလတွင်လမ်းဆုံး၏။ အချို့တွင် သမထ ၌လမ်းဆုံး၏။ အချို့မှာမူ သီလ သမထမျှမရောက် မိစ္ဆာဒိဋ္ဌိအယူ တို့၌ နစ်မွန်းလျက် ရှိနေကြသည်ကို မြင်တော်မူသော ဗုဒ္ဓအရှင် မြတ်က-

သမုဒယသစ္စံ-ဇာတိဒုက္ခ ဖြစ်စေနိုင်သောအကြောင်းတရားအမှန် ကို ၄ပေတ္တာချန်ထား အဝသေသော အကြွင်းသော သမုဒယော ထွေရားလေးပါးသော အကြောင်းဟူမူ သမျှသည် နသမုဒယသစ္စံ ဇာတိဒုက္ခကို ပေးနိုင်သော သမုဒယသစ္စာမမည်။ ဝါအကြောင်း မှန်မမည်ပေ။

ဇာတိတဖန်ဖြစ်စေသော အကြောင်းသာလျှင် သမုဒယသစ္စာ ထိုက်၍ (တနည်း) ဥပါဒါနက္ခန္ဓာဖြစ်သော အဘိသင်္ခါရဒုက္ခတွေ ကိုပွားစေသော တဏှာသည်သာလျှင် သစ္စာထိုက်၍ အခြားသော ထွေရာလေးပါးအကြောင်းတွေသည် အကြောင်းတရား သမုဒယ ပင် ဖြစ်သော်လည်း သမုဒယ သစ္စာမထိုက် ကြောင်းဖြင့် ဆိုဆုံးမ တော်မူခြင်းဖြစ်၏။ဤကဲ့သို့ သိခြင်းသည် ဝိဇ္ဇာဉာဏ်ဖြစ်၍ အဝိဇ္ဇာ ချုပ်သော် တဏှာချုပ်၏။ တဏှာချုပ်သော် ဘဝဇာတိလည်း ချုပ်တော့၏။ သို့သော် ဤတဏှာသည် တဏှာသတ်ကဏ္ဍဖြစ်သော ရှေ့ကိစ္စဉာဏ်စခန်းတွင် ချုပ်စေမည် ဖြစ်ပေသည်။ ယခုကဏ္ဍသည် ကားဒိဋ္ဌိသတ် သစ္စာဉာဏ်စခန်းဖြစ်၏။

သို့ဖြစ်သဖြင့် ဤတရားချုပ်ရန်သည် အရေးကြီးလှပေသည်။ ယခုမှာမူ ၎င်းတရားဘယ်လိုချုပ်မည်ကို ပဋိသမ္ဘိဒါဉာဏ်ဖြင့် သိရန်ကိုစွမ်းသာ ရှိပေသည်။ ထို့ကြောင့် ၎င်း တရားတည်းဟူသော သမုဒယသစ္စာချုပ်ရန်မှာ မဂ္ဂသစ္စာတည်းဟူသော လမ်းစစ်လမ်းမှန်ကို သိမှ-အားထုတ်မှသာ ချုပ်နိုင်မည်ဖြစ်၍ ဒေသနာစဉ်အားဖြင့် မထုတ်မူဘဲ မဂ္ဂသစ္စာကို ဖွင့်သင့်ပါသည်။

မဂ္ဂေါ မဂ္ဂသစ္စန္တိ မဂ္ဂသစ္စံဥပေတွာ၊
အဝသေသောမဂ္ဂေါ နမဂ္ဂသစ္စံ။

မဂ္ဂေါ-လမ်းဟူသမျှသည် မဂ္ဂသစ္စန္တိ နိဗ္ဗာန်သို့ အမှန်ရောက်နိုင်သော လမ်း-မှန်ပါသလော။ (အမေး)

လမ်းကားများလှချေ၏။ အပါယ်လမ်း၊ လူလမ်း၊ နတ်လမ်း၊ ဗြဟ္မာလမ်းဟူ၍ အဝိဇ္ဇာအဖွင့်တွင် ဟောတော်မူပြီးသောလမ်း (၇)သွယ်ဖြစ်ပေသည်။ ဤတွင်မိစ္ဆာမဂ္ဂင်၊ ကမ္မဿကတသမ္မာဒိဋ္ဌိမဂ္ဂင်နှင့် ဈာနသမ္မာဒိဋ္ဌိမဂ္ဂင်တို့ကို ထားဘိဦး၊ ဝိပဿနာ သမ္မာဒိဋ္ဌိမဂ္ဂင်သည်ပင်လျှင် စတုသစ္စာ မထိုက်ပါက တောရောက်-တောင်ရောက် တရားအမျိုးမျိုး၊ အယူအဆ အကျင့်အကြံအမျိုးမျိုးတို့ဖြင့် ရောယှက်ပြီးလျှင် သာသနာ့ တရားစစ်တရားမှန်ဖြင့် လွဲရတတ်ပေသည်။သို့ဖြစ်၍ မဂ်ကိစ္စ၊ ဖိုလ်ကိစ္စအတွက် ဗုဒ္ဓအရှင်၏ အလိုတော်ကျဖြစ်သည့် စတုသစ္စ သမ္မာဒိဋ္ဌိမဂ္ဂင်လမ်းမြတ်ကို မြတ်နိုးလိုက်နာမှသာလျှင် လိုရာခရီးကို ရောက်နိုင်ပါသဖြင့် ဤသစ္စယမိုက်၏ အဆုံးအမသည် အလွန်ပင် အရေးကြီးလှပါသည်။ ထို့ကြောင့် စတုသစ္စ သမ္မာဒိဋ္ဌိမဂ္ဂင်ကို ရနိုင်ရန် အတ္ထပဋိသမ္ဘိဒါ၊ ဓမ္မပဋိဒါဉာဏ် ၂-ပါးဖြင့် သစ္စာ ၄-ချက်ကို ဖုံးလွှမ်းနေသော အဝိဇ္ဇာ အမိုက်မှောင်ကြီးကို ဖယ်ရှားသုတ်သင်ရန်ဖြစ်ပေသည်။ သို့မှသာလျှင်-

သောတာပတ္တိ မဂ္ဂက္ခဏေ ဒဿနဋ္ဌေန သမ္မာဒိဋ္ဌိ၊
မိစ္ဆာဒိဋ္ဌိယာ မဟာနာယ မဂ္ဂေါ။

ဟူသည့်အတိုင်း အမှန်ကိုမြင်သဖြင့် မှန်သောအယူဖြစ်၏။ မှားသောအယူကို ပယ်စွန့်နိုင်သဖြင့်လည်း နိဗ္ဗာန်သို့ သွားရာလမ်းမှန်ပေါ်သို့ ရောက်သည်မည်ပေသည်။

သမ္မာဒိဋ္ဌိဉာဏ်ကို ရယူနိုင်ရန်မှာ သမ္မာသက်ပ္ပ တည်းဟူသောညာဏစရိယ ဉာဏ်အဆင့်သို့ တက်လှမ်းနိုင်သော ကြံလုံး-ဖန်လုံးကောင်းကောင်း လိုပေသည်။ ကျန်-သီလက္ခန္ဓနှင့် သမာဓိက္ခန္ဓာမဂ္ဂင်ဘို့သည်ကား ကိုယ်ကျင့်တရားများဖြစ်၍ ကျေးကူးရေပါဖြစ်၏။

ဤသို့သောအဘိသင်္ခါရ တဏှာတရားယုတ်တို့၏ ချုပ်ရာ ချုပ်ကြောင်းဖြစ်သော မဂ္ဂသစ္စာ ဓမ္မပဋိသမ္ဘိဒါဉာဏ်ကိုသိမြင်နိုင်သော်-

မဂ္ဂသစ္စံ နိဗ္ဗာန်သို့ရောက်ကြောင်း လမ်းစစ်လမ်းမှန်ဖြစ်သော
စတုသစ္စသမ္မာဒိဋ္ဌိမဂ္ဂင်ကို ဌပေတွာ ချန်ထား၍ အဝသေ
သော-ကြွင်းသော၊ မဂ္ဂေါ-အခြားသော လမ်းဟူသမျှသည်
နိဗ္ဗာန်သို့ အမှန်ရောက်ကြောင်း လမ်းမဟုတ်။

ဟူသည်နှင့်အညီ လမ်းစစ်-လမ်းမှန် မဟုတ်သော တရားတို့ကိုမလိုက်မှားမိမူ၍ လမ်းစစ်လမ်းမှန်ဖြင့် ဤဘဝ၌ပင်လျှင် ခန္ဓာဇာတ်သိမ်းနိုင်ရန် အထူးကြိုးစားအပ်လှပါသည်။

နိဗ္ဗာန်ဟူသည် တဏှာ၏ ချုပ်ငြိမ်းခြင်းဖြစ်ပေရာ ချုပ်ပုံငြိမ်းပုံတို့မှာမူ—

(၁) တဒင်္ဂနိရောဓ = အကြောင်း အမျိုးမျိုးဖြင့် မကြာခဏချုပ်ခြင်းဖြစ်၏၊ ဘဝနာချုပ်မဟုတ်လေ။

(၂) ဝိက္ခမ္ဘနနိရောဓ = သမထ ချုပ်ဖြစ်၏။ အကြင်မျှလောက် ကာလပတ်လုံး အပ္ပနာ သမာဓိစျာန်သမာပတ်ကို ဝင်စား၏။ ထိုမျှလောက်သော ကာလပတ်လုံး တဏှာကိလေသာတို့သည် ငြိမ်း၏။ အပြီးအပိုင်ချုပ်မဟုတ်ပေ။

(၃) သမုစ္ဆေဒနိရောဓ = မဂ်ချုပ်ဖြစ်၏။ မဂ်အား လျော်သော ကိလေသာတို့အကြွင်းမရှိ အပြီးတိုင် ချုပ်ငြိမ်းခြင်းဖြစ်၏။

(၄) ပဋိပဿဒ္ဓိနိရောဓ = ဖိုလ်ချုပ်ဖြစ်၏ နှင့်

(၅) နိဿရဏနိရောဓ = ၃၁-ဘုံမှလွတ်သော အစဉ်ထာဝရငြိမ်းအေးသော ချုပ်ခြင်းစသည်ဖြင့် အမျိုးမျိုး ပြားလျက်ရှိနေသည်ဖြစ်၍ -

နိရောဓော နိရောဓ သစ္စန္တိ
နိရောဓသစ္စံ ဌပေတွာ အဝသေသော
နိရောဓော နနိရောဓသစ္စံ။

နိရောဓော ချုပ်ခြင်းဟူသမျှသည် နိရောဓသစ္စန္တိ - နိရောဓသစ္စာပါ နိဗ္ဗာန်မည်ပါသလော။ [အမေး]

ဟူသည်နှင့်အညီ ချုပ်ငြိမ်းတိုင်း နိဗ္ဗာန်မဟုတ်နိုင်သည်မှာထင်ရှားလှပေသည်။ သို့ဖြစ်၍ သမုစ္ဆေဒချုပ် ပဋိပဿဒ္ဓိချုပ်နှင့်နိဿရဏချုပ် တို့သည်သာ နိဗ္ဗာန်မည်သဖြင့် အချို့သော ပုဂ္ဂိုလ်တို့၏ အပြောဖြစ်သော မဂ်ဆိုက်သည်၊ဆိုက်သည်မှာ ဟာကနဲပိုကနဲဝိုးကနဲ ဝင်းကနဲ စသည်တို့မှာ စင်စစ်သမထ နိမိတ်တို့သာဖြစ်ပေရာ ရှင်တော်မြတ်က

နိရောဓသစ္စာ-နိရောဓသစ္စာအမှန်ကို ဝါနိဗ္ဗာန်ကို ဌပေက္ခာ ချန်ထား၍အဝသေသော ကြွင်းသော နိရောဓောချုပ်ငြိမ်း ဟူသမျှသည် နနိရောဓသစ္စာ နိရောဓသစ္စာမမည်ဝါ နိဗ္ဗာန် မမည်ပေ။

တဏှာ၏ချုပ်ခြင်း (တနည်း) အဘိသင်္ခါရဒုက္ခတွေ၏ချုပ်ခြင်း (တနည်း) ဥပါဒါနက္ခန္ဓာတို့၏ ချုပ်ခြင်းသည်သာ နိရောဓသစ္စာ အမှန်ဖြစ်ကြောင်းနှင့် တခြားသောချုပ်ခြင်း အမျိုးမျိုး တို့သည် နိရောဓမျှသာ ဖြစ်ပြီး နိရောဓသစ္စာ မဟုတ်ကြောင်းဖြင့် ဆုံးမ တော်မူပါ၍အမှန်နည်းမဟုတ်သော ချုပ်ပုံချုပ်ဟန်တို့သည် အထူး သတိပြုပါမှသာလျှင် ကြုံရခဲလှသော သာသနာတော်၏ ကျေးဇူး တရားကို ခံစားရမည်ဖြစ်ပေသည်။

ဤရွေတွင်ကား သစ္စဉာဏ်ခေါ်မှန်ကန်သော လမ်းစဉ်ကိုမြင် သော အရိယသစ္စဉာဏ်ကျိုး-ကြောင်းကို ခွဲခြား၍သိသောပဋိ သမ္ဘိဒါဉာဏ်ဖြင့် သစ္စာ ၄-ပါးကို သိမြင်ပြီးသဖြင့် မိစ္ဆာဒိဋ္ဌိခေါ် မှားသော အယူမှ ကျွတ်လွတ်ခါ-

အညာသိ ကောဏ္ဍညော။

ကောဏ္ဍညော ကောဏ္ဍညသည် အညာသိ တရားစစ်တရား မှန်လေပြီ ဟူသော ဗုဒ္ဓအရှင်၏မိန့်တော်မူချက်ကဲ့သို့ အရှင်ကောဏ္ဍ ည နည်းတူ အကြင်ပုဂ္ဂိုလ်သည်လည်း တရားစစ်တရားမှန်ကိုသိလေ ပြီဖြစ်၏။

ဤကဲ့သို့ သစ္စဉာဏ်ကို ရရှိမှုဖြင့် သက္ကာယဒိဋ္ဌိ ပြုတ်ရှိမှုဖြင့် အဘယ်မျှ အကျိုးကြီးပါသနည်းဟူမူ-

သောတာပတ္တိမဂ္ဂေန အနဝသေသာ
ဒိဋ္ဌာသဝေါ ခီယတိ
အပါယဂမနီယော ကာမာသဝေါ ခီယတိ
အပါယဂမနီယော ဘဝါသဝေါ ခီယတိ
အာပါယ ဂမနီယော အဝိဇ္ဇာသဝေါ ခီယတိ။
( ပဋိသမ္ဘိဒါမဂ် ၉-ခု ) ဆမူ-

သောတာပတ္တိမဂ္ဂေန၊ သောတာပတ္တိ မဂ်ပညာဖြင့်၊ အနဝသေသာ-အကြွင်းမရှိသော၊ ဒိဋ္ဌိသဝေါ ဒိဋ္ဌာသဝသည် (ဝါ) အယူမှား အသိမှားသည်၊ ခီယတိ ကုန်၏။

အပါယဂမနီယောအပါယ်သို့လားစေတတ်သော၊ကာမာသဝေါ-ကာမာသဝသည် - ခီယတိ-ကုန်၏။
အပါယဂမနီယော-အပါယ်သို့လားစေတတ်သော၊ဘဝါသဝေါ-ဘဝါသဝသည်၊ ခီယတိ-ကုန်၏။
အပါယဂမနီယော-အပါယ်သို့ လားစေတတ်သော၊ အဝိဇ္ဇာသဝေါ -အဝိဇ္ဇာသဝသည် ခီယတိ ကုန်၏။

ဟု ဟောတော် မူသည့် အတိုင်း အဘိဓမ္မာနည်း အားဖြင့် လောဘမူစိတ် ၈—ခုတွင် အပါယ်ဘုံသို့ လားစေတတ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခုကို ပတ်သက်၍ အာသဝကြွင်းသေးသော် အထက်ဘုံဘဝတို့သို့သာ လားစေသော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု ကျန်သောကြောင့်ဖြစ်၏။ အပါယ်သို့မလားနိုင်သော ကာမသဝမှာ အနာဂါမိမဂ်ကသတ်၍ အပါယ်သို့ မလားနိုင်သော ဘဝါသဝ နှင့် အဝိဇ္ဇာသဝမှာ အရဟတ္တမဂ်က ဖယ်သတ်မည်ဖြစ်သဖြင့် ထို

အရိယာပုဂ္ဂိုလ်များကြောင်းအဘိသင်္ခါရတို့၏အကျိုးတရားဇာတိမှ သက်သာပြီဖြစ်၍ အကျိုးနိဗ္ဗာန်ငင်း၊အဘိသင်္ခါရတွေ့ အတွက်အား ထုတ်ရခြင်းမှ အေးငြိမ်းသည်ဖြစ်၍ အကြောင်း နိဗ္ဗာန်ဖြစ်သော ငြိမ်းချမ်းရေး သုခဓာတ်ကိုခံစားရသည်ဖြစ်၏။

**သက္ကာယဒိဋ္ဌိနှင့်သံသရာသဘော။**

သန္တောသံဝိဇ္ဇာမာ နောကာ ယောသက္ကာယော -
သန္တောသံဝိဇ္ဇာမာနော ပရမတ္ထအားဖြင့် ထင်ရှားရှိသော ကာယော အကျိုးတရား အစုအပေါင်းသည် သက္ကာယော သက္ကာယမည်၏။

မိစ္ဆာဝသေနဒိဋ္ဌိ။

မိစ္ဆာဝသေန မှားသောအားဖြင့် ဒိဋ္ဌိယူခြင်းတည်း။

ဤ၌ အကျိုးပရမတ္ထခန္ဓာ အပေါင်းအစု အပေါ်တွင် မှား သော အယူ စွဲယူခြင်းသည် သက္ကာယဒိဋ္ဌိ မည်ပေရာ အကျိုး ပရမတ္ထခန္ဓာ သန့်သန့်ကား သက္ကာယသာရ၍ အာသဝတရား အပေါင်း ချုပ်ငြိမ်းတော်မူပြီးသော ဘုရား ရဟန္တာ အရှင်မြတ်တို့ ၏ ခန္ဓာဖြစ်၏။

အာသဝအပြည့်ရှိသော ပုဂ္ဂိုလ်တို့တွင် အစွဲဥပါဒါန်ရှိသည်ဖြစ် သဖြင့် ဒိဋ္ဌိဖြစ်ရ၏။ထို့ကြောင့် အကြောင်း ဥပါဒါနက္ခန္ဓာ ၅-ပါး သည်ဒိဋ္ဌိတရားခံဖြစ်၏။ ၎င်းသည်ပင်လျှင် ပဋိစ္စသမုပ္ပာဒ် သံသရာ ဖြစ်ပေသည်။ အချုပ်မှာမူ အကြောင်းခန္ဓာ ၅-ပါးဖြစ်သော တဏှာဥပါဒါန်ဘဝ-အဝိဇ္ဇာ သင်္ခါရသည် သံသရာ အစစ်ဖြစ်၍ အကျိုးခန္ဓာ၅-ပါး ဖြစ်သော ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယန၊ ဖဿ ဝေဒနာသည် သံသရာမှလွတ်၏။ အချို့သောပညာရှိတို့သည် ၎င်း

အကျိုးခန္ဓာကို နိဿရဏသံသရာဟူ၍ ဆိုတော်မူကြ၏။ အသိဉာဏ်ပေါက်ရောက်သော်-သင့်၏။ ဉာဏ်မမှီသူတို့အတွက် ရှုပ်ထွေးတတ်၏။ ခန္ဓာကြွင်းဖြင့် အေးငြိမ်းချမ်းသာစွာ နေနိုင်သည် ဖြစ်သောကြောင့် နိဿရဏ သံသရာဟု ဆိုခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ သက္ကာယဒွယ(တနည်း)ကြောင်း ကျိုးအပေါင်း အစုအနေအားဖြင့် ယူပြီးလျှင်-

(၁) သက္ကာယ-ဘုရား-ရဟန္တာ အရှင်မြတ်တို့၏ အကျိုးခန္ဓာတော်။

(၂) သက္ကာယ သမုဒယ-ပုထုဇဉ်တို့၏ဘဝတခုကိုတပ်မက်ခြင်းဒိဋ္ဌိ။

(၃) သက္ကာယနိရောဓ-ဘဝဇာတ်ချုပ်ဆုံး ကုန်ခမ်းခြင်း။ (သဘောတရားတို့ကို သို့လော-သို့လော မဖြစ်စေမူ၍အသိစင်ကြယ် စေရာ၏။)

သာသနာတော်မှ အပဖြစ်သော တိတ္ထိတို့ကမူ သံသရာဟူသည် တမလွန်လောကမှ ဤလောကသို့လာ၍ ဤလောကမှ တခုသော တမလွန်လောကသို့ သွားခြင်းဖြစ်သည်ဟု ဆိုကြ၏။ လွဲမှားသော အယူအဆဖြစ်၍ မတွေ့ဝေသင့်ပေ။

သက္ကာယေန ဒုဝေဝုတ္တာ။

ဟူ၍ ခန္ဓဝဂ္ဂသံယုတ်မှာ ဟောတော်မူသည့်အတိုင်း သက္ကာယဒွယ အမြင်ပေါက်ပါမှ သံသရာပြဿနာ ရှင်းနိုင်မည်ဖြစ်ပါသည်။

ဤသို့သော လမ်းစဉ်အားဖြင့် အောက်မင် ပုဂ္ဂိုလ်တို့အတွက် မသိလျှင်အစ-သိလျှင်အဆုံး ကိစ္စတုံး၏ဟု ရွှေကျင် ဆရာတော်ဘုရား

ကြီး ဩဝါဒ ပေးတော်မူသည့်အတိုင်း ရှုကွက်၊ ကျင့်ကွက်အလျဉ်း မစွက်သောသစ္စဉာဏ်ခေါ် အသိတရား သန့်သန့်ဖြင့် ဟောတော်မူပြီးပေရာ မည်သည့်တရားကား ပဌမ မည်သည့်တရားကား ဒုတိယ စသော သိကွက်၊ ရှုကွက်တို့ကို အပိုင်သိစေရာ၏။ သို့မဟုတ်မူ၍ ဒိဋ္ဌိလက်ရှိဖြင့် တဏှာကိုတက်၍သတ်သော် သဘာဝမကိုက်ညီသည် ဖြစ်သောကြောင့် တဏှာလည်းမသေး၊ ဒိဋ္ဌိလည်းမပြုတ် အချိုးနှိုးသော ပင်ပန်းမှုဖြင့် ဘဝဆုံးမည်ကို အထူး သတိပြုသင့်လှပါသတည်း။

●

## ဣန္ဒြိယ-အနုတ္တရ ဘာဝနာ

# ဒိဋ္ဌသတ်တရားတော်

သတ္တ—နိသတ္တ၊ ဇီဝ—နိဇ္ဇီဝ၊ အတ္တ—အနတ္တ ပြဿနာ။
ဒဿန သမ္ပဒါ။

**သာသနာတော်**တွင် မင်္ဂလာ ဗိုလ်လိုလား ဝိပဿနာတရားကို ကျိုးကုတ် အားထုတ်လျက်ရှိကြရာ၌ အများပင် ဤနိသတ္တ-နိဇ္ဇီဝသဘောတရားကို တွေ့ဝေကြလျက် မိမိရရ အချက်ကျ သိမ်းပိုက်နိုင်ရန် ခက်ခဲလျက် ရှိနေကြရပေသည်။

သို့ဖြစ်၍ ဆရာကြီးသည် ၁၈-နှစ်တိုင်တိုင် တကြိမ်တခါမျှ မဟောခဲ့သေးသော ဤတရားကို စ,၍ ဟောတော်မူရာတွင် ဝိပဿနာပညာရှင်တို့သည် ရိုသေစွာနာယူမှတ်သားပြီးလျှင် ကြေညက်အောင် ကြိုးစားအားထုတ်သင့်လှပါသည်။

ထေရဝါဒအရိယသစ္စာနည်းသည် ဒွယကို သုံးသပ်၏။ အနက်ဟုပြောနိုင်ခြင်းသည် အဖြူကို မြင်သောကြောင့်သာလျှင် ဖြစ်၏။ အကယ်တိ မွေးဖွားစဉ်ကပင် မျက်စေ့နှစ်ကွင်း အလင်းမရခဲ့သော သူကန်း၏ ဤကားအဖြူ-ဤကားအနက်ဟု ပြောပြငြားအံ့။ အဓိပ္ပာယ် ရှိပါမည်လော-မရှိနိုင်ပေ။ မြင်နိုင်၍ ပြောသောသူတို့၏ အသံကိုမှတ်၍ ပြောခြင်းဖြစ်သဖြင့် သညာသိသာမည်၏။ ပညာသိမှာကား အတ္တကိုမြင်၍ အနတ္တကိုပြောနိုင်ခြင်းဖြစ်၏။ (တနည်း) အဖြူကို မြင်သောကြောင့် အနက်ဟု အပိုင်ပြောနိုင်ခြင်း ဖြစ်ပေသည်။

အတ္တောတိ ပဒေနသာရံ ဝုစ္စတိ၊

အတ္တောတိပဒေန-အတ္တဟူသော ပုဒ်ဖြင့်သာရံ အနှစ်အသားရှိသော သဘောကို ဝုစ္စတိဆိုအပ်၏။

၎င်းကို မှီ၍နေရသော(တနည်း)အတ္တသတ္တဝါမရှိသော သဘောတရား အားလုံးတို့သည်ကား အနတ္တသာ ဖြစ်၏။ ထို့ကြောင့်—ဗုဒ္ဓမြတ်စွာက လောကီခမ္မအားလုံးကို သိမ်းကျုံး၍ အနတ္တသဘောကို မြင်နိုင်ရန်—

အနတ္တာ အသာရကဋ္ဌေန။

အသာရကဋ္ဌေန-အနှစ်အသားဟူက မြူမျှမရှိသော သဘောကြောင့် အနတ္တာ-အနတ္တဟူ၍၎င်း-

အနတ္တာတိထာကမဠတ္တာ နတ္ထိ။

အနတ္တာတိ-အနတ္တဟူသည် ထာမကဌတ္တာ သူဟာသူ ဖြစ်ပေါ်နိုင်သော အား-အစွမ်းသတ္တိသည် နတ္ထိမရှိ။

ဟူ၍ ဆုံးမတော်မူပါသော်လည်း ပုထုဇဉ်တို့တွင် အနတ္တကို အတ္တဟုမြင်ပြီးလျှင် အတ္တအစစ်ကိုကား မသိမမြင်နိုင်ကြလေ။

သို့ဖြစ်၍ အချို့သော ယောဂီတို့သည် ဥပမာသော် ဘုတရုပ် ၄-ပါး၏ ပထဝီဓာတ် ၁-ပါးကို သုညတ အနတ္တ ဆိုက်စေရန် (တနည်း)ဃနကြေစေရန် မြူ ၄-ပါးဖြင့် ချေလျက်ရှိကြပေသည်။ ချေပုံမူမဟုတ်သဖြင့် နောက်ဆုံးသော် ဘာမျှ မရှိတော့သော (တနည်း) မကျန်တော့သော သဘာဝအဖြစ်သို့ ကျရောက်လေတော့၏။ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမမှာ မရှိတရား မယုတ်တခု မရှိသော် တခုရှိရ၏။ သို့မှမဟုတ်ပါသော် နိဗ္ဗာန်ပင် ပျောက်ပျယ်သွားမည်ဖြစ်သဖြင့် အတူးသတိပြုရန် ဖြစ်ပေသည်။ ဖြစ်ရမည်

ကား ဤသို့မဟုတ်ပေ။ အဝိနိဗ္ဘော ဂရုပ်ဟူသည့်အတိုင်း ရုပ်တပါးတည်းကို သီးခြားခွဲထုတ်၍ ရစကောင်းသည်မဟုတ်။ သို့သော် ဥပမာ ပထဝီဓာတ် ၁-ပါး ပြဋ္ဌာန်းနိုင်ရန် ကျန်ဓာတ် ၃-ပါးတို့က ပဒဋ္ဌာန်အနေဖြင့် ဝိုင်းဝန်း ထောက်ပံ့ရသည် ဖြစ်ရကား စင်စစ် ၎င်းပထဝီဓာတ်သည်မိမိစွမ်းအား သတ္တိဖြင့်မမာနိုင်။ သို့ဖြစ်၍ ၎င်းဓာတ်သည် အတ္တမဟုတ်၊ ကျန်ဓာတ်များကို မှီခိုအားထားနေရသည် ဖြစ်သောကြောင့် အနတ္တဓာတ်သာဖြစ်၏။

ဤမျှသာ ရှု ဆင်ခြင် အပ်၏။ မပျောက် ကောင်း - မသုဉ်းကောင်းသော သဘာဝ ဖြစ်ကြောင်း သတိ မူထိုက်လှပါသည်။

ဤသို့မဟုတ်ပါမူ-

သန္တောသံဝိဇ္ဇာမာ နောကာယော သက္ကာယော
မိစ္ဆာဝသေနဒိဋ္ဌိ။

သန္တောသံ ဝိဇ္ဇာမာနော-ပရမတ္တအားဖြင့် ထင်ရှား ရှိသော အကျိုးတရား အစုအပေါင်းသည် သက္ကာယော - သက္ကာယ မည်၏။

မိစ္ဆာဝသေန-မှားသောအားဖြင့် ဒိဋ္ဌိစွဲယူခြင်းတည်း။

ဟူသို့ မိစ္ဆာဒိဋ္ဌိ၌ လွယ်လွယ်ဖြင့်ပင် ကျရောက်နိုင်သည် ဖြစ်ပေသည်။

ဤကိုရည်တော်မူသော ဗုဒ္ဓအရှင်က

(၁) ဥပါဒါနက္ခန္ဓ ၅-ပါး
(၂) ၎င်းမှ အာယတန ၁၂-ပါး
(၃) ၎င်းမှဓာတ် ၁၈-ပါး
(၄) ၎င်းမှ ဣန္ဒြေ ၂၂-ပါး

} ပေါင်း ၅၇-ပါး ဖြစ်၏။

ဤ ၅၇-ပါးသော သဘောတရားအပေါင်းတို့သည် သတ္တဇီဝ,အတ္တ မဟုတ်ကုန်၊ နိသတ္တ-နိဇ္ဇီဝ အနတ္တသာဖြစ်ပုံနှင့် တဖန် ဣန္ဒြိယ ယမိုက်တွင်....

(၁) စက္ခုန္ဒြေ (၂) သောတိန္ဒြေ (၃) ဃာနိန္ဒြေ (၄) ဇိဝှိန္ဒြေ (၅) ကာယိန္ဒြေ (၆) မနိန္ဒြေ (၇) ဣတ္ထိန္ဒြေ (၈) ပုရိသိန္ဒြေ (၉) ဇီဝိတိန္ဒြေ (၁၀) သုခိန္ဒြေ (၁၁) ဒုက္ခိန္ဒြေ (၁၂) သောမနဿိန္ဒြေ (၁၃)ဒေါမနဿိန္ဒြေ (၁၄)ဥပေက္ခိန္ဒြေ (၁၅)သဒ္ဓိန္ဒြေ (၁၆)ဝီရိယိန္ဒြေ (၁၇) သတိန္ဒြေ (၁၈)သမာဓိန္ဒြေ(၁၉)ပညိန္ဒြေ ၂၀)အနညတညဿာ မိတိန္ဒြေ(၂၁)အညိန္ဒြေ+ (၂၂) အညာတာဝိန္ဒြေ။

ဟူ၍ ၂၂-ပါးသော ဣန္ဒြေကို ဗုဒ္ဓမြတ်စွာ ဟောတော်မူရာတွင်.... ဣန္ဒြေဟု ခေါ်ဆိုရခြင်းမှာ....

ဣန္ဒဿဘာဝေါ ဣန္ဒြိယံ။

ဣန္ဒဿ-အစိုးရသည်၏ ဘာဝေါ-အဖြစ်တည်း။

ဣန္ဒြိယံ-အစိုးရသည်၏အဖြစ်၊ အစိုးရခြင်း၊ အစိုးရမှုကို ဆိုလိုသည်ဖြစ်၏။

ဤ၌ သဘောအားဖြင့် ဣတ္ထိန္ဒြေကို ရှုဆင်ခြင်းသော် ဣတ္ထိ+ ဣန္ဒြေရ၏။

သတိ

(၁) ဣတ္ထိဘာဝသဘောကား = ဘူတရုပ် ၄-ပါး ဥပါဒါယရုပ် ၄-ပါး ဣတ္ထိဘာဝရုပ် ၁-ပါး ဇီဝိတရုပ် ၁-ပါး။

ပေါင်း ရုပ် ၁၀ – ပါး
(တနည်း)ဒသကကလပ်
ရ၏။

သဇီဝဖြစ်၍ ခဏတ္တယ
သဘာဝဖြစ်၏။

ဥပါဒ်-ဌီ-ဘင်ရှိသော အကျိုးတရားသန့်သန့်ဖြစ်၏။ ပရမတ္တအား ထင်ရှားရှိသော အပေါင်းအစု ဖြစ်၍လည်း သင်္ကာယမည်၏။

(၂) ဣတ္ထိဘာဝေ ဣန္ဒြကာရေတီတိ ဣတ္ထိန္ဒြိယံ။
ဣတ္ထိဘာဝေ - ဣတ္ထိဘာဝရုပ်၌ ဣန္ဒြ အစိုးရသောကံကို ကာရေတိ-ပြုစေတတ်၏။ ဝါ-ပြီးစေတတ်၏။ ဣတိတသ္မာတို့ကြောင့် ဣတ္ထိန္ဒြိယံ ဣတ္ထိန္ဒြိယမည်၏။

(သမ္မောဟဝိနောဒနီ ဝိဘင်္ဂ)

(ကြွင်းသော ဣန္ဒြေများကိုလည်း ဤနည်းအတိုင်း ဝိဂြိုဟ်ပြုပါရန်)

**ဣတ္ထိန္ဒြေ၏ အုပ်စိုးဘုံသဘောမှာ....**

မိန်းမတို့အား ပဋိသန္ဓေတည်ဆဲ အခါမှစ၍ပင်လျှင် ဣတ္ထိဘာဝရုပ်ပါလာ၏။ ထိုဘာဝရုပ်ကို ဣန္ဒြေက မိန်းမသန္တာန်၌ဖြစ်သော စတုဇရုပ်တို့ကို မိမိ၏ တန်ခိုးအာဏာဖြင့် အုပ်စိုးလေ၏။ ထိုဣန္ဒြေ၏ အုပ်စိုးခံရကုန်သော စတုဇရုပ်တို့သည် မိန်းမ အမူအယာဖြစ်သော ဣတ္ထိန္ဒြေကို ဆောင်ရွက်ကြကုန်၏။

မိန်းမအမူအယာကိစ္စဆိုသည်ကား

(၁) ဣတ္ထိလိင် = မိန်းမအသွင် အပြင် ကိုယ်နေကိုယ်ဟန် သဏ္ဍာန်ဖြစ်၏။ မြင်လိုက်လျှင်ပင် ဤသူကား မိန်းမ တယောက်ဟု ပြောနိုင်၏။

(၂) ဣတ္ထိနိမိတ္တ = မိန်းမအရိပ် နိမိတ်ဖြစ်၏။ ကိုယ်လက် အင်္ဂါ သေးသွယ်ပျော့ပျောင်းခြင်းနှင့် မုတ်ဆိတ်ကြင် စွယ် မရှိခြင်း စသည်တို့ဖြစ်၏။

(၃) ဣတ္ထိကုတ္တ = မိန်းမတို့၏ ပြုပုံ လုပ်ပုံ ဖြစ်၏။ မိန်းမ သားတို့နှင့်ဆိုင်သော အပြုအမူတို့ဖြင့် ပျော်မွေ့လေ့ ရှိခြင်းနှင့် မိန်းမသားတို့နှင့်ဆိုင်သော အလုပ်အကိုင် တို့ကို ပြုလုပ်လေ့ရှိခြင်း ဖြစ်၏။

(၄) ဣတ္ထိအာကပ္ပ = မိန်းမတို့၏ အမူအယာဖြစ်၏။ကိုယ် အမူအယာ နှုတ်အမူအယာတို့၌ ပျော့ပျောင်း သိမ် နှုးညံ့ခြင်းတို့ဖြစ်၏။

သတိ။

ဤဣတ္ထိန္ဒြေ(တနည်း) ဣန္ဒြိယပစ္စည်း(တနည်း)မိန်းမ အမူ အယာလျှခြင်း၊ မလျှခြင်း စသည်တို့ကား နိဇ္ဇီဝါ အသက်မရှိကုန်။၊ နိသတ္တ သဘောသာဖြစ်၏။ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ကုန်၊ အနတ္တ သဘောသာဖြစ်၏။ အတ္တမဟုတ်ကုန်၊ ၎င်းကို အဟုတ်ရှိ အမှန်ရှိ တကယ်ရှိအနေဖြင့်ယူက မိစ္ဆာဒိဋ္ဌိ၌ ကျတော့၏။ (ဖြစ်-ပျက်ခန္ဓာ ဖြစ်၏)အကြောင်းတရားလည်း မည်၏။

ပရမတ္ထ သစ္စာအကျိုးတရားအစစ် အမှန်ဖြစ်သော ဣတ္ထိသာဝ ရုပ်ကား ကမ္မဇရုပ် သက္ကာယဖြစ်၍ သာမန်မျက်စေ့ဖြင့် မမြင်နိုင် ပညာ၏အရာ ဖြစ်၏။ (ခဏတ္တယခန္ဓာ ဖြစ်၏။)

ထိုကြောင့်

(၁) အကျိုးတရား ပရမတ္ထ ခဏတ္တယခန္ဓာ ရအပ်သော.... ဥပါဒ်-ဌီ-ဘင်-တမျိုး

(၂) အကြောင်းတရားဖြစ်ပျက်ခန္ဓာ၌ ရအပ်သော ဖြစ်ပျက် တမျိုးနှင့်-

(၃) ၎င်း ၂-ပါးမှ လွတ်သော သဘောတမျိုး-

ဟူ၍ရှိပေရာ ခဏတ္တယနှင့် ဖြစ်-ပျက်မှလွတ်သော သဘောသည် သမုတိပညတ်သဏ္ဌာန်မည်၏။

သဇီဝရုပ်သည်ကား သတ္တဋ္ဌာနဘုံ ၉-၀တွင် ဝိညာဏဋ္ဌိတိ ၇-ပါးနှင့်တကွဖြစ်၍ ၎င်းမှကြွင်းသော ရုပ်အပေါင်းကား နိဇ္ဇီဝသာ ဖြစ်၏။

ထိုပြင်-နိဇ္ဇီဝမှ-

(က) သဇီဝနှင့်တွဲသောရုပ်၊ ဥပမာ-ခြေသည်း၊ လက်သည်း၊ ဆံပင်တို့ဖြစ်၏။

(ခ) သဇီနှင့်မတွဲသော ဗာဟိရကရုပ်၊ (တနည်း) အပြင် ကျသောရုပ်၊ဥပမာ-တုံး၊ တိုင်၊ အိမ်၊ကျောင်းစသည် ဖြစ်ရာ-

"ဝိညာဏဋ္ဌိတိ မှတ်လေဘီ ၇-သွယ် မြဲကြတကယ်၊
ပေါ်ရင့်ပျက်ခဏယ်ရှိတယ်လို့မှတ်သား။
အသညနှင့် နေဝဘုံမှာ တူမစုံ နတ္ထိလို့ထား။

သို့ဖြစ်၍သဇီဝပင်ဖြစ်စေကာမူ ရုပ်နှင့်နာမ် မတွဲက ဥပါဒ် ဌီ-ဘင် မရှိဟု မှတ်ရပါမည်။ သာဓကမှာ ရူပနှင့် အရူပဘုံတို့ဖြစ်ပေရာ ၎င်းတွင်မှ ခဏယ် ၃-ချက်မရှိက နိဇ္ဇီဝတွင်ကား ပြောဘွယ်ရာ မရှိ ဖြစ်တော့၏။

ထို့အပြင် (၁) ဥတုဇရုပ် (၂) အဟာရဇရုပ် (၃) စိတ္တဇရုပ်နှင့် (၄) ကမ္မဇရုပ် ဟူ၍ရုပ် ၄-ပါးရှိရာတွင် ဥတုဇရုပ်နှင့် အဟာရဇရုပ်ကား နိဗ္ဗိဝဖြစ်၍ စိတ္တဇရုပ်နှင့် ကမ္မဇရုပ်ကား သဇီဝဖြစ်ကြောင်းကိုလည်း ရှုဆင်ခြင်ရန်ဖြစ်ပါသည်။ (ဤကား ပဋိဝေဓ ဓမ္မအရာဖြစ်၏)။

သတိ။ ထို့ကြောင့် ပုထုဇဉ်တို့တွင် ဥပမာ–လှပတင့်တယ်သော မျက်လုံးကို မြင်သော်၊ အစစ်အမှန်ဖြစ်သော စက္ခုပသာဒ ရုပ်ကို မမြင်နိုင်လှသည်၊ ကြည်လင်သည်၊ သမင်မငယ်မျက်လုံးနှင့်တူသည် စသော အမူအယာမျှဖြစ်သည့် ဣန္ဒြိယပစ္စည်းကိုသာမြင်၏။ ဤ၌ မမြင်နိုင်သော ရုပ်ဖြစ်သည့် ဘာဝရုပ်ကိုတော့ မြင်သည်ဟု ထင်ပြီး၊ မြင်ကောင်းသော အမူအ-အရာ ဣန္ဒြိယပစ္စည်းကိုတော့ မမြင်။ (တနည်း)မိန်းမ ယောကျ်ားမဟုတ်သော မြင်ကောင်းသော အမူအရာ ဣန္ဒြိယပစ္စည်းကိုပင် ယောကျ်ားဘဲ၊ မိန်းမဘဲဟု စွဲကိုင်သည်ဖြစ်၍ မိစ္ဆာဒိဋ္ဌိ ကျရလေသည်။ ၎င်းဣန္ဒြိယပစ္စည်းသည် ဘာဝရုပ်၏ အရိပ်အရောင် သဘောသာဖြစ်ပြီး ခဏတ္တယမ ရှိသည်ဖြစ်၍ ရှင်တော်မြတ်က ၎င်းကို တုစ္ဆ သုညဟု ဟောတော်မူခြင်းဖြစ်၏။ အနတ္တဓာတ် အစစ်ဖြစ်၏။ ဃာန အားဖြင့်လည်း ကြေနေ၏။ အမှန်မရှိသော သဘောဖြစ်၍ ကြေလည်းကြေ၏။

အမှန်မှာသော် ပုထုဇဉ်တို့သည် အနတ္တဓာတ် ဣန္ဒြိယပစ္စည်းမျှဖြစ်သော အမူအယာကို မြင်ရသော်လည်း အပြောနှင့် သဘောတွင်မူ အတ္တဖြစ်နေ၍ (နတည်း) မမြင်နိုင်သောဘာဝရုပ် ဖြစ်နေသဖြင့် ရှင်တော်မြတ်က "ချစ်သား-ချစ်သမီးတို့ မြင်တာကိုသာ ပြောကြပါ" ဟု ဆုံးမတော်မူခြင်းဖြစ်၏။

ဥပမာသော်—ရုပ်ရှင် ပိတ်ကားပေါ်တွင် မြင်ရသော အရုပ်များတွင် အားလုံး ကမ္မဇရုပ်၊ ဘာဝနာရုပ်မရှိ။ သို့သော် ကြည့်သူက အတ္တသွင်းကြည့်၍ (တနည်း) အသက်သွင်းကြည့်၍ တကယ့် ယောကျ်ား-မိန်းမဟုတ်ထဲ့ယူပြီး ကိလေသာ တဏှာတို့ ဖြစ်ရလေသည်။ ဤဥ္စ စက္ခုတွင် ထင်လာသော ရူပါရုံသည် အမှန်စင်စစ် ဣန္ဒြိယပစ္စည်း ဖြစ်သော အမူအရာသာ ထင်နိုင်၏။ ဘာဝရုပ်ကား မထင်နိုင်ပေ။

ဘာဝရုပ်ကား=မမြင်နိုင်သောရုပ်ဖြစ်၏၊ ပရမတ္ထခန္ဓာမည်၏။

ဣန္ဒြေကား=မြင်ကောင်းသော ရုပ်ဖြစ်၏၊ ပညတ်မည်၏။

အချုပ်မှာမူကား ဤဣန္ဒြေကို အမှန်ဉာဏ်ဖြင့် မြင်ရန်ဖြစ်၏။ မမြင်နိုင်သော် ဥပါဒါန်အစွဲ ၄-ချက်ဝင်၏(တနည်း)ဥပါဒါန်အစွဲရှိ၍လည်း၊ မသတ်နိုင်ဖြစ်ရ၏။ အကယ်တိ အကြင်ပုဂ္ဂိုလ်တွင် ကိုက်တတ်သော ခွေး၊ ပေါက်သတ်တတ်သော မြွေပွေး, မြွေဟောက်နှင့်တူသော ၎င်းဥပါဒါန်တရားတို့ ကိန်းခဲ့သော် ထိုထိုသော ဣန္ဒြိယပစ္စည်းများကို သီလ-သို့မဟုတ် သမထ တရားများဖြင့် ရှောင်ရှားရပေလိမ့်မည်။ဥပါဒါန်အစွဲမရှိပါက ကြည့်ကြည့် မကြည့်ကြည့် အန္တရာယ်မရှိတော့ပေ။ သို့သော် စက္ခုဣန္ဒြေလေးများ ချထားနိုင်က အများကြည်ညိုဘွယ်တော့ ဖြစ်ပေသည်။

ထို့ကြောင့် မဂ်တရား-ဖိုလ်တရားကို လိုသော် အကျိုးခန္ဓာ (တနည်း)ပရမတ္ထ ခဏတ္တယခန္ဓာခေါ် ဘာဝရုပ်ကို ဘယ်လို-ဘယ်ကဲ့သို့ပင် ရှုရှုချေချေ ဘယ်သောအခါမှ လိုရာကို မရောက်ဟူ၍ ပုံသေမှတ်ရန်ဖြစ်၏။ အဘယ့်ကြောင့်ဟူမူ နိရောဓသစ္စာမထိုက်သောကြောင့် ဖြစ်၏။ ဣရိယာပထ ၄-ပါးတွင် ဘယ်နည်းဖြင့်ပင် အားထုတ်-အားထုတ်၊ ကဲ့ရဲ့ရှုံ့ချဘွယ် မလိုပေ။ သို့သော် အမှန်တရား

ကို မဆိုက်က ပြောသင့်-ပြောထိုက်၍ ပြောရမည်သာ ဖြစ်၏။ အချုပ်ဆိုမူ အလုပ်-အလုပ်ဖြင့် ပြောလေ့ရှိကြရာ၌ ဘယ်သဘော ဘယ်သဘာဝသည် အလုပ်ဆိုသည်ကိုကား ပုံသေ သိသင့်လှပေသည်။

ရှင်တော်မြတ် ပွင့်တော်မမူမီကပင် ရသေ့ တပသီတို့သည် အကျိုးတရားကို အထိုင်တရားဖြင့် အလုပ်လုပ်ကြ၏။ ယခုတိုင် အောင်ပင်လည်း ထိုင်လျက်ပင် ရှိနေကြပေသည်။ အသက်ထင် ရှားရှိပြီး အချို့မှာ ကိုယ်ခန္ဓာပင် မြေ၌ တဝက်မြှုပ်လျက် ရှိနေပေသည်။

ရှင်တော်မြတ်သည် ပင်လျှင် ပဋ္ဌမတွင် ၎င်းအကျိုးတရား အပေါ်၌ အထိုင်တရားဖြင့် ၆-နှစ်တိုင်တိုင် အားထုတ်တော်မူဘူး ၏။ သစ္စာတရား အစကိုပင် သိမြင်တော်မမူ။ ကဿပဘုရားရှင် ပွင့်တော်မူစဉ် ဇောတိပါလပဏ္ဍိုပ်သည် "ငါသာ ဘုရားဖြစ်ပါစေ ၆-ရက်မဟုတ်၊ ၆-နှစ် ကျင့်ပြမယ်" ဆိုသော ဝစီကံကြီးထိုက်၍ အကျင့်မှားဖြင့် ပင်ပန်းဆင်းရဲစွာ အားထုတ်တော်မူရ၏။ ဝဋ်တော် ကျွတ်ချိန်တန်သောအခါ၌ ငါ၏ ကျင့်ဆဲအလုပ်သည်(တနည်း)အာနာပါန လုပ်ငန်းစဉ်သည် အာဠာရ-ဥဒက ရသေ့ကြီးတို့၏ နည်းသာဖြစ်၏ဟု ဆင်ခြင်ခါ အားထုတ်ဆဲအကျင့်တရားကို လွှတ်တော်မူ၏။ ထိုအခါ ပဉ္စဝဂ္ဂီ ၅-ဦးတို့ ခွဲခွာသွားကြ၏။ မူသစ်ကို မနှစ်သက်နိုင်၍ ဖြစ်၏။

ဤ၌ ပဋိစ္စသမုပ္ပါဒ်ါတွင် ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတို့သည် ဘယ်လိုမှ ပယ်သတ်၍ မရနိုင်သော အကျိုးခန္ဓာတို့ဖြစ်၏။

တဏှာ ဥပါဒါန်ဘဝ အဝိဇ္ဇာ သင်္ခါရ တို့သည်သာ ရှုကွက်ပယ်ကွက် သတ်ကွက်ဖြစ်၏။

အကျိုးတရားသည် သမထလုပ်ငန်းဖြစ်၍ ချွန်မျှသာရနိုင်၏။

အကြောင်းတရားသည် ဝိပဿနာ လုပ်ငန်းဖြစ်၍ အာသဝကုန်နိုင်၏။

[ ခဏတ္တယဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ ]

[ အကျိုးတရားကိုသာ ဉာဏ်မှာစွဲလို့ ခဏတ္တယဘဲလို့ မှတ်လိုက်စမ်းပါ ]

**သတိ** ထိုကြောင့် မမြင်နိုင်သော ဘာဝရုပ်ကို မည်ကဲ့သို့သော ဘာဝနာဖြင့် အားထုတ်စေကာမူမည်သည့်မဂ်ကိုမျှမရနိုင်ပေ။ချွန်ကိုသာရနိုင်၏။ အဘယ့်ကြောင့်ဟူမူ ယောကျ်ား မိန်းမ သရုပ်မကွဲသောကြောင့်ပင်တည်း။ [ တနည်း ] ရုပ် ၃- ပါးဖြစ်သောဒိဋ္ဌရုပ် နဒိဋ္ဌရုပ်နှင့် အဒိဋ္ဌရုပ် မကွဲသောကြောင့် ဖြစ်၏။

( သုတရုပ် မုတရုပ်နှင့်ဝိညာတရုပ်တို့ကိုလည်း ထိုနည်းအတူ သိမ်းဆည်းပါရန် )

(၁) ဒိဋ္ဌရုပ် = အရိယာတို့ အမြင်ဖြစ်သော မြင်ကောင်းသောရုပ်၊

(၂) နဒိဋ္ဌရုပ် = ပုထုဇဉ်တို့အမြင်ဖြစ်သောမမြင်ကောင်းသောရုပ်၊

(၃) အဒိဋ္ဌရုပ် = မျက်စေ့ဖြင့်မမြင်နိုင်သောသဘာဝရုပ် ( ယောကျ်ား မိန်းမဖြစ်၏ )

အထက်၌ဟောတော်မူခဲ့သည့်အတိုင်းပုထုဇဉ်တို့တွင်မြင်ကောင်းသောရုပ်ကို အရိယာ အရှင်မြတ်တို့ကဲ့သို့ပင် မြင်ရပါသော်လည်း (တနည်း) ဒိဋ္ဌရုပ်ဖြစ်သည့် ဣန္ဒြိယပစ္စည်း အမူအယာကို မြင်ရပါသော်လည်း ဥပါဒါန်အစွဲဖြင့်မမြင်ကောင်းသောအယာကျါးမိန်းမဟူသည့် ဘာဝရုပ်ကိုဆွဲကိုင်ခြင်းဖြင့် မြင်နိုင်ကောင်းသော ဒိဋ္ဌရုပ်မှသည်မမြင်ကောင်းသော နဒိဋ္ဌရုပ်အဖြစ်ဖြင့် မိစ္ဆာဒိဋ္ဌိ၌ကျရောက်ရပေရာ၏။

အရိယာ အရှင်မြတ်တို့တွင် ဣန္ဒြိယပစ္စည်း သဘာဝကို အပိုင်မြင်ထားသည်ဖြစ်၍ ထိုထိုသော အမူအယာ ဟန်ပန်တို့ကို မြင်သော် လိင်္ဂနိမိတ္တ ကုတ္တ အာကပ္ပစသော မြင်ကောင်းသည့် ဒိဋ္ဌရုပ်အနေအားဖြင့်သာလျှင် မြင်တော်မူကြသည်ဖြစ်သောကြောင့်-

ယံပဿတိတံဒိဋ္ဌံယံဒိဋ္ဌံတံ ပဿတိ။

ယံ။ အကြင်ဣန္ဒြေ အမူအရာ အကြင် ဒိဋ္ဌရုပ်ကို။ ပဿတိ။မြင်၏။

တံ ထိုဣန္ဒြေအမူအရာ ရုပ်သည်။ဒိဋ္ဌံ။ မြင်ကောင်းသောရုပ်မည်၏။ ဝါ။ သမ္မာအာရုံဖြစ်၏။

ယံ။အကြင်ရုပ်ကို။ ဒိဋ္ဌံမြင်သည်ရှိသော်။တံ။ ထိုရုပ်ကို။ပဿတိ။မြင်ကောင်း၏။

ဟူသည်နှင့်အညီ ထိုထိုသော ဣန္ဒြိယပစ္စည်းတို့သည်-

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ။

ဒိဋ္ဌေနလိမ္ပတိ။

ဒိဋ္ဌေ။မြင်သောဒိဋ္ဌရုပ်အပေါ်၌၊ ဒိဋ္ဌမတ္တံ။ မြင်ကာမျှသာလျှင် ဘဝိဿတိ။ ဖြစ်လတံ့။ ဒိဋ္ဌေ ဤကဲ့သို့မြင်သော်။နလိမ္ပတိ - တဏှာ မာန ဒိဋ္ဌိတို့သည် မကပ်ငြိ။

ထိုနည်းတူစွာ သုတရုပ်မုတရုပ်ဝိညာတရုပ်တို့ကိုလည်းမြင်တော်မူသည်၏အဖြစ်ကြောင့် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်သည် ဤတွင်ရပ်တော့သည်ဖြစ်၏။ ဤသည်ကား -

ဒဿန သမ္ဗဒါ

ဘာဝနာ သမ္ဗဒါ

ဟူ၍ ၂-ပါးရှိရာတွင် ဒဿနသမ္ဗဒါဖြစ်ပေရာအောက်မဂ်၂-ပါးအတွက်ဖြစ်၍ ဘာဝနာသမ္ဗဒါကား အထက်မဂ် ၂- ပါးအတွက်ဖြစ်ရာ ရှေ့ တဏှာသတ်ကဏ္ဍတွင် ရှုရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ နိဗ္ဗာန် ရောက်ကြောင်း တရားမှန် ဖြစ်ဘို့ရာတွင် ကမ္မဋ္ဌာန်း နည်းပြဆရာသည်ငှင်း၊ဓမ္မကထိကသည်ငှင်း၊ဂန္ထတ္တန္တရအရာမှာလည်းပြည့်စုံ လုပ်ငန်းလည်းရှိ၊ ကိုယ်တိုင်လည်း ပေါက်ရောက်ပါမှသာလျှင် သေတွင်းဝမှကယ်တင်ကုစားနိုင်သော သမားကြီးကဲ့သို့ သတ္တဝါ ဝေနေယျအပေါင်းကို သံသရာ ဝဋ္ဋဒုက္ခမှ ကျွတ်လွတ်စေနိုင်ပေလိမ့်မည် ဖြစ်၏။

ဥပမာသော် အင်းသူကြီးကား ဒုဂ္ဂတိအပိတ်ကိုသာ သတ်၏ ပညာမရှိသော ကမ္မဋ္ဌာန်းဆရာနှင့် ဓမ္မကထိကတို့ကား လူတွေကို သတ်၏ ထို့ကြောင့် ပို၍ အပြစ်လေး၏။

တရားလွဲမှားပုံ—

အကျိုးခန္ဓာကား ပဋိသန္ဓေခဏမှစ၍ ခန္ဓပရိနိဗ္ဗာန်တိုင်အောင် ဥပါဒ်-ဌီ ဘင်ခဏငယ် ၃-ချက်ဖြင့် အဆက်မပြတ် ခဏတ္တယခန္ဓာဖြစ်၏။

အချို့ကမူ ဤအကျိုးခန္ဓာကို ဖြစ်-ပျက် အနေဖြင့် အကျိုးခန္ဓာ၏ ဝေဒနာကို ချုပ်အောင်ကျင့်ကြံနေကြ၏။သမုဒ္ဒရာကြီး ၄-စင်း၏ရေကို ခွက်ငယ်တခုဖြင့် ကုန်အောင် ခပ်ပစ်နေသည်နှင့် တူလှပေသည်

သို့ဖြစ်သောကြောင့် ဘုရားရှင်၏ သာသနာ တော်တွင် အစဉ်ဗုဒ္ဓဘာသာဦးရေ သန်း ၅၀၀-ရှိခဲ့၏။ ယခုမှာမူ သန်း ၁၅၀-ခန့်မျှသာရှိတော့ရာ ဤ၍ဤမျှ ကျဆင်းရခြင်းမှာ အကြောင်းတော့ရှိရပေမည်။ စဉ်းစားတော်မူကြပါရန်။

ထို့ကြောင့်သတိပြုရန်မှာ ဥပမာသော် ရှင်ဒေဝဒတ်၏ ပယောဂဖြင့် ဗုဒ္ဓအရှင်၏ ခြေမတော်တွင် အနာဖြစ်၏။ ဆရာဇီဝကကုသမှ ပျောက်၏။ ဤအကျိုး ဝေဒနာသည်ကား ပိပါက်ခန္ဓာရှိနေလေသ၍ ဘယ်သော အခါမှာမှ အပြီးတိုင်ချုပ်မည်မဟုတ်ပေ။ ခဏမျှသော်ငှင်း၊ ကမ္ဘာကြီး ပေါင်း ၈၄၀၀၀ သော် ၎င်း သမထဘာဝနာဖြင့် ချုပ်နိုင်၏။ သမုစ္ဆေဒပဟာန်မထိုက်သဖြင့် မဂ်ဖိုလ်နှင့်မနီးစပ်ပေ။ အကြောင်း ပဋိစ္စသမုပ္ပါဒ်ဝေဒနာကိုချုပ်စေမှသာလျှင် မဂ်ဖိုလ်ဆိုက်နိုင်၏။

**သတိ**။ ။ဘုရားရဟန္တာတွင် သံသရာစက်မှလွတ်သော ခဏတ္တယ အကျိုးဝေဒနာသည်ရှိ၏ ပဋိစ္စသမုပ္ပါဒ်ါစက် ဩဃထဲမှ ဖြစ်ပျက်အကြောင်း ဝေဒနာသည်သာ မရှိဟု အပိုင်မှတ်သားရန် ဖြစ်ပါသည်။

(ဩဃဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ)

(နစ်ပြန်မြုပ်ပြန်ချော်ခါလွဲလို့ ပေါ်လာခဲ့တဲ့ဩဃကြီးပါ)

တဖန် အကျိုးခန္ဓာ ၁၅-ပါးကား ဒုက္ခမှုဖြစ်၏။အလိုသို့မလိုက်သောကြောင့်ဖြစ်၏။ ဥပမာ–အလုပ်ကြမ်းဖြင့် အသက်မွေးရသေ၁သူဆင်းရဲတို့ဘဝသည် အမှန်ပင် ဆင်းရဲလှ၏။ သူကိုယ်တိုင်လည်းသိ၏။ အများကလည်းသိ၏။ သစ္စာထိုက်ပါမည်လော၊ ဤကိုရည်တော်မူ၍ သစ္စယမိုက်တွင် -

ဒုက္ခသစ္စံ ဒုက္ခန္တိ ဒုက္ခသစ္စံဣပေတထွာ၊
အဝသေသံ ဒုက္ခံန ဒုက္ခ သစ္စံ။ (ဥဇုဝတ္တ)

ဟူ၍ ပယ်သတ် အပ်သော အကြောင်း ဒုက္ခမှတပါး ပရမတ္တ ဒုက္ခနှင့် အခြားသော ဒုက္ခတွေသည် ဒုက္ခသစ္စာမမည်။ (တနည်း) ဒုက္ခအစစ်အမှန်တို့မဟုတ်ကုန်ဟူ၍ ဆိုဆုံးမတော်မူခြင်းဖြစ်၏။

**အရိယာဥာဏ်အမြင်သွင်းပုံ-**

အကျိုးခန္ဓာအား အဘယ့်ကြောင့်ဆင်းရဲခြင်းဒုက္ခကိုဖြစ်စေပါသနည်း၊ ချမ်းသာအောင် မပြုလုပ်နိုင်ပါသလောဟု အမေးပြုခဲ့သော် အကျိုးခန္ဓာကကျွန်ုပ်တွင်အတ္တသတ္တိမရှိပါ၊တဏှာ ဥပါဒါန်-ဘဝအဝိဇ္ဇာ သင်္ခါရ အကြောင်းတရားတို့ကြောင့် ဖြစ်ပါသည်ဟု ပြောမည်အမှန်ဖြစ်ပေသည်။

(တဏှာဆိုတာ ဘယ်ဟာလဲလို့၊ သဘာဝ သိအောင် ရှာလိုက်စမ်းပါ)

(လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံများနှင့် ဇာတိဒုက္ခ ဖြစ်စေခြင်းသာ)

ဤကဲ့သို့အမြင်မှန်ကိုသိ၍ သစ္စာထိုက်၏။ (အရိယသစ္စာနည်းမည်၏)ပုထုဇဉ်၏ အမြင်ဒုက္ခ၊အမြင်မှန်တာက အရိယသစ္စာ။ အမြင် ၂- ရပ်ပေါင်းသော် ဒုက္ခသစ္စာမည်၏။

ဒုက္ခ၏အကြောင်း တဏှာဖြစ်ကြောင်းကို အမှန်သိခြင်းသည်-

**သမုဒယသစ္စာ** မည်၏။

နိရောဓော နိရောဓသစ္စန္တိ နိရောဓသစ္စံ၊
ဣပေတွာ အဝသေသော နိရောဓော၊
န နိရောဓသစ္စံ။

ဟူသည်နှင့်အညီ တဏှာချုပ်ကိုချင်း၍ အခြားသော ထွေရာလေးပါး ချုပ်ရုံတွေသည် ဤဉ်အကျုံးမဝင်ပေ။

ဘုရား ရဟန္တာ အရှင်မြတ်တို့တွင် အကြောင်းတဏှာ အပြီးအပိုင်ချုပ်ပြီး သဖြင့်၊ ပိန်းကြာရွက်ကဲ့သို့ ရေတွင် နှစ်သော်လည်း ရေမစွတ် ထိုအတူ ရဟန္တာအရှင်မြတ်တို့ လူတောထဲ နေသော်လည်း တဏှာရေမတင်သို့ ဖြစ်သော် အဘယ့်ကြောင့် တောထဲတောင်ထဲတွင် သတင်းသုံးတော် မူချင်ကြပါသနည်း၊ ပုထုဇဉ်တို့ကို မျက်စေ့နောက်သောကြောင့်ဖြစ်၏။ တဏှာကိလေသာကို ကြောက်၍ထွက်ပြေးသည်မဟုတ်ပေ။

ပုထုဇဉ်တို့အဘို့မှာမူ တဏှာကြောက်၍ ဆိတ်ငြိမ်ရာကို မှီပြီး သီတင်း သီလ ဆောက်တည်ရခြင်း သမထဘာဝနာကို ပွားများရခြင်းဖြစ်ပုံကို ဉာဏ်ဖြင့်မိသင့်လှပါသည်။

မဂ္ဂသစ္စာမှာ သမ္မာသက်ပ္ပအားကောင်းသည်ဖြစ်၍ သမ္မာဒိဋ္ဌိကို ရခြင်းဖြစ်၏။ မဂ္ဂသစ္စာထိုက်၏။ ကျန်မဂ္ဂင်များ ကျဲကူးရေပါဖြစ်၏။ ဤကဲ့သို့ သစ္စာ ၄-ပါးကို အမှန်မြင်သော် သောတာပန် အရိယာ ဖြစ်၏။ အပျော့ဆုံး၊အဖျင်းဆုံး သောတာပန်ပင်လျှင် ၇- ကြိမ်မြောက် ပဋိသန္ဓေ ကိုမယူတော့ပြီဖြစ်၏။

တချို့က သတိပဋ္ဌာန်တရားကို အားထုတ်ကြ၏။ထိုအရိယာမြတ်အဘို့ရာမှာမူ အားထုတ်ချင်လည်းထုတ်၊ မထုတ်ချင်လည်း ဖြစ်တော့၏။

( သောတာပန်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )

( သစ္စာလေးတန် အမြင်မှန်တရားနှင့် အစဉ်ဉာဏ် ပွား၍ အာရုံပြုရှာ )

ဤသို့သောနည်းအားဖြင့် မိစ္ဆာဒိဋ္ဌိ (တနည်း)သက္ကာယ ဒိဋ္ဌိကို သာသတ်၍ တဏှာကို မသတ်သေးသည်ကို သတိပြုရန်ဖြစ်ပါသည်။ အပါယ် ၄–ပါးမှ ကျွတ်လွတ်ပေပြီ။ သို့သော် - ဘဝဇာတ်မကုန်သေးသည့်အတိုင်း အမိဝမ်းတွင်း၌ ၉–လနှင့် ၂၄-ရက်တိုင်အောင် ကုပ်၍ကွေး၍နေရသောပဋိသန္ဓေနေရခြင်း ဆင်းရဲခေါ် စတုကုဏ္ဍိက ငရဲကမှု မလွတ်သေးသည်ကို သတိသံဝေဂယူ၍ရင်း၊ ဒုက္ခမှအပြီးတိုင် လွတ်ကင်းနိုင်ရန် တဏှာကို လက်မနှေးဘဲ အမြန်သတ်သင့်လှပါသည်။

ဤရွှေတွင်ကား ဒဿနသမ္ပဒါခေါ် အမြင်မှန်နှင့် ပြည့်စုံပြီဖြစ်ပါသည်။ ( တနည်း ) သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ပြည့်စုံပြီ ဖြစ်ပါသည်။ ထို့ကြောင့် အကျဉ်းနည်းအားဖြင့်သိမှတ်သင့်သည်မှာ -

နိဒိဋ္ဌိရုပ်ကိုမြင်သော ဝိညာဏ်သည်-ဉာဏစရိယ ဝိညာဏ်ဖြစ်၏။ ( အနိစ္စ ဒုက္ခ အနတ္တဓမ္မဖြစ်၍လည်း သံသရာမှလွတ်၏ )

နဒိဋ္ဌိရုပ်ကိုမြင်သောဝိညာဏ်သည် အညာဏစရိယဝိညာဏ်ဖြစ်၏ ( နိစ္စ သုခ အတ္တဓမ္မဖြစ်၍ သံသရာမှ မလွတ်ပေ )

(တနည်း)

| | |
|---|---|
| အညာဏစရိယသည် | အဝိဇ္ဇာဝိညာဏ်ဖြစ်၏။ အရဟတ္တမဂ်တွင် ချုပ်မည်ဖြစ်၏။ |
| ဉာဏစရိယသည် | မဂ်ဝိဉာဏ်ဖြစ်၏၊ ပရိနိဗ္ဗာန်တွင် ချုပ်မည်ဖြစ်၏။ |
| ဝိညာဏစရိယသည် | ဖိုလ်ဝိညာဏ်ဖြစ်၏၊ ဟိတ်မရှိသော ဝိညာဏသည် အကုပ္ပါ မေဝိမုတ္တိ ဖြစ်၍ မချုပ်ကောင်း။ |

( ဤသည်ကား အရိယာ အရှင်မြတ်တို့ သိသော ဒဿန သမ္မဒါ ဖြစ်၏ )

ချုပ်သောအခါတွင်

သောတာပန်ချုပ်သော်—အဘယ် ကဲ့သို့သော တဏှာ ကိလေသာ စိတ်ဖြင့် ချုပ်ချုပ်အပါယ်သို့ မကျတော့ပြီ ဖြစ်၏။

အနာဂါမ်ချုပ်သော် တဏှာချုပ်ပြီး၍ ပဋိသန္ဓေစိတ်ကို အာရုံပြုကာချုပ်၏။

ဘုရားရဟန္တာချုပ်သော်—ဉာဏသမ္ပယုတ်အသင်္ခါရိတစိတ်ဖြင့်ချုပ် တော်မူကြပုံကိုလည်း ဥာဏ်မြင်မိအပ်လှ ပါသည်။

အထူးသတိပြုရန်မှာ—

ဘုရားရှင်အလိုတော်ကျဖြစ်စေရန် မိမိတို့၏ ၆-ဒွါရဖြင့် တိုက်ဆိုနေရသော ၆-အာရုံသို့တည်စင်စစ် ပရမတ္ထခဏတ္တယခန္ဓာ သဇီဝ ဖြစ်သည့်ဘာဝရုပ်၏(တနည်း)ဒိဋ္ဌရုပ်၏အရိပ်အရောင်မျှ ဖြစ်သော အနှစ်အသားမရှိသည့် အမူအယာဣန္ဒြိယပစ္စည်း (တနည်း)နိဇ္ဇီဝမျှ ဖြစ်သည့် ပညတ်ရိပ်ကို အဟုတ်ရှိ-အမှန်ရှိ အနေအားဖြင့် မစွဲယူ သင့်၊ စွဲယူခဲ့သော် မမြင်ကောင်းသော နဒိဋ္ဌရုပ်ကို သိမ်းပိုက်သည် ဖြစ်၍ မိစ္ဆာဒိဋ္ဌိကျမည်ကိုရင်း-

အကယ်တိ-နိသတ္တ နိဇ္ဇီဝအဖြစ်ဖြင့် ဘာဝရုပ်ခေါ် အကျိုး ပရမတ္ထ ခဏတ္တယခန္ဓာကိုပါ သိမ်းကျုံး၍ ယူခဲ့သည်ရှိသော်၊ ဗုဒ္ဓ မြတ်စွာပညတ်တော်မူသော၊ ပါဏာတိပါတ အပြဟ္မစရိယ သိက္ခာပုဒ်စသည်တို့သည် အချည်းနှီး ဖြစ်ရမည်ကိုရင်း၊ ဥာဏ်စေ စားအပ်လှပါသည်။

ဥပမာသော် ဘာဝရုပ်(တနည်း)ကံရုပ်ချုပ်၍ ဥတုဇရုပ်ကလာပ်များကြွင်းသော မသာကောင်တွင်ဣန္ဒြိယပစ္စည်းမရှိတော့သဖြင့် လောကီအလို အသုဘကောင်ဟု သမုတ်ကြလေသလောမသိ၊ အရိယာ အရှင်မြတ်တို့မှာမူကား၊ သေသေ-ရှင်ရှင်၊ လှလှ-မလှလှ အသုဘကောင်အနေဖြင့်သာ မြင်တော်မူကြ၏။ စဉ်းစားဆင်ခြင်ဘွယ်ဖြစ်၏။

သို့ဖြစ်၍၊ ဝိပဿနာ အရာတွင် ခဏတ္တယအကျိုး ပရမတ်ခန္ဓာကို မရှုရာ၊ ဘုရားရှင်၏အရာဖြစ်၏။ တဖန် ဗာဟိရကရုပ်ဖြစ်သော တုံး၊ တိုင်၊ အိမ်၊ ကျောင်းစသည်တို့၌ ခဏငယ်နှင့်တကွ ဖြစ်-ပျက် မရှိသောကြောင့် မရှုရာ။ ဖြစ်ပျက်ထင်နိုင်သော အကြောင်းဥပါဒါနက္ခန္ဓာကိုသာလျှင် သိမ်းဆည်းနိုင်စေရာ၏။

(ထေရဝါဒ-အရိယသစ္စာနည်းဖြစ်၏)

## ပဋိစ္စသမုပ္ပါဒ်-

# ဗိုဓိသတ်တရားတော်

မဂ်ဖိုလ်လိုလား အများသော ဝေနေယျတို့မှာ အမှန်စင်စစ် ပဋိစ္စသမုပ္ပါဒ် ဘဝစက်ယန္တရား၏ သဘောကို မသိလေသေးသ၍ ၎င်းမှ ဖြတ်ထွက်နိုင်ရန်သည် လွယ်ကူလှသော အလုပ်မဟုတ်ပေ၊ ၃၁-ဘုံဘဝစက်ရဟတ်ဖြစ်သဖြင့်လည်း သတ္တဝါ အပေါင်းတို့အား မလှုပ်သာ-မလွန့်သာအောင်ပိယိစွာတုတ်နှောင်လှည့်လည်စေလျက် ရှိပေရာ သာသနာတော်နှင့်ကြုံမှသာ ဆရာကောင်း တွေ့မှသာလျှင် ထွက်ပေါက်ရနိုင်မည့် ကိစ္စကြီးဖြစ်ပေသည်။

ဤပဋိစ္စသမုပ္ပါဒ်ယန္တရားတွင် (၁) အင်္ဂါ ၁၂-ပါး (၂)ကာလ ၃-ပါး (၃) ဝဋ် ၃-ပါး (၄) ခြင်းရာ ၂၀ (၅) အစပ် ၃-ပါး (၆) အလွှာ ၄-ပါးနှင့် (၇) မူလ ၂-ပါးဟူ၍ ရှိရာတွင် အဝိဇ္ဇာသည် ပုဗ္ဗန္တဘပစက်၏ မူလနှင့်တဏှာသည် အပရန္တဘဝ စက်၏ မူလဖြစ်ပေရာ သတ္တဝါအပေါင်းသည်မူလ ၂-ပါး ခိုင်မြဲသော စက်ဝိုင်း ၂-ခုဖြင့် သံသရာအထပ်ထပ် မရပ်မတည် တလည်လည်နှင့် လည်ကြရကုန်၏။

ဤဘဝစက်ကို မဖြိုဖျက်နိုင်ခဲ့သော် မိုဃ်းကြိုးစက်ကြီး လောင်မီးပမာ သံသရာမှ ခုန်ကာကျော်ထွက်၊ လွတ်မြောက်ချက်ကား၊ အိပ်မက်၌ပင် မရှိလေစွတကား။

ဤဘဝစက်ကို သုတမယဉာဏ်၊ စိန္တာမယဉာဏ် တို့ဖြင့်လည်း လျော်စွာမသိခြင်းကြောင့် မြိတ်ဆာချည်ထွေး၊ စာသိုက်ထွေးနှင့်၊

မြက်ထွေးအတူသူငါမကြွင်း၊ လေးဘုံဆင်းကာသံသရာ၌ ရှည်ကြာ ဒုက္ခ တွေ့ရလေစွတကား။

ဤပဋိစ္စသမုပ္ပါဒ်သဘောသည် သမုဒြာ၌ယုန်ငယ်ပမာထောက်ရာ တည်ရာမရ နက်နဲလေစွတကား။

သို့စဉ်နက်မှောင်၊ နက်ရောင်ပြင်းထန်၊ နက်နဲမှုန်လည်း၊ စိန် ဉာဏ်ဆောင်ထား ခုနစ်နှစ်သမီး-ခုနစ်သားတို့ပင် ဘုရားရှင်နှင့် ဆရာအရှင် ဉာဏ်တော်မှီ၍ ဖောက်နိုင်-ခွဲနိုင်-ဖျက်ဆီးနိုင်ပေသည် ဟု ကျေးဇူးရှင်ကြီးများ၏ ဆိုဆုံးမချက်ဖြင့်၎င်း၊ အဝိဇ္ဇာ-တဏှာ မူလ ၂-ပါးကို ဖြိုဖျက်နိုင်ရန်အတွက် ပဋိစ္စသမုပ္ပါဒ်၏ အင်္ဂါ ၁၂-ပါးမှ ခြင်းရာ ၂၀-ကို ရှုဆင်ခြင်ရန်သည် အရေးအကြီးဆုံး ဖြစ်ပေသည်။

ခြင်းရာ ၂၀-ကား။

(၁) အဝိဇ္ဇာ- သင်္ခါရ၊ တဏှာ။ ဥပါဒါန်၊ ဘဝသည် အတိတ်အကြောင်းစက် ၅-ပါးဖြစ်၏။

(၂) ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာသည် ပစ္စုပ္ပန်အကျိုးစက် ၅-ပါးဖြစ်၏။

(၃) တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရသည် ပစ္စုပ္ပန် အကြောင်းစက် ၅-ပါးဖြစ်၏။

နှင့်-(၄) ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ဖဿ၊ ဝေဒနာသည် အနာဂါတ်အကျိုးစက် ၅-ပါးဖြစ်ရာ။

ပစ္စုပ္ပန်အကြောင်းဆက် ၅-ပါးသည် သစ်ပင်ကြီးနှင့် တူ၍ အနာဂါတ်အကျိုးဆက် ၅-ပါးသည်၎င်း၊ ပစ္စုပ္ပန်အကျိုးဆက် ၅-ပါးသည်၎င်း၊ အရိပ်နှင့်တူ၏။ ဤတွင်သိရုံမျှသိစေ၍ မပယ်အပ်

မသတ်ကောင်းသော အကျိုးဆက် ၅-ပါးကို ချင်းပြီးလျှင် အထူး သတိပြုရမည့် ပစ္စုပ္ပန်အကြောင်း ၅-ပါးအနက်မှ ဥပါဒါန်ကို သာ အရေးထား ပယ်သတ်ရမည်ဖြစ်ပေသည်။

အဘယ့်ကြောင့်ဟူမူ-

| | |
|---|---|
| [၁] ကာမုပါဒါန်<br>[၂] ဒိဋ္ဌုပါဒါန်<br>[၃] သီလဗ္ဗတုပါဒါန်<br>[၄] အတ္တဝါဒုပါဒါန် | ဤအစုံ ၄-ချက်ရှိသော ဥပါဒါနက္ခန္ဓဖြစ်၍ မရှိသော်၊ အနုပါဒါနက္ခန္ဓာ ဖြစ်သောကြောင့် ပေတည်း။ |

သို့ဖြစ်၍ အစွဲ-အစွဲဆိုတိုင် အစွဲစစ်မဟုတ်ပေ။ မိမိတို့ရဲ့ခန္ဓာ ကိုယ်ကိုသော်၎င်း၊ သား၊ မယား၊ အိုး၊ အိမ်၊ ပစ္စည်း-ဉစ္စာတို့၏ အပေါ်၌ မစွဲလန်းကြလေနှင့်-ဥပါဒါန်မဖြစ်ကြလေနှင့်ဟု အများ သူ-ငါတို့ ပြောလေ့ဆိုးမလေ့ ရှိကြပေသည်။

ကိုယ့်သား၊ ကိုယ့်မယား၊ ကိုယ့်အိုး၊ ကိုယ့်အိမ်ဟူ၍မျှ ပြောဝန့် နိုင်စရာမရှိဖြစ်ရ၏။ အမှန်မှာ ကား ဤသို့ မဟုတ်ပေ၊ ဘဝဇာတိ တခုကို ဖြစ်စေသော ဥပါဒါန်တရား (တနည်း) ပူပန်မှုမနှယ်သော် ဥပါဒါနက္ခန္ဓာမဖြစ် အနုပါဒါနက္ခန္ဓာသာ ဖြစ်၏။

အချို့တွင် ဥပုသ် သီတင်း သီလဆောက်တည်ကြ၏။ အဘယ် အကျိုးငှာစောင့်ထိန်း ပါသနည်းဟု အမေးပြုက အများအားဖြင့် ဘဝကူး မကောင်းမှာကို ပူပန်မှု၊ အခါကြီးရက်ကြီးမှာ အများ သူငါလိုမှ မစောင့်ထိန်းသော် လူသူ လေးပါးကဲ့ရဲ့မှာကို ပူပန်မှု အိမ်မှာနေရတာ ပူစရာ-ပင်စရာ သောကရောက်စရာတွေ များလွန်း လို့စသည့် များလှစွာသော သောကမီးတွေကြောင့်ဟု ပြောရန်

သာရှိပေသည်။ အဘယ်မှာလျှင် မဂ်အခြေ ဖိုလ်အခြေ ဖြစ်နိုင်ပါမည်နည်း။

အသောကံ - စိုးရိမ်ကြောင့်ကြမှုလည်းမရှိ၊ ဝိရဇံ ရမ္မက်ဟူသောမြူလည်းမရှိ၊ ခေမံ-ဘေးလည်း မရှိတည်း ဟူသော မင်္ဂလာတရားတော်လာ သဘာဝဖြင့်သော်၊ မကိုက်ညီပေ၊ ကောင်းမှုကုသိုလ်တရားကိုပြုပါလျက်နှင့် မင်္ဂလာ(တနည်း) ငြိမ်းချမ်းမှု မရှိရသည်မှာ အထူး ဝမ်းနည်းဘွယ်ရာ ဖြစ်သဖြင့်၊ ၎င်းစိုးရိမ် ကြောင့်ကြမှု-ဥပါဒါန်အစွဲတရားယုတ်ကို သတ်ရန် အရေးကြီးလှပါသည်။

**ဥပါဒါန်နှင့်အနုပါဒါန်သဘော။**

ဥပမာ စက္ခုက ရူပါရုံကိုမြင်သောအခါ ဥပါဒါန် အနုပါဒါန် အားဖြင့် ၂-ပါးစုံ၍ဖြစ်၏၊ ပုထုဇဉ်တို့တွင် ဤသဘောကိုမမြင်နိုင်ကြ၍သာလျှင် သံသရာ့စက်ရဟတ်မှ မလွတ်မြောက်နိုင်ခြင်းဖြစ်၏။

**ကုက္ကုရမုဆိုး၏မိန်းမ သောတာပန်ရူပဝတီ သူဌေးသမီးဝတ္ထု။**

ရူပဝတီ အမျိုးသမီးသည် သူဌေးသမီးဖြစ်၏။ အရွယ်ကောင်းရုပ်ရည်ရူပကာယလှပသည့်ပြင်၊ ၁၆-နှစ်အရွယ်ကပင် သောတာပန်အရိယာဖြစ်၏။ တနေ့သော် အတိတ်ရေစက်ဖြင့် ကုက္ကုရမုဆိုးကိုမြင်လျှင်ပင် ကြိုက်နှစ်သက်သည်ဖြစ်၍ ထိုက်သင့်သလောက်သောဥစ္စာဘဏ္ဍာကိုယူပြီး မုဆိုးနောက်သို့လိုက်ခါ အကြင် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြ၏။

သား ၇-ယောက်ဖွားပြီး ချွေးမ ၇-ယောက်ရသည့်တိုင်အောင်ပင် လင်သားမုဆိုး၏ မိန်းမဖြစ်သည့် အတိုင်း၊ လေး၊ မြား၊လက်နက်များကို ပြင်ဆင်ပေးရခြင်း မြှားတံများကို အဆိပ်သုတ်လူး

ပေးရခြင်း၊ ပစ်ခတ်ရရှိသည့် အမဲသားငါးများကို ခုတ်ထစ် ချိန်တွယ် ရောင်းချပေးရခြင်း စသော တာဝန်များကို ကူညီဆောင်းရွက်ပေးရ၏။ "ထိုထိုသောတာဝန်တွေအတွက်ရူပဝတီတွင် သောကမဖြစ်၊ အကယ်တိ ဘာဘာ ညာညာ တောင်တောင် အီအီဖြစ်က သောတာပန်မဟုတ်။

အတန်ကြာသော် ဤဖြစ်ရပ်ကို ရာဇဂြိုဟ်ပြည်ရှိလူရော ပုထုဇဉ်ရဟန်းတို့ပါသိလေသော် သောတာပန်ဖြစ်ရက်ကနဲ့ မုဆိုးကိုမှ ယူရလေသလော အကြောင်းပါလို့ယူရစေအုံးတော့ ဒီလိုသားကောင်တွေကိုသေစေတဲ့ လက်နက် လေးမြား တို့ ကို ပြင်ဆင် ပေးထိုက်လေသလော၊ အကုသိုလ် တရားကို မသိလေသလော စသည်ဖြင့် ကဲ့ရဲ့ပြစ်တင်ကြပုံကို ဘုရားရှင်သိတော်မူ၍-

ချစ်သား ချစ်သမီးတို့ အကယ်တိ သူတယောက်၏ လက်ဖဝါးတွင် အိုင်းအမာ (တနည်း) အနာကြီး ရောဂါသည် ရှိ၏။ ထိုသူသည် အဆိပ်ကို ကိုင်တွယ်သော် အဘယ်သို့ ရှိအံ့နည်း ပြင်းထန်သော ဝေဒနာဖြင့် အသားကို စားပစ်မည်ဖြစ်၏။ သူတယောက်တွင်မူ အနာရောဂါမရှိ၊ထိုသူသည် အဆိပ်ကိုပင်ကိုင်၏။ အဘယ်သို့ရှိအံ့နည်း အနာမရှိသောကြောင့် အန္တရာယ်မရှိ။

ထိုနည်းတူစွာပင်လျှင် အိုင်းအမာနှင့်တူသော သက္ကာယဒိဋ္ဌိရှိသူတို့တွင် အဆိပ်နှင့်တူသော ဤအပြုအမူသည် ကြီးစွာသော အကုသိုလ်သည်ဖြစ်ရာ၏။ ငါဘုရားသမီးတွင်အနာမရှိ၍ အကုသိုလ်တည်းဟူသော အဆိပ်ကိုပင် ကိုင်တွယ် သော်လည်း အစားမခံရပေ၊ ထို့ကြောင့် အပြစ်မရှိမှတ်ကြလေဟု မိန့်ဆိုတော်မူ၏။

ထိုနောက် ဘုရားရှင်သည် ညဉ့်၏ဒုတိယ ယာမ်တွင် သမာပတ်ဝင်စားတော်မူ၍ ကျွတ်ထိုက်သသူ ဝေနေယျတို့ကို ရှုဆင်ခြင်သော်

ကုက္ကုရမုဆိုးနှင့်တကွ သား, ချွေးမ ၁၅-ယောက်တို့ သောတာ ပတ္တိဖိုလ်၌ တည်ကြမည်ကို မြင်တော်မူသဖြင့် မုဆိုး ကျက်စား သော တောသို့ ကြွကာ သားကောင် ထောင်ထား သော ပိုက် တန်း အနီး ယာဘက် ခြေတော်ရာကို ချတော်မူ၏။ ပြီးလျှင် မည်သည့် သားကောင်မျှ မမိစေသတည်းဟု ဓိဋ္ဌာန်တော်မူပြီး မနီးမဝေးရှိ သစ်ပင်ရင်း၌ သီတင်းသုံးကာ မုဆိုးအလာကို ငံ့လင့် တော်မူ၏။

မုဆိုးရောက်လာသော် ပိုက်တွင်သားကောင်ကို မတွေ့ အနီးရှိ ဗုဒ္ဓ ခြေတော်ရာကို မြင်သဖြင့်၊ မလွဲကော် ဤခြေရာရှင် သည် ပင် ငါ၏ လုပ်ငန်း ကို နှောက်ယှက် သည် ဖြစ်မည်ဟု ပြောကာ ပတ်ဝန်းကျင်ကို ကြည့်သော် ဘုရားရှင်ကိုမြင်၏။ ထိုအခါ မုဆိုး သည် အဆိပ်လူးမြှားဖြင့် ခွင်းအံ့ဟု လေး အတင်လိုက်တွင် ဗုဒ္ဓ အရှင်က တင်သောလက် မချနိုင်စေသား ဟု ဓိဋ္ဌာန်တော်မူ ရာ၊ မုဆိုးသည် ပစ်လို့လည်းမရ၊ လှုပ်လည်း မလှုပ်နိုင်ဘဲ ကျောက်ရုပ် သဘွယ် ရပ်လျက်သာတည်ရ၏။

အချိန်တန်၍ လင်သား မပြန်လာသော် ရူပဝတီ သည် သား ၇-ယောက်ကိုလွှတ်၍ စုံစမ်းခိုင်း၏။ တောသို့ရောက်သော် မလှုပ် မယှက်ဖြစ်နေသော ဘခင်ကို တွေ့၏။ ထိုနောက် ဘုရားရှင်ကို မြင် ကြပြန်သော် ဤသူပင် ငါတို့၏ဘခင်အား အန္တရာယ်ပြုသူဟုပြော ကာ ပစ်သတ်မည်ဟု လေးများကို တင်ကြပြန်ရာ ဘုရားရှင်ကဓိဋ္ဌာန် တော်မူ၍ ၇-ယောက်စလုံး ၎င်းတို့၏ ဘခင်နည်းတူ ဖြစ်ကြရ ပြန်၏။

ဤတွင်အချိန်လွန်၍ သားအဖ ၈-ယောက်တို့ပြန်ရောက်မလာ ပြန်သော် ရူပဝတီနှင့်ချွေးမ ၇-ယောက်တို့ လိုက်အလာတွင် လင်

သား ဂ–ယောက်တို့၏ အဖြစ်နှင့် ဘုရားရှင်ကိုဖူးတွေ့ရပေရာအရိယာ တို့၏ အသိဖြင့် ဖြစ်ကြောင်းကုန်စင်ကို သိသည့်အတိုင်း လင် သား ချွေးမ များ အား ဤပုဂ္ဂိုလ် မြတ်မှာ ဘုရားဖြစ်ပြီး တခြားသူ မဟုတ် ငါ၏ဖခင်ပင်တည်း မပြစ်မှားကြလေနှင့်ဟု ပြောပြခြင်း ဖြင့် ဆွေမျိုး တော်ဝပ်ကြပြီး မေတ္တာစိတ် များ ဝင်လာကြပုံကို မြင်တော်မူသော ဘုရားရှင်က ပင်ကိုယ်ပကတိအတိုင်း ဖြစ်စေ သောဟု ဓိဋ္ဌာန်တော်မူမှ လက်နက် လေးမြှားတို့ကို ချပြီး ဘုရား ရှင်ထံတော်မှောက်သို့ ရှိသေစွာ ရောက်ရှိ လာကြသောအခါ ကိုယ်တော်မြတ်က—

စက္ခုဖြင့် ရူပါရုံကို မြင်သောအခါ နှစ်သက်ခဲ့သော် လောဘ၊ မနှစ်သက်ခဲ့သော် ဒေါသ-ဖြစ်သဖြင့် အဘယ်ကဲ့သို့ ရှောင်ပါမည် နည်း။ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ၌ကျ၍ " ဘဝနိရောဓောနိဗ္ဗာနံ " နှင့်လွဲရမည်ကော၊ ၎င်း ၂-ပါး၏သဘောကို မသိခြင်းက မောဟ ဖြစ်၏။ (တနည်း) ဥပါဒ ါန်အာရုံဖြစ်၏။ ၎င်းရူပါရုံကို အနုပါ ဒါန် အာရုံအားဖြင့် မြင်သော် အလောဘ၊ အဒေါသ၊ အမော ဟဖြစ်၏။ အဘယ်ကြောင့်ဟူမူ ခင်မင်တွယ်တာဘွယ် ရူပါရုံကို မြင်ရခြင်း၌ အမှန်စင်စစ် နှစ်သက်သည့်·မနှစ်သက်သည်တို့ အပေါ် ၌ အနုပါဒါန်အာရုံသာဖြစ်၏၊ မိစ္ဆာဖဿမ ဖြစ်လေသောကြောင့် သံသရာစက် ဤတွင်ရပ်၏။

သိမ်းဆည်းနိုင်ခဲ့သော်၊ အကျိုးတရားများမှာ—

သောတာပန်အရိယာသည် အကုသိုလ် ၁၂-ပါးတို့တွင်အကယ် တိ တပါးပါးကို လွန်ကျူးမိအံ့၊ ဒိဋ္ဌိဂတဝိပ္ပယုတ် [တနည်း]မိစ္ဆာ ဒိဋ္ဌိနှင့် မယှဉ်သောစိတ်နှင့်သာ ပြုလုပ်၏။

ထိုပြုလုပ်သောအခါတို့၌ ဒိဋ္ဌိကို အထူးဖြုတ်နေရသည် မဟုတ်ကုန်၊ မူလက ဖြုတ်ပြီးဖြစ်ခဲ့ရာ၊ မည်သည့်အခါမဆို ပြုလုပ်တိုင်းတို့မှာအမှတ်တမဲ့ပြုငြားသော်လည်းအပါယဂမနီယမဖြစ်မှတ်ပါလေ။

**အရိယာတို့၏ ရွာကလေး။**

ဘုရားရှင်လက်ထက်တော်က နာတိက အမည်ရှိသော ရွာကလေးမှာ သာဠှာအမည်ရှိသော ရဟန်းတပါးသည် ရွာဦးထိပ်မှ ရွာသားကို ဆောက်လုပ်ထားသောကျောင်း၌ သီတင်းသုံး နေထိုင်တော်မူ၏။ ထိုသာဠှအမည်ရှိသော ရဟန်းတော်၏ ဥပသကာအလုပ်အကြွေးများ ဖြစ်ကြကုန်သော တကာ-တကာမတို့သည် ၅၀၀-ကျော် ၆၀၀-နီးပါးမျှ ရှိလေကုန်၏။

ထိုနာတိကရွာ၌ သာသနာတော်မြတ်၏ ဓမ္မအမွေများဖြစ်ကြကုန်သော တရားတော်တို့သည် အရှင်သာဠှအမည်ရှိသော ရဟန်းတပါး၏ဟောပြောမှု၊ ကြိုးစားမှုတို့ကြောင့်ရွာလုံးကျွတ်အမျိုးသားအမျိုးသမီးအပေါင်းတို့သည် အကျွတ်တရားကိုရ၍ အမျိုးသမီး၊ အမျိုးသား ငါးကျိပ်ကျော်တို့ အောက်သံယောဇဉ် ငါးပါးချုပ်ငြိမ်းသဖြင့် အနာဂါမိမဂ်ဖိုလ်သို့ရောက်နေကြကုန်၏။ ထိုအနာဂါမ်အဖြစ်နှင့်ပင် နာထိကရွာ၌ စုတေကြ၍ ဥပပတ် ပဋိသန္ဓေအဖြစ်ဖြင့် ဗြဟ္မာဘုံ၌ဖြစ်၍ ထိုဘုံ၌ပင် ပရိနိဗ္ဗာန် ပြုကြကုန်လတ္တံ့ဟု ဘုရားရှင်ဟောတော်မူ၏။

အနာဂါမ်ဖြစ်သူမှန်သမျှ တောထွက်ရင်ထွက် မထွက်သော် ရဟန်းဝတ်ရမည်ဟု ပြောဟောထားသော ဓမ္မကထိများ အဘို့ဆင်ခြင်ရန်သင့်ပေသည်။ ထိုဟောပြောချက်တို့ကြောင့် လူဝတ်ကြောင် အနာဂါမ်ကို ယုံကြည်မှုနီးပါး နေကြသည်မှာ ယခုတိုင်ရှိနေပေသေး၏။

အနာဂါမ်တို့သည် ကာယသံသဂ္ဂကို ရှောင်ကြဉ်ယုံမျှမက စိတ်မကူးဝန့်လောက်အောင် ကြောက်တော်မူကြကုန်၏မှတ်ပါ။ မိမိကို့နှင့် ထိမ်းမြန်းထားသော သား-မယားပင် ရှိလင့်ကစား၊ ဝတ္တရားအတိုင်း လုပ်ကိုင်ကြွေးမွေး၍ နေကြကုန်၏ဟု မှတ်ပါ။

တချို့အနာဂါမ်များကတော့ အလွန့်အလွန် ငြိုးငွေ့နေသဖြင့် တောတောင် ထူထပ်ရာ၌ ဖြစ်သလို နေထိုင်သူလည်း ရှိပေသေး၏။ ယောကျ်ားအနာဂါမ်ဆိုလျှင် သင့်ပါသေး၏၊ မိန်းမ အနာဂါမ်ဆိုလျှင် မသင့်ဖြစ်တော့သည်။

ထိုနာတိက ရွာငယ်ကလေး၌ပင် သကဒါဂါမ် ကိုးကျိပ်ကျော်ရှိ၏။ ထိုအရိယာတို့သည်လည်း ဤကာမဘုံသို့ တကြိမ်သာ ပဋိသန္ဓေနေ၍ ကာမဘုံ၌ပင် ပရိနိဗ္ဗာန် ပြုကြကုန်လတံဟု ဟောတော်မူ၏။

ထိုနာတိကရွာ၌ပင် အောက်သံယောဇဉ်ပယ်ပြီးသော၊ သောတာပန်တို့သည် ငါးရာကျော်မျှရှိ၏။ ထို သောတာပန် တို့သည် အထက်မဂ်ဖိုလ်သုံးပါးလျှင် လျှောင်းစက်ရာရှိ၍ အပါယ်သို့ မလား၊ မရောက်သော အောက်အရိယာများ ဖြစ်ကြလေသည်။

ရှုပဝတီသူဌေးသမီး၏ ဇက္ခုနှင့် ကုက္ကုရမုဆိုး၏ ရှုပါရုံကိုအာရုံပြုလိုက်သော်၊ အာရမ္မဏာက ပစ္စယုပ္ပာန် စိတ်ဖြစ်၏။ (၎င်းသည် ဖြစ်လိုက်-ပျက်လိုက်ဖြစ်၏) ဤကဲ့သို့ပစ္စည်း ပစ္စယုပ္ပါန်တပ်လိုက်သော်၊ အကုသိုလ်စိတ် ၁၂-ပါးဖြစ်၏။ သို့သော် သောတာပန်တို့တွင် ပဟာတဗ္ဗ၊ အပဟာတဗ္ဗ ၂-ပါးဖြင့် ပြု၏။ အချုပ်ဆိုသော် အပဟာတဗ္ဗ ၇-ပါးတို့ကို ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်ဖြင့် ပြု၏။

လောကမူစိတ် ၈-ပါးတွင် ဒိဋ္ဌိဂတသမ္ပယုတ် ၄-ပါးကို ပယ်၏။ မောဟမူစိတ် ၂-ပါးတွင် ဝိစိကိစ္ဆာကိုပယ်သတ်၍ ဥဒ္ဒစ္စ တပါးကျန်

၏၊ သို့ဖြစ်၍ သောတာပန်တို့တွင် ဒိဋ္ဌိနှင့် မယှဉ်သော လောဘ၊ ဒေါသ၊ မောဟ တို့ကျန်ရှိသေးသဖြင့် အိမ်ထောင်သားမွေးခြင်း စီးပွားဥစ္စာ ရှာဖွေသေးခြင်းတို့ ရှိသည်ကို အထူးသတိမူ၍ မပြစ်မှားမိကြရန် အရေးကြီးလှပါသည်။

သူဌေးသမီးရူမပတီသည် မုဆိုးနှင့် ချစ်ကြိုက်ကြသောအခါ မုဆိုးက သတိတောင်မရခဲ့၊ မိမိကသာလျှင် အမိ အဖတို့ကို အသိမပေးဘဲ မုဆိုး ရာဇဂြိုဟ်ဈေးက အပြန်တွင် လှည်းနောက်က တကောက်ကောက် လိုက်၍ မုဆိုး အိမ်ရောက်လျှင် အိမ်ပေါ်သို့ တက်၍ အနှစ်နှစ်က နေထိုင်ခဲ့ဘူးသော အိမ်ရှင်မပမာ ထမင်း, ဟင်း ချက်စရာရှိသည်ကို ချက်၍ မုဆိုးအား ခူးခပ် ကျွေးမွေး၏။ ဤအိမ်၌ အမျိုးသမီးတို့၏ ပြုဘွယ်ကိစ္စ အဝဝတို့ကို ပြုလုပ်ခြင်း၊ သားကောင်ပစ်ရန် မြှားချွန်၍ပေးခြင်း၊ အဆိပ်လူး၍ ပေးခြင်း၊ စုတ်ပြတ်နေသော ပိုက်ကွန်များကို ချုပ်လုပ်၍ပေးခြင်း စသော အလုပ်တို့ကို လုပ်ကိုင်၍ပေး၏။ ယင်းအလုပ်တို့သည် ငါနှင့် မလျော်ကန်၊ မသင့်မြတ်ဟူ၍လည်း တွေးမိဟန်မတူချေ၊ မသိ၍ လုပ်မိသလား၊ သိပါလျက် လုပ်နေသလားဟူသော အတွေးအထင်များမှာ ယောဂီတို့၏ ကိုယ်ပိုင်ဉာဏ် တာဝန်များသာဖြစ်တော့၏။ ဝိမ္ဗိသာရ ဝေသာလီနှင့် စစ်တိုက်ခြင်းကို စာလျှင် တော်သေး၏ဟု ဆိုရပေမည်။

နောက်အခါ သားကောင်ရှာဖွေ၍ စားသောက်သော တောတန်း၌ပင် ဘုရားရှင် ကြွတော်မူ၍ သစ္စာ အသိဉာဏ်နှင့် အမြင်မှန် ဖြစ်သော ဒဿနသမ္ပဒါကို ပိုက်ကွန်တန်းမှာ ဟောတော်မူသောအခါ၊ သား-ခုနစ်ယောက်၊ ချွေးမ-ခုနစ်ယောက်၊ လင်-

မုဆိုး ပါ အောက်သံယောဇဉ်သုံးပါးကို ပယ်၍ သောတာပန် ဖြစ်ကြလေသည်။

**နောက်ဆက်တွဲ။** ။ကုက္ကုဋမုဆိုးသည် ကဿပ ဘုရားရှင်၏ သာသနာတော်တွင် ၉-ကုဋေ ချမ်းသာကြွယ်ဝသော ဘုရားလူကြီးဖြစ်ခဲ့၏။ ကုဋေ ၂၀-ချမ်းသာသော သူဌေးနှင့်ပြိုင်၍ အရွေးခံရာ ရှုံးသဖြင့် မိမိနှင့်ကကု မယား၊ သား၊ ချွေးမ ပေါင်း ၁၆-ယောက် စလုံး ဘုရားကိုလှူခဲ့၏၊ ကောင်းမှုတွင် ဒေါသပါသဖြင့် ယခု ဘုရားရှင်လက်ထက်တော်တွင် ကြမ်းတမ်းသောမုဆိုးဘဝ၌ ဖြစ်ရဖြင်၏။

○

# သမထနှင့်ဝိပဿနာလမ်းခွဲ

ကာလာမသုတ်တွင်- ရှင်တော်မြတ်က မိမိ၏စိတ်ကူးဉာဏ်မျှဖြင့် ကြံစည်၍ မဟောမပြော မယူဆအပ်၊ ခိုင်လုံတိကျသောသဘာဝဖြင့် ကိုက်ညီမှသာလျှင် ယူငင်သိမ်းပိုက်ကြရာ၏ ဟုဆုံးမတော်မူပေရာ —

သံသရာဟူသည် ပဋိစ္စသမုပ္ပါဒ်ယန္တရား၏ခြင်းရာ - ၂၀ တွင်

(၁) အတိတ် အကြောင်းစက် ဖြစ်သော - အဝိဇ္ဇာ - သင်္ခါရ တဏှာ ဥပါဒါန်—ဘဝ။

နှင့်(၂) ပစ္စုပ္ပန် အကြောင်းစက်ဖြစ်သော တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ။

တို့သည်သာသံသရာဖြစ်၍ ....

(၁) ပစ္စုပ္ပန် အကျိုးစက် ဖြစ်သော-ဝိညာဉ်-နာမ်ရုပ် - သဠာယတန ဖဿ ဝေဒနာ။

နှင့်(၂) အနာဂါတ် အကျိုးစက်ဖြစ်သော — ဝိညာဉ်၊နာမ်ရုပ်၊ သဠာယတန ဖဿ၊ ဝေဒနာ။

တို့သည်ကား—သံသရာမဟုတ်ပေ —

ပဋိသမ္ဘိဒါဉာဏ်ဟူသည် ပိုင်းခြားထိုထွင်း၍ သိမြင်သောပညာဖြစ်၏၊ ၄- ပါးရှိသည့်အနက် အကျိုးတရားကိုသိသော အတ္ထပဋိသမ္ဘိဒါနှင့် အကြောင်းတရားကိုသိသော ဓမ္မပဋိသမ္ဘိဒါသည်သာအချုပ်ဖြစ်ပေရာ သက္ကာယဒိဋ္ဌိကိုပယ်သတ်လိုသော ပုဂ္ဂိုလ်သည်အကြောင်း

တရား အကျိုးတရားကို ပဋိသမ္ဘိဒါဉာဏ်ဖြင့် မသိမမြင်လေသမျှ ကာလပတ်လုံး ပယ်သတ်နိုင်ခြင်းငှာ မစွမ်းနိုင်ပေရာ။

တဖန်တို့ သံသရာမှဖြတ်ထွက်လိုသော ပုဂ္ဂိုလ်သည် သံသရာ၏ အကြောင်းကိုမသိပါဘဲ ၎င်းမှမထွက်နိုင်ပေ၊ အချုပ်မှာမူ သံသရာ ဟူသည် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၏ခြင်းရာ ၂၀ - မှ အတိတ် အကြောင်းစက်နှင့် ပစ္စုပ္ပန် အကြောင်းစက်တို့သည်သာ သံသရာ အစစ်ဖြစ်၏၊ ၎င်းသည် တွန့်ဆုတ်ခြင်းသဘောဖြစ်၏၊ လည်ပတ်နေ ခြင်းကို ဆိုလိုသည်မဟုတ်ပေ။

ထို့ပြင်အများသော ပုဂ္ဂိုလ်သည် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာ၄-ပါး တရားမြတ်တို့ကို သိသည်ကများ၏၊သို့သော် မဂ်ကိစ္စဖိုကိစ္စလ်နှင့်ပတ် သက်၍သော် တွေဝေသည်ကများပေသည်၊အမှန်မှာသော် -

မှန်သောအယူကိုယူခြင်းသည်လည်းကောင်း -

မှားသော အယူကို စွန့်လွှတ်ခြင်းသည်လည်းကောင်း၊ နိဗ္ဗာန် သို့ ရောက်ရာ ရောက်ကြောင်းလမ်းကို သိမြင်ခြင်းပင်ဖြစ်၍ မဂ်မည် ပေရာ အမှန်တရားကိုသော်လည်းကောင်း၊ အမှားသရားကိုသော် လည်းကောင်း၊ ဆရာစစ် ဆရာမှန်ကို ဆည်းကပ်၍ ပြတ်ပြတ် သားသား တိတိကျကျ ရဲရဲရင့်ရင့် ဉာဏ်မိရန် ကိစ္စသာရှိပေသည်။

သို့ဖြစ်၍ ပဟာတဗ္ဗ (ပယ်အပ်သောတရား) နှင့် အပဟာတဗ္ဗ (မပယ်အပ်သောတရား) ကို ပိုင်းခြား သိမြင်ရာ၏၊ အတိတ် အကြောင်းနှင့် ပစ္စုပ္ပန် အကြောင်းတရားတို့ကား ပယ်အပ်သော တရားဖြစ်၍ ပစ္စုပ္ပန်အကျိုးတရားနှင့် အနာဂါတ် အကျိုးတရားတို့ သည်ကား မပယ်အပ်သောတရားတို့ ဖြစ်ကုန်၏။

အများသော ပုဂ္ဂိုလ်တို့၏ အပြောမှာ သံသရာမှ ထွက်လိုသော် ဝေဒနာမှ တဏှာသို့မကူးမိစေဘို့ကိုသော်၎င်း၊ ဝေဒနာနှင့် တဏှာအကြားမှဖြတ်ထွက်ဘို့ရန်ကိုသော်၎င်း၊ ပြောကြားအားထုတ်လျက်ရှိနေကြရာတွင် အထူးဝင်စားသော်၊ ဝေဒနာမှသော်၎င်း၊ တဏှာမှသော်၎င်း၊ သတ်၍ ထွက်ရန်သာဖြစ်သင့်၏၊ သို့သော် ဝေဒနာမှ ထွက်ရန်ကား မဖြစ်နိုင်ပေ၊ အဘယ်ကြောင့်ဟူမူ—၎င်းသည်အကျိုးတရား ဖြစ်သောကြောင့်တည်း၊ အမှန်မှာမူကား အကြောင်းတရားစစ်ဖြစ်သော တဏှာကို သတ်၍ ထွက်နိုင်စေရမည်ဖြစ်၏။

ထို့ကြောင့် ရှင်တော်မြတ်နှင့်တကွ ရဟန္တာ အရှင်တို့၏ အကျိုးဝိပါက် ခန္ဓာတော်သည် အတိတ်အကြောင်း သံသရာစက်ကြောင့် ဖြစ်သော်လည်း သံသရာထဲမှ မဟုတ် တော့ပေ၊ သံသရာမှ လွတ်မြောက်လိုသော် သံသရာ အစစ်ဖြစ် သောအကြောင်းတရားမှ ထွက်မှသာလျှင် လွတ်နိုင်မည်ဖြစ်၍၊ ရှင်တော်မြတ်က သံသရာမှ ထွက်မြောက်နိုင်သည့် ဝိပဿနာဉာဏ်အတွက်ခန္ဓာကို အကျိုးခန္ဓာ၊ အကြောင်းခန္ဓာအားဖြင့် ခန္ဓာဒွယနည်း(တနည်း) ခန္ဓာ ၂–ပါး စုံထား၍ ဆုံးမတော်မူခြင်းဖြစ်၏။

တိတ္ထိတို့၏ အယူကား သံသရာဟူသည် တပါးသောလောကမှလာ၍၊ ဤလောကမှတပါးသော လောကသို့ ကူးပြောင်းခြင်းဖြစ်သည်ဟုဆိုသည်၊ လွဲမှားသော မိစ္ဆာဒိဋ္ဌိအယူဖြစ်၏။

**လမ်းခွဲ။ ။**

ဥပမာပြု၍ ရှုဆင်ခြင်သော်မိမိတို့၏ ၃၂ – ကောဋ္ဌာသခန္ဓာကိုယ်ကြီးအား ပုထုဇဉ်တို့တွင် ဤခန္ဓာသည်ပင် ငါ၊ ငါ၏ခန္ဓာတည်မြဲ၏၊ ခိုင်ခန့်၏ဟူသော မိစ္ဆာအယူဖြင့် သာယာဘွယ် တင့်

ယံပဿတိနတံ ဒိဋ္ဌံ၊
ယံဒိဋ္ဌံ တံ နပဿတိ၊
အပဿံ ဗဇ္ဈတေ မုဠှော၊
ဗဇ္ဈမာနော နမုစ္စတိ။

ဟူ၍မြင်မကောင်းသော ရုပ်ကို ဝိပဿနာ ပညာမရှိသော မျက်စေ့ဖြင့် မြင်လေသောကြောင့် ကိလေသာတရားယုတ်တို့ ဝင်လာပုံကိုရင်း-

ယံပဿတိ တံဒိဋ္ဌံ၊
ယံဒိဋ္ဌံတံ ပဿတိ၊
ပဿံနဗဇ္ဈတေ အမုဠှော
အဗဇ္ဈမာနော မုစ္စတိ။

ဟူ၍ မြင်ကောင်းသော ရုပ်အဖြစ် ဝိပဿနာပညာမျက်စေ့ဖြင့် မြင်နိုင်သည်ဖြစ်၍ တဏှာ ဥပါဒါန် အစီးအပွားနယ်မှ ချုပ်ငြိမ်းပုံသဘောကို ဆင်ခြင်အပ်ပါသည်။

(ရှုကွက် ရှေ့ကဏ္ဍများတွင် ထင်ရှားပါမည်)

ဤသည့်သဘောကား အကျိုးဝိပါက်ခန္ဓာကောင်ကို ရှုံ့ရှာ စက်ဆုတ်ဘွယ် အသုဘကောင် ဟူရှုသော ပြဟ္မဏာဝါဒ၌ သက်ရောက်သည့် သမထဘာဝနာခွင်မှသည်-ဥာဏစရိယ ထေရဝါဒ ဖြစ်သော ဝိပဿနာ လုပ်ငန်းစဉ်သို့ သက်ဝင်သော သဘာဝဖြစ်၏။

ဤဝိပါက်အကျိုးခန္ဓာသည် အကြောင်း သမုဒယသစ္စာကြောင့်သာ ရရှိကြောင်း၊ ယခု၌လည်း ဤကဲ့သို့ပင် တဏှာဥပါဒါန်ရှိက

ရင်း အကျိုးခန္ဓာရအုံးမည် ဆိုသည်ကို အမှန်သိခြင်းကား "ဒိဋ္ဌိ သတ်ဖြစ်၍"-

အကျိုးဝိပါက်ခန္ဓာပေါ်တွင် လက္ခဏာရေးတင်၍ ရှုသော လုပ်ငန်းသည်ကား အကျိုးတရားသတ် ဖြစ်ကြောင်းနှင့် အကယ်တိ ပဋ္ဌမဒိဋ္ဌိကိုမသတ်သေးပါဘဲ တရားကိုတက်၍သတ်သော် ဝိပဿနာ မဖြစ်၊ ဗြဟ္မဏာဒါဒဖြစ်သောသမထ ဘာဝနာ၌ ကျရောက်မည်ဖြစ် ကြောင်း သတိပြုရန်ဖြစ်ပါသည်။

(ဤကား သမထ ဝိပဿနာလမ်းခွဲဖြစ်၏။)

သတိ။

အထက်၌ ဟောတော်မူသည့်အတိုင်း ဗြဟ္မဏာဝါဒနှင့် ဗုဒ္ဓ ရှင်တော်မြတ် ဝါဒသဘောတရားတို့ ရောထွေးယှက်တင် ဖြစ်တတ် ပုံသဘာဝကို သတိပြုကာ ဓမ္မစကြာ ဒေသနာတော်၏ "ဒုက္ခ သစ္စာနှင့် နိရောဓသစ္စာ" တို့သည် "အကျိုးတရား" ခေါ် "အတ္ထ ပဋိသမ္ဘိဒါ" နှင့် "သမုဒယသစ္စာ" နှင့် "မဂ္ဂသစ္စာ" တို့သည် "အကြောင်းတရားခေါ် ဓမ္မပဋိသမ္ဘိဒါ" ဖြစ်ပုံကိုရင်း-

မင်္ဂကိစ္စ-ဖိုလ်ကိစ္စအတွက် အကျိုးတရားကို ကိုင်တွယ်သော်- မပယ်အပ်-မသတ်အပ်သော(တနည်း)ပယ်သတ်၍လည်းမရကောင်း သော အပဟာတဗ္ဗတရားဖြစ်၍ ဗြဟ္မဏာဝါဒ၌ ကျရောက်ပြီးလျှင် အတ္တကိလမထာနုယောဂ အကျင့်၌ ဝင်မည်ဖြစ်ပုံကိုရင်း။

တဖန်အကြောင်းတရားကို ဆုပ်ကိုင် မိပြန်သော်၊ ပယ်သတ် ရမည့် ပဟာတဗ္ဗတရားကို မပယ်သတ်သည် ဖြစ်၍ ဗြဟ္မဏာ ဝါဒ ၌ပင် ကျရောက်ပြီးလျှင်-"ကာမသုခလ္လိကာနုယောဂ" အကျင့်၌ ဝင်ပြန်သဖြင့် ရှင်တော်မြတ်အထူး ဆုံးမတော်မူသော လက်ျာလမ်း-

အတိတ်စွန်းခေါ် သဿတ ဒိဋ္ဌိလက်ဝဲလမ်း၊ အနာဂတ်စွန်းခေါ် ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးတို့မှ လွတ်သော အလယ်လမ်းမြတ်ခေါ် ညာဏစရိယ၊ မဇ္ဈိမ ပဋိပဒါလမ်းဖြင့်လိုရာ ပန်းတိုင် အရောက်တက်လှမ်းနိုင်ရန်အထူးသတိပြု၍ ကြိုးစားအပ်လှပါသည်။

ဤသို့သော နည်းဖြင့် ပယ်အပ်သောတရား၊ မပယ်အပ်သောတရား (တနည်း) အကြောင်းတရားနှင့် အကျိုးတရား သဘာဝကို ပိုင်းခြား၍ သိမြင်ခြင်းသည်ပင်လျှင် သမ္မာဒိဋ္ဌိဉာဏ်ကိုရ၍ ဒိဋ္ဌိဝိစိကိစ္ဆာ မိစ္ဆာတရားယုတ်တို့မှ ကျွတ်လွတ်သည်မည်၏။ သစ္စာဉာဏ်လည်းဖြစ်၏။

# ဂေါတြဘူဉာဏ်တရားတော်

**ပဉ္စက္ခန္ဓေ (အနိစ္စတော) ပဿန္တော**
**အနုလောမိကံခန္တိံ ပဋိလဘတိ။**

ပဉ္စက္ခန္ဓေ။ ၅- ပါးကုန်သော အကြောင်းခန္ဓာတို့ကို။ ဝါ။ဉပါဒါနက္ခန္ဓာ ၅ - ပါးတို့ကို။ အနိစ္စတော။အနိစ္စဟူ၍။ ပဿန္တော။ ရှုမြင်သောသူသည်။ အနုလောမိကံ။ မဂ်ဉာဏ်နှင့် လျော်သော။ ခန္တိံ။ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ကို။ ပဋိလဘတိ။ ရ၏။-

(ပဋိသမ္ဘိဒါမဂ် ၄၁၁—ဆမူ)

ဝိပဿနာတရားကို ကြိုးပမ်းအားထုတ်လျက် ရှိကြသော အများသောပုဂ္ဂိုလ်တို့သည် ပစ္စုပ္ပန်ကိုရှုဟုဆို၏၊ အမှန်မှာသော် ပစ္စုပ္ပန် အကြောင်းဖြစ်သော ဉပါဒါနက္ခန္ဓာလည်း ဖြစ်သော တဏှာဉပါဒါန် —ဘဝ — အဝိဇ္ဇာ – သင်္ခါရတို့ကိုသာ ရှုရာ၏။

မဂ်ကိစ္စတွင် - ပရိကံ - ဉပစာ - အနုလုံ - ဂေါတြဘူ - မဂ် ဖိုလ် ဟူ၍ရှိပေရာ -

**ပဉ္စန္နံ ခန္ဓာနံနိရောဓေါ နိစ္စံနိဗ္ဗာနန္တိ**
**ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။**

ပဉ္စန္နံ။ ၅—ပါးကုန်သော။ ခန္ဓာနံ။ အကြောင်း ဉပါဒါနက္ခန္ဓာတို့၏။နိရောဓော။အကြွင်းမဲ့ချုပ်ငြိမ်းခြင်းသည်။ နိစ္စံ။ နိစ္စမည်သော။ နိဗ္ဗာနံ။ နိဗ္ဗာန်မည်၏။ ဣတိ။ ဤသို့။ ပဿန္တော။ ညာဏစရိယဉာဏ်ဖြင့် ရှုမြင်

သောသူသည်။ သမ္မတ္တနိယာမံ။ သမ္မတ္တဉာဏ်သို့။ ဝါ။ တိကျမှန်ကန်သော အရိယာမဂ်သို့။ ဩက္ကမတိ။ ဆိုက်ရောက်၏။

(ပဋိသမ္ဘိဒါမဂ် ၄၁၂–ဆမူ)

သို့ဖြစ်၍ "အနုလောမခန္တီဉာဏ်သည် - ပုဗ္ဗဘာဂမဂ်ဖြစ်၍ သမ္မတ္တဉာဏ်သည် – ပစ္စာမဂ်ဖြစ်၏"။ အနုလောမဉာဏ် ဟူသည် မဂ်ဉာဏ်သို့ အစဉ်လိုက်ခြင်း အဓိပ္ပါယ်ရှိပေရာ - သမ္မာသမ္ဗုဒ္ဓ အလောင်းတော်တို့ ဤဉာဏ်ကို လက်ကိုင်ပြုကာ ပါရမီ တို့ကို ဖြည့်ဆည်းတော်မူကြ၏၊ ဂေါတြဘူဉာဏ်သို့ကား မတတ်ပေ။

## ဂေါတြဘူဉာဏ်ရှာပုံ

**ဗဟိဒ္ဓါ သင်္ခါရနိမိတ္တာ၊ ဝိဝဋ္ဋိတွာ နိရောဓေ**
**နိဗ္ဗာနံ ပက္ခန္ဒတိတိ ဂေါတြဘူ**

(ပဋိသမ္ဘိဒါမဂ်) ၆၄ - ဆမူ

ဗဟိဒ္ဓါ အကျိုး ခန္ဓာမှပြင်ပဖြစ်သော။ သင်္ခါရနိမိတ္တာ။ အကြောင်း ခန္ဓာသင်္ခါရနိမိတ်မှ။ ဝါ။ အနာဂတ် အကျိုးအတွက် ဆုတောင်းအမျိုးမျိုးတွေကို။ ဝိဝဋ္ဋိတွာ။ လွန်မြောက်၍။ ဝါ အနုလုံ။ ဇော။ ဝါ ။ပုထုစဉ်အနွယ်ကိုလွှတ်၍။ နိရောဓံ။ ချုပ်ငြိမ်းရာဖြစ်သော။ ဝါ။ သင်္ခါရနိမိတ်တို့ချုပ်ရာဖြစ်သော။ ဝါ။ ပုညာဘိသင်္ခါရ - အပုညာဘိသင်္ခါရ။ အာနေဉ္ဇာဘိ သင်္ခါရတို့မှ ချုပ်ရာဖြစ်သော နိဗ္ဗာနံ။ နိဗ္ဗာန်သို့၊ ပက္ခန္ဒတိ။ ဆိုက်ရောက်ပြေးဝင်လေ၏။ (ညာဏာစရိယ မဂ်မည်၏) ဣတိတသ္မာ။ ထို့ကြောင့်။ ဂေါတြဘူ။ ဂေါတြဘူဉာဏ်မည်ပါပေ၏။

**သတိ**။ ။ အနုလောမဉာဏ်နှင့် မဂ်ဉာဏ် အကြား ခဏငယ် ၃ ချက်သည် ဂေါတြဘူဖြစ်၏။ အနုလောမ ဉာဏ်၏ဘင် အစွန်းနှင့်မဂ်ဉာဏ်၏ ဉပါဒ်အကြားသဘာဝကို ဆိုလိုရင်းဖြစ်၏။

**ဉပမာသော် -**

(၁) မိမိတို့၏ကျက်မှတ် - ကြား - နာ ဆည်းပူး အားထုတ်၍ ထားသောတရားအပေါင်းသည် ပရိကံ မည်၏။

(၂) ဆည်းပူးထားပြီးလျှင် မဂ်နှင့်တူသော အိမ်သို့ ရှေးရှု လှမ်းလာခြင်းဖြင့်၊ အိမ်တံစက်မြိတ်သို့ ရောက်လာသည့် သဘောကား ဉပစာမည်၏။

(၃) အိမ်အပေါက်ဝသို့ရောက်သည့် သဘောကား အနုလုံ မည်၏။

(၄) အိမ်ထဲသို့ ခြေတလှမ်းဝင်မိသည်နှင့်ကား ဂေါတြဘူ မည်၏။

(၅) အိမ်အတွင်းသို့ ရောက်သည့်သဘောကား မဂ်မည်၏။

(၆) အိမ်ထဲတွင် ထိုင်၍ နေနိုင်သည်ကား ဖိုလ်မည်၏။

ဤခဏငယ် ၃ ချက်သည် လက်ဖစ်တတွတ် လျှပ်တပြက်တွင် ကုဋေတသိန်းမက ဖြစ်ခြင်း၊ ပျက်ခြင်းမြန်လှသည်ဖြစ်၍ ဗုဒ္ဓရှင် တော်မြတ်တို့၏ ဉာဏ်တော်အရာသာ ဖြစ်ပေသည်၊ ထို့ကြောင့် မဂ်ကိစ္စတွင်ယောဂီတို့၏ ဉာဏ်အားကို လိုက်ပြီး ၄ မဂ်၊ ၄ ဖိုလ် ကို လျင်မြန်စွာ တကျော့မခြားဘဲ ထွင်းဖောက်တော် မူနိုင်ကြခြင်း ဖြစ်ပေသည်။

ဒုက္ခဥာဏ် -

ပဉ္စက္ခန္ဓေ (ဒုက္ခတော) ပဿန္တော
အနုလောမိကံခန္တိံ ပဋိလဘတိ။
(အနက်လွယ်ပြီ)

ဥပ္ပါဒံ အဘိဘုယျိတွာ အနုပ္ပါဒံ
ပက္ခန္ဒတိတိ ဂေါတြဘူ

ဥပ္ပါဒံ။ ဖြစ်ခြင်း ပျက်ခြင်း သဘောကို။ အဘိဘုယျိတွာ။ လွှန်မြောက်၍။ အနုပ္ပါဒံ။ ဖြစ်ခြင်း ပျက်ခြင်း မရှိသော နေရာသို့။ ပက္ခန္ဒတိ။ ဆိုက်ရောက်လေ၏၊ ဣတိတသ္မာ။ ထိုကြောင့်။ ဂေါတြဘူ ဂေါတြဘူ မည်၏။

**ဖြစ်-ပျက် ပြဿနာ**

ဥပ္ပာဒေါ-ပညာယတိ၊
ဝယော-ပညာယတိ၊
ဌိတဿ–အညထတ္တ ပညာယတိ။

ဥပ္ပာဒေါ။ဖြစ်ပေါ်လာခြင်းသည်၊ပညာယတိ–ထင်ရှား၏။ ဝယော-ပျက်သွားခြင်းသည်၊ပညာယတိ၊ ယောဂီဥာဏ်ဝ၌ တကယ်ထင်ရှား၏။ဌိတဿ။တည်၍နေသော ဖြစ်ခြင်း-ပျက်ခြင်း၏(ဝါ) ဖြစ်ခြင်းနှင့် ပျက်ခြင်းသာ တည်နေခြင်း၏။အညတတ္တ တပါးသောအဖြစ်သည် (ဝါ)အဖြစ်အပျက်မှ တပါးသော သဘောမရှိခြင်းသည်။ ပညာယတိ။ မျက်မြင်နှင့်ပင် ထင်ရှားလှတော့၏။

**အမှာ**

ဤ၌ ဌီကင်းသော ဥပါဒ်ဖြစ်သဘောနှင့် ဘင်ဟူသော ပျက်သဘောတို့သည် ခေတ်ကြီး လေးပါး ပဒဋ္ဌာန်

အထောက်အပံ့မရှိသည်ဖြစ်၍ ခဏတ္တယ မဖြစ်နိုင်၊ ပစ္စုပ္ပန် အကြောင်းဖြစ်၍ ဥပါဒါ နက္ခန္ဓာ၌ ဖြစ်ပျက်သာယူ ရမည်။

သို့ဖြစ်၍ ဝိပဿနာရှုရာ၌ အကျိုးခန္ဓာပေါ်တွင်တင်၍ ဖြစ်-ပျက်ကို တွေ့အောင်ရှာပြီး ရှုဆင်ခြင်ရပါမည်လော။ ၎င်းကို တွေ့မြင်ရန် သော်လည်းကောင်း၊ ဆုံးအောင်သော်လည်းကောင်း၊ အသက်သေဆုံးသည့်တိုင် ရှုရမည် ဆိုလေ့ရှိကြပေရာ အသက်ပင်သေမှ အဘယ် မှာလျှင် ဂေါတြဘူဉာဏ်ကို တွေ့နိုင်ပါမည်နည်း။ မဂ်ဉာဏ်ဖြင့်သော် ဝေးလှသည်ဖြစ်၍ စဉ်းစဉ်းစားစား ဆုံးဖြတ် အားထုတ်ရမည့် အရေးကြီးသော ကိစ္စကြီးဖြစ်ပါသည်။

အကယ်တိ-အကျိုးဝိပါက်ခန္ဓာ ဖြစ်-ပျက်ကို ရှုမိပါသော် အနာဂတ်၏ အကျိုးဇာတိကို ဖြစ်စေမည့် ပစ္စုပ္ပန် အကြောင်းခန္ဓာ (တနည်း)ဥပါဒါနက္ခန္ဓာကို ပယ်သတ်သည်မဟုတ်သဖြင့် အဘယ် မှာလျှင် အကျိုးခန္ဓာ ချုပ်ငြိမ်းပါမည်နည်း။ မချုပ်ငြိမ်းလေသမျှ လိုက်၍ရှုရမည့် ဖြစ်-ပျက် ဖြစ်လေသောကြောင့် သံသရာနှင့် အမျှ ဆုံးနိုင်မည် မဟုတ်သည်ကိုလည်း သတိပြုရန် ဖြစ်ပေသည်။

ဂေါတြဘူဉာဏ်သည် ဇာတိကို အလိုမရှိသည့်အတိုင်း.... အနာဂတ်အကျိုးတရားကို စက်ဆုပ်၏။ ပရမတ်ထောက်ခံမှု မရှိသော မိစ္ဆာဓမ္မာရုံဖြစ်သော ဇာတိကိုဖြစ်စေမည့် ပစ္စုပ္ပန်အကြောင်းကို အဖြစ်မခံ ပယ်သတ်၏။ ထို့ကြောင့် အကြောင်း-ဖြစ်သဘောချုပ်၏။ ၎င်းဖြစ်သဘောချုပ်သော် အကျိုးဇာတိ-ပျက်သဘောလည်း ငြိမ်းရ၏။

ဤသဘာဝကိုပင်လျှင် ဖြစ်-ပျက်ဆုံးသည်။ ဖြစ်-ပျက်ချုပ်သည် ဟု ဆိုရ၏။ အကြောင်းတရား ၅-ပါးတို့ အကြွင်းမရှိ ချုပ်ခြင်း

သည် အရဟတ္တမဂ်ဉာဏ်ဖြစ်၏။ ဤကို ရည်တော်မူသော ရှင်တော်
မြတ်က....

**ဥပ္ပါဒေါ သင်္ခါရာ**
**အနုပ္ပါဒေါ နိဗ္ဗာနံ**

ဥပ္ပာဒေါ။ ဖြစ်ပေါ်ခြင်းသည် သင်္ခါရာ။ သင်္ခါရမည်၏။
အနုပ္ပာဒေါ-မဖြစ်ပေါ်ခြင်းသည်။ နိဗ္ဗာနံ-နိဗ္ဗာန်မည်၏၊
ဟူ၍ ဟောတော်မူခြင်းဖြစ်၏။

○

# အဿာဒဒိဋ္ဌိ အဖွင့်တရားတော်

အဿာဒဒိဋ္ဌိ။ မိစ္ဆာဒိဋ္ဌိ။ ဒိဋ္ဌိဝိပ္ပတ္တိ
တာယဒိဋ္ဌိဝိပ္ပတ္တိယာ။ သမ္ပန္နာဂတော ပုဂ္ဂလော

ဒိဋ္ဌိဝိပ္ပန္နော။ (ပဋိသမ္ဘိဒါမဂ်—၁၃၄) ဆ—မူ။

အဿာဒဒိဋ္ဌိ မသာယာအပ်သော အရာဌာနကို လိုချင်၍ သာယာခြင်းသည် ဝါ-၃၁-ဘုံစည်းစိမ်ကို သာယာ၍ နေခြင်းသည် မိစ္ဆာဒိဋ္ဌိ။ လွဲမှားသော အယူမည်၏။ ဒိဋ္ဌိဝိပ္ပတ္တိ-မမှန်းဆနိုင်လောက်အောင် ပျက်စီး၍ နေသောသူမည်၏။ တာယဒိဋ္ဌိဝိပ္ပတ္တိယာ အယူပျက်စီးခြင်းနှင့် သမ္ပန္နာဂတော-ပြည့်စုံသော၊ ပုဂ္ဂလော-ပုဂ္ဂိုလ်သည် ဒိဋ္ဌိဝိပ္ပန္နော။ မှားသော အယူဖြင့် ပျက်စီး၍ နေသောသူမည်၏။

ဤတွင် ၎င်းအဿာဒ ဒိဋ္ဌိပြဿနာနှင့် ပတ်သက်၍ အများပင် တွေ့ဝေမိကြရပေသည်။ မိမိတို့၏ အိုးအိမ် သားမယားတို့ အပေါ်တွင် တွယ်တာသည်ကို သက္ကာယဒိဋ္ဌိအစွဲကြီးဟု ထင်နေကြသဖြင့် အလွန်ပင် စိုးရွံ့လျက် ရှိနေကြရ၏။ သို့သော် ထိုထက်အဆမတန် စိုးရိမ်ဘွယ်ကောင်းသော ၃၁ ဘုံကို သာယာတွယ်တာနေမိသည်။ ကိုကား မသိရှိကြပေ။ ဤတွယ်တာမှုသည်သာ သက္ကာယဒိဋ္ဌိအစစ်ဖြစ်၏။ သို့ဖြစ်၍ ၃၁ ဘုံ၌ ဖြစ်သဖြင့် နိဗ္ဗာန်နှင့် ဝေးစေသော ၎င်းဒိဋ္ဌိယုတ်ကိုပြုတ်စေပြီး မိမိတို့၏ အိုးအိမ် သားမယားနှင့်တကွ ပါရမီထုံခဲ့သော ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့ကို စိတ်ချလက်ချ ပြုနိုင်စေရန် ကြိုးစားအပ်လှပေသည်။

ဒိဋ္ဌိဝိပ္ပန္နော-ပုဂ္ဂလော—န သေဝိတဗ္ဗော
န ဘဇိတဗ္ဗော န ပယိရုပါသိတဗ္ဗော

ဒိဋ္ဌိဝိပ္ပန္နော။ အယူပျက်စီး၍ နေသော၊ ပုဂ္ဂလော။ပုဂ္ဂိုလ်ကို န သေဝိတဗ္ဗော။ မမှီဝဲအပ်၊ နဘဇိတဗ္ဗော။မချည်းကပ်အပ်၊ နပယိ ရုပါသိတဗ္ဗော။မဆည်းကပ်အပ် ဟူ၍လည်းကောင်း။

ဒိဋ္ဌိရာဂ ရတ္တေ ပုဂ္ဂလေ ဒိန္နံဒါနံ
န မဟပ္ဖလံ နမဟာနိသံသံ

ဒိဋ္ဌိရာဂရတ္တေ။ ဒိဋ္ဌိတည်းဟူသော ရာဂဖြင့် တပ်စွန်းခြင်းရှိသော ပုဂ္ဂလေ။ပုဂ္ဂိုလ်၌၊ ဒိန္နံဒါနံ။ပေးလှူသော အလှူသည်။ နမဟပ္ဖလံအကျိုးလည်း မရှိ၊ နမဟာနိသံသံ။ အကျိုးဆက်လည်းမရှိပေ။

(ပဋိသမ္ဘိဒါမဂ် ၁၃၄)ဆမူ

ဟူ၍လည်း ဆုံးမတော်မူရာ ဤအတိုင်းဆိုပါသော် အပါယ်ဘုံသို့ ပင် ကျရောက်နိုင်သည်ဖြစ်သဖြင့် တင်းကြပ်လွန်းလှပေသည်။ သို့ ဖြစ်သော် အဘယ်သို့သောနည်းဖြင့် ဤဘေးမှ လွတ်မြောက်နိုင်ပါ မည်နည်း။

လွတ်မြောက်ရန်မှာ အလှူရှင်နှင့် အလှူခံ ပုဂ္ဂိုလ်တို့ အသာဒ ဒိဋ္ဌိမှ ဖြူစင်ရန်ဖြစ်ပါသည်။ သို့မဟုတ်သော် အလှူခံပုဂ္ဂိုလ် စင် ကြယ်သင့်၏။ အချုပ်မှာမူကား မိမိကိုယ်ကိုင် ဒိဋ္ဌိပြုတ်ရန်သည် အရေးအကြီးဆုံး ဖြစ်၏။

## ရုပ်သုည် အတ္တနောပဒ အတ္တနိယပဒ

ရှုပ်-အကျိုး၊ ရူပခန္ဓာကြီးသည်၊ အတ္တနော ပဒ အတ္တမှုရင်း-
သည်။ သုဉ်းဆိတ်၏။ အတ္တနိယေနဝါ။ အတ္တနိယမှုလည်း၊
သည်။ သုဉ်းဆိတ်၏။

သတိ။ ဤကဲ့သို့ အတ္တသဘောမှ သုဉ်းဆိတ်သော် ဘာကျန်နိုင်
ပါသနည်း။ အနတ္တကျန်၏၊ ဗုဒ္ဓဘာသာတရားသည် တခုချုပ်သော်
တခုကျန်ရ၏။ ဘာမှုမကျန်သော-မရှိသော အဘာဝတရားမဟုတ်
ပေ။

အတ္တေနဝါကား-ဒိဋ္ဌိသတ်ဖြစ်၏။
အတ္တနိယေနဝါကား-တဏှာသတ်ဖြစ်၏။
အနတ္တဟူသည်-

### အနတ္တာတိ ထာမကဋ္ဌတ္တာ နတ္ထိ

အနတ္တာ။ အနတ္တဟူသည်။ ထာမဂဋ္ဌတ္တာ။ မိမိအလိုလို ဖြစ်
နိုင်သော အားငွမ်းသတ္တိသည်။ နတ္ထိ-မရှိ။

အကယ်တိ အနတ္တကို အဝသဝတ္တန အနတ္တ(တနည်း) အစိုးမရ
အလိုသို့မလိုက်ခြင်း၊ အနက်ကိုယူသော် အပြားကျလွန်း၏၊ လူ
တိုင်းလည်းသိ၏။ [ပဋိသမ္ဘိဒါအယူနှင့် ကင်းသည်ဖြစ်၍ မပြည့်ဝလှ
ပေ။]

ထိုကြောင့် ပဋိစ္စ သမုပ္ပာဒ်-၂-ပါးပြားပုံ သဘာဝကို သတိပြု
သင့်ပါသည်။

(၁) အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ စသည်တို့ကား နိယာမ
ပဋိစ္စသမုပ္ပာဒ် ဖြစ်၏။

(ဤ၌ အတိတ်-အနာဂတ် သဘောတို့ပါ ရောထွေးနေပုံကို ဥာဏ်မီစေသင့်၏။)

(၂) စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿ ပစ္စယာဝေဒနာ ဝေဒနာပစ္စယာ တဏှာ-စသည်တို့ကား ဘုရားရှင်၏ ပစ္စက္ခပဋိစ္စသမုပ္ပါဒ် ဖြစ်ပေရာ-

စက္ခု-အဆင်း၊ ဝိညာဏ် ၎င်းမှဖဿ-ဓဝဒနာ တဏှာဥပါဒါန်-ယခု ဝိညာဏ်တွင် အတိတဘဝင် ဘဝင်စလန ဘဝင်္ဂုပစ္ဆေဒ-ပဉ္စဒွါရာဝဇ္ဇန်း-ပဉ္စဝိညာဉ်-သမ္ပဋိစ္ဆိုင်း-သန္တီရဏ-ဝုဋ္ဌော တို့ပါဝင်၍ ဝိညာဏစရိယမည်၏။ ၎င်းသည် ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖြစ်သော ညာဏစရိယနှင့် အကုသိုလ်စိတ်ဖြစ်သော အညာဏစရိယတို့၏ အမှီခံလည်းဖြစ်၏၊ ထိုကြောင့် "မနောပုဗ္ဗင်္ဂမာ မနောသေဋ္ဌာ-မနောမယာဟု ဆုံးမတော်မူခြင်းဖြစ်၏။

ဉာဏ စရိယခေါ် မဂ်ဉာဏ်သည်လည်း မိမိ၏ စွမ်းအားတခုတည်းဖြင့် မဖြစ်နိုင်၊ ဝိညာဏ စရိယကို မှီရ၏။ ဝိညာဏစရိယတွင်ကား စွမ်းအားရှိပေသည်။
သို့ဖြစ်၍—

အတ္တာ တိ ထာမကဋ္ဌတ္တာ အတ္ထိ။

အတ္တာတိ။ အတ္တဟူသည်ကား၊ ထာမကဋ္ဌတ္တာ မိမိ အလိုလိုဖြစ်နိုင်သော စွမ်းအားသတ္တိသည်၊ အတ္ထိ။ ရှိ၏။

တဖန်၊ အတ္တောတိ ပဒေနသာရံ ဝုစ္စတိ။

အတ္တောတိပဒေန-အတ္တဟူသောပုဒ်ဖြင့်။ သာရံ။ အနှစ်အသားကို။ ဝုစ္စတိ။ ဆိုအပ်၏။

## တဖန် အနတ္တာ အသာရကဋ္ဌေန။

အနတ္တာ-အနတ္တာဟူသည်။ အသာရကဋ္ဌေန အနှစ် အသား မရှိသည်၏ အဖြစ်ကြောင့်၊ အနတ္တာ-အနတ္တ မည်၏။

ဟူ၍လည်း ဟောကြားတော်မူပေရာ၊ အနှစ် အသားရှိသော် မိမိပင်ကိုယ်စွမ်းအားသတ္တိရှိသော်အတ္တာဟုပင် ဆိုရပေမည်။သို့သော်-ဤကဲ့သို့ တိုက်ရိုက် အတ္တ-အနေဖြင့်အားဖြင့် ဟောတော်မူပါက ပေါက်ရောက်တော်မမူကြသေးသောသာဝကတို့မှာဉာဏ်ရှုတ်ထွေးမည်ကို မြင်တော်မူသော ဘုရားရှင်က ပရမတ္ထဟုသော အမည်ဖြင့် ဖွင့်ဆိုတော်မူ၏၊ သမ္မာအတ္တဟူ၍လည်း ဆိုနိုင်ပါသည်။

### ပဉ္စက္ခန္ဓေ(အသာရကတော)ပဿန္တော အနုလောမိကံခန္တိံ ပဋိလဘတိ။(ပဋိသမ္ဘိဒါမဂ်)

ပဉ္စက္ခန္ဓော။ ၅-ပါးကုန်သော အကြောင်းခန္ဓာတို့ကို။ အသာရကတော အနှစ်အသား မရှိသောအားဖြင့်၊ ပဿန္တော ရှုမြင်သောသူသည်၊ အနုလောမိကံ—မဂ်ဉာဏ်နှင့် လျော်သော၊ ခန္တိံ သမ္မာဒိဋ္ဌိဉာဏ်ကို။ ပဋိလဘတိ။ ရ၏။

သို့ဖြစ်သော်-နိဗ္ဗာန်ကိုဘယ်အရပ်ဘယ်ဌာနၶ ရှာရပါမည်နည်း။ တရားရှာ ကိုယ်မှာတွေ့ ဆိုဘိသကဲ့သို့ မိမိ နိဗ္ဗာန်ကို မိမိပင် အာရုံပြုရမည်၊ တခြားတနေရာတွင် ရှာရန်မဟုတ်ပေ၊ အဘယ်ကြောင့်ဟူမူ၊ သန္တိကာတဗ္ဗ—ဟူသည်နှင့်အညီ အတိတ် အနာဂတ် မှာ မဟုတ်၊ ပစ္စုပ္ပန်ပင် ရှိသောကြောင့်ပေတည်း။

## ပဉ္စန္နံ ခန္ဓာနံ နိရောဓော သာရံနိဗ္ဗာနန္တိ။
(ပဋိသမ္ဘိဒါမဂ်)

ပဉ္စန္နံ။ ၅-ပါးကုန်သော၊ ခန္ဓာနံ၊ အကြောင်းခန္ဓာတို့၏။ နိရောဓော။ ချုပ်ခြင်းကို၊ သာရံ-အနှစ်အသားဖြစ်သော နိဗ္ဗာနန္တိ-နိဗ္ဗာန်ဟု ဆိုရကုန်၏။

ဟူ၍ အကြောင်းခန္ဓာတို့ကို အနှစ်အသားမရှိသောအားဖြင့် ရှုမြင်ခြင်းသည် အနုလောမဉာဏ်နှင့် ၎င်းအကြောင်းခန္ဓာတို့၏ချုပ်ခြင်းသည်ပင် အနှစ်အသားဖြစ်သောနိဗ္ဗာန်ဟုဟောတော်မူပေရာ-

စက္ခုဉ္စ ပဋိစ္စရူပေစ ဉပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိဖဿော ဖဿပစ္စယာဝေဒနာ.... သွားလေ။

**သတိ**။ ။ စက္ခုနှင့် အဆင်းပေါင်းဆုံ၍ပေါ်သောဝိညာဏ်သည်၊ ပစ္စည်းမဟုတ်၊ ပစ္စယုပ္ပန်ဖြစ်၏၊ (တနည်း)ပစ္စုပ္ပန်ဖြစ်၏၊ စက္ခုကား ပစ္စည်း (တနည်း) အကြောင်းတရားမည်၏၊ ဆိုလိုခြင်းကား၊ ယခု ကဏ္ဍ၌ ၎င်းသည် ဝိညာဏ်၏ အရင်ဖြစ်နှင့်၍၊ပုရေဇာတပစ္စည်းမည်၏၊ အဆင်းကား – အာရမ္မဏ ပစ္စည်းမည်၏၊ ဤစက္ခုနှင့်အဆင်းတို့၊ တိုက်ခိုက်ပေါင်းဆုံမိသောအခါ အထက်၌ဟောတော်မူသော စိတ်အစဉ်ဂ—ချက်တို့ ဖြစ် ပေါ် ကြ လေကုန်၏၊ ဤကဲ့သို့သောသဘောဖြင့် စက္ခု အဆင်း ဝိညာဏ် ပေါင်းဆုံခြင်းကြောင့် ဖဿဖြစ်ပြီးလျှင် ဇရာ-မရဏထိသွား၏။

တဖန်တုံ တဏှာကိုစိစစ်သော် ၎င်းသည်ခန္ဓာကိုယ်တွင် အခါခပ်သိမ်းဖြစ်ပေါ်နိုင်သော အားစွမ်းသတ္တိမရှိ၊ ဇေ၀မ္မတာနည်းအရ သင်္ခတလောကတွင် အခွင့်သင့်သောအခါတွင်သာ ဖြစ်ပေါ်နိုင်ပေသည်၊ အလိုက်မသိ ခံစားလေ့ရှိသော ဝေဒနာကြောင့်ဖြစ်ရသည်ဖြစ်သဖြင့် ဝေဒနာသည် တရားခံဖြစ်ရပြန်၏။

တဖန် ဝေဒနာကို သုံးသပ်ပြန်သော် အခက်နှင့်ကြုံတွေ့ရပြန်၏၊ အများသော ဝိပဿနာလုပ်ငန်းစဉ်ကို အားထုတ်လျက် ရှိကြသော ပုဂ္ဂိုလ်တို့မှာ ဤဝေဒနာကို အငြိုးကြီးစွာဖြင့် ကြိတ်ချေလျက် ရှိကြပေသည်၊ ဝေဒနာပစ္စယာတဏှာဟူသော နိယာမပဋိစ္စသမုပ္ပါဒ် အရ တဏှာသို့ မကူးမိရန်အလွန်ပင် အရေးထားကြရပေသည်၊ သူ့နည်းနှင့် သူမှန်သည်ဟုပင် ဆိုရပေမည်၊ သို့သော် ဝေဒနာဖြစ်ပေါ်တိုင်း တဏှာဖြစ် မဖြစ်ကိုစိစစ်ရန်သည် ဖြစ်ခဲ့၏၊ ဝေဒနာသည် "အကျိုးဝေဒနာ–အကြောင်းဝေဒနာ" ဟူ၍ ဒွယအားဖြင့် ၂ - ပါးပြားလျက်ရှိပေရာ ဇာတိတဖန် ဖြစ်စေသော အကြောင်း ဥပါဒါန်ဝေဒနာသည်သာ လိုရင်းဖြစ်ပေသည်၊ အကျိုးဝိပါက် ဝေဒနာကို ရှုသော် အနာဂါတ် ဇာတိ ငြိမ်းမည်မဟုတ်ပေ၊ သို့ဖြစ်၍ ဇာတိတဖန် မဖြစ်နိုင်သော အကျိုး ဝေဒနာကို လျစ်လျူရှုပြီးလျှင် အကြောင်း ဝေဒနာကို ထပ်မံစစ်ဆေးရာ၏၊ ၎င်းသည် မိမိဘာသာအား စွမ်းသတ္တိဖြင့် ဖြစ်နိုင်သော သတ္တိမရှိ၊အများထင်သကဲ့သို့မဟုတ် ဖဿတည်းဟူသော အကြောင်းကြောင့်သာလျှင် ၎င်းဝေဒနာ ဖြစ်ပေါ်ရသည်ဖြစ်၍ဖဿသည် တရားခံ ဖြစ်လာရပြန်၏။

တဖန်ဖဿကို အမိဖမ်းပြန်သော် ၎င်းသည်လည်း "အကြောင်းဖဿ အကျိုးဖဿ" ဟူ၍ ဒွယအားဖြင့် ၂ - ပါးပြားလျက်ရှိပြန်၏၊ ဤ၌လည်း အများသော ပုဂ္ဂိုလ်တို့သည်ပင်လျှင် ဖဿဖြစ်သော် တဏှာသို့ရောက်မည်ကို စိုးရိမ်သည့်အတိုင်း မျက်စေ့၊နား၊နှာခေါင်း၊လျှာ တို့ကို ပိတ်ထားလေ့ ရှိကြ၏၊ ဤသည်ကား အကျိုးခန္ဓာ (တနည်း) အကျိုးဖဿကို နှိပ်စက်သည် ဖြစ်၍ပြဟ္မဏဝါဒ၌ ကျရောက်ပြီးလျှင် နိဗ္ဗာန် နှင့် မနီးစပ် ပေ၊အကြောင်းဖဿကို ဖမ်းနိုင်မှသာလျှင် ဗုဒ္ဓရှင်တော်မြတ် အလိုတော်အတိုင်းမျက်လုံးဖွင့်လျက်

ပိတ်ပြီးနေသကဲ့သို့ငှင်း၊ ပိတ်လျက် ဖွင့်မိသကဲ့သို့ ဖြစ်မည့်ပြင် မိမိ၏ စွမ်းအားထည်းထည်းဖြင့်လည်း ဖြသမဖြစ်နိုင်ကြောင်းနှင့် ၎င်း၏ အကြောင်းတရားဖြင်သော – စက္ခု-အဆင်းနှင့် ဝိညာဏစရိယတို့ကို တွေ့ရမည်ဖြစ်ပေသည်၊ သို့ဖြစ်၍ စက္ခု- အဆင်းနှင့်ဝိညာဏ်စရိယတို့ သည် တရားခံဖြစ်လာပြန်၏။

နောက်ဆုံး - ၎င်း စက္ခု၊ အဆင်းနှင့် ဝိညာဏစရိယ တို့ကိုစီစစ် ပြန်သောအခါ -

စက္ခုသည် - အကျိုးတရား - အတ္တပဋိသမ္ဘိဒါ၊
အဆင်းသည် - အကျိုးတရား - အတ္တပဋိသမ္ဘိဒါ၊
ဝိညာဏစရိယသည်လည်း - အကျိုးတရား - အတ္တပဋိ သမ္ဘိဒါ။

ဖြစ်နေကြသဖြင့် ရှင်တော်မြတ်၏၊ ပဋိစ္စသမုပ္ပါဒ်တရားသည် ဤတွင် လမ်းဆုံးတော့မည်ကဲ့သို့ဖြစ်ပေရာ ၎င်းအရှုပ်တရားကို ရှင်းလင်းနိုင် ရန်သည် –

(၁) သမုတိသစ္စာဉာဏ် သန့်သန့်ဖြင့် မရနိုင်၊
(၂) ပရမတ္တသစ္စာဉာဏ် သန့်သန့်ဖြင့်လည်းမရနိုင်၊
(၃) အရိယသစ္စာဉာဏ်ဖြင့် တက်မှသာလျှင် လင်းနိုင် မည်ဖြစ်ပေသည်။

**သတိ**။ ။ ၎င်းစက္ခု အဆင်းနှင့် ဝိညာဏစရိယ ဖြစ်သော အတ္တ ပဋိသမ္ဘိဒါတို့၏ အကြောင်း ဓမ္မပဋိသမ္ဘိဒါကား **အာသဝ**တရားတို့ ဖြစ်ကြောင်း ဉာဏ်ကုန်လွှတ်၍ ဝင်စားအပ်ပါသည်။

သင်္ခတာ သင်္ခတ ဓမ္မာ အတ္တသာ၊
အာဘာဝတော အနတ္တာနာမ။
(ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ)

သင်္ခတာ သင်္ခတဓမ္မာ သင်္ခတ အသင်္ခတ တရား ၂ ပါး
သည်၊

အတ္တသာ။ အနှစ်အသားဖြစ်သော အတ္တ၏၊ အဘာဝတော
မရှိခြင်းကြောင့်၊ အနတ္တာနာမ - အနတ္တမည်၏။

ဟူ၍သင်္ခတ - အသင်္ခတ တရားတို့သည် အနတ္တတရားချည်း သာဟု
အနက်ရပေသည်။

" သဗ္ဗေဓမ္မာ အနတ္တာ ယဒါပညာယ ပဿတိ " အစရှိသော
ပါဠိတော်ဖြင့်လည်း ညီညွတ်ပေသည်၊ သို့သော် - သဗ္ဗေဟူသော
ပုဒ်အရ ရှိရှိသမျှလုံးဝဥဿုံ အားလုံးကို သိမ်းကျုံး၍ ယူသင့်ပါ၏
လော၊ အထူးဉာဏ်မိရန် အရေးကြီးလှသဖြင့် အတိဂမ္ဘီရဖြစ်သော
ဝင်းပဟေဠိကို ထွင်းဖောက်နိုင်ရန် အထူးကြိုးစားရမည်။

(၁) သူတော်တကာ ချစ်အပ်စွာ ကလျာမိတ္တဂုဏ်။
(၂) ပူဇော်မြတ်နိုး လက်စုံမိုး ရှိခိုးဂရုဂုဏ်။
(၃) ချီးမွမ်းတိုက်ပုံ ကျေးဇူးဟုံ လုံးစုံအာဝနိယဂုဏ်။
(၄) ဝေနေအများ သွန်သင်ထားတရား ဝတ္တာဂုဏ်။
(၅) မေးတိုင်းဖြေပြန်ပညာဉာဏ် ထက်သန်ဝစနဂုဏ်။
(၆) နက်နဲလှဘွယ် မေးလျှောက်ဝယ် ဖြေလွယ်ဂန္တဂုဏ်။
(၇) အဋ္ဌာနိယောဂ် မသင့်လျော် နှိုးဆော်မပြုဂုဏ်။

ဟူသော သူတော်ကောင်းတို့၏ ဂုဏ် (၇) ပါးနှင့်ပြီး ပြည့်စုံသော
ဆရာကောင်း ဆရာမြတ်တို့ကို မတွေ့တွေ့အောင် ငွေကုန်လူပန်းခံ၍
ဆည်းကပ်ကိုးကွယ် အဆုံးအမကို ရိုသေကျိုးနွံစွာ ခံယူသင့်လှပေ
သည်၊ သို့မှမိမိကိစ္စပြီးဆုံးမည်။

## အနတ္တဒွယကိုပြခြင်း။

အာသဝတရားအပေါင်း အကြွင်းမရှိ ကုန်ခမ်းတော် မူပြီးကြ သော ဘုရား၊ ရဟန္တာ အရှင်မြတ်တို့သည် အသင်္ခတဓာတ် ဖြစ်လေ သည်။ သို့ပါသော်လည်း ဝိပရိဏာမ အစရှိသောဇာတိ၊ဇရာ၊ဗျာဓိ၊ မရဏ ဝိပါက်တို့ကား ရှိတော်မူသေးသဖြင့် အသင်္ခတ အနတ္တမျိုး မည်၏။ ၎င်းဝိပါက်တို့သည် နောက်ဆုံး ခန္ဓပရိနိဗ္ဗာန် ယူတော် မူမှသာ ချုပ်မည်ဖြစ်သည်ကိုရင်း-

နောက်ဘဝ ဇာတိဖြစ်အောင် စီမံစွမ်းဆောင်နိုင်သော ပုညာ ဘိသင်္ခါရ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရအစရှိသော အဘိ သင်္ခါရတရားတို့သည် သင်္ခတ အနတ္တမည်၏၊ အတ္တသတ္တမှ ဆိတ်၏။

### အချုပ်ကိုဆိုသော်

(၁) အကျိုး ဝိပါက် ခန္ဓာ၏ ဆံဖြူ-သွားကျိုး အမျိုးမျိုး သော ဖောက်ပြန် ပြောင်းလဲမှုတို့ကား အသင်္ခတအနတ္တ- မျိုးဖြစ်၏။

(၂) မိမိသဘောဖြင့် ဖြစ်ခြင်းငှာ အားအစွမ်း မရှိသော သဘောဖြစ်၏။ ဥပါဒါန်တရားတို့ကားသင်္ခတ အနတ္တမျိုး ဖြစ်၏။

ဖြစ်ပုံသဘာဝကို ဤသာသနာ၊ ဤဆရာမြတ်၏ ကျေးဇူးဂုဏ် ဖြင့် ဉာဏ်မြင် ရှင်းသည့်တိုင်အောင် အထူးကြိုးစားအပ်ပါသည်။

### ဝိညာဏ်သဘာဝ။

ဝိညာဏဋ္ဌိတိ = သတ္တဝါသ ဘုံကိုးဝဌ် ပဋိသန္ဓေကို လက်ခံသော စိတ်ဖြစ်၏။

ဝိညာဏာဟာရပစ္စယ = လက်ခံပြီး နောက်ဖြစ်သော အမှီခံ ဝိညာဏ် ဖြစ်၏။

ပဋိသန္ဓေကို ရှာဖွေသည်ကား၊ ကံခန္ဓာ (တနည်း) "သင်္ခါရက္ခန္ဓာ" ဖြစ်၏။

ဖြစ်ရာဘုံဘဝ လက်ခံသည်ကား၊ "ဝိညာဏဋ္ဌိတိ" ဖြစ်၏။

ဤဝိညာဏဋ္ဌိတိနှင့် ဝိညာဏာစရိယ ၂-ပါးတို့သည်၊ မိမိတို့၏ တာဝန်ကို အဗျာပါရနည်း၊ ကေတ္တနည်း၊ နာနတ္တနည်း၊ ဓမ္မတာနည်းအားဖြင့် သင်္ခတလောကကြီးတွင် ဖြစ်ပေါ်၍ နေကြပေသည်။ သို့ဖြစ်၍အများ ပြောလေ့ရှိသော စိတ်သည် မကောင်းသော အာရုံကို ညွတ်တတ်သည်ဖြစ်သဖြင့် မည်းညစ်သောစိတ် မဖြစ်ရလေအောင် ဖြူစင်စေမည့် အလုပ်ကို လုပ်ရမည်ဟု ဆိုရာတွင် ရနိုင်သောကိစ္စဟုတ်မဟုတ်။ အကင်းအကြပ်ပြုလုပ်သည်ရှိသော် သမထ ဘာဝနာ ဖြစ်ရုံသာရှိ၏။ ဖြူသောစိတ်ကား ဖြူ၏။ မည်းသောစိတ်ကား မည်းညစ်၏။

သို့ဖြစ်၍ သံသရာဟူသည် အကြောင်းတရား မှန်သမျှကို ဆိုလိုသည်။ အကျိုးတရား မှန်သမျှမှ လွတ်၏။ လွတ်သော ငင်းပဋိစ္စသမုပ္ပါဒ် သံသရာသည် နိဿရဏ သံသရာမည်၏၊ (တနည်း) မွေး၊ သေ သံသရာမှ လွတ်ခြင်းဖြစ်၏၊ အရိယာတို့၏ ခေတ္တတည်းခိုရာကို ဆိုလို၏။

ဤအကျိုးခန္ဓာ နိဿရဏ သံသရာသည် ခန္ဓာ ပရိနိဗ္ဗာန် ယူတော်မူသောအခါတွင် အပြီးတိုင် အေးမည်ဖြစ်သည်။

○

### ပဋ္ဌာနဝေဖနာ ရသော

# ရုပက္ခန္ဓာပိုင်း

ယခုအချိန်အခါသည် သာသနာတော်တွင်းဖြစ်၏။ ဒေသနာတော်အရ နှစ်ပေါင်း ၂၄၃၀-ကျော် ကျန်ရှိသေး၏။ သို့သော် မိမိအဘို့ ဤသာသနာတော် အဘယ်မျှ ကျန်ရှိပါသေးသနည်း။ မအို၊ မနာ၊ မသေမီအချိန်မျှသာ ကျန်ရှိသည်မှာ ထင်ရှားလှပါသည်။ အလုပ်အားလပ်၍ သေသောမသာ မရှိသကဲ့သို့ ငြိမ်းချမ်းရေးကို အမှန်လိုသော် မအားဘဲနှင့်ပင် အားထုတ်ကြရပေလိမ့်မည်။ ဆွမ်း၊ ဆီမီး၊ ပန်း ရေချမ်းကလေးများ ကပ်လှူပြီး ဆုတောင်းနှစ်သိမ့်နေရမည့် အချိန်မဟုတ်တော့ပြီကိုလည်း သတိသံဝေဂ ရှိသင့်လှပေပြီ။

ဗုဒ္ဓသျှင်တော်မြတ်၏ ဓမ္မက္ခန္ဓာ ၈၄၀၀၀-သည် ဝိမုတ္တိ ရသမဲ့သော တရားဟူ၍ မရှိငြားလည်း မိမိနှင့်လျော်သော ကမ္မဋ္ဌာန်းကို မမှားမယွင်းနိုင်ရန်အတွက်မှာမူ လွယ်ကူလှသည် မဟုတ်ချေ။

၅-ပြား၊ ၁၀-ပြားတန်ပစ္စည်းတခု ဝယ်ယူရာ၌ပင် အပြန်ပြန်အလှန်လှန် ကြည့်ရှုဝယ်ယူသေးသော် သံသရာနှင့်အမျှ တန်ဘိုးရှိသော မဂ်ကိစ္စ၊ ဖိုလ်ကိစ္စတွင် ခပ်လွယ်လွယ်ပင် ယုံကြည်လိုက်စားနိုင်သည်ကို စဉ်းစားရန်ဖြစ်သည်။ လူစည်ကားရာ တရားရှိသည်ဟုလည်း ထင်တတ်၏။ ဂုဏ်ရှိသူ၊ ပစ္စည်းရှိသူတို့နောက်သို့ လိုက်ရန်လည်း ဦးမလေး၊ မိမိတို့ ယုံကြည်ကိုးစားသော ဆရာ၏အပေါ်တွင် ပုံ၍ အပ်ကြရပေသည်။ ဤတွင် အမှန်ရှိသကဲ့သို့ အမှားလည်း

ရှိနိုင်ပေရာ လွဲမှားသော တရားကို အခြေခံခြင်း၊ မူမမှန်သောမဂ်ဖိုလ်ဖြင့် သာသနာလွဲချော်ရတတ်ပေသည်။

ရွှေနှုတ်တော်ထွက် တရားမှန်က သစ္စာတရားချည်းသာ ဆိုသည်ကို သိသိ-မသိသိ ဘယ်သူကမျှ ငြင်းပယ်မည် မဟုတ်ပေ။

ပါဠိတော်၏ နက်နဲခြင်း၊
အနက်၏ နက်နဲခြင်း၊
သဘော သဘာဝ၏ နက်နဲခြင်း၊

ဟူ၍ နက်နဲခြင်း ၃-ချက်ရှိရာတွင် ပရိယတ်-ပဋိပတ်-ပဋိဝေဓ-ဓမ္မတို့၌ ကျွမ်းကျင်ပေါက်မြောက်တော်မူသော ဆရာမဟုတ်၍သာ တရားပေးမှားရခြင်း ဖြစ်၏၊ တရားကားအမှန်-လူက မှားသောကြောင့် ဖြစ်၏။

**တိလက္ခဏမုတ္တာ ဒေသနာနာမ နတ္ထိ။**

> တိလက္ခဏမုတ္တာ၊ လက္ခဏာရေးသုံးပါး ဝိပဿနာတရားမှ လွတ်သော၊ ဒေသနာ နာမ၊ ဟောပြောသော တရားတော် မည်သည်။ နတ္ထိ-မရှိ။
>
> (သီလက္ခန်အဋ္ဌကထာ)

လက္ခဏာယာဉ် ၃-ချက်ဖြင့် လွတ်ကင်းသော တရားဟူ၍ မရှိပေရာ ဝဋ္ဋဒုက္ခမှ ကျွတ်လွတ်လိုသူ အားလုံး ဤသဘာဝကိုအခြေခံ၍ အားထုတ်ကြရသည်ပင် ဖြစ်သည်။ သို့သော် အမြင်မှန်ရဘို့ရန်မှာ အခက်အခဲဆုံး ဖြစ်ပေရာ သျှင်တော်မြတ်က....

**သဗ္ဗံရူပံ နဟေတု သပစ္စယံ လောကိယံ**
**သာသဝံ သံယောဇနိယံ ဥပါဒါနိယံ**
**အနိယျာနိကံ နေဝသေက္ခ နာသေက္ခံ နေဝါစယဂါမိ**
**ဇရာဘိဘူတံ မရဏာဘိဘူတံ။**
(ဝိဘင်းပါဠိတော်-၁၃)

ဟူ၍ **ဟောတော်မူပေရာ** ဤခန္ဓာကိုယ်ကောင်ကြီးသည် **မသိတတ်** သည်ဖြစ်၍ ရုပ်တရားဖြစ်၏။ "ရုပ္ပတီတိရူပံ" အရ ဤရုပ်တရားကြီး သည် ဖောက်ပြန်တတ်၏-ဟု ဆိုခြင်းကို တကမ္ဘာလုံးက ငြင်းပယ် မည်မဟုတ်ပေ။ အများသိ ဖြစ်၍လည်း အကျိုးမပြီးပေ။ အတ္ထဂမ္ဘီ ရဉာဏ် ပဋိဝေဓဂမ္ဘီရဉာဏ်တို့ဖြင့် ဆင်ခြင်သုံးသပ်နိုင်ခဲ့ပါမူ အဘယ် မျှ နက်နဲသိမ်မွေ့သည်၏ အဖြစ်ကို သိမြင်ကြရမည် ဖြစ်၏။

ထိုကြောင့် သဗ္ဗရူပံ၊ အလုံးစုံသော ရုပ်တရား ဟူသမျှသည်။ နဟေတု-အကြောင်းတရားမဟုတ်၊ အကျိုးတရားသာဖြစ်၏။

**သပစ္စယံ** — တဏှာဥပါဒါန် စသည့် အကြောင်းတရား ကြောင့်သာ ဖြစ်ရ၏။

**လောကိယံ** — ဤရုပ်ကြီးသည် လောကီ၌သာ အသုံးကျ၏။ ထမင်းစားလို့ရ၏။ ပန်းပန်လို့ရ၏။ သနပ်ခါး လိမ်းလို့ရ၏။ စိန်ရွှေရတနာများကိုလည်း ဝတ် ဆင်လို့ရ၏။ မော်ကြွားဝင့်ဝါလို့လည်း ရ၏။ အသုံးမကျသည့် ဤရုပ်ကြီးကို တန်ဘိုးမရှိသည့် မွှမ်းမံ ခြယ်လှယ်မှုတို့ဖြင့် ပုထုဇဉ်တို့ အလိုကျ အသုံးချကြရ၏။ သေးလူ ရခြင်း နှင့် သိပ္ပံ ရှင်တို့၏ သုတေသနလုပ်ငန်းတွင်လည်း အသုံးချ လို့ရ၏။

**သင်္ခတံ** ကံ - စိတ် - ဥတု - အာဟာရ တည်းဟူသော အကြောင်းတရား ၄-ပါးတို့၏ ပြုပြင်စီရင်မှုကို ခံနေရသော အကျိုးသင်္ခတလည်း ဖြစ်၏။

**သံယောဇနိယံ** သံယောဇဉ်ရှိသော သူတို့၏ အာရုံသာ ဖြစ်၏။

**ဥပါဒါနိယံ** ကာမုပါဒါန် - ဒိဋ္ဌုပါဒါန်-သီလဗ္ဗတုပါဒါန်-အတ္တဝါဒုပါဒါန်စသော အစွဲ ၄-ချက်ရှိသော သူတို့ကသာ စွဲလန်းကြ၏။ ရုပ်တရားကြီးကမူ မည်သူ့ကိုမျှ မစွဲလန်းပေ။

**အနိယျာနိကံ** ဤရုပ်ကြီးသည် သံသရာတွင်းမှ မထွက်နိုင်၊ အချို့ကမူ လူသေက လူပြန်ဖြစ်သည်ဟု ဆိုကြ၏။ အမှန်သော် လူသေက လူပြန်မဖြစ်နိုင်၊ မြေသာဖြစ်၏။ သို့မဟုတ် မြေကြီးသြဇာ ဖြစ်၏။ တဏှာကသာလျှင် လူဖြစ်စေလေသည်။ ယင်း တဏှာကား လူမဟုတ်ပေ။ ဖြစ်-ပျက် ဖြစ်သဖြင့် နိဿတ္တ-နိဇ္ဇီဝသာဖြစ်၏။ ထို့ကြောင့် ဤ ရုပ်ကြီးသည် သံသရာထဲတွင်လည်း လည်၍နေ သော ဝဋ်ကောင် အကျိုးတရားသာ ဖြစ်ချေ သည်။ မျက်စေ့တလုံး၊ လက်တဘက်၊ ပျက် သွား-ပြုတ်သွား၍ အစားပြန်ဖြစ်အောင်လည်း မတတ်နိုင်ပေ။

သို့ဖြစ်၍ သံသရာဝဋ်ဒုက္ခကို(တနည်း)မွေး-သေဒုက္ခကို ပေးသော တဏှာချုပ်ငြိမ်းရန် ဤရုပ်ကြီးကို သေချာသန သိရှိမှုဖြစ်၏။ သို့မဟုတ်ပါမူကား တဏှာပွားသည်ထက် ပွားနိုင်၏။

ဥပမာသော်၊ ဣဋ္ဌအနိဋ္ဌ (တနည်း) 'ကောင်း' 'မကောင်း' (တနည်း) 'ကုသိုလ်ပါက်' အကုသလဝိပါက်စိတ်ဟူ၍ ၂-မျိုး ရှိရာတွင်။

မြတ်စွာဘုရား ဝိသာခါ ကျောင်းအမကြီးကို ပဌမမြင်တော်မူသည်က 'ကုသလဝိပါက်စိတ်' နောက်မြင်တော်မူသည်က 'ဉာဏ စရိယ' (တနည်း) 'ဝိပဿနာစိတ်'။ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်။

ဒေဝဒတ်ကိုပဌမမြင်တော်မူသည်က၊အကုသလဝိပါက်စိတ် နောံ မြင်တော်မူသည်က၊ ဉာဏစရိယစိတ်။ (တနည်း) ဝိပဿနာစိတ်။

အန္ဓပုထုဇဉ်တို့မှာမူ ပဌမစိတ်၌ ဤကဲ့သို့ပင် မြင်ကြသော် လည်း နောက်စိတ်တွင်ကား 'အညာဏစရိယစိတ်' သာဖြစ်ရ၏။

ထို့ကြောင့်....

(ကိလေသာဆိုတာ ဘယ်ဟာလဲလို့ သဘာဝ သိအောင် ရှာလိုက်စမ်းပါ)

(သုတ္တံထုတ်ပြန် ရုပ်နာမ်အရှိကို အဟုတ်အမှန် မသိတဲ့ အပူမီးပါ)

(ပဌမမြင်တာ ဘယ်ဟာလဲလို့ သဘာဝ သိအောင်ရှာ လိုက်စမ်းပါ)

(အကျိုးတရားဆိုတာ သူပါဘဲဟု ဝိပါက်စိတ်လို့ မှတ်လိုက် စမ်းပါ)

(ဒုတိယမြင်တာ ဘယ်ဟာလဲလို့ သဘာဝ သိအောင် ရှာ လိုက်စမ်းပါ)

(အကြောင်းတရား ဆိုတာ သူပါဘဲလို့ တဏှာ စိတ်ကို မှတ်လိုက်စမ်းပါ)

နေဝသေက္ခနာသေက္ခ- ဤရုပ်တရားကြီးသည် သောတာပန်သကဒါဂါမ်အနာဂါမ် ရဟန္တာအရိယာမြတ်တို့၏ ဥစ္စာ မဟုတ်။

ဤကဲ့သို့အရိယာအရှင်မြတ်တို့၏ ဥစ္စာ မဟုတ်ပါသော်၊ ပုထုဇဉ် တို့အတွက် ဆိုဘွယ်ရာမရှိတော့ပြီ၊ အချုပ်မှာမူ၊ ဤရုပ်ကြီးသည် လောကုတ္တရာ လုပ်ငန်းနှင့် ဘာမျှမသက်ဆိုင်ပေ၊ အကျိုး သက် သက် သံဝေဂရဘို့ လောက်သာဖြစ်၏။

'နေဝါစယဂါမိ' - နောက်တဖန်ပဋိသန္ဓေကိုဆည်းပူး၍ မသွားနိုင်။
'နာပစယဂါမီ' ဖြစ်နေသော ပဋိသန္ဓေကိုလည်းမဖျက်ဆီးနိုင်။
ဤကဲ့သို့သော သဘောဖြင့်ယူသော်ဥစ္ဆေဒဒိဋ္ဌိကျသယောင်ယောင် ရှိ၏။

ဥပမာသော် -

အဇိတ ကေသကမ္ဗလ တိတ္ထိကြီး၏ အယူကား ဒါနသည်အကျိုး မရှိ ကုသိုလ်တရားသည်လည်း အကျိုးမရှိ၊ ကုသိုလ် အကုသိုလ်တို့၏ ကောင်းကျိုး၊ မကောင်းကျိုးမရှိ၊ အချီးအနှီးသာဖြစ်၏။ တပါး သော လောကမှလာရာဖြစ်သောဤလောကမရှိ၊ဤမှ သွားရာဖြစ် သောထိုလောကမရှိ၊ ဖြစ်ရာဘဝတွင်ပြတ်၏။ ဟူ၍ဖြစ်၏။ (နိယတ မိစ္ဆာဒိဋ္ဌိအယူကြီး ဖြစ်သဖြင့် အပါယ် ငရဲမှလွဲ၍ တခြားလားရာ မရှိပေ)

'သတိ' - မိစ္ဆာဒိဋ္ဌိအယူတို့ မည်သည့်အကြောင်းတရားဥ္စသာရအပ် သည်ကို သတိပြုရန်ဖြစ်ပါသည်။

ဇရာဘိဘူတံ - အချိန်နှင့်အမျှ အိုခြင်းဖြင့် နှိပ်စက်သော သဘော တရားဘက်သို့သာ ဆိုက်ရောက်နေရ၏။

မရဏာဘိဘူတံ = ကလလရေကြည်မှသည် သင်္ချိုင်းကုန်းအရောက် နောက်ဆုံး သေခြင်းဖြင့် နှိပ်စက်သော သဘောသို့သာ ဥက္ခောင်း ဆိုက်ရောက်ရတော့၏။

ထိုကြောင့်ပင်လျှင် - သျှင်တော်မြတ်က—

ဒဿနေန နေဝပဟာတဗ္ဗံ။
ဘာဝနာယ နပဟာတဗ္ဗံ။

ဒဿနေန – သောတာပတ္တိမဂ်ဉာဏ်ဖြင့်။ နေဝပဟာတဗ္ဗံ၊ မပယ်အပ်။

ဘာဝနာယ၊ အထက်မဂ်သုံးပါးဖြင့်လည်း။ နပဟာတဗ္ဗံ၊ မပယ်အပ်။

ဟူ၍ ဟောတော်မူရာ ဤရုပ်ကြီးသည် လောကီအတွက်မှလွဲ၍ ဘာမျှ သုံးမရသည်ဖြစ်သဖြင့် ပယ်သတ်ခြင်းငှာမထိုက်၊ ဝိပါက် အကျိုးတရား သန့်သန့်ဖြစ်၍ အချိန်တန်သော် သေဆုံးရုံမှအပ အနာဂတ်ဘဝသို့ မြူမျှ ပါမသွားနိုင်ပေ။ သို့ဖြစ်၍ ၎င်းသည် ပဋိသန္ဓေကိုလည်း မယူနိုင်၊ ဖျက်လည်း မဖျက်ဆီးနိုင်ဟု ဟောတော်မူခြင်းဖြစ်၏။

ဤသို့အားဖြင့် ကုသိုလ်—အကုသိုလ်လည်း မဟုတ်သောရုပ်ကြီး၊ သူ့ကိုသာ တဏှာဥပါဒါန်ရှိသော သူတို့က ငြိတွယ်ရသည်၊ သူကဖြင့် မည်သူ့ကိုမျှ မငြိတွယ်သော ဤရုပ်ကြီးအား ခင်မင်သာယာ တွယ်တာ သိမ်းပိုက်ခြင်းငှာ မထိုက်တော့ပေ။

**အတ္တသမံ ပေမံနတ္ထိ။**

ဟူရာ၌ မိမိနှင့်တူသော ချစ်ခြင်းသည် မရှိဟုသာမန်မျှယူကြ၏။ ဗုဒ္ဓအလိုတော်ကား - မိမိကိုယ် မိမိအမှန်ချစ်ခဲ့သော် သံသရာလည်စေကြောင်းကို မပြုထိုက်၊ ရပ်အောင်လုပ်မှသာလျှင် ချစ်ရာရောက်ခြင်းဖြစ်၏။

ဥပမာသော် - ဘုရား - ရဟန္တာအသျှင်မြတ်တို့ ရေသုံးသပ်တော်မူခြင်းကား— သန့်ရှင်းစေရန် အတွက်သာဖြစ်သဖြင့် တဏှာမပါ—အနာသဝသင်္ခါရဖြစ်၏။

ပဘာဝတီ၏ ရေချိုးမှု၌ သန့်ရှင်းစေလိုသည်ထက် လှသည်ထက်လှအောင်၊ သူတထူးမြင်သော် အမူးအရူး တိမ်းညွတ်စေလို၍သာ ဖြစ်သဖြင့် တဏှာနှင့်ယှဉ်သော အာသဝသင်္ခါရဖြစ်၏။

**အာသဝါ သင်္ခါရာ ဟိနာ။**

အာသဝါသင်္ခါရာ။ အာသဝတရား ၄ - ပါးတို့ဖြင့် ငြိသော အကြောင်းသင်္ခါရတို့သည်။ ဟိနာ။ ယုတ်ညံ့ကုန်၏။

**အနာသဝါ သင်္ခါရာ ပဏီတာ။**

အနာသဝါသင်္ခါရာ - အာသဝတရား ၄ - ပါးတို့မှ ကင်းသော အကျိုးသင်္ခါရ တရားတို့သည် ပဏီတာ-မြတ်လှကုန်၏။

(ဝိဘင်းပါဠိတော်)

ဘုရားသျှင် ကိုယ်တော်မြတ်သည်လည်း - ဝိပါက်ခန္ဓာတော်ကြွင်းသေး၍ သင်္ခါရ ရှိသည်ပင်ဖြစ်၏။ အချိန်တန်၍ ဆွမ်းကြွတော်မူရခြင်း၊ ဆွမ်း ဘုဉ်း ပေး ရ ခြင်း၊ ရေ သန့် စင်တော်မူရခြင်း၊ အနားယူရခြင်း၊ ကျိန်းစက်တော်မူရခြင်း, အစရှိသော ကာယသင်္ခါရတွေ။

မဟာဂရုဏာတော် ရှေ့ထား၍ ပြောရ - ဆိုရ - ဟောနေရသော ဝစီသင်္ခါရတွေ။

အဘယ်ဝေနေယျကို အဘယ်တရားဖြင့် ချွတ်ချွတ်တော်မူရမည်။ အဘယ်အချိန်တွင် အဘယ်ကဲ့သို့သော ကိစ္စကြီးများကို ဆောင်ရွက်တော်မူရမည်စသော များလှစွာသော စိတ္တသင်္ခါရတွေ။ ၎င်းကာယဝစီစိတ္တသင်္ခါရအပေါင်းမှာ အာသဝတရား အပြီးတိုင် ချုပ်ငြိမ်းတော်မူပြီးသည်ဖြစ်၍ အကျိုးသန့်သန့်သင်္ခါရတို့ မည်ကုန်၏၊ မြတ်လည်းမြတ်လှပေသည်။

ယုတ်ညံ့လှသောအာသဝနှင့်ယှဉ်သော သင်္ခါရတို့သည်၊ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အနေဉ္ဇာဘိသင်္ခါရတို့ဖြစ်ရာ သံသရာတလျှောက် ခြေရာခြင်း ထပ် အောင် စီမံနိုင်သောကြောင့် ပုထုဇဉ်တို့တွင် ကိစ္စများကြရပေသည်၊ ဤကဲ့သို့ ယုတ်ညံ့ရခြင်းမှာလည်း တဏှာ - ၁၀၈-နှင့် ကိလေသာပူပန်မှု ၁၅၀၀ -တို့ကြောင့်ဖြစ်ရာ တဏှာကား-မီးနှင့်တူ၍ ပူပန်မှုကိလေသာကား အရောင်နှင့်တူ၏၊ အရောင်ရှိသော် မီးရှိ၍ မီးရှိသော် အရောင်လည်းရှိမြဲဓမ္မတာထိုနည်းတူစွာ အပူရှိသော် တဏှာရှိ၍ တဏှာချုပ်သော် အပူမရှိတော့ပြီဖြစ်၏။

ပူပန်မှုမရှိခြင်းကို ကိလေသာကုန်သည်ဟုဆိုသည်။

(၁) အနုသယ ကိလေသာခေါ် ငြိမ်သက်ခြင်းကိလေသာကား = ကိန်းသဘော ကိလေသာဖြစ်၏၊ ဝိပဿနာဘာဝနာဖြင့်သာ ပယ်နိုင်၏။

(၂) ပရိယုဋ္ဌာန ကိလေသာခေါ် လှုပ်ရှားကိလေသာကား = အုံပွန်းကိလေသာဖြစ်၏။ သမထ ဘာဝနာဖြင့်အချိန်ကြာမြင့်စွာ ဖိထားနိုင်၏။

(၃) ဝီတိက္ကမကိလေသာခေါ် လွန်ကျူးကိလေသာကား= လူသိ-သူသိ ကိလေသာဖြစ်၏။ သီလ တရားဖြင့် အောင့်ထားနိုင်၏။

သို့ဖြစ်၍ ဘုရား-ရဟန္တာတို့တွင် သင်္ခါရသာရှိ၍ **အာသဝ**မရှိ ပုထုဇဉ်တို့တွင်မူ။ အာသဝနှင့် ယှဉ်သော သင်္ခါရရှိသဖြင့် အဘိ သင်္ခါရဖြစ်ရ၏။ ထို့ကြောင့် - သင်္ခါရတွင် အယုတ် - အမြတ်အား ဖြင့် ၂ - ပါးပြားရပေသည်။ ဒွယကို သိမှ **သ**ရုပ်ကွဲမည်။

အထက်၌ ဟောတော်မူသည့်အတိုင်း ကာယ-ဝစီ-စိတ္တ-သင်္ခါရ ၃-ပါးသည် အကျိုး **အနာသဝသင်္ခါရဖြစ်၏။** ဘုရား ရဟန္တာ အသျှင်မြတ်တို့၏ သင်္ခါရတည်း။

ပုညာဘိသင်္ခါရ - အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရတို့ သည် အဘိပါ၍ အာသဝဖြစ်၏။ အကြောင်းတရားစစ်စစ်ဖြစ်၏။

ငါးသည် ရေဖြင့်ကင်း၍ မဖြစ်သကဲ့သို့ မည်ကဲ့သို့သောပုဂ္ဂိုလ် မျှ ၎င်းအကျိုးသင်္ခါရ ၃-ပါးဖြင့် မကင်းနိုင်ပေ။ အကျိုးဝိပါက် ခန္ဓာကြီး၏ ရပ်တည်မှုအတွက် သွားလာ စားသောက် ရှာဖွေသည် တို့ကို အချို့က သင်္ခါရဒုက္ခတွေ ကိလေသာတွေဟု လုံးထွေး၍ယူ လေ့-ပြောလေ့ ဟောလေ့ရှိကြ၏။ မသင့်၊ ဒုက္ခကားမှန်၏။သို့သော် ဘဝကောင်းစားရေးကို ရည်မှန်း၍ တဏှာ - ဥပါဒါန်ဖြင့် ပြုသော အဘိ သင်္ခါရတို့သည်သာ အကြီးဆုံး မိစ္ဆာ ဝန်ထုပ် - ဒုက္ခသစ္စာ ထိုက်သည်ဖြစ်၍ ပယ်ရ သတ်ရမည်ဖြစ်၏။

အကယ်တိ အနာသဝ အကျိုး သင်္ခါရကို ညှဉ်းဆဲအံ့၊ ပယ်အံ့၊ သတ်အံ့၊ အတ္တကိလမထအကျင့်၌ မလွဲအမှန် ကျရောက်မည် ဖြစ် သဖြင့် အထူးသတိပြုရန်ဖြစ်ပါသည်။

ကာယနုပဿနာဖြစ်သော အဿာသ၊ ပဿသ ကမ္မဋ္ဌာန်းကို အားထုတ်ကြရာ၌ အကျိုးဝိပါက်ရုပ်ကြီးအား ပရိညေယျသဘော လက္ခဏာရေးတင်၍ ရှုကသင့်ပါသေး၏။ မချုပ် - ချုပ်အောင်ကြိုးစား က ခဏချုပ်နိုင်ပါ၏။ သမထဘာဝနာ စျာန်တရား၌ သက်ရောက်၏။ သဂြိုဟ်ကျမ်းကမူ ရာဂစရိုက်ထူပြောသည့် အောက်မဂ်ပုဂ္ဂိုလ်တို့အတွက် တဏှာသေရန် သုံးမတော်မူခြင်း ဖြစ်သဖြင့်လည်း ဤလုပ်ငန်းကို စဉ်းစားရန် ဖြစ်ပါသည်။ ဘုရားရှင် ကတော့ ဤလုပ်ငန်းကို စွန့်လိုက်ပြီ။ ( မဇ္ဈိမနိကာယ်ကြည့် )။

**အာသဝသင်္ခါရဖြစ်ပုံ**

မည်သည့်ကုသိုလ်ကောင်းမှုမျိုးမှာမဟု အစေးအညှော် အကပ် အငြိမပါက မြတ်၏။ တခုသောဘဝမှအစ ပရိနိဗ္ဗာန် မပြုမီ စပ်ကြား ခန္ဓာရှိနေလေသ၍ သင်္ခါရကားရှိရမည်သာ ဖြစ်၏။ ဤ၌ အာသဝမပါသည်ဖြစ်သဖြင့် အနာသဝ သင်္ခါရသာလျှင် ဖြစ်၏။

အကဲယ်တိ ဤလိုကဲ့သို့သော ကောင်းမှုကြောင့် နိဗ္ဗာန်မရမီ စပ်ကြားဟု ဆို၍ တခုသော ကောင်းကျိုး ချမ်းသာကို ရည်မှန်းတောင်းတပြုသော် အာသဝနှင့် ယှဉ်သော သင်္ခါရဖြစ်သဖြင့် ယုတ်လှ၏။မကောင်းသော်လည်း လုပ်ငန်းရှိသလောက်ကတော့ရမှာဘဲ။

ထိုကြောင့် အထက်တွင် ဟောတော်မူသည့်အတိုင်း ပဋိသန္ဓေကို မဆည်းပူးနိုင်၊မဖျက်လည်း မဖျက်ဆီးနိုင်သော ၎င်းအကျိုး ဝိပါက်ရုပ်ကြီးသည် ဘုရား—ရဟန္တာ ပုထုဇဉ် သတ္တဝါတို့၏ ဥစ္စာမဟုတ်သဖြင့် လောကုတ္တရာကိစ္စတွင် ဘာမျှ အသုံးမဝင်သည်မှာ ထင်ရှားလှပေသည်။

**သတိ—**

အချုပ်မှာမူ အကျိုးတရားသေ၍ အကျိုးတရားပြန်မဖြစ်နိုင်၊ (တနည်း) လူသေ၍ လူပြန်မဖြစ်နိုင်၊ အကြောင်းတရား ရှိ၍သာ အကျိုးတည်းဟူသော လူဖြစ်ခြင်းဖြစ်၏။ အကယ်တိ ၎င်းရုပ်တရားသည် သတ္တဝါပြန်ဖြစ်နိုင်သည်ဆိုပါအံ့ အာသဝသင်္ခါရသာဖြစ်၏။ အနာသဝသင်္ခါရဖြင့် မဖြစ်နိုင်ပေ။

ဤကဲ့သို့ တိကျပြတ်သားသော သဘောတရားကို ရှုမှသာလျှင် အမြင်မှန်ကိုရပေမည်။ သဘောတရားတခြား၊ သိကွက်၊ ရှုကွက်က တခြားဆိုပါက မဂ်ဖိုလ်တရားနှင့် အမှန်ပင်လွဲရပေမည်။

ဝစီသင်္ခါရကို စီစစ် ပြန်ပါကလည်း ထိုနည်းတူစွာ အကျိုးတရားဖြစ်သည့်အတိုင်း ပဋိသန္ဓေကို ယူလည်းမယူနိုင်၊ ဖျက်လည်းမဖျက်ဆီးနိုင်၊ ၎င်းသည် ပရိနိဗ္ဗာန်စံဝင်သောအခါမှပင် ချုပ်မည်ဖြစ်၏။

အကျိုး အနာ သဝသင်္ခါရ ချုပ်ခြင်းကား– " ခန္ဓာ ပရိနိဗ္ဗာန်ဖြစ်၏ "

အကြောင်းအာသဝသင်္ခါရ ချုပ်ခြင်းကား– "ကိလေသ ပရိနိဗ္ဗာန်" ဖြစ်ပေရာ၊ အားလုံးသော သတ္တဝါ၊ အရိယာ ရဟန္တာဘုရားသျှင်တို့၏ အကျိုးခန္ဓာသည် ပဋိသန္ဓေကိုမယူနိုင်၊ မဖျက်ဆီးနိုင်။ ယူနိုင်သူတို့သည်ကား၊ အဝိဇ္ဇာသင်္ခါရ၊ တဏှာဥပါဒါန် ဘဝ အကြောင်းတရားတို့သာ ဖြစ်၏။

" အကျိုးတရားချုပ်သည်ကို နိရောဓသစ္စာမဆို၊ နိရောဓ ဓမ္မဖြစ်၏။ အကြောင်းချုပ်မှသာလျှင် နိရောဓ သစ္စာ ထိုက်သဖြင့်" အကြောင်း သင်္ခါရထည်းဟူသော အဘိသင်္ခါရ တရားတို့ကိုသာ ခွဲ၍ မဲ၍ ပယ်ရန် သတ်ရန်ဖြစ်ပါသည်။

ဟင်းလျာကောင်းကို စားလိုသော်၊ တွေ့သမျှသော အမဲသား ငါး၊ငပိ၊ငရုပ်၊ကြက်သွန်၊မဆလာ တွေ့တွေ့သမျှ ရောနှောချက်ပြုတ်သော်၊ မကောင်းနိုင်ဘိသို့ မဂ်တရားဖိုလ်တရားကိုလိုသော်၊ကြောင်း ကျိုးတရားကင်းသော သောင်းပြောင်းထွေလာ တရားတို့ဖြင့် ထင်ရာ မြင်ရာ အားထုတ်ခြင်းဖြင့် မရနိုင်ဟု မှတ်သားရန် ဖြစ်သောကြောင့် ဤအရာကို မသင့်ဟု သတိပြုရန် ဖြစ်၏။

သို့ဖြစ်၍ ပန်း၊ရေချမ်း၊ဆွမ်း၊ဆီမီးများဖြင့် ပူဇော်၍ ဒိဋ္ဌိတရား ယုတ်ပြုတ်စေရန် မိမိအလုပ်ကို ကြောင်းကျိုးစီစစ်၍ ပြုရာ၏။

(၁) ကြောင်း ကျိုး အမှန်သဘာဝ
(၂) သစ္စာဉာဏ်နှင့်
(၃) အနတ္တဉာဏ်တို့ကို ပေါက်မြောက်အောင် အားထုတ်သင့်လှပါသည်။

" သောတာပန်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ "

" သစ္စာလေးတန် အမြင်မှန်တရားနှင့် အစဉ်ဉာဏ်ပွား၍အာရုံပြုရှာ "

ခန္ဓာဇာတ်သိမ်း၍ ဘဝဇာတ်အပြီးအပိုင် ပြတ်စေရန်။

(၁) ဖြစ်-ပျက်-ချုပ် လျှင်နိဗ္ဗာန်။
(၂) ရုပ်နာမ်ချုပ်လျှင် နိဗ္ဗာန်။
(၃) တဏှာချုပ်လျှင် နိဗ္ဗာန်။

ဟူသော ဆောင်ပုဒ်ကို ရွတ်ဆိုပွားများကာ ထက်သန်သောဆွဲ၊ လုံ့လ၊ဝီရိယဖြင့် အားထုတ်သင့်လှပါသည်။

(နိဗ္ဗာန်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ)

(ရုပ်နာမ်ခန္ဓာချုပ်ပြတ်ငြိမ်း၍အရုပ်ဇာတ်သိမ်းတဲ့နိဗ္ဗာန်ကြီးပါ)

(သန္တိဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ)

(သဗ္ဗသင်္ခါရ ချုပ်ပြတ်ငြိမ်း၍ အရုပ်ဇာတ်သိမ်းတဲ့ နိဗ္ဗာန်ကြီးပါ)

○

## နာမကဏ္ဍပိုင်း

# ဝေဒနာကဏ္ဍတရားတော်

ဤဝေဒနာကဏ္ဍသည် (တနည်း) ဝေဒနာသည် စာရေးသူ၏ ဝိပဿနာလောကတွင် အလွန်အရေးကြီးသော ကမ္မဋ္ဌာန်းဝင်လျက် ရှိကြောင်း အများပင် သိပြီးဖြစ်ပေသည်။ ခံစားခြင်းဟု ဘာသာ ပြန်ဆိုရ၏။ သို့သော် မည်လိုမည်ကဲ့သို့ခံစားခြင်းစသောသဘောအမူ အယာမှာမူအများအားဖြင့်လုံးချာလိုက်၍သာရှိတတ်သဖြင့် ၎င်းကို ထေရဝါဒဒွယနည်းဖြင့် သွားသင့်ပါသည်။

(၁) ဥပါဒ်ဋ္ဌီ-ဘင်ရှိသော ဝေဒနာ။

(၂) ဖြစ်-ပျက်-သာရှိသော ဝေဒနာဟူ၍ရှိရာ ဥပါဒ် ဋ္ဌီဘင် ရှိ သော ဝေဒနာသည် အကျိုးခဏတ္တယဝေဒနာ မပယ်မသတ်အပ်။

ဖြစ်ပျက်ဝေဒနာသည် အကြောင်းဝေဒနာဖြစ်၍ ပယ်သတ်အပ် သောသဘောအားဖြင့်လည်း ၂-ပါးပြား၏။ ဤဥ္စကြောင်း - ကျိုး သဘောသည်သာအရေးကြီးပေသည်။

**နမတိတိနာနံ။**

ညွတ်တတ်သော သဘောကြောင့် နာမ်မည်၏။

**စိန္တေတိတိစိတ္တံ**

ကြံဆတတ်သော သဘောကြောင့် စိတ်မည်၏။

## ဝိဇာနာတိ ဝိညာဏံ

အထူးသဖြင့် ထိုးထွင်း၍သိတတ်သော သဘောကြောင့် ဝိညာဏ် မည်၏။

နာမ်တရားဟု ပြောရခြင်းနှင့် စိတ်တရားဟု ပြောရခြင်းတို့သည် စင်စစ် လုံး၍ပြောရခြင်းဖြစ်၏။ ဝိဇာနာတိ - ဆိုရာတွင် ဝိ- အထူး ပြဋ္ဌာန်းထားသဖြင့် ဇာနာတိ - သိခြင်းဆိုသည်နှင့်ကား အလွန်ကွဲ ပြားခြားနားလှပေသည်။

**ဥပမာ**။ အနိစ္စ၊ဒုက္ခ၊အနတ္တဟု သိခြင်းကား၊ ဝိဇာနာတိမည်၏။

ယောကျ်ားဟုသိခြင်း၊ မိန်းမဟုသိခြင်း၊ တောတောင် ရေမြေ စသည်တို့ သိခြင်းကား၊ ဇာနာတိမည်ပေရာ။

ဤခန္ဓာကိုယ်တွင်လည်း အကြောင်းဝေဒနာ အကျိုး ဝေဒနာ ဟူ၍ ၂ - ပါးပြား၏။

အကြောင်းဝေဒနာကား - ဇာတိပဋိသန္ဓေ နေနိုင်၍။

အကျိုးဝေဒနာကား - ဇာတိပဋိသန္ဓေမနေနိုင်။

တချို့က ဝိပဿနာလုပ်ငန်းတွင် ၎င်းခံစားမှုဆိုသော ဝေဒနာ ချုပ်ငြိမ်းရမည်ဟုဆိုကြ၏။ ချုပ်ငြိမ်းအောင်လည်း ကြိုးစားအား ထုတ်လျက်ရှိကြ၏။ထိုပြင် ဘုရား ရဟန္တာတို့ပင် ဆွမ်းဘုဉ်း ပေးရာ၌ ဝေဒနာချုပ်ပြီးဖြစ်၍ အရသာကိုမခံစား၊ အမှတ်မထင် မျိုချတော် မူသည့်အနေဖြင့်လည်း ယူဆကြ၏။ ထိုနည်းတူစွာ စက္ခုသောတ ဃာန၊ ဇိဝှာ၊ ကာယ၊ မနောသမ္ဖဿဇာဝေဒနာ၆ - ပါးလုံးတွင် ခံစားခြင်းဝေဒနာမချုပ်သော်တဏှာဖြစ်သည်ဟုလည်းယူဆကြ၏။

သို့သော် ဝိဘင်းကျမ်းကြီးကမူ ဘုရားရဟန္တာတို့တွင် ခံစားမှု ရှိကြောင်း သိရ၏။ မခံစားဟုဆိုပါက မိစ္ဆာဒိဋ္ဌိ၌ ကျ၏။

**ခဏတ္တယ ဘင်္ဂေါ အတိလဟုကော။**

ခဏငယ် ၃-ချက်ဖြင့် လျှပ်တပြက်တွင် ဤဝေဒနာ နာမ်တရားသည် ကုဋေတသိန်းမက ဖြစ်ပျက်လျက် ရှိနေသည်ဖြစ်၍-

**ဗုဒ္ဓာနံ့ယေဝ ဝိသယော။**

သမ္မာသမ္ဗုဒ္ဓဘုရားသျှင်တို့၏ အရာသာဖြစ်၏။

**သာဝကာနံ့ နဝိသယော။**

တပည့်သာဝကတို့၏ အရာမဟုတ်ပေ။

**ဥပမာ။** အဝေးမှမြင်ရသော မီးဝိုင်းကဲ့သို့ဖြစ်၏။ရုပ် တရားတွင် လျှပ်တပြက်၌ ကုဋေ ါးထောင်ကျော်မက ဖြစ်ပျက်လျက် ရှိသဖြင့်

(ခဏတ္တယဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ)။

(အကျိုးတရားကိုသာ ဉာဏ်မှာစွဲလို့ ခဏတ္တယဘဲလို့ မှတ်လိုက်စမ်းပါ)။

ထိုကြောင့် ၎င်းအကျိုးဝေဒနာသည် ခဏတ္တယဖြစ်သည့်အတိုင်း အဘယ်နည်းဖြင့် သာဝကတို့ ရှုဆင်ခြင်နိုင်ပါမည်နည်း။ မိမိခန္ဓာကိုယ်ကို ဝိပဿနာတင်၍ ဝေဒနာသဘော ဖြိုးဖြိုးဖြင်းဖြင်း တို့ကို ရှုသော် တွေ့မည်သာဖြစ်၏။သို့သော် အကျိုးတရားပေါ်တင်၍ ရှုသည်ဖြစ်သောကြောင့် အကျိုးတရား သတ်ဖြစ်နေ၏။ မဂ်တရား ဖိုလ်တရားနှင့်နီးနိုင်- မနီးနိုင် စဉ်းစားရန်ဖြစ်၏။

**ဥပမာအားဖြင့်**-ပဋ္ဌာစာရိဝတ္ထုကို ကြည့်သော် မိဘ၊ မောင်၊ လင် သား ၂-ယောက် ၆-ယောက်လောင်းပြိုင်ကိစ္စနှင့် ကြုံရရှာ၏။ပဌမ တွင် တကိုယ်လုံးယားယံပြီး ပြင်းပြစွာငိုယို၏။ ဤသည်တို့ကား၊ အဗန္ဓသည်းခြေ ခဏတ္တယဝေဒနာမျှဖြစ်၍ မရှုးသေးပေ။

ထိုနောက်တွင်မူ လင်သေပုံ၊သားများသေရပုံတွေကို တစိမ့်စိမ့် တွေးရင်း ဗဒ္ဓသည်းခြေပျက်ပြီးရူးရတော့၏။ ဤကဲ့သို့ ရူးလောက် အောင်တွေ့၍ ပူရခြင်းသည်အကြောင်း ဖြစ်-ပျက် ဝေဒနာဖြစ်၏။

(ဖြစ်-ပျက်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက် စမ်းပါ)။

(အကြောင်းတရားကိုသာ ဉာဏ်မှာစွဲလို့ ဖြစ်-ပျက်ဘဲလို့ မှတ် လိုက်စမ်းပါ)။

၎င်း ဖြစ်-ပျက် ဝေဒနာသည် ၆-လောင်းပြိုင် မသေမီကမဖြစ်၊ သေပြီးစကလည်း မဖြစ်သေး၊ နောက်မှသာဖြစ်၏။ သို့ဖြစ်၍ ၎င်း အကြောင်းဝေဒနာသည် အခါခပ်သိမ်း ဖြစ်သည်မဟုတ်၊ တခါ တရံမှသာဖြစ်ကြောင်း ရှင်းလင်းလှ၏။

**သတိ**။ မိစ္ဆာဓမ္မရုံတွေကို တွေးတွေးပြီး ခံစားခြင်း၊ စားမြုံ့ပြန် ခြင်းသဘောဖြစ်၍ ၎င်းသည်ထာဝရ ရှိမနေဟုသိခြင်းကို အမြင်မှန် ဟုဆို၏။

ဤတွင် မပဋ္ဌာရူးသွတ်ရခြင်းသည် အကြောင်းဝေဒနာကြောင့် သာဖြစ်၏။၎င်း၌ ဒိဋ္ဌိရော-တဏှာပါတွဲ၍ပါ၏။ (တနည်း) နာမ် ဖြစ်၏။

"ဒိဋ္ဌိဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက် စမ်းပါ"

"အတ္တဆိုတာ သူ့အစွဲမို့ အယူလွဲတဲ့ ဒိဋ္ဌိကြီးပါ"။

ဤကဲ့သို့ အတ္တဒိဋ္ဌိအကြောင်းရင်း ခံခဲ့ပါသော်—

**ဇာတိဒုက္ခာ တဏှာမူလကော**။

ဇာတိဒုက္ခာ - ဇာတိဒုက္ခဖြစ်ရခြင်းသည်။ တဏှာမူလကော- တဏှာလျှင် အကြောင်းရင်းရှိ၏။

ဤသို့သော တဏှာအကြောင်း ခံရှိသော် လူ - နတ် - ပြဟ္မာ၊ ဇာတိဒုက္ခကို အမှန်ပင်ရနိုင်၏။ ထိုမျှမကသေး—

**ဇာတိဒုက္ခော - ဒိဋ္ဌိမူလကော။**

ဇာတိဒုက္ခော။ ဇာတိဒုက္ခ ဖြစ်ရခြင်းသည်။ ဒိဋ္ဌိမူလကော။ ဒိဋ္ဌိ လျှင် အကြောင်းရင်းရှိ၏။

ဤသို့ ဒိဋ္ဌိအကြောင်းခံရှိသော်- အပါယ် ၄ - ဘုံ ဇာတိဒုက္ခကို ရမည်အမှန်ဖြစ်၏။

တဖန် • အကြောင်းသမုဒယကိုလည်း-

**သမုဒယေစ ဒွယေ ဝုတ္တာ။**

သမုဒယေစ • သမုဒယကိုလည်း။ ဒွယေ ၂-ပါးရှိ၏ဟု။ ဝုတ္တာ ဆိုအပ်၏။

ဤသမုဒယအကြောင်း ၂ - ပါးကို အရိယာအသျှင်မြတ်တို့သာ သိမြင်၍ ပုထုဇဉ်တို့၏အရာ မဟုတ်ကုန်။

(တဏှာဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ)။

(လူ့ဘုံ-နတ်ဘုံ-ပြဟ္မာ့ဘုံများနှင့် ဇာတိဒုက္ခဖြစ်စေခြင်းသာ)။ သာမကမှာ။ — အသျှင်သာရိပုတ္တရာဝတ္ထုကို ရှုသော်၊ "ယေ ဓမ္မာဟေတုပ္ပဘဝါ" ဟူသောအကြောင်းတရားကြောင့် အကျိုးဖြစ်ကြောင်းသိရ၍ အရိယာအဖြစ်သို့ ရောက်၏။

ဤကို ရည်တော်မူသော - ဗုဒ္ဓအသျှင်က—

**ကမ္မံဝိပါက ကဋတ္တာရူပံ နအဝိဇ္ဇယံ။**

ဝိပါက်ရုပ်ကြီးကို နိရောဓသစ္စာ အားဖြင့် လည်း ကောင်း၊ အကြောင်းသမုဒယသစ္စာ အားဖြင့်လည်းကောင်း၊ မကြံစည်ကြလေနှင့်ဟု ဆုံးမတော် မူခြင်းဖြစ်၏။ (ဝိပါက်ရုပ် ဆိုသည်ကား

ဝိညာဏ်၊ နာမ် ရုပ် - သဠာယတန - ဖဿ - ဝေဒနာ - အကျိုး ခန္ဓာ ၅ - ပါးဖြစ်၏။)

ထိုနည်းတူစွာ မိမိတို့သည်လည်း အကယ်တိ ဤကြောင်းကျိုး သဘာဝကိုမမြင်သော် ပဋ္ဌာစာရိကဲ့သို့သော အတွေ့မျိုးနှင့်ကြုံအံ့။ ရှုးရမည်အမှန်ဖြစ်၍ အထူး သတိသံဝေဂယူသင့်ပါသည်။

ဤဉ ပဋိစ္စသမုပ္ပာဒ်နည်းအရ အကြောင်းတရားကို ရှုဆင်ခြင် သော် - အထက်တွင် ဟောတော်မူသည့်အတိုင်း ဇာတိဒုက္ခ ဖြစ်ရ ခြင်းသည် ဒိဋ္ဌိနှင့်တဏှာတရားယုတ်တို့၏ လက်ချက် ဖြစ်ကြောင်း သိရာ၏။ အတိတ်အကြောင်းတရား ၅ - ပါးကြောင့် ပစ္စုပ္ပန်အကျိုး တရား ၅ - ပါး၊ ပစ္စုပ္ပန် အကြောင်းတရားကြောင့်၊ အနာဂတ် အကျိုးတရား ၅ - ပါးတို့ဖြစ်ပုံ၊ သဘာဝကို မသိခြင်းကား ဒိဋ္ဌိ ဖြစ်၏။ ထိုကြောင့် ၎င်းပစ္စက္ခအကျိုးတရားကို အနှစ်အသားအနေ ဖြင့် ဆုပ်ကိုင်ပြီးသော်၊ အနာဂတ်အကျိုးဇာတိကို ဖြစ်စေဦးမည့် ပစ္စုပ္ပန်အကြောင်းတရား တည်းဟူသော တဏှာဥပါဒါန် ဒိဋ္ဌိဦးစီး လျက်ပင်ပြု၏။ သို့ဖြစ်၍ အကြောင်းတရားကို မသိသည်က ဒိဋ္ဌိ။ အကြောင်းတရားကိုပြုသည်က တဏှာဖြစ်၏။ဤသို့ဖြင့် အဆုံးအစ မရှိသောမွေးသေဒုက္ခဖြင့် အတောမသတ်လည်ပတ်ရတော့၏။

(ဇာတိဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက် စမ်းပါ)။

(မွေး၊ သေ၊ မွေးသေဒုက္ခဘေးနှင့် စိတ်မအေးတဲ့ လူနာတ် ချမ်းသာ)။

ထိုကြောင့် ၎င်းအကျိုးတရားဇာတိကို လက္ခဏာ ရေးတင်၍ များ မင်ဆိုက်နိုင်သည်ဟုဆိုသော် တကမ္ဘာလုံးပင် အရိယာဖြစ်နိုင် ပေမည်။စင်စစ်မှာသော် ၎င်းသည် မအိုချင်၊ မနာချင်၊ မသေချင်၍

မနေရသော တား၍၊ ဆီး၍မရသော၊ အစိုးမရသော အဝသဝတ္တန အနတ္တသာဖြစ်၏။ ရှုသော် - သံဝေဂဉာဏ် — နိဗ္ဗိဒါဉာဏ်မျှသာ ရနိုင်သည်ဖြစ်၏။

(အနတ္တဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှုလိုက်စမ်းပါ)။

(တုန္တ - သုညာ - အနတ္တဘဲဟု ဉာဏ်မှာစွဲလို့ ရှုလိုက်စမ်းပါ)။

ဥပမာသော်—

လက်ခုပ်သံကို မေးက သူ့သဏ္ဍာန်ဖြင့် သူ မမြည်နိုင်ပါဟု ပြောပေမည်။ လက်ဝါး၂ - ဘက် စုံတီးမှသာ မြည်နိုင်မည်ဟု ဆိုမည်။ မတီးက ၎င်းအသံသည် တုန္တ-သုည အနေဖြင့် သုဉ်းဆိတ်နေမည်သာဖြစ်၏။

ထိုနည်းတူစွာ ဝေဒနာသည် နာမ်တရားဖြစ်၏။ အာရုံတို့ကို ညွတ်တတ်၊ ကိုင်းတတ်၊ ရှိုင်းတတ်၊ ခံစားတတ်သော သဘောဖြစ်ကြောင်းသိပြီးဖြစ်၏။ သို့သော် မိမိသဘောနှင့် မိမိဖြစ်သလောဟု အမေးပြုအံ့—

**ဝေဒနက္ခန္ဓော သဟေတုကော (ဝိဘင်းပါဠိတော်)**

ဝေဒနာက္ခန္ဓော - ခံစားခြင်းဆိုသည့် ဝေဒနာသည်။ သဟေတုကော - အကြောင်းနှင့်တကွ ဖြစ်ရပါ၏။

မိမိတို့၏အာရုံ ၆ - ပါးတို့၌ ကောင်း - မကောင်းစသည်ဖြင့် ခံစားလျက်ရှိသော ဝေဒနာသည်အကြောင်းမဲ့မဟုတ်၊အကြောင်းနှင့်တကွသာလျှင်ဖြစ်ရ၏။

သို့သော်—

## သိယာအဟေတုကော (ဒိဘင်းပါဠိ)

သိယာ အချို့ - အဟေတုကော - အကြောင်းနှင့်ကင်း၍လည်း ဖြစ်ရပါ၏။

တချို့သော ခံစားမှုဝေဒနာတို့မှာ အကြောင်းနှင့်ကင်း၍လည်း ခံစားသည်ရှိ၏။

သတိ-

" သဟေတုကဝေဒနာတွင်ဉာဏစရိယ၊အညာဏစရိယ ၂- ပါး ရ၍ အဟေတုက ဝေဒနာတွင် ဝိညာဏစရိယ ၁ -ပါးသာ ရပုံ ကိုလည်း အထူးဝင်စားအပ်ပါလည်။

မသိတာရုပ် - သိတာနာမ်ဆိုပြီး သိမ်းဆည်းရုံမျှဖြင့် အကျိုး မကြီးသည်ကို မြင်တော်မူသော ဘုရားသျှင်က—

**ဝေဒနာ ဘိက္ခဝေ အဇာနတာ အပဿတာ။**
**ယထာဘူတံ ဉာဏာယသတ္တာ ပရိယေသိတဗ္ဗာ။**

ဘိက္ခဝေ - ချစ်သားရဟန်းတို့။ ဝေဒနာ။ ခံစားတတ်သည်ဆို သော ဝေဒနာကို၊ အဇာနာတာ။ မသိခြင်းကြောင့်။ အပဿတာ မမြင်ခြင်းကြောင့်။ ဝေဒနာသု=ဝေဒနာတို့၌ ဉာဏာယ။ သိခြင်းငှာ သတ္တာ -သပ္ပုရိသ သံသေဝဆရာကို။ ပရိယေတဗ္ဗာ။ ရှာမှီး၍ဆည်း ကပ်အပ်၏=ဟူ၍ ဆုံးမတော်မူခြင်းဖြစ်ပါသည်။

တဖန်။ ဝေဒနာတွင် ကုသိုလ်-အကုသိုလ် ဝေဒနာတို့မှ ကင်း သော အဗျာကတဝေဒနာဟူ၍ရှိ၏။ ၎င်းမှာ အိပ်မက်တွင် ထိုထို ဤဤသော အာရုံကို ခံစား၏။ သို့ပင်ခံစားသော်လည်း ကုသိုလ်၊ အကုသိုလ်မဖြစ်။

ထို့ပြင်—

ပရိယာပန္နဝေဒနာ—ကာမ၊ ရူပ၊ အရူပဘုံတို့၌ အကျုံးဝင် ခံစားသော ဝေဒနာ။

အပရိယာပန္နဝေဒနာ— ဘုံသုံး ပါး၌ အကျုံး မဝင်သော ဝေဒနာ။

မဂ်အာရုံ - နိဗ္ဗာန်အာရုံဖြစ်၍ ဝိမုတ္တိရသလိုကို ခံစားသော သဘော။

ဤကဲ့သို့ဝေဒနာကို ကြောင်း—ကျိုး ကွဲပြီးသိမြင်မှသာ အကျိုး ကြီးမည်ဖြစ်၏။

ထို့ပြင် -

သံကိလေသ - သံကိလေသိကော။

မိမိကညစ်ညူး-ညစ်ညူးသောသူတို့၏ အာရုံပြုခံရသောဝေဒနာ။

အသံကိလေသ အသံကိလေသိကော။

မိမိကလည်း မစင်ကြယ်၊ မစင်ကြယ်သောသူတို့၏ အာရုံပြု ခံရသော ဝေဒနာ။

ဤတွင်လည်း ဝေဒနာ ဒွယဖြစ်၏။ ၎င်းသဘာဝကို မသိမမြင်ခြင်းသည်ပင် အဝိဇ္ဇာ (တနည်း) မောဟ,မည်၏။

( မောဟဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )။

( အကြောင်းကျိုးနှစ်ဖြာဉာဏ်မလင်းလို့ မိုက်မကင်းတဲ့အဝိဇ္ဇာ မီးပါ )။

ဤကဲ့သို့ သိမြင်သော် အမြင်မှန်ဖြစ်၍ အမောဟ (တနည်း) ဝိဇ္ဇာဉာဏ် (တနည်း) ပညိန္ဒြေဖြစ်၏။ သို့ဖြစ်၍ ကြောင်း - ကျိုးသိမြင်သော သောတာပန်အရိယာသည်-

ဒဿနေန ပဟာတဗ္ဗာ။

အရ ဒိဋ္ဌိဖြင့် ခံစားလေ့ရှိသော အကြောင်းဝေဒနာကို မဂ်ဉာဏ်ဖြင့် ပယ်ခြင်း ဖြစ်၏။

( ဒိဋ္ဌိဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )။

( အတ္တာဆိုတာ သူ့အစွဲမှိ အယူလွဲတဲ့ ဒိဋ္ဌိကြီးပါ )။

ဘာဝနာယ ပဟာတဗ္ဗာ။

အထက်မဂ် ၃ - ပါးဖြင့် ပယ်အပ်သော ဝေဒနာ။

ဤတွင် သောတာပတ္တိမဂ်ဉာဏ်ဖြင့် ပယ်သတ်သော ဝေဒနာ။

သည်ဒိဋ္ဌိနှင့် ယှဉ်သောဝေဒနာဖြစ်၍—

အထက်မဂ် ၃ - ပါးဖြင့် ပယ်သတ်သော ဝေဒနာသည်—

တဏှာနှင့် ယှဉ် သော ဝေဒနာဖြစ်သည်ကိုလည်း သတိပြုရပါမည်။

သတိ- အာစယဂါမိဝေဒနာ = ပဋိသန္ဓေကို ဆည်းပူး၍ မသွားတတ် သောဝေဒနာ (တနည်း) ပဋိသန္ဓေကို ပစ်ချနိုင်သော ဝေဒနာ။

အပစယဂါမိဝေဒနာ = ပဋိသန္ဓေကို ဖျက်ဆီး နိုင်သောဝေဒနာ။

၎င်းမှ ဓမ္မဂတ္တိရ - အကြောင်းတရားသဘောနှင့်အတ္တဂတ္တိရ - အကျိုးတရားသဘောကို တွေ့မြင်အောင်ရှာရ၏။ ပဋိဝေဓဂတ္တိရဉာဏ်ဖြင့် ထိုးထွင်း၍သိသော ပညာမှသာလျှင် အကျိုးကြီးပေမည်။ ဝေဒနာဆိုတိုင်း စိုးရိမ်ကြောက်လန့်နေရုံမျှဖြင့် မပြီးပေ၊ မဂ်သိဖိုလ်သိ ဟူ

သည်မှာ မဂ်ဉာဏ် - ဖိုလ်ဉာဏ်ပင်ဖြစ်သဖြင့် ဝိပဿနာ အရာတွင် ပညာဉာဏ်ကို အားကုန်မွေ့နှောက် ပွားများနိုင်မှသာ ကိစ္စပြီးနိုင်မည်ဖြစ်သည်ကို သတိမမေ့အပ်ပေ။

ဤတွင် ပဋိသန္ဓေကို မဖျက်ဆီးနိုင်ဆိုခြင်းမှာ ပဋိသန္ဓေကိုဆက်ခါ ဆက်ခါ နေနိုင်သောဝေဒနာကို ဆိုလို၏။ ၎င်းသည်အကြောင်းဝေဒနာဖြစ်၏။

ပဋိသန္ဓေကို မဆည်းပူးနိုင်သော ဝေဒနာ (တနည်း) ပဋိသန္ဓေကိုမပစ်ချနိုင်သော ဝေဒနာကား - အပစယဂါမိ ဝေဒနာဖြစ်၏။ ၎င်းသည် အကျိုးဝေဒနာဖြစ်၏။

ထိုကြောင့် ပဋိသန္ဓေကို နေနိုင်သော ဝေဒနာ (တနည်း) ပဋိသန္ဓေကို မဖျက်ဆီးနိုင်သော အကြောင်းဝေဒနာတို့မည်သည်မှာ တဏှာ - ဒိဋ္ဌိတို့ဖြင့် ယှဉ်သည်ဖြစ်၍ ဇာတိဒုက္ခကို ရစေခြင်းဖြစ်ပေသည်။

( တဏှာဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )။

( လူ့ဘုံ - နတ်ဘုံ - ပြဟ္မာဘုံများနှင့် ဇာတိဒုက္ခ ဖြစ်စေခြင်းသာ )။

( ဇာတိဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )။

( မွေးသေ - မွေးသေဒုက္ခဘေးနှင့် စိတ်မအေးတဲ့ လူနတ်ချမ်းသာ )။

ဤသည်ပင်လျှင် ဝေဒနာ တလုံးတည်း၌ ကြောင်း - ကျိုးသဘာဝကို ရှာနေခြင်းဖြစ်ပေရာ တွေ့မြင်သော် - အမှန်မြင်သော် သောတာပတ္တိမဂ်ကိုရ၏။ ထို့ပြင် ၎င်းအကြောင်း ဝေဒနာသည်

အခါခပ်သိမ်း ဖြစ်ပေါ်နေသည်မဟုတ်၊ တခါတရံမှသာလျှင် ဖြစ်ပေါ်တတ်သည့်ပြင် အနိစ္စတရားလည်းဖြစ်၏။

(အနိစ္စဆိုတာဘာယ်ဟာလဲလို့သဘာဝသိအောင်ရှာလိုက်စမ်းပါ)

( ကြောင်း - ကျိုး နှစ်ဖြာအနိစ္စဘဲဟု ဉာဏ်မှာစွဲလို့ ရှုလိုက်စမ်းပါ )။

ဤ၌ ကြောင်း - ကျိုးအနိစ္စဟူ၍ ဒွယအားဖြင့် ရှိပြန်ပေရာ

အကျိုးဝေဒနာသည်ကား-ခဏတ္တအနိစ္စဖြစ်၏။ ပဋိသန္ဓေစိတ်မှသည် စုတိစိတ်တိုင်အောင် ဥပါဒ် ဌီ ဘင်အားဖြင့် ဆက်တိုက်သွား၏။

အကြောင်းဝေဒနာကား - ဖြစ် ပျက်အနိစ္စဖြစ်၏၊ ပဋိသန္ဓေစိတ်မှစ၍ ဖြစ်သည်မဟုတ်၊ နောင်ကြီးပြင်းလာသောအခါ အကြောင်း တိုက် ဆိုင် မှ ဖြစ်ပေါ်တတ်၏။

ဤသဘာဝကို အမှန်မြင်သော် သကဒါဂါမိမင်ကိုရ၏။

တဖန်တုံ 'နေဝါစယဂါ မိဝေဒနာ' - ပဋိသန္ဓေ မနေနိုင်သော ဝေဒနာ။

'နာပစယဂါမိဝေဒနာ' - ပဋိသန္ဓေကို မဖျက်ဆီးနိုင်သော ဝေဒနာ။

ဟူ၍ရှိပြန်ပေရာ၊ ဝေဒနာတွေ အလွန်များပြားစွာ ပွားလျက်ရှိနေပေသည်။ မရှိ၍လည်းမဖြစ်၊ ဤကဲ့သို့မသိမြင်၍ ဉာဏ်တွေဝေ· နေခဲ့သည်ရှိသော်၊ အဘယ်နည်းဖြင့် ပယ်အပ်သောဝေဒနာ၊ မပယ်အပ်သောဝေဒနာဒွယကို အပိုင်ဆုပ်ကိုင် နိုင်ပါမည်နည်း။

' ပဟာတဗ္ဗဝေဒနာသည် ' - ပယ်အပ်သော ဝေဒနာဖြစ်ရာ လူဖြင့်ပယ်၍မရနိုင်၊ မဂ်ပညာ

ဖြင့် ပယ်မှသာ ရနိုင်သောကိစ္စ
ဖြစ်၍တမျိုးအရေးကြီး၏။

'အပဟာတဗ္ဗဝေဒနာသည် - မပယ်အပ်သောအကြောင်းတရား
ကင်းသည့် အဟေတုက ဝေဒနာ
(တနည်း)'ဝိညာဏစရိယဝိညာဏ်'
၌ မှီ၍ဖြစ်၏၊ မဂ်သဘောအားဖြင့်
'ဥာဏစရိယ ဝေဒနာ' ဟုလည်း
ဆို၊ ၎င်းကိုပယ်က မဂ်မရနိုင်သည်
ဖြစ်၍ တမျိုးအရေးကြီး၏။

**"သတိပြုရန်အချက်"**

ဝေဒနာ နုပဿနာကို အားထုတ်ကြသော ယောဂီ သူတော်စဉ်တို့သည်၊ အကြောင်းဝေဒနာနှင့်၊ အကျိုးဝေဒနာ ၂ - ပါးကို မသိဘဲအားထုတ်ပါက၊ ဥပမာ ရန်သူဘဲထင်၍ ဓားနှင့် ခုတ်သတ်ပါက၊ ရန်သူ မဟုတ်ဘဲ၊ အနန္တကျေးဇူးရှင် မိဘ ၂-ပါးကို သတ်မိသောသူကဲ့သို့ လောကုတ္တရာ အပရိယာပန္နဝေဒနာနှင့် အပ္ပမာဏာရမ္မဏာဝေဒနာ ၂-ပါးကိုသတ်မိက( ဗာလနံ ခြုံကို ထိုးထမ်းပိုးကြီးနှစ်ချောင်းကျိုး ) ဆိုတာလို ဖြစ်လိမ့်မည် သတိပြုပါ။

တနည်း –

'ပရိယာပန္နဝေဒနာ' - ဘုံ ၃ - ပါး၌ အကျုံးဝင်သော
ဝေဒနာ။

'အပရိယာပန္နဝေဒနာ' - ဘုံ ၃-ပါး၌ အကျုံးမဝင်သော
ဝေဒနာ လောကုတ္တရာကို
ယူပါ။

အပ္ပမာဏာရမ္မဏဝေဒနာ-နိဗ္ဗာန်ကိုအာရုံပြုသောဝေဒနာ
( တနည်း ) ငြိမ်းချမ်းရေးကို
အာရုံပြုသောဝေဒနာ။

( နိဗ္ဗာန်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )

( ငါးပါးအာရုံ ကာမဂုဏ်တရားနှင့် အာရုံ မပျောတဲ့ နိဗ္ဗာန်ကြီးပါ )

( နိဗ္ဗာန်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )

( ကိလေ ငြိပွေဒုက္ခဘေးတို့ အလွန်အေးတဲ့ နိဗ္ဗာန်ကြီးပါ )

( နိဗ္ဗာန်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )

( မွေးသေ၊မွေးသေဒုက္ခဘေးတို့ အလွန်အေးတဲ့နိဗ္ဗာန်ကြီးပါ )

( နိဗ္ဗာန်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )

( ရုပ်နာမ်ခန္ဓာ ချုပ်ပြတ်ငြိမ်း၍ အရှုပ်ဇာတ်သိမ်းတဲ့ နိဗ္ဗာန်ကြီးပါ )

ဤကား ဗရုတ်သုက္ခ ရုပ် နာမ်တရားတွေ မရှိနိုင်သောနေရာဖြစ်၏။ ဤကဲ့သို့သော ရုပ်နာမ်တရားတို့ဖြင့် မပူမပင်အေးချမ်းစွာနေရသည်ကိုပင် ဝိမုတ္တိရသကို ခံစားနေသည်ဟုဆိုရ၏။

တဖန်တုံ-

ဟီနဝေဒနာ - တဏှာဒိဋ္ဌိဖြင့် ခံစားခြင်းဝေဒနာ။

မဇ္ဈိမဝေဒနာ - ဒါန သီလ သမထ ဘာဝနာ ကုသိုလ်စိတ်ဖြင့် ခံစားသောဝေဒနာ။

ပဏီတ ဝေဒနာ - နိဗ္ဗာန်ကိုအာရုံပြုသောဝေဒနာ။
မဂ္ဂါရမ္မဏဝေဒနာ – သောတာ မဂ္ဂိမဂ် သကဒါဂါမိဂ် အနာဂါမိဂ် အရဟတ္တမဂ်တို့ကို အာရုံ ပြုသော ဝေဒနာ။

အာသဝသမ္ပယုတ္တဝေဒနာ - ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝနှင့် ယှဉ်သော ဝေဒနာ၊ ဤ ၄-ပါးမှလွတ်သော် အရဟတ္တမဂ်ဆိုက်၏။

ထို့ကြောင့်မိမိတို့၏ သင်္ချိုင်းရှေ့ခွက်နှင့်တူသော ဥာဏစရိယဥာဏ်တွင် ခြင်္သေ့ဆီနှင့်တူသော ပဏီတဝေဒနာ မဂ္ဂါရမ္မဏ ဝေဒနာတို့တည်အောင် အချိန်ရှိခိုက် အထူး ကြိုးစားအပ်လှပေသည်။

( ခြင်္သေ့ဆီ သင်္ချိုင်းရှေ့ခွက် သောတမှာ တရှိန်ရှိန်—နွားနို့ဆီ မြေနီအင်ခွက် ပေါ့ပြလဲ တမှိန်မှိန် )

မြေနီအင်ခွက်နှင့်တူသော ဥာဏ်ရှိနေက ဘယ်လို ဘယ်ကဲ့သို့ပင် ပေါ—ပေါ မလွယ်လှပေ။

( အဝိဇ္ဇာဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )

( ကြောင်းကျိုးနှစ်ဖြာ ဥာဏ်မလင်းလို့ မိုက်မကင်းတဲ့ မောဟမိုးပါ )

အဝိဇ္ဇာသဝဖြစ်၏။

(ဒိဋ္ဌိဆိုတာ ဘယ်ဟာလဲလို့သဘာဝသိအောင်ရှာလိုက်စမ်းပါ)
(အတ္တဆိုတာ သူ့အဖွဲ့မို့ အယူလွဲတဲ့ ဒိဋ္ဌိကြီးပါ)
ဒိဋ္ဌာသဝဖြစ်၏။

(တဏှာဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင်
ရှာလိုက်စမ်းပါ)
(လူ့ဘုံ-နတ်ဘုံ-ဗြဟ္မာဘုံများနှင့် ဇာတိဒုက္ခဖြစ်စေခြင်းသာ)
ကာမာသဝဖြစ်၏။

(သံသရာဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင်ရှာ
လိုက်စမ်းပါ)
(မောဟအဝိဇ္ဇာ တဏှာငြိသဖြင့် ချာချာလှည့်တဲ့သံသရာကြီးပါ။)
ဘဝါသဝ-ဖြစ်၏။

ဤကား အာသဝ ၄-တန်ဖြစ်ရာ ၎င်းတို့ချုပ်ခြင်းသည်၊ နိဗ္ဗာန်ဖြစ်၏။ သို့မှသာလျှင် အချင်းခပ်သိမ်း အေးချမ်းမှုကို ရပေမည်။ အရှုံးပျောက်ပြီး၊ မရှုံးတော့ပြီ၊ အကြောင်းတရားငြိမ်းခြင်းဖြစ်၏။

ယင်း ဝေဒနာဖြစ်သော ဝေဒနက္ခန္ဓာအစုသည် ပရိယတ်သဘောစာသဘောဖြင့် သိ၍ ကိစ္စပြီးလိမ့်မည်မဟုတ်၊ ဘာဝနာ ဉာဏ်ကို ကျိုးစား၍ အားထုတ်သောအခါ၌ မဟာကုသိုလ်ဉာဏ သမ္ပယုတ်စိတ်ဖြစ်လာလိမ့်မည်။ ထိုစိတ်ဉာဏစရိယပင် ဖြစ်၏။ ထိုဉာဏ်ဖြင့် ထိုးထွင်းသိမြင်ခြင်းကို ပဋိဝေဓဂမ္ဘီရဉာဏ်ဆိုသည်မှတ်ပါ။

တဖန်—

ပရာမဋ္ဌဝေဒနာ – ဒိဋ္ဌိဖြင့် သုံးသပ်သော ဝေဒနာ (တနည်း) အကြောင်းတရား ၂ - ပါးဖြစ်သော ဒိဋ္ဌိ တဏှာဖြင့် ခံစားသောဝေဒနာ။

အပရာမဋ္ဌဝေဒနာ – ဒိဋ္ဌိ၊ တဏှာ၊ အကြောင်းတရား ၂ - ပါး ဖြင့် မခံစားသော ဝေဒနာ။

ဟူ၍လည်း ၂ - ပါးပြားပေရာ—

သာဓကအဖြစ် - ဝဿကမ္မာနှင့် မဏိစန္ဒာဝတ္ထုကို ကိုးသင့်၏။

မဏိစန္ဒာသည် ဘုံ - ၇ - ဆင့်ရှိပြာသာဒ်ထက်တွင် အဖပစ်သွားသော သားငယ်ကို ပိုက်တွေး၍ အမျိုးမျိုးပူပန်၏။ မျက်ရည်ကား တနေ့မပြတ်ကျ၏။ ၎င်းမျက်ရည်သည် ဝေဒနာနှင့်ကင်းပြီး ကျနိုင်သောမျက်ရည်မဟုတ်၊ တဏှာ - ဒိဋ္ဌိဖြင့်ယှဉ်၍ ကျရသောမျက်ရည်ဖြစ်သဖြင့် ( အကြောင်းဝေဒနာ မျက်ရည်ဖြစ်၏။ အာသဝသမ္ပယုတ္တဝေဒနာလည်း မည်၏။ )

ဆရာရိုက်၍ ကျသောမျက်ရေ။ မိဘရိုက်၍ ကျသောမျက်ရေ ပိုးစပ်လောင်ဝင်၍ ကျသောမျက်ရေ စသည်တို့ကား အကျိုးဝေဒနာ မျက်ရေဖြစ်၏၊ တဏှာ ဒိဋ္ဌိတို့ဖြင့် မယှဉ်သည် ဖြစ်၍လည်း အာသဝဝိပ္ပယုတ္တဝေဒနာမည်၏။

တဖန်—

နိယျာနိကဝေဒနာ = သံသရာမှ ထွက်မြောက်နိုင်သော ဝေဒနာ။

အနိယျာနိကဝေဒနာ = သံသရာမှ မထွက်မြောက်နိုင်သော ဝေဒနာဟူ၍လည်း ၂-ပါးပြားပေရာ။ မဏိစန္ဒာ၏ ဝေဒနာသည်

သံသရာမှမထွက်မြောက်နိုင်သော
ဝေဒနာဖြစ်၏။

မောင်တော်ဖြစ်ခဲ့ဘူးသော- တိဿမထေရ်ခေါ် ဝဿကမှာမှာမူ ကာ၁မ-ရာ၇-ပဋိဃတရားယုတ်တို့ကို ပယ်သတ်ပြီးဖြစ်၍ အနာဂတ် ပုဂ္ဂိုလ်မြတ်ဖြစ်၏၊ မထေရ်မြတ်က မဏိစန္ဒာကိုသတိမရမရှိ။ ရမည် သာဖြစ်၏၊ သို့သော် တဏှာ-ဥပါဒါန်တို့ မယှဉ်သော အာရုံဖြစ်၍ အနုပါဒါနိယ ဓမ္မာရုံသာဖြစ်၏၊ ပုထုဇဉ်တို့ယူသော အာရုံကား တဏှာ - ဒိဋ္ဌိတို့ဖြင့်ပြီးသောကြောင့်၊ ဥပါဒါနိယဓမ္မာရုံဖြစ်ရာ ဤ၌ အဘယ်မျှကွာခြားသည်ကို သတိပြုရန်ဖြစ်၏။

နောက်ဆုံးမှာသော် မယ်တော်မဏိစန္ဒာ၏ ခွင့်ပြုချက်ဖြင့် သား တော်လေး မဟာဝုန်ပြဿဒ်-ကျောင်းတော်သို့လိုက်လာပြီး ခမည် တော် တိဿမထေရ်နှင့်တွေ့ရ၏။သားတော်၏ဖြစ်စဉ်ကို ဝိပဿနာ တင်၍ ရှုခြင်းဖြင့် တိဿမထေရ် အရဟတ္တဖိုလ်၌ တည်တော်မူ၏။

နောက်သားတော်အား မိခင် မဏိစန္ဒာကို ပြန်ခေါ်ခိုင်း၍ ရောက်သော် ဂေါတမီ-ကိသာဂေါတမီ အမ္ဗပါလီ အစရှိသော ရဟန္တာဘိက္ခုနီမကြီးများထံ ပို့အပ်ပြီး ရဟန်းပြုစေ၏၊ မကြာမြင့် မီကာလ၌ပင်လျှင် အရဟတ္တဖိုလ်ကို ရတော်မူပြန်၏။

သတိ — နောင်-သူတို့ခြင်း တွေ့သော် လင်မယားတော်စပ်ခဲ့ ကြောင်း သိပါဦးမည်လော၊ မသိမရှိ၊ သိကြမည်သာ ဖြစ်၏၊ စကားပြောခြင်း၊ ပြုံးရယ်ခြင်း ပြုကြသော်လည်း ၂-ပါးစလုံးတွင် အာသဝတရားတို့ အလျဉ်းမရှိတော့သဖြင့်၊ အနုပါဒါနိယဓမ္မာရုံ အားဖြင့်သာလျှင် ခံစားတော်မူကြခြင်း ဖြစ်ပေသည်၊ အနုပါဒါန် ဝေဒနာမျိုးမှတ်။

ဤရှေ့တွင်ကား-ဝိပဿနာနယ်တွင် နာမည်ကြီးဖြစ်သော ဝေဒနာကို လိုက်နိုင်တော့ပြီ ဖြစ်ပေရာ မဂ်ဉာဏ် - ဖိုလ်ဉာဏ် တို့ကို လှမ်းကိုင်နိုင်သော ဘာဝနာမယဉာဏ်သန့်သန့်ဖြင့် ထေရဝါဒ-အရိယသစ္စာနည်းဖြစ်သော သုခပဋိပဒါလမ်းစဉ်ကို လက်ကိုင်ပြုကာ ပါရမီအားလျော်သော လိုရာပန်းတိုင်အရောက် လှမ်းနိုင်ကြပါစေသတည်း။

# သညက္ခန္ဓာ - သင်္ခါရက္ခန္ဓာ - ဝိညာဏက္ခန္ဓာ
# တရားတော်

ခန္ဓာ ၅ - ပါးအနက်မှ ရူပက္ခန္ဓာ နှင့် ဝေဒနာက္ခန္ဓာ တို့သည် ဘာဝနာလုပ် ငန်းအတွက် ဝိပဿနာနယ်တွင် အရေးကြီးသည့် အလျောက် အကျယ်တဝင့်ဟောတော်မူပြီး၏၊ သညက္ခန္ဓာ-သင်္ခါရ က္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာတို့ ကျန်ရှိနေပေရာ ၎င်းတို့ကို နိဗ္ဗာန် အဖွင့်နှင့် တွဲ၍ အကျဉ်းနည်းအားဖြင့် ဟောတော်မူပေရာ-

သညက္ခန္ဓာသည် = မှတ်သားမှုအစု (တနည်း) သညာစေ တသိက်(တနည်း) မေ့ာရုံဖြစ်၏။

ဗုဒ္ဓသျှင်တော်မြတ်က—

**အသမာ ပန္နဿ သညာ ဟီနာ။**

စျာန်ဝင်စားမှုနှင့်တကွ ဝိပဿနာဉာဏ် မရှိသော သူအား မှတ်သားမှုသညာသည်ယုတ်၏။

ဟူ၍ ဟောတော်မူရာ အဘယ်ကြောင့် ယုတ်ပါသနည်းဟူမူ ဒိဋ္ဌိ-တဏှာ ခြီးစီးပြီး အမှတ်ပြုသောကြောင့်ဖြစ်၏။

**သမာပန္နဿ သညာ ပဏီတာ။**

စျာန်ဝင်စားမှုနှင့်တကွ ဝိပဿနာဉာဏ်ရှိသူ၏အမှတ်သညာ သည်မြတ်၏။

အဘယ်ကြောင့်ဟူမူ ၎င်းသညာသည် ဇာတိဒုက္ခ-ဇရာဒုက္ခ-ဗျာဓိ ဒုက္ခ- မရဏဒုက္ခတို့ကို မှတ်သောကြောင့် ဖြစ်၏၊ ဤခန္ဓာကိုယ်

ကောင်ကြီးသည် များလှစွာသော ဒုက္ခကောင်ကြီးဖြစ်၏၊ တဏှာ ဥပါဒါန်ကြောင့်ဖြစ်ရသော ဤဒုက္ခတွေသည် အတ္တသတ္တဝါမရှိသော်လည်း တား၍ဆီး၍မရသော သဘောတို့လည်းဖြစ်သောကြောင့်-

"အသမာပန္နဿသညာ"သည်ဝိပဿနာပညာမပါသောသညာဖြစ်သဖြင့် အာဝေယကါမိ = ပဋိသန္ဓေ ကိုလည်း ဆည်းပူး—အပစာယဂါမိ = ပဋိသန္ဓေကိုလည်း မဖျက်ဆီးနိုင်သော သညာဖြစ်၍ ယုတ်၏ဟု ဟောတော်မူခြင်းဖြစ်၏။

သမာပန္နဿသညာသည် ဝိပဿနာပညာပါသော သညာဖြစ်သဖြင့်နေဝါစယဂါမိ-ပဋိသန္ဓေ မနေနိုင်သောကြောင့် (တနည်း) နေနိုင်သော သတ္တဝါမရှိသော ကြောင့် လည်းကောင်း - နာပစယဂါမိ = ပဋိသန္ဓေ မနေနိုင်သည့်အတိုင်း ဇာတိဒုက္ခကို မပေးနိုင်သောကြောင့်မြတ်၏ဟု ဟောတော်မူခြင်းဖြစ်၏။

ထိုကြောင့်—ပဏီတသညာ (တနည်း) မြတ်သော သညာကို - အနာသဝသညာနှင့် ဟီန (တနည်း) ယုတ်သောသညာကို အာသဝသညာဟူ၍ ၂-ပါးပြားရာ၏၊ (ဤသည်ကား သညာ-ဒွယဖြစ်ပုံကို သတိပြုရန်ဖြစ်ပါသည်။)

သညက္ခန္ဓာသည် တပါးတည်း ဖြစ်ပေါ်နိုင်သော သဘာဝမဟုတ်ပေ-ပစ္စယ သမဂ္ဂီသဘော အများစုပေါင်းပြီးမှသာ ဖြစ်နိုင်သော သဘာဝဖြစ်၏။

သင်္ခါရက္ခန္ဓာ။

" အသမာပန္နဿသင်္ခါရာ ဟီနာ "

ဝိပဿနာဉာဏ် မပါသော - သင်္ခါရသည် ယုတ်၏ဟု ဟောတော်မူ၏။ အဘယ်ကြောင့်ဟူမူ ဘဝကောင်းစားရေးကို ရည်မှန်း

ပြီးပြုသော အကြောင်း ဖြစ် - ပျက် - သင်္ခါရ ဖြစ်သောကြောင့် ဖြစ်၏။

သမ္မာပန္နဿသင်္ခါရာ ပဏီတာ။

ဝိပဿနာဉာဏ်ပါသော သင်္ခါရသည် မြတ်၏။ ထိုကြောင့် မိမိတို့သည် စင်ကြယ်သော သုဒ္ဓသင်္ခါရကိုသာ ပြုမိစေ၍ မစင်ကြယ်သော အသုဒ္ဓသင်္ခါရကို မပြုမိကြစေဘို့ အရေးကြီးလှပေသည်။

အရိယာအသျှင်မြတ်တို့တွင် အထက်တွင် ဟောတော်မူပြီးဖြစ်သည့်အတိုင်း ကာယသင်္ခါရ - ဝစီသင်္ခါရနှင့် စိတ္တသင်္ခါရ အကျိုးသင်္ခါရ တို့သာရှိ၍ ပုထုဇဉ်တို့တွင်ကား - ပုညာဘိသင်္ခါရ - အပုညာဘိသင်္ခါရနှင့် အာနေဉ္စာဘိသင်္ခါရတို့ကို ပြုသဖြင့် သံသရာမှ မလွတ်မြောက်နိုင်ခြင်း ဖြစ်၏။

ပဏီတသင်္ခါရသည် - အနာသဝသင်္ခါရဖြစ်၏။

ဟီနသင်္ခါရသည် - အာသဝသင်္ခါရဖြစ်၏။

ဝိညာဏက္ခန္ဓာ။

ဝိညာဏ်ဆိုသည်မှာ - ဝိညာဏဖြစ်၏။ ဉာဏ= သိခြင်း။

ဝိ=အထူး၊ ဝိညာဏ= အထူးသိခြင်းဟုရ၏။ ဤကဏ္ဍာ၌ ၎င်းကို ဝိညာဏစရိယဟူ၍ ရ၏။

ဗုဒ္ဓ အသျှင်မြတ်တွင် အကုသလဝိပါက် ဝိညာဏ် ဖြစ်သော အနိဋ္ဌာရုံနှင့် ကုသလဝိပါက်ဝိညာဏ်ဖြစ်သော ဣဋ္ဌာနရုံတို့ကို ခံစားတော်မူရ၏။ သို့သော် - တဏှာ - ဒိဋ္ဌိအပြီးအပိုင်ချုပ်တော်မူပြီး၍ ဝိညာဏစရိယ ဝိညာဏ်သာဖြစ်၏။

ထိုပြင် တချို့မှာ နသတ္တော - နိဇ္ဇီဝေါ၊ နပုဂ္ဂလော - နပူရိသော စသည်ဖြင့် သတ္တဝါ၊ ပုဂ္ဂိုလ်၊ ယောကျ်ား၊ မိန်းမ၊ မရှိဟု ပြောလေ့ ဟောလေ့ရှိနေကြ၏။ ဤတွင် နားကြားရသူတို့မှာ သို့ဖြစ်

သော် ဘုရားရှင်ကအဘယ်ကြောင့်၊အပြဟ္မစရိယ၊ပါကာတိပါတက် တို့ကို ပညတ်တော်မူပါသနည်းဟူသော သို့လော - သို့လောခေါ် ဝိစိကိစ္ဆာသည် ဝင်တော့၏။ဤကဲ့သို့ မရေမရာ - ဇဝေဇဝါ ဖြစ်ခဲ့ သော် - အဘယ်မှာလျှင် မိစ္ဆာဒိဋ္ဌိခေါ် အမြင်မှားမှ ကင်းလွတ် နိုင်ပါအံ့နည်း။

သို့ဖြစ်၍ အထက်တွင် ဟောတော်မူပြီးသော ကင်္ခိယ အနုတ္တရ ဘာဝနာကို သုံးသပ်သင့်ပါသည်။ အကျဉ်းအားဖြင့်မူ—

ကင်္ခိယ ဘာဝေါကင်္ခိယံ

ကင်္ခိယ - အစိုးရသည်၏။ ဘာဝေါ - အဖြစ်တည်း။

ကင်္ခိယံ - အစိုးရသည်၏အဖြစ်၊ အစိုးရခြင်း၊ အစိုးရမှုကို ဆိုလို သည်ဖြစ်ရာ—

ဥပမာသော်—

ကုဿိဘာဝေ ကင်္ခိ ကာရေတိတိ ကုဿိကင်္ခိယံ။

ကုဿိဘာဝေ - ကုဿိဘာဝရုပ်၌၊ကင်္ခိ - အစိုးရသောကံကို ကာ ရေတိ - ပြုစေတတ်၏။ ဝါ၊ ပြီးစေတတ်၏။ ကုတိတသ္မာ - ထို ကြောင့် ကုဿိကင်္ခိယံ - မိန်းမရုပ်ကို အစိုးရသောကံမည်၏။ ဝါ၊ အမူအရာမည်၏။

ထိုကြောင့် – ကုဿိဘာဝရုပ်က – ၁ ပါး။

ကင်္ခိယပစ္စည်းခေါ်ကံ (တနည်း) အမူအရာက ၁ ပါးဖြစ်၏။

ကုဿိဘာဝရုပ်ကား = ဝတ္ထုဒသက ကလာပ်။ ကမ္မဇရုပ် - အကျိုးဝိပါက်ပရမတ္ထ သစ္စာဖြစ်၍—

ကင်္ခိယပစ္စည်းကား = ကံရိပ် အမူအရာ - ပရမတ္ထ ဓမ္မာရုံ - ပုဂ္ဂိုလ် - သတ္တဝါမဟုတ်လေ။

ပုထုဇဉ်တို့တွင် မြင်ရသော ကံရိပ် အမှုအရာမျှ ဖြစ်သော သဘောကို မြင်၏။ မမြင်အပ်သော ပရမတ္ထ သဘာဝ ဖြစ်သည့် ဘာဝရုပ်အဖြစ်ဖြင့် ဆွဲကိုင်သည်ဖြစ်၍ မိစ္ဆာဒိဋ္ဌိ၌ ကျရခြင်းဖြစ်၏။ ပါဏာတိ ပါတကံ - အပြဟ္မစရိယစသော သိက္ခာပုဒ်တို့မှာ ဘာဝ ရုပ်အတွက်ဖြစ်၏။ အမှုအရာ အတွက်မဟုတ်၊ အကာယ်တိ - ဘာဝ ရုပ်ကို ပုဂ္ဂိုလ် - သတ္တဝါ - ယောကျ်ား-မိန်းမ, မဟုတ်ဟု ဆိုပါက ထိုထိုသော သိက္ခာပုဒ်တို့ကို ပညတ်တော်မူမည် မဟုတ်ကြောင်း အမြင်ရှင်းသင့်လှပါသည်။ ဤမျှမဟုတ် - ဣန္ဒြိယပစ္စည်းဖြစ်သော မိန်းမ - ယောကျ်ားတို့၏ အမှုအရာများကို ရဟန်း - ယောကျ်ား ရဟန်း မိန်းမ တို့အား တဏှာမဖြစ်စေရန် မကြည့်ရှုကြဘို့လည်း ဆုံးမတော် မူရသေး၏။ ဤမျှအစွမ်းထက်သော ပညတ်တရားပါ ပေတည်း။

( ဤရှုကွက်သည်ကား - အထက်မဂ်အတွက် ကာမုပါဒါန်ကို သတ်ရန်ဖြစ်ပါသည် )။

ဝိညာဏစရိယ - ညာဏစရိယ-အညာဏစရိယ ဝိညာဏ်တို့သည် ဝိညာဏက္ခန္ဓာဖြစ်၏။ အသိအပေါင်း အစုပင်တည်း—

ဥာဏစရိယဝိညာဏ် - သည် လောက ကြီး ၏ နိစ္စ - သုခ- အတ္တ - သုဘ - စသော အမြင်မှားတွေကို နိစ္စ - ဒုက္ခ - အနတ္တ အသုဘ - ဟု ဆုံးဖြတ်ပေး၏။ ၎င်းကို မဇ္ဈေဝိညာဏ် ( တနည်း ) မဂ်စိတ်ဟုလည်း ဆိုရ၏။

ဤကဲ့သို့ မမြင်မှု၍ နဋ္ဋတ္တိ–နပုရိသော–နပုဂ္ဂလော - ဟူ၍လည်း ကောင်း၊ လက်ကိုကိုင်ကြည့်စမ်း၊ ဘာတွေသနည်း - ခေါက်ကြီး ၄-ပါးဟုပြောဟောခြင်းတို့သည်ကားအညာဏစရိယဝိညာဏ်ဖြစ်၏။

သတိ—

မင်္ဂ - ၄ တန်ကား = ဥဘတောစရိယဝိညာဏ်။
ဖိုလ် - ၄ တန်ကား = ဥဘတောစရိယဝိညာဏ်ပင်ဖြစ်၏။

○

## သောတာပတ္တိမဂ်အဖွင့်

# တရားတော်

ရဟန်း ဓမ္မကထိကဖြစ်စေ၊ လူဓမ္မကထိကဖြစ်စေ၊ တရားမြတ်ကို အံဝင်ဂွင်ကျဖြစ်အောင် ဟောနိုင်သော် - သံသရာဘေးကို ကြောက်သူမှန်က ရှိသေစွာနာယူရန် ဖြစ်ပေသည်။ ဆရာကြီးကလည်း လိုချင်၍တရားကိုနာယူရာတရားရဘို့ကိစ္စသည်သာအရေးကြီးကြောင်းနှင့် ဟောပြောသည့်ပုဂ္ဂိုလ်ကို မကြည့်ကြဘို့ မကြာခဏ သတိပေးတော်မူ၏။ တရားအဓိကမထားဘဲ လူကိုအဓိကထားခြင်းသည် ငါတစွဲခြောက်သည်ဟု ဆိုလိုသည်။

ပုဂ္ဂိုလ်စွဲအနေဖြင့်- လူဟောသောတရားဆိုရင် - မနာချင်ဘူး" ဟူသော အပြောမျိုးအတွက် အထူးစဉ်းစားရန် ဖြစ်သည့်ပြင် ၎င်းထက်လွဲမှားသော အယူအဆရှိနိုင်မည်မဟုတ်ပေ။

ငါတစွဲခြောက်တာနှင့် စာတစွဲခြောက်ထား ၂ - မျိုးမှာ ငါတစွဲက ပို၍ဆိုးသည်။

သောတာပတ္တိမဂ္ဂေန အနုဝသေဗ္ဗသာ။
ဒိဋ္ဌိသဝေါ - ခီယတိ။

သောတာပတ္တိမဂ္ဂေန၊ သောတာပတ္တိမဂ်ဖြင့် အနုဝသေသော အကြွင်းမရှိသောအားဖြင့်။ ဒိဋ္ဌာသဝေါ၊ ဒိဋ္ဌာသဝသည်၊ ခီယတိ- ကုန်၏။

အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် ပြုလုပ်ခြင်းဖြစ်၏။

တဏှက္ခယော သမ္မာဒိဋ္ဌိ။ (အမေး)
ဒုက္ခေဉာဏံ
ဒုက္ခသမုဒယေဉာဏံ
ဒုက္ခနိရောဓေ ဉာဏံ
ဒုက္ခနိရောဓဂါမိနိပဋိပဒါယဉာဏံ
အယံ ဝုစ္စတိသမ္မာဒိဋ္ဌိ။
( အဖြေ ) ( အနက်ရေးပြီး )။

ဤသို့အားဖြင့် သမ္မာဒိဋ္ဌိဉာဏ်ကိုဆိုရသော် - အာသဝ - ၄ပါး အနက်မှ ဒိဋ္ဌာသဝသည် အပြီးတိုင်ချုပ်၏။ ၎င်းသည် အယူမှား၌ ယိုစီးနေသောစိတ်ကို ဆိုလို၏။

အပါယဂမိနိယော ကာမာသဝေါ ခီယတိ။

အပါယ် ၄— ဘုံသို့ လားစေတတ်သော - ကာမာသဝသည် ကုန်၏- ဆိုသဖြင့် မတရားသော မူမမှန်သော ကာမာသဝကို သောတာပန် အရိယာမပြုပြီ အပါယ်သို့မလားသော ကာမာသဝ ကား -ကျန်ရှိသေးသည်ဖြစ်၍ အောက်မဂ်ပုဂ္ဂိုလ်တို့ အိမ်ထောင် ပြုခြင်းဖြစ်၏။

အပါယဂမိနိယော ဘဝါသဝေါ ခီယတိ။

အပါယ်၄ - ဘုံသို့လားစေတတ်သောဘဝါသဝသည် ကုန်၏။

အပါယဂမိနိယော အဝိဇ္ဇာသဝေါ ခီယတိ။

အပါယ် ၄-ဘုံသို့လားစေတတ်သော အဝိဇ္ဇာသဝ သည်ကုန်၏။

အပါယ်သို့ မလားစေသော ကမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာ သဝတို့ကို အထက်မဂ်က ပယ်သတ်မည် ဖြစ်၏။

သောတာပတ္တိမဂ်သည် နိဗ္ဗာန်၏ ပဌမ တံခါးဝဖြစ်သည့်အတိုင်း ပဌမဆုံး အရေးကြီးလှသော သဘာဝဖြစ်၏ "ဒဿန သမ္ဘဒါ"

ဟူသည့်အတိုင်း သိမှုဖြစ်မည့် သိဘွယ်ရာကား များလှ၏။ အပိုင်မသိသဖြင့်လည်း သို့လော-သို့လောခေါ် " ဝိစိကိစ္ဆာ " ဖြစ်ရပေရာ ဝိစိကိစ္ဆာ ဖြစ်ရသည်ပင်လျှင် အမှန်သိ မဟုတ်သော " မိစ္ဆာဒိဋ္ဌိ "၌ နစ်မွန်းရခြင်း ဖြစ်ရ၏။ တဖန် အမှန်မသိပြန်၍လည်း သို့လော-သို့လော ဖြစ်ပြန်ရသဖြင့် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ မည်သူမှ တပည့်မဟုတ်သော ဤဆရာ ၂-ပါးကို အထူး သတိထားလေ့လာရမည် ဖြစ်ပေသည်။

ဤတွင် ပဋိစ္စသမုပ္ပါဒ် ခြင်းရာ ၂၀-ကို ရှုသော် အတိတ် အကြောင်းတရား ၅-ပါးကား လွန်ပြီး-ဖြစ်ပြီးဖြစ်၍ နိရောဓ ဓမ္မ၌ ကျရောက်ပြီး ဖြစ်သဖြင့် ၎င်းကို မလိုအပ်ပြီ၊ တဖန် အနာဂတ် အကျိုးတရား ၅-ပါးသည်လည်း မဖြစ်သေးသဖြင့် သစ္စာမထိုက်၊ မလိုအပ်ပြီဖြစ်၏။ ပစ္စက္ခ၏ ပစ္စုပ္ပန် အကျိုးတရား ၅-ပါးနှင့် ပစ္စုပ္ပန် အကြောင်းတရား ၅-ပါးတို့သည်သာ လိုရင်းဖြစ်၏။ ၎င်းမှ ပစ္စုပ္ပန် အကြောင်းတရား ၅-ပါးသည် အရေးအကြီးဆုံး ဖြစ်၏။ အရိယာဖြစ်သော် ဤ အကြောင်းတရားတို့ အချုပ်ကျ ချုပ်၏။

**တဏှာပဟာနံ နိရောဓော။**

> တဏှာ၊တဏှာကို။ ပဟာနံ၊ပယ်လိုက်ခြင်းသည်။နိရောဓော၊ နိရောဓ သစ္စာမည်၏။

ဟူရာ၌ စာအရသာလျှင် ပယ်-စကားကို သုံးရ၏။ အမှန်သော်-မဆိုထိုက်၊ သီလ-သမထ၌ကျ၏။ ချုပ်သည်ဟု ဆိုခြင်းက သင့်၏။ ဤ သဘောသည်သာ နိရောဓသစ္စာ အစစ်ဖြစ်၏။

ထို့ကြောင့်ပင်လျှင် ဒိဋ္ဌိချုပ်သော် အပါယ်သို့ မလားနိုင်သော ကာမာသဝ၊ ဘဝါသဝနှင့် အဝိဇ္ဇာသဝတို့သာ ကြွင်းခြင်း ဖြစ်ပေသည်။

တချို့ကမူ သောတပန်ပုဂ္ဂိုလ်-အိမ်ထောင်ပြုခြင်း၊ သားမွေးခြင်း ဥစ္စာရှာဖွေခြင်းပြုသည်ကို မနှစ်သက်ကြပေ၊ မူမမှန်-သဘာဝမကျ သော အထင်ကြီးမှု ဖြစ်သဖြင့် ဗုဒ္ဓ ကိုယ်တော်မြတ်ထက် လက်နှစ် လုံးပိုကြီးသော အတိဓာဝ ဒိဋ္ဌိတို့ ဖြစ်ကြ၏။ အံ့ဝင်ခွင်ကျ ဖြစ် အောင် သိမ်းပိုက်နိုင်ဘို့ အရေးကြီးလှပါသည်။ သို့မဟုတ်ပါက တပြားတချပ်မှ မရပါဘဲ အရိယူပ ဝါဒအန္တရာယ်ကြီး ထိုက်မည် ကို စိုးရသည်။

တဖန် သမုဒယသစ္စာကို ကောက်သော် အကျိုးသစ္စာအကြောင်း သစ္စာ ၂-ပါးတွင် ၂-ပါးစလုံး၌ ကိလေသာရှိပုံကို သတိပြုရပါ မည်။

ဥပမာသော်=

ရဟန္တာတပါး မိုးရွာထဲတွင် ဆွမ်းခံတော်မူရာ ချော်လဲ၍ သပိတ် ကွဲသွား၏။ သပိတ်အစား ရှိမှဖြစ်မည် ဖြစ်သဖြင့် အလိုရှိတော်မူပေ လိမ့်မည်။ ထိုနည်းတူစွာ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော ပစ္စည်း ၄-ပါး မပြည့်စုံသော် ရှာကြရမည်သာ ဖြစ်သော်လည်း ပုထုဇဉ်တို့ကဲ့သို့ အကြောင်း – လောဘ-သမုဒယမဟုတ်၊ အကျိုး အလောဘသာ ဖြစ်၏။ ဤ ပူပန်မှုမျိုးကို "နိက္ကိလေသ"ဟု ဆိုရ၏။ "နကိလေသ"ဟု မဆိုအပ်၊ အဘယ့်ကြောင့်ဟူမူ "နကိလေသ" ဟု ဆိုက အကျိုးရော အကြောင်းပါ ချုပ်သွားမည် ဖြစ်သော ကြောင့်တည်း။ ဝိပါက်ခန္ဓာတော် ကြွင်းသေး၍ အကျိုးမချုပ် သေး၊ အကြောင်းခန္ဓာသာလျှင် ချုပ်ပြီးသောကြောင့် "နိက္ကိ လေသ"ဟု ဆိုရ၏။

ထိုကြောင့် ရဟန္တာပင် ဖြစ်သော်ငြားလည်း ပူပန်မှုကား ရှိ သေး၏။ သာဓကမှာ အသျှင်သာရိပုတ္တရာ မထေရ်မြတ်-ပရိနိဗ္ဗာန်

ပြုခါနီးသော် ပုထုဇဉ်သာ ဖြစ်နေသေးသော မယ်တော်ကို လောကုတ္တရာဓမ္မဖြင့် ကျေးဇူးပြုတော်မူလိုသဖြင့် နာလန်ရှာသို့ ကြွတို့အကြံပြုတော်မူ၏။ ဤသည်ပင်လျှင် ပူပန်မှုဖြစ်၏။ သို့သော် ကိလေသာမဟုတ်၊ နိက္ကိလေသဖြစ်၏။ ၎င်းသည် ပဋိသန္ဓေကို မယူနိုင်သော အကျိုးကိလေသာဟု ခေါ်သည်။ ဤကဲ့သို့ ပြတ်ပြတ်သားသား မခွဲစိပ်သော် အညာဒေသက ဆရာဘကြီး ဟောသကဲ့သို့ "ကြာလေ လုံးလေ-မိလုံးရေ၊ နင့်အမေ-ထွေးလားလုံးလား "ဖြစ်ရမည်မှာ အမှန်ပင်တည်း။ သစ္စာစကားကို ဆိုရခြင်းဖြစ်၏။ မလို၍ ပြောခြင်းမဟုတ်သဖြင့် အထူးဂရုပြုအပ်လှပေသည်။

"အကြောင်း ကိလေသာကား" "ပုနဗ္ဘဝေါတိ" ဟူသကဲ့သို့ နောင်တဖန် ဘဝကောင်းစားရေးကို လိုလိုလားလား တောင်းတပူပန်မှု ဖြစ်၏။

သို့ဖြစ်၍ ယောကျ်ားကောင်းဆုကို တောင်းယူပန်ဆင်နေကြသော မိန်းကလေးများအတွက် သတိပြုရန်မှာ ဤကဲ့သို့ ဆုတောင်းရုံမျှဖြင့် မရနိုင်၊ ရနိုင်သောနည်းလမ်းကား-

(၁) မိမိကိုယ်ကို အလှအပပြုပြင်မှုတို့၌ တင်းတိမ်မှု မရှိခြင်းစိတ်။

(၂) ဒီလင်-ဒီသား၊ ဒီမယား-သမီးသားနှင့် အမြဲမသွေပေါင်းသင်းရပါစေသား ဟူသောစိတ်။

(၃) သားသမီး မွေးဘွားခြင်း၌ မရောင့်ရဲနိုင်သောစိတ်-များကို ပယ်သတ်နိုင်သော် မလွဲကေန် ယောကျ်ားဘဝကို ရမည်ဖြစ်သည်။

ဥပါဒါန်က-ဘဝကို ဖြစ်စေသည်။

ထိုနည်းတူစွာ အာသဝေါတရား ၄-ပါးရှိလျက်နှင့် နိဗ္ဗာန်ကို ဆုတောင်းသော် ရနိုင်ပါမည်လော-မရနိုင်ပေ၊ တဏှာချုပ်စေမှ သာလျှင် ရနိုင်မည် ဖြစ်သည်ကို သတိပြုရန်ဖြစ်၏။

**တဏှာပဟာနံ နိရောဓော။**

ဟူသည်နှင့်အညီ တဏှာချုပ်သွားပြီ ဖြစ်ရာ—

**အသေသ ဝိရာဂ နိရောဓော။**

ရာဂလည်း အကြွင်းမရှိ ချုပ်တော့၏။

**ဇာတိဒုက္ခာ တဏှာမူလကော။**

အရမှာ တဏှာကြောင့်ဖြစ်သော ဇာတိသည်-ယခု တဏှာချုပ်သွား သည်ဖြစ်၍ ဇာတိသည်လည်း—

**အကုပ္ပါမေ ဝိမုတ္တိ အယမန္တိမာဇာတိ။**
**နတ္ထိဒါနိ ပုနဗ္ဘဝေါတိ။**

မေ၊င ါဘုရား၏။ ႏဝိမုတ္တိ၊ကိလေသာ မရှိသော အရဟတ္တဖိုလ်၏ မှိုရာဝိညာဏ်တော်သည်။ အကုပ္ပါ၊ ဖရိုဖရဲ ပြိုကွဲပျက်စီးခြင်းမရှိ၊ဝါ မပျက်စီးနိုင်။ အယံ ၊ဤဇာတိအဖြစ်သည် အန္တိမာ၊ နောက်ဆုံးဖြစ် သော၊ ဇာတိဖြစ်ခြင်းတည်း။ ဒါနိဣဒါနိ၊ယခုအခါကာလ၌။ ပုနဗ္ဘ ဝေါ၊နောက်ထပ်တဖန်ဘဝသစ်ဖြစ်ပြန်ခြင်းသည်။နတ္ထိ-မရှိတော့ပြီ။ ဣတိ၊ ဤသို့။ အ၁မန္တေသိ၊ မိန့်တော်မူ၏။

နောင်တဖန်ထပ်၍ ပဋိသန္ဓေကို မယူတော့သဖြင့် အအေးကြီး အေးလှပေတော့၏။ တဏှာသည် အလွန်ပူလောင်၏။ အနန္တေ၁ အနန္တ ၅-ပါးကိုပင် မသိနိုင်အောင်လည်းရိုင်းစိုင်းလှ၏။ ထို့ကြောင့် မဂ်က ၎င်းကို ဦးတည်၍ပယ်သတ်ရခြင်းဖြစ်ပေသည်။

**ကိလေသေ မာရေနေ့ာ ဂစ္ဆတိတိ မင်္ဂေါ။**

ကိလေသေ၊ ကိလေသာတို့ကို။ ဝါ-တဏှာကိစ္စနှင့်ပတ်သက်သော ပူပန်မှုတွေကို၊ မာရေနေ့ာ၊ သတ်လျက်။ နိဗ္ဗာန်နံ၊ နိဗ္ဗာန်သို့။ ဂစ္ဆတိ သွားတတ်၏။ ဣတိတသ္မာ၊ တို့ကြောင့် မင်္ဂေါ၊ မဂ်မည်၏။

ဟူ၍ ဟောတော်မူခြင်းဖြစ်၏။

သတိ။ 'အာသဝ' ဟူသည်-ကာမဂုဏ်တရားတို့၌ အလွန်နှစ်ခြိုက်သော သဘော - ကာမာသဝဖြစ်၏။

ကာမ-ရူပ-အရူပ-ဘဝတွေကိုသဘောကျနေခြင်းကား-ဘဝါသဝ ဖြစ်၏။

အသိ မှားနေခြင်းကား - ဒိဋ္ဌာသဝ - ဖြစ်၏။ ဘာမှန်းမှ မ သိ ခြင်း ကား - **အဝိဇ္ဇာသဝဖြစ်၏။**

ဤကဲ့သို့ အာသဝရှိသော်-အဆင်ပြေမှု မပြေမှုတို့ အပေါ်တွင် ပူပန်စိုးရိမ် ကြောင့်ကြ နေခြင်းကား၊ ကိလေသာဖြစ်ပေရာ၊ ၎င်းကိလေသာကို သတ်နိုင်သော်မဂ်ဖြစ်၏။ ဤတွင် သောတာပတ္တိမဂ်သည်၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိလေသာကိုသတ်လိုက်ခြင်းဖြင့်၊ အယူမှားနှင့်ဟုတ်မှဟုတ်ပမလား ဟူသော ပူပန်မှုတို့ကို သတ်လိုက်ခြင်းပင်ဖြစ်၏။

( သောတာပန်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝ သိအောင်ရှာလိုက်စမ်းပါ )

( သစ္စာလေးတန် အမြင်မှန်တရားနှင့် အစဉ်ဥာဏ်ပွား၍ အာရုံပြုရှာ )

ဤ၌တွင် ကိလေသာ ၃-ပါးရှိရာ၌ မဂ်မည်သည်၊ အသိမ်မွေ့ဆုံ ဖြစ်သော အနုသယကိလေသာကို ပယ်သတ်ခြင်းဖြစ်၏၊ ပရိယုဋ္ဌာန ကိလေသာနှင့် ဝီတိက္ကမကိလေသာတို့မှာ သီးခြား ပယ်သတ်ရန် မလိုပြီ၊ ကျွံကူး ရေပါ သဘောဖြစ်၏၊ ပယ်သတ်ပုံမှာ—
ဥပမာသော်-

အလွန် လှပချောမွေ့သော မိန်းမငယ် တယောက်ကို ရာဂရှုး ယောကျ်ားတယောက်ကတွေ့မြင်၏။ ထိုမိန်းမနှင့်ပတ်သက်၍ ဘာ ကိုမှ မစုံစမ်း မစဉ်းစားနိုင်တော့ဘဲ မရလျှင် သေရမလောက် ဖြစ် သည့်အတိုင် ပေါင်းသင်း၏။ ညတည၌ ၎င်းမိန်းမသည် သုသာန်သို့ သွား၍ လူသေကောင်များကို စားနေသော ဘီလူးမမှန်း သိရ၏။ ထိုအခါတွင်မှ ၎င်းအပေါ်၌အာလျှပြတ်ခြင်း၊ မခင်တွယ်ခြင်းဖြစ်၏။

ထိုနည်းတူစွာ၊ တဏှာကိလေသာ၏၊ ကြောက်မက်ဘွယ်ကောင်း ပုံကိုမြင်သော မဂ်စိတ်သည်၊ ထိုထိုသော ကိလေသာ၏ ရေသောက် မြစ်ဖြစ်သော အနုသယကို သမုစ္ဆေဒအားဖြင့် အပြီးအပိုင် ဖြတ် တောက်လိုက်ခြင်းဖြစ်၏၊ အမြင်မှန်ဖြင့် ပယ်သတ်ခြင်းဖြစ်၍—

**တဏှာပဟာနံ နိရောဓော။ မည်၏။**

**အမြင်မှန်ကိုရှုသော်-**

မိမိ၏အကျိုး ဒုက္ခအမျိုးမျိုးတို့သည် စင်စစ် အကြောင်းတရား ကြောင့် ဖြစ်ပေရာ မည်ကဲ့သို့သော ကုသိုလ်မျိုးနှင့်မှ ဤဒုက္ခမှ မကျွတ်လွတ်နိုင်ပေ၊ ထိုကြောင့် နောက်နောင်သော ကာလများ စွာကအကျိုးတရားပေါ်တွင် အပြစ်ဖို့ခဲ့သည်ကိုလွတ်၍ ၎င်းဒုက္ခ၏ အကြောင်းသည် သမုဒယ ဖြစ်ကြောင်းကိုသိ၏။ ဤကဲ့သို့ မြင် ခြင်းသည်—

'ဒုက္ခသမုဒယေ ဉာဏံ' မည်၏၊ (တနည်း) သမုဒယသစ္စာကို အမှန်တွေ့မြင်သည်ဖြစ်၍လည်း သမ္မာဒိဋ္ဌိဉာဏ်(တနည်း)ဝိဇ္ဇာဉာဏ်ကိုရခြင်းဖြစ်၏။

**ဒုက္ခနိရောဓေ ဉာဏံ။**

၎င်းသည် ဒုက္ခချုပ်ငြိမ်းကြောင်းကို သိသောဉာဏ်ဖြစ်၍ သမ္မာဒိဋ္ဌိဉာဏ် ဝိဇ္ဇာဉာဏ်ပင်ဖြစ်၏၊ သို့ဖြစ်သော် အဘယ်ပုံနှင့် ဤအကြောင်း ဒုက္ခချုပ်စေပါမည်နည်း ဟူသော်-

**တဏှက္ခယော နိရောဓော။**

ထိုနိရောဓသစ္စာ၌ အဘယ်မည်သော တရားချုပ်မှုနိရောဓ သစ္စာမည်ပါသနည်း။ ( အမေး )

**တဏှာပဟာနံ နိရောဓော။**

တဏှာကို အရိယသစ္စာဉာဏ်ဖြင့် ပယ်လိုက်ခြင်းသည်၊ နိရောဓသစ္စာ ဖြစ်၏။

အချို့သော ပုဂ္ဂိုလ်တို့တရားအားထုတ်နေစဉ် သတိလစ်ခြင်း၊မေ့ခြင်း၊ မိန်းမောခြင်းတို့သည် နိရောဓသစ္စာမဟုတ်ပေ၊ အဘယ်ကြောင့်ဟူမူ၊ တဏှာကိုပယ်သတ်ခြင်း မဟုတ်သောကြောင့်ဖြစ်ရာ ဤကိစ္စ အထူးသတိပြုဘို့ဖြစ်ပါသည်။

သောတာပတ္တိမဂ်မှာ နိရောဓသစ္စာကို မဆိုက်နိုင်သေးပေ။

( တနည်း )ကိုယ်ပိုင် မရသေးပေ၊ သက္ကာယဒိဋ္ဌိ—အာရုံပြုနိုင်ရုံပင်ဖြစ်၏၊ ဤကဲ့သို့ အာရုံ မပြုနိုင်သေးသော်-ပုထုဇဉ်ဟုဆိုရ၏။

'သကဒါဂါမိမှာ' - နိရောဓသစ္စာကို ပိုင်ပိုင် - နိုင်နိုင် မဆိုက်သေးပေ၊ အာရုံပြုနိုင်ရုံသာဖြစ်၏။

'အနာဂါမိမှာမူ' - တဏှာအနုသယကို ပယ်သတ်လိုက်သည်ဖြစ်၍ နိရောဓသစ္စာ အပိုင် ဆိုက် ရောက် တော့၏။

မာနနှင့်ဥဒ္ဓစ္စ၊အခိုးအငွေ့မျှသာကျန်၏၊ဤ၂-ပါး
ကိုသတ်လိုက်သော်၊ အရဟတ္တ မဂ်ဆိုက်၏။

ထိုကြောင့်-တဏှာချုပ်သည်ကိုသာ နိဗ္ဗာန်ဟု ခေါ်ဆိုအပ်၏။

သို့ဖြစ်၍ အမြင်မှန်ကို ရပြီးသော-သောတာပန် အရိယာသည်၊ တနေ့မလပ် 'ဒုက္ခေညာဏ်' ဟူသည်နှင့်အညီ သင်္ခါရမှုတို့၌ ဒုက္ခသစ္စာကိုသာ အာရုံပြုလျက် နေတော့ပြီ။

( သောတာပန်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝ သိအောင် ရှာလိုက်စမ်းပါ )

( သစ္စာလေးတန် အမြင်မှန်တရားနှင့် အစဉ် ဉာဏ်ပွား၍အာရုံပြုရှာ )

အချို့သော-သောတာပန်သည် ဥပမာ- ဝိသာခါ ကျောင်းအမကြီးမှာ 'ပဏ္ဍိတ' သောတာပန်ဖြစ်၍ မိမိကိုယ်မိမိ သောတာပန်ဖြစ်ကြောင်းသိ၏။ သို့သော် ဗိမ္ဗိသာရ ဘုရင်ကဲ့သို့သော - သောတာပန်မှာ 'ဟိန' သောတာပန်ဖြစ်၍ မိမိကိုယ်မိမိ သောတာပန်ဖြစ်မှန်းမသိ၊ ဒုတိယ ဘဝနတ်သား ဖြစ်မှသိရ၏။ အဘယ်ကြောင့်ဟူမူ၊ဘုရပ်အဖြစ်ဖြင့် နေချင်သလိုနေ၊ ပျော်ချင်သလိုပျော်ခဲ့သောကြောင့်ဖြစ်၏။တဏှာကို အပြီးတိုင် မပယ်သတ်ရသေးသဖြင့်လည်း ဇာတိဒုက္ခ ကျန်သေးခြင်းဖြစ်ပေရာ၊ ဇာတိဒုက္ခ မကြောက်သော်၊ ပျော်သလိုနေရုံသာဖြစ်၏။ ကြောက်သော်—မဂ်ပညာဖြင့် သတ်ရမည်ဖြစ်၏။ သတ်ရန်မှာ 'အာဒိနဝ' ဟုဆိုအပ်သော သင်္ခါရမှုကိစ္စအဝဝတို့၏ အပြစ်ဒေါသကို ရှုဆင်ခြင်ရန်ဖြစ်၏။ ( တနည်း ) အာသဝတို့အပေါ်၌၊ 'အာဒိနဝ' အပြစ်ကို မမြင်လေသေးသ၍ ဘယ်သောအခါမှာမှ အာသဝ မချုပ်နိုင်ပုံကို သတိပြုရပါမည်။

ထိုပြင်-သောတာပန် အရိယာသည် - ဒိဋ္ဌိသယောဇဉ်တို့ကို ပယ်သတ်ပြီး၏။ သို့သော်-တဏှာကြွင်းသေးရကား၊ ဇာတိဒုက္ခမှမလွတ်သေးကြောင်းသိ၏။ အကျိုးဒုက္ခဖြစ်သော ဝိညာဏ်-နာမ်ရုပ်-သဠာယတန-ဖဿ-ဝေဒနာတို့ဖြင့်၊ အာရုံ ၆-ပါးတို့ကို မလွဲအရှောင်သာ ခံစား - စံစားနေရသော ဒုက္ခတွေကိုလည်း သိ၏။ ၎င်းတို့အားလုံး တဏှာ အပြီးတိုင် ချုပ်သော အရဟတ္တမဂ်ကျမှ ချုပ်မည်ကိုလည်း သိ၏။

ထို့ကြောင့်၊ ၎င်းအရိယာ မြတ်သည်–ချုပ်ပြီးဒုက္ခ- မချုပ်သေးသောဒုက္ခတွေကို သိသဖြင့်၊ စည်းစိမ်ဥစ္စာ-သား- မယား-ဆွေမျိုးညာတိ မိတ်သင်္ဂဟ-တို့နှင့် ပတ်သက်၍ ညွတ်သော စိတ်၏ဒုက္ခတွေကိုလည်း သိလျက်ဖြင့်ပင်လျှင် ခံစားရပေသေး၏။ ၎င်းတို့သည်လည်း၊ ပရိနိဗ္ဗာန်ပြုသော အခါမှသာလွတ်မည်ဖြစ်သဖြင့်၊ ဝိပါက်ခန္ဓာ ဝန်အဘယ်မျှ ကြီးမားလေးလံသည်ကို သတိသံဝေဂယူသင့်လှပါသည်။

( သောတာပန်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )

( သစ္စာလေးတန် အမြင်မှန်တရားနှင့် အစဉ်ဥာဏ်ပွား၍ အာရုံပြုရှာ )

သတိ။ အကျိုးရုပ် ဒုက္ခတွေ ဖြစ်သော ဇာတိ-ဇရာ - ဗျာဓိ-မရဏတွေသည် –ပရိနိဗ္ဗာန်ပြုမှသာ လွတ်မည် ဖြစ်ကြောင်း ထိုအရိယာမြတ်၏၊ ၎င်းဒုက္ခတွေကား -မဂ်နှင့် မသက်ဆိုင်ပေ။

ဒေဝဒတ်၏ ပြစ်မှားကြံစည်မှုဖြင့်၊ဘုရားသျှင်၏ ခြေမတွင် အနာဖြစ်၏။ ဆရာဇီဝက၊ ကုသပေးမှ သက်သာပျောက်ကင်းပြီး-ကောင်း

စွာ ကျိန်းစက်တော်မူရပုံကို ဝင်စားသော်-အဘယ်မှာလျှင်အောက်မင်ပုဂ္ဂိုလ်တို့အတွက် ဆိုဘွယ်ရာရှိပါအံ့နည်း။

**အပ္ပ ယေဟိသမ္ပယောဂေါ ဒုက္ခော**
**ပယေဟိ ဝိပ္ပယောဂေါ ဒုက္ခော**

တည်းဟူသော အကျိုးဒုက္ခတွေကား နာမ်ဒုက္ခဖြစ်ပြီးလျှင် အားလုံး ပရိနိဗ္ဗာန်ပြုသော အခါမှသာလျှင် လွတ်မည် ဖြစ်ကြောင်းလည်း သိ၏။

အနမတဂ္ဂ သံသရာတလျှောက်တွင် ဘယ်သောအခါကမှ မတွေ့မြင်ခဲ့ဘူးသော မင်ဖြစ်သည့်အားလျော်စွာ အောက်မင် ပုဂ္ဂိုလ်ဖြစ်သော သောတာပန်အရိယာတို့သည်ပင် အလွန် မြင့်မြတ်ပေရကား၊ အာနန္ဒာငါးကြီးများ အလားကဲ့သို့ ဘေးအန္တရာယ်များလှသည့်ပြင် မသန့်ရှင်းသော သမုဒ္ဒရာတွင် မပျော်နိုင်၊ မနေနိုင်၊ အန္တရာယ် ကင်းပြီးလျှင် မြစိမ်းရောင်အဆင်းရှိ၍ အလွန်ပင် အေးမြကြည်လင်သောရေနှင့် ပြီးသော သတ္တရဘန်တောင်စဉ်၊ သီတာခုနှစ်တန်၌ သာလျှင် ပျော်မွေ့နိုင်ကြပေသည်။

တခြားငါးနှင့်တူသော ပုထုဇဉ်-သတ္တဝါတို့မှာမူ ကိုလေသာ တဏှာတည်းဟူသော အန္တရာယ်များလှသည့် သမုဒ္ဒရာ၌ ပျော်နိုင် ကြပေသည်။ ထိုကြောင့်ပင်လျှင်-အန္တရာယ် မကင်းသည့် အတိုင်း တံငါ၏ ပိုက်ကွန်၌ မိရဘိသကဲ့သို့ အပါယ်လေးဘုံ၏ အစာဖြစ်ရ ကြောင်းဖြင့် ဗုဒ္ဓအသျှင် ဟောတော်မူ၏။

( သောတာပန်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )

( သစ္စာလေးတန် အမြင်မှန်တရားနှင့် အစဉ်ဉာဏ်ပွား၍ အာရုံပြုရှာ )

ဤ သစ္စာ လေးပါးတရားကို ထိုအရိယာ ဘယ်သော အခါမှ မမေ့တော့ပြီ။ အစဉ်ပင်-ဘာဝေတဗ္ဗ = အစဉ်ဉာဏ်မှာ ပွားများ လျက်သာ နေတော့၏။ တရားကို အမြဲမပြတ် နှလုံးသွင်းနေခြင်း ဖြစ်၏။။ "ဒုက္ခသစ္စာဉာဏ်"ကို ပွား၏။ တဏှာအာရုံနှင့် တွေ့ရပြန် ကလည်း "သမုဒယ သစ္စာဉာဏ်"ကို ပွား၏။ မဂ္ဂသစ္စာဉာဏ်ကို လက်ကိုင်ပြု၏။ အာဒိနဝဉာဏ်ဖြင့် နိရောဓသစ္စာ ဉာဏ်ကို မျက် မှောက်ပြု၏။ သို့ဖြစ်၍ သောတာပတ္တိမဂ် ဉာဏ်သည်အတိုင်း မရှိ မြင့်မြတ်ခြင်း ဖြစ်၏။

အကျိုးတရား ၅-ပါးဖြစ်သော ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယ တန၊ဖဿ၊ဝေဒနာ အားလုံး ပစ္စက္ခ အကျိုးတရားချည်းသာဖြစ်၏။

ပဌာန်းနည်းအားဖြင့် မြင်ခြင်း၊ အရိယသစ္စာ နည်းအားဖြင့် မြင်ပုံမြင်နည်းတွင်—

တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ၊ အကြောင်းတရား ၅-ပါးသည် ဆရာကောင်းက ၎င်းတို့ကို သတ်ရန် ခက်ခဲကြီး-ခက်ခဲ လှသည်မယုတ်ပေ၊ သစ္စာလေးပါးကို၊ အကျိုး = အတ္တပဋိသမ္ဘိဒါ၊ အကြောင်း = ဓမ္မပဋိသမ္ဘိဒါဉာဏ်ဖြင့်ခွဲစိပ်၍ဝိဇ္ဇာဉာဏ်ဖြင့် သိမြင် ရန် ဖြစ်ပေသည်။ ဤလို ဤကဲ့သို့ မသိမြင်က အဝိဇ္ဇာပင်။
ဤကဲ့သို့ ဝိဇ္ဇာဉာဏ်(တနည်း)သမ္ဘာဒိဋ္ဌိဉာဏ်ကို ရပါသော်—

**ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ။**
**ဂမ္ဘီရပညေန သုဒေသိတာနိ။**
**ကိဉ္စာပိတေ ဟောန္တိ ဘုသံပမတ္တာ။**
**နတေ ဘဝံ အဋ္ဌမ မာဒိယန္တိ။**

ဂမ္ဘီရ ပညေန၊ နက်နဲသော ပညာရှိတော်မူသော မြတ်စွာဘုရားသည်။ သုဒေသိတာနိ၊ ကောင်းစွာ ဟောတော်မူအပ်ကုန်သော။ **အရိယာ သစ္စာနိ**၊ ဒုက္ခကိုသိသော အရိယာသစ္စာ၊ ဒုက္ခဖြစ်ကြောင်းကိုသိသော အရိယသစ္စာ၊ ဒုက္ခ၏ ချုပ်ငြိမ်ခြင်းကိုသိသော အရိယသစ္စာ၊ ဒုက္ခ၏ ချုပ်ငြိမ်းကြောင်း လုပ်ငန်းကိုသိသော အရိယ သစ္စာတို့ကို။ **ယေ**၊ အကြင် သတ္တက္ခတ္တုပရမ သောတာပန်ပုဂ္ဂိုလ်တို့သည်။ ဝါ၊(၇) ဘဝသာကျန်တော့သော **သောတာပန်ပုဂ္ဂိုလ်တို့သည်။ ဝိဘာဝယန္တိ**၊ ထင်စွာပြုကုန်၏။ **တေ**၊ ထို သတ္တက္ခတ္တုပရမ-သောတာပန် ပုဂ္ဂိုလ်တို့သည်။ ဘုသံ၊ ပြင်းစွာ၊ ပမတ္တာ၊ သတိ မေ့လျော့ကုန်သည်။ **ကိဉ္စာပိ ဟောန္တိ**-အကယ်၍ကား ဖြစ်ကုန်၏။ တထာပိ-ထိုသို့ မေ့လျော့ကုန်သော်လည်း။ **တေ**-ထို သတ္တက္ခတ္တုပရမ **သောတာပန်** ပုဂ္ဂိုလ်တို့သည်။ **အဋ္ဌမံ**၊ ရှစ်ကြိမ်မြောက်သော။ ဘုံဘဝကို။ နအာ ဒိယန္တိ-မယူကုန်ပြီ။

( ရတနသုတ် )

ရှစ်ကြိမ်မြောက် ပဋိသန္ဓေကို မယူ(၇)ဘဝသာလျှင် ကျင်လည်တော်မူတော့၏။ ဤကဲ့သို့သောနည်းဖြင့် သောတာပန် အရိယာဟု ကင်ပွန်းတတ်အပ်ပါသည်။ သို့သော် အချို့သော ပုဂ္ဂိုလ်တို့မှာ သစ္စာလေးပါးကို သိ၏။ သောတာပန်ဖြစ်သည်ကို မယုံကြည်ကြပေ။ (တနည်း)ဝန်မခံဝန့်ကြပေ။ ဥပမာသော်-အိုင်ယာလန်ထီကြီး ပေါက်သောသူသည် ထီပေါက်ကြောင်းကို သိသော်လည်း မိမိ သူဌေးတယောက်ဖြစ်နေသည်ကိုကား မသိသည်နှင့် တူပေသည်။

သတိ။ ။သို့ဖြစ်၍ သောတာပန်ဖြစ်ကြောင်း မသိချင်နေပါ၊ မယုံကြည်ချင်ကလည်း နေပါ၊ သစ္စာလေးပါး တရားမြတ်ကိုတော့ သိအောင်-မြင်အောင် ကြိုးစားကြရပါမည်။

**သတိမေ့နေပုံ**

ထိုသောတာပန်အရိယာသည် အခြားတပါးသော ကိစ္စတွေနှင့် အဘယ်မျှပင် မေ့လျော့နေသည်ဖြစ်စေ၊ တဘဝလုံးပင် မေ့နေသည်ဖြစ်စေ၊ သေခါနီး မရဏာ သန္တဇောမှာလည်း မေ့နေသည်ဖြစ်စေ၊ ဘယ်လိုပင်မေ့မေ့ အပါယ်သို့ မလားတော့ပြီ ဖြစ်၏။ ယုံကြည်နိုင်ပါ၏လော။

**မယုံလျှင် ရန်သူ-မသိလျှင် သူပုန်**
**ဆရာနှင့်အတူပင်နေ=ဘုရားနှင့်အတူပင်နေ**
**မဂ်ဖိုလ်မွေကို—မရလေငြား-ဆင်းရဲပွား၏။**

ဟူ၍ ကျေးဇူးရှင်ကြီးများ ဆုံးမတော်မူခဲ့၏။

**သဒ္ဓါ သမ္ပတ္တိ ဘာဝေါ ဒုလ္လဘော။**

ဟူသည်နှင့်အညီ ယုံကြည်မှုသဒ္ဓါတရားကား အလွန်ပင် ရခဲလှ၏။ ဘုရားသျှင် **တ**ဆူ ပွင့်**တော်**မူမှ တကြိမ်သာရ၏။ ရတနာသုံးပါး၌ ယုံကြည်၏။ လက္ခဏာရေး သုံးပါး၌ ယုံကြည်၏။ ယုံကြည်မိပြန်သော် ရှေ့သို့သာ တက်လှမ်း-ကျွတ်လွတ်၍ နောက်သို့ ဘယ်သောခါမှ တွန့်ဆုတ်ရိုး ဓမ္မတာမဟုတ်ပေ။

(သောတာပန်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ)

(သစ္စာလေးတန် အမြင်မှန်တရားနှင့် အစဉ် ဉာဏ်ပွား၍ အာရုံပြုရှာ)

# ဓမ္မာရုံသဘောတရားတွင်

ဓမ္မာရုံဟူသည်မနောအကြည်တွင်ပေါ်လာသောသဘောကိုယူ။ စက္ခုနှင့် ရူပါရုံ တိုက်ဆိုင်သော် အကြည်ရိပ်၌ ထင်၏ဟု ယူကြ၏။ ဤကား အဘိဓမ္မာနည်းဖြစ်၏။

ဥပမာ—ဗုဒ္ဓကိုယ်တော်မြတ်သည် ဝိသာခါကိုမြင်တော်မူသော် အဆင်းကိုမြင်၏။ ဤအဆင်းကို ဝိသာခါဟု အမည်ပေးထား ကြောင်း သိ၏။ ဤသည်ကား ယောကျ်ား - မိန်းမ အမူအရာသာ တည်း။ ၎င်းတို့သည် ယောကျ်ား-မိန်းမ မဟုတ်ဟု သိတော်မူ၏။

မျက်လှည့်ပြသော အခါတွင် ပညာဗဟုသုတ မရှိသော သူတို့ ကသာလျှင် အဟုတ်အမှန်ဖြစ်သည်ဟု ယုံကြည်ကြသည်နှင့်တူ၏။

**သတိ**။

တဖန်တုံ - မိမိကိုယ်ကို မှန်ထဲတွင်ကြည့်သော် - မိမိကိုယ်ကိုပင် မြင်ရ၏။ တဖန်– အခြားသူတယောက် မှန်ထဲတွင် ပေါ်လာပါက ထိုသူကို မြင်ရပြန်၏။ ဤတွင် ကြည့်သူကပြောင်းသလော။ မှန်က ပြောင်းသလော။ မှန်ကမပြောင်း - ကြည့်သူကသာ ပြောင်း၏။ ထိုနည်းတူစွာ ဓမ္မာရုံကား ဘယ်သောအခါမှ မပြောင်း။ ဘယ် သောအခါမှ ချုပ်၍မသွား။ ကြည့်သူကသာလျှင်ဖောက်လွှဲဖောက် ပြန်မြင်သောကြောင့် မိစ္ဆာဒိဋ္ဌိ၌ ကျရ၏။ဓမ္မာရုံကား - ဓမ္မာရုံပင် ဖြစ်၏။ ဘုရားကိုယ်သော်မြတ်ကြီးမှအစ ပုထုဇဉ် - သတ္တဝါအား လုံးအတူတူပင်။ ကြည့်သော - မြင်သောသူ၏ အပေါ်တွင် မူ တည်၏။ မှန်က ဓမ္မာရုံနှင့်တူ၍ ပေါ်လာသောအရိပ်ကား—ကြည့် သူ - အာရုံပြုသူနှင့် တူ၏။

မ်မှာရုံကား ချုပ်မသွား။ ပေါ်သည့်ပုံပုံဟန်သဏ္ဍာန်အတိုင်း မြင်၏။ ကြည့်သူကသာလျှင် ပြောင်းလဲ ပြောင်းလဲသွားခြင်းဖြစ်၏။

" သတ္တသုညတ " = သတ္တဝါသုဉ်းဆိတ်ခြင်း ( ရုပ် - နာမ် )
" သင်္ခါရ သုညတ " = အကြောင်းသင်္ခါရ သုဉ်းဆိတ်ခြင်း။

သျှင်တော်မြတ်သည် သင်္ခါရသုညတကိုသာဟောတော်မူသည်။ လက်ခံတော်မူသည်။ မဲတော်မူသည်။ သတ္တသုညတကို ဟောတော်မမူ။ ပရဝါဒီခေါ် တက္ကပုဂ္ဂိုလ်တို့၏ အယူအဆသာဖြစ်၏။ သတ္တဝါသုဉ်းဆိတ်၏ဟု ယူဆရာတွင် - သုဉ်းရုံမျှ သုဉ်းက တော်သေး၏။ ဆိတ်သည်ကိုပါယူသောကြောင့် ပရမတ္ထသဘာဝပါ - ပါသွားသည်ဖြစ်၍ ဘာမျှမကျန်တော့သော သဘာဝ၌ ကျတော့၏။

အကျိုးသင်္ခါရဖြစ်သော - ကာသ - ဝစီ - စိတ္တသင်္ခါရတို့ကား မသုဉ်းဆိတ်။ ခဏတ္တယဖြစ်၏။

အကြောင်းသင်္ခါရသည်သာ - သင်္ခါရသုညတဖြစ်၏။ ပုညာဘိသင်္ခါရ။ အပုညာဘိသင်္ခါရ။

အာနေဉ္ဇာဘိသင်္ခါရဖြစ် - ပျက်တို့ ဖြစ်၏။

ဥပမာသော်။

ဝိပဿနာတရား အားထုတ်သူသည် - မိမိတွင် တဏှာဖြစ်လာ သည်ကို သိရ၏။ ဤကား - ဥပ္ပါဒေါ — ပညာယတိဟုဆို။ ၎င်းတဏှာ-ပျက်သွားခြင်း — ချုပ်သွားခြင်းကိုလည်း သိ၏။ ဤကား ဝယောပညာ ယတိ ဟု ဆို၏။

ဖြစ်ခြင်း — ပျက်ခြင်းသဘော ထင်ရှားလှသောကြောင့် ဝိပဿနာလုပ်ငန်း အစစ်ဖြစ်ပေသည်။ သို့ပင် ဖြစ်သော်ငြားလည်း ချုပ်ရိုးချုပ်စဉ်သာ ဖြစ်၏။ အပြီးချုပ်ကား — မဂ်ပညာဖြင့်သာ ချုပ်နိုင်၏။ ( ပဟာန် ၅ - ချက်ကို စဉ်းစားပါရန် )။

( ဖြစ်-ပျက်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )။

( အကြောင်းတရားကိုသာ ဉာဏ်မှာစွဲလို့ ဖြစ် - ပျက်ဘဲလို့ မှတ်လိုက်စမ်းပါ )။

ဤတွင် ဖြစ် - ပျက်မှုန်သမျှ အကြောင်းတရားဖြစ်၍၊ ခဏတ္တယ မှုန်သမျှ—အကျိုးတရားဖြစ်ကြောင်း ထင်ရှားပေပြီ။

ဤကဲ့သို့ - ကြောင်း—ကျိုး ကွဲသော် - သစ္စာလေးပါးကို ရှုသော် — ဒုက္ခသစ္စာကား — အကျိုး၊- သမုဒယ သစ္စာကား= အကြောင်း၊- လောကီသစ္စာ - ၂ ပါးဖြစ်၏။

နိရောသစ္စာကား = အကျိုး၊ - မဂ္ဂသစ္စာကား = အကြောင်း၊ လောကုတ္တရာသစ္စာ ၂ - ပါးဖြစ်၏။ ပဋိသမ္ဘိဒါဉာဏ်ဖြင့် ခွဲစိပ်သော် - အကျိုးတရားကား - အတ္ထပဋိသမ္ဘိဒါ၊ အကြောင်းတရားကား။ ဓမ္မပဋိသမ္ဘိဒါဖြစ်ပေရာ။ ဥပမာသော် - ဇာတိဒုက္ခသည် အကျိုးတရား - အတ္ထပဋိသမ္ဘိဒါ ဖြစ်သဖြင့် ၎င်း၏အကြောင်း ဖြစ်သော ဓမ္မပဋိသမ္ဘိဒါကို မိအောင် ဖမ်းရမည်ဖြစ်၏။

( ဇာတိဆိုတာ - ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )။

( မွေးသေ - မွေးသေ ဒုက္ခဘေးနှင့် စိတ်မအေးတဲ့ လူနတ်ချမ်းသာ )။

ထို့ကြောင့် အရိယာ သူတော်ကောင်းတို့ - ဤမွေး - သေဘောဒုက္ခကိုရှုံ့ရှာတော်မူကြ၏။ အကြောင်းတရားကို သေအောင်သတ်ကြခြင်းဖြစ်၏။ ၎င်းသည် - သီလ - သမထနှင့်မသေ။ ဝိပဿနာမဂ်ဉာဏ်ဖြင့်သာသေ၏။ ကာမဂုဏ်တရား ၅ -ပါးသည် ပဉ္စာရုံဖြစ်၏။ မကြည့်ဘဲမနေပါနှင့် - ရဲရဲပင်ကြည့်ပါ။ သို့သော် အသိမှန်ဖြင့်ကြည့်ပါ။

**လယ်လုပ်မခက် လယ်တည်ခက်၏။**
**သူတော်ကောင်းလုပ်ဘို့မခက် - ပညာရှိဘို့ခက်၏။**
**တရားလုပ်ငန်းလုပ်ဘို့မခက် - အမှန်သိဘို့ခက်၏။**

အချုပ်ဆိုသော် - အသိမှန် - အမြင်မှန် မရှိလေသမျှ - ဘာကိုဘဲလုပ်လုပ် ကျင့်ကျင့် ဘယ်သောအခါမှ သံသရာမှ မလွတ်ပေ။

မသိတာကအဝိဇ္ဇာ သိတာမှာအဆုံး
သံသရာ့ကိုစွတ်တုံး၏။

( သံသရာဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )

( မောဟအဝိဇ္ဇာ - တဏှာငြိသဖြင့်၊ ချာချာလည်တဲ့ သံသရာကြီးပါ )

တဖန်ထိုဗုဒ္ဓသျှင်တော်မြတ်က - ဩဃဟူ၍လည်း ဟောတော်မူသေးရာ-

( ဩဃဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )

( နစ်ပြန်မြှုပ်ပြန် ချော်ကာလဲ့လို့ ပေါ်လာခဲ့တဲ့ ဩဃကြီးပါ)

မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄ - ပါးရသော ပြိတ္တာမကြီးသောတာပန်တည်သည်မှာ အမှန်ဖြစ်၏။

သို့ဖြစ်၍ ဒဂ္ဂတိဘုံသား ပင်သာသနာတော်နှင့် ကြုံခိုက်အကျိုးကြီးပေသေးရာ သုဂ္ဂတိဘုံသားဖြစ်သော မိမိတို့အဘို့ အတိုင်းမရှိကျေးဇူးကြီးနိုင်သည်ဖြစ်၍ ညာတာလေ့မရှိသော အလွန်တိုတောင်းလှသည့်အချိန် မလွန်မီ-မရ-အရကြိုးစားအပ်လှပါသည်။ သို့မဟုတ်ပါမူကား-

( လူမိုက်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )

( အကြောင်းတရား နှစ်တန်သူမသိလို့ မူမရှိတဲ့လူမိုက်ကြီးပါ )

လောဘသဘော—လောဘတွင် အကျိုး လောဘနှင့်
အကြောင်းလောဘဟူ၍ ဒွဘာ ဖွင့်ဆိုရမည်ဖြစ်ရာ –

အကျိုးလောဘ ချုပ်ခြင်းသည် -နလောဘ ဖြစ်၍-အကြောင်းလောဘ ချုပ်ခြင်းသည် ‘ အလောဘ ’ ဖြစ်၏၊ နှစ်ပါးစလုံးချုပ်ခြင်းသည် ‘ ယုဂါနဒ္ဓ ’ ဟုဆို၊ ဝိပဿနာနှင့်စျာန်နှင့် ပါတက်လို့ရ၏။ ၎င်းသဘောကို ထွေးလုံးရစ်ပတ်ဖြစ်ခဲ့သော်-ဘယ်လိုမှ ဖြေရှင်းလို့ မရဟု မှတ်ရမည်ဖြစ်၏။

( ဗာလာနဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )

( လောဘနှစ်တန်-သူမသိလို့ မူမရှိတဲ့ လူမိုက်ကြီးပါ )

ဒေါသသဘော - ဗုဒ္ဓမြတ်စွာ ကောသမ္ဗီပြည်တွင် သီတင်းသုံးတော်မူစဉ် ရဟန်းများအုပ်စုခွဲပြီး အချင်းပွားကြ၏၊ ဘုရားသျှင်ဆုံးမတော်လည်းမရ၊ တဖြေးဖြေးဖြင့် အဓိကရုဏ်းကြီး ကျယ်လာသော်လည်း မည်သူကိုမျှ အမိန့် ရှိတော်မမူဘဲ၊ ပလလဲတောသို့

ကြွလာတော်မူ၏။ အမှန်မှာသော် ဗုဒ္ဓမြတ်စွာသည် စိတ်မဆိုးဘဲ ဆင်းသွားသည်မဟုတ်၊ စိတ်ဆိုးသောကြောင့်သာ ဆင်းသွားတော်မူခြင်းဖြစ်၏။ သို့သော် အကျိုးဒေါသဖြစ်၏။ ပြုတ်ပြီး အသီးစေ့ကဲ့သို့အပင် မပေါက်တော့ပြီဖြစ်၏။

တဖန် ဝသကုမ္မာနှင့် မဏိစန္ဒာဝတ္ထုကိုရှုသော်တယောက်သောမင်းသားက သူ၏ကြင်ယာလောင်းကို ယူရပါမည်လောဟုဆိုပြီး၊ ဝသကုမ္မာကို သံပူဖြင့် ကြောတွင် ကြက်ခြေခတ်ခါ အယောင်ဆောင်ရန် သစ္စာဆိုစေသော ကိစ္စတွင် အကြောင်းဒေါသဖြစ်၏။

( ဗာလဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )

( ဒေါသ နှစ်တန် သူမသိလို့ မူမရှိတဲ့ လူမိုက်ကြီးပါ )

နာမ်တရားတွင် - ' ဒိဋ္ဌိ ' ' တဏှာ ' ' လောဘ ' ' ဒေါသ ' အားလုံး နာမ် တရားဖြစ်၏။ " အကြောင်းဒေါသကို- ပယ်သော် အနာဂါမ် ဖြစ်၏။ အကျိုးဒေါသကိုမူ - စျာန်တရားဖြင့် သတ်ရ၏။ " သို့သော်သမုစ္ဆေဒချုပ်ကား မဟုတ်။ ခန္တီဝါဒီရသေ့ကဲ့သို့ပင်၊ ဤကဲ့သို့ဒွယနည်းဖြင့် မယူနိုင်သော် ဝိစိကိစ္ဆာဖြစ်၏။ ဗုဒ္ဓအသျှင်ကလည်း ဤအတိုင်းပင်ဟောတော်မူ၏။ ' ဝိစိကိစ္ဆာမပြတ်သမျှ—ဒိဋ္ဌိမသေဟု မှတ်ရမည်ဖြစ်၏။ '

နာမ်တရားတွင်-သိခြင်းသဘော စိတ်သည်ရှိ၏။ ၎င်း စိတ်ဖြင့် ခန္ဓာကိုယ်ကောင်ကြီးပေါ်တင်၍ ရှုခြင်းကို နိဗ္ဗာန်ရောက်ကြောင်းတရား အစစ်အမှန်ဆိုပါက အနောက်တိုင်း စိတ်ပညာရှိကြီးများ

အားလုံးနိဗ္ဗာန်ရောက်ကြပေတော့မည်။ အကျိုးတရားကို ကိုင်တွယ်သည်ဖြစ်သဖြင့် မဂ်ဖိုလ်နှင့် ဝေးကြရခြင်းဖြစ်ပေသည်။

အများအားဖြင့် လူတွေမှာ ဘာကြောင့် လူဖြစ်လာကြရပါသလဲ၊ဘာအတွက်ပါလဲဟုမေးအံ့၊ တချို့မှာ နံနက်စာ-ညစာအတွက် အလျင်မှီအောင် ပြေးလွှားနေကြရ၏။ ဤဒုက္ခပင် မသေးငယ်လှပေ။ အခြားများလှစွာသော ကိစ္စကြီးငယ်တို့ အတွက် ပြောဘွယ်ရာပင်မလိုပြီဖြစ်၏။ သို့ဖြစ်၍လည်း ဟိုမှာဘဝ၌-ဤအဖြစ်မျိုးမဖြစ်ကြရလေအောင်ဟု ကောင်းလိမ့်မည်- သင့်လိမ့်မည် အထင်ရှိသော ထိုထိုသောဘဝ ကောင်းစားရေးများကို အရင်းအနှီး များစွာဖြင့် လိုက်ကြရသည်မှာ မဆန်းလှတော့ပေ။ ထေရဝါဒ အရိယသစ္စာနည်းသည် ဗုဒ္ဓမြတ်စွာအလိုတော်ကျ ဖြစ်စေရန် -၎င်းအကြောင်းသမုဒယတဏှာကို ပယ်သတ်စေခြင်းဖြစ်၏။

သို့ဖြစ်၍ ဘဝများစွာက ဆည်းပူးခဲ့လေသော များလှစွာသော ကုသိုလ် ကောင်းမှုဖြင့်၊ ယခုဘဝ-ယခုသာသနာတော်နှင့် ကြုံကြဆုံကြရပေရာ အောက်ထစ်ဆုံး အားဖြင့် တမဂ် တဖိုလ် လောက် မျှရလိုက်နိုင်လျှင်ပင် ‘ ဥဒ္ဓံဘာဂိယ သောတာပန် ’အဖြစ် အစုန်လမ်းမရှိသော အထက်အထက်သော ဘဝကောင်းတို့၌စံ၍ နောက်ဆုံး ပရိနိဗ္ဗာန ခေတ်မြတ်ကို ချမ်းမြေ့စွာ ယူနိုင်မည်ဖြစ်သဖြင့် သူမတူသောအား လုံ့လဝိရိယတို့ဖြင့် ကြိုးစားအပ်လှပါသည်။

# ( တဏှာသတ် )

## ဆဌဂုံပေက္ခာတရားတော်—

ဗုဒ္ဓမြတ်စွာဘုရားသည်–အဘိဓမ္မာတရားတော်ကိုတာဝတိံသာ၌ နတ်ပြဟ္မာများနှင့် လူ့ပြည်-အသျှင်သာရိပုတ္တရာကိုသာဟောကြား တော်မူ၏။ ထိုမှ နောက်တဖြေးဖြေးအသျှင်သာရိပုတ္တရာက လျှော် သလို ဟောတော်မူခြင်းဖြစ်၏။

**အတ္တေသုစေတီ ပကာ သေတိတိ သုတ္တံ။**

အတ္တေ ၊သဘာဝအနက်တို့ကို။ သုစေတီပကာသေတိ - မယိမ်း မယိုင် ယူဆနိုင်အောင် သာဓကတင်၍ ပြတတ်၏။ ဣဘိတသ္မာ ထို့ကြောင့်။ သုတ္တံ–သုတံမည်၏။

၅၅ဝ-နိပါတ်တော်-ဇာတ်ကြီးဆယ်ဖွဲ့ အစရှိသည်တို့ကား အဘာဝသုတ္တန်မည်၏။

ဓမ္မစကြာ-အနတ္တလက္ခဏာ-သတိပဋ္ဌာန်သုတ္တန်တို့သည်ကား သဘာဝသုတ္တန်မည်၏။

မင်္ဂလာ-ဖိုလ်ကိစ္စတွင် - သုတ္တန်ကြောင်းဖြင့်သာ ပြီးနိုင်၏။ တခြားသော တရားများဖြင့်ကား ရဘို့အလွန်ပင် ခက်ခဲလှ ပေသည်။

သို့ဖြစ်၍-နာကြားရခဲသော ဆဌဂုံပေက္ခာတရားကိုဟောရန် ဖြစ်ပေသည်။ သဘောမှာ (၆) ဝိညာဏ်တို့၌၊ ဥပေက္ခာဖြစ် ခြင်းပေတည်း။

### ထေရီအပဒါနိ်လာ သုဘာထေရီဝတ္ထု

ဗုဒ္ဓ မြတ်စွာဘုရား လက်ထက်တော်က–သုဘာ အမည်ရသော ဗြဟ္မဏမလေးသည်သူမ၏ လှပသောအဆင်းအင်္ဂါဖြင့် သတင်းကြီး၏။ အထူးခြားဆုံးအလှမှာ–မျက်လုံးပင်ဖြစ်၏။

ဤမျက်လုံးအလှကို ရရှိနိုင်ရန်၊ ကဿပ ဘုရားသျှင်လက်ထက်တော်မှစ၍ ကောင်းမှုကုသိုလ်အမျိုးမျိုးကိုပြုကာ- ဆုထူးကိုတောင်းခဲ့သည်နှင့်အမျှ ယခုဘဝတွင်ပြည့်စုံ၏။ သို့သော် ဤတင့်တယ်လှပမှုသည်ပင် အန္တရာယ်များကို ဘိတ်ခေါ်ဘိသကဲ့သို့ဖြစ်၏။

**ဗဟိဒ္ဓါသင်္ခါရ နိမိတ္တံ အဘိဘုယျ တွာ နိရောဓံ**
**နိဗ္ဗာနံ ပက္ခန္ဒတိတိ ဂေါ်ကြဘူ။**
(ပဋိသမ္ဘိဒါမဂ်)

ဗဟိဒ္ဓါသင်္ခါရ နိမိတ္တံ-ပြင်ပဖြစ်သော သင်္ခါရနိမိတ်တွေကို ။ အဘိဘူယျတွာ၊ လွတ်မြောက်၍။နိရောဂံ - ၎င်းနိမိတ်တို့၏ ချုပ်ငြိမ်းခြင်း သဘောရှိသော။ နိဗ္ဗာနံ- မဂ်ဖိုလ်နိဗ္ဗာန်သို့။ ပက္ခန္ဒတိ - ပြေးဝင်တတ်၏။ ဣတိတသ္မာ- ထို့ကြောင့်။ဂေါကြဘူ- ဂေါကြဘူမည်၏။

ဗဟိဒ္ဓသင်္ခါရလွတ်သွားခြင်း-လွန်မြောက်ခြင်းနှင့်-ချုပ်ငြိမ်းခြင်းသည် နိဗ္ဗာန်ဖြစ်၏။

ဤတွင် -‘ ဗဟိဒ္ဓသင်္ခါရ ’ သည် - အဘိသင်္ခါရဟုဆို
‘ အဇ္ဈတ္တသင်္ခါရသည် ’—ဝိသင်္ခါရဆိုဟူ၍-

(၂)ပါးပြားပေရာ-၎င်းအနက်မှ အဇ္ဈတ္တသင်္ခါရ ဖြစ်သော-ဝိသင်္ခါရ ( တနည်း ) အကျိုးသင်္ခါရ-လွတ်မြောက်ရန်မဟုတ်။ ဗဟိဒ္ဓသင်္ခါရဖြစ်သောအဘိသင်္ခါရ ( တနည်း )အကြောင်းသင်္ခါရကိုသာ

ခဲ၍မဲ၍ လွတ်မြောက်ရန်ဖြစ်၏။ဋင်းချုပ်သည်ကိုသာ"နိရောဓနိဗ္ဗာန် ပက္ခန္ဒတိတိ ဝေါကြဘူ" မည်၏။

မာဂ်-၅-ပါးတွင်

(၁) 'အဘိသင်္ခါရမာဂ်' - ပုညာဘိသင်္ခါရ-အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ - ကိုအောင်ခြင်း။

(၂) 'ခန္ဓမာဂ်' - ဥပါဒါနက္ခန္ဓာ - ၅ -ပါးကိုအောင်ခြင်း။

(၃) 'မစ္စုမာဂ်' - ဋင်းခန္ဓာ-ဖြစ်ပျက်- မာဂ်ကိုအောင်ခြင်း။ ( မိစ္ဆာဝမ္မာဂ်ံ ဖြစ်သော အပျက် သဘောသည် မစ္စုမာဂ် ဖြစ်၏။)

(၄) 'ကိလေသမာဂ်' - တထောင့်ငါးရာ ကိလေသာတို့ အကြွင်းမရှိ ချုပ်ငြိမ်း အောင်မြင်ခြင်း။

(၅) 'ဒေဝပုတ္တမာဂ်' — ဘုံသုံးပါး၌ မင်းမူနေသော မာဂ်မင်း၏ နယ်မြေ ပိုင်နက်မှ လွတ်မြောက် အောင်မြင်ခြင်း။

အရိယာဖြစ်သော် ဋင်းမာဂ်(၅)ပါးကို အောင်၏။ သက္ကာယဒိဋ္ဌိပြုတ်သည်ဟုလည်းဆို၏။

အဇ္ဈတ္တသင်္ခါရကိုကား ပယ်သတ်ရန်မလို-ကာယ-ဝစီစိတ္တ-အကျိုးသင်္ခါရ(၃)ပါးတို့ကို သီးခံရသေး၏။ဋင်းသည် ဘုံဘဝတို့ သို့မလား

စေနိုင်သည်ဖြစ်၍။ဝိသဒ်္ဓါရဖြစ်၏။ပရိနိဗ္ဗာန်ပြုသောအခါတွင်အလို လိုချုပ်မည်ဖြစ်သောကြောင့် ပေတည်း။

သုဘာ အမျိုးသမီးငယ်သည် ဗုဒ္ဓမြတ်စွာ၏ ဤကျိုး-ကြောင်း တရားဖြင့် အောက်မဂ် (၂)ပါးကိုရ၏။

တဖန် ဗုဒ္ဓက အထက်မဂ်အတွက် - သုဘာ အမျိုးသမီးအား တဏှာတရားယုတ်ကိုပယ်သတ်နိုင်စေခြင်း အကျိုးငှာ- ရူပက္ခန္ဓာကြီး သည် မတင့်တယ် ရွံ့ရှာစက်ဆုပ်ဘွယ်(၃၂) ကောဋ္ဌာသကမ္မဋ္ဌာန်း ကို မြတ်စွာဘုရားဟောတော်မူ၏။ ထို့ပြင် ပညာရှင်များကလည်း=

ပုဗ္ဗောပုဗ္ဗောဝိ ယံကာယော ဘူဝိရောဂါသယို သယို
ကတံကတံ၊ မုစာတော်ာနုတဒတ္တုံဒုဌ္ဌဇရ စရေ။ (စံတုရာရက္ခ ကျမ်း)

'အယံယာယော' ဤမသာလောင်း အစစ် ဖြစ်သည့် ခန္ဓာ အကောင်ပုပ်ကြီးသည်။ ပုဗ္ဗောပုဗ္ဗောပိ၊ နေ့စဉ်-နေ့စဉ် စားပွဲပြင် ဝယ်၊ချိုချင်ဆိမ့်အေး၊ ရသာပေး၍၊ ကျွေးမွေးသုတ်သင်၊ ဘယ်က လောက်ပင်ပြုပြင် ငြားသော်လည်း။ ရောဂါသယ၊ ကျင်နာညစ်ဆိုး ရောဂါမျိုးတို့အုပ်စိုးတည်ရာ၊အနာရုံကြီးအ စစ်ကေ်ဖြစ်ခြေ၍။ဘုဝိ၊ တခါရောက်ခါ၊တရောက်မပြန်၊ သုသာန် သင်္ချိုင်းမြေလုပ်တိုင်း၌။ သယိ ဥစ္စာစည်းစိမ်၊ဂုဏ်တသိရ်နှင့်၊ထိန်ထိန်ဝတ်စား၊ မော်ကြွား ဝင့်ဝါ၊မောက်မာခဲ့သမျှ၊ဖိုင်းဖိုင်းကျ၍၊ ဖွဲ့လောက်မျှမတန်၊ ညှီနံသိုး ပုပ်၊ စက်ဆုပ်ရွံ့ရှာ၊ ညာတကာအားလုံး၊ ရွံမုန်းမသတီ၊ တထွီထွီနှင့် ပြည်ရွာကိုကွင်း၊ ခြောက်ပေတွင်းဝယ်၊ စင်းစင်းကြီး နေရတော့၏။

ဤသို့အားဖြင့်ပင်လျှင် ချစ်သမီး၏အလှ၊ကိုယ်ကာယကိုပုထုဇဉ် တို့က သာနှစ်သက်မည်ဖြစ်သော်လည်း၊ အရိယာအသျှင်မြတ်တို့ကမူ ရွံ့ရှာ စက်ဆုပ်ဘွယ်ရာ သာဟုမြင်တော်မူပြီ။သာယာနှစ်သက်ဘွယ်

ကို လေသာတဏှာပေမသည်၊ အခိုးအငွေ့မျှပင်သန်းမည် မဟုတ်ပေ။ ဒသာနကိစ္စတပ်၏ ချစ်သမီး၏ အလှကိုလှသည့်အတိုင်း မြင်ရပါသော်ငြားလည်း -လက္ခဏာယာဉ် တင်ပြီးသာဖြစ်သဖြင့် ငြိကပ်မှုမရှိကြလေတော့ပြီ။

ပုထုဇဉ် သတ္တဝါတို့မှာမူကား သူတပါး၏ အသက်ကို ရှောင်ကြဉ်ပါ၏ဟု၊ ပါဏာတိပါတကံကို ထိန်းသိမ်း ဆောက်တည်ကြသော်လည်း မိမိ၏ ခန္ဓာကိုယ်ကိုမူ ဘဝတိုင်း-ဘဝတိုင်း သူသတ်သမားကြီးကဲ့သို့ အသေသတ်၍လာလမ်းအတိုင်း ခြောက်ပေတွင်းသို့ သွတ်သွင်းနေကြပုံကိုကား၊ ဉာဏ်ဖြင့် သတိပြုမိသူ အမှန်ပင် ရှားလှပေသည်။ အဘိသင်္ခါရ မာရ်မအောင်သော် ခန္ဓာအိမ် တည်ဆောက်မည်။ခန္ဓာရသော်၊ သေရလိမ့်ဦးမည်။ဤသည်ပင်လျှင် ကိုယ့်ကိုယ်ကိုကိုယ်သတ်သော သူသတ်သမားမည်၏။ 'ကတံကတံ'-စည်းစိမ်ရှိသလောက် အိတ်သွန်မှောက်၍ အမြောက်အများ စားရန် ဝတ်ရန် ဆမတန်ဘဲ၊ ဆယ် ပြန် ထပ် လောင်း၊ ကောင်း သ ထက် ကောင်းအောင် သောင်းကုန်သိန်းကုန် အားလုံးပုံ၍၊စုံစုံနှံ့စပ် ပြုပြင်အပ်သမျှအရေးအရာတွေသည် (ဗဟိဒ္ဓ-သင်္ခါရပြုပုံတွေ) 'မုဓာ'-စုတေသောခါ ဘာတခုမျှရှာမရဘဲ၊ စမ်းမရဘဲ၊ ကွယ်ပပြုန်းတီးအလုံး စုံပျက်စီးရလေသာကြောင့် အချီးအနှီးသော တရားတို့ သည်သာလျှင်တည်း။ 'အတောတသ္မာ' ထိုသို့ သက်စွန့်ကြိုးပမ်း နေ့စဉ် ထမ်း၍ပင်ပန်းကြီးစွာဘွယ်ဘွယ်ရာနှင့်၊ တွယ်တာယုယ၊ပြုသမျှသည်၊သဲကျရေယာဉ်၊ ကဲ့အသွင်သို့ နေ့စဉ်မခြား၊ ဟုတ်တိုင်းမှန်စွာ ဖြစ်ရလေသောကြောင့်၊ 'တဒတ္ထံ'-ထိုအနှစ်ကင်းဆုံး ထင်းတုံးလက်ပံ၊ ရုပ်နှဲနာမ်ကို ပြုရန်အလို့ငှာ 'ဒုစ္စရေ' မကောင်းညစ်ဆိုး၊ မီးလျှံပျိုးသည့်ပြစ်မျိုးမှုမိုက်၊ဒုစရိုက်တို့ကို၊ 'နစရေနစရေယျ' တနပ်စာမျိုး၊တပွဲထိုး

ဉာဏ်၊ စိတ်အကြံဖြင့်၊ ဖောက်ပြန်ဖောက်လဲ၊ နှောင်ဆင်းရဲအောင် ဘယ်နည်းနှင့်မှ မကျင့်ကြပေရာသတည်း။

ဤတရားတွင် သုဘာအမျိုးသမီး အနာဂါမိမဂ်ကိုရ၏။ ကာလသားများကား၊သုဘာအိမ်ရှေ့တွင် စည်ကားလျက်ပင်ရှိ၏။ သုဘာအတွက်မှာမူ မျက်စေ့နောက်ဘွယ်ပင်ဖြစ်၏။ သို့သော် မတတ်နိုင်ပြီ။ မိမိ၏ အတိတ်ဗဟိဒ္ဓသင်္ခါရ ( တနည်း ) အဘိသင်္ခါရ တွေကြောင့် ရရှိသော အလှကြောင့် ဖြစ်ပေသည်။ အိမ်တွင် နေလိုစိတ်မရှိပြီ။ အာရုံအပေါင်းတို့ အပေါ်၌လည်း မနှစ်မြို့တော့ပြီ၊ အကြောင်းသင်္ခါရတွေကား -အနာဂါမိမဂ် ခဏတွင် ချုပ်ပြီးလေပြီ။ အကျိုးတရား-ပရမတ္ထဒုက္ခတို့ဖြင့် ဆင်းရဲ၍သာ နေရှာရပေသည်။

ထိုအတွင်း ဘိက္ခုနီ သာသနာတော်ကြီး ထွန်းပေါ်လာသဖြင့် သုဘာသည် မိဘများထံခွင့်ပန်ပြီး၊ ဘိက္ခုနီမ,ပြုတော်မူကာ၊သုဘာထေရီအဖြစ်ဖြင့် ကျော်ကြားတော်မူ၏။

ထိုသောအခါမှ ဗုဒ္ဓမြတ်စွာက အရဟတ္တဖိုလ်အတွက် ဆင့်ဂိုပေကွာ တရားမြတ်ကို ဟောကြား ဆုံးမတော်မူခြင်း ဖြစ်၏။ မိမိသည်လည်း ဤဉာဏ်ကိုရပါက အရဟတ္တဖိုလ်နှင့် နီးပြီဟု ယုံကြည်ထိုက်၏။ ထို့ပြင် ၎င်းဉာဏ်ဖြင့် ထုံလာသောအခါတွင် လူတောထဲ၌ မနေလိုတော့ပြီ။ သို့သော် ထိုအရိယာမြတ် ပါရမီဓာတ်ခံရင့်ကျက်ပြီး-နိဗ္ဗိဒါဉာဏ် အလွန်အားကောင်းသော်မှသာ နေနိုင်မည်ဖြစ်ပေသည်။

တနေ့တွင် သုဘာထေရီသည်အေးရာအေးကြောင်း သီတင်းသုံးရန်ဝေဠုဝန်ကျောင်းတော်သို့ တောလမ်းခရီးဖြင့် တပါးတည်းလာခဲ့၏။ ခရီးအကြား၌ ရာဇဂြိုဟ်ပြည်သား ပန်း တိမ် သည် ၏သား အရက်မူးသမားနှင့်နှစ်ယောက်ခြင်း မျက်နှာချင်းဆိုင် တွေ့ဆုံကြ၏။

ဤတွင် သုဘာထေရီမှာ ပုထုဇဉ်ဘဝက စိတ်ကလေးများ ပြန်ဝင်လာ၏။ ထေရီမ၏ လှပသောအဆင်းနှင့် အထူးတင့်တယ်သော မျက်လုံးအစုံကို ထိုအရက်မူးသမား လူငယ်မြင်ပါကအကယ်တိုဗရမ်းဗတာ ပြုကျင့်ခဲ့သော် စသော စိုးရိမ်မှုများ ဖြစ်၏။ ပုထုဇဉ်သည်းငှင်းအတိုင်းပင် ကြံစည်စိုးရိမ်သည်ပင်။သို့သော် ကွာခြားသည်ကား ဉာဏ်အမြင်ဖြစ်၏။

နီးသော် မူလအထင်ရှိသည့်အတိုင်းတင့်တယ်သောမျက်လုံးများနှင့် လှပကြော့ရှင်းသော ရုပကာယကို ထိုအရက်သမား မြင်သော် လက်ဖြင့်ကာ၍ တားပြီးလျှင်၊ အလွန်လှပကြည်လင်သော မျက်လုံးနှင့် ရုပ်ရည်ကို ချီးမွမ်းပြောဆိုကာ၊ အသင့်အားငါမရသ၍ ဤနေရာမှ မသွားပြီဟု ချစ်စကားကိုဆိုတော့၏။သုဘာထေရီကားအထူးတုန်လှုပ်၏။ ပုထုဇဉ်တို့လည်း ဤအတိုင်းပင် စိုးရွံ့ တုန်လှုပ်မည်ဖြစ်၏။ သို့ဖြစ်သော် အနာဂါမ် ပုဂ္ဂိုလ်တို့တွင်ကြောက်လန့်မှုမရှိဆိုသော ယုံကြည်မှုဖြင့် ဆန့်ကျင့်နေပေသည်။ ဤ သို့ကား မဟုတ် အနာဂါမ်အရိယာ မကြောက်သည်ကား – အကြောင်း သင်္ခါရ ( တနည်း ) ဘဝတခုဖြစ်မှာကို မကြောက်ခြင်းဖြစ်၏။ ( ပယ်သတ်ပြီးသောကြောင့်တည်း )။ အရက်သမား၏ရမ်းကားမည့်အရေးကို ကားကြောက်၏။အကြောက်ခြင်းတူ၏။ ဉာဏ်ခြင်းကားမဟူ။

ထိုအခါ သုဘာထေရီသည် ရင်ဆိုင်ဖြစ်နေသော ဘေးဆိုးမှ လွတ်လို လွတ်ငြား သေသောက်ကြူးအား( ၃၂ ) - ကောဋ္ဌာသ–ကမ္မဋ္ဌာန်းတရားကို မှတ်မိသလောက် ဟောတော်မူ၏။ အန္ဓပုထုဇဉ်ဖြစ်နေ၍ ဘာတလုံးမျှနားမလည်၊ သွားခွင့်မပြု။သို့ဖြစ်၍ သေသောက် ချီးမွမ်း အလိုရှိသည်ဟု ဆိုသော မျက်လုံးကို အသင့်ပါလာသော သင်တုံးဒါးဖြင့် ဘယ်ဘက်မျက်လုံးတလုံးကို ရုတ်ဘရက်

ဖောက်ပြီးပေး၏။သေသောက်သည်ယိုစီးကျလာသောသွေးများကို မြင်သော် မင်းဘေးမင်းဒဏ်ကို ကြောက်လန့်၍တမျိုး - ရုပ်ဆင်း ပျက်လျက်ရှိသော သုဘာထေရီအား မလိုတော့သည်က တဖုံတို့ ကြောင့် နောက်သို့ပင် ပြန်မကြည့်ဘဲ ပြေးတော့၏။

ဤတွင် သုဘာထေရီသည် ဝေဠုဝန်ကျောင်းတော် ဗုဒ္ဓမြတ်စွာ ထံသွားပြီး ဖြစ်ရပ်ကုန်စင်ကို လျှောက်ထားကာ ဖောက်ယူထား သော မျက်လုံးကို လက်ပေါ်တင်၍ ပြရာ ဘုရားသျှင်က– ကာမ ဂုဏ်နှင့် ပတ်သက်ပြီး ရန်သူနှင့်လွတ်အောင် ရှောင်တိမ်းခြင်း၌ သု ဘာထက်ထူးသောသူ မရှိဟု မိန့်တော်မူပြီး သာဓု ခေါ်တော်မူ၏။ အခြားသောအနာဂါမ်တည်-ဘိက္ခုနီမတို့မှာမူ ဤလို ကျော့ကွင်းမှ မလွတ်သည်က များသောကြောင့် ဖြစ်၏။

သို့ဖြစ်၍ လှပခြင်းကို–ကြက်သရေရှိသည် - နှစ်သက်ဘွယ် ဖြစ် သည်ဟု မြင်သည်ကား = " လောကီအသိ "။

အရိုးစုကြီး - အပုပ်ကောင်ကြီးဟု မြင်သည်ကား = " သမထ အမြင် "

လက္ခဏာယာဉ် - ၃– ချက်ဖြင့် မြင်သည်ကား = " ဝိပဿနာ– လောကုတ္တရာ "ဉာဏ် ဖြစ်၏။

**ကာရဏေန ဝိနာသယမေဝ နဘူတန္တိ အဘူတံ။**

ကာရဏေန-ဒါန သီလစသော ဗဟိဒ္ဓသင်္ခါရတရားဖြင့်၊ ဝိနာ၊ ကင်း၍၊သယမေဝ-အလိုလိုသာလျှင်။ နဘူတံ–နိဗ္ဗာန် ရတ နာကြီးသည် ဖြစ်ပေါ် လာ သည် မဟုတ်။ ဣတိသ္မာ-ထို ကြောင့်။ အဘူတံ - အဘူတ-နိဗ္ဗာန်မည်၏။

ဟူ၍ဖြစ်ရာ၊ ဒါန - သီလစသော တရားစုတို့သည် အဘယ်နည်း ဖြင့် နိဗ္ဗာန်ကိုရနိုင်ပါသနည်း။အများကပင် - ဒါန - သီလတို့သည်

နိဗ္ဗာန်ကိုမရနိုင်။ ဝဋ်ဒုက္ခကိုလည်စေသော တရားများသာဖြစ်သည်ဟု ဆို၏။ဤကဲ့သို့ တထစ်ကျမှယူဆသင့်။ ပြုတတ်သော် ရ၏ဟု ဆို။

ဥပမာသော်- လမ်းဆုံးမှရွာတွေ့မည်။ရွာမတွေ့သေးလျှင်လမ်းမဆုံးသေး။ လမ်းမဆုံးသေးလျှင် ရိက္ခာလိုသည်။ ဒါန - လို - မလို - မိမိတို့ကိုယ်တိုင်စဉ်းစားဆုံးဖြတ်ရန်ပင်။ နိဗ္ဗာန်ရောက်ပြီးဟု သေချာလျှင်—သာသနာတော်ကို ကျေးဇူးပြုမည့်ဒါနမျိုးကို ကြည့်ပြုရန်ပင်။ လမ်းဆုံး၍ ရွာရောက်နေပြီဖြစ်သောကြောင့် ရိက္ခာမလိုပြီဖြစ်သောကြောင့်တည်း။

" ရေပူးနဲ့ဘိနပ်မပါ-နွေခါမှသိလိမ့် "

" ဒါနနဲ့သီလမပါ - သေခါမှသိလိမ့် "

ဆိုခြင်းသည်မှန်ပါ၏။ သို့သော် ဗဟိဒ္ဓသင်္ခါရကုသိုလ်ဖြစ်သည့် အတိုင်း သံသရာ့ရိက္ခာအတွက် ဆိုလိုရင်းသာဖြစ်၏။

အရိယာတို့၏ ကုသိုလ်ကား- အဇ္ဈတ္တ - ဝိသင်္ခါရကုသိုလ် ဖြစ်သဖြင့် သံသရာမှ လွတ်၏။

စက္ခုနာရူပံဒိသွာနေဝသုမနောဟောတိ - နဒုမ္မနော- ဥပေက္ခကော - ဝိဟရတိ - သတောသမ္ပဇာနော။ (အံ - ၂ - ၂၄၇)။

အင်္ဂုတ္တရနိကာယဆက္ကပါဠိ-ဒုက-၂၄၇။

စက္ခုနာ-စက္ခုဖြင့်။ ရူပံ-ရူပါရုံကို။ ဒိသွာ - မြင်သည်ရှိသော်။ သုမနော၊ နှစ်သက်သည်၊နေဝဟောတိမဖြစ်။ နဒုမ္မနော၊ မ နှစ် သက် သော အခိုးအငွေ့သည် - နဟောတိ၊မပေါ်လာ။ ဥပေက္ခကော ၊ လျစ်လျူ ရှု သော

အားဖြင့်။ သတော - သတိနှင့်ပြည့်
စုံလျက်။ သမ္ပဇာနော - ကောင်းစွာ
ပညာဖြင့် သိသည်ဖြစ်၍။ ဝိဟရတိ-
နေ၏။

ဟူသည့်အတိုင်း- နေပုံမှာ-လှတဲ့ရူပါရုံကိုမြင်သော်လှတဲ့ အတိုင်း 'မြင်'-'နိစ္စ' - 'သုခ' - 'သုဘ' -'အတ္တ'— မပါစေရန်နှင့် မလှတဲ့ ရူပါရုံကိုမြင်သော် - မလှတဲ့အတိုင်းမြင် - 'နိစ္စ' 'သုခ' - 'သုဘ' 'အတ္တ' - မပါစေရန်။ 'အနိစ္စ' - 'ဒုက္ခ' - 'အသုဘ' 'အနတ္တ' ဟု မြင်နိုင်စေရမည်ဖြစ်၏။

အကျိုးဝိပါက်တွင် ဝိညာဏစရိယဝိညာဏ်၌ - လှတာကိုမြင်က— ကုသလဝိပါက် စက္ခုဝိညာဏ်။ မလှတာကိုမြင်က -— အကုသလ ဝိပါက်စက္ခုဝိညာဏ်ဖြစ်ရာ ၎င်းတို့ကိုပြောင်းလဲဖျောက်ဖျက်၍ မမြင်သင့်။ တနည်းတဖုံ ပြောင်းလဲမြင်နိုင်သည်ကား သမထ လုပ်ငန်းဖြစ်၏။ လှသည်ကိုမြင်နေရသော်လည်း - အရိုးစုကြီး အနေဖြင့် သော်လည်းကောင်း - အပုပ်ကောင်ကြီး အနေဖြင့် သော်လည်းကောင်း၊ မြင်ချင်မြင်နေရသောကြောင့် – "ဈာနင်္ဂုပေက္ခာ ဖြစ်၏။ ဆဠင်္ဂုပေက္ခာ" မဟုတ်ပေ။

ဆဠင်္ဂုပေက္ခာ ဉာဏ်ကား - လှသည်ကို - လှသည့်အတိုင်း (တနည်း) မှန်သည့်အတိုင်း မြင်၏။ သို့ပင် မြင်သော်လည်း မနှစ်သက် - မသာယာ။ နိစ္စ - သုခ - သုဘ - အတ္တဟု မမြင်။ အနိစ္စ - ဒုက္ခ - အသုဘ - အနတ္တဟု မြင်သောကြောင့် ဖြစ်၏။
ဤတွင် အထူးစိတ်ဝင်စားရန်နှင့် ဆုံးဖြတ်ချက်ချရန် ခက်နေသည်မှာ—

နှစ်သက်သော်–သောမနဿ၊

မနှစ်သက်သော် - ဒေါမနဿ။

နှစ်သက်သည်လည်းမဟုတ် - မနှစ်သက်သည်လည်းမဟုတ်သော် ဥပေက္ခာဖြစ်၏။

သဘာ၏အဆင်းသည် နှစ်သက်ဘွယ်ရာအမှန် ဖြစ်ပါလျက်နှင့် 'နှစ်သက်သည်လည်းမဟုတ် – မနှစ်သက်သည်လည်း မဟုတ်ဆိုရာ၌။

ဥပမာသော်–

ဘီလူးမတယောက် အလွန်လှပသော အဆင်းနှင့် ပြည့်စုံသော အမျိုးသမီးတယောက် ဟန်ဆောင်၍ လူတို့သွားလေ့ရှိသော တောအုပ်တခုတွင် ဒန်းစီးလျက် အစာကိုစောင့်လင့်လျက်ရှိနေ၏။ တောသွားယောကျ်ား တယောက် ဤလမ်းအတိုင်း လာရာ-လမ်းမှဆီး၍ ရက္ခစိုးတဦးကရှေ့၌တွေ့ရလတ့ံသောသူမသည်လူသားမဟုတ်၊ ဘီလူးမသာတည်း။ အသင်သတိဖြင့်သွားပါလေဟု ပြောသည့်အတိုင်း ဒန်းစီးနေသော လှပသည့် သူမကို တွေ့ရ၏။

သတိ–

ဤတွင် ထိုယောကျ်ားသည် နှစ်သက်ဘွယ် ရူပါရုံကိုမြင်ရသည် ဖြစ်၍၊သောမနဿဖြစ်၏။သို့သော်ဘီလူးမမှန်းသိ၍ကြောက်သဖြင့် ဒေါမနဿဖြစ်၏။

“ လှ၍ နှစ်သက်လိုသော်လည်း ကြောက်၏ ”။

“ ကြောက်၍မနှစ်သက်ဝန့်သော်လည်း - လှနေပြန်၏ ” ။

“ ထိုကြောင့် ၎င်းရူပါရုံကို နှစ်သက်သည်လည်း မဟုတ်၊ ( ဘီလူးမမှန်း သိသောကြောင့် ဖြစ်၏ )”။

ဘီလူးမမှန်းသိ၍ - မနှစ်သက်သည်လည်းမဟုတ်၊ (လှပသော ရူပါရုံဖြစ်နေသောကြောင့်ပင် ဖြစ်၏)။

ဤကဲ့သို့ နှစ်သက်ခြင်း - မနှစ်သက်ခြင်းတို့ ရောတွေး ယှက်တင် ဖြစ်နေသဖြင့် စက္ခုဉ္စြဖြစ်သော ဥပေက္ခာဉ္စကျ၏။

ထိုနည်းတူစွာ နား - နှာ - လျှာ - ကိုယ် - စိတ် တည်းဟူသော ( ၆ )-ဒွာရ( ၆ )- ဝိညာဏ်တို့၌ဥပက္ခောကျသော်အရဟတ္တဖိုလ်ကို ရ၏။

ဤနည်းဖြင့် ဗုဒ္ဓမြတ်စွာက ပရမတ္တာခန္ဓာတွင် အနိစ္စ - ဒုက္ခ - အသုဘ အနတ္တလက္ခဏာတို့ကို သွင်း၍ ဟောတော်မူသော အခါ သုဘာထေရီမအရဟတ္တဖိုလ်၌ ပဋိသမ္ဘိဒါဉာဏ်-( ၄ )-ပါးနှင့်တကွ ဆိုက်ရောက်၍ သွားတော်မူ၏။

ပျက်သော ဝဲဘက်မျက်စေ့ - ပြန်ကောင်းသည်ဟု အချို့ကျမ်း များတွင်လာကြောင်း သိရသော်လည်း ဆရာကြီး ကိုယ်တိုင်မှာမူ မတွေ့ဟု ဟောတော်မူ၏။ အချုပ်မှာမူ အရဟတ္တ ဖိုလ်သည်သာ လိုရင်းကြီးဖြစ်၏။

## ဣန္ဒြိယ-ဘာဝနာ

# ဉာဏျာသတ် တရားတော်

အများသော တရားလိုက်စားသည့် ပုဂ္ဂိုလ်တို့မှာပဌမတွင်တရားကိုနာယူခြင်း၊အားထုတ်ခြင်း အစ,ရှိသော လေ့ကျင့်ခဏ်းများရှိကြမည်သာဖြစ်ပေသည်။ သို့သော် အမှန်လမ်းစဉ်ကိုရောက်သည့်နည်းတူ အမှားများလည်း ရှိနိုင်ပေသည်။ ပရိယတ်အစ, ရှိသောဂန္ထန္တရပြည့်စုံရန် အလွန်အရေးကြီးလှ၏။ သမ္မာသမ္ဗုဒ္ဓနှင့် ပစ္စေကဗုဒ္ဓတို့မှလွဲ၍ အခြားသော မည်သည့်ပုဂ္ဂိုလ်မဟူ နိဗ္ဗာန်အရောက် ထွင်းဖောက်ရန်ကိစ္စသည် မသေးငယ်လှပေရကား- ဘုရားအစ, ရှိသောအရိယာ ပညာရှိသူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ရခြင်းဖြစ်ပေသည်။ အချုပ်ဆိုပါမူ-မိမိတတ်သိကျွမ်းကျင်ပေါက်ရောက်မှုမရှိပါသော်-မတတ်ကြောင်း မိမိကိုယ်မိမိ မာရ်ကိုချ၍ ဝန်ခံသင့်ကြပေသည်။

အများ၏ ဟောပြောယူဆချက်တို့တွင် - အသက်မရှိယောကျ်ားမိန်းမ ပုဂ္ဂိုလ် - သတ္တဝါမရှိဟူ၍ဖြစ်၏။ အကယ်တိ အဘယ့်ကြောင့် ‘ ပါဏာတိပါတ--အဗြဟ္မာ စရိယ-သိက္ခာပုဒ် ’ တို့ကို စောင့်ထိန်းရပါသနည်းဟုအမေးရှိသော်ဘယ်လိုများဖြေကြားမည်နည်း။ အကုသိုလ်မဖြစ်ကြရန်ဟုဆိုပါမူ ကုသိုလ်-အကုသိုလ်တို့ကို စွန့်ပယ်တော်မူပြီးကြသော-အရိယာပုဂ္ဂိုလ်တို့အဘို့ကျူးလွန်နိုင်သည့် သဘောသို့သက်ရောက်သဖြင့် ဤလည်း အခက်ပင်။

ထို့ပြင် အများပင် အလွန်အလုပ်လုပ်ချင်ကြ၏။ အလုပ်တွေကလည်းများလှသဖြင့် ဘယ်အလုပ်သည် အဘယ်သို့သော အကျိုးတရားအတွက် ဖြစ်သည်ကိုမူ သတိပြုသူ ရှားလိမ့်မည်အမှန်ဖြစ်ရာ၊ ယခုအလုပ်စခန်း အစစ်ဖြစ်သော " တဏှာ သတ်လုပ်ငန်း "ကိုပေးအပ်တော့မည်ဖြစ်၍ လေးလေး-နက်နက် နာယူမှတ်သားရန် ဖြစ်ပေသည်။

ဥပမာ-

အဝေးမှလာနေသော လူတယောက်ကိုမြင်ပါ၏လော၊မြင်သော်ယောကျ်ားလော-မိန်းမလော၊ မပြောနိုင်သေး၊ဝေးနေ၍ မသဲကွဲသေးသောကြောင့်ဖြစ်၏။ နီးလာသော် သိရတော့၏။ ယောကျ်ားသို့မဟုတ် မိန်းမဖြစ်၏။ သို့ဖြစ်သော် - ယောကျ်ားမရှိ၊ မိန်းမ,မရှိဟူသော အပြောသည် ဤဌာမှားနေပေပြီ။ စဉ်းစားပါရန်။

သံသရာလည်သည်ဆိုခြင်းမှာ-' ဤအသိမှား-အမြင်မှား-ကပင်စ,၏အချုပ်ကမူ-သံသရာဟူသည်-အတိတ်လောကမှသည်-ဤလောကဤလောကမှသည် အနာဂါတ်လောကသို့ လာခြင်း-သွားခြင်း ဖြစ်သည်ဟုတိတ္ထိတို့၏ အယူကဲ့သို့ ယုံကြည်ကြ၏။ ဤသို့မဟုတ်ပေ။ ဗုဒ္ဓမြတ်စွာက" ဖဿမှသာသံသရာစ,၍လည်သည်ဟု "ဆုံးမတော်မူ၏။ သို့ဖြစ်၍ အမိဝမ်းတွင်း၌ ရှိသော သားသန္ဓေသည်-သံသရာလည်နေသောသတ္တဝါမဟုတ်။ 'ဝဋ်ကောင်' သာဖြစ်၏။

အလုပ်မှန်-အသိမှန်တို့၌ပင်လျှင် - ၎င်းအမိဝမ်းတွင်း ကိန်းနေရသော 'စတုကုဏ္ဍိက 'ရဲကို အနာဂါမိ မဂ်ကျမှသာ လွတ်မည်ဖြစ်ပေသည်။

ထို့ကြောင့် အထက် ဣန္ဒြိယအနုတ္တရဘာဝနာ ဒိဋ္ဌိသတ်တရားတွင် ဟောတော်မူသည့်အတိုင်း—မိမိတို့အမြင်တွင်-မြင်ရသောအမူ

အရာမျှကိုသာ စွဲ၍ ယောကျ်ား-မိန်းမဟု ခေါ်ဆိုကြ၏။ မှားနေသည်ကို မြင်တော်မူသော ဘုရားသျှင်က ' ချစ်သား-ချစ်သမီးတို့ မမြင်နိုင်သောယောကျ်ား-မိန်းမကိုမြင်၍-မြင်ရသော ယောကျ်ား မိန်းမ့အမူအရာကိုကားမမြင်၊မြင်သည်ကိုသာပြောကြဆိုကြပါ' ဟု ဆုံးမတော်မူခြင်း ဖြစ်၏။

မြင်ရသော ယောကျ်ား-မိန်းမကိုကြည့်၊ မြင်ကောင်းသောရုပ် (တနည်း) အမူအရာ (တနည်း) ဣန္ဒြိယပစ္စည်းကို မြင်သော်မိစ္ဆာ ဖဿမဖြစ်။ သံသရာ့ စက်ရဟတ်ရပ်၏။

**ရူပေ ဝိဘူတေ ဖဿော နဟောတိ။**

ရူပေ-မြင်ကောင်းသောရုပ်၌ [ တနည်း ] ဒိဋ္ဌရုပ်၌။

ဝိဘူတေ – ပညာဖြင့် မြင်နိုင်သည်ရှိသော်။ ဖဿော-ဖဿသည်၊ [ တနည်း ] မိစ္ဆာဖဿသည်။ န ဟော တိ-မဖြစ်။

သို့ဖြစ်၍-အလုပ်-အလုပ်ဆိုပြီးလျှင်—မိမိခန္ဓာကိုယ်၏ ဖြိုးဖြိုး ဖျင်းဖျင်းတွေကို ရှုနေ၍၊ဘယ်သောအခါတွင်ဆုံးနိုင်ပါမည်နည်း။ စဉ်းစားရန်ဖြစ်ပါသည်။ ဤကိုရည်၍ ဆရာကြီးသည် ရန်ကုန်၌ အနှစ် ၂၀-ကျော်အကြိမ်ပေါင်း ၁၅၄၀-ဟောတော်မူနေရခြင်း ဖြစ်ပေသည်။

' ဥပမာသော် ' -အဘိဓမ္မာနည်းအရ-

**စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ—တိဏ္ဏံသင်္ဂတိ ဖဿော-ဖဿ ပစ္စယာဝေဒနာ။**

ကိုရှုဆင်ခြင်သော်-၃-ပါးစလုံးဝဋ်ကောင်တို့သာဖြစ်၏။ အကျိုး တရား စက္ခုဒသက ကလာပ်စုသာဖြစ်၏။ ၎င်းကိုမချေအပ်၊ ကျေ လည်းမကြေ၊ အတင်းအဓမ္မချေသော် အဘာဝဥစ္ဆေဒဒိဋ္ဌိအယူသို့ ကျမည်ဖြစ်သဖြင့် သတိပြုရန် ဖြစ်ပါသည်။

စက္ခုနှင့် ရူပါရုံသည်=အကြောင်းတရား ၂-ပါး။
စက္ခုဝိညာဏ်သည် = အကျိုးတရား။

ဖြစ်နေပေရာ-အကြောင်းကို ပယ်သတ်ရမည်ဆိုသော်- စက္ခုနှင့် ရူပါရုံကို ထိုးဖောက်ဖယ်သတ်ရပေလိမ့်မည်။ ဖြစ်နိုင်ပါမည်လော [ အတ္တကိလမထအယူ၌ကျ၏ ]

**ဝတ္ထုပုရေဇာတပစ္စည်း = စက္ခု**
**အာရမ္မဏ ပုရေဇာတပစ္စည်း = ရူပါရုံ**
**စက္ခုဝိညာဏ် ⇒ အကျိုးအာရမ္မဏိကပစ္စယုပ္ပန်**

ဖြစ်ရာ အချို့က ၎င်း စက္ခုဝိညာဏ်-အကျိုးအာရမ္မဏိကပစ္စယုပ္ပန်ကို သတ်ရမည်ဟုလည်း ပြောလေ့ ဟောလေ့ရှိသဖြင့် ရူပါရုံကို မကြည့်ကြလေနှင့်။ မျက်လုံးကို ပိတ်ထားကြရမည်။ သို့မဟုတ်က တဏှာ ဖြစ်မည်ဟူသော ပါရာသိဝိယ ဗြဟ္မဏအယူ၌ သက်ရောက်နေပေသည်။ သမထလော၊ သီလသော၊ ဝိပဿနာလောဟူ၍ စဉ်းစားရန် ဖြစ်နေပေသည်။

ဗုဒ္ဓမြတ်စွာကမူ ရူပါရုံကိုမြင်သော် အမြင်မှန်အောင်သာကြည့်။ မျက်စေ့ကို ပိတ်ထားဘို့မလိုဟု ဆုံးမတော်မူခြင်းဖြစ်၏။

ဗုဒ္ဓမြတ်စွာပင်လျှင် အကောင်း-အဆိုးကို အကောင်း-အဆိုး အတိုင်းပင် မြင်တော်မူ၏။

**ဥပမာသော်**။ ။သုစိလောမ ဘီလူး ချတ်တော်မူခဏ်းကို ရှုဆင်ခြင်သင့်၏။ သုစိလောမ ဘီလူးသည် လူဘို့စွန့်ပစ်သော အမှိုက်ပုံ အညစ်အကြေး၌ နေ၏။ ဘုရားသျှင် ကြွရောက်တော်မူလာပြီး ခပ်လှမ်းလှမ်းတွင် သီတင်းသုံးတော်မူသည်ကို မြင်သော ဘီလူးက၊ အသင်အကျွန်ုပ်ကို ကြောက်လန့်သည်ဖြစ်၍ အနားမကပ်ဝန့်သည် ဖြစ်သလောဟု ပြောရာ၊ ကိုယ်တော်မြတ်က၊သုစိလောမ-အသင့်၏ ရူပါ

ရုံသည် အနိဋ္ဌာရုံ ဖြစ်သည့်ပြင် သင့် ကိုယ်ခန္ဓာနှင့် အပြည့်ရှိသော ထက်လှစွာသော စူးတို့ကိုလည်း ငါဘုရားရှောင်၏-ဟူသော မိန့်တော်မူချက်တွင် ဘုရားသျှင်၌ ဤဌ-အနိဋ္ဌအာရုံတို့ကို ခံစားတော်မူသေးသလောဟု ဆိုအံ့—

ဒုက္ခ-ဝိပါက်ခန္ဓာတော် ကြွင်းသေးသည့်အတိုင်း—

ကုသလဝိပါက် စက္ခုဝိညာဏ်၊

အကုသလ ဝိပါက်-စက္ခုဝိညာဏ်-တို့သည် ရှိမြဲပင်။ သို့သော်

ကုသိုလ် - အကုသိုလ်နှင့် မယှဉ် သည့် အကြောင်း တပ်မရသော-"အဟိတ်စိတ်ဖြင့်သာ ခံစားတော်မူခြင်းဖြစ်၏"။

အမှန်သော် - စက္ခုပသာဒရုပ်နှင့် စက္ခုဝိညာဏ်တို့သည် ခန္ဓာတွင် အကောင်း-အဆိုးကို မြင်နိုင်ရန်-သိနိုင်ရန် အကျိုးပြုသဖြင့် မိတ်ဆွေသာလျှင် ဖြစ်၏။ ရုပ် ၂၈-ပါး အားလုံး "နဟေတု" "အဗျာကတ" အကျိုးတရားသန့်သန့်ဖြစ်၍ ပဋိသန္ဓေ-ကို မယူနိုင်၊ ဖျက်လည်း မဖျက်ဆီးနိုင်၊ အချုပ်ဆိုသော် ဇာတိ ဒုက္ခကို မပေးနိုင်။ အကြောင်းတရား၌ မပါဝင်နိုင်။ အကျိုးတရားစစ်စစ်တို့သာ ဖြစ်ကုန်၏။

သို့ဖြစ်သော် အသင် အဘယ့်ကြောင့် အကြောင်းတရား၌ ပါဝင်နေရပါသနည်းဟု ၎င်း "စက္ခု "နှင့် "ရူပါရုံ "တို့ကို အမေးပြုသော် ၎င်းတို့က "အဘိဓမ္မာနည်း" ကြောင့်သာ ကျွန်ုပ်တို့ အကြောင်းတရားဖြစ်ရခြင်းပါဟု ဖြေပေလိမ့်မည်။

တဖန်—ဝိညာဏ်ကို ရှုဆင်ခြင်ပြန်သော်-
ကုသလေဟိ ဝိပ္ပယုတ္တာ
အကုသလေဟိ ဝိပ္ပယုတ္တာ။ (ပဋ္ဌာန်းမာတိကာ ဒါမင်)

ဟူသည်နှင့်အညီ ဤ ပဉ္စဝိညာဏ်သည်လည်း “အဟိတ်-အဗျာကတ” စိတ် ဖြစ်၏။ သံသရာထဲမှ မဟုတ်၊ အကျိုးတရား အစစ်ဖြစ်ပြီးလျှင် ခန္ဓာကို အကျိုးပြု၏။ အချို့သော ပုဂ္ဂိုလ်တို့သည် “မြင်-သိ-ပျက်”ဆိုပြီး ရှုကြပြန်၏၊ မဟုတ်ပေ။ အကျိုးတရားကို ရှုလေသမျှ၊ ပယ်သတ်လေသမျှမဂ်နှင့် ဝေးမည်သာဖြစ်၏။ ဥစ္ဆေဒဒိဋ္ဌိ၌ ကျနေသော ကြောင့်ပင်၊ လက်ခံသာယာပြန်သော် သဿတဒိဋ္ဌိ၌ ကျ၏။ ထို့ကြောင့်-ရန်သူအစစ်ဖြစ်သော သံသရာ၏အစ မိစ္ဆာဖဿ-သည်သာ ချုပ်ရမည်ဖြစ်ကြောင်း သတိပြုရပါမည်။

ဥပမာသော်

စက္ခုပသာဒရုပ်နှင့် ရူပါရုံ-ဆုံကာမျှဖြင့် မမြင်နိုင်သေး၊ မနောပေါက်နှင့်ပါ ၃-ပါးစုံညီမှ မြင်စိတ်ဖြစ်၏။ အမှန်စင်စစ် ဤ စက္ခုပသာဒသည်လည်းကောင်း၊ စက္ခုဝိညာဏ်သည်လည်းကောင်း၊ ခန္ဓာအား အလုံးစုံ အကျိုးပြုနေသည်သာ ဖြစ်ပေသည်။ သံသရာလည်အောင် ဒုက္ခပေးနေသော ရုပ်တရားမဟုတ်။ ရန်ရှာဘွယ်မလိုပြီ။

ရန်သူကား .... ဝိဇ္ဇာဉာဏ်ဖြင့် မြင်ကောင်းသောရုပ်ကို မမြင်မူဘဲ မမြင်ကောင်းသော ရုပ်ကိုသာ မြင် လေ့ ရှိသော အဝိဇ္ဇာဖြစ်၏။

“ဣတ္ထိဘာဝေ ဣန္ဒြိယံ ကာရေတိတိ ဣတ္ထိန္ဒြိယံ”

ဣတ္ထိဘာဝေ-ဣတ္ထိဘာဝရုပ်၌ဣန္ဒြေ-အစိုးရခြင်းကို။ ကာရေတိ-ပြုစေတတ်၏။ ဝါ-ပြီးစေတတ်၏။ဣတိတသ္မာ ထို့ကြောင့် ဣတ္ထိန္ဒြိယံ ဣတ္ထိန္ဒြိယမည်၏။

ဤတွင် ဣတ္ထိဘာဝရုပ်ကို စောင့်ရှောက်-အစိုးရသော သဘောကား၊ ကံ-စိတ်-ဥတု-အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးဖြစ်၏။

ထို့ကြောင့် ကံ-ဆိုသည်မှာ ဣန္ဒြိယပစ္စည်းဖြစ်ရာ ၎င်း ကံသည်ပဋိသန္ဓေမှသည် ပုခက်တွင်း ကလေးငယ်အား အနန္တရပစ္စည်း မတပ်သေး။ နောင် တဖြေးဖြေး ကြီးပြင်းလာသော အခါမှသာလျှင်။ ဣတ္ထိန္ဒြေ (တနည်း) ဣတ္ထိ-ဣန္ဒြေ(တနည်း) လိင်-နိမိတ္တ-ကုတ္တ-အာကပ္ပတို့ ပစ္စည်းတပ်လာခြင်း ဖြစ်ပေသည်။၎င်း-အမူအရာ လေးပါးတို့သည်သာ ဣန္ဒြိယ ပစ္စည်းဟု ဆို၊ ကံအကြောင်း၏ စီမံချက်ဖြစ်၏။

သို့ဖြစ်၍ ဗုဒ္ဓမြတ်စွာက ချစ်သား-ချစ်သမီးတို့- သင်တို့မြင်ပြီး—ပြောသော၊ ယောကျ်ား - မိန်းမ - ပုဂ္ဂိုလ် - သတ္တဝါ ဟူသည်ကားသင်တို့ မမြင်နိုင်သော ဘာဝရုပ်ကို ပြောခြင်း ဖြစ်၏။ မြင်ရသောဣန္ဒြိယပစ္စည်းတပ်ထားသော အမူအရာကို မမြင်ကြလော။

ပယ်သင့်—သတ်သင့်သော အသက်မရှိ၊ ယောကျ်ား-မိန်းမဟူ၍လည်း မပြောနိုင်သော အမူအရာ ဣန္ဒြိယပစ္စည်းကိုသာ ပယ်စေသတ်စေပြီး အမှန် အသက် ရှိသော ယောကျ်ား-မိန်းမဖြစ်သောဘာဝရုပ် ( တနည်း )ဇီဝိတနဝက ကလပ်စုကိုကား မသတ်ကြလေနှင့်၊ မကျူးလွန်ကြလေနှင့်ဟု ပါဏာတိပါတနှင့် အဗြဟ္မစရိယသိက္ခာပုဒ်အစရှိသည်ကို ပညတ်တော်မူခြင်းဖြစ်ပေသည်။

ဤကဲ့သို့သော သဘောကိုမြင်နိုင်မှသာလျှင်စက္ခုဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊အာလောကောဥဒပါဒိ၊၅-ချက်နှင့် ပြည့်စုံပြီးလျှင် အမှားဟူသမျှကို တွင်းဖောက်ခါ အလင်းသို့ရောက်မည် ဖြစ်ပေသည်။ သောတာပန် အမှန်ဖြစ်ပြီဟု ယုံကြည်နိုင်

ပေပြီ။ အမှတ်မဲ့နေ၍ မသိသည့်တိုင် ဗိဗ္ဗိသာရဘုရင်ကဲ့သို့ နောက်ဘဝတွင် အမှန်သိရမည်ဟု မှတ်ရန် ဖြစ်၏။

ထို့ကြောင့် မိမိတို့ အားထုတ်နေသော တရားသည် တရား၊ တရား-ဆိုရုံမျှဖြင့် မပြီးသေးပေ။ ဥပမာသော် - လယ်ထဲက စပါး အိမ်ရောက်မှ တန်ဘိုးရှိသကဲ့သို့တရားဆိုသည်မှာလည်း အောက်ထစ်သောတာပန်ဖြစ်မှ တရားစစ်၏။ မစစ်သော် မတရားဘဲ ဖြစ်ပေမည်။

ခန္ဓာ ၅—ပါး

ရူပက္ခန္ဓာ၊ဝေဒနက္ခန္ဓာ၊သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ဝိညာဏက္ခန္ဓာ-ဟူ၍ရှိရာ သင်္ခါရက္ခန္ဓာနှင့် ဗုဒ္ဓဝိညာဏ်တော်ကိုခြွင်း၍ ကျန်အားလုံး အကျိုးတရား ဖြစ်၏။

ရူပက္ခန္ဓာသည် 'န ဟေတု' အကြောင်းခန္ဓာမဟုတ်။သံသရာ့စက်တွင်မပါ- လည်သည့် အထဲတွင်ကား ပါ၏။

"နေဝ ါယော ဂါမိ" = ပဋိသန္ဓေကို မဆည်းပူးနိုင် (တနည်း) ပဋိသန္ဓေကို မယူနိုင်။

"နာပစယဂ ါမိ" = ပဋိသန္ဓေကိုလည်းမဖျက်ဆီးနိုင်၊ခန္ဓာကိုယ်ကြီးအား အမျိုးမျိုးသော အကျိုးကိုသာ ပြု၏။ အသက်ရှင်နေစေခြင်းငှာ ဝင်လေ-ထွက်လေဖြင့် အကျိုးပြု၏။ အာဟာရတို့ကို စားသောက်ပေးခြင်းဖြင့်လည်း အကျိုးပြု၏။သွားချင်ရာ-လာချင်ရာကိုလည်း သွားနိုင်လာနိုင်အောင်လည်း အကျိုးပြု၏။ လောကီနယ်တွင် အဘက်ဘက်မှ အသုံးပြု၍လည်း ရသဖြင့်—

"ဒဿနေန-နပဟာတဗ္ဗော" = သောတာပတ္တိ မဂ်ဉာဏ်ဖြင့် မပယ်အပ်-မသတ်အပ်။

" ဘာဝနာယနပဟာတဗ္ဗော" = အထက် မဂ်သုံးပါးတို့ဖြင့်လည်း
မပယ်အပ်-မသတ်အပ်။

သံဝေဂအလိုငှာသာလျှင် လက္ခဏာရေးတင်၍ ရှုအပ်သော အကျိုး
ဝိပါက်တရား ဖြစ်ပေသည်။ ၎င်းကို ပယ်သတ်၍လည်း မရနိုင်။
မဂ်ကိစ္စ ဖိုလ်ကိစ္စအဘို့ မဟုတ်ပေ။

" သံယောဇနိယံ" = သံယောဇဉ် ( တနည်း ) အာသဝ ရှိသော
ပုဂ္ဂိုလ်တို့၏အာရုံသာဖြစ်၏၊၎င်းက
သော် မည်သူကိုမျှ မတွယ်တာ-
မကပ်ငြိပေ။

" သတိ " ဥပမာသော် — အလွန် နှစ်လိုဘွယ်ရှိသော ရုပါရုံကို
မြင်သော် သာယာငြိတွယ်၏။ မည်သူ၏ အမှားနည်း။

( အဝိဇ္ဇာဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်
စမ်းပါ )

( ကြောင်း ကျိုး နှစ်ဖြာ ဉာဏ်မလင်းလို့ မိုက်မကင်းတဲ့မောဟ
မီးပါ )

ဗုဒ္ဓသျှင်တော်မြတ်၏ တရားသည် အလွန် တရာမှပင် နက်နဲ
သိမ်မွေ့လှ၏။ လူသာမန်-နတ်သာမန်တို့၏ အရာမဟုတ်။

" သုဂမ္ဘီရံ" = အလွန်ပင် နက်နဲလှ၏။

" သုနိပုဏံ" = အလွန်ပင် သိမ်မွေ့လှ၏။

" သုဒုဇ္ဇာနံ" = အလွန်ပင် သိနိုင်ခဲလှ၏။

" သုဒုဗ္ဗောဓံ" = အလွန်ပင်လျှင် ထိုးထွင်း၍ သိနိုင်ခဲလှ၏။

ထို့ကြောင့် ဓမ္မကောဝိဒါ = အကြောင်းတရား၌လည်းကောင်း၊
အတ္ထကောဝိဒါ = အကျိုးတရား၌လည်းကောင်း လိမ္မာတတ်သိကြ
ကုန်သော ပညာရှိတို့၏ အရာဌာနသာလျှင် ဖြစ်ပေသည်။

သာဓကမှာ - ဗုဒ္ဓသျှင်မြတ် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် အိန္ဒိယ တောင်းပိုင်းတွင် သာသနာ့ အဓိကရဏ်းကြီး ဖြစ်ပြီး ဗုဒ္ဓဝါဒအစစ် အရိယသစ္စာဝင် သုတော်စင်ပေါင်း နှစ်သန်းကျော် အသတ်ခံရ၏။ ထို့နောက် ၎င်းဝါဒဆိတ်သုန်းမည်လောက် ဖြစ်သွားပြီးလျှင် မြောက်ပိုင်း မဟာယာန ဂိုဏ်းဝါဒသည်သာ ထွန်းပေါ်လာခဲ့၏။ အတူးသတိပြုရန်အချက် ဖြစ်ပေသည်။

ဝေဒနာက္ခန္ဓာ

မိမိ၏ခန္ဓာတွင် တွေ့ရသော ဝေဒနာအပေါင်းသည် အနာသဝဝေဒနာ (တနည်း) အကျိုးဝိပါက်ဝေဒနာ ဖြစ်၍၊ ဘယ်လိုဘယ်ကဲ့သို့ပင် ရှုရှု။ မဂ်ကိစ္စ—ဖိုလ်ကိစ္စနှင့် မသက်ဆိုင်။ ခန္ဓာဇာတ်မသိမ်းလေသရွေ့ မချုပ်ဟု မှတ်ရန်ဖြစ်၏။ အာသဝရှိသော ပုထုဇဉ်တို့တွင် ဝိပဿနာဉာဏ်ဖြင့် မကဲ့သည်ဖြစ်၍ အတိတ် အနာဂတ်တို့သို့ သွားနိုင်ခြင်း ဖြစ်၏။ အတ္တအမြင်ဖြင့်မြင်သောကြောင့် မိစ္ဆာဓမ္မာရုံဖြစ်၏။ အနတ္တဉာဏ်ဖြင့် မြင်နိုင်သော်။ သမ္မာဓမ္မာရုံ ဖြစ်၏။

သို့ဖြစ်၍ ရူပက္ခန္ဓာသည်၊ခန္ဓာကိုယ်ကြီးအား၊အမှန်စင်စစ်အကျိုးပြုသည်သာဖြစ်ပေသည်။ သို့သော်-အဘယ့်ကြောင့်မသိ၊အများပင် ၎င်းအား ရန်သူသဘွယ် ညှဉ်းဆဲနှိပ်စက်နေကြ၏။

ဥပမာသော်—

မြေတကောင် လမ်းတွင်တွေ့၏။ ရူပက္ခန္ဓာဖြစ်သော မျက်စေ့က မြင်ပေး၏။ နာမက္ခန္ဓာဖြစ်သော သညာကအမှတ်ပြုပေး၏။ဝိညာဏ်က ဆုံးဖြတ်ပေး၏။ ဝေဒနာက-အကယ်တိ-အကိုက်ခံရက-ဆိုးသော ခံစားမှုဖြင့် အသိပေး၏။ဤသို့အားဖြင့် ခန္ဓာကိုယ်ကြီးအား အကျိုးပြုသည်ဖြစ်ပေသည်။

ဝိညာဏက္ခန္ဓာ—

ရုပ္ပာရုံကိုသိမြင်သော်=ကုသလဝိပါက်ဝိညာဏ်။

အနိဋ္ဌာရုံကိုမြင်သိသော်–အကုသလဝိပါက်ဝိညာဏ်ဖြစ်၏။

ငါ့သား- ငါ့မယား- ငါ့အိုး- ငါ့အိမ်စသည်တို့ မရှိဟုယူရန် ဟောလေ့-ပြောလေ့ရှိကြ၏။လုံးဝမမှန်၊ သညာ၏ အလုပ်ဖြစ်သည့် အတိုင်း သိစရာမှတ်စရာရှိသ၍ မှတ်နေမည်သာဖြစ်၏။ အချုပ်မှာမူ ဥပါဒါန် ၄-ချက်ဖြင့် မဆုပ်ကိုင်ရန်သာ အရေးကြီး၏၊ သျှင်တော် မြတ်ဗုဒ်ပင်-၃၁-ဘုံရှိ သတ္တဝါတို့အတွက် ပူပင်စိုးရိမ်တော်မူသေး၏။ သို့သော် တဏှာဥပါဒါန် ကင်းရှင်းတော်မူ၍ ကောင်းသော အပူ သာဖြစ်၏။

သင်္ခါရက္ခန္ဓာ=ပြုပြင်ခြင်းသဘော—

[၁] ကာယသင်္ခါရ -ဝစီသင်္ခါရ - စိတ္တသင်္ခါရ။

[၂] ပုညာဘိသင်္ခါရ— အပုညာဘိသင်္ခါရ—အာနေဉ္ဇာဘိသင်္ခါရ ဤအပေါင်းကို သင်္ခါရက္ခန္ဓာဟုဆို။

" ကာယသင်္ခါရ "—

ထွက်လေ-ဝင်လေဖြစ်၏။ ခန္ဓာကိုယ်ကြီးအား သေသည့်တိုင် အောင် စောင့်ရှောက်ခြင်းဖြင့် အကျိုးပြု၏။ အချို့ကမူ - ၎င်းကို ဝိပဿနာ အမည်တပ်ခါ မချုပ်—ချုပ်အောင် အားထုတ်နေကြပေ သည်။ ဤထွက်လေ—ဝင်လေချုပ်ခြင်းမှာ—

[၁] နိရောဓသမာပတ်ဝင်စားတော်မူသော - ရဟန္တာ။

[၂] စတုတ္ထစျာန် ဝင်စားတော်မူသော-ပုဂ္ဂိုလ်မြတ်။

[၃] ရေနစ်မွန်းသောသူ။

(၄) မိန်းမော-မြောမေ့နေသောသူ။
(၅) အမိဝမ်းတွင်းကလေးသူငယ်။

ဤငါးဦးသော သူတို့သည်သာလျှင် ထွက်လေ - ဝင်လေချုပ်ပေရာ၊ အကယ်တိ တရားထိုင်ရင်းချုပ်သော် နိရောဓသမာပတ်ဝင်စားသည်သာဖြစ်ပေရာ၏။ သို့ဖြစ်သော် အကြင်ပုဂ္ဂိုလ်သည် ဆဋ္ဌာဘိညာ ပဋိသမ္ဘိဒါ - ပတ္တရဟန္တာ အသျှင်မြင်ပေလော၊ သို့မဟုတ် စတုတ္ထစျာန် ဝင်စားတော် မူခြင်းလော။ စိစစ်ဘွယ်အမှန်ရှိသဖြင့်၊ အထူးသတိပြုရန် ပြဿနာဖြစ်နေပေသည်။

ဝစီသင်္ခါရ—

တရားဟောခြင်း၊ စကားပြောခြင်းစသော အကျိုးတရားဖြစ်၏။ ၎င်းကိုကြံစည်ခြင်း၊ ဝိတက်-သုံးသပ်ခြင်း၊ ဝိစာရတို့က အားပေးနေခြင်းဖြစ်၏။

စိတ္တသင်္ခါရ—

ကြံစည်ခြင်းသဘော၊ ၎င်းတို့အားလုံးသည်၊ ခန္ဓာကိုယ်ကို အကျိုးပြုနေကြသော သဘောတို့ဖြစ်၏။ မဂ်လေးပါးဖြင့် မပယ်မသတ်အပ်ပေ။

'သတိ'—

ပုညာဘိသင်္ခါရမှာ = ပုည = ကုသိုလ်။ ရိုးရိုး အခြေခံ ဝိဝဋ္ဋကုသိုလ်ဖြစ်၍-

**အဘိသင်္ခါရ** = လွန်ကဲသွားသော အာသာ-မိစ္ဆာဓမ္မာရုံဖြစ်ပျက်၊ ဤဘဝမှလွန်၍ ဟိုမှာဘဝသို့ ကုသိုလ်အမျိုးမျိုးကို ပြုလုပ် ဆုတောင်း လှမ်းကိုင်ခြင်း သဘောဖြစ်၏။ ဝဋ္ဋကုသိုလ်လည်းဖြစ်၏။

ဤသည်တို့ကား-သောတာပန် အရိယာခန္ဓာ ၅ — ပါးအား မြင်ပုံသဘောတည်း-တဖန် တဏှာ ၁၀၈—တွင်။

ကာမတဏှာ = ၃၆။

ဘဝတဏှာ = ၃၆ = သဿတဒိဋ္ဌိ။

ဝိဘဝတဏှာ = ၃၆ = ဥစ္ဆေဒဒိဋ္ဌိ။

သောတာပတ္တိမဂ်ကိုရသော် ဘဝ ၃၆-နှင့် ဝိဘဝ ၃၆-သေ၏။ ကာမတဏှာ ၃၆-သည်သာ ကျန်၏။ ၎င်းသည်ပင်-

ခရီးလမ်းထောက် ဇရပ်ဆောက် နိဗ္ဗာန်မရောက် ၃၆ - ဖြစ်သဖြင့်၊ခန္ဓာအိမ်ဇရပ်ကြီးကို ဆောက်နေရခြင်း ဖြစ်၏။ ဤကဲ့သို့ ခန္ဓာဇာတ် မသိမ်းနိုင်ကြပုံကို သျှင်တော်မြတ် မြင်တော်မူသည့် အတိုင်းသတ္တဝါတိုင်း သံသရာ့စက်ရဟတ် မွေးသေဒုက္ခမှလွတ်စေလို တော်မူသည့် မဟာကရုဏာတော်သည် အတိုင်းမရှိ၊ ကြီးကျယ် မြင့်မြတ်တော်မူလှ၏။

ဟို-ဝိပဿိဘုရားလက်ထက်က ဉာဏဉာဏ်ိန် ဝဇီရာစိန် ရှယ်ချိန်ရင် အမှန်မလွဲပေဘု၊ ပုစ္ဆာတွေ တထောင် နှစ်ထောင် ကဲသော်လဲ မလွဲတန်းဖြေနိုင်ခါပင်။

ပုစ္ဆာတွေ ဘယ်လောက်မေးမေး ဖြေဆိုနိုင်တယ်၊ ဂန္တန္တရမှာ ကုန်အဇစင်-ဂုဏ်တွင်ခါ မာနအရှိန်တွေ မများအောင်လို့ တနေ့တနေ့ လျှင် ဗုဒ္ဓက ငါးရာ နှစ်ဆယ် ရှစ်ကြိမ်စကားကိုတဲ့ မိန့်ကြားခဲ့ပါသည်။

ဗုဒ္ဓမြတ်စွာက ဘယ်လိုများ ဆိုဆုံးမတော်မူပါသနည်း—

**ယထာဘူတံ ညာဏာယ သတ္ထာ ပရိယေသိတဗ္ဗော။**

ယထာဘူတံညာဏာယ -ဟုတ်မှန်သောဉာဏ်အကျိုးငှာ၊ သတ္ထာ- ဆရာကို။ပရိယေသိတဗ္ဗော - မှာန်ကိုချ၍ ရှာမှီးအပ်၏- တည်းဟူသော- တရားစစ်တရားမှန်ကို ညွှန်ပြပေးအပ်နိုင်သော ဆရာစစ် ဆရာမှန်ကို မာန်ချပြီး မရ - အရရှာမှီးရမည်ဟု တနေ့တနေ့လျှင် ၅၂၈ - ကြိမ် သတိပေး ဆုံးမတော်မူပေသည်။ သို့သော်လည်း

ပေါဋ္ဌိလ-ဆိုတဲ့ မဟာထေရ် မဟာနာဂ-ဆိုတဲ့ မထေရ်ကျမ်းတတ်တဲ့အာဇာနည်တွေ အခါခါ-အလီလီ လမ်းမှန်ကိုပြကြသော်လဲ ကျမ်းဂန်အရနဲ့ နေကြရှာသည်။

ဝိပဿီ- သိခီ - ဝေဿဘူ - ကောဏ္ဍညသန်-ကောဏာဂုမ် - ကဿပ- ဂေါတမ -၇ - ဆူသော သျှင်တော်မြတ် သာသနာတော်တွင် ပိဋ္ဋကတ်သုံးပုံကိုဆောင်ကာ–ဂိုဏ်းကြီး ၁၈ - ဂိုဏ်းကို အုပ်ချုပ်ခဲ့ကြ၏။ အမေးရှိလေသမျှသော ပုစ္ဆာများစွာကိုလည်း မဖြေကြားနိုင်သည် မရှိ၊ များစွာသော တပည့်အပေါင်းဖြင့် ကျော်ကြား၏။

သို့သော် ဘုရားသျှင်ထံတော်မှောက်အပူးမျှော်ရောက်လေတိုင်း “ ပေါဋ္ဌိလတုစ္ဆ ”- ( တနည်း ) ပေါဋ္ဌိ လဟာ အချည်း နှီးဘဲ ( တနည်း ) ပေါဋ္ဌိလဟာမခန့်ညားဘွယ် ဖြစ်တယ်ဟု သျှင်တော် မြတ်အမိန့်ရှိတော်မူဖန်များသော် —

သမ္ဗုဒ္ဓဝါဒီ-အော်-သမ္ဗုဒ္ဓဝါဒီ နွယ်သာကီဘွား ခုနစ်နှစ်သား ရယ်က ရ,ထားတဲ့ဝိဇ္ဇာဉာဏ် ခေတ်ခြောက်တန် အပိုင်မိပါလို့ သော တာပန်လမ်းမှန်ကို သိသောကြောင့် မသိသူတွေက ကျော်ကာ သွား - သိသူတွေကတော့ ဖော်ကာစား၊ အလော်မာတရား စရိုက်

ဆိုးနဲ့ မိုက်အိုးကိုပြင်၊ သောတာပန် ဤဘဝခက်ကြသည်ဟု ဥာဏ်မျှာထင်မဟာပေါဋ္ဌိလဆိုတဲ့ ထေရ်အသျှင် သေမင်း လွှတ်လိုက်တဲ့ တမန်ကိုမြင်သမ္ပစဉ် ဥာဏ်ယှဉ်လို့တွေးလိုက်တော့ ဟောဒီခေါင်းက ဆံပင်တွေ ဖြူလို့ဖွေးတယ်၊ ခါးကိုင်းလို့သွားကြွေ၊ နားတွေကထိုင်း၊ အရိုးတွေပြိုင်းပြိုင်းနှင့် လဲမတတ်ရပ်မခိုင် ဇရာမင်းသူကိုင်လျှင် မခံနိုင်အိုမြဲပ၊ မလွဲတဲ့တမန်တွေကို စွဲကြံ သံဝေ၊ ဥာဏ်အခြေမထေရ်ကြီးမှာ ၁၁ -မီးတောက်လောင် ထိန်ညီးလို့ တပြောင်ပြောင်သေရမည့်ဘေးတွေကကပ်ခါလောင်၊ယောင်တောင်တောင် ညှိုးကာပင်နွမ်းသောကြောင့် ရဟန္တာအသျှင်မှာလိုက်တဲ့စခန်းကို ဖြောင့်တန်းရှုသွားခဲ့ရှာသည်။

ပေါဋ္ဌိလမထေရ်မြတ်မှာ၊ သြော် - ငါ့မှာတော့ ကြိုးစားလေ့လာလိုက်ရတဲ့ ပိဋကတ်၊ ပြုစုလိုက်ရတဲ့ သာသနာတော်၊ ဘယ်လိုပင်ဆောင်ရွက်နေပါသော်လည်း မြတ်စွာဘုရားသျှင်ကဖြင့် ငါ့ကိုမြင်တော်မူတိုင်း “ ပေါဋ္ဌိလတုစ္ဆ-တုစ္ဆနဲ့ ” အမှန်ကေံ-တရားကိုတတ်ပင်တတ်သော်လည်း မသိသေး၍သာ ဤကဲ့သို့ ဆုံးမတော်မူခြင်းဖြစ်ပေလိမ့်မည်။ ငါ့မှာ အသက်ကကြီး -သေမင်း တမန်တွေကလည်း ရောက်လာပေပြီ။ ငါမသေမီ တရားသိအောင်ဖြင့် ကြိုးစားအုံးမှဖြစ်မည်ဟု ဆိုပြီးလျှင် အသျှင်သာရိပုတ္တရာမထေရ်မြတ်မှအစ ထေရ်ကြီး ၀ါကြီးပုဂ္ဂိုလ်မြတ်များထံတော်သို့ ဆည်းကပ်၍ တရားပေးသနားပါရန်ကို လျှောက်ထားတောင်းပန်၏။ ရဟန္တာ အသျှင်မြတ်တို့ကလည်း ဤပုဂ္ဂိုလ်သည် ပိဋကတ်မှာ အကျော် အမော်ဂိုဏ်းဆရာကြီးဖြစ်သည့်အတိုင်း မာနတရားရှိ၏။ ငါတို့နှင့် မသင့် အရွယ်ငယ် သာမဏေ အရိယာထံ ရောက်စေမှတော်မည်ဟု မြင်

တော်မူကြသဖြင့် နောက်ဆုံး ၇-နှစ်သား အရိယာ သာမဏေငယ် ထံသို့ အရောက်သွားပြီး တရားတော်ကို ရိုသေစွာ တောင်းဆိုတော် မူ၏။

ဤတွင် သာမဏေငယ်က ၎င်းပုဂ္ဂိုလ်မာန်ချပြီလော။ မချသေး သလောဟု အမျိုးမျိုး စူးစမ်းပြီးလျှင် ကယ်ပေါက် ၆- ပေါက်ရှိ သော တောင်ပို့အတွင်းရှိဖွတ်ကောင်ကိုအရ ဖမ်းယူနိုင်ရန်တပေါက် ကိုချန်၍ ကျန် ၅ - ပေါက်ကိုပိတ်ပြီး ဖမ်းသော် မိနိုင်သည့်အလား ကဲ့သို့ မိမိ၏ခန္ဓာတွင် ၅ - ပေါက်ကိုပိတ်၊ မနောပေါက်ဖြင့်ဖမ်း သော်၊ မိနိုင်ကြောင်း တရားပြလိုက်ရာ—

**အဲဒီမဆေရ်ကြီးဟာ စကြိန်တော် အသွားတွင် သုံးဖဝါးပါဒီ—**
**တလှမ်း—နှစ်လှမ်း-သုံးလှမ်း**
**ကြို့ခဲ့တဲ့အမှားတွေကို**

အကျိုးတရားနှင့် အကြောင်းတရား၊ ခွဲခြား၍မသိခဲ့။ သိရမည့် တရားကိုမသိ၊ ပယ်သတ်ရမည့် တရားကိုမပယ်သတ်ခဲ့။ ဟုတ်လှပြီ။ မှန်လှပြီ။ တော်လှပြီ။ တတ်လှပြီ စသော အသိလွဲ၊ အမြင်လွဲ၊ပပဥ္စ တရားဖြစ်သည့် ( တနည်း ) သံသရာအတောမသတ်စေမည့် မိစ္ဆာ မှောရုံတွေကို မနောပေါက်မှနေ၍ —

တရားဓမ္မဉာဏ် သံလျက်ဖြင့် ပယ်ဖျက်ခုတ်တွင်၊ သုတ်သင်ကာ ရှင်းလိုက်တော့မှ ဟော့ဒီ ပဋိစ္စသမုပ္ပါဒ်စက်၊ အကန့်အကွက် တို့သည် အရဟတ္တ မဂ်ရပ်တွင် ရပ်၍ ကျိုးပြတ်ခါ ဇာတ် သိမ်းပြီး အေးငြိမ်းတဲ့ နိဗ္ဗာန်ဓာတ်သို့ ကူးခတ်ခါ ရောက် သွားခဲ့ရှာလေသတည်း။

ဤတွင် ပေါ်ဋ္ဌိလ အသျှင်မြတ်သည်—

**ယံ ပဿထိ နတံ ဒိဋ္ဌံ ယံ ဒိဋ္ဌံ တံ နပဿတိ။**

**အပဿံ ဗဇ္ဈတေမုဠှော ဗဇ္ဈမာနော နမုစ္စတိ။**

ယံ-အကြင် ရူပါရုံဆိုသော ရုပ်တရားကို၊ ပဿတိ-မြင်၏။ တံ-ထိုရုပ်သည်၊ နဒိဋ္ဌံ-မြင်ကောင်းသောရုပ် မဟုတ်၊ ဝါ- ဒိဋ္ဌရုပ် မဟုတ်၊ ယံ-အကြင်ရုပ်ကို။ နပဿတိ-မြင်ကောင်းသော ရုပ်အဖြစ်ဖြင့် မမြင်၊ ဝါ-ဒိဋ္ဌရုပ်အဖြစ်ဖြင့် မမြင်၊ တံ-ထိုမမြင်ကောင်းသောရုပ်သည်၊ ဒိဋ္ဌံ-ဒိဋ္ဌရုပ်မည်၊ အပဿံ အပဿန္တော - ထို ဒိဋ္ဌရုပ်ကို မမြင်သော်။ မုဠှော-တွေဝေသော သူသည်၊ ဗဇ္ဈတေ - တဏှာမနာ - ဒိဋ္ဌိတို့ဖြင့် ဖွဲ့ချည်မိလေ၏။ ဗဇ္ဈမာနော-ဤကဲ့သို့ ဖွဲ့ချည်မိသောသူသည်၊ နမုစ္စတိ-သံသရာမှ မလွန်မြောက်နိုင်။

( သမ္မောဟဝိနောဒနီ အဋ္ဌကထာ )

သံသရာနှင့်အမျှ ဘဝများစွာတွင် မြင်ကောင်းသည့် ဒိဋ္ဌရုပ် ဖြစ်သော အမူအရာ-ဣန္ဒြိယပစ္စည်းကို မမြင်ကောင်းသော နဒိဋ္ဌရုပ် ဖြစ်သည့် ယောကျ်ား-မိန်းမ ပုဂ္ဂိုလ်-သတ္တဝါအဖြစ်ဖြင့် မြင်မိခဲ့လေသမျှသော အမှားတွေကို အရဟတ္တ မဂ်ဉာဏ်သံလျက်ဖြင့် သုတ်သင်ရှင်းလင်းတော်မူနိုင်ပေရာ—

**ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ။**

ဒိဋ္ဌေ-မြင်သောကာကဥ္စ်။ ဒိဋ္ဌမတ္တံ-မြင် ကာ မျှသည်။ ဘဝိဿတိ-ဖြစ်လတ့်။

**ဒိဋ္ဌေ နလိမ္ပတိ။**

ဒိဋ္ဌေ-ဤကဲ့သို့ မြင်ကာမျှဖြင့် မြင်သည်ရှိသော်၊ နလိမ္ပတိ-မိစ္ဆာဖဿဖြင့် မလိမ်းကျံ - ဝါ - မကပ်ငြိ။ ဝါ-မငြိတွယ်တော့သည် ဖြစ်သဖြင့်—

**စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံသင်္ဂတိ ဖဿော နဟောတိ။**

ဟူဘိသို့ ဖဿမဖြစ်သော် (တနည်း)မိစ္ဆာဖဿ မဖြစ်သော်—

**"ဖဿ နိရောဓာ ဝေဒနာ နိရောဓော"**

ဝေဒနာ(တနည်း) မိစ္ဆာဝေဒနာ (တနည်း)အကြောင်း ဝေဒနာသည် ချုပ်ရလေတော့၏။

ထိုနည်းတူစွာပင်လျှင် အထက်မဂ် အလိုငှာ 'ဘယတု' 'ပဌာ' နဉာဏ်ဖြင့် တဏှာကို သေအောင် တတ်နိုင်ပေသေးသည်။

ဥပမာ-

အမျိုးသမီးတယောက် အိမ်ထောင်ပြု၍ သားသန္ဓေရ၏။ အချိန်စေ့ရောက်သဖြင့် မွေးဖွားသော် အသေ အပုပ်ကောင်လေးဖြစ်နေသောကြောင့် စွန့်ပစ်လိုက်ရ၏။ တဖန် ပဋိသန္ဓေရှိပြန်၍ မွေးဖွားသော် အသေလေး ဖြစ်နေပြန်သဖြင့် ပစ်လိုက်ရပြန်၏။ ကာလအတန်ကြာသော် တဖန် အသေ အကောင်အပုပ်ကောင်လေးကိုပင် ဖွားပြန်၍ ပစ်လိုက်ရပြန်၏။ စတုတ္ထအကြိမ် မွေးဖွားခါနီးသောအခါတွင် မိခင်၏စိတ်တွင် အဘယ်သို့ ရှိနေပါမည်နည်း။ ယခု မွေးဖွားလတ္တံ့သော ကလေးသည် ခါတိုင်းကဲ့သို့ အသေလေး နေအုံးမှာဘဲ ဟူသော အမှတ်အသိဖြင့် ကလေးအပေါ်တွင် မခင်တွယ်မကပ်ငြိ-ဘိသကဲ့သို့ အကြင် အရိယာသည်လည်း ကိလေသာအာရုံကာမဂုဏ် တရားပေါင်းတို့၌ အာဒိနဝဉာဏ်-နိဗ္ဗိဒါဉာဏ်တို့ဖြင့် သုံးသပ်ရှုဆင်ခြင်ပါသော် သုခဟူက မြူမျှမမြင်၊ ဒုက္ခတွေကိုသာ မြင်ခြင်းဖြင့် အနေ့းနှင့်အမြန်, တနေ့တွင် ၎င်း တဏှာမလွဲအမှန် သေမည် ဖြစ်၏။

ဤကဲ့သို့ ကာမတဏှာ နိရောဓသစ္စာ ဆိုက်သော်-လောကီနယ်တွင် အလွန် အေးမြကြည်လင်စွာ သီတင်းသုံး နေထိုင်နိုင်သော အနာဂါမ် အရိယာအဖြစ်သို့ ရောက်လေတော့၏။

မာနနှင့် ဥဒ္ဓစ္စသာ ကျန်တော့၏၊ ၎င်း ၂-ပါးချုပ်သော် အရဟတ္တဖိုလ် ဆိုက်၏။

( နိဗ္ဗာန်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )

( ကိလေဗြိုပ္ပေ ဒုက္ခဘေးတို့-အလွန်အေးတဲ့ နိဗ္ဗာန်ကြီးပါ )

( တာဏဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )

( ဘေးပေါင်းရန်တကာ ဘယာမများဘို့ စောင့်ရှောက်ထားတဲ့ နိဗ္ဗာန်ကြီးပါ )

( လေဏဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )

( ငါးပါးအာရုံ ကာမဂုဏ်အငွေ့နှင့် အာရုံမတွေ့တဲ့ နိဗ္ဗာန်ကြီးပါ )

( ပရာယဏဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )

( လျှောင်းစက် မွှေလျော် အစဉ်နေ‌ော်ဆိုက်သဖြင့် အလွန်ပျော်ပိုက်တဲ့ နိဗ္ဗာန်ကြီးပါ)

# ဒိဋ္ဌိနှင့် တကျွာသတ် သစ္စာ ၄-ပါး

## ပဋိသမ္ဘိဒါဉာဏ်-တရားတော်

အတ္ထေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
ဓမ္မေညာဏံ ဓမ္မပဋိသမ္ဘိဒါ။

( ဝိဘင်းပါဠိတော် )

အတ္ထေ-အကျိုးတရား၌။ ညာဏံ-သိသော ဉာဏ်သည်။ အတ္ထပဋိသမ္ဘိဒါ-အကျိုးတရား၌ ထိုးထွင်းစိတ်ဖြာ၍ သိသော ဉာဏ်မည်၏။ ဓမ္မေ-အကြောင်းတရား၌။ ညာဏံ-သိသောဉာဏ်သည်။ ဓမ္မပဋိသမ္ဘိဒါ-အကြောင်းတရား၌ ထိုးထွင်းပိုင်းခြား၍ သိသော ဉာဏ်မည်၏။

မဂ်ဖိုလ်အလို့ငှာ ဝိပဿနာတရားကို အားထုတ်ကြရသည်သာ ဖြစ်ပေသည်။ သို့သော်လည်း အတ္ထပဋိသမ္ဘိဒါ-အကျိုးတရားနှင့် ဓမ္မပဋိသမ္ဘိဒါ-အကြောင်းတရားတို့ကို မသိပါက အပြောသာလျှင် ဟုတ်၍ လုပ်ငန်းအစစ်အမှန် ဟုတ်သည်ယု မဆိုနိုင်ပေ၊ အကျင့်တရားဖြင့် တွေ့ရသော ဝေဒနာသည် အကျိုး ဝေဒနာဖြစ်သည့် အတိုင်း အားထုတ်သည်ဖြစ်စေ၊ မထုတ်သည်ဖြစ်စေ လူတိုင်း တွေ့နိုင်သော သဘောဖြစ်၏။ သို့သော် ၎င်း ဝေဒနာ၏ အကြောင်း တရားကိုလိုသော် အဘယ်ကဲ့သို့သော အကျင့်တရားဖြင့် ရှာနိုင်ပါမည်နည်း၊ အကြောင်းတရားဖြစ်သော သမုဒယသစ္စာ (တနည်း) ဓမ္မ ပဋိသမ္ဘိဒါကို သတ်နိုင်မှသာ ဘဝ ယန္တရားစက်ရပ်တ် ရပ်မည် ဖြစ်ကြောင်း အများသိပင်ဖြစ်၍ ၎င်းကို သတ်နိုင်ရန် ပဌမ တွေ့အောင် ရှာနိုင်ရပေမည်။ အကျင့်တရား သန့်သန့်ဖြင့်ရှာ၍ တွေ့နိုင်

မည် - မဟုတ်သည်ကို အထူး သတိပြုရန် ဖြစ်ပါသည်။ အချုပ်ဆိုပါမူ အကြောင်း-အကျိုးသဘောတရားကို မသိလေသမျှ ဒိဋ္ဌိ မပြုတ်နိုင်ပေ။ အဘယ့်ကြောင့်ဟူမူ ဤ ပဋိသမ္ဘိဒါဉာဏ်သည် စရိယ ၃-ပါးတွင် ဉာဏစရိယ၌ ဝင်သောကြောင့် ဖြစ်၏။

ထို့ကြောင့်ပင်လျှင် အသျှင် သာရိပုတ္တရာမထေရ်မြတ်အလောင်း ဥပတိဿသည်–

ယေဓမ္မာ ဟေ တုပ္ပဘဝါ-

ယေဓမ္မာ-အကြောင်းအကျိုးတရား ဟူသမျှတို့သည်၊ ဟေတုပ္ပဘဝါ ဟိတ်ဟူသော တရားသည်လျှင်-အကြောင်းရင်း ရှိကုန်၏။

တည်းဟူသော ဂါထာဖြင့် အကျိုးတရား အကြောင်းတရားတို့ကို ခွဲခြားသိမြင်ပြီးလျှင် သောတာပတ္တိမဂ်ကို ရတော်မူ၏။ ထိုနည်းတူစွာ ခေမာဒေဝီ၊ ကိသာဂေါတမီ၊ ပဋာစာရီတို့အပြင် အခြားသော သာဝကများပင် ဤ အသိပညာဖြင့် ဒိဋ္ဌိပြုတ်ခါ အရိယာစခန်းသို့ တက်လှမ်းတော်မူခဲ့ ကြသည်မှာ သာသနာတော်တွင် အများပင်ဖြစ်သဖြင့် အထက်တန်းစား ဉာဏ်ပညာရှိသော ပါရမီရှင်တို့၏ အရာဖြစ်ကြောင်း ထင်ရှားပေသည်။

သို့ဖြစ်၍ ဤ ပဋိသမ္ဘိဒါဉာဏ် အဘယ်မျှ အကျိုးကြီးသည်ကို သိနိုင်ရန် သစ္စာလေးပါး ဖွဲ့ပြီးလျှင် ပဋိစ္စသမုပ္ပာဒ် စက်ရဟတ်ကြီးကို ကြိတ်ချေဖြတ်တောက်ကြည့်ရာ၏။

ဒုက္ခေဉာဏံ အတ္ထ ပဋိသမ္ဘိဒါ၊
ဒုက္ခသမုဒယေ ဉာဏံ ဓမ္မ ပဋိသမ္ဘိဒါ၊
ဒုက္ခနိရောဓေ ဉာဏံ အတ္ထ ပဋိသမ္ဘိဒါ၊
ဒုက္ခနိရောဓဂေါမိနိ ပဋိပဒါယ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ။

သျှင်တော်မြတ်သည်၊ ဤကဲ့သို့ပင်လျှင် သစ္စာလေးပါးတရားမြတ်ကို ပဋိသမ္ဘိဒါဉာဏ်တော်ဖြင့် ထွင်းဖောက်၍သိမြင်တော်မူပြီးလျှင် မရှေးမနှောင်း အာသဝတရားအပေါင်းတို့ ချုပ်ခြင်းဖြစ်ပေသည်။ အကြောင်းတရားသည် သမုဒယဖြစ်၏။ သမုဒယဟူသည်မှာလည်း တဏှာပင် ဖြစ်၏။ ထို့ကြောင့် အကြောင်း သမုဒယတဏှာကြောင့် ဖြစ်ရသော ဤ ၃၁-ဘုံလောကကြီးသည် ဒုက္ခဖြင့်သာ ပြီးပုံကို ဉာဏ်မိစေရာ၏။ ဤတွင် ဒုက္ခကို ဒွယအားဖြင့် အကျိုးဒုက္ခ-အကြောင်းဒုက္ခဟူ၍ ၂-ပါးပြားပြီးလျှင် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၏ အတိတ်အကြောင်းတရား ၅-ပါးကြောင့် ပစ္စုပ္ပန်အကျိုးတရား ၅-ပါး၊ တဖန် ၎င်း ပစ္စုပ္ပန်အကျိုးတရားမှပင်လျှင် အနာဂတ် အကျိုးတရား ၅-ပါးကို ဖြစ်စေမည့် ပစ္စုပ္ပန်အကြောင်းတရား ၅-ပါးတို့ ပေါက်ဖွားရာတွင် မိမိသည် မိမိ၏ ယခု ရရှိထားသော ပစ္စက္ခအကျိုးခန္ဓာသည် အတိတ်အကြောင်းတရားအားဖြင့် ခန္ဓာဖြစ်ပေရာ၊ ဘာမျှမဘတ်နိုင်ပုံနှင့် အနာဂတ် အကျိုးတရားတည်းဟူသော ဇာတိဒုက္ခကို ဖြစ်စေမည့် ပစ္စုပ္ပန် အကြောင်းတရား သမုဒယသစ္စာသည်သာ ခဲရန် မဲရန်ကိစ္စရှိပုံကို သတိပြုရန် ဖြစ်ပေ။

ကိလေသဝဋ်၊ ကမ္မဝဋ်၊ ပိပါကဝဋ် ဟူ၍ ဝဋ်သုံးပါးရှိရာတွင် ဝိပါကဝဋ်သည် အကျိုးတရား အတ္တပဋိသမ္ဘိဒါဖြစ်၍ ကမ္မဝဋ်နှင့် ကိလေသာဝဋ်တို့သည် အကြောင်းတရား ဓမ္မပဋိသမ္ဘိဒါဖြစ်ပေရာ မပယ်ကောင်း၊ မသတ်ကောင်းသော ရရှိပြီး အကျိုးတရားကို မညှဉ်းဆဲရာ၊ ဝိပါကဝဋ်ကိုဖြစ်စေသော ကမ္မဝဋ်၊ ကမဝဋ်ကိုဖြစ်စေသော ကိလေသဝဋ်ကိုသာ တရားခံထား၍ ပယ်သင့်-သတ်သင့်ပေသည်။

ဤသို့အားဖြင့် အကြင်ပုဂ္ဂိုလ်သည် ဒုက္ခသစ္စာ၌ ကျိုး-ကြောင်း ခွဲခြား၍၊ အမှန်တရားကို သိသည်ဖြစ်သောကြောင့်-

ဒုက္ခေ ဒုက္ခ၌၊ ဉာဏံ - သိသော ဉာဏ်သည်။ အတ္တပစ္စယသမ္ဘိဒါ အကျိုးတရား၌ ထိုးထွင်း၍ သိသောဉာဏ်မည်၏။

ဒုက္ခသစ္စာကို ပဋိသမ္ဘိဒါဉာဏ်ဖြင့် အမှန်မြင်ခြင်းပေတည်း။ ဤကဲ့သို့မြင်သဖြင့်ဘုံဘဝ၌ကောင်းနိုးရာရာသာယာတွယ်တာသော ကာမာသဝသည် ချုပ်၏။ တဖန်တုံ ၎င်းဒုက္ခ၏ ချုပ်ကြောင်း အကြောင်းသမုဒယကိုလည်း သိမြင်သည်ဖြစ်၍-

ဒုက္ခသမုဒယေ ဒုက္ခဖြစ်ကြောင်း တရား၌၊ ဉာဏံ-သိသော ဉာဏ်သည်၊ ဓမ္မပဋိသမ္ဘိဒါ အကြောင်းတရား၌ ထိုးထွင်း၍ သိသော ဉာဏ်မည်သဖြင့်-

ထိုပုဂ္ဂိုလ်သည် ဤတွင် သစ္စာလေးပါး၌ ပဋိသမ္ဘိဒါဉာဏ် (၂) ချက် ရပြီးဖြစ်ပေရာ၊ ကာမာသဝ ချုပ်သော် ဘဝါသဝချုပ်၏။ ကြောင်း-ကျိုးဒုက္ခကို မသိ-မမြင်သည်က ဒိဋ္ဌာသဝ၊ ယခုသိပြီးဖြစ်၍ ဒိဋ္ဌာသဝချုပ်ပြန်၏။ သစ္စာလေးပါးကို ကြောင်း-ကျိုးခွဲ၍ မသိမြင်သည်က အဝိဇ္ဇာသဝ၊ ယခုမြင် သိပြီးဖြစ်၍ ၎င်းလည်း ချုပ်ရပြန်၏။ ဤသည်ကား ထေရဝါဒ အရိယသစ္စာနည်း မည်၏။

ဒုက္ခနိရောဓေ အကြောင်းဒုက္ခချုပ်ခြင်း၌၊ ဉာဏံ - သိသော ဉာဏ်သည်။ အတ္ထပဋိသမ္ဘိဒါ - အကျိုးတရား၌ ထိုးထွင်း၍သိသော ဉာဏ်မည်သဖြင့်—

အကြောင်းဒုက္ခ ချုပ်ခြင်း၌ဆိုရာဝယ် အနာဂတ် အကြောင်း

သင်္ခါရချုပ်မှ အနာဂတ်တွင် ဒုက္ခချုပ်မည်ဖြစ်၏။ သို့မဟုတ်ပါက မချုပ်လေ။ ဤ၌အများပင် ဒုက္ခချုပ်စေရန် အမျိုးမျိုးသော နည်းဖြင့် ဟောပြော အားထုတ်လျက် ရှိကြရပေသည်။ ဘုရားသျှင်၏ အလိုတော်အတိုင်း အဖြောင့်နည်းဖြင့် သွားသင့်ကြပေသည်။ ထို့အပြင် ကောင်းကျိုးမှ ယုတ်လျော့စေသော မာန် ၉-ပါးကို သတိပြု ဖယ်ရှားပြီးလျှင်, တရားစစ် တရားမှန်ကို ပေါက်ရောက်တော်မူကြသော ဆရာကောင်းထံ၌ သာယာဝတီ မိဖုရားနည်းတူ ဆည်းပူးနာယူ သင့်လှပေသည်။

အကြောင်းဒုက္ခ ချုပ်စေသောလုပ်ငန်း ပဋိပတ်ကား မဂ္ဂင်-၈ ပါးဖြစ်၏။ ၎င်းအနက်မှ သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပ မဂ္ဂင်သည် အရေးကြီး၏။ ဤ၌ သမ္မာဒိဋ္ဌိ ၇-ပါး အနက်မှ စတုသစ္စ သမ္မာဒိဋ္ဌိ မဂ္ဂသမ္မာဒိဋ္ဌိနှင့် ဖလသမ္မာဒိဋ္ဌိတို့ကိုသာ လိုရင်း ဖြစ်ပေသည်။ ဓမ္မစက္ကပဝတ္တနသုတ်တွင် သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်ဟူ၍ ၃-ပါးရှိရာ၊ အောက်မဂ် ၂-ပါး သည် သစ္စဉာဏ် တည်းဟူသော သိမှုတရားဖြစ်၍ ကိစ္စဉာဏ်နှင့် ကတဉာဏ်တို့မှာ အပယ်တရားနှင့် အလွတ်တရားတို့ဖြစ်သဖြင့် အထက်မဂ်တို့နှင့် သက်ဆိုင်ပေသည်။ သို့ဖြစ်၍ တရားတွင်သိမှု ၂-မျိုးသာရှိကြောင်း သိစေပြီး သိမှုကား ပဌမ၊ ပယ်မှု၊ လွတ်မှု(တနည်း)လုပ်ငန်းကား ဒုတိယ ဖြစ်သည်ကိုလည်း အထူး သတိပြုသင့်လှပါသည်။ ထို့ကြောင့် ဤကဲ့သို့ လမ်းမှန်အကျင့် ပဋိပတ်ကို သိသောဉာဏ်သည်–

> ဒုက္ခနိရောဓဂေါမိနိပဋိပဒါယ–ဒုက္ခချုပ်ငြိမ်းကြောင်း- လုပ်ငန်း ပဋိပတ်၌၊ ညာဏံ-သိသောဉာဏ်သည်။ဓမ္မပဋိသမ္ဘိဒါ-အကြောင်းတရား၌ ထိုးထွင်း၍ သိသောဉာဏ်မည်၏။

(၁) ဇရာမရဏေ ဉာဏံ အတ္တပဋိသမ္ဘိဒါ၊
ဇရာ မရဏ သမုဒယေ - ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊
ဇရာမရဏနိရောဓေ - ဉာဏံ အတ္တပဋိသမ္ဘိဒါ၊
ဇရာမရဏ နိရောဓဂါမိနိပဋိပဒါယ - ဉာဏံဓမ္မပဋိသမ္ဘိဒါ။

ယခုပစ္စုပ္ပန်အကျိုး ဝိပါက်ခန္ဓာ၏၊ အိုခြင်း - သေခြင်းသဘော တရားသည်။ပရမတ္ထသစ္စာဖြစ်၍၊လွဲရှောင်ခြင်းငှာ မဖြစ်စကောင်း သော - လူတိုင်းသိသည့် ကိစ္စ ဖြစ်ပေသည်။ ဤမျှသိရုံဖြင့်သော် - ခက်ခဲနက်နဲသော အသိမဟုတ်သဖြင့်၊ပဋိသမ္ဘိဒါဉာဏ်မထိုက်သေး။ ၎င်း - အိုမှု - သေမှုအား - ဒွယနည်းအားဖြင့် ကျိုး - ကြောင်းခွဲခြား ပြီး သိမြင်နိုင်ပါမှသာလျှင်—

ဇရာမရဏေ - အိုခြင်း၊ သေခြင်း၌။ဉာဏံ - သိသောဉာဏ် သည်။ အတ္တပဋိသမ္ဘိဒါ - အကျိုးတရားကိုသောဉာဏ်။

ဖြစ်၍၊ အရိယသစ္စာနည်းလည်း မည်ပေသည်။ ဤအိုမှု - သေမှုသည် လည်း အကြောင်း သမုဒယဖြင့်ကင်း၍ - အိုနိုင်သည် - သေနိုင်သည် မဟုတ်ပေ။ အကြောင်းဇာတိတရားကြောင့်သာလျှင် အိုရ - သေရ သည်ဖြစ်ကြောင်းကို သိရသည့်ပြင် - ၎င်းတို့သည်၊ နိယာမပဋိစ္စ သမုပ္ပါဒ်စက်ရဟတ်၏'ဖြစ်သဘော'-'ပျက်သဘော'အစစ်တို့လည်း ဖြစ်သဖြင့် အရိယသစ္စာဉာဏ်ဖြင့်—

ဇရာမရဏသမုဒယေ - အိုခြင်း၊ သေခြင်း၏ အကြောင်းကို၊ ဉာဏံ - သိသောဉာဏ်သည်၊ ဓမ္မပဋိသမ္ဘိဒါ - အကြောင်း တရား၌ ထိုးထွင်း၍သိသောဉာဏ်ကို ရပြီဖြစ်ပေသည်။

သို့ဖြစ်သော် ၎င်းအိုမှု–သေမှုတို့ချုပ်ရန် ဘာလုပ်ရပါမည်နည်း၊ အကြောင်းသခါရ–ချုပ်မှုဖြစ်ပေမည်။စတုသစ္စသမ္မာဒိဋ္ဌိ–ဉာဏ်ဖြင့်

အကြောင်းသမုဒယကို သတ်ရန်ဖြစ်၏။ အကြောင်းမချုပ်ပါဘဲ အကျိုးတရားမသေပေ။ သို့ဖြစ်၍ အကျိုးတရားကို မကိုင်မိကြဘို့သည်၊ အရေးကြီးလှပါသည်။ ကိုင်သော် လမ်းလွဲသည်ဖြစ်သဖြင့် မနိုပ်စက်ထိုက်သော အကျိုးခန္ဓာကို ညှဉ်းပမ်းသည် ဖြစ်၍ အတ္တကိလမထအကျင့်၌ ကျ၏။ တဖန် သတ်ရမည့် ပယ်ရမည့်အကြောင်းတရားကို တွယ်တာမိပြန်သော် ကာမသုခလ္လိကာ၌ ကျသဖြင့် ဤအနှောင့်အသွား မလွတ်သော ပြဿနာကို လွန်အောင်ပြုရမည်ဖြစ်သည်ကို သိသောဉာဏ်သည်—

ဇရာမရဏာနိရောဓေ - အိုမှုသေမှုတို့ ချုပ်ခြင်းကို၊ ဉာဏံ - သိသောဉာဏ်သည်။ အတ္ထပဋိသမ္ဘိဒါ - အကျိုးတရား၌ ထိုးထွင်း၍သိသောဉာဏ်မည်၏။

ဤကဲ့သို့ အထက်တွင် ဟောတော်မူသည့် အတိုင်း ၎င်းဇရာမရဏာတို့ချုပ်ရန် လမ်းမှန်သောလုပ်ငန်း ပဋိပတ်သည် အရေးကြီးလှပေရာ၊ လိုရာပန်းတိုင်သို့ အဖြောင့်ရောက်နိုင်စေရန် ထေရဝါဒခေါ် အရိယ သစ္စာနည်းဖြစ်သော စတုသစ္စသမ္မာဒိဋ္ဌိပညာဖြင့် ဤသည်ကား အကျိုးတရား၊ ဤသည်ကား အကြောင်းတရားဟူ၍ ထွင်းဖောက်သိမြင်နိုင်ရမည် ဖြစ်ပေသည်။ ဤသို့ ရည်တော်မူ၍—

**မဂ္ဂေါတိ ကေနဋ္ဌေန မဂ္ဂေါ။**

မဂ္ဂေါတိ-မဂ်မည်ခြင်းသည်။ ကေနဋ္ဌေန-အဘယ်သို့သော အနက်သဘောကြောင့်၊ မဂ္ဂေါ-မဂ်မည်ပါသနည်း။

( **အမေး** )

**သောတာပတ္တိ မဂ္ဂက္ခဏေ ဒဿနေန သမ္မာဒိဋ္ဌိ**
**မိစ္ဆာဒိဋ္ဌိယာ ပဟာနာယ မဂ္ဂေါ။**

သောတာပတ္တိ မဂ္ဂက္ခဏေ - သောတာပတ္တိ မဂ်ခဏ၌၊
ဒဿနေန - သစ္စာလေးချက်ကို အမှန် မြင်ခြင်းကြောင့်၊
သမ္မာဒိဋ္ဌိ - သမ္မာဒိဋ္ဌိမည်၏။
မိစ္ဆာဒိဋ္ဌိယာ-မှားသောအယူကို။ ပဟာနာယ - ပယ်ခြင်း
ကြောင့်။ မဂ္ဂေါ - မဂ်မည်၏။

ဟု ဟောကြားတော်မူသဖြင့် အမြင်မှန် တချက်သည် အဘယ်မျှ အရေးကြီးသည်ကို သိနိုင်ပေပြီ။ သို့မှသာလျှင်—

ဇရာမရဏနိရောဓဂါမိနိပဋိပဒါယ - အိုမူ သေမှုဒုက္ခတို့ချုပ်ငြိမ်းစေကြောင်း လုပ်ငန်း။ ပဋိပတ်ကို။ ဉာဏံ - သိသော ဉာဏ်သည်။ ပဋိသမ္ဘိဒါ - အကြောင်းတရား၌ ထွင်းပေါက် သိမြင်သော ဉာဏ်ဖြစ်၏။

(၂) ဇာတိယာ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
ဇာတိသမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊
ဇာတိနိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
ဇာတိနိရောဓဂါမိနိပဋိပဒါယ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ။

အထက်ပိုင်း ဒိဋ္ဌိသတ် ပဋိသမ္ဘိဒါဟောစဉ်တွင် ပါရှိပြီးဖြစ်သည့် အတိုင်း ဇာတိ-၄-ချက်ကို သိရာ၏။ ယခုရရှိပြီး အမိ ဝမ်းတွင်း ကိန်းအောင်း တည်နေရသော ဒုက္ခသည်ကား ပရမတ္ထ သစ္စာ ကမ္ဘာသိဖြစ်၏။ အရိယသစ္စာနည်းအားဖြင့် မည်သည့် ဇာတိကား-အကျိုးတရား။ မည်သည့် ဇာတိကား—အကြောင်းတရား—ဟူ၍ ခွဲခြမ်းဝေဘန်ပိုင်းခြား၍ သိရာ၏။ မဂ်ကိစ္စ — ဖိုလ်ကိစ္စ အတွက် အကြောင်းတရားကို အပိုင်မိရန်သည် အရေးကြီးလှသဖြင့် အနာ

ဂတ်ဇာတိကို ဖြစ်စေမည့် အနာဂတ်အကြောင်း ပဋိစ္စ သမုပ္ပါဒ် ဇာတိ ( တနည်း ) တဏှာကို ဖမ်းမိနိုင်သော ဉာဏ်သည်–

ဇာတိယာ - ဘဝသစ်တဖန် တည်နေရခြင်းဒုက္ခကို။ ညာဏံ သိသောဉာဏ်သည်။အတ္တပဋိသမ္ဘိဒါ - အကျိုးတရား၌ ထိုး ထွင်း၍သိသော ဉာဏ်မည်၏။

ဟူသည်နှင့်အညီ ဇာတိဒွယကိုယူ၍ ပယ်အပ်သော ဇာတိ၊ မပယ် အပ်သောဇာတိတို့ကို မှန်ကန်တိကျစွာ သိနိုင်ပါမှသာလျှင် မဇ္ဈိမ ပဋိပဒါလမ်းမြတ်ပေါ်သို့ ရောက်မည်ဖြစ်ပေသည်။

တဖန်– ၎င်းဇာတိသည် မိမိ၏ စွမ်းအားသတ္တိဖြင့် ဖြစ်ပေါ်နိုင် သည် မဟုတ်ပေ။ “ ဇာတိဒုက္ခော - တဏှာမူလကော ” အရ ဇာတိ ဒုက္ခသည် တဏှာ အစေး အညှော်ကြောင့် သာလျှင် ဖြစ်ပေါ် ကြောင်း ထင်ရှားပေသည်။ ဤ၌ တဏှာနှင့် ကမ္မဘဝ အတူပင် ဖြစ်၏။ သို့သိမြင်သော်–

ဇာတိသမုဒယေ - ဇာတိ ဒုက္ခ ဖြစ်ကြောင်းကို။ ညာဏံ - သိသောဉာဏ်သည်။ ဓမ္မပဋိသမ္ဘိဒါ - အကြောင်း တရား၌ ထိုးထွင်း၍ သိမြင်သော ဉာဏ်မည်၏။

ဟု ဟောတော်မူသည့် အတိုင်း ဓမ္မပဋိသမ္ဘိဒါ ဉာဏ်ကို ရရှိသည် မည်ပေသည်။

**နိရောဓေ ဉာဏံ နိဗ္ဗာနံ။**

နိရောဓေ ဉာဏ - ချုပ်ငြိမ်းခြင်း မည်သည်ကား၊ နိဗ္ဗာနံ - နိဗ္ဗာန်မည်၏။

ဤတွင် –ချုပ်ငြိမ်းခြင်း ဟူသည် ဇာတိချုပ်ရန် ဖြစ်၏။ ဇာတိ မှာလည်း အကြောင်းဇာတိဖြစ်၏။ သို့မှသာလျှင် အကျိုး ဇာတိ ငြိမ်း၍ ဆင်းရဲခြင်းဒုက္ခအမျိုးမျိုးတို့ဘေးမှ လွတ်ကင်းမည် ဖြစ်ပေ

သည်။ တဖန် - နိဗ္ဗာန်ဟူသည် သစ္ဆိကာတဗ္ဗ=ပစ္စက္ခ မျက်မှောက်ပြုနိုင်သော သဘောတရားဖြစ်၍လည်း၊ သန္ဒိဋ္ဌိကဂုဏ်တော်အားဖြင့် မနက်ပြန်မှာလော။ တမလွန်ဘဝမှာလောဟူသော ပြဿနာသည် မတတ်သင့်။ အကြောင်းဇာတိ (တနည်း) ပဋိစ္စသမုပ္ပါဒ် သံသရာဇာတိချုပ်ခြင်းသည် အကြောင်းနိဗ္ဗာန်။ ဘုရားရဟန္တာ အသျှင်မြတ်တို့ ပရိနိဗ္ဗာန်စံယူတော်မူသည်ကား-အကျိုးနိဗ္ဗာန်ဖြစ်ကြောင်း ဉာဏ်မိသင့်ပေသည်။ သို့ဖြစ်သော် ဇာတိ အဘယ်ကဲ့သို့ ချုပ်လေမည်နည်း။

သတိ—

နိဗ္ဗာနံ ကာလဝိမုတ္တဉ္စ

နိဗ္ဗာနံ—နိဗ္ဗာန်သည်၊ ကာလဝိမုတ္တဉ္စ—ကာလမှလွတ်၏။

ဟု ဟောတော်မူသဖြင့်၊ ကာလ ၃—ပါးကို စဉ်းစားအပ်ပါသည်။ အတိတ်သဘောသည် ဖြစ်ပြီး၊ ချုပ်ပြီး၊ အနာဂတ်သဘောမှာ မဖြစ်သေးသည်ဖြစ်၍ ရှိသော သဘာဝတို့ မဟုတ်တော့ပြီ။ ဖြစ်ပြီးမှသာလျှင် အတိတ်ကို ထောက်ဆ၍ပြောနေရခြင်းသာဖြစ်၏။ ပစ္စုပ္ပန်ကာလမှလည်း-ထိုနည်းတူစွာ ဖြစ်ပြီးမှသာလျှင်၊ အရှိအနေအားဖြင့် ပြောရသောသဘောမျှဖြစ်၏။ ဖြစ်ဆဲသဘောတွင် ပြောမရနိုင်သော သဘောဖြစ်သဖြင့်၊ ဤကာလ ၃-ပါး ယန္တရားသည် စင်စစ် အတိတ်သဘောတရားတို့ချည်းဖြစ်ပြီးလျှင် ပုထုဇဉ် ပုဂ္ဂိုလ်တို့၏ မှောက်မှားမှုဖြင့် ဆွဲကိုင်သည်ဖြစ်၍သာ ကာလ-၃-ပါးပြားရှိရပေသည်။ သို့ဖြစ်၍ ဇာတိခေါ် ပဋိစ္စသမုပ္ပါဒ် 'ဖြစ်သဘော' သည် ဤတွင် ချုပ်လျက်ရှိ၏။ သို့သော် အပြီးအပိုင် မချုပ်သေး

ပေ။ နောက်ဆုံးသော် တဏှာချုပ်မှ-ၒင်းချုပ်မည် ဖြစ်ပေရာ၊ဉာဏ စရိယပညာသည် အကြောင်း သမုဒယကိုသတ်၏။

ဥပမာသော် — အတိတ်သဘော သရက်ပင်မှ သီးထားသော ပစ္စုပ္ပန်သဘောသရက်စေ့သည်၊ ယခုအပင်မပေါက်သေး၊ သို့သော် နောင်တွင် အကြောင်းညီညွတ်က အနာဂတ် သရက်ပင်အမှန် ပေါက်မည်ဖြစ်၏။ ၒင်းအစေ့ကိုပြုတ်ပစ်သော် အပင်မပေါက်နိုင်တော့ပြီဖြစ်၏။ ဤသည် ကား အနာဂတ်အပင် ဖြစ်စေမည့် အကြောင်းမျိုးကို သတ်လိုက်ခြင်းဖြစ်၏။ အနာဂတ် ဇာတိချုပ်ခြင်းလည်းဖြစ်၏။ ဤသဘောသည်ပင်လျှင် နိဗ္ဗာန်ခေါ် ငြိမ်းအေးခြင်းမည်ပေသည်။ ထို့ကြောင့် ဤသို့သော အရိယ သစ္စာဉာဏ်ဖြင့် နိရောဓသစ္စာတည်း ဟူသော အကျိုးတရားကို ပဋိသမ္ဘိဒါဉာဏ်စွက်၍ မြင်သဖြင့်—

“ ဇာတိနိရောဓေ ဇာတိဒုက္ခ ချုပ်ငြိမ်းခြင်း၌၊ဉာဏံ–သိသော ဉာဏ်သည်၊ အတ္ထပဋိသမ္ဘိဒါ· အကျိုးတရားကိုထိုးထွင်းသိမြင်သော ဉာဏ်မည်ပေသည် ”

ယခုကဏ္ဍတွင်–ၒင်းဇာတိချုပ်ငြိမ်းစေကြောင်း လုပ်ငန်းပဋိပတ်ကို လက်ကိုင်ပြုနိုင်ရန်ဖြစ်ပါသည်။ အကြောင်း တရားကို သတ်ရမည်ဖြစ်သည့်အတိုင်း တဏှာကို အသေသတ်နိုင်ရန် စတုသစ္စသမ္မာဒိဋ္ဌိနည်းဖြင့်သာ အားထုတ်ရန်ဖြစ်၏။ ဤ၌-အသိတရားရှေ့-အကျင့်တရားကို အားထုတ်မိသော် အာဠာရ ဥဒကရသေ့ကြီးများ ကဲ့သို့ ဇာတိဒုက္ခ ငြိမ်းမည်မဟုတ်ပေ။ ထို့ကြောင့် တဏှာချုပ်စေရန်ဒုက္ခကို မြင်အောင်ရှုရာ၏။ အကျိုးဒုက္ခ မဟုတ်ပေ။ အကြောင်းဒုက္ခ

(တနည်း ) အကြောင်း သင်္ခါရဒုက္ခတွေကို ဆိုလိုခြင်း ဖြစ်၏။ သို့ဖြစ်၍—

**ဒုက္ခထင်လျှင် ရဟန္တာပင် ဆင်ခြင်သမုန္တေဒ။**

ဟု ဆိုရိုးစကားရှိခဲ့ပေသည်။ ဤသည်ကား-အကျဉ်းအားဖြင့်—

"ဇာတိနိရောဓဂါမိနိပဋိပဒါယ-ဇာတိချုပ်ငြိမ်းစေကြောင်း လုပ်ငန်းပဋိပတ်ကို၊ ဉာဏံ - သိသော ဉာဏ်သည်။ဓမ္မပဋိသမ္ဘိဒါ-အကြောင်းတရား၌ ထိုးထွင်း၍ သိသော ဉာဏ် မည်၏"

(၃) ဘဝေဉာဏံ-အတ္ထပဋိသမ္ဘိဒါ။

ဘဝသမုဒယေ-ဉာဏံ ဓမ္မပဋိသမ္ဘိဒါ။

ဘဝနိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ။

ဘဝနိရောဓဂါမိနိပဋိပဒါယ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ။

ပဋိသမ္ဘိဒါဉာဏ်သည် အထက်တန်း ပါရမီရှိသော (တနည်း) ကျွတ်ထိုက်သော ဝေနေယျတို့၏ အရာသာလျှင် ဖြစ်သဖြင့် -ပေါ့ ပေါ့-ဆဆ ယူဆခြင်းငှာမသင့်၊ ဤဉာဏ်ကို မိမိတို့ ပါရမီအား၊ ဉာဏ်အား လျော်စွာရသော် သာသနာတော်တွင်တရားမမှားတော့ ပါ။ကိစ္စပြီးနိုင်၏။ အသျှင်သာရိပုတ္တရာသည် ကြောင်းကျိုးသဘာဝ ကို ပဋိသမ္ဘိဒါဉာဏ်သွင်း၍ နာယူနိုင်သဖြင့် သောတာပတ္တိဖိုလ်ကို ရတော်မူပေသည်။ ဤသဘော၌ခေတ်တွေ၊ပရမတ်တွေ၊ပညတ်တွေ၊ အကျင့်တရားတွေ မပါသည်ကို သတိပြုရန် ဖြစ်ပါသည်။

ဘဝသည် ပဋိသန္ဓေအားဖြင့် တဘဝမှ တဘဝသို့ ကူးပြောင်း တည်နေခြင်းဘဝတမျိုး၊ ပစ္စုပ္ပန်တွင် သဿတဒိဋ္ဌိ၊ဥစ္ဆေဒဒိဋ္ဌိအစ ရှိသော ၆၂-ပါးသည်လည်း ဘဝပင် ဖြစ်ပေရာ ဘဝနှစ်မျိုး ပြားပုံ ကိုသတိပြုရန်ဖြစ်၏ယခုပစ္စုပ္ပန်အကျိုးဘဝသည် အတိတ်အကြောင်း

တရား–၅-ပါး ကြောင့်ရခြင်းဖြစ်သဖြင့်ငင်း၌ ပရမတ္ထသဘာဝခေတ်ကြီးကို ထောက်ခံလျက်ရှိ၍-၎င်းကိုသတ်၍ မရစ္စကောင်းပေ၊ သတ်နေသော်- ပယ်သော်လည်း အနာဂတ်ဇာတိမငြိမ်း၊ အဘယ့်ကြောင့်ဟူမူ အဝိဇ္ဇာနိဝရဏ မချုပ်သောကြောင့်ဖြစ်၏။ အာဠာရ-ဥဒကစျာန်အဘိညာဉ်ရပုဂ္ဂိုလ်တို့သည် နိဝရဏ တရားတို့ ( တနည်း ) တဏှာချုပ်သည်ဟုပြောကြ၏။ အမှန်သော်ကား- ကာမစ္ဆန္ဒနီဝရဏဗျာပါဒနိဝရဏ- ထိနမိဒ္ဓ- နိဝရဏ – ဥဒ္ဓစ္စကုက္ကုစ္စနိဝရဏ -ဝိစိကိစ္ဆာနိဝရဏတို့-ခေတ္တမျှ ဟန်ဆောင်ချုပ်နေခြင်းဖြစ်၏။ အဝိဇ္ဇာနိဝရဏမချုပ်သည်ဖြစ်သဖြင့် ဇာတိဒုက္ခမငြိမ်းခြင်းဖြစ်ပေသည်။ ယခုဟောစဉ်ကား - အဝိဇ္ဇာနိဝရဏချုပ်ရန်ဖြစ်၍ အထူး အကျိုး ကြီးလှပါသည်။ အရင်းလဲသော် အဖြားထင်းဖြစ်ရာသကဲ့သို့ အဝိဇ္ဇာကြီးလဲပြိုရန်သာ အရေးကြီး၏။ ဤသို့သော အရိယ သစ္စာနည်းဖြင့်အကျိုးတရားကို ပိုင်းခြားသိမြင်ခြင်းသည်–

ဘဝေ–ဘဝ၌။ဉာဏံ-သိသောဉာဏ်သည်။

အတ္တပစ္စသမ္ဘိဒါ - အကျိုးတရားကို ထိုးထွင်း သိ မြင် သောဉာဏ်မည်၏။

တဖန် ဤအကျိုးဘဝ အတ္တပစ္စသမ္ဘိဒါသည် အကြောင်းမဲ့ဖြစ်ပေါ်နိုင်သည်မဟုတ်ပေ။ အကြောင်းသမုဒယံတဏှာ ဥပါဒါန်ကြောင့်သာ ဖြစ်ပေါ်ရပေသည်။ မိမိသည် အတိတ်ဘဝ၌ ဖြစ်စဉ်ကဤအကြောင်းတဏှာကို မသတ်ခဲ့မိ၍သာ ယခုပစ္စုပ္ပန်အကျိုးခန္ဓာကို ရ၏။ ယခုမှာမှ ၎င်းကို မသတ်နိုင်ပါမူ အနာဂတ်ခန္ဓာကိုရအုံးမည်ဖြစ်သဖြင့် အလွန်စိုးရိမ် ထိတ်လန့်ဘွယ်ရာ ဖြစ်ပေသည်။ သို့ဖြစ်၍ အကြောင်းလည်းမသိ၊ အကျိုးလည်းမသိနိုင်အောင် ဖုံးလွှမ်းနေသော အဝိဇ္ဇာ၏ စွမ်းအားကို တွန်းလှန် နိုင်ပါမှသာ

ကြောင်း-ကျိုးကို သိမြင်သော ဝိဇ္ဇာဉာဏ်ကို ရရှိပေမည်။ ဤကို ရည်၍ သျှင်တော်မြတ်က-

ဘဝေ အညာဏံ အဝိဇ္ဇာ။

ဘဝေ-ဘဝ၌၊ အညာဏံ-မသိခြင်းသည်၊ အဝိဇ္ဇာ-အဝိဇ္ဇာမည်၏။

ဘဝေ ဉာဏံ ဝိဇ္ဇာ။

ဘဝေ-ဘဝ၌ ဉာဏံသိခြင်းသည်၊ ဝိဇ္ဇာ-ဝိဇ္ဇာမည်၏။

ဟုဆိုဆုံးမတော်မူ၍ ၎င်းကြောင်း-ကျိုး သဘာဝကို အရိယသစ္စာဉာဏ်ဖြင့် မြင်သိရန် အဘယ်မျှ လိုအပ်ကြောင်း ထင်ရှား၏။ သိသော်—

ဘဝသမုဒယေ - ဘဝ၏ဖြစ်ကြောင်း၌။ ဉာဏံ -သိသောဉာဏ် သည်။ ဓမ္မပဋိသမ္ဘိဒါ အကြောင်းတရားကိုထိုးထွင်း၍ သိသော ဉာဏ်ကို ရသည်မည်ပေသည်။

ဤတွင် အရိယသစ္စာဉာဏ်ဖြင့် ကြောင်း-ကျိုး ဘဝ ၂-ပါး၌ သဿတ၊ ဥစ္ဆေဒ၊အဝိဇ္ဇာနှင့် ယှဉ်နေသော အကြောင်းဘဝကို ခဲနိုင် မနိုင်သည်ဖြစ်၍ အနာဂတ် ဘဝချုပ်မည်ဖြစ်၏။ ရေငွေးဖြောပြီး သော သစ်စေ့အလားကဲ့သို့ အပင်မပေါက်နိုင်ခြင်းသဘော ဖြစ်ပေ သည်။

၎င်းဉာဏ်သည်—

ဘဝနိရောဓေ—ဘဝချုပ်ငြိမ်းခြင်း၌။ဉာဏံ-သိသောဉာဏ်သည်။ အတ္ထပဋိသမ္ဘိဒါ - အကျိုးတရားကို ထိုးထွင်း၍သိသော ဉာဏ်မည် ၏။

ထို့ကြောင့် ဤအကြောင်းဘဝ ချုပ်နိုင်ရန် အထက် ကဏ္ဍများ တွင် အကြိမ်ကြိမ် ဟောတော်မူသည့်အတိုင်း အရိယသစ္စာနည်းဖြင့် အကြောင်းတရားကိုသာ စတုသစ္စသမ္မာဒိဋ္ဌိ ပညာဖြင့် ကြိတ်ချေရန်

ဖြစ်ပေသည်။ သို့သော် အကျိုးခန္ဓာကိုလည်း သံဝေဂရလိုသော် လက္ခဏာရေးတင်၍ ရှုနိုင်ပါသည်။ အပဟာတဗ္ဗ - မပယ်ကောင်း၊ မသတ်ကောင်းသော တရားဖြစ်ကြောင်းကိုကား သတိပြုရမည်ဖြစ် ပါသည်။ သို့မှသာလျှင်-

ဘဝနိရောဓ ဂါမိနီ ပဋိပဒါယ ဘဝချုပ်ကြောင်း လုပ်ငန်း ပဋိပတ်၌ဉာဏံ-သိသောဉာဏ်သည်။ဓမ္မပဋိသမ္ဘိဒါ-အကြောင်း တရား၌။ ထိုးထွင်း၍ သိသောဉာဏ်ကို အမှန်ရမည် ဖြစ်၏။

(၄) ဥပါဒါနေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
ဥပါဒါန သမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊
ဥပါဒါန နိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
ဥပါဒါန နိရောဓဂါမိနိပဋိပဒါယ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ။

ဥပါဒါန်ဟူသည် အစွဲတရားဖြစ်၏။ ဒိဋ္ဌိသတ် ပဋိသမ္ဘိဒါကထာတွင် ဟောတော်မူသည့်အတိုင်း ဥပါဒါန် ၄-ပါးကိုယူ၍ အရိယသစ္စာဉာဏ်ဖြင့် အကျိုးတရား၏ သဘောကို ခွဲခြမ်းစိတ်ဖြာပြီး သိမြင်နိုင်ရန် ဖြစ်ပါသည်။ ဤ၌လည်း ဥပါဒါန် ဒွယကို သုံးသပ်နိုင်ပါမှသာလျှင်-

ဥပါဒါနေ-အစွဲဥပါဒါန်၌၊ ဉာဏံ - သိသောဉာဏ်သည်။အတ္ထပဋိသမ္ဘိဒါ - အကျိုးကို ထိုးထွင်း၍သိသော ဉာဏ်ကိုရမည် ဖြစ်ပေသည်။

ၡင်း ဥပါဒါန်သမုဒယ၏ ဖြစ်ကြောင်းကား အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ ဖဿ၊ အာဟာရ၊ နာမ်ရုပ်တို့ဖြစ်ပေရာ အဝိဇ္ဇာနှင့် တဏှာသည်သာ လိုရင်းဖြစ်သည့်အတိုင်း မသေ-သေအောင် သတ်ရန် အရေးကြီးလှပါသည်။ ဤကဲ့သို့ သိမြင်ခြင်းသည်-

ဥပါဒါန သမုဒယေ အစွဲဥပါဒါန် ဖြစ်ကြောင်းကို။ ဉာဏံ-သိ
သောဉာဏ်သည်။ ဓမ္မပဋိသမ္ဘိဒါ-အကြောင်းတရား၌ ထိုးထွင်း
၍ သိသောဉာဏ်မည်၏။

ဤကဲ့သို့သောနည်းဖြင့်တဏှာကိုသတ်သော်။ကာမုပါဒါန်-ချုပ်တော့၏။ ကာမုပါဒါန်ချုပ်သော် အဝိဇ္ဇာကြီးလည်း ချုပ်မည်ကို သိမြင်သော်-သတ်နိုင်သော်-

ဥပါဒါန နိရောဓေ - အစွဲဥပါဒါန် ချုပ်ခြင်းကို၊ ဉာဏံ သိ
သောဉာဏ်သည်။ အတ္ထပဋိသမ္ဘိဒါ-အကျိုးတရား၌ ထိုးထွင်း၍
သိသောဉာဏ်ကို ရသည်မည်၏။

သို့ဖြစ်၍ ၎င်းအဝိဇ္ဇာတဏှာကို သတ်နိုင်ရန်သည် အရိယသစ္စာနည်းပင်ဖြစ်သော စတုသစ္စသမ္မာဒိဋ္ဌိ လမ်းစဉ်ဖြင့် အထူးကြိုးစားခြင်းသည် -

ဥပါဒါန နိရောဓဂါမိနိ ပဋိပဒါယ - အစွဲဥပါဒါန် ချုပ်ငြိမ်း
ကြောင်းလုပ်ငန်း ပဋိပတ်ကို။ ဉာဏံ - သိသောဉာဏ်သည်။ ဓမ္မ
ပဋိသမ္ဘိဒါ အကြောင်းတရား၌ ထိုးထွင်း၍ သိသော ဉာဏ်မည်
ပေသည်။

(၅) တဏှာယ ဉာဏံ အတ္ထပဋိသမ္ဘိဒါ။
တဏှာ သမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ။
တဏှာနိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ။
တဏှာနိရောဓဂါမိနီ ပဋိပဒါယ ဉာဏံဓမ္မပဋိသမ္ဘိဒါ။

တဏှာဟူသည် မျောက် နဲ့ စေး ကဲ့သို့ ကပ်ငြိခြင်း သဘောလက္ခဏာရှိ၏။ ၎င်းသည် ဒိဋ္ဌိသတ် ပဋိသမ္ဘိဒါ ကဏ္ဍမှာကဲ့သို့ပင် တဏှာ ၃-ပါး၊ တဏှာ ၆-ပါး တဏှာအစစ် ၁၀၈-တို့ကိုယူရာ၏။ ဤ၌ တဏှာကိုလည်း အကြောင်းတဏှာ၊ အကျိုးတဏှာဟူ၍ ဒွယအားဖြင့် အရိယာသစ္စာနည်းကို ယူပြီးလျှင် အများသိ မဟုတ်သော

ဉာဏ်ဖြင့် ပေါက်ပေါက် ရောက်ရောက် သိမြင်ရာ၏။ သို့ သိမြင်မှု သာလျှင်။

"တဏှာယ-တဏှာ၌။ ဉာဏံ-သိသောဉာဏ်သည်။အတ္ထပဋိသမ္ဘိဒါ- အကျိုးတရားကို ထိုးထွင်းသိမြင်သော ဉာဏ်ကို ရမည် ဖြစ်ပေသည်။"

ဤ၌ တဏှာ၏ အကြောင်းတရားကို သိမြင်ရန်ဖြစ်၏။ အနိုးကပ်ဆုံးမှာ -

**အဝိဇ္ဇာ သမုဒယာ တဏှာသမုဒယော။**

ဟူသည်နှင့်အညီ အဝိဇ္ဇာရှိ၍သာ တဏှာဖြစ်ရပေရာ အဝိဇ္ဇာသည် တဏှာ ဖြစ်ကြောင်း၊ အကြောင်းစစ် ဖြစ်၏။ ပဋိစ္စသမုပ္ပါဒ်နည်း အားဖြင့် ဝေဒနာကိုလည်း အကြောင်းတရားအဖြစ် ယူရာ၏။

**တဏှာယ အညာဏံ အဝိဇ္ဇာ။**

တဏှာယ-တဏှာ၌၊ အညာဏံ-မသိမြင်ခြင်းသည်၊ အဝိဇ္ဇာ-အဝိဇ္ဇာမည်သဖြင့်လည်း၊ တဏှာကို တဏှာမှန်းမသိရသည်မှာ အဝိဇ္ဇာဖြစ်သဖြင့် ၎င်းသည် တရားခံအစစ်ဖြစ်၏။ တဖန်တုံ - ယခုပစ္စုပ္ပန်တွင် နိယာမ ပဋိစ္စသမုပ္ပါဒ်နည်းအရ-

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံသင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာ-ဝေဒနာပစ္စယာ တဏှာ

ဟူ၍ ဟောတော်မူရာတွင် ၎င်းစက်ရဟတ်သည် ပုထုဇဉ်သတ္တဝါတို့၏ ဖြစ်စဉ် သဘောတရားကိုသာ ပြတော်မူခြင်း ဖြစ်၏။

**ရူပေ ဘူတေ ဖဿော ဟောတိ။**

ရူပေ-ရူပါရုံတို့၌။ဘူတေ နိစ္စ-သုခ-အတ္တဟု ထင်မြင်ခဲ့သည်ရှိသော် ဖဿော ဖဿသည်။ ဟောတိ-ဖြစ်၏။

ဟူသည့်အတိုင်း ဝိပဿနာ ဉာဏစရိယဉာဏ်ကို မရကြသေးသော ပုဂ္ဂိုလ်တို့သည် ဤကဲ့သို့ပင် သံသရာလည်ပတ်ကြရပေသည်။ ဘုရား-ရဟန္တာ-အရိယာ အသျှင်သူမြတ်တို့မှာမူ ပုထုဇဉ်တို့ ကဲ့သို့ပင် ရုပ်နာမ်ကို မြင်တော်မူသည်သာ ဖြစ်၏။ သို့သော်လည်း=

ရူပေ ဝိဘူတေ ဖဿော န ဟောတိ။

ရူပေ-ရုပ်နာမ်၌။ဝိဘူတေ-လက္ခဏာရေး ၃-ပါးဖြင့် ဝါ အနိစ္စ-ဒုက္ခ-အနတ္တဖြင့် ထင်မြင်ခဲ့သည်ရှိသော် ဖဿော-ဖဿသည်၊ န ဟောတိ-မဖြစ်လေ။

တဏှာ မဖြစ်ပေ၊ အဝိဇ္ဇာ အကြွင်းမရှိ ချုပ်တော်မူကြသည် ဖြစ်၍ ဘဝယန္တရား ရပ်တန့်သည် ဖြစ်၏။ ဖဿမဖြစ်၍ (တနည်း) မိစ္ဆာဖဿမဖြစ်၍ တဏှာချုပ်ရခြင်း ဖြစ်၏။ သမ္မာဖဿကား ဝိပါက်ခန္ဓာတော် မချုပ်လေသေးသရွေ့ ရှိရမည်သာ ဖြစ်၏။ ဖဿဒွယကို သတိပြု ဟောတော်မူပါရန်။

တဖန်-တဏှာသည် မေထုံကြီး-မေထုံငယ် သဘောအားဖြင့်လည်း ရှိပေရာ—

ငင်းတို့သည်—

(၁) တဏှာတက်ကြွ-သံဝါသ ပြုကြ မေထုံ (၁)။

(၂) ပွေးပွေးကပ်ကပ် နီးစပ်နေချင် လွန်ပျော်ရွှင် မှတ်လျှင် မေထုံ (၂)။

(၃) တဏှာရောင်ပြ ရယ်မြူးကြ မှတ်ပမေထုံ (၃)။

(၄) မျက်စေ့နှစ်စုံ ရုပ်နာမ် တိုက်ဆုံတကြည့်ကြည့် မေထုံ (၄)ဟုသိ။

(၅) အသံကြွားအောင် ဟန်ဆောင်အော်ဟစ် သစ်သစ် ရင့်ကြူး ရွှင်ပျော်မြူး မှတ်ဦး မေထုံ (၅)။

(၆) အတိတ်ဇာတ်ကြောင်း ပြန်ပြောင်းတွေးရှု ခံစားမှု (၆)ခု မေထုံသာ။

(၇) ခြောင်းမြောင်းကြည့်ကာ သာယာသမှု ခံစားရှု(၇) မေထုံသာ။

(၈) ဒါန-သီလ ပြုကြသောခါ နိဗ္ဗာန်ရောက်ရန် စိတ်မသန့်ဘဲ ဉာဏ်မဲ့ ဉာဏ်မှောင် တဏှာဆောင်၍ နတ်ဘောင်ရည်မှန်း နတ်နန်းကာမဂုဏ် နတ်ရိပ်မြုံကို တဘက်ငဲ့ရာ ခံစားကာဖြင့် မှန်စွာရောက်ရေး ကြံတွေးထွေကူး သဒ္ဓါရှုးဖြင့် ရှင်မြူးသာယာခံစားကာ မှတ်ပါမေထုံ(၈)။

တို့ဖြစ်ပေရာ အောက်မင်္ဂပုဂ္ဂိုလ်တို့ပင် ထိမိငြိမိသော တဏှာကြီးငယ်တို့ဖြစ်၍ သာမန်စွမ်းအားဖြင့် မဖြိုဖျက်နိုင်ပေ၊ သို့ဖြစ်သော် အိမ်ထောင်ရှိ-မရှိ၊ အသက်အရွယ် ကြီး-မကြီးတို့ အဘယ်မှာလျှင် လွတ်နိုင်ပါမည်နည်း။ အမှတ်[ ၆ ]သည် ပုထုဇဉ်တို့အဘို့ မိစ္ဆာ မမှာရှိဖြစ်၏။ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့မှာလည်း တဏှာဖြစ်ကြပေသည်။ ဘုရား-ရဟန္တာအသျှင်မြတ်တို့မှာမူ သမ္မာအာရုံအပြည့်ပင် ရှိကြပေသည်။ သို့သော် တဏှာမဖြစ်၊ ထို့ကြောင့် တဏှာသည် အာသဝရှိသော် အတိတ်ဇာတ်ကြောင်းကိုတွေးတွေး- မတွေးတွေး ဖြစ်၏။ အာသဝမရှိသော် တွေးသည်ဖြစ်စေ၊ မတွေးသည်ဖြစ်စေ မဖြစ်ပေ၊ ဤတွင် တဏှာသည်—

(၁) အပါယ်သို့ လားစေတတ်သော သက္ကာယဒိဋ္ဌိနှင့် ယှဉ်သည့် ဒိဋ္ဌိ ဂတ သမ္ပယုတ်တဏှာ—

( ၂ ) အပါယ်သို့ မလားနိုင်သော သက္ကာယဒိဋ္ဌိနှင့် မယှဉ်
သည့် ဒိဋ္ဌိဂတ ဝိပ္ပယုတ်တဏှာ—

ဟူ၍ ဒွယအားဖြင့် သုံးသပ်အပ်ပါသည်၊ သို့ဖြစ်၍ အလွန်စက်ဆုတ်ကောင်းသော တဏှာချုပ်စေရန် ကာမာသဝကို သတ်စေနိုင်ရာ၏။

**အဝိဇ္ဇာ သမုဒယာ တဏှာသမုဒယော။**

တဖန်-တဏှာ သမုဒယာ အဝိဇ္ဇာသမုဒယော။

ဟူ၍လည်း ဆုံးမတော်မူသဖြင့်၊ ပဋိစ္စသမုပ္ပာဒ် စက်ရဟတ်၏ ရှေ့-နောက်ခေါင်းဆောင်နှစ်ပါးကို အထူး ဂရုပြုနိုင်ပါသော်–

တဏှာ သမုဒယေ-တဏှာဖြစ်ကြောင်း၌ ဉာဏံ – သိသော ဉာဏ်သည်။ ဓမ္မပဋိသမ္ဘိဒါ - အကြောင်းတရားကို သိသော ဉာဏ်ကို ရသည်မည်ပေသည်။

အထက် ဟောစဉ်ဖြစ်သော တဏှာ၏ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာတို့ကို အတ္ထပဋိသမ္ဘိဒါ - ဓမ္မပဋိသမ္ဘိဒါ ဉာဏ်တို့ဖြင့် ထိုးထွင်းသိမြင်ခြင်းဖြင့်၊ ကောင်းမြတ်သော လုပ်ငန်း ပဋိပတ်၏ စွမ်းအားလျော်စွာ–

**အဝိဇ္ဇာနိရောဓာ - တဏှာနိရောဓော။**

အဝိဇ္ဇာ-အဝိဇ္ဇာသည်။နိရောဓာ –ချုပ်သည်ရှိသော်။ တဏှာ တဏှာသည်။နိရောဓ-ချုပ်၏။

ထိုနည်းတူစွာ တဏှာ၏ အကြောင်းဖြစ်သော–

**ဝေဒနာနိရောဓာ တဏှာ နိရောဓော။**

ဝေဒနာ - ဝေဒနာသည်။နိရောဓ-ချုပ်သည်ရှိသော်။တဏှာ-တဏှာသည်။နိရောဓော-ချုပ်၏။

ဝေဒနာချုပ်သော် တဏှာလည်း ချုပ်ရ၏။ သို့ဖြစ်၍ ရဟန္တာ အသျှင်မြတ်တို့ကို ထားဘိဦး၊ သောတာပန် ပုဂ္ဂိုလ်တို့၏ ဒါနမှု သီလမှုတို့၌ပင်လျှင် တဏှာမပါပေ။ ဤသည်ကား -

"တဏှာနိရောဓေ-တဏှာချုပ်ငြိမ်းခြင်း၌။ဉာဏံ-သိသော ဉာဏ်သည်။အတ္ထပဋိသမ္ဘိဒါ -အကျိုးတရားကို ထိုးထွင်းသိ မြင်သောဉာဏ်ဖြစ်၏"

ဤသို့နည်းဖြင့် -

သောတာပတ္တိမဂ္ဂက္ခဏေ ဒဿနဋ္ဌေန သမ္မာဒိဋ္ဌိ၊
မိစ္ဆာဒိဋ္ဌိယာ ပဟာနာယ မဂ္ဂေါ။

ဟူသည်နှင့်အညီ သိရမည့်တရားကိုသိခြင်း၊ ပယ်ရမည့်တရားကို လည်း သိခြင်းမျှသည်ပင်လျှင် - မဂ်တရားအမှန်ဖြစ်ပေသည်။ ဤ၌ လက္ခဏာရေး (တနည်း) ရှုကွက် လုပ်ငန်းစဉ်မပါဝင်သေးသည်ကို သတိမူရန်ဖြစ်ပါသည်။ အဘယ့်ကြောင့် ဟူမူ ဤသဘောတရား၌ အကြောင်းကြောင့် အကျိုးဖြစ်ကြောင်း-အမြင်မှန်ဖြင့် သိသည်ဖြစ် ၍ 'ပြတ်မှား' ဖြစ်သော ဥစ္ဆေဒဒိဋ္ဌိသော်၏။ အယူအဆတိမ်းသော် သဿတဒိဋ္ဌိ၌ ကျတတ်၏။ ကေတ္တနည်းကို သုံးသပ်ပါရန်။ တဖန် အကြောင်းဖြင့် မကင်းသော အကျိုး တရားပင် ဖြစ်ငြားလည်း အကြောင်းကား - အကြောင်း သဘော၊ အကျိုးကား - အကျိုး သဘောဖြစ်ကြောင်း၊အမြင်မှန်ဖြင့် သိ၍လည်း 'ဆက်မှား' ဖြစ် သော သဿတဒိဋ္ဌိသော်၏။ အယူချော်သော်၊ ဥစ္ဆေဒဒိဋ္ဌိ၌ကျ၏။ နာနတ္တနည်းကို သုံးသပ်ပါရန်၊ ဤသည်ပင် ဒိဋ္ဌိတရားယုတ်မှကျွတ် လွတ်ခြင်းဖြစ်ပေသည်။

ထိုပြင် ရှင်းကြောင်း-ကျိုး တရားအပေါ်၌ " ကင်္ခါ " ခေါ် သို့လော-သို့လော မရှိတော့သဖြင့်လည်း " ဝိစိကိစ္ဆာ "သေ၏။ ထို ပြင် မိမိသည် အတ္တကိုလမထခေါ် ပင်ပန်းကြီးစွာ ကျင့်ကြံ အား ထုတ်ရသည် မဟုတ်ပါဘဲ သက်တောင့်သက်သာဖြင့်သော အသိဉာဏ် ကို ရသည်ဖြစ်၍လည်း " သီလဗ္ဗတပရာမာသ " သံယောဇဉ်မှ လွတ် သဖြင့် သာသနာတွင် ပထမ အောင်မြင်မှုကြီးဖြစ်ပေသည်။ ဤလမ်း စဉ်သည်ပင် ဗြဟ္မဇာဝါဒ (တနည်း) သမထအကျင့် ကင်းစင်သော သန့်ရှင်းသည့် ထေရဝါဒဖြစ်၏။

တဏှာသတ်မှာ

ဤတဏှာသတ်လုပ်ငန်း ပဋိပတ်အတွက်မှာ အသျှင်ကောဏ္ဍည ရဟန္တာ မထေရ်မြတ်နှင့် စန္ဒကိန္နရီအမျိုးသမီးတို့၏ ဝတ္ထုကိုကြံဆ,ရာ ၏။ ကြည်ညိုဘွယ်ဖြစ်သော အသျှင် ကောဏ္ဍညမထေရ်အား စန္ဒ ကိန္နရီအမျိုးသမီးက ချောသည်၊ ခန့်ငြားသည်ဟူသော တဏှာပေမ ဖြင့် ကြိုက်နှစ်သက်၏။ ပုထုဇဉ်ဖြစ်သည့်အတိုင်း-

ရူပေ ဘူတေ ဖဿော ဟောတိ။

ဟူသည်နှင့်အညီ မိစ္ဆာဖဿဖြစ်ခါ-

ယံပဿတိ နတံ ဒိဋ္ဌံ ဒိဋ္ဌံတံ နပဿတိ။

မမြင်ကောင်းသော ရူပါရုံအဖြစ်ဖြင့် မြင်သောကြောင့် ကိလေ သာ နှောင်ကြိုးဖြင့် ရစ်ပတ်ဖွဲ့နှောင်ခြင်းကို ခံရပေသည်။ အဘယ် ကြောင့်ဟူမူ-

ရူပံ အသုဉ္ဉံ အစ္စေနဝါ အတ္တနိယေနဝါ နိစ္စေနဝါ ဓုဝေနဝါ။

ရူပံ-အသျှင် ကောဏ္ဍည မထေရ်မြတ်၏ရူပါရုံသည်။ အစ္စေနဝါ- အနှစ်အသား အဖြစ်မှ လည်းကောင်း၊ အတ္တနိယေနဝါ-ငါ့ဟာ ငါ့ဥစ္စာ အဖြစ်မှလည်းကောင်း၊ နိစ္စေနဝါ-မြဲသောအဖြစ်မှ လည်း

ကောင်း၊ ဓုဝေနဝ - ခိုင်ခန့်သောအဖြစ်မှုလည်းကောင်း အသုညံ-မသုဉ်းဆိတ်ဟူ၍ ဝိပဿနာဉာဏ် (တနည်း) ဉာဏစရိယ ပညာ အလျင်း မပါသည်ဖြစ်၍ အနတ္တ - အနတ္တနိယ - အနိစ္စ - အဓုဝ အဖြစ် မမြင်နိုင်သောကြောင့် ဖြစ်၏။

အသျှင် ကောဏ္ဍည မထေရ်မြက်ကမူ စန္ဒကုန္နီအား—

ရှုပံသုညံ အတ္တေနဝါ အတ္တနိယေနဝါ-နိစ္စေနဝါ ဓုဝေနဝါ။

ရှုပံ စန္ဒကုန္နီ၏ ရူပါရုံသည်။ အတ္တေနဝါ အတ္တမှုလည်းကောင်း၊ အတ္တနိယေနဝါ၊ အတ္တနိယမှုလည်းကောင်း၊ နိစ္စေနဝါ-နိစ္စမှု လည်းကောင်း၊ ဓုဝေနဝါ-ဓုဝမှုလည်းကောင်း၊ သုညံ-သုဉ်းဆိတ်၏။

ဟူ၍ ဝိပဿနာ ဉာဏစရိယ ဉာဏ်ဖြင့် မြင်တော်မူသော ကြောင့်—

ရူပေ ဝိဘူတေ ဖဿော နဟောတိ။

အရ ဖဿချုပ်သဖြင့် တဏှာသေရသည့်အလျောက်—

ယံ ပဿတိ တံ ဒိဋ္ဌံ ယံ ဒိဋ္ဌံ တံ ပဿတိ။

ဟူသည်နှင့်အညီ စန္ဒကုန္နီအား မြင်ကောင်းသော ရုပ်အဖြစ်ဖြင့် မြင်တော်မူခြင်းဖြစ်ပေရာ ဤတွင် အမြင်ခြင်း တူပါလျက် မြင်ပုံ သဘာဝတို့ ကွာခြားလှပုံကို သိမြင်အပ်ပါသည်။

( ခန္ဓာ ၅-ပါးတို့အပေါ်၌ ဤနည်းအတိုင်း ရှုဆင်ခြင်ပါရန် သတိ—

ထို့ကြောင့် ' ဒိဋ္ဌိကိုသတ်လိုသော်၊ ဉပါဒါနက္ခန္ဓာ ကို မဲရာ၏ သက္ကာယဒိဋ္ဌိပြုတ်၏ '။

တဏှာကို သတ်လိုသော် အကျိုးပရမတ္ထခန္ဓာကို မဲရာ၏။အတ္တ ဒိဋ္ဌိပြုတ် ဖြစ်၏။

ဤသို့သော လမ်းစဉ်အားဖြင့် အတ္တ- အတ္တနိယ - နိစ္စ ခံဝတို့ကို ဝိပဿနာ ဉာဏစရိယဉာဏ်ဖြင့် မြင်သော်အနတ္တ–အနတ္တနိယ-အနိစ္စ အခုဝတို့ကား ကျန်၏။ ဤသည်တို့ကား အကျိုး ဝိသင်္ခါရတရားတို့ ဖြစ်၏။အဘိသင်္ခါရတရား၊သို့မဟုတ်ကုန်-သင်္ခါရဒွယကို ဝင်စားအပ် ပါသည်။သို့ဖြစ်သဖြင့် ရုပ်ရိုကို အခမ္မဖြတ်သော် ဥစ္ဆေဒဒိဋ္ဌိ။အတ္တ အနေဖြင့် သိမ်းပိုက်သော် သဿတ ဒိဋ္ဌိ ဖြစ်ပုံကိုလည်း သတိပြုရ ပါမည်။

တဖန်တုံ-ငြိ ကပ်ပူပန်မှုသည် တဏှာကိလေသာပင်ဖြစ်ရာ တော ထွက်သည်ဖြစ်စေ၊ ဆိတ်ငြိမ်ရာသို့ချဉ်းကပ်၍ပင်ဖြစ်စေ၊အချုပ်မှာမူ ကား မိမိသာလျှင် လိုရင်းဖြစ်ကြောင်း-ထင်ရှားလှပါသဖြင့်အထက် တွင် ဟောတော်မူပြီးသော မေထုံကြီးငယ် ရှစ်ပါး၏ စွမ်းပကား ကြီးပုံကို အထူးသတိပြုပြီးလျှင် အိမ်ထောင်ရှိနေလျက် မရှိသော သူနှင့် အိမ်ထောင်မရှိပါဘဲ ရှိနေသူနှစ်ဦးတို့၏ သဘောသဘာဝကို ဉာဏ်မြင် ရှင်းသင့်လှပါသည်။

တဏှက္ခယော နိဗ္ဗာနံ
ဒေါသက္ခယော နိဗ္ဗာနံ
မောဟက္ခယော နိဗ္ဗာနံ

စသည့်တဏှာ ( တနည်း ) လောဘ၊ ဒေါသ၊ မောဟတို့၏ချုပ် ငြိမ်းခြင်း သည်ပင်လျှင် ငြိမ်းအေးသော သဘောမည်ပါ၍ သျှင် တော်မြတ်က ဓမ္မစက္ကပဝတ္တနသုတ်တွင်—

ယောတဿာယေဝတဏှာယ အသေသဝိရာဂ၊
နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိအနာလယော။

တဿယော-တဏှာယ - ထိုတပ်မက်တတ်သော သဘော၏သာ လျှင်၊ ယောအသေသဝိရာဂနိရောဓော-အကြွင်းအကြွင်းမယ့်တပ်ခြင်း

ကင်းရာ ချုပ်ရာဖြစ်သော နိဗ္ဗာန်သည်၊ ယောစာဂေါ-အကြောင်စွန့်ရာ ဖြစ်သော နိဗ္ဗာန်သည်၊ယော ပဋိနိဿဂ္ဂေါ-အကြောင်တဖန် စွန့်လွှတ်ရာ နိဗ္ဗာန်သည်၊ ယာမုတ္တိ အကြောင်လွှတ်ရာ ဖြစ်သော နိဗ္ဗာန်သည်။ ယောအနာလယော - အကြောင်မငြိတွယ်ရာ ဖြစ်သော နိဗ္ဗာန်သည်၊ အတ္ထိ-ရှိ၏၊ ဣဒံခေါ-ဤနိဗ္ဗာန်သည်၊ ဒုက္ခနိရောဓံ-ဆင်းရဲဒုက္ခ၏ချုပ်ရာ ဖြစ်သော၊အရိယသစ္စံ-အရိယာတို့သည် သိအပ်သော အမှန်တရားမည်၏။

ဟူ၍ဟောတော်မူခြင်းဖြင့်၊အဘယ်မျှ ချမ်းသာသုခနှင့်ပြီးပြည့်စုံနိုင်သည်ကို ကြည်ညိုဘွယ်ဖြစ်ပါသည်။ ဤသည်ပင်လျှင် တရားဂုဏ်တော် ၆-ပါးကိုလည်း အပိုင်ယူနိုင်ပေတော့သည် ဖြစ်၏။ နိဗ္ဗာန်ရဘို့အတွက် အခြားပြုလုပ် ဆောင်ရွက်ဘွယ် မလိုတော့ပြီ။သို့သော် အများနှင့်ကား မတည့်တော့ပြီ၊ ဒုက္ခကို သုခထင်၍ ဘုံစဉ်တခွင်တွင် လှည့်လည်ရှာကြံခါ နေရှာကြကုန်သော - ကလေးပုထုဇဉ်တို့အား သနားဘွယ်ရာ ကောင်းသော ဒုက္ခိတသတ္တဝါများအနေဖြင့် မေတ္တာ-ကရုဏာ - မုဒိတာ - ဥပေက္ခာတရားရှေ့ထား၍ ခွင့်လွှတ်ပြီးလျှင် ခန္ဓာ ဇာတ်မသိမ်းနိုင်သေးမီအတွင်း စား - ဝတ် - နေထိုင်ရေးတို့၌ ဟန်ဆောင်ပြီး နောက်ဆုံး - နေ့-ရက်-နာရီကိုသာ လက်ချိုးရေတွက်ခါ ချမ်းသာစွာနေထိုင်ရန် ဖြစ်ပါတော့သည်။

ဤအချိန်သည် နိဗ္ဗိဒါဉာဏ်အား ကောင်းသည်ထက် ကောင်းရန်သည် မိမိတို့အသီးသီး၏ လုပ်ငန်းစဉ်သာဖြစ်ပါသည်။ ဤသည်ကား-

တဏှာနိရောဓဂါမိနိပဋိပဒါယ-တဏှာချုပ်ငြိမ်းစေကြောင်း လုပ်ငန်း ပဋိပတ်၌၊ ဉာဏံ - သိခြင်းသည်၊ ဓမ္မပဋိသမ္ဘိဒါ - အကြောင်းတရား၌ ထိုးထွင်း၍ သိသောဉာဏ် ဖြစ်၏။

(၆) ဝေဒနာယ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
ဝေဒနာသမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊
ဝေဒနာနိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
ဝေဒနာနိရောဓဂါမိနိပဋိပဒါယဉာဏံဓမ္မပဋိသမ္ဘိဒါ။

ဝေဒနာဟူသည် ခံစားခြင်းအဓိပ္ပါယ်ရှိ၏။ အခြားသောတောင်တောင်-အီအီ ဝေဒနာတို့ကို မလိုက်မိဘို့သတိပြုရပါမည်။ ၎င်းသည် အထက်ကဏ္ဍတွင် ဟော့ဘော် မူသည့်အတိုင်း - စက္ခုသမ္ဖဿဇာ ဝေဒနာ ( ပ ) မနောသမ္ဖဿဇာဝေဒနာစ,သော ဝေဒနာ ၆-ပါး ဖြစ်၏။ ဤတွင် ဝိပဿနာပညာဖြင့် အတ္တ–အတ္တနိယ - နိစ္စ-ဓုဝ- အနေဖြင့်ခံစားသော် မှားပုံနှင့်အနတ္တ- အနတ္တနိယ- အနိစ္စ- အဓုဝ- အနေဖြင့်ခံစားသော် မှန်ပုံကိုခွဲခြား၍ သိရပေမည်။ ခန္ဓာလက်ရှိ ဖြစ်သည့်အလျောက် ခံစားမှုကား ရှိရမည်သာ ဖြစ်၏၊ အမှန်နှင့် အမှားအပိုင်သိသဖြင့်–

ဝေဒနာယ-ခံစားမှုဝေဒနာ၌၊ ဉာဏံ-သိခြင်းသည်။
အတ္ထပဋိသမ္ဘိဒါ-အကျိုးတရားကို ထိုးထွင်း၍သိသောဉာဏ် မည်၏။

ဤဝေဒနာသည် အလွတ်ဖြစ်ပေါ်နိုင်သည် မဟုတ်ပေ၊ အကျိုးတရားသာဖြစ်သဖြင့်၊ ၎င်း၏အကြောင်းတရားကို ရှာကြံသော်၊ ဖဿကိုတွေ့ရ၏။ သို့သော် အရိယသစ္စာဉာဏ်သည်၊ ဤမျှဖြင့်မပြည့်စုံပေ၊ အမှားနှင့်အမှန် ဖြစ်သည့် ဖဿဒွယကို သိမြင်ရပေမည်။ သို့မှ သာလျှင်။

ဝေဒနာ သမုဒယေ - ဝေဒနာဖြစ်ကြောင်း၌၊ ဉာဏံ-သိမြင်ခြင်းသည်၊ ဓမ္မပဋိသမ္ဘိဒါ - အကြောင်းတရား၌ သိသော ဉာဏ်မည်၏။

ဤကဲ့သို့ ဝေဒနာ၏ အကြောင်းဖြစ်သော ဖဿအား စတုသစ္စ သမ္မာဒိဋ္ဌိဖြင့် ကြိုတ်ချေနိုင်၍—

**ရူပေ ပဝိဘူတေ ဖဿော န ဟောတိ။**

**ဖဿနိရောဓာ—ဝေဒနာနိရောဓော။**

ဟူသည်နှင့်အညီ ပဋိစ္စသမုပ္ပါဒ် ယန္တရားအစဉ်လိုက် ချုပ်တော့၏။ ထို့ကြောင့်—

ဝေဒနာနိရောဓေ-ဝေဒနာ ချုပ်ခြင်း၌၊ ဉာဏံ - သိသော ဉာဏ်သည်၊ အတ္ထပဋိသမ္ဘိဒါ-အကျိုးတရားကို ထိုးထွင်း၍ သိသောဉာဏ်—

ဟူ၍လည်းကောင်း—

ဝေဒနာနိရောဓ ဂါမိနီ ပဋိပဒါယ - ဝေဒနာ ချုပ်ငြိမ်းကြောင်း လုပ်ငန်းပဋိပတ်၌၊ ဉာဏံ-သိခြင်းသည်၊ ဓမ္မပဋိသမ္ဘိဒါ-အကြောင်းတရားကို ထိုးထွင်း၍ သိသောဉာဏ်— မည်၏ ဟူ၍ ဟောတော်မူခြင်း ဖြစ်၏။

(၇) ဖဿေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
ဖဿသမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊
ဖဿနိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
ဖဿနိရောဓဂါမိနီ ပဋိပဒါယ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ။

ဖဿသည် ဓမ္မာရုံစေတသိတ်နာမ်တရားဖြစ်၏။ ၎င်းသည်-စက္ခုသမ္ဖဿ(ပ)မနောသမ္ဖဿ ဟူ၍ ၆-ပါးရှိ၏။ ပရမတ္ထဖဿ(တနည်း) သမ္မာဖဿနှင့် မိစ္ဆာဓမ္မာရုံဖဿ(တနည်း)မေထုံဖြင့်ယှဉ်သော မိစ္ဆာ

ဖဿဟူ၍ ၂-ပါး ပြားရာ၏။ ဘုရား-ရဟန္တာ အသျှင်မြတ်တို့တွင် အာသဝကုန်ခမ်းတော်မူကြသည်ဖြစ်၍ သမ္မာဖဿသာဖြစ်၏။ သတိ—

မေထုံကြီး၌ = ရုပ်-ရုပ်ခြင်း။ နာမ်-နာမ်ခြင်း ဖဿဖြစ်၏။

မေထုံငယ်များ၌မူ = အာရုံသဘောမျှ ဖဿ ဖြစ်၏။

ဤသို့အားဖြင့် သိသောဉာဏ်သည် -

ဖဿေ - ဖဿ၌၊ ဉာဏံ - သိခြင်းသည်၊ အတ္ထပဋိသမ္ဘိဒါ - အကျိုးတရားကို ထိုးထွင်းသိခြင်သော ဉာဏ်မည်၏။

ဤအကျိုး ဖဿ ဖြစ်ကြောင်းကား – အာယတန တည်းဟူသော အကြောင်းကြောင့်ပင် ဖြစ်၏။ သို့ဖြစ်၍ ၎င်းအကြောင်း သမုဒယကို ပယ်သတ်ရန် ဖြစ်ပါသည်။ သို့မှသာလျှင် -

ဖဿသမုဒယေ - ဖဿဖြစ်ကြောင်း၌၊ ဉာဏံ - သိသော ဉာဏ်သည်၊ဓမ္မပဋိသမ္ဘိဒါ–အကြောင်းတရားကို ထိုးထွင်း၍ သိသောဉာဏ်၌ ဝင်မည်ဖြစ်ပေသည်။

တဖန် တုံ - ဖဿချုပ်ရန်မှာ ပါရာသိဝိယ ဗြဟ္မဏ ဝါဒ ကဲ့သို့ မျက်စေ့-နား-နှာ-လျှာ စသည်တို့ကို ပိတ်ထား၍ ရစကောင်းသော သဘာဝ မဟုတ်လေ။ မှန်ကန် တိကျသော အရိယာ သစ္စာနည်း (တနည်း ) စတုသစ္စသမ္မာဒိဋ္ဌိဉာဏ်ဖြင့် အနတ္တ-အနတ္တနိယ-အနိစ္စ- အဓုဝ ဟူ၍ မြင်နိုင်ပါမှသာလျှင်–

ဖဿနိရောဓေ -ဖဿချုပ်ခြင်း၌၊ဝါ - မိဿာဖဿချုပ်ခြင်း၌၊ ဉာဏံ - သိခြင်းသည်၊ အတ္ထပဋိသမ္ဘိဒါ – အကျိုးတရားကို ထိုးထွင်းသိမြင်သောဉာဏ် -

ဟူ၍လည်းကောင်း -

ဤကဲ့သို့ ချုပ်ငြိမ်းစေရန် ကောင်းမြတ်သောလုပ်ငန်းပဋိပတ်ကို အားထုတ်ခြင်းသည် -

ဖဿနိရောဓဂါမိနိပဋိပဒါယ - ဖဿ ချုပ်ငြိမ်းစေကြောင်း လုပ်ငန်းပဋိပတ်ကို၊ ဉာဏံ - သိခြင်းသည်၊ ဓမ္မပဋိသမ္ဘိဒါ - အကြောင်းတရား၌သိသောဉာဏ် -

ဟူ၍ ဆုံးမတော်မူပါသည်။

(ဂ) သဠာယတနေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
သဠာယတန သမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊
သဠာယတန နိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
သဠာယတနနိရောဓဂါမိနိပဋိပဒါယ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ

အာယတနဟူသည် ချဲ့ထွင်တတ်သော သဘောဖြစ်၏။ ၎င်းသည် အထက်ကဏ္ဍတွင် ဟောတော်မူသည့်အတိုင်း စက္ခာယတန (ပ) မနာယတန အတွင်း (၆) ပါးနှင့် ရူပါယတန (ပ) ဓမ္မာယတန အပြင် (၆) ပါးပေါင်း(၁၂) - ပါးဖြစ်၏။ ဤသည်ကား ဒေသနာ သဘောဖြစ်၏။ အရိယာ သစ္စာဉာဏ်ဖြင့် ပဋိစ္စသမုပ္ပါဒ် အကြောင်းအာယတန၏ ဇာတိ - ဇရာကို ယူရာ၏။ ၎င်း၌ ဖြစ်ခြင်း- ပျက်ခြင်း ထင်ရှားသဖြင့် သံသရာမည်၏။ အကျိုး မျက်စေ့ကား သံသရာတွင် မပါဝင်ပေ။ ဤသို့ သိမြင်နိုင်သော် -

သဠာယတနေ - သဠာယတန၌၊ ဉာဏံ - သိခြင်းသည်၊အတ္ထပဋိသမ္ဘိဒါ – အကျိုး တရားကို သိသောဉာဏ်ကို ရသည် မည်၏။

ဤသဠာယတနသည်လည်း အကြောင်းတရားဖြင့် ကင်း၍ ဖြစ်ပေါ်နိုင်စွမ်း မရှိပေ။ ၎င်း၏အကြောင်းတရားမှာ နာမ် - ရုပ်ဖြစ်၏။

ဤတွင် အကျိုးနာမ်ရုပ်-အကြောင်းနာမ်ရုပ်အားဖြင့် ပိုင်းခြား၍ သိမြင်ခြင်းသည် -

သဠာယတန သမုဒယေ - သဠာယတန ဖြစ်ကြောင်းကို၊ ဉာဏံ-သိသောဉာဏ်သည်၊ ဓမ္မပဋ္ဌိသမ္ဘိဒါ- အကြောင်းတရား၌ ထိုးထွင်း၍ သိသောဉာဏ်မည်၏။

သဠာယန ချုပ်ငြိမ်းခြင်း၌ ဆိုရာတွင် ယခုလော - နောင်လော ဟူ၍ ဝေဖန်ရန် ရှိခဲ့၏။ သဲန္ဒိဋ္ဌိက ဂုဏ်တော်အားဖြင့် လက်ငင်း ချက်ခြင်း ငြိမ်းစေသည်သာလျှင် မဖောက်ပြန်သောအယူဖြစ်ပေရာ၊ ပစ္စုပ္ပန်တွင် ချုပ်စေနိုင်သော အကြောင်းတရားကို သတ်ရန်ဖြစ်၏။ အကျိုးတရားကား - နောင်တွင် ချုပ်ရန်ဖြစ်၏။ (တနည်း) ပရိနိဗ္ဗာန်စံဝင်တော်မူသောအခါတွင် ချုပ်မည်ဖြစ်၏။ဤကဲ့သို့ အမြင်မှန်သော် သမ္မာစက္ခုဖြစ်၏။ မှားသော် မိစ္ဆာစက္ခု ဖြစ်၏။ သမ္မာစက္ခုသည်ကား မချုပ်စကောင်းပေ။ သို့ဖြစ်၍ ပဋ္ဌိစ္စ သမုပ္ပာဒ် အာယတန၏ ဇာတိ – မရဏကိုသာလျှင် -

**ဥပ္ပါဒေါ ပညာယတိ။**

ဥပ္ပါဒေါ - အဖြစ်သဘောသည်၊ ပညာယတိ - ထင်ရှား၏။

**ဝယော ပညာယတိ။**

ဝယော - အပျက်သဘောသည်၊ ပညာယတိ - ထင်ရှား၏။

ဟူသည်နှင့်အညီ – "အကြောင်းဇာတိသည် = ဖြစ်သဘော"

**မရဏသည် = ပျက်သဘော**

ဤကဲ့သို့ ဖြစ်ချည်တခါ - ပျက်ချည်တလှည့် အစဉ်မပြတ်သော ဖြစ် - ပျက် - သဘောကိုပင် သံသရာဟု ခေါ်ရ၏။ ပရမတ္ထပဋ္ဌိသန္ဓေ အကျိုးဇာတိအား ဝိပဿနာဖြင့် ရှုသော်လည်း—

**ခဏတ္တယဘဂေါ် အတိုလဟုကော။**

ဟူဘိသို့ ပရမတ်ခဏငယ်တို့ လျှင်မြန်လှ၍ သာဝကတို့ မမြင်နိုင်ပေ။ ဘုရားသျှင်တို့၏အရာသာလျှင် ဖြစ်ကြောင်း –

**အဘိဓမ္မော် နာမ ဗုဒ္ဓါနံဝိသယော၊**
**သာဝကာနံ နဝိသယော။**

ဟူ၍ ဆိုးမတော်မူထားသည့်ပြင် ဤကဲ့သို့ အကြောင်းခန္ဓာ မချုပ်သမျှ အကျိုးခန္ဓာမဆုံး။ ဤမဆုံးသော ခန္ဓာကို ရှုဆင်ခြင်ခြင်းသည် မဂ်ကိစ္စ - ဖိုလ်ကိစ္စနှင့် မနီးစပ်သဖြင့် ဘုရား ရာထောင်ပင်ပွင့်တော်မူသော်လည်း အကျွတ်တရားကို မရနိုင်သည်ဖြစ်၍ အထူးသတိပြုရန် ဖြစ်ပါသည်။အဘယ်ကြောင့်ဟူမူ အပြောနှင့်အလုပ် တခြားစီ ဖြစ်နေသောကြောင့်ပါတည်း။ သို့မှသာလျှင် -

သဠာသတန နိရောဓေ – သဠာယတန ချုပ်ငြိမ်းခြင်း၌၊ ဉာဏံ – သိခြင်းသည်၊ အတ္ထပဋိသမ္ဘိဒါ - အကျိုးတရားကို ထိုးထွင်းသိမြင်သောဉာဏ်သို့ -

သိမြင်ဆိုက်ရောက်ပေမည်။

ဤသို့လျှင် ဒုက္ခသစ္စာ အကျိုးတရား-အတ္ထပဋိသမ္ဘိဒါ၊ သမုဒယသစ္စာအကြောင်းတရား-ဓမ္မပဋိသမ္ဘိဒါတို့ကိုအရိယာ သစ္စာဉာဏ်ဖြင့် မြင်ပြီးလျှင်, စတုသစ္စသမ္မာဒိဋ္ဌိပညာဖြင့် ချုပ်ငြိမ်းစေကြောင်းလုပ်ငန်း၊ ပဋိပတ်ကို အမြင်မှန်အသိမှန်ဖြင့် အားထုတ်နိုင်သည်ကို -

သဠာယတနနိရောဓဂါမိနိပဋိပဒါယ-သဠာယတနချုပ်ငြိမ်းစေကြောင်း လုပ်ငန်း ပဋိပတ် ကို၊ ဉာဏံ-သိခြင်းသည်၊ ဓမ္မပဋိသမ္ဘိဒါ–အကြောင်းတရား၌ ထိုးထွင်း၍သိမြင်သော ဉာဏ်ဟုဆိုသည်။

(၉) နာမရူပေ ဉာဏံ အတ္တပဋိသမ္ဘိဒါ၊
နာမရူပသမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊
နာမရူပနိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
နာမ ရူပနိရောဓဂါမိနိပဋိပဒါယ ဉာဏံ ဓမ္မပဋိ သမ္ဘိဒါ။

ဤနာမ်နှင့် ရုပ်တရားတို့သည်- ဝိပဿနာနယ်တွင်အသိရအမြင်ရ အလွန်ခက်ခဲသော သဘောတရား ဖြစ်ပေသည်။ မသိတာရုပ် သိတာက နာမ်အနေဖြင့်လည်း ပြောဟောလျက်ရှိကြ၏။ စားတာ ကရုပ်၊ စားချင်တာကနာမ်စသည်ဖြင့်လည်း- ပြောဆိုလျက်ရှိကြ၏။ မဂ်ကိစ္စဖိုလ်ကိစ္စအတွက် အများပင်အလွယ်သိနိုင်သော-ဤအသိမျိုး ဖြင့် လိုရာခရီးသို့ ရောက်နိုင် မရောက်နိုင် စဉ်းစားရမည့် တာဝန် ဖြစ်ပေသည်။ အကျိုးဝိပါက်—ပရမတ္ထခန္ဓာ၏ ရုပ်သဘော— နာမ်သ ဘောသည် သံသရာမပြတ်လေသမျှ ကာလပတ်လုံး ခန္ဓာရှိမည်။ခန္ဓာ ရှိနေလေသရွေ့-မြင်ရမည်။ ကြားရမည် ဖြစ်သောကြောင့် ရှုလို့မဆုံး နိုင်သော လုပ်ငန်း ဖြစ်နေပေသည်။ ထေရဝါဒ အရိယာ သစ္စာနည်း သည် – ဤအကျိုးခန္ဓာသည် - အတိတ် အကြောင်း တရားကြောင့် ရခြင်းနှင့် ၎င်း အကျိုး တရားတွင် – အကြောင်းတရား စွက်သော် အနာဂတ်အကျိုးခန္ဓာ ပေါ်ထွက်မည်ကို သိရန် ဖြစ်သည့်အတိုင်း အကျိုးတရား သေစေရန် အကြောင်းတရားကို သတ်ရန် ဖြစ်ပေ သည်။ ဤကဲ့သို့ နာမ်ရုပ် (၂)မျိုးကိုသိမြင်ပြီးလျှင် အကျိုးတရား သည် အကြောင်း တရားနှင့် မ ကင်း၊ ဤ အ ကျိုး တ ရား မှ လည်း အကြောင်းတရား ပေါ်ထွက်မည် ဖြစ်သည်ကို ပိုင်းပိုင်း–ခြားခြား ဉာဏ်စင်ကြယ်သည်ဖြစ်၍—

နာမရူပေ- နာမ်ရုပ်တရား၌။ ဉာဏံ-သိမြင်ခြင်းသည်။ အတ္တပဋိသမ္ဘိဒါ - အကျိုးတရားကို ထင်းဖောက် သိ မြင် သော ဉာဏ်မည်၏။

တဖန်- ၎င်းကျိုး-ကြောင်းနာမ်ရုပ်သည် အကြောင်းတရားဖြင့် ကင်း၍ ပေါ်နိုင်စွမ်းမရှိ၊ အကြောင်း သမုဒယ ဝိ ညာဏ်သည် လျှင် အရင်းခံဖြစ်ပုံကို မြင်သော ဉာဏ်သည်—

နာမရူပသမုဒယေ — နာမ်ရုပ်ဖြစ်ကြောင်းကို၊ ဉာဏံ - သိခြင်းသည်၊ ဓမ္မပဋိသမ္ဘိဒါ- အကြောင်းတရား၌ ထိုးထွင်း သိမြင်သော ဉာဏ်မည်၏။

ဤသို့သောအားဖြင့် ပစ္စုပ္ပန်အကျိုးတွင် အနာဂတ် အကျိုး (တနည်း) ဇာတိကိုဖြစ်စေသော အနာဂတ် အကြောင်း စွက်ဘက် မှု ၏ ဘေးကို မြင်သော စတုသစ္စသမ္မာဒိဋ္ဌိဉာဏ်သည် —၎င်းတုစ္ဆသုညမျှဖြစ်သော - မိစ္ဆာဓမ္မောရုံဖြစ်သော- အာရုံရုပ်ကိုသော်လည်းကောင်း အာရမ္မဏကနာမ်ကိုသော်လည်း အဖြစ်မခံသည်ဖြစ်၍-သေ၏။ ထို့ကြောင့် ဤဉာဏ်သည်—

နာမ ရူပနိရောဓေ - နာမ်ရုပ်တရားချုပ်ခြင်း၌၊ ဉာဏံ သိသော ဉာဏ်သည်၊အတ္ထပဋိသမ္ဘိဒါ၊အကျိုးတရားကိုပိုင်းခြား ထိုးထွင်း၍ သိသောဉာဏ်မည်၏။

ဤကဲ့သို့ မယိမ်းမယိုင် တိကျခိုင်မြဲမဘောက်ပြန်သော လုပ်ငန်းပဋိပတ်ကို အားထုတ်နိုင်ခြင်းသည်ကား—

နာမရူပနိရောဓဂါမိနိပဋိပဒါယ-နာမ်ရုပ် တရား ချုပ်ငြိမ်းကြောင်းလုပ်ငန်းပဋိပတ်၌ ဉာဏံ - သိသော ဉာဏ်သည်၊

ဓမ္မပဋိသမ္ဘိဒါ-အကြောင်းတရားကို ထိုးထွင်း သိမြင်သော ဉာဏ်မည်၏။

(၁၀) ဝိညာဏေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
ဝိညာဏသမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊
ဝိညာဏနိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
ဝိညာဏနိရောဓဂါမိနိပဋိပဒါယ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ။

ဤ၌ ဝိညာဏ်ဟူသည် အသက်လေလော။ လိပ်ပြာလေလော။ သိတတ်သော စိတ်လေလော, စသည်ဖြင့်၊ပေါ့ပေါ့-ဆဆ အများသူငါပြောသကဲ့သို့ မယူသင့်။စင်စစ်မှာမူ အရိယာသစ္စာတွင် ဝင်နိုင်သော—

(၁) ဝိညာဏ စရိယ ဝိညာဏ်
(၂) ဉာဏစရိယဝိညာဏ်
(၃) အညာဏစရိယဝိညာဏ်

ဟူ၍ဝိညာဏ်(၃)ပါးရှိရာ၌ဝိညာဏစရိယဝိညာဏ်သည်ကုသိုလ် အကုသိုလ် မဟုတ်သော အဗျာကတ ဝိညာဏ်ဖြစ်၏။ စက္ခုနှင့် ရူပါရုံဆုံသော် စ၍ဖြစ်ပေါ်သော အညစ်အကြေး ကင်းစင်သော ဝိညာဏ်လည်းဖြစ်၏။ ဘုရားရဟန္တာ အသျှင်မြတ်တို့၏ ပဋိသန္ဓေမယူသော နောက်ဆုံး ဝိညာဏ်တော်လည်းဖြစ်၏။

'ဉာဏစရိယဝိညာဏ်သည်' — စတု သစ္စသမ္မာ ဒိဋ္ဌိဉာဏ် (တနည်း) မဂ်ဉာဏ်ဖြစ်၏။

'အညာဏစရိယဝိညာဏ်သည်ကား 'ပဋိစ္စသမုပ္ပာဒ်ဝိညာဏ်ဖြစ်၍ အထူးသတိပြုရမည့် သဘာဝလည်း ဖြစ်ပေသည်။

သို့ဖြစ်၍ ဝိညာဏ်ခေါ် အသိအမျိုးမျိုးရှိရာတွင် ဓမ္မတာအစွဲ အယူဖြင့် အများသူငါတို့ သိသော အသိတို့သည် အစွန်းအစ မလွတ်။ ကြောင်း–ကျိုးကို မထောက်ဆ။ သိချင်သလို သိနိုင်သော 'ဝိညာဏ်သိ' ခေါ်ပုထုဇဉ် သတ္တဝါတိုင်း သိနိုင်သော သဘော ဖြစ်ပေသည်။ 'ပညာသိ'မှာ မူကား-ဤကဲ့သို့ မဟုတ်ပေ။ သဘော သဘာဝ ရှိသည်ကို အမှန်အတိုင်း မဖောက်မပြန် သိသော အသိ ပညာဖြစ်သဖြင့် အစွန်းအစ မထွက်။ ဤသည်ကား အကျိုးတရား ဤသည်ကား အကြောင်းတရားဟူ၍ တိကျခိုင်ခန့်သော အသိဖြစ် ပေသည်။ ထို့ကြောင့်ရှင်းသည်–

ဝိညာဏေ - ဝိညာဏ်၌၊ ဉာဏံ–သိခြင်းသည်။

အတ္တပဋိသမ္ဘိဒါ–အကျိုးတရားကို ထိုးထွင်း၍ သိသောဉာဏ် မည်၏။

'သင်္ခါရ ပစ္စယာ ဝိညာဏံ - ဟူသော ပဋိစ္စ သမုပ္ပါဒ် ဒေသနာ တော်၏ အဆုံးအမအရ – သင်္ခါရဟူသော အကြောင်းကြောင့် ဝိညာဏ် ဖြစ်ရသည်ဟု ဟောတော်မူပေရာ အဝေးအနေ အားဖြင့် သော် အတိတ်သင်္ခါရကြောင့် ယခုပစ္စုပ္ပန် ဝိညာဏ် ဖြစ်ကြောင်း ထင်ရှားလှ၏။ သို့သော် ၎င်းသည် လက်လွန်ပြီးဖြစ်၍ ဘာမျှ မတတ်နိုင်ပြီ။ တတ်နိုင်သော အနီးဖြစ်သော ဝိညာဏ်ကိုဖြစ်စေမည့် သင်္ခါရကိုသာ ဘမ်းရန်, သတ်ရန် လုပ်ငန်းရှိပေသည်။ ၎င်းမှာ မိမိတို့၏ အချင်းခပ်သိမ်း အလိုမကျဖြစ်ရခြင်းသည် အတိတ်ကြောင်း မကောင်းခဲ့၍သာ, ဤကဲ့သို့ဖြစ်ရသည်။ ယခုမှ ကောင်းအောင် မပြုလုပ်ခဲ့ပါသော် နောင်တွင်လည်း ကောင်းစားမည် မဟုတ်ဟူ ၍ ရည်မှန်းကာ တချက်ဖြင့် ပြုမူခြင်းသည် ပစ္စုပ္ပန်ဝိညာဏ် (တနည်း) အညာဏ စရိယ မိစ္ဆာ ဓမ္မာရုံပင် ဖြစ်ပေသည်။ဘုရား

သျှင် အလိုတော်ဖြင့် အဆန့်ကျင်ဆုံးဖြစ်သော ဝိညာဏ်ဖြစ်၏။ ထို့ကြောင့် ဘယ်လို ဘယ်ကဲ့သို့ပင် ချမ်းသာမည်ဟု အထင်ရှိပါသော်လည်း စင်စစ် လူ-နတ်-ဗြဟ္မာ အလောင်းကောင် မသာကို ဝယ်ယူရသည်နှင့် တူလှပေသည်။ ချမ်းသာသုခ မည်သည်မှာ ကိုယ်ရော စိတ်ပါ ဒုက္ခအဝဝတို့မှ ချုပ်ငြိမ်းမှုသာ ဖြစ်ကြောင်း ဉာဏ်မြင်ရှင်းသင့်လှပါသည်။ ဤကဲ့သို့ ဝိညာဏ်ဖြစ်ကြောင်း သမုဒယသစ္စာ သင်္ခါရ တရားကို သိမြင်ခြင်းသည်....၊

ဝိညာဏသမုဒယေ ဝိညာဏ်ဖြစ်ကြောင်း၌၊ ဉာဏံ-သိခြင်းသည်၊ ဓမ္မပဋ္ဌိသမ္ဘိဒါ - အကြောင်းတရားကို ထိုးထွင်း သိမြင်သော ဉာဏ်-

ဟူ၍ ဟောတော်မူခြင်း ဖြစ်၏။

ဤတွင် ၎င်းအကြောင်း ပဋိစ္စ သမုပ္ပာဒ် ဝိညာဏ် ချုပ်စေရန် အဘယ်သို့သော လမ်းစဉ်ဖြင့် ပယ်သတ်ရမည်ကို သိမြင်ရန်သည် အရေးကြီးလှ၏။ တဘဝ တခန္ဓာ သေမှချုပ်ရပါမည်လော။ သို့ဆိုသော် ဗုဒ္ဓဘာသာတရားသည် မသေချာ, မရေရာသော သဘော၌ ကျရောက်သွားမည် ဖြစ်၏။ ချက်ခြင်း, လက်ငင်း ချုပ်စေရပေမည်။ ဆရာကောင်း မိတ်ကောင်း လိုလှ၏။

**သင်္ခါရနိရောဓာ ဝိညာဏနိရောဓော။**
**တဏှက္ခယော နိဗ္ဗာနံ။**
**နိရောဓောနာမ နိဗ္ဗာနံ။**
**နိရောဓောတိ နဘဝတို့။**

**သင်္ခါရ**ချုပ်သော်၊ဝိညာဏ်ချုပ်ခြင်း၊တဏှာ၏ကုန်ခန်းခြင်းသည် နိဗ္ဗာန်ဖြစ်ခြင်း။ ချုပ်ငြိမ်းသော သဘောတရားမည်သည် နိဗ္ဗာန်

ဖြစ်ခြင်း။ ချုပ်ငြိမ်းခြင်း ဟူသည်မှာ = နောက်ထပ်တဖန်မဖြစ်ပေရာ။

အတ္တ အတ္တနိယ နိစ္စ ဓုဝဟု သိမြင်သည်ကား = အညာဏစရိယ ဝိညာဏ်ဖြစ်၍ အနတ္တ အနတ္တနိယ အနိစ္စ အဓုဝ ဟု သိမြင်သည်ကား = ဉာဏစရိယဝိညာဏ်ဖြစ်၏။ ဤကဲ့သို့ အညာဏစရိယ ဝိညာဏ်ချုပ်သည်ကို။

## နိရောဓောတိ နဘဝတိ။

နိရောဓောတိ ချုပ်ငြိမ်းခြင်းဟူသည်မှာ၊ နဘဝတိ-နောက်ထပ်တဖန် မဖြစ်ခြင်းပေတည်း။

ဝိဉာဏစရိယဝိညာဏ်နှင့် ဉာဏစရိယ ဝိညာဏ်တို့ ချုပ်ရန်မဟုတ်သည်ကို သတိပြုရပါမည်။ သို့မှသာလျှင် အသိ အနေအထိုင်မှန်မည်။ မိမိတို့လိုလား တောင့်တအပ်သော ခုရောနောင်ပါချမ်းသာစေကြောင်းလည်း အမှန်ဖြစ်ပေသည်။ ဤသည်ပင်လျှင်။

ဝိညာဏနိရောဓေ၊ ဝိညာဏ်ချုပ်ငြိမ်းခြင်း၌၊ ဉာဏံ သိခြင်းသည်။ အတ္ထပဋိသမ္ဘိဒါ၊ အကျိုးတရားကို ထိုးထွင်းသိမြင်သော ဉာဏ်မည်၏။

ဤအကြောင်း ဝိညာဏ်ချုပ်ငြိမ်းစေကြောင်း လုပ်ငန်းစဉ်မှာ အထက်ကဏ္ဍများတွင် အကြိမ်ကြိမ် ဟောတော်မူပြီးသည့်အတိုင်း ပရမတ္ထ ခန္ဓာစဉ် အကျိုးတရားကို အနတ္တ အနတ္တနိယ အနိစ္စ အဓုဝ စသည်ဖြင့် ရှုဆင်ခြင်ခြင်းသည်ကား အတ္တာနုဒိဋ္ဌိ တဏှာ သတ်လုပ်ငန်းစဉ် ဖြစ်၍ အဘိသင်္ခါရဆိုင်ရာမှာကား ဒိဋ္ဌိသတ် အတ္တသတ်ဖြစ်သဖြင့် ရှေ့ကားနောက်၊နောက်ကားရှေ့ မဖြစ်မိရန် သတိပြုရပါမည်။

'သတိ' - ဝိပဿနာအရာတွင် ရုပ်ကိုသော် ၎င်း၊ နာမ်ကို သော်၎င်း၊ ခေတ်ပရမတ်ကိုသော်၎င်း၊ သိမြင်ရုံဖြင့်သော် ဝိညာဏ် သိပင်ရှိပေသေး၏။ ၎င်းတို့မှာ လုပ်ငန်းအရာတွင် ပါသည်ကား၊ မှန်ပေသည်။ သို့သော် တဏှာသေမှသာလျှင်၊ ပညာသိအစစ်ဖြစ် သဖြင့် 'အတ္တအယူသည် အဗ္ဗဒေဝ တရားဖြစ်၏။' ဝိညာဏ်သိ ဖြစ်သည့်အတိုင်း အမှား အလွဲချည်းသာဖြစ်၏။ 'အနတ္တ ဟူသည် ဉာဏစရိယ ဓမ္မဒေဝတရားဖြစ်၏။' အစွန်းအစမထွက်၊အမှန်ချည်း သာ ဖြစ် ၏။ ဤ ကဲ့ သို့ အမှားနှင့်အမှန် စစ်ထိုး၍ နေခြင်းကို လုပ် ငန်းပဋိပတ်ဟု ခေါ်ရ၏။ တရားထိုင်သည်ဟု ခေါ်ရ၏။

ဉာဏစရိယ - ဓမ္မဒေဝ (တနည်း) ဝိပဿနာ ဉာဏ်တွင် ဗောဓိပက္ခိယတရား(၃၇)ပါးရှိ၏။ဗိုလ်(၅)ပါးအားကောင်းသော် အညာဏစရိယ အဓမ္မဒေဝတရားယုတ် စစ်ရှုံးရ၏။ ဤသဘာဝကို ပင်လျှင်-

နိရောဓော နဘဝတိ။

ဟု ဟောတော်မူခြင်းဖြစ်ပေသည်။ မဂ်တရားဖြစ်၏။ 'ဒဿန ဋ္ဌေန' ဟုလည်းယူရ၏။ဝိညာဏစရိယ ဝိညာဏ်သည်ကား'ပဒဋ္ဌာန် သဘော' ဉာဏစရိယ အညာဏစရိယ ၂-ပါး တို့ တွင် ပါ၏။ အရဟတ္တဖိုလ်-အကျိုးဝိညာဏ်တော်လည်းဖြစ်၏။နေရာတိုင်းမှာ ပါ ရှိသည်ဖြစ်၍လည်း အပါယ်ငရဲကျ သတ္တဝါတို့၌ပင်ရှိ၏။ သို့သော် ငရဲမီးကား ထိပင်မထိပါးနိုင်သော သဘောတရားဖြစ်သဖြင့် ဤထူး မြတ်သော ဝိညာဏ်တော်ကို ဉာဏ်မြင် စင်ကြယ်သည့်တိုင် ကြိုး စားသင့်လှပါသည်။

ပညာဟူသည် ဝိပဿနာ လုပ်ငန်းဖြင့်သာ, ရရှိနိုင်သည်ဖြစ်၍ ကျွတ်ထိုက်သသူဝေနေယျ သာဝကတို့၏ အရာသာဖြစ်၏။ နက်

ယောင်နှင့်တိမ်၊တိမ်ယောင်နှင့်နက်– အလွန်ပင် အသိခက်လှသဖြင့်, သာမန်ပုဂ္ဂိုလ်တို့၏ အရာ မဟုတ်ကြောင်း ထင်ရှား လှပေသည်။

ဤတွင် အသျှင်မဟာကဿပရဟန္တာနှင့်သောတာပန် သိကြားမင်းတို့၏ ဝတ္ထုကိုသာဓကအဖြစ် ရှုဆင်ခြင်အပ်ပါသည်။

အသျှင်မဟာကဿပ နိရောဓသမာပတ် ဝင်စားတော် မူနေသည်ကို သိသော သိကြားမင်းသည် - အကျိုးထူးကို လိုလားသဖြင့် သုဇာတာ နတ်မိဖုရားကို ခေါ်၍ လူပြည်သို့ဆင်းသက်ပြီး သူဆင်းရဲ လူအိုများဟန်ဆောင်ကာ သမာပတ်မှထ, သော်မူသောအခါဆွမ်း လှူနိုင်ရန် စောင့်လင့်၏။

အသျှင်မဟာကဿပ ကိုယ်တော်ကြီး သမာပတ်မှ ထ,သော် မူသော်-ဆွမ်းအလို့ငှာလည်းကောင်း- ဆင်းရဲသော သတ္တဝါတို့အား ချမ်းသာသုခကို ချီးမြှင့်တော်မူရန် အလို့ငှာလည်းကောင်း၊ သပိတ်ကိုပွေ့၍ ကြွတော်မူလာ၏။

သက်ကယ်တဲငယ် ဖရိုဖရဲရှေ့တွင် တံမြက်လှဲနေသော သူဆင်းရဲ အိုကို မြင်တော်မူသော် ဆွမ်းအလို့ငှာ ရပ်တော်မူ၏။ သုဇာတာ သူအိုမက ဆွမ်းလောင်းသောအခါ နတ်သုဒ္ဓါဆွမ်း ဖြစ်သည့် အလျှောက်, ထူးမြတ် ကောင်းမွန်လှသော ရနံ့ကို ရတော်မူသော် မှားကြောင်း သိတော်မူသဖြင့်၊ အဘိညာဉ် သမာပတ် ဝင်စား၍ ရှုတော်မူသော အခါတွင်၊ ၎င်းသူအိုတို့သည် သိကြားမင်းနှင့် သုဇာတာတို့ဖြစ်ကြောင်း မြင်တော်မူ၏။ ဤတွင် နှစ်ဦးစလုံးအား လက်ဖျောက်တီးခေါ်ကာ ငေါက်ငန်း ဆုံးမတော်မူရ၏။(အသျှင် မဟာကဿပ ကိုယ်တော်ကြီးသည် လက်ဖျောက်တီး ဝါသနာပါ တော်မူ၏ ) သိကြားမင်း လျှောက်ထား တောင်းပန်ငြားသော် လည်း လက်လွန်းပြီးလေပြီ။

'သဘိ' - ဤသောဘာသန် အရိယာဖြစ်သော သိကြားမင်းက ရဟန္တာ အသျှင်မြတ်အား လိမ်လည်လှည့်ဖြားခြင်းသည်၎င်း၊ အသျှင် မဟာကဿပသည် ရဟန္တာဖြစ်လျက် လက်ဖျောက်တီးခြင်း၊ ဝေါက်ငန်းမန်မဲခြင်းတို့ သည်၎င်း ပုံကြသေးသလောဟု၍ ဝေဘန်ရန်ဖြစ်ခဲ့၏။ သိကြားမင်းမှာ ဒိဋ္ဌိပယ်သတ်ပြီး ဖြစ်သဖြင့် ရူပါယ်သို့ လားစေနိုင်သောအကုသိုလ်မဖြစ်။ အသျှင်မဟာကဿပမှာ အာသဝတို့အကြွင်း မရှိချုပ်ငြိမ်းပြီး ဖြစ်၍ကိလေသာနှင့်မယှဉ်၊ ဝါသနာစရိုက် ကရိယာအမူအရာသဘောမျှဖြစ်၏။ ( ဤဝါသနာစရိုက်သည် သဗ္ဗညုတ ဘုရားသျှင်တို့သာလျှင် ပယ်သတ်တော်မူနိုင်၏။ သာဝကတို့တွင် မစွန့်ပယ်နိုင်ပေ။ )

သို့ဖြစ်၍-ဘုရားသျှင်သည်၎င်း၊ရဟန္တာပုဂ္ဂိုလ်ကိုသည်၎င်း၊ အဘိညာဉ်မဝင်စားသော် မသိမြင်နိုင်။ လိမ်၍ညာ၍ရ၏။ ၎င်းလိမ်တတ်ညာတတ်သော အတ္တသဘာဝ အညာဏစရိယဝိညာဏ်သည်အာဂန္တုကဝိညာဏ်ဖြစ်၏။ဘုရား-ရဟန္တာ အသျှင်သခင်တို့တွင် ဤဝိညာဏ် အပြီးအပိုင် ချုပ်တော်မူကြပေသည်၊ အနတ္တသဘာဝ ဉာဏစရိယဝိညာဏ်ကိုမူ ဘယ်သောအခါမှာမှ လိမ်၍ကောက်၍ မရတော့ပြီ။ ဆိုလိုခြင်းမှာ အနတ္တ-အနတ္တနိယ—အနိစ္စ— အဓုဝ သဘောမှ-အတ္တ-အတ္တနိယ-နိစ္စ—ဓုဝ- သဘောသို့ မပြောင်းလဲခြင်းပင် ဖြစ်၏။

ထို့ကြောင့် သဗ္ဗညုတဉာဏ်တော် အရဟတ္တဖိုလ်ဉာဏ်တော်တို့တွင်မဘောက်မပြန်အပိုင် သိမြင်တော်မူကြသည်က တရားတမျိုး အပိုင်သိတော် မမူနိုင်သည်က တရားတမျိုး ဟူ၍ ပညာဖြင့် သိမ်းဆည်းနိုင်ကြစေရာ၏။ သို့မဟုတ်ပါမူကား-

ပဿတိ ပဿော ပဿ န္တံ အပဿန္တံဥ ပဿတိ။
အပဿန္တော အပဿ န္တံ ပဿန္တဥ္စ နပဿတိ။
(ထေရာအဋ္ဌကထာ)

ပဿော-မြင့်သောသူသည်၊ပဿန္တဥ္စ-မြင်သောသူကိုလည်း။
ပဿတိ-မြင်၏၊ အပဿန္တဥ္စ-မမြင်သောသူကိုလည်း ပဿတိ မြင်၏။

အပဿန္တော-မမြင်သောသူသည်၊ အပဿန္တဥ္စ-မမြင်သော သူကိုဂင်း၊ ပဿန္တဥ္စ-မြင်သောသူကိုဂင်း၊ နပဿတိ-မမြင်။

ဟူသည်နှင့်အညီ၊ မိမိကိုယ်တိုင်၌ ပညာမျက်စေ့ပေါက်ပါမှသာ လျှင် ပညာရှိသောသူ မရှိသောသူတို့ကို ကွဲကွဲ-ပြားပြား သိမြင်နိုင် ပေမည်။ အစား-အနေ-အဝတ်-အကျင့်ကောင်းရုံမျှဖြင့်ကား စိတ်ချ ရသော သူတော် ကောင်းမဟုတ်ပေ။ ပညာ ကောင်းမှ သာလျှင် သူတော်ကောင်းအစစ်ဖြစ်ပါ၍- ပညာဖြင့် ပြီးပြည့်စုံရန် ကြိုးစား အပ်လှပါသည်။ ဤသည်ပင်လျှင်—

ဝိညာဏ နိရောဓဂါမိနိ ပဋိပဒါယ - ဝိညာဏ် ချုပ်ငြိမ်း ကြောင်း လုပ်ငန်းပဋိပတ်၌၊ ဉာဏံ-သိခြင်းသည်။ ဓမ္မပဋိ သမ္ဘိဒါ၊ အကြောင်းတရားကို ထိုးထွင်းသိမြင်သောဉာဏ် မည်၏။

ဟူ၍ ဆုံးမတော်မူခြင်း ဖြစ်ပါသည်။

(၁၁) သင်္ခါရေသု ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
သင်္ခါရသမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊
သင်္ခါရနိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊
သင်္ခါရ နိရောဓဂါမိနိ ပဋိပဒါယဉာဏံ ဓမ္မပဋိသမ္ဘိဒါ။

အထက်ပိုင်း ဒိဋ္ဌိသတ် ကဏ္ဍတွင် ဟောတော်မူပြီးသည့်အတိုင်း ကာယ၊ ဝစီ၊ စိတ္တသင်္ခါရတို့ကား အကျိုးပရမတ်ဖြစ်၍ မလိုအပ်ပြီ။ ပုညာဘိ သင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ (၃)ပါးသည်သာ ဤဌ်လိုရင်းဖြစ်၏။ အဘိသင်္ခါရဟူသည် လွန်ကဲသော ပြုပြင်မှု မိစ္ဆာဓမ္မာရုံ ဥပါဒါန်တရားဖြစ်၏။ ကုသိုလ်တရားစုသည် = 'ပုည' ဖြစ်၍ မြတ်၏။ 'အဘိ' မပါသည် ဖြစ်၍နိဗ္ဗာန်ရောက်ကြောင်း ဝိဝဋ္ဋ ကုသိုလ်လည်းဖြစ်၏။ အရိယာ ပုဂ္ဂိုလ်တို့၏ ပုညကုသိုလ်ကို ထောက်ဆ,ရာ၏။

အကုသိုလ်တရားစုသည် = 'အပုည'ဖြစ်၏။ 'အဘိ'နှင့်တွဲသည်လည်းရှိ၏။ မတွဲသည်လည်းရှိ၏၊ ဥပမာသော်ကား သောတာပတ္တိမဂ်တွင် ဒိဋ္ဌာသဝ အကြွင်းမရှိ ချုပ်၏။ အပါယ်သို့ လားစေတတ်သော ကြမ်းတန်းသော ကာမာသဝ - ဘဝါသဝ - အဝိဇ္ဇာသဝတို့ ချုပ်သဖြင့် ထိုအရိယာပုဂ္ဂိုလ်သည် အကုသိုလ်ပင်ပြုမိသော်လည်း 'အဘိ'မယှဉ်သည် ဖြစ်သောကြောင့် အပါယ်ဘုံသို့ မလားတော့ပြီ။ ထိုနည်းတူစွာ သမထ ဘာဝနာကုသိုလ်သည် အာနေဉ္ဇာတရားဖြစ်၏။အရိယာ ပုဂ္ဂိုလ်တို့၏ ဈာန်'အဘိ'ညာဉ်သည်မလျှော၊ ပုထုဇဉ်တို့၏ ဈာန်အဘိညာဉ်သည် အဘိနှင့် ယှဉ်တွဲသည်ဖြစ်၍ လျှောတတ်၏။ အချုပ်ဆိုသော် ကာမာသဝသည် အကုသိုလ်ပင်ဖြစ်၏။ဤသို့အားဖြင့် အကျိုးတရားကို အရိယာသစ္စာဉာဏ်သွင်း၍ သိမြင်နိုင်ခြင်းသည်-

> သင်္ခါရေ သု၊ သင်္ခါရဥ္ဇ၊ ဉာဏံ-သိခြင်းသည်၊ အတ္တပဋိသမ္ဘိဒါ - အကျိုးတရားကို ထိုးထွင်းသိမြင်သော ဉာဏ်မည်၏။-

ဤသင်္ခါရသည်လည်း အကြောင်းသမုဒယဖြင့် ကင်း၍ ဖြစ်နိုင်သည် မဟုတ်ပေ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာဟူသည့်အတိုင်း အဝိဇ္ဇာလျှင် အကြောင်းရင်း ရှိပေသည်။ သို့သော် - ၎င်း အဝိဇ္ဇာကြီးသည်—

ဝိန္ဒိယံ ဝိန္ဒတီတိ ဝိဇ္ဇာ။

ဝိန္ဒိယံ - သိသင့် သိထိုက်သော အရာတွေကို။ ဝါ - နိဗ္ဗာန်ရောက်ကြောင်း တရားတွေကို။ ဝိန္ဒတိ - သိတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့် ဝိဇ္ဇာ-ဝိဇ္ဇာမည်၏။

ဟူသည်နှင့်အညီ သံသရာနှင့်အမျှ မသိမမြင်ခဲ့ရသော ပဋိစ္စသမုပ္ပါဒ် ယန္တရားကြီးသည် သစ္စာ (၄)ချက် ပဋိသမ္ဘိဒါဉာဏ်ဖြင့် ချိုးဖျက်ရပ်တန့်စေသည်ဖြစ်၍ 'အဝိဇ္ဇာ' နိရောဓာ သင်္ခါရ နိရောဓော - ဝိဇ္ဇာပညာဖြင့် အဝိဇ္ဇာချုပ်သည့်နည်းတူ သင်္ခါရလည်း ချုပ်ရလေတော့၏။ ဤကဲ့သို့ သင်္ခါရ၏ အကြောင်းသမုဒယ အဝိဇ္ဇာကို သိမြင်ခြင်းသည်—

`သင်္ခါရ သမုဒယေ - သင်္ခါရဖြစ်ကြောင်း၌၊ ဉာဏံ-သိသောညာဏ်သည်၊ ဓမ္မပဋိသမ္ဘိဒါ·အကြောင်းတရားကို ထိုးထွင်းသိမြင်သော ဉာဏ်မည်၏၊၊

ဤသို့အားဖြင့် ဖြစ်လေရာ ဘဝများစွာတွင် ၎င်း အဘိသင်္ခါရတရားတို့ဖြင့် ရစ်ပတ်ဖွဲ့နှောင်ပြီးလျှင် အောက်သံသရာကို အလွန်ကြောက်လန့်သဖြင့် အကုသိုလ်မှု အဝဝတို့ ရှောင်ရ, ရှားရ ခဲ့လေပြီ။ ဤကဲ့သို့ ရှောင်နိုင်ရှားနိုင်သော် အပါယ်ဘုံတို့မှ လွတ်သည်ဖြစ်၍ အထက်သံသရာသို့သာ လားရာရှိသော်ငြားလည်း မသိမမြင်သော၊ အန္ဓပုထုဇဉ်တို့သည် ထိုထိုသော ဘုံဘဝတို့သည် ချမ်းသာ၏ဟု ယုံကြည်မှုဖြင့် ကုသိုလ်ကောင်းမှု အစုစုတို့ကိုလည်း ကြိုး

စား၍ ပြုကြရပြန်ပေသေး၏။ သို့သော် မိမိတို့အလွန်အမင်း ပြောသံကြားဖြင့် ကြောက်လှသော သံသရာလမ်းကား မဆုံး။ ထက်အောက်စုန်ဆန် - အတောမသတ်၊ တမျောတည်း မျောနေရသော မွေး·သေဝဋ္ဋဒုက္ခမှ ကျွတ်လွတ်တော့ပြီကို သိသဖြင့်–

သင်္ခါရနိရောဓေ - သင်္ခါရ ချုပ်ငြိမ်းခြင်း၌။ ဉာဏံ - သိခြင်းသည်၊ အတ္တပစ္စက္ခသမ္ဗန္ဓ အကျိုးတရားကို ထိုးထွင်းသိမြင်သော ဉာဏ်မည်၏။

ဟူ၍ သျှင်တော်မြတ် ဆုံးမတော်မူခြင်းဖြစ်၏။

ဤသို့ သိမြင်နိုင်ခြင်းမှာ ဘုရားသျှင်အစ, ပေါက်မြောက်တော်မူကြသော တပည့်သား၊ သာဝက ဆရာအသျှင်မြတ်တို့၏ ကျေးဇူးတော်ဂုဏ်တော်အားဖြင့် ထေရဝါဒ အရိယာသစ္စာနည်းဖြစ်သော စတုသစ္စ သမ္မာဒိဋ္ဌိမဂ္ဂင်၊ ပညာဖြင့်သာ ဖြစ်နိုင်ပေသောကြောင့်-

သင်္ခါရနိရောဓဂါမိနီ ပဋိပဒါယ - သင်္ခါရ ချုပ်ငြိမ်းကြောင်း လုပ်ငန်းပဋိပတ်၌။ ဉာဏံ-သိမြင်ခြင်းသည်၊ ဓမ္မပစ္စယသမ္ဗန္ဓ အကြောင်းတရားကို ထိုးထွင်းသိမြင်သော ဉာဏ်မည်၏။

ဟူ၍ ဟောကြားတော်မူခြင်းဖြင့်–

သံသရာ့ စက်ရဟတ် ပဋိစ္စသမုပ္ပါဒ်တရားကြီးအား သမ္မာဒိဋ္ဌိဖြင့် မိစ္ဆာဒိဋ္ဌိကို ပယ်သတ်ပြီး ၎င်း၏ ပရိယာယ်ကို သိမြင်နိုင်သည့်ပြင် အထက်တန်းစား ပညာရှင်တို့အဘို့ ၎င်းကို အပြီးအပိုင် ချိုးဖျက် ရပ်တန့်စေနိုင်ပေရာ—

ဤနက်ယောင်နှင့် နက်သည်ဟူသော အမည်တမျိုးတည်းသာရသည့် ဤပဋိစ္စသမုပ္ပါဒ် သဘောတရားကြီးသည် တပည့်တော်အဘို့၌ ပေါ်လွင် ထင်ရှားလှသဖြင့် အံ့ဘွယ်အတူး ဖြစ်ပါတော့

သည်ဟု ညီတော်အသျှင် အာနန္ဒာ၏ လျှောက်ထားချက်ကို ဗုဒ္ဓမြတ်စွာက–

မာဟေဝံ အာနန္ဒ၊ မာဟေဝံ အာနန္ဒ၊
ဂမ္ဘီရောစာယံ အာနန္ဒ ပဋိစ္စသမုပ္ပာဒေါ
ဂမ္ဘီရာဝ ဘာသောစ။ ( နိဒါနဝဂ္ဂသံယုတ်–ဒုက္ခဝဂ်–နိဒါနသုတ်(၃၁၈ - ဆမူ )

အာနန္ဒ-ချစ်သားအာနန္ဒာ၊ ဧဝံ-ဤသို့ ပဋိစ္စသမုပ္ပါဒ်သည် ပေါ်လွင် ထင်ရှား၏ ဟူ၍၊ မာအဝစ-မဆိုလေနှင့်။ မာအဝစ-မဆိုလေနှင့်။ အယံ ပဋိစ္စသမုပ္ပာဒေါ-ဤ ပဋိစ္စသမုပ္ပါဒ်သည်၊ ဂမ္ဘီရောစ - နက်လည်းနက်၏၊ ဂမ္ဘီရာဝ ဘာသောစ – နက် ယောင်လည်းရှိ၏။

ချစ်သား အာနန္ဒာ တိမိရ-ပိင်္ဂလမည်သော ငါးကြီးတို့သည် သမုဒ္ဒရာကြီးတို့၌၊ ၎င်းတို့အလိုရှိတိုင်း မပျော်မွေ့လောက်သဖြင့် တိမ်သည် ကျဉ်းသည်ဟု ဆိုကြသော်လည်း အခြားသော ငါးများအဘို့ အပြောကျယ်လှသည့်နည်းတူ ကမ္ဘာတသိန်း ပါရမီဖြည့်ဆီးခဲ့သော ချစ်သားအဘို့ ပေါ်လွင်ထင်ရှားသော်လည်း အခြားသော ပါရမီနုန့်နဲ့ သူ ပုထုဇဉ်တို့အဘို့မှာမူ ထောက်တည်ရာ ရနိုင်ခြင်းငှာ အလွန် ခဲယဉ်းလှပေ၏ဟု မိန့်တော်မူသည်ထုံးကို နှလုံးမူကာ၊

ဤသစ္စာလေးချက် ပဋိစ္စသမုပ္ပါဒ် တရားတွင် ပဋိသမ္ဘိဒါ ဉာဏ်ဖြင့် ရှုဆင်ခြင်ရာ၌ မိမိတို့ပါရမီ အားလျော်သော ပညာဖြင့် ငုံမိကြမည်မှာ မလွဲနိုင်ပေ။ သို့သော် လွယ်ပါသည်ဟူ၍ကား မယူဆသင့်ပါ၍ ဤသာသနာ ဤဆရာမြတ်၏ ကျေးဇူး

တော်ဖြင့် မှတ်ဆိပ်ပျားစွဲမှု မဟုတ်၊ ပါးစပ်ထည်းအရောက် ခွန့်သည်ကို အသာပင် မျိုချရုံမျှ ဖြစ်ပေသည်။ ပါရမီကို လွှဲ ချရန်အချိန် မဟုတ်တော့ပြီ၊ ဘဝများစွာတွင် ကောင်းမှု ကုသိုလ်များစွာဖြင့် ပန်ယူတောင်းဆိုခဲ့သော ဆုမြတ်သည် ယခု အထိ ဒုလ္လဘနှင့် ပြည့်စုံပြီဖြစ်သည့်အတိုင်း-သဒ္ဓါဗိုလ်၊ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်-ပညာဗိုလ်တို့ကို လက်ကိုင်ပြုကာ စာ တွေ့နှင့်မပြီး မနေသတွေ့ သဘောတွေ့ဖြစ်ရန်သည်၊ မိမိ၏ တခု တည်းသော အားထားရာဖြစ်သည့် တာဝန်လုပ်ငန်းကြီးတခု ဖြစ်ပါသည်။

# တဏှာသုံးတန်–တရားတော်

တဏှာဆိုသည်မှာ ပဋိစ္စသမုပ္ပါဒ် - ဓမ္မာရုံ-လောဘစေတသိတ်ဖြစ်၏။ ၎င်းသည် အကျဉ်းအားဖြင့် (၆) ပါး အကျယ်အားဖြင့် (၁၀၈)ပါးဖြစ်၏။

**ဆောင်ပုဒ်မှာ–**

တဏှာသုံးတန် အရင်းခံ အာ-ကာ=သံနှင့်မြှောက်၊
တဏှာအစစ် တရာ့ရှစ်ဖြစ်၏ လူမှာရောက်။

" တဏှာသုံးတန် ဟူသည်မှာ " ကာမ တဏှာ-ရူပ တဏှာ အရူပတဏှာ ( တနည်း ) ကာမတဏှာ ဘဝတဏှာ - ဝိဘဝတဏှာ (၃)ပါး ဖြစ်၏။

" အာ–ဟူ သည် ကား " - အာရုံ (၆)ပါးဖြစ်၏။

" ကာ–ဟူသည်ကား " - အတိတ်-အနာဂတ် - ပစ္စုပ္ပန်ကာလ (၃)ပါး ဖြစ်၏။

" သံ–ဟူသည်ကား " - အဇ္ဈတ္တ သန္တာန်-ဗဟိဒ္ဓ သန္တာန် ( တနည်း ) အတွင်းအပြင်(၂)ပါး ဖြစ်၏။

ဤတွင် တဏှာ (၃)တန်ကို အာရုံ (၆)ပါးဖြင့် မြှောက်သော် (၁၈)ရ၏။ ၎င်း ကိုကာလ(၃)ဖြင့် မြှောက်သော် (၅၄) ရ၏။ တဖန် ၎င်းကို သန္တာန်(၂)ပါးဖြင့် မြှောက်ပြန်သော် (၁၀၈) ရ၏။ ဤသည်ပင်လျှင် တဏှာ (၁၀၈)-မည်၏။

ယံ ပဿတိ-န တံ ဒိဋ္ဌံ ယံ ဒိဋ္ဌံ တံ နပဿတိ။

ယံ-အကြင်သို့သော ယောကျ်ား-မိန်းမ ခေါ်ဆိုသည့် ရုပ်ကို ပဿတိ-မြင်၏။ တံ-ထိုရုပ်သည်၊ နဒိဋ္ဌံ-မြင်ကောင်းသော ရုပ် မဟုတ်။ ယံ-အကြင်သို့သော ယောကျ်ား-မိန်းမခေါ်ဆိုရသည့်ရုပ်ကို။ ဒိဋ္ဌံ-မြင်သည်ရှိသော်။ တံ-ထိုရုပ်ကို။ နပဿိတဗ္ဗံ မမြင်အပ်။

အဘာယ်ကြောင့်ဟူမူ—

စက္ခုနှင့် ရူပါရုံတိုက်ဆုံသော်—စက္ခုဝိညာဏ် (တနည်း)မြင်စိတ် ဖြစ်ပေါ်၏။ ၎င်းမှ( ဖဿ ) တနည်း ( မိစ္ဆာဖဿမှ ဝေဒနာ - တဏှာ - ဥပါဒါန် - ဘဝ - စသည်အားဖြင့် ပဋိစ္စသမုပ္ပါဒ် သံသရာလည်၏။

ဤ၌ မြင်သော ရူပါရုံပေါ်တွင် နိစ္စ-သုခ-အတ္တ-သုဘအားဖြင့် မမြင်ကောင်းသော မိစ္ဆာဓမ္မာရုံအဖြစ် မြင်သောကြောင့်ပေတည်း၊ မိစ္ဆာဖဿဖြစ်သောကြောင့် တဏှာဖြစ်ရခြင်းလည်း ဖြစ်၏။ သို့ဖြစ်၍ ၎င်းမြင်သော ရူပါရုံကိုပင်လျှင်—

ယံပဿတိ တံဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ ပဿတိ။

ယံ-အကြင်ယောကျ်ား - မိန်းမခေါ်ဆိုရသည့်ရုပ်ကို ပဿတိ အနိစ္စ-ဒုက္ခ-အနတ္တ-အသုဘ အဖြစ်ဖြင့် မြင်၏။ တံ-ထိုရုပ်သည် ဒိဋ္ဌံ-မြင်ကောင်းသောရုပ် (ဝါ)-သမ္မာအာရုံဖြစ်၏။

ယံ-အကြင်လက္ခဏာရေးသုံးတန်ဖြင့် မြင်သောရုပ်ကို၊ ဒိဋ္ဌံ-မြင်သည်ရှိသော်၊ တံ-ထိုရုပ်ကို၊ ပဿိတဗ္ဗံ မြင်အပ်၏။

ယံတိဏ္ဏံ သင်္ဂတိ နဖဿော။

ယံ-အကြင်သို့သော၊ စက္ခု+ရူပ ါရုံ မြင်သိ(ဝိညာဏ်)၃-ပါး တို့၏ မြင်ကောင်းသောရုပ်အဖြစ်ဖြင့် ဝါ-သမ္မာအာရုံ ဝါ-အနိစ္စ-ဒုက္ခ-အနတ္တ-အသုဘ အဖြစ်ဖြင့်၊ သင်္ဂတိ-ပေါင်းဆုံခြင်းသည်၊ နဖဿော - ဖဿမဖြစ် - ဝါ- မိစ္ဆာဖဿ-မမြင်ကောင်းသောရုပ်-ဝါ-ပဋိစ္စသမုပ္ပါဒ် ရုပ်မဖြစ်။

တဖန်—

ရူပေ ဝိဘူတေ ဖဿော န ဟောတိ။

ရူပေ-ရူပ ါရုံ၌၊ ဝိဘူတေ-အနိစ္စ-ဒုက္ခ-အနတ္တ-အသုဘဟု ထင်မြင်ခဲ့သည်ရှိသော်၊ ဖဿော-ဖဿသည်၊ န ဟောတိ-မ ဖြစ်။

(ဤသည်ကား-မြင်ကောင်းသော ရုပ်အဖြစ်ဖြင့် သမ္မာအာရုံဖြစ် သည့်အတိုင်း-မိစ္ဆာဖဿ-ချုပ်သည့်နည်းတူ တဏှာလည်း ချုပ်တော့၏။)

သတိ- ထို့ကြောင့်—

နိစ္စ-သုခ-သုဘသည် = တဏှာသတ်ဖြစ်၍
အတ္တသည် = ဒိဋ္ဌိသတ်ဖြစ်ပုံကိုလည်းကောင်း။
အနိဋ္ဌာရုံပေါ်တွင် တဏှာဖြစ်သော် ဋ္ဌဖြစ်၍
ဣဋ္ဌာရုံပေါ်တွင် တဏှာချုပ်သော် အနိဋ္ဌဖြစ်ပုံကို
လည်းကောင်း—

ရှုဆင်ခြင်ပြီးလျှင်, ဝိပဿနာတရားကို ကြိုးစားအားထုတ်ကြသော ပုဂ္ဂိုလ်တို့သည်၊ ၎င်း ဒိဋ္ဌိသတ်နှင့် တဏှာသတ်ပုံကို အလေးမူကာ-ရှေ့ကား နောက်- နောက်ကား ရှေ့မဖြစ်ကြမိစေရန် သတိပြုရမည့် ကိစ္စကြီး ဖြစ်ပါသည်။

ထိုနည်းတူစွာ ကြွင်းသော အာရုံတို့ကို ရူပါရုံကဲ့သို့—

**သဒ္ဒေ ဝိဘူတေ ဖဿော နဟောတိ။**
**ဂန္ဓေ ဝိဘူတေ ဖဿော နဟောတိ**
**ရသေ ဝိဘူတေ ဖဿော နဟောတိ။**
**ဖောဋ္ဌဗ္ဗေ ဝိဘူတေ ဖဿော နဟောတိ။**

ဟူ၍ သိမ်းဆည်းတော်မူကြပါရန်။

ဤသည်ကား တဏှာသုံး တန်ကို အရင်းခံ၍ အာရုံ ၆-ပါး အနက်မှ 'ပဋ္ဌာရုံဖြင့်' မြောက်ချေပုံဖြစ်၏။

**ဓမ္မာရုံဖြင့်—မြောက်ပုံချေပုံ သဘော။**

ဤကံလ္ပာအတွက် ပဋ္ဌာစာရီအမျိုးသမီးဝတ္ထုကို ကြံဆရာ၏။မိဘ မောင်-လင်-သားများ ၆-လောင်း ပြိုင်သေစဉ်က ပြင်းထန်းစွာ ငိုကြွေးသော်လည်း မရူးသေးပေ။ နောက်ကြမှသာလျှင် ဖြစ်ကြောင်းကုန်စင်ကို တစိမ့်စိမ့်တွေးပြီးနှလုံးသည်းခြေပျက်ခါ-ရူးသွပ်ခြင်းသို့ ရောက်ရ၏။ ဤတွင် 'ပဋ္ဌာရုံမျှ ဖြစ်သော' သေဆဲခဏ၌ မျက်ရည်သာကျ၍ ရူးကားမရူးသေး။ အတိတ်သဘော ဖြစ်သော နောက်ကြောင်းကို အတွေးနက်ပြီး သူရူးဘဝသို့ ရောက်ရသည်မှာ ထင်ရှားနေပေသည်။ဤသဘောသည်ပင်' အတိတ်ဓမ္မာရုံ' ဖြစ်၏။

မိမိတို့၏ လူကောင်း-နတ်ကောင်း-ဗြဟ္မာ ကောင်းတို့ကိုစွဲလန်းရည်ရော်သည်ကား = 'အနာဂတ်ဓမ္မာရုံဖြစ်၏။ နှစ်ပါးစလုံး မိစ္ဆာဓမ္မာရုံ ဖဿဖြစ်၏။'

ငင်း-**အတိတ်** - အနာဂတ်သဘော မိစ္ဆာဓမ္မာရုံ ( တနည်း ) မမြင်ကောင်းသော ရုပ်တို့ကို- သမ္မာဓမ္မာရုံအဖြစ်ဖြင့် ရှုဆင်ခြင်နိုင်သော် -

**ဓမ္မေ ဝိဘူတေ ဖဿော နဟောတိ။**

ဓမ္မေ-အတိတ်-အနာဂတ်သဘော မိစ္ဆာဓမ္မာရုံတို့၌။ ဝိဘူတေ အနိစ္စ- ဒုက္ခ-အနတ္တ အသုဘ အနေအားဖြင့် ထင်မြင်နိုင်ခဲ့သည့်ရှိသော်၊ ဖဿော- ဖဿသည်(ဝါ)မိစ္ဆာဖဿသည်၊ နဟောတိ-မဖြစ်။

ဟူသည်နှင့်အညီ မိစ္ဆာဓမ္မာရုံ(၆)ပါးတို့ချုပ်သည်ဖြစ်၍ တဏှာလည်း မဖြစ်တော့ပေ။ ၎င်းကို

**တဏှက္ခယံ နိဗ္ဗာနံ။**

တဏှက္ခယံ – တဏှာ၏ ကုန်ခန်းခြင်းဘည်၊ နိဗ္ဗာနံ - နိဗ္ဗာန်မည်၏။

**တဏှက္ခယံ ပရမံ သုခံ။**

တဏှက္ခယံ - တဏှာ၏ ကုန်ခန်းခြင်းသည်၊ ပရမံ - မြတ်သော (ဝါ)ဘယ်သောအခါမှ မဖောက်ပြန်သော၊ သုခံ – ချမ်းသာခြင်း မည်၏။

ဟု ဆိုးမတော်မူခြင်း ဖြစ်၏။ သို့ဖြစ်၍ အောက်မဂ်ပုဂ္ဂိုလ်များတွင် မဂ်အားလျော်သော မိစ္ဆာဖဿ ( တနည်း ) တဏှာ အဆင့်ဆင့် ချုပ်ပြီး သမ္မာဖဿ အဆင့်ဆင့်ဖြင့် သိတင်း သုံးတော်မူကြ၍ နောက်ဆုံး အရဟတ္တဖိုလ်သို့ ဆိုက်သောအခါတွင် မိစ္ဆာဖဿအပြီးတိုင်ချုပ်ပြီး သမ္မာဖဿသည်သာ ကြွင်းတော့သည် ဖြစ်၏။ တခု ချုပ်သော် တခု ကျန်ရမြဲ ဓမ္မတာ ပဋိသန္ဓေယူစဉ်က ပါလာသော အကျိုးတရားဖြစ်သည့် သမ္မာဖဿသည်သာ ကြွင်းပေရာ ၎င်းသည် ခန္ဓပရိနိဗ္ဗာန် ယူတော်မူသောအခါမှ အပြီးတိုင် ငြိမ်းတော်မူမည်ဖြစ်သဖြင့် -

**မိစ္ဆာဘာဝသည် = အာသဝ။**
**သမ္မာဘာဝသည် = အနာသဝ။**

ဖြစ်ရာ အာသဝတရား ကုန်ခမ်းတော်မူပြီးသော ဘုရား-ရဟန္တာ အသျှင်မြတ်တို့သည် အာရုံကို မခံစားဟူသော အယူသည် မှား၏။ အချုပ်ဆိုမူ မိစ္ဆာဘာဝကား မဖြစ်။ သမ္မာဘာဝဖြင့် ခံစားတော်မူကြသည်ဟု စွဲမြဲစွာ မှတ်ယူအပ်ပါသည်။ ဤသဘာဝကို ဟောတော်မူသော ဗုဒ္ဓမြတ်စွာသည် -

**ဖဿနိရောဓာ ဝေဒနာနိရောဓော၊**
**ဝေဒနာနိရောဓာ တဏှာနိရောဓော။**
**တဏှာနိရောဓော ဥပါဒါနနိရောဓော။**

အစရှိသည်ဖြင့် ဆုံးမတော်မူခြင်း ဖြစ်၏။

( သတိ )

ဤသို့အားဖြင့် အကြင်ပုဂ္ဂိုလ်သည် သုခပဋိပဒါပညာဖြင့် ယခု ဟောကြားတော်မူလော တရားအစဉ်သည်မိစ္ဆာဘာဝကိုချုပ်စေ၏။ ဤပဋိပတ်လုပ်ငန်းစဉ်၌ -

(၁) ကာလ (၃)ပါးကို သိမ်းဆည်းသော သမ္မသနဉာဏ်။
(၂) အတွင်း အပြင်သန္တာန်(၂)ပါးကိုပါ သိမ်းဆည်းပြီး ဖြစ်သဖြင့် အာရုံ–အာရမ္မဏိကတို့၏ ဖြစ်ပုံ–ပျက်ပုံ ဥဒယဗ္ဗယဉာဏ်။
(၃) ဤသို့ ဖြစ်ခြင်း–ပျက်ခြင်းသဘောကြောင့် မမြဲခြင်း အနိစ္စဘင်္ဂဉာဏ်။
(၄) သို့မမြဲသည်၏အဖြစ်ကြောင့် နှိပ်စက်ခြင်း သဘော ဘယဉာဏ်။

(၅) ထိုသို့ မြဲခြင်း ချမ်းသာခြင်း၊ အားစွမ်းသတ္တိမရှိခြင်း အနတ္တဉာဏ်။

(၆) တဖန်-၎င်းသဘောတရားတို့သည် အကြောင်း သမုဒယ တဏှာလျှင် အရင်းခံပုံကို ဝိပဿနာ ဉာဏစရိယပညာ ဖြင့် ရှင်းလင်းပြတ်သားစွာ သိမြင်နိုင်ပြီ ဖြစ်သဖြင့် ၎င်းမှ တဆင့် ဗ္ဗိနိဒါဉာဏ် ရင့်သန်စေရန် ဖြစ်ပေသည်။

ဘင်္ဂဉာဏ်ဟူသည် မိမိ အားစွမ်းသတ္တိဖြင့် မဖြစ်နိုင်သော အတ္တ သည် အနတ္တ-ဖြစ်၏။ ၎င်း အနတ္တသည် ဖြစ်လိုက် - ပျက်လိုက် လက် ဖဝါးကဲ့သို့ မှောက်ချည် - လှန်ချည်မဟုတ်။ နောင်တဖန်ပြန်၍ ဖြစ်နိုင်သော မိစ္ဆာဖဿ၏၊ အစဉ်ပျက်သဘော၌ ကျရောက်သည် ကို မသိခြင်းသည် 'ဘင်္ဂဉာဏ်' မည်၏။ အရေးကြီးသော ဉာဏ် ဖြစ်ပါသည်။

ထို့ကြောင့် တဏှာ သုံးပါးအား အာရုံ(၆)ပါးမှနေ၍ သတ် လိုက်ခြင်းဖြင့်, ကာလသုံးပါး-သန္တာန် နှစ်ပါးတို့လည်း ပါဝင်ပြီး ဖြစ်ပေသည်။ ဤကိုရည်၍ ကျေးဇူးရှင်ကြီးများက-

(ခရီးလမ်းထောက် ဇရပ်ဆောက် နိဗ္ဗာန်မရောက်။
သုံးဆယ့်ခြောက်။)

ဟူ၍ ဆုံးမတော်မူခြင်းဖြစ်၏။တဏှာ(၃)ပါးကို အာရုံ(၆)ပါး ဖြင့် မြှောက်သော်(၁၈)ရ၏။၎င်းကို သန္တာန်(၂)ပါးဖြင့် မြှောက် ပြန်သော် ၃၆ - ရ၏။

'ဘယဉာဏ်'ကိုအားကောင်းစေပြီး နိဗ္ဗိဒါဉာဏ် ထက်သန်စေ ရန်မှာ အကယ်တိ ခန္ဓာအကြည်ဓာတ် အနည်းနှင့်အများ ပျက် သော်အဘယ်ကဲ့သို့ ရှုဆင်ခြင်နိုင်ပါအံ့နည်းဟုစိစစ်ရန်ဖြစ်ပေသည်။ အကြည်ဓာတ် အနည်းနှင့်အများ ပျက်သည်ဖြစ်စေ -မပျက်သည်ပင်

ဖြစ်စေ၊ မိစ္ဆာဓမ္မာရုံသည်သာ လိုရင်းကြီးဖြစ်ပါ၍ တိုက်ဆုံလေ သမျှသော ပညာရုံတို့အပေါ်တွင် အသျှင် ပေါ်ဦးလ မထေရ်ကြီးကဲ့သို့ မိစ္ဆာဓမ္မာရုံ မဖြစ်နိုင်စေရန် မလျှော့သော ဇွဲလုံ့လဖြင့် လက္ခဏာရေးတင်ရန် ဖြစ်ပါသည်။

**ရူပံ ဘိက္ခဝေ အနတ္တာ၊ ရူပဉ္စဟိဒံ ဘိက္ခဝေ အတ္တာ**
**အဘဝိဿ၊ နယိဒံရူပံ အာဗာဓာယ သံဝတ္တေယျ**
**လဗ္ဘေထစ ရူပေ ဧဝံ မေရူပံဟောတု ဧဝံ မေရူပံ**
**မာ အဟောသီတိ ယသ္မာစ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ။**

ဘိက္ခဝေ - ချစ်သားတို့၊ ရူပံ-ပစ္စုပ္ပန် အကျိုး ရုပ်တရားသည်၊ အတ္တာ - အစိုးရသည် - ဝါ - အလိုသို့လိုက်သည်၊ အဘဝိဿ၊ မဖောက် မပြန်အမှန်မလွဲ ဖြစ်ခဲ့ငြားအံ့၊ဣဒံရူပံ - ဤရုပ်တရားသည်၊ အာဗာဓာယ – ဆင်းရဲ နာကျင်ခြင်းငှာ -ဝါ- ဖောက်ပြန် ကြောင့်ကြ စိုက်ရခြင်းငှာ၊ နသံဝတ္တေယျ - မဖြစ်နိုင်ရာတကား၊ မေ - ငါ၏၊ ရူပံ– ရုပ်တရားသည်၊ ဧဝံ–ဤသို့ အစိုးရခြင်း - အလိုသို့ လိုက်ခြင်းဖြင့်၊ ဟောတု - ဖြစ်ပါစေသတည်း၊ မေ - ငါ၏၊ ရူပံ - အကျိုးရုပ်တရားသည်။ဧဝံ–ဤသို့ အစိုးမရခြင်းအလိုသို့မလိုက်ခြင်းစသောသဘောဖြင့်၊မာအဟောသိ - မဖြစ်ပါစေလင့်၊ ဣတိ – ဤသို့၊ ရူပေ-ပစ္စုပ္ပန် အကျိုး ရုပ်တရား၌၊ လဗ္ဘေထစ - ရကုန် ရာသည်သာလျှင်တည်း၊ ယသ္မာစခေါ - အကြင်အလိုသို့ မလိုက်ခြင်းစသော သဘောတရားကြောင့်သာလျှင်၊ ရူပံ–အကျိုးရုပ်တရားသည်၊ အနတ္တာ–အစိုးမရ အလိုသို့ မလိုက်သော သဘောတရားမည်၏။

( ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ကိုလည်း ထိုနည်းတူစွာ ရှုဆင်ခြင်ပါရန်။ )

ဒိဋ္ဌိသည် နာမ်တရားမှာ ရှုးဝင်၏။
တဏှာသည် ရုပ်တရားမှာ ရှုးဝင်၏။

သို့ဖြစ်၍ တဏှာသေစေရန် ရုပ်တရားကို နည်းအမျိုးမျိုးဖြင့် နိဗ္ဗိဒါဉာဏ်ရစေရန် ကြိုးစားရ၏။ အမှန်စင်စစ် ဒိဋ္ဌိနှင့် တဏှာတို့သည် နာမ်မှာသာ ဖြစ်ကြ၏။ ထို့ကြောင့် တဏှာမီးသည် နာမ်မှာ ပူလောင်ခြင်း ဖြစ်ပေသည်။

အနတ္တကို သနပုံးအုပ်သည်ဟု ဆို၏။ အဘိဓမ္မာနည်းဖြင့်သော် ဟုတ်ရာ၏။သို့ဆိုသော် ပွင့်တော်မူကြကုန်သော ဗုဒ္ဓမြတ်စွာတို့သည် အနတ္တလက္ခဏာသုတ်ကို အစဦးထား၍ ဟောတော်မမူပါသနည်း။ ဓမ္မစက္ကပဝတ္တနသုတ်ကို ဒိဋ္ဌိပြုတ်စေရန် ပထမထား၍ဟောတော်မူပြီး တဏှာချုပ်ရန်အတွက် အနတ္တလက္ခဏာသုတ်ကို နောက်ထား၍ ဟောတော်မူခြင်း ဖြစ်ကြောင်း မမေ့သင့်ပေ။

( သတိ )

အနတ္တဒွယအားဖြင့်သော် -
အကြောင်းအနတ္တသည် = ဒိဋ္ဌိပြုတ်ရန်ဖြစ်၍
အကျိုးအနတ္တ ( တနည်း ) အဝသဝတ္တနအနတ္တသည်ကား =
တဏှာပြုတ်ရန်အတွက် ဖြစ်၏။

ဤ၌ အဘိဓမ္မာနည်းဖြစ်သော ဓာတ် - ၄ - ပါး အပေါင်းအစုသနကို ကြိတ်ချေရန် မလိုအပ်ပေ။ ပဋိသမ္ဘိဒါ သွင်းမရသဖြင့် မဂ်မဆိုက်နိုင်။ ဆိုလိုရင်းမှာ ၎င်းဓာတ်ကြီး၄ - ပါးတို့သည် အဝိနိဗ္ဘောဂရုပ်ဖြစ်သည့်အတိုင်း ကြောင်း - ကျိုး သဘော တို့သည် လိမ်လျက် - ထပ်လျက် ရှိသောကြောင့် အကျိုးစစ် ဖြစ်သော = အတ္ထပဋိသမ္ဘိဒါနှင့် အကြောင်းစစ်ဖြစ်သော = ဓမ္မပဋိသမ္ဘိဒါဉာဏ်တို့ မဝင်နိုင်သောကြောင့် ဖြစ်၏။

သတိ—

သို့ဖြစ်၍ မဂ်တရားသည် အကျိုးတရား၌ မရအပ်။ မဂ်သည် အကြောင်းတရား = ဓမ္မပစ္စယသမ္ဘိဒါ ဖြစ်၍ အကျိုးတရားသည် = အတ္ထပဋိသမ္ဘိဒါဖြစ်သောကြောင့်ပေတည်း။ ထို့ပြင် သောတာပတ္တိမဂ်ခဏ၌သာလျှင် မဂ်အမည်ကိုရ၍ နောက်ဉာဏ်များ၌ ဝေါဒါန် ခေါ် ဖြူစင်သွားခြင်း စင်ကြယ်သွားခြင်းဟူသာ ခေါ်ဆိုအပ်၏။ သို့သော် မဂ်ဟူ၍လည်း တင်စား၍ ခေါ်ဆိုအပ်ပါသည်။

ဤကိုရည်၍ -

**ဝေါဒါန် - ၃ - ချက် မိုးကြိုးစက်။**

ဟု မိန့်ဆိုရိုးရှိခဲ့ပေသည်။

**တဏှာ—၃ - ပါး။**

(၁) ကာမတဏှာ

ဒိဋ္ဌိသတ်နှင့် တဏှာသတ်ကား - အကြောင်းသတ်ဓမ္မပဋိသမ္ဘိဒါ ဉာဏ်မည်ဖြစ်၏။ ၎င်းသည် အဇ္ဈတ္တ - ဗဟိဒ္ဓ - ၂ - ပါးပြား၍ အတွင်း မှုမမှန်သည်ဖြစ်သောကြောင့်သာလျှင် အပြင်အာရုံ - ကာမဂုဏ်ကို နှစ်သက်သိမ်းပိုက်ခံစားခြင်း ဖြစ်၏။

**စက္ခုရူပေန သံဝါသာ ရာဂပုဗ္ဗံ ဝိဇာယတိ။**

ဟူသည်နှင့်အညီ စက္ခုနှင့် ရူပါရုံ ပေါင်းဆုံသည် ရှိသော် ရာဂတည်းဟူသော သားဆိုးသားမိုက်ကို ပေါက်ဘွား စေသည်ဖြစ်ရာ ၎င်းကာမတဏှာ (တနည်း) ကာမုပါဒါန် (တနည်း) မိစ္ဆာဓမ္မာရုံတို့ အပေါ်၌ ငြိုးငွေ့စေရန်ကိုလည်းကောင်း - အပြစ်ကိုလည်းကောင်း - ဘေးကိုလည်းကောင်း - ဝတ္ထုသာဓက - အတွေ့အကြုံတို့ဖြင့် ပယ်သတ်ရန် ဖြစ်ပေသည်။

သို့မှသာလျှင် -

**ယံ ပဿတိ တံ ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ ပဿတိ။**

ရှုကွက်သို့ ဆိုက်ရောက်မည် ဖြစ်ပေသည်။

နိဗ္ဗိဒါဉာဏ်ထက်သန်သော် ရာဂကင်း၏။

ရာဂကင်းခြင်းသည် ဝိမုတ္တိခေါ်တဏှာကိလေသာ

အပူမီးမှ လွတ်သည် မည်ပေသည်။

(၂) **ဘဝတဏှာ**

၎င်းကို ' ကမ္မဘဝ ' ( တနည်း ) ' သဿတဘဝ–ဥစ္ဆေဒဘဝ ' ကိုယူ၍ နောင်တဖန် ဇာတိကို ဖြစ်ခြင်းကား ဥပပတ္တိဘဝဇာတိ ၄-ချက်ကို ယူရာ၏။

' သဿတဘဝဟူသည် ' = အမှန်မရှိ-အဟုတ်မရှိသောသဘော တရားများကို အနှစ်အသား အား ဖြင့် အမှန်တကယ် ရှိသည်ဟူသော အစွဲဖြင့် သိမ်းပိုက်ခြင်းဖြစ်၏။

( လောဘသဘော )

' ဥစ္ဆေဒဘဝဟူသည် ' = အမှန်ရှိ-အဟုတ်ရှိဟူ၍ စွဲလန်းသိမ်း ပိုက်ပြီးမှမလိုလားဘွယ်၊ရွံရှာဘွယ် မုန်းတီးဘွယ်ဟု ယူပြီး စွန့်လွှတ် ခြင်းသဘောဖြစ်၏။

( ဒေါသ,သဘော )

(၃) **ဝိဘဝတဏှာ**

၎င်းသည် သမထ ဘာဝနာကိစ္စဖြစ်၍ ဤဌ မလိုအပ်ပြီဖြစ်၏။

ဤမျှဖြင့် မဂ်ဖိုလ်နိဗ္ဗာန်သို့ သွားရာခရီးတွင်– ကြီးမားသော အနှောင့်အယှက် အတားအဆီး ဖြစ်သည်။

(၁) အစေးအညှော်ဖြစ်သော = ' တဏှာ '
(၂) စွဲလန်းခြင်းဖြစ်သော = ' ဥပါဒါန် '
(၃) ပူပန်ခြင်းဖြစ်သော = ' ကိလေသာ '

မှောင်ထဲတွင် သူခိုးဥစ္စာကို စမ်းသည့်သဘွယ် လက်ဝယ်မရောက်သေးသော ကာမဂုဏ်အာရုံတို့ကို အာသာငမ်းငမ်း ရှာဖွေလှမ်းကိုင်လေ့ရှိသော – ၎င်းတဏှာသည် ' အလို နည်းခြင်း ' တည်း ဟူသော =' အပ္ပိစ္ဆဂုဏ် ' နှင့် ဆန့်ကျင်သည် တကြောင်း -

လက်ထဲတွင်ရပြီးသော ဥစ္စာဘဏ္ဍာကို အစွဲအလန်းကြီးစွာဖြင့် သိမ်းပိုက်တွယ်တာလေ့ရှိသော- ၎င်းဥပါဒါန်သည် ' ရောင့်ရဲခြင်း ' တည်းဟူသော - ' သန္တုဋ္ဌိဂုဏ် ' နှင့် ဆန့်ကျင်သည် တကြောင်းတို့ကြောင့် ပစ်ချရာဘုံဘဝ၌ အေးကွက်ဟူ၍ကမျှမရှိသော ကိလေသာ အပူမီးဖြင့်သာ လောင်မြိုက်ခြင်းခံကြရပေတော့သည်။

### တဏှာကွယ်နိဗ္ဗာန်။

အရ ထိုထို ကြုံကြုံ အလိလီသော တဏှာ- ဥပါဒါန်တရားယုတ်တို့ မကုန်ခမ်းလေသမျှ ဘယ်သောအခါမှာမှ ငြိမ်းအေးမှုဖြစ်သော နိဗ္ဗာန်ခတ်မြတ်ကို ရနိုင်သည်မဟုတ်ပေရကား၊ ၎င်းတို့ကိုအနည်းငယ်မျှသော်မှ မကြွင်းရလေအောင် ကြိုးစား ပယ်သတ်အပ်လှပါသည်။

### ကိလေသာပယ်စဉ်

| သံယောဇဉ်-၁၀-ပါး | ကိလေသာ-၁၀-ပါး |
|---|---|
| (၁) ဒိဋ္ဌိသံယောဇဉ် | (၁) လောဘ ကိလေသာ |
| (၂) ဝိစိကိစ္ဆာသံယောဇဉ် | (၂) ဒေါသကိလေသာ |
| (၃) သီလဗ္ဗတပရာမာသသံယောဇဉ် | (၃) မောဟကိလေသာ |
| (၄) ကာမရာဂသံယောဇဉ် | (၄) မာနကိလေသာ |

(၅) ပဋိဃသံယောဇဉ် ( ၅ ) ဒိဋ္ဌိကိလေသာ
(၆) ရူပရာဂသံယောဇဉ် ( ၆ ) ဝိစိကိစ္ဆာကိလေသာ
(၇) အရူပရာဂသံယောဇဉ် ( ၇ ) ထိနကိလေသာ
(၈) မာနသံယောဇဉ် ( ၈ ) ဥဒ္ဓစ္စကိလေသာ
(၉) ဥဒ္ဓစ္စသံယောဇဉ် ( ၉ ) အဟိရိကကိလေသာ
(၁၀) အဝိဇ္ဇာသံယောဇဉ် (၁၀) အနောတ္တပ္ပကိလေသာ

**အနုသယ ၇—ပါး**

(၁) ကာမရာဂါနုသယ
(၂) ပဋိဃာနုသယ
(၃) မာနာနုသယ
(၄) ဒိဋ္ဌာနုသယ
(၅) ဝိစိကိစ္ဆာနုသယ
(၆) ဘဝရာဂါနုသယ
(၇) အဝိဇ္ဇာနုသယ

ဟူ၍ သံယောဇဉ်-၁၀ ပါး။ ကိလေသာ -၁၀ ပါး။ အနုသယ - ၇ ပါး ရှိပေရာ လေးမဂ်လေးဖိုလ်သည် - ၎င်းတို့နှင့်ဆိုင်သော ကိလေသာတို့ကို ပယ်သတ်တော်မူ၏။ မဂ်ကိုရသည်။ ဖိုလ်ကို ရသည်ဟု ပြောရန်မှာ လွယ်ကူပါ၏။ သို့သော် ကိလေသာ မှတ်ကျောက်ဖြင့် အတင်ခံနိုင်ရန်သည် အဓိကဖြစ်ပါသည်။ အမြင်မှန်ကို (တနည်း) မဂ်ဖိုလ်ကိုရသည်မှန်သော် သက်ဆိုင်ရာတဏှာ ကိလေသာ တို့လည်း ချုပ်ငြိမ်းရမည် အမှန်ပါဖြစ်၍ မိမိတို့ ရရှိသောတရား၏ အကျိုးကျေးဇူးကို လျစ်လျူ မရှုပါမှသာလျှင် အထက်မဂ် အထက်ဖိုလ် အတွက် အထောက်အပံ့ ဖြစ်ပေသည်။

(၁) 'သောတာပန်နှင့် သကဒါဂါမ်အရိယာသည်' ဒိဋ္ဌိ - ဝိစိကိစ္ဆာနှင့် သီလဗ္ဗတပရာမာသ သံယောဇဉ် တို့ကို အပြီးတိုင် ပယ်သတ်တော်မူသည်။

(၂) 'အနာဂါမ်အရိယာသည်' - ကာမရာဂနှင့် ပဋိဃ သံယောဇဉ်တို့ကို အပြီးတိုင် ပယ်သတ်တော်မူသည်။

(၃) 'ရဟန္တာပုဂ္ဂိုလ်သည်' – ရူပရာဂ-အရူပရာဂ-မာန- ဥဒ္ဓစ္စနှင့် အဝိဇ္ဇာ သံယောဇဉ်တို့ကို အပြီးတိုင် ပယ်သတ်တော်မူသည်။

**သံယောဇဉ် ၁၀ ပါး။**

(၁) ဒိဋ္ဌိသံယောဇဉ် — ဆိုသည်မှာ-မှားသောအားဖြင့် ဥပါဒါနက္ခန္ဓာ ငါးပါးကို ငါ သူ တပါး ယောကျ်ား မိမ့ ပုဂ္ဂိုလ် သတ္တဝါအသက် ဇီဝဟူ၍ စွဲယူခြင်းတည်း။

(၂) ဝိစိကိစ္ဆာသံယောဇဉ်-၈-ပါး။

(က) သတ္ထရိကင်္ခတိ = တရားပြ ဆရာမြတ် အပေါ်၌ ပုထုဇဉ်လေလော။ အရိယာလေလော။ ဥဒပါဒိ -၅- ချက်နှင့် တကွ သူတော်ဂုဏ် -၇- ပါးနှင့် ပြည့်စုံ လေသလော။ မပြည့်စုံ လေသလောဟု ယုံမှား သံသယ ဖြစ်ခြင်း။

(ခ) ဓမ္မေကင်္ခတိ = ဟောပြ ဆုံးမတော် မူသော တရားအပေါ်၌- ဘုရား ဟောတော်မူထားသည်မှ ဟုတ် လေ

သ လော။ မဂ် ဆိုက်နိုင် သော တရားဟုတ်လေသလော။ မဟုတ်လေသလော့ဟု ယုံမှားခြင်း။

(ဂ) သံဃေကင်္ခတိ = သံဃာဆိုသော်-ကာ - ကိလေသာတို့ကို ပယ်သတ်ပြီး ဖြစ်ရပေမည်။ ဤဆရာ - ဤသံဃာသည် ကိလေသာတို့ကို သတ်ပြီး ဖြစ်လေသလော။ မဖြစ်လေသလော ဟု ယုံမှားခြင်း။

(ဃ) သိက္ခေကင်္ခတိ = မိမိ အားထုတ် လျက် ရှိသော အကျင့် သိက္ခာ၌ မှန်မှ , မှန်ပါ လေသလော။ ဟုတ်မှ ဟုတ်ပါ လေသလောဟု ယုံမှားခြင်း။

(င) ပုဗ္ဗန္တေကင်္ခတိ = အတိတ် ကိလေသာ ဝဋ်တို့ ကြောင့်၊ ယခု ဝိပါကဝဋ် ဖြစ်ရသည်ကို မသိနိုင်သည့်အလျောက် မိမိသည် အတိတ်ဘဝတွင် ဘာများဖြစ်ခဲ့ လေသနည်းဟု ယုံမှားခြင်း။

(စ) အပရန္တေကင်္ခတိ = ပစ္စုပ္ပန်အကြောင်း စက်တွင် ကိလေသဝဋ် ကမ္မဝဋ်တို့ကို ပြုလုပ်သည်ဖြစ်၍ အနာဂတ် စက်တွင် ဝိပါကဝဋ် ဖြစ်ရဦးမည်ကို မသိ

မြင်သည့်အတိုင်းမိမိသည် နောက်ဘဝ၌ ဘာများ ဖြစ်ရလေမည်နည်းဟု ယုံမှားခြင်း။

(ဆ) ပုဗ္ဗန္တပရန္တေကင်္ခါတိ = ပဋိစ္စ သမုပ္ပါဒ်၏ အတိတ်စက် အနာဂတ်စက်ရဟတ်တို့ အပေါ်၌ ယုံမှားခြင်း။

(ဇ) ဣဒပ္ပစ္စယတာပဋိစ္စသမုပ္ပန္နေသုဓမ္မေသုကင်္ခါတိ = ပဋိစ္စသမုပ္ပါဒ် စက်ကြီးအပေါ်၌ ယုံမှားခြင်း သဘောတို့ဖြစ်၏။

(၃) သီလဗ္ဗတပရာမာသ သံယောဇဉ် - မဂ်တရား ဖိုလ်တရားနှင့် မစပ်သော အကျင့်တရားတို့၌ မိမိကိုယ်ကို မိမိညှဉ်းဆဲ ပင်ပန်းခံ၍ ကျင့်ကြံအားထုတ်ခြင်းဖြစ်၏။

(၄) ကာမရာဂ သံယောဇဉ် = ကိလေသာ ကာမဂုဏ် အာရုံတို့အပေါ်၌ သာယာတပ်မက်မောခြင်း ဖြစ်၏။

(၅) ပဋိဃသံယောဇဉ် = ဒေါသဖြစ်ခြင်း၊ ခက်ထန်ခြင်း၊ မကျေနပ်ခြင်း သဘော ဖြစ်၏။ ဤ၌-၎င်းကို ဒွယအားဖြင့် ယူ၍ အရိယာအသျှင်မြတ်တို့၏ဒေါသနှင့် ပုထုဇဉ်တို့၏ ဒေါသအတိုင်း မရှိ ကွာခြားသည်ကို သတိပြုရန် ဖြစ်ပါသည်။

(၆) ရူပရာဂသံယောဇဉ် ⎫ သမထ ဘာဝနာ ကျင့်စဉ်ဖြစ်၍
(၇) အရူပရာဂသံယောဇဉ် ⎭ ဤဉ် မလိုအပ်ပြီ ဖြစ်၏။
(၈) မာနသံယောဇဉ်— တရား နှင့် သာလျှင် ပတ်သက်သော- သေယျမာန် - သဒိသမာန်ဟိန မာန်တို့ ဖြစ်၏။
(၉) ဥဒ္ဓစ္စ သံယောဇဉ်— ပျံ့လွင့်နေသော စိတ်ဖြစ်၏။ ဤသဘော ရှိနေလေသရွေ့ အရဟတ္တဖိုလ်ကို မရနိုင် သေးပေ။
(၁၀) အဝိဇ္ဇာ သံယောဇဉ်–သစ္စာလေးပါး တရားမြတ်ကို မသိ နိုင်အောင် ဖုံးလွှမ်း၍ ထားသော သ ဘောဖြစ်၏။

ကိလေသာ (၁၀) ပါး

(၁) လောဘကိလေသာ- တဏှာသဘော ကပ်ငြိခြင်းဖြစ်၏။ (ဇာတိတဖန် ဖြစ်စေသော အကြောင်း သမုဒယသစ္စာ တဏှာ ကိုယူပါရန်) လောဘမူစိတ် ၈-ခု တွင် ဒိဋ္ဌိနှင့်ယှဉ်သော ဒိဋ္ဌိဂတသမ္ပ ယုတ်စိတ်၄-ပါး။ဒိဋ္ဌိနှင့်မယှဉ်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် ၄-ပါးဟူ၍ ပြားရာ၏။

(၂) ဒေါသကိလေသာ = ခက်ထန်ကြမ်းကြုတ်ခြင်း သဘော ဖြစ်၏။ ပူပြင်းသောမီးသည် - အေး မြသောရေနှင့် ဆန့်ကျင်ဘက် ဖြစ်

သကဲ့သို့ ပီတိ-မေတ္တာတို့ဖြင့် ဆန့်ကျင်၏။ ကောင်းကျိုးဟူ၍ မှုမျှမရှိ။ အကုသိုလ်တရား အပေါင်း၏ ရေသောက်မြစ် တပါးလည်း ဖြစ်၏။

မောဟကိလေသာ = မသိခြင်း - တွေဝေခြင်း - အဝိဇ္ဇာ သဘောဖြစ်၏။

မာန ကိလေသာ = တံခွန် ကြက်လျှာကဲ့သို့ မော်မော်ကဝင့်ကြွားခြင်း ဖြစ်၏။ မိမိ၏ အဆင်း၊ အရွယ်၊ စည်းစိမ်ဥစ္စာ၊ အသက်၊ အမျိုးအနွယ်၊ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ စသော အကောင်း အဆိုး နှစ်မျိုးကို အမှီပြု၍ တက်ကြွလေ့ ရှိ၏။ ၎င်းသည် - လောဘကို မှီ၍ - သံသရာကို ချဲ့ထွင် တတ်သော ပပဉ္စတရား တပါးလည်း ဖြစ်၍၊ သူတော်ကောင်းတို့ အထူး စက်ဆုပ်တော်မူသည်။

ဒိဋ္ဌိကိလေသာ
ဝိစိကိစ္ဆာ ကိလေသာ } သံယောဇဉ်ပိုင်းတွင်ရှုပါရန်။

ထိန ကိလေသာ = မခန့်ညားခြင်း သဘောဖြစ်၏။ နိုးကြား ထက်သန်သော ဝီရိယ၏ ဆန့်ကျင်ဘက်ဖြစ်၏။ မီးနှင့် ထိ

သော ငှက်တောင်ကဲ့သို့ စိတ်၏ ကြည်လင် ရွှင်လန်းမှု ကို တွန့်လိန် ထိုင်းမှိုင်းစေ၏။

(၈) ဥဒ္ဓစ္စ ကိလေသာ = လေတိုက်ခတ်သော တံခွန်ဖြား ကဲ့သို့လည်းကောင်း၊ မြောက် စိတ်ကဲ့သို့လည်းကောင်း အာရုံ တခုမှ တခုသို့ လွင့်ချင်တိုင်း လွင့်လေ့ရှိသော မတည်ငြိမ်သည့် သဘော ဖြစ်၏။

(၉) အဟိရိက ကိလေသာ<br>(၁၀) အနောတ္တပ္ပကိလေသာ } သံယောဇဉ်ပိုင်းတွင် ရှုပါရန်။

သောတာပန်အရိယာသည်။ = ဒိဋ္ဌိ ကိလေသာနှင့် ဝိစိကိစ္ဆာ ကိလေသာကို အကြွင်းမဲ့ ပယ်သတ်တော်မူသည်။

အနာဂါမ် အရိယာသည် = ဒေါသ ကိလေသာကို အကြွင်းမဲ့ ပယ်သတ်တော်မူသည်။

ရဟန္တာ ပုဂ္ဂိုလ်သည် = လောဘ ကိလေသာ၊ မောဟ ကိလေသာ၊ မာနကိလေသာ၊ ထိန ကိလေသာ၊ ဥဒ္ဓစ္စကိလေသာ၊ အဟိရိက ကိလေသာ၊ အနောတ္တပ္ပ ကိလေသာ တို့ကိုအကြွင်းမရှိ ပယ်သတ်တော်မူသည်။

အနုသယ (၇)ပါး

ကိလေသာ ခေါတ်ဖြစ်၏။ မဂ်အစဉ်ဖြင့် ရဟန္တာ မဖြစ်သေးသမျှ သတ္တဝါ- ဝေနေယျ - အရိယာတို့ခန္ဓာ အစဉ်တွင် အမြဲငုတ်၍ ကိန်း ရှိပါသော ခေါတ်ဖြစ်၏။ အသီး, သီးစေတတ်သော သတ္တိသဘော သည် သစ်တပင်လုံးတွင် အမြဲကိန်းဝပ် နေဘိသကဲ့သို့ ဖြစ်၏။

| | | |
|---|---|---|
| သောတာပန် ပုဂ္ဂိုလ်သည် | = | ဒိဋ္ဌာနုသယနှင့်ဝိစိကိစ္ဆာနုသယ နှစ်ပါးကို အကြွင်းမရှိ ပယ်သတ်တော်မူသည်။ အနာဂါမ် ပုဂ္ဂိုလ်သည်၊ ကာမရာဂါနုသယနှင့် ပဋိဃာနုသယ နှစ်ပါးကို အကြွင်းမရှိ ပယ်သတ်တော်မူသည်။ |
| ရဟန္တာ ပုဂ္ဂိုလ်သည် | = | မာနာနုသယ-ဘဝရာဂါနုသယနှင့် အဝိဇ္ဇာနုသယ သုံးပါးကို ပယ်သတ်တော်မူသည်။ |

× × ×

# ပဋ္ဌာန်းတရားတော်ကြီး

ဗုဒ္ဓမြတ်စွာသည် ဤပဋ္ဌာန်းတရားတော်ကြီးကို နည်းပေါင်းများစွာဖြင့် ဟောကြားတော် မူထားပေသည်။ ဂဠုန်ငှက်မင်းသည် အနန္တကောင်းကင်၌သာ အလိုရှိတိုင်း ပျော်မွေ့ပျံသန်းနိုင်ဘိသကဲ့သို့၎င်း၊ ငါးကြီး အာနန္ဒာတို့မှာ သမုဒ္ဒရာကြီး လေးစင်းသည် ကျဉ်းသေး၏။ သတ္တရ ဗ္ဘန်သီတာ ခုနှစ်တန်၌သာ ကျယ်ပြန့်စွာမွေ့တူးနိုင်ဘိသကဲ့သို့ ဤ ပဋ္ဌာန်းတရားတော်ကြီးမှာလည်း ပွင့်တော်မူကြကုန်သော၊ ဘုရားသျှင် ကိုယ်တော်မြတ်ကြီးများ၏ သဗ္ဗညုတရွှေဉာဏ်တော်ကြီးများ ကြီးမြတ်စွာ ကျွန်မွေ့ကျက်စားတော်မူသော တရားတော်ကြီးဖြစ်၏။

ပွင့်တော်မူစ သတ္တဌာန-ရတနာ ရွှေအိမ်တွင် ဤတရားတော်ကြီးကို ၇-ရက်ပတ်လုံး ဝင်စား သုံးသပ်တော် မူသောအခါ ခြောက်သွယ် ခြောက်ဆိုင်သော အနန္တရောင်ခြည်တော်တို့ ထွက်ပေါ် ကွန့်မြူးတော်မူခြင်း၊ ဤတရား ဤသဘာဝသည် လောကဓာတ်ကြီး၏ ပရမတ္ထသဘာဝတို့ကို အကြွင်းမရှိ မြင်သိတော်မူသည့်အတိုင်း ဟောကြားတော်မူပေရာ။ တာဝတိံသာ နတ်ပြည်တွင် တကြိမ်၊ လူပြည်စန္ဒကူးတော၌ အသျှင်သာရိပုတ္တရာအား တကြိမ် ပေါင်းနှစ်ကြိမ်သာလျှင် ဟောတော်မူခြင်းသဘောတရားအရ။ သဘာဝ အဘယ်မျှနက်နဲသိမ်မွေ့လှသည်မှာထင်ရှားလှပေသည်။ ဤအဘိဓမ္မာနည်းသန့်သန့်ဖြင့်သော်—သတ္တဝါဝေနေယျတို့တွင် မဂ်ခြေ-ဖိုလ်ခြေအရောက်

ထွင်းဖောက်နိုင်ရန်သည် ခက်ခဲလှသည် ဖြစ်၍ နုနယ်သေးသော ပါရမီနှင့် လျော်သော သုတ္တန္တဘာဇနီယ နည်းဖြင့်သာ ဝေနေယျတို့အား ကျွတ်တန်းဝင်စေတော်မူပေသည်။

သို့ဖြစ်၍—

ဝတ္တုကာမော အဟံအဇ္ဇ ပစ္စယာကာရံဝဏ္ဏနံ
ပတိဋ္ဌံ နာဓိဂစ္ဆာမိ အဇ္ဈောဂါဠှောဝ သာဂရံ။

အဟံ-ငါသည်။ အဇ္ဇ-ယခု။ ပစ္စယာ-ကာရဝဏ္ဏနံ-ပဋိစ္စသမုပ္ပါဒ်အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာကို၊ ဝတ္တုကာ မော - ဖွင့်ဆိုလိုပါလျက်။ သာဂရံ - ရှစ်သောင်းလေးထောင် နက်ဝှမ်း ဆောင်သည့် တောင်ခွေပတ်ချုပ်-ရေသမုဒ်ကို။ အဇ္ဈောဂါဠှောဝ-ကူ ဆင်းသက်ဝင် ယုန်ငယ်သွင်သို့။ ပတိဋ္ဌံ—ထောက်တည် မှီရာ၊ သံဝဏ္ဏနာနည်းကို နာဓိဂစ္ဆာမိ-မရနိုင်ပါတကား။

ပဋိစ္စသမုပ္ပါဒ်ဖွင့်ခါနီးတွင် အဋ္ဌကထာ အသျှင်သူမြတ် ညည်းညူတော်မူသော ဂါထာတော်ဖြစ်ပေရာ ပေါက်ရောက်တော်မူသော ကျမ်းပြု ပုဂ္ဂိုလ်မြတ်တို့ပင် သမုဒ္ဒရာ ကြီးတွင် သက်ဆင်းရသော ယုန်ငယ်အသွင် ထောက်ရာတည်ရာ မရနိုင်လောက်အောင်ပင်ဖြစ်ကြောင်း ဝန်ခံတော်မူထားပေသည်။သာမန်နုနယ်သော ပုဂ္ဂိုလ်တို့အဘို့ရာတွင် ဆိုဘွယ်ရာမရှိဖြစ်တော့သည်။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ကြွယ်ဝသော ပါရမီရှင်များသာလျှင် ထိုက်သည့် အားလျော်စွာ လေ့လာသုံးသပ်နိုင်ကြပေသည်။

ထို့ကြောင့် လေ့ငယ်သော် ကမ်းနှင့်ဝေးစွာ မခွါသင့်ဘိ သကဲ့သို့ ဤမျှနက်ရောင် ပြင်းထန် နက်နဲမှန်လှသည့်၊ ဤတရားတော်ကြီးကို

ဆရာမြတ်၏ ကျေးဇူးဖြင့် ဝိပဿနာဉာဏ်သွားကို အထောက်အကူ ပြုစေနိုင်သော အကျဉ်းနည်းဖြင့် ဟောကြားဆုံးမတော်မူသည်ကို နာယူရပေရာ တံခွန်မထူမိစေဘဲ၊ ရိုးသားစွာ လေ့လာကြိုးစားအပ်လှပါသည်။

**ပဋ္ဌာန်းဒေသနာတော်ကြီးတွင်**

| | |
|---|---|
| (၁) ဟေတုပစ္စည်း | (၂) အာရမ္မဏပစ္စည်း |
| (၃) အဓိပတိပစ္စည်း | (၄) အနန္တရပစ္စည်း |
| (၅) သမနန္တရပစ္စည်း | (၆) သဟဇာတပစ္စည်း |
| (၇) အညမညပစ္စည်း | (၈) နိဿယပစ္စည်း |
| (၉) ဥပနိဿယပစ္စည် | (၁၀) ပုရေဇာတပစ္စည်း |
| (၁၁) ပစ္ဆာဇာတပစ္စည်း | (၁၂) အာသေဝနပစ္စည်း |
| (၁၃) ကမ္မပစ္စည်း | (၁၄) ဝိပါကပစ္စည်း |
| (၁၅) အာဟာရပစ္စည်း | (၁၆) ဣန္ဒြိယပစ္စည်း |
| (၁၇) ဈာနပစ္စည်း | (၁၈) မဂ္ဂပစ္စည်း |
| (၁၉) သမ္ပယုတ္တပစ္စည်း | (၂၀) ဝိပ္ပယုတ္တပစ္စည်း |
| (၂၁) အတ္ထိပစ္စည်း | (၂၂) နတ္ထိပစ္စည်း |
| (၂၃) ဝိဂတပစ္စည်း | (၂၄) အဝိဂတပစ္စည်း။ |

ဟူ၍ ၂၄ -ပစ္စည်း ဖြစ်ပေရာ ဟေတုပစ္စည်းက အစပြုရန်ဖြစ်သဖြင့်—

(၁) ဟေတုပစ္စည်း -

'ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဥ္စ ရူပါနံ ဟေတု ပစ္စယေန ပစ္စယော။'

ဟေတုဟိတ်-၆-ပါးတရားတို့သည်၊ ဟေတုသမ္ပယုတ္တကာနံ-ဟိတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ-သဟိတ်စိတ် စေတသိက်တို့ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက်ဒွေ ပညာ သတို့ အားလည်းကောင်း၊ တံသမုဋ္ဌာနံ-ထိုဟိတ်နှင့် ယှဉ် ဖော်ယှဉ်ဘက် ဖြစ်ကုန်သော စိတ်စေတသိက် ဖြစ်ကြောင်း ရှိကုန်သော။ ရူပါနဉ္စ-စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အား လည်းကောင်း၊ ဟေတုပစ္စယေန-ဟေ တု ပ စ္စ ယ သ တ္တိ ဖြင့် ပစ္စယော ဥပကာရကော-ကျေးဇူးပြုသည်၊ ဟောတိ-ဖြစ်၏။

ဤသည်ကား ပါဠိတပုဒ်ပင် ဖြစ်၏။ နိဒဿနနည်းကိုနားလည်သော် ဒွါရ ၆-ပါးလုံး၌ သွားနိုင်ပါသည်။

လိုရင်းမှာသော် ဟိတ် ၆-ပါး၊ အကျယ် ၉-ပါးဖြစ်၏။ အဘယ်ကြောင့် ဤသို့ ယူရပါသနည်း ဟူမူ—

(၁) လောဘ-ဒေါသ-မောဟသည် = အကုသိုလ်ဟိတ်

(၂) အလောဘ-အဒေါသ-အမောဟသည် = ကုသိုလ်ဟိတ်။

(၃) အ လော ဘ - အ ဒေါ သ - အမောဟသည်ပင် = အဗျာကတဟိတ်။

ပေါင်း ဟေတုပစ္စည်း ၉-ပါးဖြစ်၏။ အနုပုထုဇဉ်တို့၏ ၆-ဒွါရတွင် ၎င်းဟိတ်များ တပ်နိုင်၏။

ဥပမာသော်— ကောင်းတာကိုမြင်လျှင် = လောဘ-မောဟဟိတ် ဖြစ်၏။ မကောင်းတာကိုမြင်လျှင် = ဒေါသ-မောဟဟိတ် ဖြစ်၏။ သာမန်အရာကိုမြင်သော် = မောဟဟိတ် တပါးသာ ဖြစ်၏။

( ၆-ဒွါရလုံးကို သိမ်းဆည်းပါရန် )

သတိ-

သဘောတခု၌ မကောင်းသည်ကို မြင်သော်-အကုသိုလ်ဟိတ် ဆိုရသည်ကား ရှင်းပေသည်။

ကောင်းသောမြင်ခြင်း၊ ကြားခြင်း၊ နံခြင်းစသော ကုသိုလ်ဟိတ် သဘောတွင် အောက်မဂ် ၃-ပါးကို ချန်လှပ်၍ ရဟန္တာ အသျှင်မြတ် တို့မှာလည်း ဤကဲ့သို့ပင် မြင်တော်မူကြပေသည်။

သို့ဖြစ်၍ အထက်မဂ်ကြီးတပါးနှင့် အောက်မဂ် ၃-ပါးတို့၏ မဂ်စဉ်အားလျော်စွာ ကောင်း-မကောင်း ယူပုံကို ခွဲခြားရပြန်၏။

အကျဉ်းမှာ—

သဟဇာတတ္ထိမျိုးပစ္စည်းနှင့်—

ဟေတုပစ္စည်း အရယူ၍ ၂-ပါးအားဖြင့် ခွဲ၍မှတ်အပ်၏။ ၎င်း သဟဇာတတ္ထိပစ္စည်းတွင် ရအပ်သော ပစ္စည်းမှာ ၁၅-ပါး ဖြစ်၏။

၎င်းတို့မှာ—

| | |
|---|---|
| (၁) ဟေတုပစ္စည်း | (၂) သဟဇာတာဓိပတိ |
| (၃) သဟဇာတ | (၄) အညမည |
| (၅) သဟဇာတနိဿယ | (၆) သဟဇာတကမ္မ |
| (၇) ဝိပါက | (၈) နာမ်အာဟာရ |
| (၉) သဟဇာတိန္ဒြိယ | (၁၀) ဈာန |
| (၁၁) မဂ္ဂ | (၁၂) သမ္ပယုတ္တ |
| (၁၃) သဟဇာတ ဝိပ္ပယုတ္တ | (၁၄) သဟဇာတတ္ထိ |

(၁၅) သဟဇာတ အဝိဂတ ပစ္စည်းတို့ဖြစ်၏။ ၎င်းတို့သည် တကွ ဖြစ်ကုန်သော နာမက္ခန္ဓာ ပဋိသန္ဓေ စိတ္တဇ-ကမ္မဇရုပ်တို့ကို ထိုက်သည့် အားလျော်စွာ မိမိတို့၏ ဟေတုသတ္တိဖြင့် ကျေးဇူးပြုကြ၏။

ဥပမာ— သစ်ပင်၏ ရေသောက်မြစ်တို့သည် မြေကြီးကို အားပြုကာ စွမ်းအားရှိသလောက် သစ်ပင်ကို စည်ပင်ခိုင်မြဲစေဘိသကဲ့သို့ ဖြစ်၏။ အချုပ်မှာမူ ဟေတုပစ္စည်းသည် = အမြစ်သဘွယ် ကျေးဇူးပြုသော တရားဖြစ်၏။ ၎င်း ဟိတ် ၆-ပါး မချုပ်ငြိမ်းလေသမျှ သံသရာ မဆုံး ဖြစ်၏။

ဤပစ္စည်းသည်ကား အတိုင်းမရှိ ကျယ်ဝန်းလှ၍ ဆုံးနိုင်ဘွယ် မရှိ။ သဲလွန်စ အကျဉ်းဆုံးနည်းမျှဖြစ်၍ ဉာဏ် အလိုရှိတိုင်း ကျက်စားနိုင်ပါသည်။

( ၂ ) အာရမ္မဏပစ္စည်း—

**အာရမ္မဏပစ္စယောတိ ရူပါယတနံ စက္ခုဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။**

ရူပါယတနံ-အဆင်း ရူပါရုံသည်၊ စက္ခုဝိညာဏဓာတုယာ-မြင် သိသဘောဖြစ်သော ဝိညာဏ-ဓာတ်အားလည်းကောင်း၊ တံ သမ္ပယုတ္တကာနံ-ထို စက္ခုဝိညာဏ်နှင့် ယှဉ်ဘော်ယှဉ်ဘက် ဖြစ်ကုန် သော။ ဓမ္မာနဉ္စ-စေတသိက် တရားတို့အား လည်းကောင်း၊ အာရမ္မဏပစ္စယေန - စွဲကိုင်မှီတွယ်ရာ အာရမ္မဏသတ္တိဖြင့်။ ပစ္စယော ဥပကာရကော-ကျေးဇူးပြုသည်၊ ဟောတိ-ဖြစ်၏။

( ဤသည်ကား-စက္ခုနှင့် ရူပါရုံဖြစ်၏။ ၆-ဒွါရလုံးကို သိမ်း ဆည်းပါရန် )

အာရုံဖြစ်၍ ကျေးဇူးပြုသော တရားဖြစ်၏။ စိတ်တို့၏ မှီ လျော်ရာ ဖြစ်၏။ သူအို သူမင်းတို့သည် တောင်ဝှေးစသည်ကို ဆွဲကိုင်မှီတွယ် သွားလာဘိသကဲ့သို့ စိတ်တို့သည်လည်း အာရုံ ၆-ပါးကို ဆွဲကိုင်မှီတွယ် ဖြစ်ပွားကြရ၏။

အတိုချုပ်အားဖြင့် ဖွင့်ဆိုသော်-စက္ခုနှင့် ရူပါရုံ တိုက်ဆုံခိုက် ပေါ်လာသော ဝိညာဏ်ကား = အာရမ္မဏပစ္စယုပ္ပန်။ အဆင်း ဝဏ္ဏရုပ်ကား = အာရမ္မဏပစ္စည်းဖြစ်၏။
ထို့ကြောင့်– ပေါ်လာသော ဝိညာဏ်ကား = "အကျိုးတရား"
အဆင်း ဝဏ္ဏရုပ်ကား = "အကြောင်းတရား ဖြစ်၏"

ဝိညာဏ်သည်-ရုပ်တရားကို မှီ၍သာလျှင် ပေါ်ရ၏။
ဤတွင်-အကြောင်း အဆင်း ဝဏ္ဏရုပ်သည် = "ပစ္စည်း"
ပေါ်လာသော အကျိုးဝိညာဏ်သည် = ပစ္စယုပ္ပန်ဖြစ်၏။
(အာရမ္မဏိက ပစ္စယုပ္ပန်ဟုလည်းဆို။)

(ထိုနည်းတူစွာ ၆-ဒွါရစလုံးကို သိမ်းဆည်းပါရန်)

ဤအာရမ္မဏိက သဘောတရားသည် အားလုံးသော သတ္တဝါ အပေါင်းတို့၌ အမြဲမပြတ် ဖြစ်ပေါ်လျက် ရှိကြရ၏။

(၃) အဓိပတိပစ္စည်း–

အဓိပတိပစ္စယောတိဆန္ဒာဓိပတိဆန္ဒ သမ္ပယုတ္တကာနံ ဓမ္မာနံတံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော။
ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ - တံ သမုဋ္ဌာနာနဉ္စရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော။
စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာ နဉ္စရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော။
ဝီမံသာဓိပတိ ဝီမံသ သမ္ပယုတ္တကာနံ ဓမ္မာနံ–တံ သမုဋ္ဌာနာနဉ္စရူပါနံ အပဓိတိ ပစ္စယေန ပစ္စယော။

ယံယံဓမ္မံ ဂရုံကတွာ ယေယေ ဓမ္မာဥပ္ပဇ္ဇန္တိ စိတ္တ
စေတသိကာဓမ္မာ တေတေဓမ္မာ တေသံ တေသံ
ဓမ္မာနံ အဓိပတိ ပစ္စယေန ပစ္စယော။

အဓိပတိ ပစ္စည်းဟူသည်မှာ = မိမိနှင့်စပ်သော တရားတို့ကို ကြီး
ကဲ လွှမ်းမိုးအုပ်စိုး၍ ကျေးဇူးပြု
ခြင်းသဘောဖြစ်၏။

ဤ၌ - ဆန္ဒာဓိပတိ၊ ဝီရိယာ ဓိပတိ၊ စိတ္တာဓိပတိ ဝီမံသာ ဓိပတိ ဟူ၍ ၄-ပါးရှိရာ၊ ရူပါရုံတွင် အဓိပတိ တပ်နိုင်သော ရူပါရုံ၊ မတပ်နိုင်သော ရူပါရုံဟု ၂-ပါးပြား၏။

**ဥပမာသော်—**

ကုသမင်းကြီး ဝတ္ထုတွင် ပဘာဝတီ၏ ရူပါရုံ၌ - မင်းကြီးသည် အဓိပတိတပ်လိုက်၍သာ - ဤမျှ ဋ္ဌြေပျက်လောက်သော တဏှာ ကိလေသာနှင့်ယှဉ်သော စွဲလန်းမှုဖြစ်ရ၏။ အဓိပတိ မတပ်ပါက၊ ဤ ရွေ ဤမျှ ဒုက္ခမျှားရမည် မဟုတ်ပေ။

ပဘာဝတီရူပါရုံကား = အကြောင်း = အာရမ္မဏပစ္စည်း—
မင်းကြီး၏ စွဲလန်းမှုကား = အကျိုး = အာရမ္မဏိက ပစ္စယုပ္ပန်
ဖြစ်၏။

(ဤကား—ဆန္ဒာဓိပတိ သဘောအကျဉ်းဖြစ်၏။)

ဝီမံသာဓိပတိကို–ပညာနယ်၌ ယူရ၏။

ကျန်ဆန္ဒာဓိပတိ·ဝီရိယာ ဓိပတိနှင့် စိတ္တာဓိပတိ ၃–ပါးတို့ကား ပညာပါသောနယ် - မပါသော နယ်အတွက်ပါ ယူရ၏။

ဤကဲ့သို့ သဘောအကျဉ်းမျှ သိမ်းဆည်းနိုင်သော်ပင် အကျိုး ကြီးမည် ဖြစ်ပေသည်။

(၄) **သနန္တရပစ္စည်း** (၅) **သမနန္တရပစ္စည်း**။

ဟူသည်အခြားမဲ့ကို ခေါ်၏။ ရှေ့စိတ်နှင့် နောက်စိတ် သဘော ဖြစ်၏။ ရှေ့စိတ်ပျက်သွားပြီး - နောက်စိတ် ထပ်ဖြစ်ခြင်းဖြစ်၏။

**သတိ—**

ငှင်းသည် 'ပရမတ္ထသဘော = ဥပါဒ်-ဌီ-ဘင်အားဖြင့် ဖြစ်ခြင်းတပါး၊

'ဓမ္မာရုံသဘော = ဥပ္ပါဒ-ဝယအားဖြင့် ဖြစ်ခြင်းတပါး-ဟူ၍ ၂-ပါးပြား၏။

ဤ ရှေ့စိတ် - နောက်စိတ် ၂-ပါးတွင် ရှေ့စိတ်သည် ဖြစ်ပြီး ပျက်သွား၏။ နောက်စိတ်က ထပ်၍ဖြစ်ရ၏။ ဤကဲ့သို့ ရှေ့စိတ်က နောက်စိတ်ကို ကျေးဇူးပြုခြင်းကို 'အနန္တရပစ္စည်း' ဟုခေါ်၏။ ငှင်း သဘောတရားကို နားလည်သော်ဘယ်သူ့ အလိမ်အညာကိုမှ မခံရ တော့ပြီ။ ထို့ပြင် အာလယခေါ် တဏှာအာရုံကိုလည်း ပြတ်စေ၏။ သို့မဟုတ်က ပြတ်မည်မဟုတ်ပေ။

ကာလ ၃-ပါးအားဖြင့်ဆိုသော် ပဋိသန္ဓေစိတ်မှ စုတိစိတ်တိုင် အောင် သွားရာတွင် ဤ ရှေ့—နောက် စိတ် ၂-ပါးတို့ ဆက် တိုက်လိုက်၏။ အဘယ်ကဲ့သို့ လိုက်သနည်းဟူမူ — ဥပမာသော်— ရှေ့စိတ်သည် ကုသိုလ်စိတ်ဖြစ်ခဲ့လေသော် နောက်စိတ်က အကုသိုလ်စိတ် ဖြင့် အစားထိုး၏။ တဖန် ရှေ့စိတ်သည် အကုသိုလ်ဖြစ်သော် နောက် စိတ် ကုသိုလ်ဖြင့် အစားထိုး၏။

**ဥပမာသော်-**

သီရိဓမ္မာသောကမင်းကြီး၏ များစွာသော ကုသိုလ်ကောင်းမှု တို့သည် သက္ကာယ ဒိဋ္ဌိဖြင့်ပြီးသော ပစ္စုပ္ပန်ရှေ့စိတ်ဖြင့်ပြု၏။ ငှင်း တို့သည်သေခါနီးမရဏာသန္နဇောတိုင်အောင် ကျေးဇူးမပြုနိုင်သည်

ဖြစ်၍ အနန္တရအတိတ်ဘဝတခုက ပြုခဲ့ဘူးသော စပါးကြီးမြွေဖြစ်ရမည့် နောက်စိတ် အကုသိုလ်ကံတခုကဝင်၍ ဇောတွင်ထင်ပြီးချုပ်၏။

ဤ သဘောသည်ပင်လျှင် ရှေ့စိတ်ကို နောက်စိတ်က စပါးကြီးမြွေဖြစ်အောင် ကျေးဇူးပြုသည်ကို 'အနန္တရပစ္စည်း' တပ်သည်ဟု ဆိုရ၏။ ၎င်းအနန္တရပစ္စည်းသည် အရဟတ္တ မဂ်နှင့် ပရိနိဗ္ဗာန်ပြုသောအခါတွင် ချုပ်ဆုံး၏။ (တနည်း) အကြောင်း ဓမ္မာရုံကား အရဟတ္တဖိုလ်တွင် ပြတ်၍ အကျိုးပရမတ်ကား ပရိနိဗ္ဗာန် ပြုသောအခါတွင် ပြတ်၏။

ဤအနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်း ၂-ပါးတို့သည် မခြားနားလှပေ။ အယူအဆ သဘောတွင် အတူတူပင် ဖြစ်၏။ သို့သော်—မျိုးကားမတူပေ။

သဒိသံပါကံဇနေတိ။

တူသော အကျိုးကိုဖြစ်စေ၏ ဟူရာ၌ သမနန္တရ ပစ္စည်းဖြင့် ယူရ၏။

ရှေ့စိတ်က နောက်စိတ်ကို ကျေးဇူးပြုရာတွင် ရှေ့စိတ် သည် ကုသိုလ်စိတ်ဖြစ်၍နောက်စိတ်သည် အကုသိုလ်စိတ်ဖြစ်သော်အနန္တရပစ္စည်းတပ်ခြင်း ဖြစ်၏။ တဖန်- ရှေ့စိတ်သည် ကုသိုလ်စိတ်ဖြစ်၍ နောက်စိတ်ကလည်း ကုသိုလ်စိတ်ပင် ဖြစ်သော် သမနန္တရပစ္စည်း တပ်ခြင်းဖြစ်၏။

'အနန္တရပစ္စည်းကား' = ပြောင်းလဲ၍ရ၏။ ကုသိုလ်မှ အကုသိုလ်။ အကုသိုလ်မှ ကုသိုလ် ဖြင့် ရှေ့နောက် ပြောင်းလဲ၍ ကျေးဇူးပြုနိုင်ခြင်းသဘော ဖြစ်၏။

'သမနန္တရပစ္စည်းကား' = မျှတခြင်း သဘောဖြစ်၏။ ရှေ့နောက်
ကုသိုလ်-ကုသိုလ်ခြင်း။ အကုသိုလ်-အကု
သိုလ်ခြင်းကျေးဇူးပြုခြင်းသဘောဖြစ်၏။

'အနန္တရပစ္စည်းသည်' = အခြားမဲ့ကျေးဇူးပြုမှုဟူရာ၌နတ်ရွာလားသော စကြာမင်းကြီး၏ ထီးနန်းရိုက်ရာကို သားတော်အိမ်ရှေ့မင်းဆက်ခံ စိုးစံမြဲမမှတာကဲ့သို့ သတ္တဝါတို့တွင် ရှေ့စိတ်၊ နောက်စိတ်ဖြင့်၊ အစဉ်မပြတ်၊ အရဟတ္တ ဖိုလ်တိုင်အောင် ပစ္စည်းပြု၏။ (တနည်း) အကြောင်းပြု၏။

ဥာဏစရိယဝိပဿနာဥာဏ်တွင်—

ရှေ့စိတ်ဖြစ်သော အနတ္တဓမ္မကို မြင်ခြင်းက - နောက်စိတ်ဖြစ်သော သောတာပတ္တိမဂ်စိတ်ကို ဖြစ်စေ၏။

ရှေ့စိတ်ဖြစ်သော သောတာပ တ္တိမဂ်စိတ်သည် - နောက်စိတ်ဖြစ်သော သောတာပတ္တိဖိုလ်စိတ်ကို ကျေးဇူးပြု၏။

တဖန် ရှေ့စိတ်ဖြစ်သော သောတာပတ္တိဖိုလ်စိတ်သည်-နောက်စိတ်ဖြစ်သော သကဒါဂါမိမဂ်စိတ်ကို ကျေးဇူးပြု၏။

ရှေ့စိတ်ဖြစ်သောသကဒါဂါမိမဂ်စိတ်သည် နောက်စိတ် ဖြစ်သော သကဒါဂါမိဖိုလ်စိတ်ကို ကျေးဇူးပြု၏။

(ဤနည်းအတိုင်း အရဟတ္တ ဖိုလ်စိတ်တိုင်အောင် သိမ်းဆည်းပါရန်) ဤအရဟတ္တဖိုလ်စိတ် ကျမှသာလျှင် အနန္တရပစ္စည်းပြတ်တော့၏။ ခန္ဓာငါး - ချုပ်ခန့်မျှဖြစ်ပြီးလျှင် နောက်ထပ်တဖန်ပြန်မလာခြင်းဖြင့် ချုပ်ခြင်းဖြစ်၏။ ဤဖိုလ်စိတ်ကိုပင်, ဝိညာဏစရိယ ဝိညာဏ်ဟုလည်း တင်စား၍,ဆိုရ၏။

ပုစ္ဆာများ—

အနန္တရပစ္စည်းဟူသည်ဘယ်သဘောတရားကိုခေါ်ပါသနည်း
နောက်စိတ်ကို ကျေးဇူးပြုလိုက်ခြင်းကို အနန္တရပစ္စည်းဖြစ်ကြောင်း သိပြီးဖြစ်၏။

ဥပမာသော် — ရှေ့ကုသိုလ်စိတ်၏ နောက်ဆုံး ဖြစ်သော အနန္တရပစ္စည်းအကုသိုလ်စိတ်ဖြင့် နွား၊ ခွေး၊ ဆင် စသည်ဖြစ်သွား၏။ ဤကဲ့သို့ ဖြစ်ရသည်မှာ အဘယ် ကြောင့်နည်း။ သဘောတခုမှာ ရှေ့စိတ်က ကုသိုလ်စိတ်ဖြစ်နေ၏။ ၎င်းကို တောက်လျှောက် ပစ္စည်း ဆက် ခြင်း ဖြင့် လူ ကောင်းနတ်ကောင်းဖြစ်၏။ ဤအကျိုးပေးမှု (တနည်း) အကြောင်းပြုမှုသည် အနန္တရပစ္စည်းလော။ သမနန္တရ ပစ္စည်းလော။

တဖန် - အနန္တရပစ္စည်းက– တူသောအကျိုးကိုမပေး။ သမနန္တရပစ္စည်းက တူသောအကျိုးကိုပေး၏။

ဥပမာသော် - လူတယောက်သည် (တနည်း) အမှုပါလီ အလောင်းသည် ဝစီကံကြောင့် သူပင်လျှင် ဘဝပေါင်း တသောင်း ပြည့်တန်ဆာမ ဖြစ်ရ၏။ သို့ဖြစ်ရခြင်းကိုအနန္တရ ပစ္စည်းသို့မဟုတ် သမနန္တရပစ္စည်းတပ်မည်လော။

တမ္ဗဒါဌိက သူသတ်သမားသည် နှစ်ပေါင်း ၅၀-ကျော် လူသတ်လာခဲ့၏။ ၎င်း၏ရှေ့စိတ်ဖြစ်သော အကုသိုလ်စိတ်ကို နောက်ဆုံးဖြစ်သော ကုသိုလ်ဖိုလ်စိတ်ကကျေးဇူးပြုခြင်းဖြင့် နတ်သားဖြစ်ရ၏။ ရှေ့အကုသိုလ်စိတ်သည် နောက်ဆုံး မဂ်စိတ်တွင်ပြတ်သည်ဖြစ်၍ ၎င်းကိုဘာပစ္စည်းတပ်မည်နည်း။

တဖန် = ရှေ့မင်္ဂစိတ်သည် နောက်စိတ် ဖြစ်သော နတ်သားဘဝကို ကျေးဇူး ပြုသည်ကား - ဘာပစ္စည်းတပ်မည်နည်း။

မြင်စိတ်တွင် -

ဘွင် ၃၊ ဝု ၌ဌေ ၅၊ ဇော - ၇ နှင့်တဒါရုံ ၂-ပေါင်း စိတ်စိတိပေါင်း ၁၇-ချက်ဖြင့် မြင်ရာတွင်တပါးနှင့်တပါးကို ကျေးဇူးပြု၍ ခဏငယ် ၃-ချက်မျှဖြင့်ဖြစ်ပြီး ပျက်သောကြောင့် ပရမတ်အနိစ္စမည်၏။ ထိုပြင်တပါးနှင့် တပါးသဘောခြင်း မတူကြသဖြင့် အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်း တို့ရောနှောလျက်လည်း ရှိ၏။

ဤနေရာ၌ အနန္တရ ပစ္စည်း ကိုသာလိုသေးသည် ဖြစ်ပေရာ ယခုအနန္တရပစ္စည်း ၈-ချက်ရပြီး၏။ ဇောနှင့်တဒါရုံ ၉-ချက်သာ ကျန်၏။ ၎င်းတို့သည် သမနန္တရပစ္စည်းဖြစ်၏။

အမေး။ ။လူတယောက်သည် ပဋိသန္ဓေပါ မျက်စေ့တဘက်မမြင် တဘက်ကားမြင်၏။ ၎င်းကို အနန္တရပစ္စည်း သို့မဟုတ် သမနန္တရပစ္စည်းခေါ်မည်လော။

အဖြေ။ ။သမနန္တရပစ္စည်း ခေါ်ပါသည်။

သတိ ။ ။ဘီလူးလေး တကောင် မွေးဘွားခြင်း သဘောသည်လည်း သမနန္တရပစ္စည်းပင်ဖြစ်၏။ ၎င်းကို အနန္တရပစ္စည်း မတပ်ရ။ အဘယ်ကြောင့်ဟူမူ - အနန္တရပစ္စည်းပါပြီး ဖြစ်သောကြောင့်တည်း။

အမေး။ ။လူတယောက်မင်္ဂဆိုက်ရာ၌ အနန္တရပစ္စည်း မတပ်ဘဲ မရနိုင်။ဤတွင် ၎င်း - မင်္ဂဉာဏ်ကိုကျေးဇူးပြုသောအနီးကပ်ဆုံး ရှေ့စိတ်ကလေးသည် အဘယ်နည်း။

အဖြေ။ ။အနုလောမခန္တီဉာဏ်ဖြစ်ပါသည်။ ( ဂေါတြဘူ စိတ် ဟုလည်း ခေါ်ပါသည်း )

အမေး။ ။အနန္တရပစ္စည်း ရှေ့စိတ်သည် အနုလောမ ဉာဏ်စိတ် ဖြစ်ခဲ့သော် - ၎င်း၏ ရှေ့စိတ်သည် အဘယ်နည်း။

အဖြေ။ ။ပရိကံ = ဝိပဿနာဉာဏ်ကို အားထုတ်နေသောစိတ် ဖြစ်ပါသည်။

အမေး။ ။ ဤ သ ဘော တရား အား လုံး ကို ပ စ္စ ည်း ပြု သော ရှေ့အနန္တရ ပစ္စည်းသည် အဘယ်နည်း။

အဖြေ။ ။ဟောပြောနေသော ဆရာ၏ တရားသံကို အာရုံ ပြု သောစိတ်ဖြစ်ပါသည်။

အမေး။ ။သောတာပတ္တိမဂ်နှင့်တကွ အားလုံးကို ရစေနိုင်သော ရှေ့အ န န္တ ရပစ္စည်းသည် ဆရာတဦးတည်း ဖြစ်သင့် သလော။ သို့မဟုတ်နှစ်ဦးလော။

အဖြေ။ ။ဆရာတဦးတည်းဖြစ်သင့်ပါသည်။

သတိ ။ ။ဤအနန္တရ ပစ္စည်းနှင့် သမနန္တရပစ္စည်း ၂-ပါးသည် ပစ္စည်း ဆက်ပုံခြင်း (တနည်း) အကြောင်း ဆက်ပုံခြင်း တူကြ၏။သို့သော် မျိုးမတူပေ။ ဤမျှသာခွဲပြား၏။

အမေး။ ။ ၎င်း အ နန္တရပစ္စည်းသည် မသေမီ ဘယ် အ ချိန် တွင် အတိအကျ ပြတ်လေသနည်း။

အဖြေ။ ။အရဟတ္တမဂ်မှာ ပြတ်ပါသည်။ထိုနည်းတူစွာသမနန္တရ ပစ္စည်းလည်းပြတ်ပါသည်။

အမေး။ ။၎င်းပစ္စည်း ၂-ပါးတို့ပြတ်သော် လမ်းဆုံးသလော။ မဆုံးသေးသလော။

အဖြေ။ ။လမ်းဆုံးပါသည်။

အမေး။ ။အမျိုးသမီးတယောက် စေတနာကြီးစွာဖြင့် ဆွမ်းချက်နေရင်း သေပြီး ပြိတ္တာဘဝ၌လား၏။ ကုသိုလ်လော။ အကုသိုလ်လော။ အနန္တရပစ္စည်းဆက်ပြပါ။

အဖြေ။ ။အကုသိုလ်ဖြစ်ပါသည်။

အမေး။ အနန္တရပစ္စည်းနှင့် အနန္တရ ပစ္စယုပ္ပန်ဟူ၍ ရှိရာတွင် အနန္တရ ပစ္စည်းကား = အကြောင်းဖြစ်၍-အနန္တရ ပစ္စယု ပ္ပန် ကား အကျိုးဖြစ် ရာ၊ ၎င်း အမျိုး သမီး၏ အနန္တရ ပစ္စယုပ္ပန် ပြိတ္တာဘဝယုတ်မှ ကျွတ်လွတ်နိုင်ရန် အနန္တရပစ္စည်း အဘယ်ကဲ့သို့ တပ်ပါမည်နည်း။

အဖြေ။ သူမျှားတကာ၏ ကောင်းမှုကုသိုလ်ပြုရာတွင် အမျှပေးဝေရာ၌ သာဓုအနုမောဒနာ ပြုသော စိတ်ကလေးက အနန္တရပစ္စည်း တပ်ရမည် ဖြစ်၏။ ၎င်းစိတ်ကလေးက သာလျှင် ကောင်းရာ သုဂတိသို့ လားစေမည် ဖြစ်ပေသည်။ သုဂတိ ဘဝကို ရခြင်းကား အနန္တရပစ္စယုပ္ပန်ဖြစ်၏။

ဤကား ဉာဏ်သွင်း၍ မဆုံးနိုင်သော ပစ္စည်းဖြစ်၏။ ဤကဲ့သို့ ကျယ်ဝန်းပုံ သဘာဝကို ထောက်ဆမိသော် သင့်ပေပြီဖြစ်၏။

(၆) **သဟဇာတပစ္စည်း**–

ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ နာမ်ခန္ဓာ ၄-ပါးသည် သဟဇာတ ပစ္စည်းမည်၏။ (တနည်း) အတူတကွဖြစ်သော သဘောဖြစ်၏။ တပါးဖြစ်လျှင် ကျန် သုံးပါးပါ ဖြစ်၏။ တပါးဖြစ်ပြီးမှ တပါးဖြစ်သည်မဟုတ်။ ဘူတရုပ် လေးပါးသည်လည်း ထိုနည်းတူစွာပင်။ ၎င်းကို သဟဇာတပစ္စည်း - ပစ္စယုပ္ပန်တပ်သော်–

ဥပမာ- ပထဝီဓာတ်ပြဋ္ဌာန်းသော် - ပထဝီကား သဟဇာတ ပစ္စယုပ္ပန်ဖြစ်၍ ကျန် အာပေါ၊ ဝါယော၊ တေဇောဓာတ် ၃-ပါးကား = သဟဇာတပစ္စည်းဖြစ်၏။ အကြောင်းသဘောလည်း ဖြစ်၏။

ထို့ပြင် အကျိုး ပစ္စယုပ္ပန်မှလွဲ၍ ကျန် ၃-ချက်စု သဘောတရားကို ပစ္စနိက်ဟုလည်း ခေါ်ရ၏။

**(၇) အညမညပစ္စည်း -**

အပြန်အလှန် ကျေးဇူးပြုခြင်း သဘောဖြစ်၏။ လောကီဥပမာအားဖြင့် မိတ်ဆွေတယောက်က လဘက်ရည် တိုက်သည်ကို ကျေးဇူး တုန့်ပြန်သောအားဖြင့် တယောက်ကလည်း လဘက်ရည်တိုက်၏။

ထိုနည်းတူစွာ ရုပ် - ရုပ်ခြင်း။ နာမ်-နာမ်ခြင်း။ အပြန်အလှန် ကျေးဇူးပြုခြင်း ဖြစ်၏။

**(၈) နိဿယပစ္စည်း-**

မှီရာပစ္စည်းဖြစ်၏။ ဥပမာသော်-လူအများနှင့် သစ်ပင်တို့သည် မြေကြီးကိုသာ မှီရာဖြစ်သကဲ့သို့ပင်တည်း။ မြေကြီးကား = ဥပနိဿယပစ္စည်းနှင့်တူ၍-လူတွေ့ သစ်ပင်တွေကား = ဥပနိဿယ ပစ္စယုပ္ပန်နှင့်တူ၏။ မြေကြီးရှိမှသာလျှင် သစ်ပင်သည် ရှင်သန်နိုင်၏။ ထိုနည်းတူစွာ မိခင်နှင့် ရင်သွေးငယ်အဘို့ရာတွင် အမိသည် ဥပနိဿယ ပစ္စည်းဖြစ်၍ အမိနို့ချို့ဖြင့် သောက်စို့ကြီးပြင်းရသော သားငယ်သည် ဥပနိဿယပစ္စယုပ္ပန်ဖြစ်၏။

**အမေး။** ဥပနိဿယ ပစ္စည်းတွင် - စက္ခုဝိညာဏ်စိတ်သည် - ဥပနိဿယ ပစ္စယုပ္ပန်ဖြစ်ရာ ၎င်း၏ မှီရာကား အဘယ်နည်း။

**အဖြေ။** ဟဒယဝတ္ထု - ဥပနိဿယ ပစ္စည်းဖြစ်ပါသည်။

အမေး။ ဟဒယဝတ္ထု နှလုံးသွေး ရှိပါလျက်နှင့် စက္ခုဝိညာဏ်စိတ် မဖြစ်နိုင်ပါသလော။

အဖြေ။ မဖြစ်နိုင်ပါ။

အမေး။ မဖြစ်နိုင်သော နေရာသဘောကား အဘယ်နည်း။

အဖြေ။ အိပ်ပျော်နေသော အခါဖြစ်ပါသည်။

ဤ၌ အာရမ္မဏူပနိဿယနှင့် ပကတူပနိဿယ ၂-ပါးတွင်—အာရမ္မဏူပဿနိယကား = အာရုံဖြစ်၍ ပကတူပနိဿယကား - ပကတိ ရှိနေသော သဘောဖြစ်၏။

အမေး။ နိဗ္ဗာန်သည် ပင်ကိုယ်က ရှိနေသော တရားလော။ သို့ မဟုတ် မိမိဘာသာ လုပ်ကြံ၍ ယူရသော တရားလော။

အဖြေ။ ရှိနေသော ပ က တူ ပ နိ ဿ ယ ပ စ္စ ည်း ဖြစ်ပါသည်။ (ဝိညာဏ စရိယဟုလည်း ဆိုနိုင်ပါသည်။)

## (၉) ဥပနိဿယပစ္စည်း-

ဤပစ္စည်းသည် နိဿယပစ္စည်းနှင့် အလွန်အမင်း မထူးခြားပေ။ အာရမ္မဏူပနိဿယနှင့် အ န န္တ ရူ ပ နိ ဿ ယ ဟူ ၍ ၂-ပါးပြား၏။ အနန္တရူပနိဿယသည် အခြားမဲ့သော သဘောတရားများ ဖြစ်၏။ အချုပ်တွင်မူ သျှင်တော်မြတ်သည်—ဤ ပစ္စည်းသဘောမျ ားဖြင့် အတ္တဒိဋ္ဌိဝါဒကို သုတ်သင်တော်မူခြင်းဖြစ်၏။

ထို့ကြောင့် သတ္တဋ္ဌာန—ဘုံကိုးဝတွင် ဝိညာဏဋ္ဌိတိ ၇-ပါးနှင့် တကွ တည်နေသော သဘာဝတို့မှလွဲ၍ ပစ္စည်းဆက်များ အားလုံး ပါ၏။ ဤတွင် ကျမ်းဂန်တိုင်းတွင်—

တေံ နမမ - နဟမသ္မိ - နအတ္တာတိ။

တော် - ဤသဘောတရားတို့သည်။ နမမ - ငါ၏ ဥစ္စာမဟုတ်။ နဟမသ္မိ - ငါမဖြစ်ပါတကား၊ နအတ္တာ - အစိုးမရ အလိုသို့ မလိုက်ပါတကား—

ဟူ၍ ဟောတော်မူခြင်းဖြစ်၏။

အနန္တရပစ္စည်းဟူသည် အခြားမဲ့သဘောဖြစ်ရာ ရှေ့စိတ်မဟုတ်၊ နောက်စိတ်ဖြစ်၏၊ သို့ဖြစ်သော် အဘယ်ကြောင့် သတ္တဝါတို့အပါယ် လားးရပါသနည်းဆိုမူ–အနန္တရပစ္စည်းတပ်မှု -မသိမြင်၍သာဖြစ်၏။ ကုသိုလ်စိတ်နောက် - ကုသိုလ်စိတ် မဖြစ်သောကြောင့်ပင် ဖြစ်၏။ ဤသဘာဝကိုမြင်သော် ယင်း ကိစ္စနှင့် ပတ်သက်၍ ပြဿနာ တက်ရန် အကြောင်းမရှိပေ။ ဥပမာ—အသျှင် တိဿမထေရ်-သန်းဘဝ ကျရောက်ရသော အကြောင်းပင် ဖြစ်၏။

အချုပ်မှာမူကား၊ သက္ကာယ ဒိဋ္ဌိက အနန္တရပစ္စည်း ဆက်လိုက်ခြင်းဖြစ်ရာ - ၎င်းဒိဋ္ဌိကြီး ပြုတ်ဘို့သည်သာ အရေးကြီးလှပေသည်။

ထိုနည်းတူစွာ ၎င်းပစ္စည်းဆက်တို့ အပေါ်တွင် အတ္တဒိဋ္ဌိအနေဖြင့် ယူသော် သက္ကာယဒိဋ္ဌိဋ္ဌိပင် ကျမည်ဖြစ်၏။ အမှန်မှာမူ-၎င်းတို့သည် 'ဓမ္မတာနည်း'အရ၊ အ န တ္တ ဓ မ္မ အား ဖြင့် သာ လျှင် အကြောင်းပြုနေကြခြင်းဖြစ်ပေရာ မိမိက ကြားဝင်၍ ငါမတပ်သင့်ပေ။

**အမေး။** ဤသက္ကာယဒိဋ္ဌိ ပြုတ်နိုင်ရန် အဘယ်သို့သော အလုပ်ကို လုပ်ရပါမည်နည်း။

**အဖြေ။** ဝိပဿနာ လုပ်ငန်းကို လုပ်ရပါမည်။

**အမေး။** သို့ဖြစ်သော် - အပြောကား မှန်ပေပြီ။ အလုပ်က ရှိသေး၏။ တဏှာ - မာန - ဒိဋ္ဌိ အနက်မှ အဘယ်တရားကို အရင်သတ်မည်နည်း။

အဖြေ။ ဒိဋ္ဌိကို အစဦးစွာ သတ်ရပါမည်။

အမေး။ ဤတွင် အနတ္တကို မြင်ရသည်ဆိုမည်မှာ မှန်သော်လည်း အဘယ်သို့သော အနတ္တကို သိမြင်ရပါမည်နည်း။

အဖြေ။ မိစ္ဆာဓမ္မာရုံ အနတ္တကို သတ်ရမည်ဖြစ်ပါသည်။

အမေး။ မှန်ပါ၏။ ပရမတ္ထ အနတ္တနှင့် မိစ္ဆာဓမ္မာရုံ အနတ္တဟူ၍ နှစ်ပါးပြားလျက်ရှိရာတွင်–သက္ကာယဒိဋ္ဌိ ပြုတ်ရန် မိစ္ဆာဓမ္မာရုံကို သတ်ရမည်ဆိုသော် အဘယ်ကဲ့သို့သော နည်းဖြင့် သတ်ရပါမည်နည်း။

အဖြေ။ မိစ္ဆာဓမ္မာရုံ အနတ္တဟူသည် တမလွန်၌ဖြစ်ပြီး၍ထင်ရှားမရှိတော့သော တုစ္ဆ - သုည - အနတ္တဖြစ်သော သဘောကို တုစ္ဆ–သုည အနေဖြင့် ရှုလိုက်သည်ပင် အမှန်ဖြစ်၏။ အံချုပ်ဆိုရပါမူ ပဋ္ဌမအမြင် အတ္တကို အနတ္တအားဖြင့် မြင်ခြင်းဖြစ်၏။ တဖန်တုံ ဥပ္ပါဒ – ဝယ (တနည်း) ဖြစ်–ပျက်အားဖြင့် မြင်တော့သည် ဖြစ်၍လည်း ကတဥာဏ် ကိစ္စပြီးပါသည်။

အမေး။ အသျှင်သာရိပုတ္တရာ - ပရိနိဗ္ဗာန် ပြုတော်မူပြီးနောက် ညီတော်က ဓာတ်တော်များကို ဗုဒ္ဓအထံတော်သို့ ပင့်ဆောင်လာပြီး ဆက်ကပ်တော် မူသောအခါ ဗုဒ္ဓမြတ်စွာက အသျှင်သာရိပုတ္တရာ၏ တပည့်ရဟန္တာ ၅၀၀ - တို့ကို ခေါ်တော်မူ၍ တပည့်ချစ်သားတို့ ယခုငါဘုရား၏ လက်တော်ပေါ်၌ရှိသော ဤဓာတ်တော်များသည် ချစ်သားတို့ဆရာ - ငါဘုရား၏သားကြီး သာရိပုတ္တရာ၏ ဓာတ်တော်များသာတည်း။ ဤ ဓာတ်တော်များကို

ရှု၍ ချစ်သားတို့၏ ဆရာမြတ်ကို ဖူးတွေ့နိုင်ကြပါ၏လောဟု မေးတော်မူရာ–

တပည့်တော်တို့ ထင်ရှားသောအာရုံကို မထင်မြင်နိုင်ပါ။ မထင်ရှားသော အာရုံကိုသာ ဖူးတွေ့နိုင်ပါကြောင်းဖြင့် လျှောက်ထားကြသော်–

ဗုဒ္ဓမြတ်စွာက ငါဘုရားလည်း သင် ချစ်သားတို့ ကဲ့သို့ ပင်ယူနိုင်၏ဟု မိန့်တော်မူရာ၌–

ဤကဲ့သို့ အသျှင်သာရိပုတ္တရာ၏ မျက်နှာတော်နေပုံ၊ သွားပုံ၊ လာပုံ၊ တရားဟောပုံ စသည့် ပုံဟန်များကို မထင်မရှား ဖူးတွေ့နိုင်ကြပေသည်။ ဗုဒ္ဓမြတ်စွာလည်း ထိုနည်းတူစွာပင် မြင်တော်မူ၏။ ဤ သည်ပင်လျှင် မိစ္ဆာဓမ္မာရုံဖြစ်၏။ သို့သော် ယခု ဘု ရား ရ ဟ န္တာ အသျှင်မြတ်တို့ ဖူးလျှက် မြင်တော်မူလျက်ရှိသော ၎င်းဓမ္မာရုံကို အဘယ်ကဲ့သို့ အမည်တပ်မည်နည်း။

အဖြေ။ သမ္မာ ဓမ္မာရုံဟု အမည်တပ်ရပါမည်။

အမေး။ ဤကဲ့သို့သောဓမ္မာရုံသည်ဝိပါက်ခန္ဓာရှိနေလေသ၍ရှိရစမြဲပေ၊ အန္ဓပုထုဇဉ်တို့တွင် သက္ကာယဒိဋ္ဌိလက်ရှိဖြစ်၍ မိစ္ဆာဓမ္မာရုံဖြစ်သော်လည်း - ၎င်းဒိဋ္ဌိကြီးမှ ကျွတ်လွတ်တော်မူပြီးကြသော အရိယာပုဂ္ဂိုလ်တို့အဖွင် သမ္မာဓမ္မာရုံသာ ဖြစ်ကြောင်း မှန်ပေသည်။ သို့ဖြစ်သော် - ၎င်းသမ္မာဓမ္မာရုံကို အရိယာမြတ်တို့ တွေးမိတိုင်း – တွေးမိတိုင်း သတိရပါသလော။

အဖြေ။ သတိရပါ၏။

အနတ္တဟူသည် - န အတ္တ - ဖြစ်၏။

အတ္တ - ထင်ရှားရှိသော ကိုယ်အထည်သည်။ န-မရှိ။
(တနည်း) အတ္တ—အနှစ်သာရသည်။ န-မရှိ။

ဤသို့အားဖြင့် - အနတ္တကို မြင်ရာတွင် အချို့မှာ ဘိတ်ဘိတ်သား မသိ။ အချို့မှာ ဝိုးတိုးဝါးတား။ အချို့မှာ - မပြတ်မသား။ အချို့မှာ - မထင်မရှား မြင်တတ်လေ့ရှိသည်ကို မြင်တော်မူသော သျှင်တော်မြတ်သည် -

'တုစ္ဆအနတ္တ' = ဘာမျှမရှိ သောကြောင့် အချည်းအနှီးသော သဘော။

'သုညတအနတ္တ' = သုဉ်းဆိတ်သောသဘော။

'ရိတ္တအနတ္တ' = အရိပ်အရောင် ကင်းမဲ့သောသဘော။

'အသာရကဋ္ဌအနတ္တ'=အနှစ်အသား ဘာမျှရှာမရသော သဘော မျှသာဟူ၍ ဟောတော်မူရာ - အနတ္တဟူသည် မိမိ မြင် နေရသော သွားလေသူအာရုံ - နတ်ပြဟ္မာ တို့၏ အာရုံများကို အတွေးဖြင့်ကြံ ဆရာ-ဘာမျှ အ နှစ်အသားအနေဖြင့် ရှာမရနိုင်သည်ဖြစ်၍ငင်းထင် မြင် မှတ်သားထားသောအာရုံအမျိုးမျိုးတို့သည် အာရုံရုပ်ဖြစ်၏။ အတိတ်ကမြင်ဘူး၊ ကြားဘူး၊ နံဘူး၊ စားဘူးသော အထွေထွေ အာရုံတို့ကိုပင် ပြန်၍သုံးသပ်ဆွဲကိုင်သည်ဖြစ်သဖြင့် ထင်ရှားမရှိ။ စင်စစ် အနတ္တတရားသာ ဖြစ်၏။ ၎င်းအတွက် လွမ်းဆွေးပြီး အပူ မျက်ရေ ကျရခြင်းသည် မှုမှန်သော မျက်ရေ မဟုတ်သဖြင့် မကျ ထိုက်။

'ဥပမာသော်' = လူသေကောင်ကို မြင်ရ၏။ ၎င်းအလောင် ကောင်ကိုမြင်ပြီး နီးစပ်သက်ဆိုင်သူတို့ ငိုကြွေး မြည်တမ်းကြ၏

ဤကဲ့သို့ငိုယို၍ အဘယ်သို့သောအကျိုးတရားကို ရနိုင်ပါမည်နည်း။ အမှန်မှာသော်၊ ၎င်းအလောင်းကောင်သည် အနတ္တကောင် မျှသာဖြစ်၍ -ပရမတ္ထအနတ္တသဘောတွင်သွင်းရ၏။ ၎င်းအလောင်းကောင်ကိုစိတ်ကူးဖြင့်ကြည့်၍ ပူဆွေးခြင်းသည် 'ဓမ္မာရုံအနတ္တ'ဖြစ်၏။

အမေး။ ။ဤတွင် အလောင်းကောင် ပရမတ္ထအနတ္တနှင့်၊ ၎င်းအလောင်းကောင်ကိုမြင်ပြီး ပူဆွေးခြင်းကား = ဓမ္မာရုံအနတ္တ။ ထိုအနတ္တ ၂-ပါးတွင် အဘယ်အနတ္တအမြင်က မဂ်ဆိုက်နိုင်ပါသနည်း။

အဖြေ။ ။ဓမ္မာရုံအနတ္တကမဂ်ဆိုက်နိုင်ပါသည်။ ပရမတ္ထအနတ္တဖြစ်၍ အစိုးမရ—သေရ၏။ စွန့်ပစ်ရ၏။ ထိုနည်းတူစွာ အနိစ္စဒုက္ခဖြင့်လည်း သိမ်းဆည်းရာ၏။

**အနတ္တာတိ မာဇီယန္တု၊မာမီယန္တု။**

အနတ္တာတိ - အနတ္တဟူသည်။ မာဇီယန္တု - မအိုနိုင်ပါစေကုန်သတည်း။ မာမီယန္တု-မသေနိုင်ပါစေကုန်သတည်း။

ဟူ၍ တားဆီးသော်လည်း မရသောသဘောဖြစ်သဖြင့် အဝသဝတ္တနအနတ္တ ထိုက်၏။ ဤကဲ့သို့ ပရမတ္ထနှင့်တွဲ၍ ဖြစ်သော အကြောင်း-ခန္ဓာတွင်ရှိသော တဏှာ-မာန-ဒိဋ္ဌိ-၃-ပါးတွင် - တဏှာနှင့် မာနသေ၏။အကျိုးသတ်ဖြစ်၍ ဒိဋ္ဌိနှင့် မသက်ဆိုင်ပြီ။

အမေး။ ။အကယ်တိ-အနုပုထုဇဉ် တယောက်သည် ဤပရမတ္ထခန္ဓာကောင်၏အိုမှု၊ နာမှု၊ သေမှု၊ အစိုးမရ၊ အလိုသို့ မလိုက်မှုတို့ကိုသိမြင်၏။ ထို့ကြောင့် တဏှာနှင့် မာနသေ၏၊ သို့ဖြစ်သော် -မဂ်ဆိုက်-မဆိုက်—

အဖြေ။ ။မဆိုက်နိုင်ပါ။ မဂ်ဆိုက်နိုင်သည့် အနတ္တကား - တုစ္ဆ သုည (တနည်း) ဥပါဒါနက္ခန္ဓာအနတ္တကို သိမြင်မှ သာလျှင် မဂ်ဆိုက်နိုင်ပါသည်။ လမ်းမှန်လည်းဖြစ်ပါ သည်။

အမေး။ ။သို့ဆိုလျှင် - ထိုတဏှာ — မာနလည်းသေ၊ မဂ်လည်း မဆိုက်သေးသောသူအား ဘယ်လိုများ ပြုပြင်ပေးရပါ မည်နည်း။

အဖြေ။ ။ ဓမ္မာရုံအနတ္တတပါး - ဖွင့်ပေးရန် - ဆင့်ပေးရန်ဖြစ်ပါ သည်။

အမေး။ ။ဤကဲ့သို့ ဓမ္မာရုံ အနတ္တသွင်းပေးလိုက်၍ မြင်သော် ထိုသူသည် ဘယ်လိုပုဂ္ဂိုလ်များ ဖြစ်သွားနိုင်မည်နည်း။

အဖြေ။ ။ရဟန္တာဖြစ်သွားပါမည်။

ထို့ကြောင့်အကြင်ပုဂ္ဂိုလ်သည်-အနန္တရပစ္စည်း-သမနန္တရပစ္စည်း ၂—ပါးတို့၏ အနန္တလောကဓာတ်ကြီး တခုလုံးတွင် အဘယ်မျှ ကျယ်ဝန်း ကျေးဇူးပြုပုံများကို အနည်းနှင့် အများ ပါရမီအား လျော်စွာ မြင်နိုင်သော-သမ္မာဒိဋ္ဌိဉာဏ်နှင့် အဘိဓမ္မာပညာများကို ရနိုင်ရန် ခက်ခဲခြင်း ရှိနိုင်တော့မည် မဟုတ်ပေ။

အမေး။ ။ကဿပဘုရားသျှင်လက်ထက်တော်၌ - ကပိလမထေရ် တပါးရှိ၏။ စာတတ်၏။ ဂိုဏ်းအုပ်လည်းဖြစ်၏။ သို့သော် ဝိနည်းသိက္ခာပုဒ်တော်များကို ချိုးဖောက်၍ သူတပါး ထံမှ ငွေကြေးကိုအလှူခံပြီး စုဆောင်း၏။ မယ်တော် နှမတော်များကို ထောက်ပံ့စွန့်ကြဲ၏။ ပျံလွန်သော်-သေ သော် အားလုံး အဝီစိ ငရဲ၌ ကျက်ခံရ၏။ ဤကဲ့သို့

အပါယ် လားကြ ရခြင်းတွင် အကြောင်းအားဖြင့် အနန္တရပစ္စည်းလော။ သမနန္တရပစ္စည်းလော။

အဖြေ။ ။အနန္တရပစ္စည်းဆက်ကြောင့်ကျရပါသည်။

**အမေ။** ။ဤကဲ့သို့ ရဟန်းအဖြစ်ဖြင့်အဓိစိတ်ရ၍ကျက်ခံ၍ နေရာတွင် ၎င်း၏အနီးကပ်ဆုံး-ပဒဋ္ဌာန်အနန္တရပစ္စည်းဆက်သည် အဘယ်နည်း။

အဖြေ။ ။ဘုရားသျှင် ပညတ်တော်မူသော ၂၂၇ - သွယ်သော သိက္ခာပုဒ်တော်များကို ဖောက်ဖျက်ခြင်းနှင့် သက္ကာယဒိဋ္ဌိတန်းလန်း ရှိနေသည်ဖြစ်၍ အနန္တရ ပစ္စည်းဆက်ဖြင့် အပါယ်သို့လားရခြင်း ဖြစ်ပါသည်။

အမေး။ ထိုနောက် မယ်တော်နှင့် နှမတော်ကို အဓိစိတ်၍ အလားတူပင် ကျက်ခံရာ၌ အဘယ်ကဲ့သို့သော အကုသိုလ်ဖြင့် လားရသည်ကိုအနီးကပ်ဆုံး အနန္တရ ပစ္စည်းဆက်ပြပါ။

အဖြေ။ မိမိတို့၏ သားတော် - မောင်တော် ရဟန်း၏ ငွေကြေးအလှူခံခြင်း။ မသုံးသင့်သည့်နေရာ - အလုပ်တို့၌ အားပေး တိုက်တွန်းခြင်း။ ချီးမွမ်းခြင်း။ လက်ခံသုံးစွဲခြင်း စသော အကုသိုလ်တို့သည် အနန္တရပစ္စည်း ဆက်၍၊ အဓိစိတ်၍ ကျက်ခံရခြင်းဖြစ်ပါသည်။

အမေး ရဟန္တာ ပုဂ္ဂိုလ်သည် -အနန္တရပစ္စည်း၊ သမနန္တရပစ္စည်း ဆက်တို့ ပြတ်၏။ သို့သော် သောတာပန်ပုဂ္ဂိုလ်တွင်မူ မပြတ်။ အဘယ်အကြောင်းကြောင့် မပြတ်ပါသနည်း။

အဖြေ။ ရှေ့မဂ် ၃-ပါး ကျန်သေး၍ မပြတ်ခြင်းဖြစ်ပါသည်။

အမေး။ အောက်မင်္ဂ ၃-ပါး ပုဂ္ဂိုလ်တို့ ၎င်းပစ္စည်းများမပြတ်။ ရဟန္တာပုဂ္ဂိုလ်သည်သာပြတ်၏။ အဘယ်ကြောင့် ပြတ်သည်ဟု ပြောနိုင်ပါသနည်း။

အဖြေ။ ရှေ့ဆက်ဘွယ်မရှိတော့၍ ပြတ်ခြင်းဖြစ်ပါသည်။

အမေး။ ဤသို့သောအားဖြင့်-ပစ္စည်းဆက်တို့သည် ဘယ်တုန်းက စ,၍ဘယ်မှာ ဆုံးသည်ဟု ပြောခြင်းငှာ မတတ်နိုင်ရာ၊ ပရမတ္ထဘူတရုပ်ကြီး ၄-ပါးတို့၏ အစွန်းသည်မထင်။ ရုပ်ခေတ် ၂၈-ပါးတွင် ဤ ဘူတရုပ်ကြီး ၄-ပါးကား အနုပါဒါ ရုပ်ခေတ်ဖြစ်၍ ရုပ်ငယ် ၂၄-ပါးကား-။ ဥပါဒါယရုပ်တို့မည်ကုန်၏။ ၎င်းတို့သည် ဥပမာသော်- ဝါး ၃ - လုံးကို စုစည်း၍ သုံးခွ ထောက် ထောင်သော် ရဘိသကဲ့သို့ တပါးနှင့်တပါး သဟဇာတ သို့မဟုတ် အညမညပစ္စည်းအားဖြင့် ကျေးဇူး ပြုနေသောကြောင့် ဖြစ်၏။ သတ္တဝါတို့၏ တည်ဆဲ အကျိုးခန္ဓာ ရပ်တည်နေပုံဖြင့် ဟပ်၍ရှုရာ၏။ တချိန်မှာသော် ၎င်း ဝါး ၃-လုံးတို့ တလုံးနှင့်တလုံး ကျေးဇူးမပြုသော်လဲ ပြိုရဘိသကဲ့သို့ သတ္တဝါတို့၏ အကျိုးခန္ဓာသည်လည်း မသာ အလောင်းကောင် အဖြစ်သို့ ရောက်ရပေမည်။

ထို့ကြောင့် ဘုရားသျှင်က ထိုတရားစုတို့ကို ငါမဟုတ်- ငါ့ဥစ္စာမဟုတ်၊ "ဧဝံခမ္မတာ"သဘောသာဖြစ်သည်ဟု ယူစေတော်မူလိုခြင်းဖြစ်၏။ ဤကဲ့သို့ ယူမှုလည်း အတ္တ မှုလွှတ်ခါ-အနတ္တဆိုက်မည် ဖြစ်၏။ ထို့ကြောင့် ဘုရား တဆူပွင့်သော် ၂၄ - သင်္ချေ၊ ကုဋေ ၆၀ - ဗိုလ်ခြေ တသိန်းသော သတ္တဝါ ဝေနေယျတို့ ကျွတ်တန်းဝင်

တော်မူကြသည်ဟု ဆို၏။ ပွင့်တော်မူပြီး ဘုရားသျှင်တို့သည်ပင်လျှင် ဂဂ်ါဝါဠု သဲစုမက ဖြစ်ရာ-နောင်ပွင့်တော်မူဦးမည့် ဘုရားပေါင်းမှာ ရေတွက်ခြင်းငှာ မတတ်နိုင်ပေရာ၊ ဤမျှလောက် ပွင့်တော်မူပြီး ဤမျှလောက်မျှ ကျွတ်တန်းဝင်ကြပါလျက် သတ္တဝါတွေ မကုန်နိုင်ခြင်းသည် အဘယ်သို့သော အကြောင်းကြောင့်ပါနည်း။

အဖြေ။ ။ပရမတ္ထ သဘာဝတို့ မှည်သည်မှာ တင်းချင့်တောင်းချင့်ဖြင့် ချိန်တွယ်၍ ရစကောင်းသော သဘောတို့ မဟုတ်ကုန်။ ဥပမာ သော်-မောင်ဖြူတွင် ခေတ်ကြီး ၄-ပါးရှိ၏။မောင်နီတွင်လည်းထို့အတူရှိ၏။နှစ်ယောက်ပေါင်းသော် ၈-ပါးမရ။ ၄-ပါးသာရအပ်၏။ထိုနည်းတူစွာ ယခုလက်တွင်ရှိသော မြေဖြူခဲကို ရှုသော်-ခေတ်ကြီး ၄-ပါးရှိကြောင်း ဥာဏ်ဖြင့် သိရ၏။ငင်းကို၂-ပိုင်းပိုင်း၍ ရှုလိုက်ပြန်တော် တပိုင်းတပိုင်းစီ၌ ခေတ်ကြီး၄-ပါးစီရှိကြ၏။သို့ဘော်-၂-ပိုင်းကို ပေါင်းသော်၈-ပါးမရှိ ၄-ပါးသာ ရှိပြန်သဖြင့်၊ ဤမျှနက်နဲဆန်းကြယ်ပုံတို့ကြောင့် ဘုရားသျှင် ကိုယ်တော်မြတ်ကြီးတို့ အဘယ်မျှပင် ပွင့် ပွင့် ခေတ် ကြီး ၄ - ပါး အရင်း ခံ သော သတ္တလောက, သင်္ခါရ လောကကြီးတို့ ဘယ်သော အခါမှာမှ ကုန်ဆုံးချုပ် ပျောက်မည် မဟုတ်ပေ။သုံးလောကတွင်, အတိုး - အဆုတ်မရှိသော ဤပရမတ္ထ သဘာဝတို့ အပ်ချ၍-မရနိုင်အောင်၊အပြည့်အနှက်ရှိ၏။ သတ္တဝါတို့ကား - အရှင်ခေတ်၊ တုံး-တိုင်-အိမ်ကျောင်း

အစရှိသော အသက်မရှိသည့် သဘောတို့ကား-အသေခတ်ဖြစ်ပါသည်။

အမေး။ ။သို့ဖြစ်သော် ၎င်းခတ်ကြီး ၄-ပါးမရှိသောနေရာကို ရှာပြပါ။

အဖြေ။ ။ဘုရား-ရဟန္တာအသျှင်မြတ်တို့ ပရိနိဗ္ဗာန် စံဝင်တော်မူပြီး၊နောင်-အနန္တခတ် ဝိညာဏစရိယ အရဟတ္တဖိုလ်ဝိညာဏ်တော်၏ တည်ရာနေရာ ဌာနဖြစ်ပါသည်။

အနန္တရပစ္စည်း – သမနန္တရပစ္စည်းများအပြီးအပိုင် ပြတ်တော်မူကြ၍ အလွန်ပင် အေးမြ ချမ်းသာတော်မူကြပေသည်။ ' သတိ ' သို့ပင်ဖြစ်သော်လည်း ထိုအနန္တနိဗ္ဗာန်စံ ပုဂ္ဂိုလ်မြတ်၏ အသိစိတ်ကလေးကား ကျန်ရှိတော်မူ၏။ ထိုးထွင်းသိမြင်နိုင်ခြင်းငှာ အလွန်ပင် သိမ်မွေ့နက်နဲတော်မူလှသဖြင့် ဤဝိညာဏစရိယ အရဟတ္တဖိုလ်၏ မှီရာ ဝိညာဏ်တော်ကို သျှင်တော်မြတ်က–

ဘိက္ခဝေ-ချစ်သားတို့။ ပရိနိဗ္ဗုတံ-ပရိနိဗ္ဗာန် ပြုတော်မူပြီးသော။ဝိညာဏစရိယံ-ဝိညာဏစရိယဆိုသည့် ဝိညာဏ်တော်သည်။မန္ဒုကော-ဉာဏ်နုန့်သော။အရိယော-အရိယာသည်။ နသက္ကောတိ -မကြံဆနိုင်။ တိက္ခော - ဉာဏ်ထက်သော-အရိယော-အရိယာသည်သာ။'သက္ကောတိ-ကြံဆနိုင်၏။

ဟူ၍ဟောတော်မူပေရာ- ဗုဒ္ဓမြတ်စွာ လက်ထက်တော်ရှိ အချို့သော ရဟန္တာတို့မကြံဆနိုင်ခြင်းဖြင့် ဤနက်နဲလှသော သန္တိနိဗ္ဗာန် တခါရောက်က–ပူပြင်းသော သုံးလောကသို့ တခေါက်မပြန်သော သန္တိနိဗ္ဗာန်အား အထူး ကြည်ညိုလေးမြတ်စွာဖြင့် အရောက်သွားအပ်လှပါသတည်း။

(၁၀) ပုရေဇာတပစ္စည်း—

ဝိပဿနာ အလုပ်လုပ်သော ပစ္စည်းဖြစ်၏။ စက္ခု-ရူပါရုံနှင့် စက္ခုဝိညာဏ်တို့၏ ပေါင်းဆုံမှုတွင် -

ပုရေ-ရှေး၌။ ဇာတ-ဖြစ်သော။ ပစ္စည်း-အကြောင်း။ ရှေး၌ဖြစ်သောအကြောင်း။ ၎င်းကြောင့်ဖြစ်သော-အကျိုးကို- ပုရေဇာတပစ္စယုပ္ပန်ဟုခေါ်၏။

ဤပစ္စည်းတွင်-စက္ခုဝိညာဏ်ခေါ်-မြင်စိတ်ကလေး၏ပုရေဇာတပစ္စည်းသည် — စက္ခုဝတ္ထုဖြစ်၏။ စိတ်၏အရင်ဖြစ်နှင့် နေသောသဘောဖြစ်၏။ အဆင်းသည် အာရမ္မဏပုရေဇာတဖြစ်၏။ အာရုံပြုခံရသောသဘောဖြစ်၏။ထို့ကြောင့်-မိမိ၏မြင်စိတ်သည်ပုရေဇာတပစ္စည်း မတပ်သော် မမြင်နိုင်။ အကယ်တိမျက်စေ့ မမြင်သော်။ ပုရေဇာတပစ္စည်း မဆက်နိုင်ပေ။

အမေး။ ။အမိဝမ်းတွင်း ကိန်းအောင်းနေသော သားသူငယ်၌ စက္ခုဝိညာဏ်စိတ်သည်ရှိ၏။ သို့ဖြစ်သော်-၎င်း၏ စက္ခုပုရေဇာတပစ္စည်း အကြောင်း တရားကိုရှာပြပါ။

အဖြေ။ ။စက္ခုဝတ္ထုဖြစ်ပါသည်။

အမေး။ ။မွေးဖွားပြီးသည့်နောက်၊ပုရေဇာတပစ္စည်းဘယ်နှစ်ခုရှိပါသနည်း။

အဖြေ။ ။စက္ခုဝတ္ထုနှင့် အဆင်းပစ္စည်း ၂-ခုရှိပါသည်။

အမေး။ ။သားသူငယ်သည် ကြီးပြင်းလာစဉ် အာရုံအမျိုးမျိုးနှင့် ဆုံရ၏။ သို့ဖြစ်သော်—ဖဿဖြစ်—မဖြစ် ဖြေဆိုပါ။

အဖြေ။ ။ပရမတ္ထဖဿ ဖြစ်ပါသည်။

အမေး။ ။သို့ဖြစ်သော် - ၎င်းသူငယ်၏ ပရမတ္ထဖဿသည် ပဋိစ္စသမုပ္ပါဒ် အဘယ်ကဲ့သို့လည်ပါသနည်း။

အဖြေ။ ။ဥပါဒါန် ဖြစ်နိုင်သော ဝိညာဏ်ကို မရသေးသော ကြောင့် ပဋိစ္စသမုပ္ပါဒ်ဖယ်သ မဖြစ်နိုင်သေးပါ။

အမေး။ ။ပဋိစ္စသမုပ္ပါဒ်ဖယ်သသည်သံသရာ၏အစဖြစ်၏။သို့ဖြစ်၍ ထိုကလေးသည် ထိုအချိန်တွင် သံသရာမှ လွတ်နေ၏။ ၎င်းကလေး ထိုအချိန် အတောအတွင်း သေ၍လူပြန် ဖြစ်ခဲ့သော် ဖြစ်နိုင်စရာအကြောင်းရှိ- မရှိ။

အဖြေ။ ။ရှိနိုင်ပါသည်။

အမေး။ ။အဘယ်ကြောင့်ရှိနိုင်ပါသနည်း။

အဖြေ။ ။အနုသယရှိနေ၍ ဖြစ်ပါသည်။

ဤသဘောတရားကို မိမိတို့၏ ဇ-ဒွါရ-ဇ-အာရုံတို့ အပေါ် တွင် သိမ်းဆည်းကြပါရန်။ အလွန်ကျယ်ဝန်းလှပါသည်။

(၁၁) ပစ္ဆာဇာတပစ္စည်း–

နောက်နောက်သော သဘော တရားတွေက နောက်နောက် သော သဘောတရားတွေကို ကျေးဇူးပြုခြင်းဖြစ်၏။

ဥပမာ= မနှစ်က တနှစ်လုံး ရွာချထားသော မိုး ရေ တို့ သည် သစ်ပင်ပန်းပင်တို့ကို ရှင်သန် ကြီးထွားစေသော်လည်း၊ နောင်နှစ် တွင် မိုးမရွာပါက ၎င်းသစ်ပင်ပန်းပင်တို့ ခြောက်သွေ့ပျက်စီး ရာ၏။ ဤကဲ့သို့ နောက်မိုး၏ ကျေးဇူးပြုမှုကို ပစ္ဆာဇာတပစ္စည်း ဟုခေါ်၏။

ထိုနည်းတူစွာ မနေ့က ရုပ်တရားတွေကို ယနေ့ရုပ်တရားတွေက ကျေးဇူးပြု၍၊ ယနေ့ရုပ်တရားတွေကို မနက်ဖြန်ဖြစ်မည့် ရုပ်တရား တွေက ကျေးဇူးပြုမည်ဖြစ်ပေသည်။

အမေး။ ။အကြောင်းတရား ၄-ပါးဖြစ်သော ကံ- စိတ်- ဥတု- အာဟာရ-ဟူ၍ ရှိရာတွင်– လူတယောက် အစာရေစာ

မစားရ၍ သေသော် အဘယ်မည်သော အကြောင်း တရားကြောင့် သေရပါသနည်း။

အဖြေ။ ။အာဟာရဇရုပ် ချုတ်သွေ့သောကြောင့် ဖြစ်ပါသည်။

အမေး။ ။၎င်းအာဟာရ၏အသက်သည်–၇–ရက်မျှသာ ဩဇာဓာတ်ပျံ့နှံ့နိုင်သည်ဖြစ်၍ မသေရန်နောက်အာဟာရက ပစ္ဆာဇာတပစ္စည်းအဖြစ်ဖြင့် ကျေးဇူးပြုရ၏။ ၎င်းကို အဘယ်အမည် ပေးမည်နည်း။

အဖြေ။ ။ဝိသဘာဂရုဖြစ်ပါသည်။

ဤသို့အားဖြင့် ၎င်းပဌာန်း ပစ္စည်းဆက်ကို ထိုက် သည့် အားလျော်စွာ မြင်သည်ရှိသော် အစာတော်ခံ၍သေခြင်း၊ အစာမစားဘဲ နေခြင်း၊ မသောက်ဘဲနေခြင်း စသောအယူဝါဒတို့မှ ကျွတ်လွတ်တော့၏။

အမေး။ ။ရဟန္တာပုဂ္ဂိုလ်၌– အရဟတ္တမဂ်၏ ပစ္ဆာဇာတပစ္စည်းသည် အရဟတ္တဖိုလ်ဖြစ်၏။ သို့ဖြစ်သော် - ၎င်းသည် အနန္တရပစ္စည်းဖြစ်ခဲ့ပါလျှင် ၎င်းမှ ပစ္ဆာဇာတပစ္စည်းဆက်ရှိနိုင်–မရှိနိုင်။

အဖြေ။ ။မရှိနိုင်ဖြစ်ပါသည်။

## (၁၂) အာသေဝနပစ္စည်း–

အရှိန်အဟုန် အင်အားသတ္တိဖြစ်၏။ စိတ်တခုဖြစ်လျှင် - ၎င်း၏ ယှဉ်ဘော် ယှဉ်ဘက် အရှိန်အဟုန်စိတ်သည် နောက်ကလိုက်ရ၏။ ‘ဥပမာ’ လူတယောက် ခိုက်ရန်ဖြစ်သော် - အမျက်ဒေါသလျော့ရန်ဖြစ်ရုံမျှဖြင့်မပြီး၊ ရိုက်နှက် ထိုးခုတ် သတ်ဖြတ်သည်အထိ ဖြစ်ရခြင်းသည် ‘အာသေဝနပစ္စည်းဆက်’ ပင်ဖြစ်၏။

ထို့နည်းတူစွာ - ကုသိုလ်ဘက်တွင် သားရှင်ပြုရာတွင်အဆောက် အအုံ၊ အခမ်းအနား၊ အကျေးအမွေး စသော အာသေဝနပစ္စည်း လိုက်ရပုံကိုရှင်း။

တရားအားထုတ်ရာ၌လည်း - အာသေဝနပစ္စည်းဆက် အား ကောင်းသော် - တခါတည်းဖြင့် တရားရချင်လည်း ရသွားတတ်ပေ သည်။ အာသေဝနပစ္စည်းဆက် အားနည်းသော် ရတ်တရက်မရ တတ်ပေ။ သို့သော် အခြားသော သင်္ခါရမှုများကို အတတ်နိုင်ဆုံး နောက်ထားခါ ပညာအား၊ ဝီရိယအားဖြင့် အချိန်ရှိသရွေ့ နေ့စဉ် ရက်ဆက် ကြိုးစားအားထုတ်နိုင်မှု၊ အာသေဝနပစ္စည်းဆက်၏ အရှိန် အဟုန်စွမ်းအင်သတ္တိကြောင့်—တနေ့တွင် အမှန်မလွဲ ပေါက်ရောက် တော့သည်သာဖြစ်၏။

အတိုချုပ်ဆိုရမူ—နောက်အားဖြည့်ပေးခြင်း သဘောဖြစ်၏။

(၁၃) ကမ္မပစ္စည်း-

ကမ္မပစ္စည်းသည် = (၁) ဂရုကံ၊
(၂) အာသန္နကံ၊
(၃) အာစိဏ္ဏကံ၊
(၄) ကဋတ္တာကံ ဟူ၍ ၄-ပါးရှိ၏။

ဂရုကံသည် အလွန်ကြီးလေးသော ပစ္စည်းဖြစ်၏။

(၁) သာသနာတော်ကို ဖျက်ခြင်း။
(၂) အမိကိုသတ်ခြင်း။
(၃) အဘကိုသတ်ခြင်း။
(၄) သံဃာကို သင်းခွဲခြင်း။
(၅) အရိယာ ပုဂ္ဂိုလ်ကို စွပ်စွဲခြင်း။

(၆) ဘုရား - အရိယာ ပုဂ္ဂိုလ်တို့ကို သေ့းစိမ်းတည်အောင် ပြုခြင်း-

စသော ကံကြီးများဖြစ်ပေသည်။

အမေး။ ကြီးလေးသော ဂရုကံကို ပေါ့ပါးသော လဟုကံကတား မြစ်နိုင်ပါ၏လော။

အဖြေ။ မတားမြစ်နိုင်ပါ။

အမေး။ မတားမြစ်နိုင်သော ဂရုကံကို သာဓကပြပါ။

အဖြေ။ ဒေဝဒတ်နှင့် အဇာတသတ် ဝတ္ထုကို ထောက်ထားရန် ဖြစ်ပါသည်။

အမေး။ ဒေဝဒတ်နှင့် အဇာတသတ်တို့၏ အပြစ်သည် ကြီးလေးလှသဖြင့် ဂရုကံထိုက်သည်မှာ မှန်၏။ သို့ဖြစ်သော် ယခု ငင်း ဂရုကံ ရှိပါသေးသလော။

အဖြေ။ ရှိပါ၏။ အရိယာလည်း အမှန်ဖြစ်၏။ တရားကိုလည်း အမှန်သိ၏။ ထိုပုဂ္ဂိုလ်မြတ်ကို ကံ ၃-ပါးဖြင့် ပြစ်မှားမိက ဂရုကံထိုက်ပါသည်။

ဤ အကုသိုလ် ဂရုကံကို ကုသိုလ်ဖြစ်သော အာစိဏ္ဏကံက မတားမြစ်နိုင်ပါ။ သူ့လမ်းနှင့်သူ သွားရပါသည်။

အမေး။ သာသနာဖျက်ခြင်း ဟူသည်မှာ ဗုဒ္ဓ၏ တရားစစ်တရားမှန်ကို ဖျက်ဆီးခြင်းပင်ဖြစ်၏။ အရောင်အဝါ ဖျက်ဆီးခြင်းကို မဆိုလို။ သို့ဖြစ်ရာ—မည်ကဲ့သို့သော ပုဂ္ဂိုလ်မဆို- လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ ဂရုကံထိုက်၏။ ထိုဂရုကံကို ပြေပျောက်စေနိုင်သော အာစိဏ္ဏကံ ရှိပါသလော။

အဖြေ။ မရှိနိုင်တော့ပါ။

**အမေး။** ထိုသာသနာ့ဖျက် ဒုဿီလ ပုဂ္ဂိုလ်၏ လုပ်ငန်းတွင်တခြား တပါးသော သူအများ -အနည်းက တိုက်တွန်းခြင်း၊ အားပေးခြင်း၊ ချီးမြှင့်ခြင်းတို့ ပြုခဲ့သော် ပဌမပြုသော သူ၏ကံနှင့် တူသလော - မတူသလော။

**အဖြေ။** အာသေဝနပစ္စည်း ဆက် ပေး သည် ဖြစ်၍ အ တူ တူ ပင် ဖြစ်ပါသည်။

**အမေး။** (၁) အကျိုးပေးနိုင်သောကံ၊
(၂) အကျိုးမပေးနိုင်သောကံ၊
ဟူ၍ရှိရာတွင် အကျိုးမပေးနိုင်သောကံကို ဖော်ပြပါ။

**အဖြေ။** လောကုတ္တရာ ကုသိုလ်ကံ ဖြစ်ပါသည်။

**အမေး။** သို့ဖြစ်သော်-သောတာပတ္တိမဂ်စိတ်၌ ရှိသောကံတပါး၊
သကဒါဂါမိမဂ်စိတ်၌ရှိသော ကံတပါး၊
အနာဂါမိမဂ်စိတ်၌ရှိသော ကံတပါး၊
အရဟတ္တမဂ်စိတ်၌ရှိသော ကံတပါး။
ဟူ၍ ၄-ပါးရှိရာတွင် အဘယ်ကံသည် အကျိုးကိုမပေး နိုင်ပါသနည်း။

**အဖြေ။** အရဟတ္တမဂ် ဖြစ်ပါသည်။

'**အာစိဏ္ဏကံ**' ဟူသည် = မပြတ်ဆက်တိုက်လေ့ကျင့်နေသော ကံဖြစ်၏။

'**အာသန္နကံ**' ဟူသည် = သေခါနီးကာလ - မရဏာသန္န ဇောဝ်၌ ဖြစ်သောကံဖြစ်၏။

'ကဋတ္တာကံ' ဟူသည် = ပြုခါမတ္တာဖြစ်သောကံဖြစ်၏။

**အမေး။** ဤကဲ့သို့ ကံ ၄-ပါးရှိသည့်အနက် အာစိဏ္ဏကံ သဘော ၌လည်း ဥပမာ—လူတယောက်သည် တံငါလုပ်ငန်းဖြင့်

မပြတ်အားပြု လုပ်ကိုင်လျက် ရှိ၏။ သို့သော် - သေ
သောအခါ၌ နတ်ပြည်သို့လားရ၏။ ဤတွင် အကုသိုလ်
အာစိဏ္ဏကံဖြင့် အမြဲထုံပါလျက် အဘယ်ကံသည် ထို
တံငါအား - နတ်သားအကျိုးကို ပေးပါသနည်း။

အဖြေ။ အဘယ်ကဲ့သို့ပင် အကုသိုလ် အာစိဏ္ဏကံဖြင့် ထုံသော်လည်း သေခါနီးကာလ - နာယူထားပြီးသော တရားကို သတိရသဖြင့် ကုသိုလ်ကဋတ္တာကံသည် အနန္တရပစ္စည်း ဆက်ဖြင့် နတ်ပြည်၌ လားရ၏။ ၎င်းကို ပါဠိတော်တွင်—

'အကုသလော ဓမ္မော ကုသလဿဓမ္မဿ
အာရမ္မဏ ပစ္စယေန ပစ္စယော။'

အကုသလော-အကုသိုလ်ဖြစ်သော အာစိဏ္ဏကံသည်။ ကုသလဿ ဓမ္မဿ - ကုသိုလ်ဖြစ်သော ကဋတ္တာကံအား။ အာရမ္မဏ ပစ္စယေန - အာရမ္မဏသတ္တိဖြင့်။ ပစ္စယော ဥပကာရကော-ကျေးဇူးပြုသည်။ ဟောတိ—ဖြစ်၏။

ဟူ၍ ဟောတော်ရာ၊ အကုသိုလ်ပြုရင်း ကုသိုလ်ဝင်ပုံ ဖြစ်၏။ အကုသိုလ်က ကုသိုလ်ဖြစ်သွားသည်မဟုတ်။ ကြားဝင်၍ အကုသိုလ်ကို ကုသိုလ်က ဖြတ်လိုက်ခြင်းဖြစ်၏။ အကုသိုလ်က ဂရုကံ မဟုတ်၍ ဖြတ်နိုင်ခြင်းဖြစ်၏။ ဂရုကံကိုကား ဘယ်လိုကံနှင့်မှ မဖြတ်နိုင်ပေ။

ဤသဘောတွင် အကုသိုလ် - အာစိဏ္ဏကံကိုကုသိုလ် ကဋတ္တာကံက ကြားဝင်၍ဖြတ်လိုက်ခြင်းဖြစ်၏။ ပုခါမတ္တသဘောဖြစ်၏။

အမေး။ ကုသိုလ် အာစိဏ္ဏကံကို— အကုသိုလ် အာသန္နကံ - ဝါ ကဋတ္တာကံ အဘယ်ကဲ့သို့ဝင်၍ ဖြတ်နိုင်ပါသနည်း။

အဖြေ။ ဥပမာ - လူတယောက်သည် အလှူကြီးတခုကို ပေးနေရင်း အကြောင်းတခုဖြင့် ရုတ်တရက် သေဆုံးပြီး အပါယ်သို့ကျ၏။ ဤ၌ အာစိဏ္ဏကံ ကုသိုလ်အား အာသန္နကံ- ဝါ-ကဋတ္တာကံဖြစ်သော ဒိဋ္ဌိစေတသိက်က ကြားဝင်၍ ဖြတ်သည် ဖြစ်သောကြောင့် အပါယ်သို့ လားရပါသည်။

ဤကို ရည် တော်မူသော ဗုဒ္ဓမြတ်စွာက-အနုပုထုဇဉ်တို့၏ကုသိုလ်သည် မခိုင်မြဲ - စိတ် မ ချ ရ သည် ဖြစ်၍ ငါဘုရား၏ သာသနာတော်တွင်း တရားဖြစ်အောင် သက္ကာယ ဒိဋ္ဌိကိုဖြုတ်ထားနိုင်ကြရမည်ဟု ဆုံးမတော်မူခြင်းဖြစ်ပါသည်။

တဖန်-အာစိဏ္ဏကံ ကုသိုလ် အကုသိုလ်ကို-

**ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ**
**အာရမ္မဏပစ္စယေန ပစ္စယော။**

ကုသလော-ကုသိုလ်ဖြစ်သော။ဓမ္မော-တရားသည်။ အကုသလဿဓမ္မဿ - အကုသိုလ် ဖြစ်သောတရားအား။အာရမ္မဏပစ္စယေန- အာရုံသတ္တိပြုသောအားဖြင့်။ ပစ္စယောဥပကာရကော - ကျေးဇူးပြုသည်။ ဟောတိ - ဖြစ်၏။

ဟူ၍ ဆုံးမတော်မူပြန်ပါသည်။

အာသန္နကံ = သေခါနီးကာလ စုတိစိတ်ခဏ၌ ဖြစ်သောကံ။ ကုသိုလ်ပြုရင်း- အကုသိုလ်စိတ်ဝင်ပြီး - အကုသိုလ်ပြုရင်းလည်း ကုသိုလ်စိတ်ဝင်နိုင်သော သဘောဖြစ်၏။ ကုသိုလ်=အကုသိုလ်တို့ကို

အာရမ္မဏပစ္စည်း တပ်ချင်လည်းတပ်၍ အဗျာကတပစ္စည်းတပ်ချင်လည်းတပ်သွားတတ်၏။

ဤကဲ့သို့ အမျိုးမျိုးဖြစ်နိုင်သဖြင့်–ဤကံသည် သေခါနီးကာလတွင် အကျိုးပေးရမည့်ကံဖြစ်၏။ ၎င်းအကျိုးပေးမှုကို 'ဝိပါက' ပစ္စည်းဟုခေါ်၏။

အမေး။ ။သို့ဖြစ်သော်-၎င်းအာသန္နကံသည် ဘယ်အချိန်-ဘယ်အခါ၌ ဖြစ်တတ်ပါသနည်း။

အဖြေ။ ။သေခါနီးကာလ၌ဖြစ်တတ်ပါသည်။

ကဋတ္တာကံဟူသည် = ရံခါရံခါမှသာဖြစ်တတ်သော သဘောဖြစ်၏။ (တနည်း) ခရီးသွားဟန်လွှဲသဘောမျိုးဖြစ်၏။ 'ဥပမာ' လမ်းကြုံတိုက်ဆိုင်၍ တရားဝင် နာယူသောသဘောဖြစ်၏။ ၎င်းတွင် အာသေဝနပစ္စည်းမပါသည် ဖြစ်သဖြင့် ရံဖန်ရံခါ၌သာ ဖြစ်ရခြင်းဖြစ်၏။

အမေး။ ။လူတယောက်တွင် 'ကဋတ္တာကံ-ဝါ-အာသန္နကံ' ရှိ၍ တခြားသူတယောက်တွင် 'အာသေဝနပစ္စည်း' ရှိ၏။ ထိုသူနှစ်ဦးတွင် မည်သူ့ကို ချီးမွမ်းထိုက်ပါသနည်း။

အဖြေ။ ။အာသေဝန ပစ္စည်းရှိသော သူကို ချီးမွမ်းထိုက်ပါသည်။

ဤကံသည် အားနာပါးနာ တခါတရံ ကြုံ၍ပြုသော ကုသိုလ် အကုသိုလ်ပင် ဖြစ်သော်ငြားလည်း လဟု-ဂရု (တနည်း) အပေါ့ အလေး-၂-ပါးပြားပေရာ တခါတရံဖြစ်တတ်သည်ဆို၍ ပုံမသေဟု ယူဆခါ မလေးမစားမပြုထိုက်။ ပေါ့ချင်ပေါ့၍ လေးချင်လေး တတ်သော သဘောရှိသောကြောင့်ဖြစ်၏။

တဖန်-ဤ ' ကဋတ္တာကံ 'သည်ပင်လျှင် ကုသိုလ်-အကုသိုလ်တို့၌ တခါတရံအဖြစ်မှ အစဉ်လိုက် (တနည်း)ဆက်တိုက်၍ဖြစ်လာသော ' အာစိဏ္ဏကံ ' ဖြစ်နိုင်ပုံကို သတိပြုရမည်ဖြစ်ပါသည်။

တဖန်-ဤကံ ၄-ပါးကို တပါးစီလျှင် ဒုစရိုက်သို့မဟုတ်သုစရိုက် အားဖြင့် ၄၀-စီပြား၏ ပေါင်း ၁၆၀- ဖြစ်၏။ ထိုမှတဖန် ၎င်း ၄၀-ကို—

မိမိကိုယ်တိုင်ပြုခြင်း၊
သူတထူးပြုသည်ကို အားပေးခြင်း၊
သူတထူးပြုသည်ကို တိုက်တွန်းခြင်း၊
သူတထူးပြုသည်ကို ချီးမွမ်းခြင်း။

တို့ဖြင့် ပြန်၍ပွားရပြန်၏။ လောကီကမ္မပစ္စည်းများဖြစ်၏။

အမေး။ ။လူ တယောက်သည် ဗုဒ္ဓတရား ဟောတော်မူနေစဉ် ကြုံ၍တရားတော်ကိုနာယူပြီး သောတာပတ္တိဖိုလ်၌ တည်၏။ထိုအရိယာသည် နောက်ထပ်တရား မနာယူ။ဘုံစဉ်စံ ပုဂ္ဂိုလ်အနေဖြင့် နေ၏။ သို့ဖြစ်သော - ဤကံ ၄ - ပါးမှ အဘယ်ကံဖြစ်ပါသနည်း။

အဖြေ။ ။ကဋတ္တာကံကြောင့်ဖြစ်ပါသည်။

အမေး။ ။အချို့အရိယာတို့သည် ဤကဲ့သို့မဟုတ်မူဘဲ အရဟတ္တဖိုလ်အလို့ငှာ ကံတပါးကို ထပ် လောင်း ၍ ပြု၏။ ၎င်း ကံသည် အဘယ်ကံဖြစ်ပါသနည်း။

အဖြေ။ ။အာစိဏ္ဏကံဖြစ်ပါသည်။

' သတိ '- ဤမျှသည်ကား-အကျဉ်းဆုံးနည်းအားဖြင့် သဘောမိရုံ မျှပြခြင်းဖြစ်၏။ အကျယ်ဆိုပါမူ တပါးတပါးလျှင် အနည်းဆုံး တလတာမျှ ဟောရမည်ဖြစ်၏။ သို့သော် ယခုမိမိတို့ ရေးမှတ်ထား

သော မှတ်ချက်များကို တနေ့လျှင်အနည်းဆုံး တခေါက်မျှကြိုးစား ပြီး ၇-ရက်ခန့်ဆင်ခြင် ဝင်စားသော်-အာသေဝနပစ္စည်းအားလျော် စွာ လင်းမည် ရှင်းမည်ဖြစ်ပါသည်။

## (၁၄) ဝိပါကပစ္စည်း—

အကျိုးတရားကို ခံစားခြင်းသဘောဖြစ်၏။ သဘောတခုတွင် အနန္တရပစ္စည်းနှင့် အနန္တရပစ္စယုပ္ပန် ၂-ပါး၌၊ စုတိစိတ်ကား အနန္တရပစ္စည်း-အကြောင်းတရားဖြစ်၍-ပဋိသန္ဓေစိတ်ကား- အနန္တရ ပစ္စယုပ္ပန်=အကျိုးတရားဖြစ်၏။

စုတိစိတ်သည် အကုသိုလ် ကမ္မပစ္စည်းတပ်ခဲ့သော် (တနည်း) အကြောင်းတရားဖြစ်ခဲ့သော် ပဋိသန္ဓေစိတ်တွင် အကုသိုလ်အကျိုး တရား အဖြစ်ဖြင့် အပါယ်ဘုံ၌ လားရ၏။ ဤ သဘော သည်ပင် ' အကျိုးဝိပါက ' ပစ္စည်းဖြစ်၏။

အမေး။ ။သို့ဖြစ်သော်—ဤဝိပါကပစ္စည်း ရှေးကပ်ရက် အနန္တ ရိယကံသည် တော်တော်ဝေးဝေးတွင် ရှိသလော။ သို့မဟုတ် အနီးနားတွင်ပင် ရှိသလော။

အဖြေ။ ။အာသန္နကံဖြစ်၍ နီးပါသည်။

ထို့ကြောင့်အဘယ်သို့သော သတ္တဝါပင်ဖြစ်စေ၊ကုသိုလ်-အကုသိုလ် တို့၏ ပစ္စည်းဆက်အားဖြင့် အကျိုး ဝိပါက် ရုပ်တို့သည်ဖြစ်ရ၏။ မရှောင်လွှဲနိုင်ပေ။သို့ဖြစ်၍ ဗုဒ္ဓမြတ်စွာက-

ဝိပါက ကမ္မဇာရူပံ နအစိန္တိယံ။

ဝိပါက်ရုပ်ကြီးကို မကြံစည်ကြပါလေနှင့် ဆုံးမတော်မူခြင်း ဖြစ်၏။လယ်တီဆရာတော်ဘုရားကြီးကလည်း-

ပရမတ်နိုင်ငံ[illegible]အယူသန် လားရန်အစီစီ။

ဟူ၍ ထပ်ဆင့်ပြတ်သားစွာ ဆုံးမတော်မူခြင်းဖြစ်၏။ သို့ပါ သော်လည်း အများပင်-ဝိပဿနာအလုပ်ဆိုခါ ပရမတ်ကို ရှု့ဆိုပြီး ပရမတ်ဆတ်ဆတ်-ပရမတ်ဆတ်ဆတ်ဟူသော အသံသည် – ကျယ် လျက်ပင်ရှိနေပေသေး၏။

(၁၅) အာဟာရပစ္စည်း-

ရှည်မြင့်စွာ ပွားစီးရန် အကြောင်းပြုသော သဘောတရားဖြစ် ၏။ မိမိတို့ခန္ဓာ ကိုယ်ကောင်ကြီးကို ရှုဆင်ခြင်သော်-မလဲ့မပြို-မသေ ဘဲ ရပ်တည်နေနိုင်ခြင်းသည် ဤအာဟာရ ပစ္စည်းဆက်၏။ ကျေးဇူး ပင်ဖြစ်၏။

ဤတွင် ' ရုပ်အာဟာရနှင့် နာမ်အာဟာရ'ဟူ၍ ၂- ပါးပြား၏။ 'ရုပ်အာဟာရကား' အစာရေစာဖြင့် ထောက်ပံ့ပေးရ၏။ သဝိညာဏ က ခေါ် သက်ရှိသတ္တဝါတို့တွင် ၎င်းတို့၏အလေ့ ဓမ္မတာအလျောက် နေ့စဉ်ရက်ဆက် ထောက်ပံ့ ပေးရ၏။ သို့မဟုတ်သော် - အသက်ဘေးထိ အန္တရာယ်ရှိမည် ဖြစ်ပေသည်။

အဝိညာဏကခေါ် သစ်ပင်ပန်းပင် အစ ရှိသော သဘောမှာလည်း မြေ-ရေ-လေ အားဖြင့် ထောက်ပံ့ပေးမှသာ ရှင်သန်ကြီး ထွားနိုင်ပေသည်။

'နာမ်အာဟာရကား' = ဝမ်းနည်းလွန်း-ဝမ်းသာလွန်းခြင်းတို့သည် နာမ်တရားကို ထိခိုက်စေ၏။ စိတ်ညစ်မှ မဟုတ်။ ဝမ်းသာလွန်းကလည်း-ပိန်ချုံးခြင်း ရူးသွပ်ခြင်းနှင့် နောက်ဆုံး သေဘေးထိ ဖြစ်

နိုင်ပေရာ စိတ်ပုံမှန်ဖြစ်ရန်၊ နာမ်အာဟာရ ဖြင့်ပင် အာသေဝန ပစ္စည်းဆက်ပေးရ၏။

**အမေး။** ဤ၌ နာမ်ကို နာမ်ဖြင့်၊ ရုပ်ကိုနာမ်ဖြင့်၊ ရုပ်ကို ရုပ်ဖြင့် ပွားစီးအောင်ပြုသော အာဟာရပစ္စည်းဟူ၍ ၃-မျိုးရှိရာတွင်နာမ်ကိုနာမ်ဖြင့် ပွားစီးအောင်ပြုသောအာဟာရပစ္စည်း၌အဘယ်ကဲ့သို့ ဆက်သွင်းပါမည်နည်း။

**အဖြေ။** ဥပမာ-ကလေးတယောက် စိတ်ညစ်နေသော် - ၎င်း၏ စိတ်ကို ကြည်သာစေသော နှစ်သက်တတ်သည့် ကစားဘွယ်ရာ ပစ္စည်းတခုဖြင့် ဆက်သွင်း ပေးလိုက်ပါလျှင် စိတ်တက်ကြွရွှင်မြူးလာမည် ဖြစ်၏။ ထိုနည်းတူစွာ လူကြီးများအဘို့ကိုလည်း သင့်တင့်လျောက်ပတ်သလို ကုစားနိုင်ပါသည်။

( ၁၆ ) ဣန္ဒြိယပစ္စည်း–

အစိုးရခြင်း သဘောဖြစ်၏။ ဤတွင် အဓိပတိပစ္စည်းနှင့် တူသယောင်ရှိ၏။ မတူပေ။ တခြားစီသော သဘောကို ဆောင်ကြ၏။

ဣန္ဒြိယပစ္စည်း သဘောကား = စက္ခုဝတ္ထုသည် စက္ခုဝိညာဏ်စိတ်ကို အစိုးရ၏။ စက္ခုဝတ္ထုမရှိပါဘဲ စက္ခုဝိညာဏ်စိတ် မဖြစ်နိုင်ပေ။ ( ဝတ္ထုရုပ် ၆-ပါးလုံးကို သိမ်းဆည်းပါရန် ) အချုပ်မှာသော် ဝတ္ထုရုပ်ကို ဣန္ဒြိယပစ္စည်းတပ်ရန် ဖြစ်၏။တဖန် ၎င်း ဝတ္ထုရုပ်တို့၏ ဣန္ဒြိယပစ္စည်းကို ရှာသော် " ကံ " ကို တွေ့ရ၏။ (ကမ္မဇရုပ်ဖြစ်၏)။

သတိ- အုပ်စိုးခံရသည်က = ဝိပါက၊
အုပ်စိုးသည်က = ဣန္ဒြိယဖြစ်ရာ၊

(ဣန္ဒြိယပစ္စည်းမှန်သမျှ ဤသဘောဖြင့် သိမ်းဆည်းကြရာ၏။)

(၁၇) ဈာနပစ္စည်း—
နီဝရဏတရားတို့ကို လောင်ကျွမ်းစေတတ်ခြင်းသဘော ဖြစ်၏။ ၎င်း၏ အင်္ဂါရပ်များမှာ—
ဝိတက်-ဝိစာရ-ပီတိ-သုခ-ဧကဂ္ဂတာ ဟူ၍ ၅-ပါးဖြစ်၏။ သမထ တရား–ဈာန်တရားဖြစ်၏။
**ဈာန်များမှာ—**

| | | |
|---|---|---|
| ဝိတက်-ဝိစာရ-ပီတိ-သုခ–ဧကဂ္ဂတာသည် | = | ပဌမဈာန်၊ |
| ဝိစာရ-ပီတိ-သုခ -ဧကဂ္ဂတာသည် | = | ဒုတိယဈာန်၊ |
| ပီတိ-သုခ–ဧကဂ္ဂတာသည် | = | တတိယဈာန်၊ |
| သုခ-ဧကဂ္ဂတာသည် | = | စတုတ္ထဈာန်၊ |
| ဥပေက္ခာ-ဧကဂ္ဂတာသည် | = | ပဉ္စမဈာန်၊ |

ဟူ၍ ၅-ပါးဖြစ်၏။ ဤတွင်–ဝိတက်၌ " ကာမဝိတက် " " ဗျာပါဒ ဝိတက် " " ဝိဟိံသ ဝိတက် " ဟူ၍ ၃-ပါး ပြား၏။

| | | |
|---|---|---|
| ကာမဝိတက်ကား | = | ကာမဂုဏ်တရား တွေကို ကြံ ဆခြင်း သဘော။ |
| ဗျာပါဒ ဝိတက်ကား | = | သူ တ ပါး ပျက် စီး စေ ကြောင်း စေတနာ မနောဖြင့် ကြံဆခြင်း သဘော။ |
| ဝိဟိံသ ဝိတက်ကား | = | သူတပါးကိုညှဉ်းဆဲရန်ကြံဆခြင်း သဘောတို့ဖြစ်ပေရာ၊ |

**တဖန်တုံ့–**
ဝိတက်တွင်-ကုသိုလ်ဝိတက်-အကုသိုလ် ဝိတက်ဟူ၍လည်း ၂-ပါး ပြားပြန်၏။ ကောင်းသည်ကို ကြံဆခြင်းသည်၎င်း၊ မကောင်းသည် ကို ကြံဆခြင်းသည်၎င်း၊ ဝိတက်သဘောပင် ဖြစ်၏။

ဤ၌ အကုသိုလ်ဝိတက်တို့ကို လောင်ကျွမ်းစေပြီး ကုသိုလ်ဝိတက်များဖြစ်အောင် ကြံဆခြင်းသည် ဈာနပစ္စည်းဖြစ်၏။

**အမေး။** လူတယောက်သည် စိတ်ဝိတက်ကို ငြိမ်းအောင် မလုပ်နိုင်။ အမြဲမပြတ်နှိပ်စက်နေ၏။ ဥပမာ-သူများပစ္စည်းကို ခိုးယူလိုခြင်း။ အိမ်မီးရှို့လိုခြင်း အစရှိသည်တို့တွင်ဖြစ်သော ဝိတက်သည် ကုသိုလ်ဝိတက်လော။ အကုသိုလ်ဝိတက်လော။

**အဖြေ။** အကုသိုလ်ဝိတက် ဖြစ်ပါသည်။

**အမေး။** လူတယောက်သည် သားရှင်ပြုလိုသဖြင့်-မပြုမီ အကျိုးရှိသော အလှူဖြစ်စေရန် ကြံဆနေ၏။ ၎င်း၏ ကြံဆချက်သည် ကုသိုလ် ဝိတက်လော။ အကုသိုလ် ဝိတက်လော။

**အဖြေ။** ကုသိုလ်ဝိတက်ဖြစ်ပါသည်။

**သတိ—**

ဤ ဈာနပစ္စည်းသည် ဝိပဿနာလုပ်ငန်းနှင့် ဆန့်ကျင်သော်လည်း-ကောင်းမှု ကုသိုလ်ပြုရာတွင်ကား-ပြတ်သားစေ၏။ ဝိတက်ဆိုကတည်းကပင်လျှင် ဒိဋ္ဌိရော တဏှာပါ-ပါပြီး ဖြစ်သောကြောင့်တည်း။ ကြံဆခြင်း သဘောသည်-သက္ကာယဒိဋ္ဌိ ဖြစ်၏။

**ဝိစာရ-**

မိမိအာရုံတွင် ပေါ်လာသော ဓမ္မာရုံတရားတွေကို သုံးသပ်ခြင်း သဘောဖြစ်၏။ ကုသိုလ်-အကုသိုလ်ဖြင့် ယှဉ်၏။

**အမေး။** ဤသဘာဝသည်လည်း ဝိတက်ကဲ့သို့ ကုသိုလ် ပြုရာမှ အကုသိုလ်ဖြစ်နိုင်၏။ ဥပမာ- ရှင်ပြု-ရဟန်းခံ ကုသိုလ်နှင့် ပတ်သက်ပြီး အမျိုးမျိုး ကြံဆသုံးသပ်ခါ-အလျောက် ပတ်ဆုံး - အသင့်ဆုံးဟူ၍ ယုံကြည်စိတ်ချစွာ ပြုသော်

လည်း ချိုယွင်းမှု တစုံတရာနှင့် ကြုံ၏။ ဤတွင်—၎င်း၏ ကြံဆမှုသည် ပုထုဇဉ်၏ ကြံဆမှုဖြစ်သည့် အလျောက်- မှားချင်လည်းမှား၍ မှန်ချင်လည်း မှန်နိုင်၏။ သို့ဖြစ် သော်—ထိုအလှူ၏ ကြံဆချက်သည် ကုသိုလ်လော။ အကုသိုလ်လော။

အဖြေ။ အကုသိုလ်ဝိစာရ ဖြစ်ပါသည်။

အမေး။ သို့ဖြစ်သော် မိမိ၏ရဟန်း လောင်း က လည်း မအောင် မြင်၊ ရဟန်းမဖြစ်။ ထိုကုသိုလ် - ထိုအလှူရှင်ရနိုင်ပါ သလော။မရနိုင်ပါသလော။

အဖြေ။ မရနိုင်ပါ။

သတိ=

ဤဝိစာရသည်စျာန်ကား မဖြစ်သေး။ စျာန်မြောက်ရန် အာနာ ပါန ကမ္မဋ္ဌာန်းကို အားထုတ်ရပေဦးမည် ဖြစ်၏။ သို့ အားထုတ် ၍ ဝိတက်ချုပ်သည်ကို ပဌမစျာန်ဟု ခေါ်၏။ ဤသို့ဖြင့် စျာန်အင်္ဂါ ၅-ပါးတို့ တပါးစီ တပါးစီ ချုပ်စေရမည်ဖြစ်၏။

စတုတ္ထစျာန်အင်္ဂါတွင်မှု ထွက်သက် ဝင်သက်ချုပ်ပြီး အပ္ပနာ စျာန်ဖြင့် ကာမစ္ဆန္ဒနီဝရဏ တရားတို့ကို ဝိက္ခမ္ဘနအားဖြင့် ပယ်ထား နိုင်သည်ဖြစ်၍၊ အလွန်ပင် ငြိမ်းအေးလှပေသည်။ နိဗ္ဗာန်မဟုတ်ပေ။ သို့သော် အချို့သော စျာနလာဘီနှင့် သမထလုပ်ငန်းကို လက်ကိုင် ပြုကြသော ပုဂ္ဂိုလ်တို့က နိဗ္ဗာန်ဖြစ်သည်ဟု ယူဆယုံကြည်လျှက်ရှိနေ ကြပေသည်။ အထူးစဉ်းစားအပ်လှပါသည်။

( ၁၈ ) မဂ္ဂပစ္စည်း-

အဖြောင့်နည်းဖြင့်သော်၎င်း၊ အကောက်အကွေ့နည်းဖြင့်သော် ၎င်း၊ ရောက်စေနိုင်သော လူသွားလမ်း၊ လှည်းလမ်း၊ လှေလမ်း

စသည်တို့ကဲ့သို့ သုဂတိဘုံဖြစ်သော လူ-နတ်-ဗြဟ္မာ၊ ဒုဂ္ဂတိဘုံဖြစ်သော အပါယ်ဘုံတို့သို့ ရောက်အောင်-လမ်းကောင်း-လမ်းဆိုးဖြင့် ပို့ဆောင်ကျေးဇူးပြုသော သဘောဖြစ်၏။

တဖန် ၎င်းအနက်မှ လောကီမဂ္ဂနှင့် လောကုတ္တရာမဂ္ဂ ၂-ပါး ပြား၏။

**သမ္မာမဂ္ဂင် ၈-ပါးတွင်-**

(၁) ဗြဟ္မာဖြစ်ရာလမ်းသည် = ဈာနသမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်၏။
(၂) လူ-နတ် ဖြစ်ရာလမ်းသည် = ကမ္မဿကတာသမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်၏။
(၃) ဝိပဿနာလမ်းသည် = ဝိပဿနာသမ္မာဒိဋ္ဌိ မဂ္ဂင်ဖြစ်၏။
(၄) သစ္စာလေးပါးလမ်းလည် = စတုသစ္စသမ္မာဒိဋ္ဌိ မဂ္ဂင်ဖြစ်၏။
(၅) မဂ်လမ်းသည် = မဂ္ဂသမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်၏။
(၆) ဖိုလ်သည် = ဖလသမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်၏။
(၇) အပါယ်သို့ လားရာလမ်းသည် = မိစ္ဆာမဂ္ဂင်ဖြစ်၏။

ဤသည်တို့ကား-မဂ္ဂပစ္စည်းချည်းဖြစ်၏။အကျဉ်းမှတ်သားရန်မှာ လူလမ်း၊ နတ်လမ်း၊ ဗြဟ္မာလမ်း၊ နိဗ္ဗာန်လမ်းနှင့် အပါယ်လမ်း ဟူ၍ ဖြစ်၏။ အကျယ်ကားများလှ၏။

အမေး။ ဤလမ်း ၇-သွယ်မှ မိမိနှစ်သက် သွားလိုသော လမ်းကို ဖော်ပြပါ။

အဖြေ။ နိဗ္ဗာန်လမ်း ကြိုက်သော်မှန်၏။ သို့သော် - အပြောကား နိဗ္ဗာန်တမ်း၊ အလုပ်က နိဗ္ဗာန်ရောက်ရာလမ်းမှန် မဟုတ်

လျှင် အပြောနှင့် အလုပ်မဟပ်သဖြင့် လုံးဝအကျိုးမကြီး ပေ။

(၁၉) သမ္ပယုတ္တပစ္စည်း–

ဂုဏ်နှင့် ယှဉ်ဘော် ယှဉ်ဘက်ဖြစ်သော တရားတွေကို ကျေးဇူးပြုခြင်းသဘောဖြစ်၏။

ဧကုပ္ပါဒ = အတူတကွဖြစ်ခြင်း။
ဧကနိရောဓ = အတူတကွချုပ်ခြင်း။
ဧကာရမ္မဏ = အတူတကွ အာရုံပြုခြင်း။

ဧကုပ္ပါဒ = ခေတ်ကြီး ၄-ပါးတို့ အတူတကွဖြစ်ခြင်းသဘော။ ခေတ်တပါးဖြစ်သော် ကျန်သုံးပါးတို့လည်း ဖြစ်ရ၏။ 'ဧကုပ္ပါဒ' ဖြစ်၏။ တပါးချုပ်သော် ကျန် သုံးပါးလည်းချုပ်၏။ 'ဧကနိရောဓ' ဖြစ်၏။ ဤသမ္ပယုတ္တပစ္စည်းတွင် ဂုဏ်း ၂-ပါးသာရ၏။

နာမ်ဘက်ကို ရှုသော် - နာမက္ခန္ဓာ ၄-ပါးရှိ၏။ ရုပ်တဆူးကဲ့သို့ပင် တပါးဖြစ်က ကျန် ၃-ပါးတို့ တပြိုင်တည်း တန္တယ်တည်းဖြစ်၏။ ဧကုပ္ပါဒဖြစ်၏။ တပါးချုပ်သော် ကျန် ၃-ပါးတို့လည်း ချုပ်၏။ ဧကနိရောဓဖြစ်၏။ ဤ - ဖြစ် - ပျက် အာရုံသဘောကို အာရမ္မဏ သမ္ပယုတ္တပစ္စည်းဟုခေါ်၏။

(၂၀) ဝိပ္ပယုတ္တပစ္စည်း -

ယှဉ်ဘော် ယှဉ်ဘက် မဟုတ်သောတရားတို့ကို ကျေးဇူးပြုခြင်း သဘောဖြစ်၏။

သဘောမှာ– လူတယောက်ကို အခြားလူတယောက်က နှိပ်စက်နေ၏။ ကြားလူတယောက်သည်–ထို အနှိပ်စက်ခံနေရသူဘက်မှ ရပ်

ပြီး ကူညီ၏။ မိမိနှင့် ထိုအနိုပ်စက်ခံရသူတို့ ကင်း၏။ ယှဉ်ဘော် ယှဉ်ဘက် မဟုတ်မူဘဲ ဝင်၍ ကူညီအားပေးသကဲ့သို့ဖြစ်၏။

ထိုနည်းတူစွာ စိတ်စေ,တသိက် တရားတို့သည် အချို့တွင် ယှဉ်ဘော် ယှဉ်ဘက် မဟုတ်ပါဘဲ အားပေးကူညီ၏။ ရုပ်တရားမှာလည်း ထို့အတူ သိမ်းဆည်းပါရန်။

(၂၁) အတ္ထိပစ္စည်း–

ထင်ရှားရှိခိုက် ထင်ရှားရှိသော တရားတို့အား ထောက်ပံ့ကျေးဇူးပြုသောသဘောဖြစ်၏။ (တနည်း) ခဏိကပစ္စုပ္ပန် ဖြစ်သော (တနည်း) ဌီသဘောခဏ၌–ပစ္စုပ္ပန်ပင်ဖြစ်သောပစ္စယုပ္ပန်တရားတို့ကို ကျေးဇူးပြုခြင်းသဘောဖြစ၏။ ဇနကသတ္တိဖြင့် မကင်းငြားလည်း ဥပတ္ထမ္ဘကသတ္တိက ပို၍ထင်ရှား၏။

ဥပမာသော်–မြေကြီးသည် မိမိထင်ရှားရှိခိုက် မိမိအပေါ်တွင် မှီခိုပေါက်ရောက် အားပြုနေသော သစ်ပင်ပန်းပင်တို့ကို ဩဇာဓာတ်ဖြင့် ထောက်ပံ့ကျေးဇူးပြုသော သဘောဖြစ်၏။

(တနည်း) အသက်ရှင်လျက်ရှိသေးသော မိဘတို့သည် မိမိတို့၏ သား-သမီးများအား လူလားမြောက်ရေးအတွက် အစစ,လိုလေသေးမရှိ–စောင့်ရှောက် ကျေးဇူးပြုသကဲ့သို့ပင်တည်း။

ဤသို့အားဖြင့် ရုပ်တရား၊ နာမ်တရားတို့သည် ဌီခဏ၌ ရှိဆိုရုံမျှ သဘော - တပါးနှင့်တပါး ကျေးဇူးပြုကြပုံကို မြင်သော် - လက္ခဏာရေးဝင်ပြီးဖြစ်၍ ကျေးဇူးကြီးလှပါသည်။

(၂၂) နတ္ထိပစ္စည်း -

ထင်ရှားမရှိဘဲ ကျေးဇူးပြုသော တရားဖြစ်၏။ ရှေ့စိတ်၏ ချုပ်ခြင်းသည် နောက်နောက်စိတ်များဖြစ်ပေါ်ရန် ကျေးဇူးပြုသကဲ့သို့ ဖြစ်၏။

လောကီ ဥပမာအားဖြင့်သော် - အလင်းရောင်၏ချုပ်ငြိမ်းမှုသည် အမှောင်ရောက်ရန် ကျေးဇူးပြုသကဲ့သို့ပင်တည်း။ ၎င်းပစ္စည်းသည် အခြားမဲ့သဘောရှိသော အနန္တရပစ္စည်းနှင့် သဘောတူပင်ဖြစ်၏။

(၂၃) ဝိဂတပစ္စည်း–

ကင်း၍ ကျေးဇူးပြုသော တရားဖြစ်၏။ လ ထွက်ရန်အတွက် နေ ဝင်ပေးရဘိသကဲ့သို့ဖြစ်၏။ (တနည်း) နေမဝင်ပါဘဲ၊ လ ထွက်ရန် အကျိုးမရှိသကဲ့သို့ဖြစ်၏။ အချုပ်ဆိုပါမူ - နေဖြင့်ကင်းမှသာသျှင် လ၏ အလင်းရောင်တွန်းပနိုင်သကဲ့သို့ပင်တည်း။

(တနည်း) ပရမတ္ထ သဘောအားဖြင့်ကား - နောက်စိတ်တပါးဖြစ်ပေါ်ရန် ရှေ့စိတ်ချုပ်ပေးရသကဲ့သို့ ဖြစ်၏။ ဤပစ္စည်းသည်လည်း နတ္ထိပစ္စည်း-အနန္တရပစ္စည်းတို့နှင့် အလားတူပင်ဖြစ်၏။ အမျိုးသာလျှင် ကွဲပြား၏။ အထူးဝင်စားပါရန်။

(၂၄) အဝိဂတပစ္စည်း-

ပစ္စုပ္ပန်ရှိဆဲ သဘောဖြင့်–မချုပ်သေးဘဲ ကျေးဇူးပြုသောတရားဖြစ်၏။

ရေနှင့်လေ-ရှိနေသမျှ ကာလပတ်လုံး ငါးများ၊ ငှက်များ၊ အသက်ရှင်နေရန် ကျေးဇူးပြုသော သဘောဖြစ်၏။

ဤပစ္စည်းသည်–အတ္ထိပစ္စည်းနှင့် အမျိုးပင် ကွဲပြားသော်လည်း သဘောသတ္တိမှာမူကား - တူမျှ၏။

ဤသို့အားဖြင့် အပြောကျယ်လှစွာသော ပဋ္ဌာန်းတရားတော်ကြီးကို တပည့်သာဝကတို့ ငုံနိုင်ရုံမျှ ရိပ်စားမိရုံမျှ ဝိပဿနာ လုပ်

ငန်း အထောက်အကူဖြစ်စေရန် အကျဉ်းဆုံးနည်းဖြင့် ဟောကြား တော်မူပေရာ အစတွင် ဆုံး မတော်မူ သော သတိပေးချက်အရ၊ အတတ်နိုင်ဆုံး ကြိုးစားလေ့လာရန်သည် မိမိတို့ အသီးသီး၏ တာဝန်သာ ဖြစ်ပါတော့သည်။

# နိဗ္ဗာန်အဖွင့် တရားတော်

ဝါနံ ဝုစ္စတိ တဏှာ၊ တံ ဧတ္ထ နတ္ထိ တိ နိဗ္ဗာနံ။

ဝါနံ - ဝါနကို။ တဏှာ - တဏှာဟူ၍။ ဝုစ္စတိ-ခေါ်ဆိုအပ်၏။
တံ - ထိုတဏှာကို။ ဧတ္ထ - ဤအရာ၌။နတ္ထိ - မရှိ။
ဣတိတသ္မာ - ထို့ကြောင့်။နိဗ္ဗာနံ-နိဗ္ဗာန်မည်၏။

**အလင်္ကတော စေပိ သမံ စရေယျ။ သန္တော**
**ဒန္တော နိယတော ဗြဟ္မစာရီ။ သဗ္ဗေသု**
**ဘူတေသု နိဓာယ ဒဏ္ဍံ။ သော ဗြာဟ္မဏော**
**သော သမဏော သ ဘိက္ခု။** ဓမ္မပဒ(၁၄)ဆမူ။

အလင်္ကတောပိ - ဝတ်စားတန်ဆာ ဒွါဒရာတို့ ဆင်ယင်ပြီး အသုဘုရင်ဘုရင်မဖြစ်ကြသော်လည်း။ သမံ - ကိုယ်ပိုင်ဖြစ်သော ဝိပဿနာကို။စေစရေယျ- ကျင့်ငြားအံ့။ သန္တော – ကိလေသာတဏှာ မာန မရှိကြသဖြင့် ငြိမ်းအေးလှပေ၏။ ဒန္တော - တဏှာ အစစ် - ၁၀၈ - မရှိကြသဖြင့် ယဉ်ကျေးလှပါပေ ၏။နိယတော - မြဲသော။ ဗြဟ္မစာရီ - မြတ်သော အကျင့်လည်း ရှိပါပေ၏။ သဗ္ဗေသု - ဘူတေသု – အလုံးစုံသော သတ္တဝါတို့၌။ဒဏ္ဍံ - ကာယ - ဝစီ– မနော တည်းဟူသော ဒဏ်ရာဒဏ်ချက်ကို သူတပါး တို့အား မပြုမလုပ်မူ၍။ သော - ထိုမပြုလုပ်သော သူသည်။ (တနည်း) ပယ်စွန့်ပြီးသောသူသည်။ ဗြာဟ္မ

ဏော - မြတ်သောအကျင့်စာရိတ္တနှင့်လည်း ပြည့်စုံပါပေ၏။ သော - ထိုသူသည်။ သမဏော - ကြည်ညိုဘွယ်ကိုဆောင်သော သမဏမည်ပါပေ၏။ သော - ထိုသူသည်။ ဘိက္ခု-ဘယက်တန်ဆာဒွါဒရာတို့ ဝတ်စားဆင်ယင် ထားသော်လည်း အာဂါရိရ ရဟန်းမည်ပါပေ၏။

နိဗ္ဗာန်သည် အကြောင်းနိဗ္ဗာန်နှင့် အကျိုးနိဗ္ဗာန်ဟူ၍ ၂-ပါး ပြားကြောင်းကို ပဌမအားဖြင့် သတိပြုထားရပါမည်။ အများပုဂ္ဂိုလ်တို့သည်ကား နိဗ္ဗာန်ပြဿနာနှင့် ပတ်သက်၍ပြတ်ပြတ်သားသား ဟောပြောဝန့်ခြင်းငှာ ခက်ခဲလျက် ရှိကြပေသည်။

အကြောင်းမှာ–

(၁) ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန်ပြုပြီးနောက် တမလွန်ဘဝတွင် ဖြစ်ပါသေးသလော။
(၂) မဖြစ်တော့ပါသလော။
(၃) ဖြစ်သည်လည်းရှိ - မဖြစ်သည်လည်း ရှိပါသလော။
(၄) ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်ပါသလော ဘုရားဟု - အဂ္ဂိဝစ္ဆနှင့် - သာတိရဟန်းတို့က ဗုဒ္ဓ သျှင်တော်မြတ်အား လျှောက်ထားရာ၌ သျှင်တော်မြတ်က မှသင့်ဟုတားမြစ်တော်မူသောကြောင့် ဖြစ်ပေသည်။ အမှန်မှာမူ-အမေးပြုသော် ပုဂ္ဂိုလ်တို့မှာ ပုထုဇဉ်များသာ ဖြစ်သည့်အတိုင်း အဖြေပေးခဲ့သော မိစ္ဆာဒိဋ္ဌိအယူဖြင့် ဘရမ်းဘတာ ဆွဲကိုင်မည်ကို မြင်တော်မူ၍ဖြစ်၏။ သို့သော် အောက်မဂ် ပုဂ္ဂိုလ်များကို ကား ဟောပြတော်မူ၏။ ရဟန္တာပုဂ္ဂိုလ်တို့မှာမူ ဤပြဿနာမရှိတော့ပေ။

နိဗ္ဗာန်သည် - နိဝါနသဒ္ဒါမှလာရာ - အဓိပ္ပါယ်မှာ - ဝါန = တဏှာ။ နိ=မရှိ။ တဏှာမရှိ။ (တနည်း) တဏှာချုပ်ငြိမ်းခြင်းကို ဆိုလိုသည်။ ဒေါသချုပ်ရုံမျှဖြင့်မပြီးပေ။ ထို့ကြောင့်—

**တဏှက္ခယော နိဗ္ဗာနံ။**

တဏှက္ခယော - တဏှာ၏ ကုန်ခမ်းခြင်းသည်။ နိဗ္ဗာနံ - နိဗ္ဗာန် မည်၏ - ဟူ၍ ဟောတော်မူခြင်းဖြစ်၏။

**သတိ—**

အချုပ်ဆိုသော် - နိဗ္ဗာန်ကိုလိုမူ - ပဌမ - ၎င်းကို ဖုံးကွယ်ထား သောတရားခံကို တွေ့အောင်ရှာ၍ သေအောင်သတ်ရာ၏။ မသတ် မူဘဲ ချုပ်နှောင်ထောင်ချထားခဲ့သော်-သီလ - သမထဘာဝနာတို့၌ ကျ၏။သတ်နိုင်သော် ဝိပဿနာအစစ်ဖြစ်၏။

(၁) သီလ = ဝီတိက္ကမကိလေသာ တည်းဟူသော - လူသိရှင် ကြားဖြစ်သည့် ကာယကံမှု- ဝစီကံမှုတို့ကိုအခါ အားလျော်စွာ ငြိမ်းစေသောတရား ။တရားခံကို ဘမ်းဆီးခြင်းနှင့် တူ၏။

(၂) သမာဓိ = ပရိယုဋ္ဌာန ကိလေသာ တည်းဟူသော - လူ မသိ၊သူမသိ - အုံ့ပုန်းဖြစ်သည့် မနောကံမှု တို့ကို အခါအားလျော်စွာ ငြိမ်းစေ၏။တရား ခံကို ချုပ်နှောင် ထားခြင်းသဘော ဖြစ်၏။

(၃) ပညာ = ဝိပဿနာတရား—အနုသယကိလေသာတည်း ဟူသော အမြစ်အရင်း ကိန်းဝပ်လျက်ရှိသည့် ကိလေသာကို အကြွင်းမရှိ ချုပ်ငြိမ်းစေ၏။ တရားခံကို အသေသတ်ခြင်းနှင့် တူ၏။

သို့ဖြစ်၍ မဂ်ရကြောင်း – ဖိုလ်ရကြောင်းလုပ်ငန်းတွင် ဝိပဿနာ ပညာစခန်းဖြင့်သာ အမှန်ရရှိနိုင်ပါသော်လည်း - ဝိပဿနာပညာနှင့် သမထဘာဝနာ - ရောထွေးလိမ်ယှက်နေတတ်သဖြင့် အချို့မှာ သမထလုပ်ငန်းတွင် သောင်တင်လျက်ရှိနေကြရသည်မှာ ဝမ်းနည်းဘွယ်ရာဖြစ်ပေသည်။အမှန်မှာသော် - ကပ်၍လွဲတတ်သော သဘာဝဲ ဖြစ်နေ၍လည်း ဆရာစစ် ဆရာမှန်လိုလှပေသည်။

ကောဋ္ဌာသကမ္မဋ္ဌာန်းကို စီစစ်သော်- နည်းမမှန်က သမထဘာဝနာတွင် ကျနိုင်ပေသည်။ အဘယ်ကြောင့်ဟူမူ ၃၂ - ကောဋ္ဌာသတွင် ရွံရှာစက်ဆုပ်ဘွယ်ရာတို့ ရှိသည့်နည်းတူ သာယာနှစ်သက်ဘွယ်ရာတို့လည်းရှိပေရာ၊ ဒိဋ္ဌိပြုတ်ပြီး ပုဂ္ဂိုလ်တို့ အဘို့အရာမှာပင် အကြိတ်အနယ် ပယ်သတ်ရသော ကိစ္စဖြစ်သဖြင့် ပုထုဇဉ်တို့တွင် အခက်အခဲများစွာ ရင်ဆိုင်ရမည်ဖြစ်ပေသည်။

ဥပမာသော် — ရုပ်ဓာတ်ဖြစ်သော ဆံပင်ကိုရှု၏။ သာယာမှုပျောက်သုဉ်းရန် - ဃနကို ချေချင်လည်း ချေပေမည်။လက္ခဏာရေး က ချင်လည်း တင်ပေမည်။ ဒိဋ္ဌိပြုတ်ပြီးမဟုတ်သော် - မပယ်မသတ်ထိုက်သောအကျိုး ပရမတ္ထတရားကိုဆုပ်ကိုင် ကြိတ်ချေသည်ဖြစ်၍၊ သမထဘာဝနာ၌ကျ၏။အကြောင်းတရားမဟုတ်၍ - သံဝေဂမျှသာ ရနိုင်၏။ မဂ်ဖိုလ်ဖြင့် မနီးစပ်ပေ။

ဝိပဿနာ ပညာအရာတွင် ဤသို့ မဟုတ်ပေ။ ရန်သူအစစ် ဖြစ်သော အကြောင်းတရား - အကျိုးတရားကို အမှန် သိရမည်က ဒိဋ္ဌိသတ်ဖြစ်၍၊ အကြောင်းတရားအမှန်ဖြစ်သော - ၎င်းတရားခံကို ပယ်သတ်ရမည်က တဏှာသတ် (တနည်း) အထက်မဂ်ကြီးများအတွက်ဖြစ်ပေရာ - သျှင်တော်မြတ်က—

**သတ္တိယာဒိယ ဩမဋ္ဌော ဒယှမာနေဝ မတ္ထကေ၊**
**သက္ကာယ ဒိဋ္ဌိ-ပဟာနာယ သတော ဘိက္ခု ပရိဗ္ဗဇေ။**
(သံယုဂ်ပါဠိတော်)

ရင်ဝလှံစူး - ဉကျောင်းမီးလောင်သော ယောကျ်ားသည် - စူးသောလှံကို ပယ်နုတ်ရန်နှင့် လောင်သောမီး ငြိမ်းစေရန် လွန်စွာအားထုတ်ရဘိသကဲ့သို - သက္ကာယဒိဋ္ဌိကိုလည်း အမြန် ပယ်နုတ်ရန် လွန်စွာအရေးကြီးကြောင်းဖြင့် ဆုံးမတော်မူခြင်းဖြစ်၏။

**တရားသတ်ရှုကွက်** -

သို့ဖြစ်၍ ဝိပဿနာ လုပ်ငန်းစဉ်အတွက် ၃၂ - ကောဋ္ဌာသမှ ကေသာခေါ် ဆံပင်ကိုပင် - ပရိကံ (တနည်း) ရှုထွက်ထား၍ ဆင်ခြင်သော်-

**ကေသာသညံ့ အတ္တေနဝါ အတ္တနိယေနဝါ နိစ္စေနဝါ ဓုဝေနဝါ။**

ကေသာ-ဆံပင်သည် (ဝါ) ဆံပင်ဟုခေါ်ဆိုရသည့် ရုပ်တရားသည်။အတ္တေနဝါ-အတ္တသဘောမှ - ဝါ - မိမိဘာသာဖြစ်နိုင်သော စွမ်းအားသတ္တိ မရှိသည် ဖြစ်၍ငှင်း။ အတ္တနိယေနဝါ - အတ္တနိယသဘောမှ - ဝါ - ငါ၏ဥစ္စာအဖြစ်မှငှင်း။နိစ္စေနဝါ—နိစ္စသဘောမှ-ဝါ- မြဲသောသဘောမှငှင်း။ ဓုဝေနဝါ - ခိုင်ခန့်သော သဘောမှငှင်း။ သုညံ—သုဉ်းဆိတ်၏။

ဟူ၍ ပရမတ္ထအကျိုးတရားဖြစ်သော - ငှင်းဆံပင်ကို အထက်နည်းအတိုင်း ရှု၏။

ဤတွင် စောဒနာရန်ကား - ကောဋ္ဌာသကမ္မဋ္ဌာန်းကို အားထုတ်သောပုဂ္ဂိုလ်တို့ကလည်း ဤကဲ့သို့ပင် - အနိစ္စအားဖြင့်၊ အဓုဝအားဖြင့်၊ အသုဘအားဖြင့်၊ အနတ္တအားဖြင့် ရှုပါသည်ဟု ဆိုရန်ရှိ၏။ မှန်ပါသည်။ ရှုကွက် – ရှုပုံတူပါ၏။ သို့သော်-ပစ်မှတ်ခြင်းကား

မတူပေ။ မတူပုံမှာ— ပဌမရှုပုံသည် အကျိုးတရားဆံပင်ပေါ်၌ သန့်သန့်မဲ၍ ခဲ၍ရှု၏။ တဏှာသတ်ဝိပဿနာရှုဟန်ကား ဤသို့မဟုတ်။

အနတ္တာတိ ထာမကဋ္ဌတ္တာ နတ္တိ။

အနတ္တာတိ-အနတ္တဟူသည်။ ထာမကဋ္ဌတ္တာ-မိမိကိုယ်ပိုင် စွမ်းအား အတ္တိသည်။ ဝါ-မိမိဘာသာ ဖြစ်နိုင်သော သဘောသည်၊ နတ္တိ-မရှိ။

ဟူသည်နှင့်အညီ ၎င်းဆံပင်သည် သူညဖြစ်သည့်အလျောက် အတ္တမဟုတ်-အနတ္တ။ အတ္တနိယမဟုတ်။ အနတ္တနိယ။ နိစ္စမဟုတ်။ အနိစ္စ။ ဓုဝမဟုတ်-အဓုဝသာ ဖြစ်ပေရာ သို့ဖြစ်သော် ၎င်းသည် တရားခံအစစ်မဟုတ်သည်မှာ ထင်ရှားပြီ။ မည်သူ တရားခံနည်း။ ဆံပင်သည် ဇာတိကြောင့် ဖြစ်ရသဖြင့် ဇာတိသည် တရားခံဖြစ်လာ၏။ တဖန်-ဇာတိအား အမေးပြုသော် တဏှာကို လက်ညှိုးထိုးသည့်အတိုင်း တဏှာသည် နောက်ဆုံး တရားခံအစစ် ဖြစ်တော့၏။

ဤ၌ ဆံပင်တွင် လမ်းဆုံးထားခြင်း လုပ်ငန်းသည် သမထဘာဝနာဖြစ်၍ ဆံပင်ဖြစ်ကြောင်း တဏှာ၌ သတ္တုချခြင်း လုပ်ငန်းသည် ဝိပဿနာ ဘာဝနာဖြစ်သဖြင့် သဘောသဘာဝ အယူအဆတွင် အပ်တလို မွှ်စာမျှသာဟု ထင်ရသော်ငြားလည်း တသာသနာလုံးလွှဲနိုင်ပါ၍ အထူးသတိပြုထိုက်သော အချက်ဖြစ်ပါသည်။

ထို့ကြောင့် ဤကိုရည်တော်မူသော ဗုဒ္ဓမြတ်စွာသည် ဝတ္ထုသာဓကကြောင်းအမျိုးမျိုးဖြင့် တွေ့ကြုံရင်ဆိုင်ခံစားရလေသမျှသော ဒုက္ခအဝဝတို့သည် တဏှာသည်လျှင် အရင်းခံပုံနှင့် ၎င်းသည် အဝိဇ္ဇာနှင့်ပေါင်းဖက်ခါ-သံသရာ၏ ရှေ့နောက် အစွန်းတို့မှနေ၍ သတ္တဝါအပေါင်းတို့အား မလွတ်ထွက်နိုင်ရန် ချုပ်နှောင်လျက်ရှိပုံကို ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

ဤကဲ့သို့ အမှန်တရား(တနည်း)သိအပ်သောတရားကို သိ၍ ရှုအပ်၊ ပယ်အပ်သော တရားကို ရှုတတ် ပယ်တတ် (တနည်း) သတ်နိုင်သောပုဂ္ဂိုလ်သည် အထက်၌ ဟောတော်မူသော အလင်္ကာ တောစေပိ-အစရှိသောပါဠိတော်လာသည့်အတိုင်းဘယ်ဘဝ - ဘယ် အခြေ-ဘယ်လိုသောစည်းစိမ်ဥစ္စာ ဝတ်စားဒွါဒရာတို့ဖြင့် ခံစားနေ သော်လည်းမြတ်သော ဥစ္စာဖြင့် ပြည့်စုံပေပြီ။မြတ်သော အကျင့် ရှိပြီး ဖြစ်၍ ကြည်ညိုဘွယ်နှင့် ပြည့်စုံပြီဖြစ်၍လည်း 'အာဂါရ' ရဟန်းမည်ပေသည်။

သို့ဖြစ်၍ အနတ္တပိုင်ရန်သည် အလွန်အရေးကြီးလှပါသည်။ သို့ မဟုတ်ပါမူ-အတွင်းအပြင် ကောဋ္ဌာသအားလုံးကို ရွံရှာစက်ဆုပ် ဘွယ်ရာသော သဘောတရားတွေဟု သိမ်းဆည်းရန် လွယ်ကူလှသည် မဟုတ်ပေ။ အဘယ်ကြောင့်ဟူမူ နှစ်သက်သာယာဘွယ်ကောင်းလှ သော ကိလေသာ ကာမဂုဏ် အာရုံတရားတွေ များလှသောကြောင့် ဖြစ်ပါသည်။ ထို့ပြင်-

(၁) ဆံပင်ကို မကြည့်၍ တဏှာမဖြစ်ခြင်းသည် = "သီ လ"သဘောဖြစ်၏။

(၂) ဆံပင်ကိုမြင်လျက် တဏှာမဖြစ်ရန် စိတ်ကို ထိန်း သိမ်းခြင်းသည် "သမာဓိ"သဘောဖြစ်၍ ကိလေ သာ အခိုက်အတန့်သာ ငြိမ်း၏။ ဇာတိကို မသတ်နိုင် သဖြင့် အကျိုးမကြီးလှပေ။

(၃) ဆံပင်ကိုမြင်၏။ ကြည့်၏။ သို့သော် တဏှာ ကိလေ သာ ဝင်ခွင့်မရသော ဒိဋ္ဌရုပ်သဘောဖြင့် မြင်သည် ဖြစ်၍ ဇာတိမဖြစ်နိုင်ရှိရပေသည်။ "ဝိပဿနာလုပ် ငန်း"ဖြစ်၏။

ဤ၌ အမြင်ခြင်းကား တူ၏။ မြင်ပုံသဘာဝခြင်းကား ခြားနား လှသည်ကို သတိမူရန် ဖြစ်ပါသည်။ ကာမဂုဏ် အာရုံတရားတို့အပေါ်၌ မြင်မြင် သမျှသည် = "ဒိဋ္ဌရုပ်"၊ ကြားကြားသမျှသည် = "သုတရုပ်"၊ နံနံသမျှ စားစားသမျှ ထိတွေ့သမျှတို့သည် = "မုတရုပ်၊" ကြံစည်သမျှသည် = "ဝိညာတရုပ်" သဘောသက်ရောက် ပါသည်။ တဏှာသေသည် မည်၏။ မသက်ရောက်သေးပါမူ သက်ရောက်အောင် ကျိုးစားအားထုတ်ခြင်း သဘောကိုပင် ဝိပဿနာ ဘာဝနာ( တနည်း )ဝိပဿနာ လုပ်ငန်းဖြစ်၏။

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ။

ဒိဋ္ဌေ-မြင်သောကာလ၌၊ ဒိဋ္ဌမတ္တံ-မြင်ခါမျှသည်။ ဘဝိဿတိ-ဖြစ်လတ္တံ့။

ဟူရာတွင်-သစ္စဉာဏ် = အသိတရား၊ ကိစ္စဉာဏ် = လုပ်ငန်း၊ ကတဉာဏ်=ကိစ္စဉာဏ်၏ ပြီးဆုံးခြင်း။

ထို့ကြောင့်ပင်လျှင် အနတ္တပိုင်းရန်သည် အ ရေး ကြီး လှ ပေ ရာ မဂ်ကိစ္စ ဖိုလ်ကိစ္စတွင်ပရိကံ-ဉပစာ-အနုလုံ-ဂေါတြဘူ-မဂ်-ဖိုလ်ဟူ၍ရှိရာ မိမိတို့၏ အားထုတ်ဆဲမဂ်မကျသေးသည့် ဝိပဿနာလုပ်ငန်းစဉ်သည် = ပရိကံနှင့် ဉပစာတို့ မည်ကုန်၏။

ဤကို ရည်တော်မူသော ဘုရားသျှင်သည် ပဋိသမ္ဘိဒါမဂ်တွင်—

ပဉ္စက္ခန္ဓေ အနတ္တတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ။

ပဉ္စန္နံ ခန္ဓာနံ နိရောဓော ပရမတ္ထံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဉ္စက္ခန္ဓေ- ၅-ပါးသော အကြောင်းဉပါဒါနက္ခန္ဓာတို့ကို။ အနတ္တတော-အနတ္တအားဖြင့်။ ပဿန္တော-ရှုမြင်သောသူသည်။ အနုလောမိကံ-နိဗ္ဗာန်နှင့်လျော်သော။ ခန္တိ-သမ္မာဒိဋ္ဌိဉာဏ်ကို။ ပဋိလဘတိ-ရ၏။

ပဥ္စန္နံ-၅-ပါးကုန်သော။ ခန္ဓာနံ - အကြောင်းဥပါဒါနက္ခန္ဓာ တို့၏။ နိရောဓေ-အကြွင်းမဲ့ချုပ်ငြိမ်းခြင်းသည်။ ပရမတ္ထံ-ပရမတ္ထမည်သော။ နိဗ္ဗာနံ - နိဗ္ဗာန်မည်၏။ ဣတိ-ဤသို့။ ပဿန္တော-ရှုမြင်သောသူသည်။ ဝါ -ဥာဏစရိယဥာဏ်ဖြင့် ရှုမြင်သောသူသည်။ သမ္မတ္တနိယာမံ - သမ္မတ္တနိယာမဥာဏ်သို့- ဝါ-တိကျမှန်ကန် မဘောက်ပြန်သော အရိယာမဂ်သို့။ ဩက္ကမတိ- ဆိုက်ရောက်၏။

ဟူ၍ ဆုံးမတော်မူရာ၌ အနုလောမဥာဏ် - ၄၀။ သမ္မတ္တဥာဏ် ၄၀-ပေါင်းဝိပဿနာဥာဏ် ၈၀-ရှိရာ၊အထက်၌ဟောတော်မူသော ၅-ပါးသော ဥပါဒါနက္ခန္ဓာတို့ကို အနတ္တ အားဖြင့် ရှုဆင်ခြင်နိုင်ရုံမျှ ဖြင့်သော် အနုလောမ ဥာဏ်၌ပင်ရှိ၍ဤနိဗ္ဗာနခေတ်သို့ မဝင်နိုင်သေးပေ။ ( တနည်း ) တဏှာအပြီး မချုပ်သေးပေ။ ထို့ကြောင့်—အတ္တ-အတ္တနိယ-နိစ္စ-ဓုဝ-ချုပ်သော်လည်းနိဗ္ဗာန်အစစ်မဆိုနိုင်သေးပေ။ ဥပမာသော် သောတာပန် အရိယာသည်၊ 'အတ္တပြုတ်၏။' သို့သော် 'အနတ္တကျန်နေ၏။' သို့ ဖြစ်၍ တဏှာအပြီးတိုင် မချုပ်သေးသည့်အတိုင်း 'ဇာတိလည်းမငြိမ်း' လေ။

ထို့ကြောင့်-အထက်တွင် ဟောတော်မူသည့်အတိုင်း—

(၁) ရူပုပါဒါနက္ခန္ဓာ = ရုပ်စု၊
(၂) ဝေဒနုပါဒါနက္ခန္ဓာ = ဝေဒနာစု၊
(၃) သညုပါဒါနက္ခန္ဓာ = သညာစု၊
(၄) သင်္ခါရုပါဒါနက္ခန္ဓာ = သင်္ခါရစု၊
(၅) ဝိညာဏုပါဒါနက္ခန္ဓာ = ဝိညာဏ်စု၊

တည်းဟူသောအကြောင်း ဥပါဒါန က္ခန္ဓာအစု -၅ ပါး တို့ ကို ဥာဏစရိယဝိပဿနာဥာဏ်ဖြင့် ရှုနိုင်မှသာလျှင် ( တနည်း ) သမ္မတ္တ

ဉာဏ်ဖြင့်ရှုနိုင်မှသာလျှင် တိကျခိုင်မာ မယိမ်း ယိုင် သော နိရောဓ သစ္စာနိဗ္ဗာန်သို့ အမှန် ဆိုက်ရောက်မည် ဖြစ်ပေသည်။မိကျောင်းမင်း အလားကဲ့သို့ ရေတွင် ကျက်စားသော်လည်း ရေနစ်ရိုးမမှတာမရှိဘိ သို့-ထိုအရိယာ အသျှင်မြတ်သည် ကိလေသာ ကာမဂုဏ်-အာရုံတော တွင် နေသော်ငြားလည်း-တဏှာရေယဉ်ကြောတွင်- မမျောတော့ပြီ မနစ်တော့ပြီဖြစ်တော့၏။

တ၁၆နံတို — နိရောဓ (တနည်း) ချုပ်ငြိမ်းခြင်းဟူသည်—

(၁) ခွဲစိပ်ကုသရာ၌ မေ့ဆေးပေး၍ စိတ်- စေတသိက်တို့ ချုပ်ခြင်းသည် တမျိုး။

(၂) ရောဂါဝေဒနာဖြင့် မေ့မြော နေခြင်းသည် တမျိုး။

(၃) သမထ ဘာဝနာဖြင့် သတိ မရနိုင် လောက် အောင်ဖြစ်ခြင်းသည်လည်း ချုပ်ခြင်းတမျိုး။

စသည်ဖြင့် ချုပ်ပုံချုပ်ဟန် တွေ များလှပေရာ ၎င်းတို့ကို နိရောဓသစ္စာ- ( တနည်း ) နိဗ္ဗာန်ဟု ခေါ်ဆိုသမုတ်သင့်ပါ၏လော။

ဤကိုရည်တော်မူ၍ -

**နိရောဓော နိရောဓ သစ္စံ ဟို။ နိရောဓသစ္စံ ဥပေတွာ။**
**အဝသေသော နိရောဓော နနိရောဓသစ္စံ။**

နိရောဓော-ချုပ်ခြင်း မှန်သမျှသည်။ နိရောဓသစ္စံ - ချုပ်ငြိမ်း ခြင်း**အမှန်**ဖြစ်ပါသလော - ဝါ-နိဗ္ဗာန်မှန်ပါသလော။

နိရောဓသစ္စံ- နိရောဓသစ္စာအစစ်ကို။ ဝါ-နိဗ္ဗာန်ကို။ဌပေတွာ — ချန်ထား၍။အဝသေသော-ကြွင်းသော။နိရောဓော-ချုပ်ခြင်းဟူ သမျှသည်။ နနိရောဓသစ္စံ-နိရောဓသစ္စာမမည်။ ဝါဗ္ဗာန်မမ။ နိည်

ဟူ၍ဟောတော်မူခြင်းဖြစ်ပေသည်။ ထိုပြင် ချုပ်သည်ဆိုတိုင်း နိရောဓသစ္စာမထိုက်သည်မှာ ထင်ရှားလှပေသည်။ နိရောဓ ၅-ချက်တွင် တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန်တို့သည် နိရောဓသစ္စာမထိုက်သည် ဖြစ်၍ သတိပြုရန်ဖြစ်ပါသည်။

သို့ဖြစ်၍ အောက်မဂ်ပုဂ္ဂိုလ် ၃-ယောက်တို့တွင် ဥပါဒါန်အပြီး မချုပ်သေးသဖြင့်၊ သဥပါဒိသေသနိဗ္ဗာန်၌ ဝင်စံတော်မူပုံကိုငင်း၊ ရဟန္တာပုဂ္ဂိုလ်တို့တွင် ဥပါဒါန်အကြွင်း မရှိသည် ဖြစ်၍ အနုပါဒိသေသနိဗ္ဗာန်၌ ဝိပါက်ခန္ဓာတော်လက်ရှိဖြင့် ဝင်စံတော်မူပုံသဘာဝကို ရှုဆင်ခြင်အပ်ပါသည်။ ဤသည်တို့ကား 'အကြောင်းနိဗ္ဗာန်' မည် ကုန်၏။

ရဟန္တာ အသျှင်မြတ်တို့၏ စုတိနောင်မှာ အကျိုး နိဗ္ဗာန် ဖြစ်သောကြောင့် ဉာဏ်မထက်မြက်သော အရိယာ အသျှင်မြတ်တို့ပင် ထောက်ဆနိုင်ခြင်းငှာ ခက်ခဲနက်နဲလှပေသည်။

ထို့ကြောင့် ဝိပါက်ခန္ဓာတော်လက်ရှိဖြင့်-အနုပါဒိသေသနိဗ္ဗာန်၌ ဝင်စံပြီးသော ရဟန္တာ အသျှင်မြတ်တို့တွင် အဘိသင်္ခါရခေါ် အကြောင်း သင်္ခါရတို့ ချုပ်ပြီး နောက် - အကျိုး သင်္ခါရခေါ် ကာယ-ဝစီ - စိတ္တသင်္ခါရ (တနည်း) အနုပါဒါနက္ခန္ဓာဖြင့်သီတင်း သုံးတော်မူကြသည်ဖြစ်၍ 'ပါရင်္ဂတော' မည်၏။ အကျိုး သင်္ခါရဖြင့်- ဤမှာဘက်ကမ်း၌ ရှိနေရသေးခြင်းဖြစ်၏။

ဝိပါက် ကုန်ဆုံး၍ အကျိုးသင်္ခါရ ချုပ်သော် (တနည်း) ပရိနိဗ္ဗာန် စံဝင်တော် မူသော်-

## ပါရံ ဝုစ္စတိ နိဗ္ဗာနံ။

နိဗ္ဗာနံ-နိဗ္ဗာန်ကို။ ပါရံ-ကမ်းတဘက်ဟူ၍။ ဝုစ္စတိ-ဆိုအပ်၏။ ဟူသည်နှင့်အညီ၊ ဤမှာဘက်ကမ်း မဟုတ်တော့ပြီ။ဟိုမှာဘက်ကမ်းဖြစ်သဖြင့်–

(ပါရဆိုတာ၊ ဘယ်ဟာလဲလို့၊သဘာဝသိအောင် ရှာလိုက်စမ်းပါ။)

(၃၁-တန်၊ မဝင်ရသဖြင့်၊ အပြင်ကျတဲ့၊ နိဗ္ဗာန်ကြီးပါ။)

ဤကဲ့သို့ ၃၁-ဘုံတဘက်စွန်းသို့ ရောက်နေသည်ဖြစ်၍လည်း -

**အန္တဂတော အန္တပတ္တော ကောဋိံဂတော ကောဋိပတ္တော။**

> အန္တဂတော- အန္တပတ္တော-ခန္ဓာငါး-ဝ-ဘေးဒုက္ခတို့၏ဆုံးရာ နိဗ္ဗုတာအရပ်သို့ ရောက်ရလေ၏။ ကောဋိံဂတော-ကောဋိပတ္တော–ခန္ဓာ-ငါး-ဝ-သင်္ခတ တရားတို့၏အပိုင်းအခြားအစွန်အဖြားသို့ ရောက်ရလေ၏။ (မဟာနိဒ္ဒေသပါဠိတော်)

ဤ၌ကောဋိ နိဗ္ဗာန်ဟူသည် - သတ္တဝါတို့ ရောက်နိုင်ရာ အလွတ်သက်သက်၌ တည်ရှိနေသည်ကိုဟောလိုရင်းမဟုတ်ပေ။ ခန္ဓာ၅-တန် ဘေးဒုက္ခအပေါင်း၏ အဆုံးအစွန်ဖြစ်၍ တည်နေတော်မူသည်ကို သာ 'အန္တကောဋိ' ဆိုသည်ဟု ဟောတော်မူခြင်းဖြစ်ပေသည်။

(ကောဋိဆိုတာ၊ ဘယ်ဟာလဲလို့၊ သဘာဝသိအောင် ရှာလိုက်စမ်းပါ။)

(ဘေးအပေါင်း ရန်တကာ၊ အစွန်အဝေးကျသဖြင့်၊အလွန်အေးမြတဲ့ နိဗ္ဗာန်ကြီးပါ။)

**သာဓကအားဖြင့်** အမ္ဗပါလီဝတ္ထုတွင် - မယ်တော် ဖြစ်သော အမ္ဗပါလီက သားတော် ရဟန္တာသာမဏေကို ပင့်ဘိတ်ပြီးဆွမ်း

ကျေးရာ၌ - မယ်တော်က သားတော်၏သပိတ်တွင်ပါသော-ဆွမ်း, ဆွမ်းဟင်းများကို အပြစ်ထားပြောဆိုပြီး နောက် - မိမိ၏ဆွမ်းပွဲသည်- အဘယ်မျှ ကောင်းမွန်ပုံကို ချီးမွမ်း လျှောက် ထားသောအခါ -

" သားတော်မှာ မယ်တော်တို့၏ လောကထဲမှာနေသည် မဟုတ်ပါ။ တဘက်စွန်းသို့ ရောက်၍ နေပါပြီ မယ်တော် "ဟုမိန့်တော်မူချက်မှာ- ကောဠ်နိဗ္ဗာန်ပင်ဖြစ်၏။

တဖန်-တဖက်စွန်းသဘောမှာ-'အကြောင်းစွန်းနှင့်အကျိုးစွန်း' ဟူ၍ ၂- ပါးပြားရာ၏။

သတိ။ အကြောင်းနိဗ္ဗာန်တည်းဟူသော တဏှာအကြွင်းမရှိ ချုပ်ငြိမ်းပြီးသဘောပင်ဖြစ်ငြားလည်း - အကျိုးခန္ဓာ၊ အကျိုးသင်္ခါရတို့ ကျန်သေးသည်ဖြစ်၍-ဟိုမှာဘက်ကမ်းဖြစ်သော စုတိနောင်နိဗ္ဗာန်ဖြင့်စာသော် - ဤမှာဘက်ကမ်းဖြစ်နေသေး၏။ သို့သော် တဏှာကြွင်းသေးသော ဤမှာဘက်ကမ်းဖြင့် ထောက်ဆသော် - ဟိုမှာဘက်ကမ်းဖြစ်ပုံကို သတိပြုရန် ဖြစ်ပါသည်။

ထို့ကြောင့် အကြောင်းစွန်းဆိုသည်မှာ=အကြောင်းနိဗ္ဗာန်ပင်။ ဝါ - ကောဠ်နိဗ္ဗာန်ဖြစ်၏။

အကြောင်းစွန်းကား = ခန္ဓာမချုပ်မီ။

အကျိုးစွန်းကား = ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသောအခါ။ (တနည်း) အကြောင်းသင်္ခါရတွေ—အကျိုးသင်္ခါရတွေ၏ တဘက်စွန်းသို့ ရောက်ရသည် ဖြစ်သောကြောင့်–အလွန်အေးမြတော်မူမည်ကို မှန်းဆအပ်ပါသည်။

**ဝိဝဋ္ဋာဘာဝေါ အစ္စုတံ။**

ရွေ့လျောပြောင်းကြွခြင်းမရှိသော အဖြစ်သည် အစ္စုတနိဗ္ဗာန်မည်၏ ဟူသည်နှင့်အညီ - နိဗ္ဗာန်ဓာတ်မြတ်သည် တပါးတည်းပင်ဖြစ်သော်ငြားလည်း ဂုဏ်တော်များကား အနန္တဖြစ်၏။

( အစ္စုတဆိုတာ၊ ဘယ်ဟာလဲလို့၊ သဘာဝသိအောင် ရှာလိုက်စမ်းပါ။)

(လျှောကျပြောင်းကြွ၊ တကယ်ရှာမရသဖြင့်၊ အလွန် ခိုင်မာလှတဲ့၊နိဗ္ဗာန်ကြီးပါ။)

တဖန်တုံ–"အနန္တနိဗ္ဗာန်ဟူသည်"

**ပရိယန္တာဘာဝ ရဟိတတ္တာ အနန္တံ ဝုစ္စတိ နိဗ္ဗာနံ။**

ဟူသည်နှင့်အညီ ထက်ဝန်းကျင် ဘာနှင့်မျှ ထိခြင်း၊ တွေ့ခြင်း မရှိ။ အစနှင့်အဆုံးကင်းသည်ဖြစ်၍လည်း -ဥပါဒ်နှင့်ဘင်(တနည်း) အဖြစ်နှင့်အပျက် မရှိဟု ဆိုရမည်ဖြစ်၏။ ဋ္ဌိတိသဘောကား ရှိပေသည်။ အကယ်တိဋ္ဌိသဘော မရှိခဲ့လျှင် ယင်းနိဗ္ဗာန်သည် နိစ္စ,ဓုဝသဘော မဖြစ်နိုင်ပေ။ ထို့ကြောင့်ပင်လျှင် အနန္တနိဗ္ဗာန်မည်ပါပေသည်။ အံ့သြဆန်းကြယ်လွန်းလှ၍ ဘယ်ဟာတစိုးတစိနှင့်မျှ နှိုင်းဆခြင်းငှာမထိုက်။ ကမ္ဘာကြီး အသခေ်ျ လျှောကျပျက်စီးကွယ်ပျောက်ငြားလည်း ခိုင်ခန့်စွာ တည်ရှိတော်မူသဖြင့် အတိုင်းထက်အလွန် ကြည်ညိုဘွယ်ရာ ဖြစ်ပါပေသည်။

( အနန္တဆိုတာ၊ ဘယ်ဟာလဲလို့၊ ဘာဝသိအောင် ရှာလိုက်စမ်းပါ။)

( ရှေ့နောက်ဝန်းကျင်၊စွန်းစ,ကင်းသဖြင့်၊ထွန်းပလင်းတဲ့ နိဗ္ဗာန်ကြီးပါ။)

ထို့ကြောင့် - နိရောဓသစ္စာတွင်—

**နိရောဓသစ္စံသ ဥပ္ပါဒေါ ဝယော နပညာယတိ။**

နိရောဓသစ္စာသ - နိရောဓသစ္စာသည်။ ဝါ - တဏှာကိလေသာတို့မှ ကင်းစင်သော နိရောဓသစ္စာသည်။ဥပ္ပါဒေါ - ဖြစ်ခြင်းသည်။ ဝယော- ပျက်ခြင်းသည်။ နပညာယတိ - မထင်။

ဖြစ် - ပျက်ဆုံးလျှင် - နိဗ္ဗာန်။

ဖြစ် - ပျက်ဆုံးလျှင်–နိဗ္ဗာန်။

ဖြစ် - ပျက်ဆုံးလျှင် - နိဗ္ဗာန်။

တဖန် - ၎င်းကိုပင် 'ပရာယဏနိဗ္ဗာန်' ဟု သမုတ်အပ်ပြန်ရာ -

(ပရာယဏဆိုတာ၊ ဘယ်ဟာလဲလို့၊သဘာဝသိအောင် ရှာလိုက်စမ်းပါ။)

(လျှောင်းစက်မွှေလျော်၊ အစဉ်နေဘိဆိုက်သဖြင့်၊အလွန်ပျော်ပိုက်တဲ့ နိဗ္ဗာန်ကြီးပါ။)

တဖန် - မငြိမ်သက် မအေးချမ်းမှုတွေကို အရဟတ္တ မဂ်ကြီးက အပြီးအပိုင် ပယ်သတ်တော်မူပြီးသဖြင့်၊ 'အစရဏသန္တိနိဗ္ဗာန်' ဟု ခေါ်ဆိုရပြန်ရာ—

( သန္တိဆိုတာ၊ဘယ်ဟာလဲလို့ ၊သဘာဝသိအောင်၊ ရှာလိုက်စမ်းပါ။)

( သဗ္ဗသင်္ခတာ၊ ချုပ်ပြတ်ငြိမ်း၍၊ အရှုပ်ဇာတ်၊ သိမ်းတဲ့နိဗ္ဗာန်ကြီးပါ။)

သဗ္ဗသင်္ခတာဟူသည် ကျိုး-ကြောင်း သင်္ခါရ ၆-ပါးဖြစ်၏။ ဤမှာဘက်ကမ်းရှိ လောကီသောင်းကျန်းမှုတို့မှ ကင်းသဖြင့် အလွန်ပင် ငြိမ်သက်ချမ်းသာ အေးမြကြည်လင်သောကြောင့်လည်း 'သန္တိသုခ' (တနည်း) 'သန္တိနိဗ္ဗာန်'ဟု ဆိုရ၏။

( နိဗ္ဗာန်ဆိုတာ၊ ဘယ်ဟာလဲလို့၊ သဘာဝသိအောင် ရှာလိုက်စမ်းပါ။)

( ကိလေညီပွေ၊ ဒုက္ခဘေးတို့၊ အလွန်အေးတဲ့၊ နိဗ္ဗာန်ကြီးပါ။)

အကျိုးပူပင်စရာတွေ - အကြောင်းပူပင်စရာတွေမရှိ။ ကာမဂုဏ် ၅-ပါး ကိလေသာ တရားတို့မှလည်း ကင်းရှင်းတော် မူပြန်၏။

**ယမ္ပိစ္ဆံ နလဘတိ၊ တမ္ပိဒုက္ခံ။**

ဟူသည့်အတိုင်း - မရှိတောင်းတ၊ ရှိကြောင်းကြ။ လိုသလောက်မရ။ ရသလောက်မတင်းတိမ်။ မရှိဒုက္ခ။ ရှိပြန်တော့လည်း မချမ်းသာသော ဤမှာဘက်ကမ်း၏ အရှုပ်တော်ပုံတွေကို သာယာခြင်း ငှာ မအပ်ပြီ။ 'ကောင်း' နိဗ္ဗာန်၌ ဤဒုက္ခတွေ အကြွင်းမရှိ ချုပ်ငြိမ်းတော် မူပေပြီ။

ထို့ကြောင့် အထူးကောင်းမွန်စွာ စီမံချက်ပြုတ်ထားသော ဆွမ်းကို ကပ်လှူပြီး မယ်တော် အမ္ဗပါလီ၏ ဖြားယောင်းသွေးဆောင်မှုကို သားတော် ရဟန္တာသာမဏေ ပြုံးတော်မူချက်မှာ အတိုင်းအဆမရှိ နက်နဲသောအဓိပ္ပာယ်ကို ဆောင်ပေသည်။ သို့သော် အန္ဓပုထုဇဉ်ကမူ ရဟန္တာအသျှင်မြတ်၏ အပြုံးကိုပင် ပြန်၍ ပြုံးရယ်ကြပေလိမ့်မည်။ မည်သူ၏အပြုံးသည် မှန်ပါသနည်း။

"မယ်တော်တို့ရဲ့ လောကကြီးဟာ အမြင်မှန်မရှိ - အထင်နဲ့သာ ရက် - လ စား၊ လ နှစ်စား။ နှစ် ဘဝက စားပြီး မွေးတလှည့် သေတလှည့်။ သေတလှည့် - မွေးတလှည့်နဲ့ ဘာဆိုဘာမျှ မယ်မယ် ရရ မရှိ။ ခြောက်ပြားတလှည့်၊ ငါးပြားတလှည့်။ ဆယ်လီမူးနဲ့ဘဲ အချိန်တွေ အလဟဿ ကုန်နေကြတာမို့ သားတော် - မယ်တော် တို့ လောကကြီးထဲ ဘယ်သောအခါမှာမှ ပြန်လာတော့မယ် မဟုတ်ပါ မယ်တော် "

ဟု ဘဝ၏ မခိုင်မြဲပုံ။ မရေရာပုံ။ အချည်းနှီးဖြစ်ပုံတွေကို ဟော ကြားတော်မူပေသည်။

သူတဦးသည် မိမိမြိန်ရေယှက်ရေ စားနေသော မစင်ပုပ်ကို သူတထူးအား ကောင်းပါရဲ့လားဟု အမေးပြုသော် ဘယ်လိုများ နေပါမည်နည်း။ပုထုဇဉ်တို့တွင် ဤအလားတူကဲ့သို့ အရိယာအသျှင်မြတ်တို့ ထွေးအံထားသော မစင်ဘင်ပုပ်နှင့်တူသော ကိလေသာ ကာမဂုဏ်တို့ကို မြိန်မြိန်ယှက်ယှက်ကြီး ခံစားနိုင်ကြသဖြင့် သံသရာ ချားရဟတ်တွင် အတောမသတ် လှည့်ပတ်ကြရခြင်း ဖြစ်ပေသည်။

(ဗာလန်ဆိုတာ၊ ဘယ်ဟာလဲလို့၊ သဘာဝသိအောင် ရှာလိုက် စမ်းပါ။)

(လောဘ ၂—တန်၊ သူမသိလို့မူမရှိတဲ့၊ လူမိုက်ကြီးပါ။)

ပုထုဇဉ်တို့ ဖြစ်ရပ်မှာ....

အညာဒေသရှိ ပန်းအိုင်ရွာက ဖိုးဆိုင်နှင့် ဖိုးမြိုင်ပုံပြင်နှင့် တူနေပေတော့သည်။ ဖိုးဆိုင်နှင့် ဖိုးမြိုင်တို့သည် အမွှာညီအကိုဖြစ်ကြ၏။ ဖိုးမြိုင်တွင် အိမ်ထောင်ရှိ၏။ တညနေ ဖိုးဆိုင် - ဖိုးမြိုင်အိမ် ဝင် လာရာ ဖိုးမြိုင်၏ မိန်းမက သူ့ယောကျ်ား ယာတောက ပြန်လာပြီ ထင်၍၊ ထမင်းစားတော့မည်လားဟု မေး၏။ ဖိုးဆိုင်က လူမှားနေပြီကို သိသော်လည်း ဆာဆာရှိသဖြင့် အေး—စားတာပေါ့ဟု ပြောပြီးလျှင် စားသွားတော့၏။ ယောကျ်ားဖြစ်သူ ဖိုးမြိုင် ပြန် လာသောအခါမှ မိန်းမဖြစ်သူ သိရဘိသကဲ့သို့....

(ဖိုးဆိုင်-ဖိုးမြိုင်၊ ဘယ်ဟာလဲလို့၊သဘာဝသိအောင်ရှာလိုက် စမ်းပါ။)

(ထမင်းပွဲဝင်ခါ၊ အကြောင်းရိုက်သဖြင့်၊ အချောင်နှိုက်တဲ့-ဖိုး ဆိုင်ကြီးပါ။)

အကြောင်းခန္ဓာကား = အချောင်နိုက်စားသူ-ဖိုးဆိုင်နှင့် တူ၏။
အကျိုးခန္ဓာကား = ဖိုးမြိုင်နှင့် တူ၏။

(အဝိဇ္ဇာဆိုတာ၊ဘယ်ဟာလဲလို့၊ သဘာဝသိအောင် ရှာလိုက်စမ်းပါ။ )

( ကြောင်း-ကျိုးနှစ်ဖြာ၊ဥာဏ်မလင်းလို့၊မိုက်မကင်းတဲ့၊ မောဟမီးပါ။ )

ထိုကြောင့် သံသရာမှလွတ်ရန် ထွက်ရန်အလုပ်သည် လွယ်သည်ဟု အထင်ရှိသော် မှားပေမည်။ ဘယ်ကထွက်မှ လွတ်သည်ကို သိမှသာ ဖြစ်နိုင်သော ကိစ္စကြီးဖြစ်၏။

**အဇ္ဈတ္တဇဋာ ဗဟိဇဋာ ဇဋာယ ဇဋိတာပဇာ။**

ပဇာ - သတ္တဝါအပေါင်းတို့သည်။ အဇ္ဈတ္တဇဋာ - အတွင်းအရှုပ်အထွေးတို့သည်ရင်း။ ဗဟိဇဋာ-ပြင်ပအရှုပ်အထွေးတို့သည်ရင်း။ ဇဋာယ-ရှုပ်ထွေးသော အရှုပ်အထွေးဖြင့်။ ဇဋိတာ-မြေးရှက်၍ ထားအပ်ကုန်၏။

( နတ်သားတယောက်၏ လျှောက်ထားချက်။)

ဤသို့အားဖြင့် အမှန်တရားကို မမြင်နိုင်ကုန်သော သတ္တဝါသူကုန်းတို့တွင် အတွင်းရှုပ် အပြင်ရှုပ်-နှစ်ခုပေါင်းရှုပ်သည်မှာ-စာဗူးတောင်းသိုက်ကဲ့သို့ရင်း။ ယက်ကန်းသည်မိုက်၏ ချည်ခင်ထွေးကဲ့သို့ရင်း။ ကြခတ်ဝါးတောကဲ့သို့ရင်း။ ပြိန်းမြက်တောကြီးကဲ့သို့ရင်း။ ရှင်း၍မရနိုင်လောက်အောင်ပင် ရှုပ်ထွေးလျက်ရှိနေကြရပါသော်လည်း-ရှင်းနိုင်ခွင့်ရသည့် ဘုရားသျှင် သာသနာတော် ထင်ရှားရှိနေပါလျက်-သာသနာပကဲ့သို့ ဖြစ်နေရသည်မှာ ဝမ်းနည်းဘွယ်ရာပင် ဖြစ်ပေသည်။

သံသရာဆိုသည်မှာ ဘာကိုခေါ်ပါသနည်းဟု အမေးပြုရန် ရှိ၏။ မြတ်စွာဘုရား၏ ဥဒါန်းတော်တွင်—

**အနေကဇာတိ သံသာရံ သန္ဓာဝိဿံ။**

ဟူရာ၌ သံသာရံ = ရှေ့သို့မရောက် နောက်သို့သာ ရှန်းကန် ရှန်းကန်ဖြင့် တွန့်ဆုတ်နေခြင်း သဘော(တနည်း)ရော့ ရဲရဲ နိုင် သော အယူမျိုး(တနည်း) "သဿတဒိဋ္ဌိအယူမျိုး" ။ "သန္ဓာဝိဿံ" နိဗ္ဗာန်ထက် လွန်၍သွားသော အယူမျိုး(တနည်း) တင်းကြပ်ပြင်းထန်ညှင်းဆဲ၍ ကျင့်သော(တနည်း) "ဉစ္ဆေဒအယူမျိုး"တို့သည် သံသရာအစစ်အမှန်တို့ ဖြစ်ကုန်၏။ ဤ ၂-ပါးမှလွတ်သော သဘောသည်သာ နိဗ္ဗာန်အမှန်ဖြစ်သဖြင့် ဆရာစစ် ဆရာမှန်ကို မတွေ့က မဆည်းကပ်က လွယ်ကူသော အရာမဟုတ်သည်မှာ ထင်ရှားလှပါသည်။

ဝါဒရေးရာအမျိုးမျိုး၊ အယူအဆအမျိုးမျိုး၊ အရေးအသား အဟောအပြောအမျိုးမျိုး ရှိနေပြန်၍လည်း ဤ နိဗ္ဗာန်ပြဿနာ ရှုပ်ထွေးသည်ထက် ရှုပ်ထွေးရပြန်၏။

နာဂဇ္ဇုနအဘိဓမ္မာ၏ ယုံကြည်ယူဆချက်ကား သဘောတမျိုးဖြစ်၏။နိဗ္ဗာန်ဆိုတာ မရှိ။အချုပ်သဘောတရားမှာဝိညာဏ်သာဖြစ်၏။၎င်းတို့ အရေးထားသည်မှာ ဗောဓိသတ္တ(တနည်း)ဘုရားဆုပန်ရေးရာဖြစ်၏။ သာဝကဆု မဟုတ်ကြကုန်။ သတ္တဝါတို့၏ အကျိုးကျေးဇူး ရှိရာရှိကြောင်း လုပ်ရမည်ဆိုက အဘယ်ကဲ့သို့သော အလုပ်မျိုးမဟူ-ပရဟိတ ဝါဒအားဖြင့် လုပ်မည်ဟု ရဲဝန့်စွာ ဆိုထားပေသည်။

ထေရဝါဒကား ဤသို့မဟုတ်ပေ။ ပေါက်မြောက်တော်မူပြီးကြသော အ ရိ ယာ ထေရ် ကြီး ဝါကြီး ပုဂ္ဂိုလ်မြတ်တို့မှ ဆင်းသက်

ပေါက်ဘွား လာသည်ဖြစ်၍ထေရဝါဒမည်၏။ ဤဝါဒကိုလိုက်နာကျင့်သုံး အားထုတ်ကြသူများကို ထေရဝါဒီဟု ခေါ်ဆိုရ၏။ ထို့ကြောင့် ဤဝါဒအပေါ်တွင် မလေးမစား မရေမရာ ပြုမူမှုများကို သတိပြု ရှောင်ရှားသင့်လှပါသည်။ ဤသို့သော အမာခံသဘောထားများသည် ထေရဝါဒ ညှိုးမှိန်စေသည်ဖြစ်၍ သာသနာတော်ကို ဖျက်ရာရောက်သောကြောင့် ဖြစ်ပါသည်။

အဘယ်ကြောင့်ဟူမူ ဗုဒ္ဓဝိညာဏ်တော်သည် နိဗ္ဗာနဓာတ်-နိဗ္ဗာန်ဓာတ်သည်ပင်လျှင် ဗုဒ္ဓဝိညာဏ်တော်ဖြစ်ပေရာ ဤ ဓာတ်မြတ်သည် အမြဲရှိနေတော်မူသည်ဖြစ်၍ အကယ်တိ မိမိသည် မလေးမစား ပြုမူမိခဲ့သော်-အဘယ်မှာလျှင် ဤဓာတ်မြတ်ကို တွေ့အောင်ရှာကြံနိုင်ပါမည်နည်း။

သတိ–

သို့ဖြစ်သော် နိဗ္ဗာန်ကိုအာရုံပြုရာ၌ ဗုဒ္ဓဝိညာဏ်တော်ကိုအာရုံပြုရမည်လော။ သို့မဟုတ် တပါးသော ဝိညာဏ်တော်ကို အာရုံပြုရမည်လောဟု အမေးပြုခဲ့သော်-

နိဗ္ဗာန်သည် မိမိခန္ဓာကိုယ်နှင့် တစပ်တည်းဖြစ်သဖြင့် မိမိနိဗ္ဗာန်ကိုသာ မိမိ အာရုံပြုရမည် ဖြစ်၏။ သို့သော် မိမိ၏ နိဗ္ဗာန်ကလည်း ထင်ထင်ရှားရှား မပေါ်သေး၍ ဘယ်လို အာရုံပြုရမည်လဲဟု ဆိုအံ့-

(နိဗ္ဗာန်ဆိုတာ ဘယ်ဟာ လဲ လို့ သဘာဝသိအောင် ရှာ လိုက်စမ်းပါ)

(ငါးပါးအာရုံ ကာမဂုဏ်တရားနှင့် အာရုံမများတဲ့ နိဗ္ဗာန်ကြီးပါ)

ဤ ကဲ့ သို့ ပင် သောင်း ကျန်း ရှုပ်ထွေလှေ့ ရှိ သော အာ ရုံ-ကာမဂုဏ်တရားတို့ ကုန်သွားမည်ဖြစ်ပုံ။ မြုံသွားမည်ဖြစ်ပုံကို ရှုရုံ

ဖြစ်၏။ အဘယ်ကြောင့်ဟူမူ မိမိ၏ ကာမဂုဏ်အာရုံကို မိမိ၏ မင်္ဂဖြင့် ပင် ပယ်သတ်ရမည် ဖြစ်ရကား၊ အဘယ်မှာလျှင် တခြားသော ပုဂ္ဂိုလ်၏ နိဗ္ဗာန်ကို အာရုံယူခြင်းငှာ သင့်နိုင်ပါအံ့နည်း။

( နိဗ္ဗာန်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )

( ကိလေဒြိပ္ပေ ဒုက္ခဘေးတို့ အလွန်အေးတဲ့ နိဗ္ဗာန်ကြီးပါ )

ဤသဘောသည်ပင်လျှင် နိဗ္ဗာန်ကို သစ္စိကာတဗ္ဗ (တနည်း)မျက်မှောက်ပြုသည် မည်သဖြင့်–

( နိဗ္ဗာန်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )

( မွေးသေ-မွေးသေ-ဒုက္ခဘေးတို့အလွန်အေးတဲ့ နိဗ္ဗာန်ကြီးပါ )

မွေးလည်း မမွေးတော့ပြီ။ မမွေးသည်ဖြစ်၍ သေလည်းမသေနိုင်တော့ပြီ။ ဇာတိချုပ်၍မရဏချုပ်ရခြင်းပေတည်း။

ဂမိကော နတ္ထိ။

တဖန် နိဗ္ဗာန်ကို ခရီးသွားသည့်သဘွယ်-မည်သည့် ယာဉ်နှင့်မျှ မသွားနိုင်၊ သွားသောသူလည်း မရှိနိုင်။ ရုပ်နာမ်ဖြင့် သွားလို့လည်းမရ၊ နိဗ္ဗာန်က ၎င်း ၂-ပါးကို လက်သင့်မခံပေ။

( နိဗ္ဗာန်ဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )

( ရုပ်နာမ်ခန္ဓာ ချုပ်ပြတ်ငြိမ်း၍ အရှုပ်ဇာတ်သိမ်းတဲ့ နိဗ္ဗာန်ကြီးပါ )

သို့ဖြစ်ပါလျှင် စရိယ ၃-ပါးဖြစ်သော ဝိညာဏစရိယ၊ ညာဏစရိယ၊ အညာဏစရိယမှာ ဝိညာဏစရိယခေါ် ဗုဒ္ဓဝိညာဏ်တော် (တနည်း)အရဟတ္တဖိုလ်၏မှီရာဝိညာဏ်တော် ခေါ်နိဗ္ဗာန်မြတ်သည်

အဘယ်မှာရှိ၍ အဘယ်က လာပါသနည်း ဆိုသည်ကို ဝင်စားအပ်လှသည်။

**ဝိညာဏံ အနိဒဿနံ အနန္တံ့သဗ္ဗတောပဘံ။**

ဟူသည်နှင့်အညီ ဤ အရဟတ္တဖိုလ်၏ မှီရာဝိညာဏ်တော်အားအန္တပုထုဇဉ်နှင့် အောက်မဂ်ပုဂ္ဂိုလ် ၃-ယောက်တို့ မမြင်စကောင်းပေ။ ကိလေသာအညစ်အကြေးမှ ကင်းစင်သဖြင့် မည်သည့်အရောင်နှင့်မှ မနှိုင်းယှဉ်အပ်သော ထွန်းလင်းမှုဖြင့် အခါခပ်သိမ်း တောက်ပတော်မူလျက်ရှိသည်ကို ထောက်ဆ၍၊ ၎င်းဟိတ်ကင်းသော ဝိညာဏ်တော်သည် အနမတဂ္ဂ သံသရာတခွင် အပါယ်ဘုံတို့ အပါအဝင်မရောက်သည့်နေရာ မရှိသည့်နေရာဟူ၍ မရှိပေ။ ဖိုလ် ၄-ပါးထိသွား၏။

ဥပမာသော်-အပါယ်ဘုံသားများမှာ ၃၇-ပါးသော စိတ်ကိုရ၏။ အဟိတ်စိတ် ၁၈-ပါးတွင် ဟသိတုပ္ပာဒ်စိတ် ၁-ပါးကို ကြဉ်၍ ကျန် ၁၇-ပါးသောစိတ်ကို ရ၏။ သို့သော် ဘယ်လို ဘယ်နည်းအသုံးပြုရမည်ကို မသိပေ။ ၎င်း၏ ထွက်ပေါက်မှာ မဟာကုသိုလ်စိတ်သာဖြစ်ပေသည်။

စက္ခုနှင့် ရူပါရုံ တိုက်ဆုံသော် ဣဋ္ဌာရုံ အနိဋ္ဌာရုံဖြစ်သည်မှာ ဤဝိညာဏ်ပင် ဖြစ်သည်။ ဣဋ္ဌာရုံဖြစ်သော် ကုသလ ဝိပါက်စက္ခုဝိညာဏ်ဖြစ်၍၊ အနိဋ္ဌာရုံဖြစ်သော် အကုသလဝိပါက် စက္ခုဝိညာဏ်ဖြစ်၏။ ၎င်းတွင် သမ္ပယုတ်တရားမရှိ။ ဝိပ္ပယုတ် တရားသာရှိ၏။ ထို့ကြောင့် ဥပေက္ခာ သဟဂုတ် စက္ခုဝိညာဏ်ဒွေဟုဆိုရ၏။ ဟိတ်လည်းမရှိသဖြင့် အကြောင်းတရား မဟုတ်ပေ။ အလွန်ပင်သိမ်မွေ့လှပါသည်။

အရဟတ္တ ဖိုလ်ဆိုက်သောအခါတွင်မှသာ - ဤအရဟတ္တဖိုလ်၏ မှီရာဝိညာဏ်တော် လမ်းဆုံး၏ ဘုရား- ပစ္စေကဗုဒ္ဓါ- သာဝကတို့၏ ပန်းတိုင်ဖြစ်ပေသည်။

တချို့ကမူ နိဗ္ဗာန်ကို အာရုံပြုနိုင်ရန်အလို့ငှာ -

မာတရံ ပိတရံဟံတွာ ရာဇာနော ဒွေ စ ခတ္တိယေ။

( ဓမ္မပဒ )

အမိနှင့်အဘ သတ်နိုင်မှ နိဗ္ဗာန်ကို ရောက်နိုင်၏ဟု ပဟေဠိ အားဖြင့် ဖွင့်ဆို ဟောကြားတော်မူ၏။ ၎င်းကို ဉာဏ်မမှီသူတို့ မကြိုက်နိုင်သည်ဖြစ်၍ ဗရမ်းဗတာ ကြက်ကန်းစွဲ ခုပ်တတ်ကြ၏။

အမှန်မူကား 'မာတရံ' = အမိနှင့်တူသော='တဏှာ'ကို၎င်း 'ပိတရံ' အဘနှင့်တူသော' အဝိဇ္ဇာ 'ကို၎င်းသတ်နိုင်မှဟုအဓိပ္ပာယ် ရသည့် မုချအနက်ကို သတိမူသင့်ပေသည်။

တဖန်တုံ -

သီလလဲခံ၊ နေလွဲပြန်၊ ထမင်းပြန်၍စား၊၊
နိဗ္ဗာန်ရောက်သည့်ဘုရား။

ဤဥလည်းတမျိုးခက်နေပြန်၏။ထမင်းဆိုတာက - နာမပညတ်၊ ထမင်းတွင် ပရမတ်အဋ္ဌကလာပ်ရုပ်-၈-ပါးရှိ၏။ အချုပ်ဆိုသော် အတည်ဒြပ်အားဖြင့်မရှိ- ခေါ်ဆိုရရုံမျှ ဖြစ်သော ထမင်းကို စားလို သော်စား၊ ထင်ရှားရှိသော အဋ္ဌကလာပ်ရုပ်ကိုကား မစားပါနှင့် ဟုဆိုလိုရင်း ဖြစ်ပါသည်။ (ပညတ်-ပရမတ်ခွဲဟန်တည်း)

ထို့ကြောင့်-ဤထေရဝါဒကို လိုက်စားအားထုတ်သောပုဂ္ဂိုလ်တို့ သည် 'စရိယသုံးပါး' ကို အပိုင် နားလည်ထားသင့်ပေသည်။

သို့ဖြစ်၍-တဏှာ ကိလေသာတို့မှ လွတ်ငြိမ်းပြီးသော ပုဂ္ဂိုလ် များကိုလည်း -

( တဏှာဆိုတာ ဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )

( ဘေးပေါင်း ရန်တကာဘယာမများဘို့ စောင့်ရှောက်ထားတဲ့ နိဗ္ဗာန်ကြီးပါ )

ဤမှာဘက်ကမ်းရှိ ဘေးရန်အပေါင်းကိုကြောက်၍ လာရောက်မှီလိုသူ အပေါင်းတို့အား အစအဆုံး စောင့်ရှောက်ခါထားတော်မူ၏။

သို့ဖြစ်သော် နိဗ္ဗာန်ထင်ရှား ရှိသည်ကား ယုံနိုင်ပါပြီ။ ၎င်းသည် ဘယ်နေရာ ဘယ်ဌာနမှာ ရှိပါသနည်းဟု အမေးပြုသော် ဗုဒ္ဓသျှင် တော်မြတ်၏ နိဗ္ဗာန်သည် ( တနည်း ) အရဟတ္တဖိုလ်၏ မှီရာဗုဒ္ဓဝိညာဏ်တော်သည် မလ္လာမင်းတို့၏ အင်ကြင်းပင် ပျို ၂-ပင် အကြား၌ ဝေမတ္တက ( တနည်း ) လွန်ဆန်းကြယ်စွာ တည်ရှိတော်မူ၏။ ထိုနည်းတူစွာပင်လျှင် အသျှင်သာရိပုတ္တရာ၏ အရဟတ္တဖိုလ်၏ မှီရာဝိဥာဏ်တော်သည် အသျှင်ဘုရားတော်မူရာ တိုက်ခန်း၌ ပရိနိဗ္ဗာန် ပြုတော်မူသည်ဖြစ်၍ ထိုတိုက်ခန်း၌ပင် တည်ရှိတော်မူ၏။ ရေတွက်ခြင်းငှာ မရနိုင်လောက်သော ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ အသျှင်မြတ်တို့၏ နိဗ္ဗာန်သည်လည်း ထိုထိုသော အသျှင်မြတ်တို့ ပရိနိဗ္ဗာန် စံဝင်ရာ နေရာ၌ပင်လျှင် တည်နေတော်မူ၏။

ထို့ကြောင့် သတ္တဌာနဘုံကိုးဝ၌တွင် ဤ ဝိ ညာ ဏ ဋ္ဌိတိရှိပေရာ ဥပမာ - ဝိညာဏစရိယရှိသော ကြက်ကလေးတကောင်ကို သတ်ဖြတ်သည်ဖြစ်စေ၊ ၎င်းဝိညာဏစရိယခေဏ်ကိုမထိပါးသဖြင့်အတိုင်းမရှိထူးဆန်းအံ့ဩဘွယ်ဖြစ်ပေသည်။ ' လောကနိဗ္ဗာန် 'ဟုသမုတ်အပ်ရပြန်ပါသည်။

( လောကဆိုတာ ဘယ်ဟာလဲလို့ သဘာဝ သိအောင် ရှာလိုက်စမ်းပါ )

( ငါးပါးအာရုံ ကာမဂုဏ်အငွေ့နှင့် အာရုံမတွေ့တဲ့ နိဗ္ဗာန်ကြီးပါ )

ကာမဂုဏ် အာရုံ ၅-ပါးတို့နှင့် မတွေ့နိုင်သော နေရာဖြစ်တော်မူ၏။ သို့ပင် အာရုံတွေချုပ်သော်လည်း ဤဝိညာဏစရိယ ဝိညာဏ်တော်ကား မချုပ်ပေ၊ လိုက္ခက်ဟာကွက်ဟူက မှုမျှမရှိပေ။

ဤမှာဘက်ကမ်း၌မူကား ကိလေသာ ကာမဂုဏ် အာရုံတွေလိုနေ၍ ထပ်ဖြည့်ရသော ဟာကွက်တွေ၊ ဤဝိပါက်ခန္ဓာကောင်ကြီးတွင် မျှမက နီးစပ်ရာတို့အတွက် မရေမတွက်နိုင်လောက်သော ဟာကွက်တွေကို အတောမသတ် ဖြည့်ပေး နေရသည်နှင့်ပင် တဘဝ တခန္ဓာဇာတ်သိမ်းကြရပေသည်။ သဲထဲရေသွန် အိတ်ပေါက်နှင့်ဖားကောက်ရသလို ဘယ်သောအခါမှာမှ ပြည့်သည်လို့ မရှိ။ သို့ပင်ဖြစ်ငြားလည်း ပြည့်လိမ့်နိုးဖြင့် မမောနိုင်–မပန်းနိုင်၊ ငိုတလှည့်ရယ်တခါဖြင့် လာလမ်းအတိုင်းပြန်ကြရပြီး၊ ပြန်လမ်းအတိုင်း လာကြရပြန်ပေတော့သည်။

ဤသို့သောနည်းဖြင့် သံသရာတလျှောက် လာခဲ့ရသည် ဖြစ်၍ သည်တကြိမ် သည်တခါတွင် မပြန်သော လာခြင်းဖြင့် ဟိုမှာဘက်ကမ်း၌ သလွန် ညောင်စောင်းထက်ဝယ်–

( ပရာယဏဆိုတာ ဘယ်ဟာလဲလို့ သဘာဝ သိအောင်ရှာလိုက်စမ်းပါ )

( လျှောင်းစက်မွေ့လျော် အစဉ်နေဘ် ဆိုက်သဖြင့် အလွန်ပျော်ပိုက်တဲ့ နိဗ္ဗာန်ကြီးပါ )

အေးမြကြည်လင်စွာ လျှောင်းစံနေတော်မူရ၏။
ဖြစ်–ပျက်ဆုံးလျှင် နိဗ္ဗာန်။
ဖြစ်–ပျက်ဆုံးလျှင် နိဗ္ဗာန်။
ဖြစ်–ပျက်ဆုံးလျှင် နိဗ္ဗာန်။
ဖြစ်ပျက်ဆုံးတာက-ပဌမ နိဗ္ဗာန်-အဟတ္တဖိုလ်။
ခဏတ္တယဆုံးတာက-ဒုတိယနိဗ္ဗာန်-အနန္တဝိညာဏနိဗ္ဗာန်ဖြစ်၏။
ခဏတ္တယဆုံးလျှင် နိဗ္ဗာန်။
ခဏတ္တယဆုံးလျှင် နိဗ္ဗာန်၊
ခဏတ္တယဆုံးလျှင် နိဗ္ဗာန်။

ဤသို့အားဖြင့် သံသရာ တလျှောက်လုံး မောရ ပန်းရမှန်းမသိ နိုင်လောက်အောင်ပင် အကုသိုလ်တွေကို ရှောင်ခဲ့ရ ရှားခဲ့ရကောင်း ရာသုဂတိမရောက်မှာစိုး၍ ဆည်းပူးလိုက်ရတဲ့ ကုသိုလ်တွေ၏ မကင်း သော ကျေးဇူးဖြင့် မျှော်မှန်း ရည်ရော်ခါ မှုန်မှုန်မွှားမွှား ဖြင့်သာ တင်းတိမ်ခဲ့ရသော ဤပရာယဏ နိဗ္ဗာန်မြတ်ကို ယခုမှပင် တွေ့မြင် ရပေပြီဟု ဥဒါန်း ကြူးရင့်တော်မူကြမည်မှာ အမှန်ပင်ဖြစ်ပေသည်။

ထိုကြောင့် ပုထုဇဉ် သတ္တဝါတို့၏ ဤမှာဘက်ကမ်း ဟာကွက် တွေဖြည့်ရမှုကို မဆိုထားဘိဦး၊ ကောဋ္ဌိနိဗ္ဗာန် အသျှင် မြတ် တို့၏ အကျိုးခန္ဓာ ဟာကွက်ဖြည့်ရမှုသည်ပင် စင်စစ်ဒုက္ခမမှ များသာ ဖြစ်ပေရကား၊ ၎င်းအကျိုးသင်္ခါရတို့အပြီးတိုင် ချုပ်ငြိမ်းခြင်းကို—

**သဗ္ဗသင်္ခါရ ဝူပသမတော**

ဟူ၍ ဟောတော်မူခြင်းဖြစ်ပေသည်။

( သန္တိဆိုတာဘယ်ဟာလဲလို့ သဘာဝသိအောင် ရှာလိုက် စမ်းပါ )

( သဗ္ဗသခ်တာ ချုပ်ပြတ်ငြိမ်း၍ အရှုပ်ဇာတ်သိမ်းတဲ့နိဗ္ဗာန် ကြီးပါ )

သတိ။ ဤတွင်အစ၌ အမေးပြုခဲ့သော ၄-ချက်သောပုစ္ဆာတို့ သည်၊ ရဟန္တာ ပုဂ္ဂိုလ် ပရိနိဗ္ဗာန် ပြုပြီးနောက် သဘာဝနှင့်ပတ်သက်၍ ပြဿနာတက်ခဲ့ပေသည်။ ကထာဝတ္ထုတွင် -

**ပရိနိဗ္ဗုတော၊ ပုဂ္ဂလော အတ္ထတ္တမှိ နတ္ထတ္တမှိ**

ပရိနိဗ္ဗုတော–ခန္ဓာပရိနိဗ္ဗာန်ပြုပြီးသော။ ပုဂ္ဂလော - ရဟန္တာ ပုဂ္ဂိုလ်သည်။ အတ္ထမှိ–နိဗ္ဗာန်၌။ အတ္ထိ - ရှိသလော။ အတ္ထမှိ–နိဗ္ဗာန်၌။ နတ္ထိ–မရှိလေသလော။

ဟူသော အမေးပြုချက်၌ အကျဉ်းနည်းအားဖြင့် ဝင်စားရန်မှာ ရဟန္တာ ပုဂ္ဂိုလ်၏ စုတိနောင်၊ နိရောဓသစ္စာ အနန္တ နိဗ္ဗာန်တွင်–

ရှိပုံမှာ - အရဟတ္တဖိုလ် ဝိညာဏ်တော်၏ မှီရာသဘာဝဖြင့်ရှိ၍ မရှိပုံမှာ ရုပ်- ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ပဋိစ္စသမုပ္ပါဒ် ဝိညာဏ်စသည့် ခန္ဓာ ၅-ပါးတို့ မရှိဖြစ်၏။

ဤသဘာဝ၌ အကျယ်နည်းကို လိုက်လိုသော် လိုက်နိုင်ပါသည်။ သို့သော် ဉာဏ်ငုံမိနိုင်စေရန်မှာ သိမ်မွေ့လှသောသဘော ဖြစ်ပါ သဖြင့်၊ ရှိပုံ - မရှိပုံတွင် သဿတဒိဋ္ဌိ - ဥစ္ဆေဒဒိဋ္ဌိတို့မှ လွတ်ပုံကို သာလျှင် အတတ်နိုင်ဆုံးကြိုးစား၍ မြင်သင့်လှပါသည်။

(ဘုရားသျှင် ကိုယ်တော်မြတ် ပရိနိဗ္ဗာန်ပြုတော်မူသောအခါ)

အရဟတ္တဖိုလ်၏ မှီရာဝိညာဏ စရိယဝိညာဏ်ဉာဏ်တော်ဖြင့် ကိလေသ ပရိနိဗ္ဗာန် ပြုတော်မူသည်။ ၎င်းနှင့်အတူ တပြိုင်တည်း မစ္စုမာန်၊ ဒေဝပုတ္တမာန်နှင့် အဘိသင်္ခါရမာန်အားလုံး အောင် တော်မူသည်။ အကျိုးဝိပါက်ခန္ဓာတော်သည်သာ ကြွင်းပေရာ ယခု ခန္ဓပရိနိဗ္ဗာန် ပြုမည်ဖြစ်သောအခါတွင်–

ဗုဒ္ဓသျှင်တော်မြတ်သည် ပဋ္ဌိသန္ဓေစိတ်ဖြစ်သော ဝိညာဏဌိတိကို ပဌမ အာရုံပြုတော်မူပြီးလျှင် ပဌမစျာန်မှသည် စတုတ္ထစျာန်ကို ထိုနောက်အရူပလေးစျာန်၊ ထိုနောက် နိရောဓသမာပတ်ကိုဝင်စား တော်မူ၏။ နိရောဓ သမာပတ်မှ ထ,တော်မူပြီး အရူပစတုတ္ထစျာန်မှ သည် ပဌမစျာန်တိုင်အောင် သက်တော်မူ၏။ တဖန်ပဌမစျာန်မှ သည် စတုတ္ထစျာန်တိုင်အောင် တက်တော်မူပြီး ၎င်းမှ ထ,တော်မူ ခါ၎င်းစျာန်အင်္ဂါကို ပစ္စဝေက္ခဏာဇောဝီထိ ပေါင်း ကုဋေနှစ်သန်း လေးသိန်းသော သမာပတ်ကို ဝင်စားတော်မူပြီးသည်၏ အဆုံး အလုံးစုံသော ရုပ် ၂၈-ပါး လောကီစိတ် ၈၁-ပါး မဂ်စိတ် ၄-ပါးတို့ ချုပ်ငြိမ်းခါ အရဟတ္တဖိုလ်၏ မှီရာဝိညာဏ်တော်သည်သာလျှင်-

အကုပ္ပါမေ ဝိမုတ္တိ။

ဓမ္မစကြာပါဠိတော်

မေ-ငါဘုရား၏။ ဝိမုတ္တိအရဟတ္တဖိုလ်၏မှီရာ ဝိညာဏ်တော် သည်။ အကုပ္ပါ - ဘယ်သောအခါ ဘယ်ကာလမှာမှ မပျက်စီး တော့ပြီ။ ဝါ - မချုပ်ငြိမ်းတော့ပြီ။ ဝါ -မသေတော့ပြီဖြစ်၏။

ဓုဝ - ခိုင်ခန့်တော်မူ၏။

အစလန—လှုပ်ရှားခြင်းရှိတော်မမူ။

သန္တိဘာဝ – ငြိမ်သက်သော လက္ခဏာနှင့် ပြည့်စုံတော်မူ၏။

တာဏ – ဘေးထူပြောသော အနတ္တ တောထဲမှ ထုတ်နှုတ် ကယ် တင်တော်မူ၏။

သရဏံ – ကိုးကွယ်အားထားရာ အစစ်လည်းဖြစ်တော်မူ၏။

သာရံ-အနှစ်အသားနှင့် ပြည့်စုံတော် မူပါပေ၏။

ပရာယဏံ – ငြိမ်သက်စွာ လဲလျောင်း၍ တည်နေတော်မူပြီး လျှင်—

**ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတောပဘံ။**

ဝိညာဏံ-နိဗ္ဗုတ အမည်ရသော နိဗ္ဗာန်ကို အမြဲအာရုံပြုသော လောကုတ္တရာ ညာဏစရိယ ဝိညာဏ်စိတ်သည်၊ ဝါ-အရဟတ္တဖိုလ်၏ မှီရာဝိညာဏ်တော်သည်၊ အနိဒဿနံ - တစုံတရာ ဥပမာဖြင့် ညွှန်ပြဘွယ်ရာသည် မရှိ၊ အနန္တံ သဿဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ တည်းဟူသော အယုတ်တရား၂-ပါးမှကင်းရှင်းဝေးကွာ၏။ဝါ-နိဗ္ဗာန်လည်းမည်၏။ သဗ္ဗတော - အခါခပ်သိမ်း ပဘံ - အမြဲတောက်ပ၍သာ တည်နေတော်မူပါပေ၏။

ဤမှာဘက်ကမ်းမှာ - နိဗ္ဗာန်။

ဟိုမှာဘက်ကမ်းမှာ အနန္တ နိဗ္ဗာန် ဖြစ်ပါသတည်း။

( အနန္တဆိုတာ ဘယ်ဟာလဲ့လို့ သဘာဝသိအောင် ရှာလိုက်စမ်းပါ )

( ရွှေနောက်ဝန်းကျင် စွန်းစကင်းသဖြင့် ထွန်းပလင်းတဲ့ နိဗ္ဗာန်ကြီးပါ)

# သရဏဂုဏ် ၃-ပါးတရားတော်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
စတ္တာရိ သစ္စာနိ ဗုဇ္ဈတီတိ ဗုဒ္ဓေါ။

စတ္တာရိ-လေးပါးကုန်သော သစ္စာနိ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ အရိယသစ္စာတို့ကို ဗုဇ္ဈတိ - ဥာဏစရိယဥာဏ်တော်ကြီးဖြင့် ဝါ-သဗ္ဗညုတဥာဏ်တော်ကြီးဖြင့် ထိုးထွင်း သိမြင်တော်မူတတ်၏။ ဣတိတသ္မာ-ထို့ကြောင့် ဗုဒ္ဓေါ-ဗုဒ္ဓမည်တော်မူပါပေ၏။

ဗုဒ္ဓသစ္စာ လေးချက် တရားနက်ကို သိတော်မူသော ဥာဏစရိယဥာဏ်တော်ကြီးကို ဝါ-ဥာဏစရိယဥာဏ်တော်ကြီးဖြင့် သိတော်မူ

သော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကို သရဏံ- သရဏံ ဂ္ဂတိ-ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ ဆည်းကပ်ကိုးကွယ်ပါ၏ အသျှင်ဘုရား။

ဗုဒ္ဓဘာသာဝင် အပေါင်းတို့သည် အများအားဖြင့် သိတတ်-မှတ်တတ်လောက်သော အရွယ်မှစ၍ မိဘဆရာတို့၏ သွန်သင်ညွှန်ကြား ဆုံးမချက်ဖြင့် ရတနာသုံးပါးကို ရွတ်ဆိုကိုးကွယ် ဆည်းကပ်လျက် လာခဲ့ကြပေသည်။ သို့ရာတွင် အဘယ်ကဲ့သို့သော အသိပညာဖြင့် ပူဇော် သက္ကာယမှုကို ပြုခဲ့နိုင်ပါသနည်းဟု စိစစ်ခဲ့ပါမူ မိမိတို့သိမှတ် တတ်သမျှ သညာ - ဝိညာဏ်သဘောဖြင့်သာလျှင် ဆည်းကပ်နိုင်ခဲ့ကြရပေသည်။ (တနည်း) ထို့ကြောင့် ပုထုဇဉ်တို့တွင် ဂ္ဂတိပိသောဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ–အစရှိသော ဂါထာကို မရွတ်ဆိုဘူးသူ နည်းမည်အမှန် ဖြစ်သော်လည်း ဘေးဆီးရန်ကာသဘောထက် ပိုသူရှားလှပေသည်။

ထောင်, သောင်း, သိန်းချီ၍ ဂုဏ်တော်ကို ပုတီးစိပ်ကြရပါသော်လည်း အာရုံ၊ အရိပ်၊ နိမိတ် မျှလောက် ထင်မြင်လျှင်ပင် ကြည်နူးကြရပါသည်။ သမထလုပ်ငန်းဖြစ်၍ ပညတ်နိမိတ်ထက်ပို၍ မထင်မြင်နိုင်ပေ။ မဂ်တရား၊ ဖိုလ်တရားကို မလိုသေး။ ကုသိုလ်သာ လိုပါသည်ဆိုက ပြောဘွယ်ရာမလိုပြီ။ သို့သော် ပြုသမျှသောကုသိုလ်ကောင်းမှုအလီလီတွင် မဂ်ဖိုလ်နိဗ္ဗာန်ကို အမြန်ရပါစေသား စသောဆုတောင်းကား နှုတ်ကျိုးနေပြီဖြစ်သည်ကို ဆင်ခြင် စဉ်းစားဘွယ် ဖြစ်ပေသည်။ ပါရမီအဆင့်ဆင့် အနုအရင့် ရှိသည်မှာယုံကြည်ရန် ရှိသော်လည်း ပါရမီပြည့်စုံ၍သာလျှင် မဂ်သာသနာ၊ ဖိုလ်သာသနာဖြင့် မကျိုးမကန်း ကြုံတွေ့ရပြီဖြစ်ရာ အဘယ်မှာလျှင် လျှော့ပေါ့တွက်ဆခြင်းငှာ ထိုက်ပါမည်နည်း။

ဤကိုရည်တော်မူသော ဗုဒ္ဓ အသျှင်မြတ်သည်-

သာသနာတော်ကို ကြည်ညိုလှသောကြောင့်မဟုတ်။ တခါတရံ သာ ဖူးမြင်ရသော ဘုရားသျှင်ကို အားမရ- မတင်းတိမ်၊ အမြဲ နေ့ည ကြည်ညိုနိုင်စေရန် အိုးအိမ်ပစ်၍ သာသနာ့ဘောင်သို့ ဝင် လာပြီးလျှင် ဘုရားသျှင်နားမှ မခွဲခွာမူဘဲ ဖူးမြင်လျက်သာ နေ လေ့ရှိသော ဝက္ကလိ မထေရ်အား-

**အလံ ဝက္ကလိကိံ တေ ဝက္ကလိ ဣမိနာ ပုတိကာယေန၊**
**ဒိဋ္ဌေန ယော ခေါဝက္ကလိ၊ ဓမ္မံ ပဿတိ၊**
**သော မံ ပဿတိ ယော မံ ပဿတိ သော ဓမ္မံ ပဿတိ၊**
**ဓမ္မံ ဟိ ဝက္ကလိ ပဿန္တော မံ ပဿတိ၊ မံ ပဿန္တော၊**
**ဓမ္မံ ပဿတိ။**

ဝက္ကလိချစ်သား -ဝက္ကလိ–အလံမသင့်ပြီ။ ဒိဋ္ဌေန-မျက်စေ့အကြည် ကိုမှီ၍ ဖြစ်သော။ စက္ခုဝိညာဏ်စိတ်ဖြင့် မြင်ရသော။ ဣမိနာ ပုတိ ကာယေန- အတ္တာဂါဟ သက္ကာယဒိဋ္ဌိတည်းဟူသော အလွန်ပုပ် သော။ ဉပါဒါနက္ခန္ဓာကိုယ်ဖြင့်။ တေ-သင်ချစ်သားအာ-ကိံ-အဘယ် အကျိုး ရှိအံ့နည်း။

ဝက္ကလိချစ်သား ဝက္ကလိ၊ ယောခေါ - အကြင်သူသည်။ ဓမ္မံ -သမု ဒယ ဓမ္မ၊ နိရောဓ ဓမ္မ၊ ခေတ်တရားကို။ ပဿတိ ဝိပဿနာဉာဏ စရိယ ဉာဏ်ဖြင့် မြင်စွမ်းနိုင်၏။ သော-ထိုမြင်စွမ်းနိုင်သော သူ သည်။ မံ-အနုပါဒါနက္ခန္ဓာ ဟူသော ငါဘုရားကို။ ပဿ တိ သမ္မာဒိဋ္ဌိ ဉာဏ်မျက်စေ့ဖြင့်သာလျှင် မြင်နိုင်၏။

ယော-အကြင်သူသည်။ မံ-ငါဘုရားကို။ ပဿတိ- မြင်၏။ သော- ထိုအနုပါဒါနက္ခန္ဓာတည်းဟူသော ငါဘုရားကိုမြင်အောင် ရှုကြည့်

နိုင်သောသူသည်။ မေ့ံ သမုဒယမမ္ဗ-နိရောဓ, မမ္ဗခေတ်ကြီးကို။ ပဿတိ- သိမြင်လေ၏။

ဟိသစ္စံ - အဟုတ်ကေန်မှန်၏။ ဝက္ကလိချစ်သား - ဝက္ကလိ၊ ဓမ္မံ- ဓမ္မခေတ်ကြီးကို။ ပဿန္တော-မြင်သောသူသည်၊ မံ-ငါဘုရားကိုပဿတိ- ငါ့ကို အမြဲမြင်တော့သည်သာလျှင်တည်း။ မံ-ငါဘုရားကို။ ပဿန္တော- ဉာဏစရိယဉာဏ်ဖြင့် မြင်နိုင်သောသူသည်။ ဓမ္မံ -အရိယာသစ္စာတရား ကို။ ပဿတိ - မြင်ရလေတော့၏။

ဟူ၍ဆိုဆုံးမတော်မူသည်က အစပြု၍ အသျှင်ဝက္ကလိ တရားအမှန် ကိုသိမြင်ရလေရာ-အချုပ်မှာမူ အသျှင်ဝက္ကလိသည် ဘုရားသျှင်အလို တော်ကျ မဟုတ်သော ဗဟိဒ္ဓပညတ် အာရုံတို့ပေါ်တွင် တင်၍ ကြည်ညိုနေသည်ပင်လျှင် တရားစစ် တရားမှန်ကို မသိမြင်သေး၍ ဖြစ်၏။ ဤကဲ့သို့ မသိမြင်နိုင်သေး၍လည်း ဘုရားသျှင်အစစ်ကို မဖူး မြင်ရခြင်းဖြစ်ပေသည်။ ဥပါဒါန်အစွဲဖြင့် ဖူးမျှော်သည်ဖြစ်၍ ဥပါ ဒါန် ဘုရားကိုသာ တွေ့ရခြင်းဖြစ်၏။ အနုပါဒါန်ဘုရားကို မရောက် နိုင်လေ။ အဘယ်ကြောင့်ဟူမူ-

ယံပဿတိ နတံဒိဋ္ဌံ ယံ ဒိဋ္ဌံ တံ နပဿ တိ။
အပဿံ ဗဇ္ဈတေမုဠှော ဗဇ္ဈမာ နော နမုစ္စတိ။

ယံ-အကြင် ရူပါရုံဆိုသော ရုပ်တရားကို။ ဝါ- အကြင်ဘုရားသျှင် ၏ ရူပါရုံဆိုသော ရုပ်ဘုရားကို။ ပဿတိ - ဖူးမြင်၏။ နဒိဋ္ဌံ - မြင် ကောင်းသောရုပ်။ ဝါ - ဒိဋ္ဌရုပ်မဟုတ်။ ဝါ- ဘုရားစစ် ဘုရားမှန် မဟုတ်။ ယံ- အကြင်ရုပ်ကို ဒိဋ္ဌံ- မြင်ကောင်းသောရုပ် အဖြစ်ဖြင့် ဝါ-ဒိဋ္ဌရုပ်အဖြစ်ဖြင့်။ ဝါ- အနုပါဒါန်ဘုရားအဖြစ်ဖြင့်။ တံ- ထို ရုပ်ကို နပဿတိ-မမြင်၊ အပဿန္တော - ထိုဒိဋ္ဌိကိုမမြင်သော။ မုဠှော တွေဝေသော သူသည် ဗဇ္ဈတေ - တဏှာ - မာန ဒိဋ္ဌိတို့ဖြင့် ဖွဲ့ချည်

မိလေ၏။ ဗဇ္ဈမာနော-ဤကဲ့သို့ ဖွဲ့ချည်မိသောသူသည်။ နမုစ္စတိ-သံသရာမှ မလွတ်မြောက်နိုင်။

(သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ)

ဟူသည်နှင့်အညီ သက္ကာယဒိဋ္ဌိ အညာဏစရိယ ဝိဥာဏ်ဦးစီးကာ မှုမမှန်သော ပူဇော်မှုဖြင့် မိစ္ဆာဖဿမှသည် ပဋိစ္စသမုပ္ပာဒ် စက်ရဟတ်လည်ပတ်ပြီး၊ ဇရာ - မရဏထိ သွားပေတော့၏။ ဗုဒ္ဓမြတ်စွာသည် ဘဝကို မစင်ကဲ့သို့ စက်ဆုတ်ရန် အကြိမ်များစွာ ဟောကြားတော်မူသည်ကိုလည်း သတိပြုရန် သင့်လှပေသည်။

သို့ဖြစ်၍ ၎င်းအညာဏစရိယ ဝိညာဏ်သည် ဘယ်သောအခါမှာမှ ကောင်းကျိုးချမ်းသာကို မပေးနိုင်။ ဤ၌ စောဒနာရန်ရှိ၏။ အကုသိုလ်ကို ရှောင်၍ ကုသိုလ်အထူးကိုပြုသော် မကောင်းဟု ပြောနိုင်ပါမည်လော ဟူငြားအံ့။ ဘုရားသျှင် အလိုတော်ကျ မဟုတ်သော မွေး-သေ မလွတ်သည့် ဝေဒယိတသုခခေါ် တဘဝ တနပ်စာ မျက်စေ့တမှိတ်စာမျှသာ ဖြစ်၍ အဘယ်မှာလျှင် ကောင်းပါသည်ဟု ပြောနိုင်ပါမည်နည်း။ ထို့ကြောင့် သံသရာနှင့်အမျှ မရေမတွက်နိုင်သော ဘဝများစွာတွင် ဘုရားရှာခဲ့ရသည်မှာ ပုထုဇဉ်တို့တွင် ယခုတိုင်အောင်ပင် ဖြစ်ပေသည်။ ဘယ်တော့ တွေ့နိုင်ပါမည်နည်းဟု အမေးပြုအံ့။ သာသနာတော်တွင်းမှာမှ မတွေ့နိုင်သော် ဘယ်သောအခါမှ မတွေ့နိုင်ဟုသာ ဖြေဆိုရန် ရှိပေသည်။

ရွှေရှိသောဘုရား၊ တံခိုးကြီးသည်ဟု အပြောများသောဘုရား၊ ပေါ်တော်မူဘုရား၊ ရောင်ခြည်တော်လွှတ်သည်ဟု ပြောကြသောဘုရား၊ ဘယ်ဘုရင်၊ ဘယ်မင်းကြီး တည်ထား ကိုးကွယ်သည်ဟု ပြောကြသောဘုရား၊ "အရှုံးမဘုရား ဖူးမသွားဘီလူးစားလိမ့်မည်ဟု ပြောကြသောဘုရား" စသည်ဖြင့် အဆုံးမရှိနိုင်သော ဘုရားရှာရမှု

ဖြင့် ငွေကုန် လူပမ်း ကိစ္စများကြ ရပေသည်။ ထို့ကြောင့် ရှေး အရိယာ သူတော်ကောင်းတို့က-

ရွာတရွာတွင် ငွေစု လူစုပြီး တမြို့တရွာသို့ ဘုရားဖူးသွားကြရန် ချက်ပြုတ်စီမံနေကြရာသို့ ပုဂ္ဂိုလ်ကြီး တယောက်လာပြီး" ဟေ့-ရှန်းစုရှန်းစုနှဲ့ ဘာများလုပ်နေကြသတုန်း "ဟုအမေးရှိရာ" ကျနော်တို့ အဝေးဘုရားဖူး သွားမလို့ စီစဉ်ချက်ပြုတ် နေကြတာပါ"ဟု ပြောသဖြင့် "ဒါဖြင့်ဟာ၊ ကျွတ်စိကျွတ်စိနဲ့ တိုးတိုးသက်သာ လုပ်ကြပါ၊ ရွာဦးကဘုရားကြားရင် အားနာစရာကြီး "ဟူသော ဆုံးမသတိပေးချက်ကိုသာမန်သဘောဟုမယူဆသင့်ပေ။ ထိုနည်းတူစွာ ဘုရားရှေးချယ်ရသည်မှာ ဂေါတမသျှင်တော်မြတ်ကိုပင်လျှဲ၍ အရိမေတ္တေယျ ဘုရားရှင်အောင် ဖြစ်သဖြင့်—

" ဘုရားကိုရှိပ်ပွားတော်နှင့် စေတီပုထိုးကွယ်တတ်ကြလှသည်။"ဟု ရှေ့ကျင် ဆရာတော်ဘုရားကြီး အမိန့်ရှိတော်မူခြင်း ဖြစ်ပေသည်။

ဤတွင် သာသနာတော် နောက်ပိုင်း ဖြစ်သည့် အ လျောက် သက်တော်ထင်ရှား သျှင်တော်မြတ်ကိုယ်စား-

၁၊ ဓာတုစေတီတော်။
၂။ ပရိဘောဂ စေတီတော်။
၃။ ဥဒ္ဒိဿ စေတီတော်။
၄။ ဓမ္မစေတီတော်။

များ ရှိနေပေသေးရာ ဆည်းကပ်ဖူးမျှော် ကြည်ညိုကြရမည်သာ ဖြစ်၏။ သို့သော် ဝက္ကလိမထေရ်မြတ်ကဲ့သို့ ကျေးဇူးကြီးနိုင်စေရန် အတွက် အဓိဂမသဒ္ဓါအာဂမသဒ္ဓါ- မေတ္တာဖြင့် ဆရာ အဆူဆူတို့ ဆုံးမသွန်သင်တော်မူခြင်း ဖြစ်ပေသည်။

ထို့ကြောင့် အစိန္တေယျအပ္ပမေယျ ဉာဏ်တော်သျှင်၊တံခိုးတော်သျှင်၊ဘုန်းတော်သျှင်၊ကံတော်သျှင်ဖြစ်တော်မူသော မြတ်စွာဘုရားအား သာဝကတို့ အနေဖြင့် မဆိုထားဘိဦး၊ သက်တော် ထင်ရှားဘုရားတဆူကပင်လျှင် နောင်တော်ဘုရား၏ ဂုဏ်တော်များကို ကုန်စင်အောင် ဟောပြတော်မူခြင်းငှာ တသိန်းတန်းပင် ပွင့်တော်မူသည်ဖြစ်စေ၊အချိန်မလုံလောက်ဖြစ်၏။အနန္တဂုဏ်တော်ဖြစ်သောကြောင့်ပေတည်း။

သို့ဖြစ်သဖြင့်မိမိတို့၏ ကြည်ညိုမှုသည် သူလိုကိုယ်လိုသာမန်မျှဖြစ်သော် ဘုရားသျှင် ကိုပြစ်မှားသည်ဖြစ်၍ ကုသိုလ်ထက် အကုသိုလ်က များနိုင်သည်ကို အထူးသတိပြုခါ ဘုရားသျှင် လက်ခံလိုလားတော်မူသော ဝိပဿနာ ဉာဏစရိယဉာဏ်ဖြင့် ပူဇော်နိုင်ပါမှသာလျှင် ဘုရားသျှင်တဆူမျှမဟုတ်၊ပွင့်တော်မူပြီး ပွင့်တော်မူဆဲမူတော်မူလတ္တံ့သော ဘုရားသျှင် အပေါင်းတို့ကို ပူးမျှော်ရသည် မည်သဖြင့် အတိုင်းမရှိ ကျေးဇူးကြီးလှပါသည်။

အများပြောဖြင့် ရော်ရမ်း၍တည်သောသုတသရဏဂုဏ်မဟုတ်၊ ဉာဏ်တွေ့၊သဘောတွေ့၊မနောတွေ့ဖြင့် တည်ရသော 'ဒိဋ္ဌသရဏဂုဏ်'ဖြစ်ပါ၍ နိဗ္ဗာန် စံဝင်သည့်တိုင်အောင် မိမိနှင့် မကွေမကွာ ကျောက်စာတိုင်ကြီးကဲ့သို့ မယိမ်းမယိုင် ကျန်ရှိနေသေးသော ဘဝတွင် အမြဲမသွေတည်နေကိန်းဝပ် စောင့်ရှောက်တော်မူမည် ဖြစ်ပါသတည်း။

ဤကိုရည်တော်မူသော ဘုရားသျှင်သည်—

ပရိနိဗ္ဗာန်ပြုခါနီးကာလ သော တာ ပန်တည်–အသျှင်အာနန္ဒာ ပူပန်သည်ကို မြင်တော်မူသဖြင့် "ချစ်သား အာနန္ဒာ၊ဘာကို ပူဆွေးဒုက္ခရောက်ဘိသနည်း–ယခုကဲ့သို့ ငါဘုရားမရှိငြားလည်း ငါဘုရား- ၄၅

ဝါအတွင်း ဟောကြားပြသဆိုဆုံးမထားပြီးသော ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀- သည် ငါဘုရားကဲ့သို့ပင် သင်ချစ်သားတို့အား ညွှန်ပြဆုံးမ ရစ်လိမ့်မည် ”ဟူ၍ မိန့်တော်မူရာ သက်တော်ထင်ရှားပင်မရှိတော့သော်ငြားလည်း ရှိဘိသကဲ့သို့ -

**နိဗ္ဗာနံ ဓာရေတိ တိ ဓမ္မော။**

ယော-သဘာဝေါ-အကြင်သဘောတရားသည်။ ယထာနုသိဋ္ဌံ-ဆုံးမတော်မူတိုင်း။ပဋိပဇ္ဇမာနေ-ကျင့်သော။ဝါ-အားထုတ်သောသူတို့ကို။အပါယ သံသာရဒုက္ခေသု - အပါယ် ဆင်းရဲသံသရာဝဋ်ဆင်းရဲတို့၌။အပတမာနေ-မကျစေသည် တို့ကို။ ကတွာ-ပြု၍။ နိဗ္ဗာနံ - နိဗ္ဗာန်သို့။ဓာရေတိ - ဆောင်တတ်၏။ ဣတိတသ္မာ—ထို့ကြောင့်။ သောသဘာဝေါ—ထိုသဘောတရားသည်။ဓမ္မော - ဓမ္မမည်၏။

သိလက္ခန်အဋ္ဌကထာ၌—

**ရာဂဝိရာဂမနေဇမသောကံ ဓမ္မမသင်္ခတမ ပဋိကူလံ မဓုရမိမံ ပဂုဏံသုဝိဘတ္တံ ဓမ္မမိမံ သရဏတ္ထမုပေသိ။**

ရာဂဝိရာဂံ-ရာဂကို အကြွင်းမဲ့ဖြတ်ထသော။ ဣမံဓမ္မံ - ဤမဂ်တရားကိုရင်း။အနေဇံ-တဏှာလည်းကင်းထသော။အသောကံ-စိုးရိမ်ခြင်းမရှိထသော။ဣမံဓမ္မံ- ဤဖိုလ်တရားကိုရင်း။အပဋိကူလံ-နှောင့်ရှက်ခြင်းမရှိထသော။မဓုရံ-ကောင်းမွန်ပြေပြစ်စွာ ထသော။ပဂုဏံ-အလေ့အလာပြုအပ်ထသော။သုဝိဘတ္တံ—ပိဋကတ်သုံးပုံဖြင့် ဝေဘန်အပ်ထသော။ဣမံဓမ္မံ-ဤပရိယတ္တိတရားကိုရင်း။သရဏတ္တံ-ကိုးကွယ်ခြင်းသို့။ဥပေတိ-ရောက်လေလော။

ဟူ၍ မိန့်ဆိုတော်မူလျက်ပင် ရှိပေရာ 'ရာဂဝိရာဂံ' ဟူသော ပါဠိဖြင့် မဂ်တရားကိုရင်း။ အနေဇံ- အသောကံဟူသော ပါဠိဖြင့်-ဖိုလ်တရားကိုရင်း၊ ဓမ္မံအသင်္ခတံ ဟူသော ပါဠိဖြင့် နိဗ္ဗာန်တရားကိုရင်း၊ အပဋိကူလံ မဓုရံ ပဂုဏံ သုဝိဘတ္တံ-ဟူသော ပါဠိဖြင့် ၈၄၀၀၀ သော ဓမ္မက္ခန္ဓာ အပေါင်းကိုရင်း ဆယ်ပါးသောတရားတော်မြတ် အပေါင်းကို ပူဇော်ဆည်းကပ် လက်ကိုင်ပြု၍ အားထုတ်ရမည်ဖြစ်ပေသည်။

တဖန်တုံ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀-ကို စိစစ်ပိုင်းခြား ပြန်သော်....

သုတ် ဝိနည်း အဘိဓမ္မာအားဖြင့်ရင်း၊
သီလ သမာဓိ ပညာအားဖြင့်ရင်း၊
ပရိယတ် ပဋိပတ် ပဋိဝေဓ အားဖြင့်ရင်း၊

နည်းပေါင်းများစွာ ပြားလျက် ဟောကြား ဆုံးမတော်မူထား၏။ ဤတွင် သာသနာတော် နှောင်းခေတ် ပုဂ္ဂိုလ်တို့ အဘို့ရာတွင် တမျိုး ကုသိုလ်ကောင်း၍ တဘက်မှ တမျိုးကုသိုလ်ဆိုးလျက် ရှိကြရပေသည်။ သက်တော်ထင်ရှားမှီ၍ အပြီးအပိုင်ပေါက်ရောက်တော်မူကြသော ရဟန္တာ အသျှင်မြတ်တို့သည်ပင်လျှင် မိမိတို့နှင့် ဆီလျော်သော ကမ္မဋ္ဌာန်းဖြင့်သာ တရားကိစ္စပြီးကြသည်။ ဟောတော်မူသော တရားအားလုံးကို မနာဘူး၊ မကြားဘူးသော အသျှင်မြတ်တို့က များပေသည်။

ယခုမှာမူကား ဓမ္မက္ခန္ဓာအပေါင်းတို့ဖြင့် ကုံးကြရပြီ၊ နာကြပြီ၊ ဘတ်ကြရပြီ၊သို့သော် ပေါက်ရောက်မှုမှာ မသေမချာ၊ မရေမရာ ဖြစ်ကြရသည်က များလှသဖြင့် အထူး စဉ်းစားသင့်သော ကိစ္စ

တရပ်ဖြစ်နေပေသည်။ ‘ကောဓဗ္ဗော့အရ’ ပိဋကတ် အပေါင်းကို အဆီ ညှစ်သော် ‘ဝိမုတ္တိရသ’ တပါးပင် ဖြစ်ပါသော်လည်း မိမိနှင့် လျော်သော တရားဖြင့် ဆုံတွေ့ရန်သည် အတိဒုလ္လဘဖြစ်ပေရာ ဆရာ များသည်နှင့်အမျှ တရားကလည်း နည်းမျိုးစုံလှ၍ ဘာမျှ မသိကြရ သေးသော ပုဂ္ဂိုလ်တို့မှာ အခက်အခဲများစွာနှင့် ရင်ဆိုင်ကြရပေ သည်။

ပါဠိကို ကိုး၍ ဘုရားဟောသည့် တရားဟု ဆိုရုံမျှဖြင့် ယုံကြည် ကြရ၏။ လိုက်နာ အားထုတ်ကြရ၏။ အမှန်တရား ရှိသည့်နည်းတူ လွဲမှားသောတရားလည်း ရှိနိုင်ပေရာ၊ မိစ္ဆာအာရုံများလှသော ဤ ခေတ်တွင် ခက်သည်ထက် ခက်လှပေတော့သည်။

ဤကို ရည်တော်မူ၍ မြတ်စွာဘုရား၏ မေးတော်မူချက်ကို အသျှင်သာရိပုတ္တရာက—

**သဗ္ဗုရိသ သံသေဝေါ တိ ဘန္တေ သောတာပတ္တိယင်္ဂံ၊ သဒ္ဓမ္မသဝနံ သောတာပတ္တိယင်္ဂံ၊ ယောနိသောမနသိ ကာရော သောတာပတ္တိယင်္ဂံ၊ ဓမ္မာနုဓမ္မ ပဋိပတ္တိ သောတာပတ္တိ ယင်္ဂံ။**

မဟာဝဂ္ဂသံယုတ် ပါဠိတော်

**ဘန္တေ—အသျှင်မြတ်ဘုရား-**

သပ္ပုရိသသံသေဝေါ = ဂုဏ်အင်္ဂါ ခုနစ်ရပ်ဖြင့် ပြီးပြည့်စုံသော ပညာရှိ သူတော်ကောင်းကို မှီဝဲ ဆည်းကပ်ရခြင်းသည် တပါး။

သဒ္ဓမ္မသဝနံ = သစ္စာလေးပါး တရားမြတ်ကိုကောင်းစွာ ကြားနာရခြင်းတပါး။

ယောနိသောမနသိကာရော = အမှန်တရား ရောက်အောင် ကောင်း စွာ နှလုံးသွင်း ဆင်ခြင်ရခြင်းတပါး။

ဓမ္မာနုဓမ္မပဋိပတ္တိ = သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးမှ မစွန်းမငြိ အောင်ကောင်းစွာအားထုတ်ရခြင်းတပါး။

ဤလေးပါးသော သဘောတရားတို့သည် "သောတာပန် ဖြစ်ကြောင်း အင်္ဂါလေးချက်ဖြစ်ကြောင်းပါဘုရား" ဟုလျှောက်ထားသော် သျှင်တော်မြတ် သာဓုခေါ်တော်မူပေရာ—

ဤလေးပါးအနက်မှ သပ္ပုရိသသံသေဝအင်္ဂါသည်အရေးအကြီး ဆုံးဖြစ်ကြောင်း အများသိပြီးပင် ဖြစ်ပေသည်။ အဘယ်ကြောင့် ဟူမူ အများသော ပုဂ္ဂိုလ်တို့သည် ပရိယတ်-ပဋိပတ် တရားတို့ဖြင့် မပြည့်စုံနိုင်သည်ဖြစ်သောကြောင့် ဂန္ထဓူရနှင့်တကွ ပဋိပတ် ပဋိဝေဓ တရားတို့ကို အပိုင်ပေါက်မြောက် ရရှိပြီးသော ဆရာမြတ်ကိုသာ မှီခို အားထားရသည် ဖြစ်သောကြောင့်တည်း။

ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော။

ယထာဘူတံဉာဏာယ-ဟုတ်မှန်သော ဉာဏ်ရှိသော။ သတ္ထာ— ဆရာကို။ ပရိယေသိတဗ္ဗော-မာန်ကိုချ၍ ရှာမှီးအပ်၏။

ဟူ၍ တနေ့တနေ့လျှင် ၅၂၈-ကြိမ်သော သတိပေးချက်ကို သျှင် တော်မြတ် မိန့်ဆိုတော်မူခြင်း ဖြစ်ပေရာ—

ဤကဲ့သို့ ဆရာကောင်း ဆရာမြတ်ကို မှီဝဲဆည်းကပ် ကြားနာ မှတ်သားရသော တရားအပေါင်းသည် သုတမယဉာဏ်ကို ရသည် ဖြစ်၍ ပရိယတ် သာသနာတည်ရ၏။ ( သာသနာ့ ကန်တောင် ရိုးနှင့်တူ၏။ )

ရင်း သုတမယဉာဏ်ကို အခြေပြုခါ "စိန္တာမယဉာဏ်" "ယထာဘူတဉာဏ်ကို" ရခြင်းဖြင့် ပဋိပတ် သာသနာတည်ရ၏။ (သာသနာ့ရေကန်ကြီးနှင့် တူ၏။)

ရင်း ယထာဘူတဉာဏ်ကို အခြေပြုကာ ဗိုလ် ၅-ပါးကို လက်ကိုင်ပြု၍ မလျော့သော လုံ့လဝီရိယဖြင့်ကြိုးစားနိုင်သော်"ဘာဝနာ မယဉာဏ်၊ ပဋိဝေဓဉာဏ်"၌ တည်တော့သဖြင့် ခိုင်ခန့်ကြည်လင်သော ရေကန်ကြီးတွင် ဆန်းကြယ်တင့်တယ်သော မဂ်ဘာရား ဖိုလ်တရားတည်းဟူသော ကြာပန်းပွင့်လန်းရတော့သည် အမှန်ဖြစ်ပါသည်။

စာမတတ်သူတို့မှာ သမုဒ္ဒရာပြင်ကျယ်ကဲ့သို့ အလွန်တရာမှ နက်နဲလှသော ပိဋကတ်တော်ကို ဝိပဿနာလုပ်ငန်း၏ အခြေခံမျှ ရယူပြီးလျှင် တဏှာဥပါဒါန် တရားယုတ်တို့ကို အပြီးတိုင် သုတ်သင်ရှင်းလင်းနိုင်သည့် သစ္စာလေးပါး အရိယာလုပ်ငန်းစဉ်ကိုသာ အားထုတ်ကြရန် ဖြစ်ပေသည်။ သို့မဟုတ်ပါမူကား—

"တရားကို ပိဋကတ်ကွယ်တတ်လှကြသည်။"

ဟူသော ရှေ့ကျောင်းဆရာတော်ဘုရား၏ ဆုံးမတော်မူချက်ကို သတိမမူရှိမည်ဖြစ်ပါသည်။

ဤတွင် သံသရာတလျှောက် ဖြစ်ရာဘဝတွင် သူပြော လူပြော စာပြောဖြင့် မျှော်မှန်းရမ်းဆခါ အငွားပူဇော်ကြည်ညို၍ လာခဲ့ရသော ဗဟိဒ္ဓတရားသည် ယခု ကိုယ်ပိုင်အဇ္ဈတ္တတရား ဖြစ်တော့၍ ဟိုမှာ သည်မှာ သူတပါးထံမှာမဟုတ်၊ သုတသရဏဂုဏ်မဟုတ်၊ ဒိဋ္ဌသရဏဂုဏ်အရာ၌ တည်သဖြင့် ဗုဒ္ဓမြတ်စွာ လိုလားတော်မူသည့်အတိုင်း-ဘုရားစစ်ကို(တနည်း)အနုပါဒါန်ဘုရားကို ဝိပဿနာ ဉာဏ

စရိယ(တနည်း)မဂ်ဥာဏ် ဖိုလ်ဥာဏ်ဖြင့် ဖူးတွေ့ရပြီ ဖြစ်ပါသော ကြောင့်(တနည်း)သဒ္ဓာတဂုဏ်တော် အစရှိသော တရားဂုဏ်တော် ၆-ပါးဖြင့် ပြည့်စုံပြီဖြစ်သောကြောင့်—

ဓမ္မံ သရဏံ ဂစ္ဆာမိ။

ဓမ္မံ-မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ်ဆယ်ပါး သောလောကုတ္တရာတရားအပေါင်းကို။ သရဏံ-သရဏံဂုတိ-ကိုးကွယ်ပုန်းအောင်း လည်းလျှောင်းရာဟူ၍—ဂစ္ဆာမိ-ဆည်းကပ်ပါ၏ ဘုရား ဟူသည့်တိုင်း ဘယ်သောအခါမှာမှ မဖောက်ပြန်သော ဓမ္မသရဏဂုဏ်၌ တည်သည်ဖြစ်တော့၏။

ဒိဋ္ဌိသီလသံဃာ တေန သံဟတော တိ သံဃော။

ယောအရိယပုဂ္ဂလော-အကြင် အရိယာပုဂ္ဂိုလ်ကို။ ဒိဋ္ဌိသီလ သံဃာတေန-အယူသီလတို့၏ ပေါင်းအပ်သည်၏အဖြစ်ဖြင့်။ ဝါ-အယူသီလ တူမျှသည်ဟု ဆိုအပ်သော. ပေါင်းခြင်းဖြင့်။ သံဟတော-ပေါင်းအပ်၏။ ဣတိတသ္မာ – ထို့ကြောင့်။သော အရိယပုဂ္ဂလော -ထိုအရိယာပုဂ္ဂိုလ်သည်။ သံဃော - သံဃာ မည်၏။

တနည်း—

သမဂ္ဂံကမ္မံ သမုပဂစ္ဆတီတိသံဃော။

ယော ပုဂ္ဂလ သမူဟော -အကြင် ပုဂ္ဂိုလ်အပေါင်းသည်။ သမဂ္ဂံ-အညီအညွတ်။ ကမ္မံ—ကံကို။ သမုပဂစ္ဆတိ-ကောင်းစွာ ကပ်တတ်၏။ ဣတိတသ္မာ -ထို့ကြောင့်။ သောပုဂ္ဂလသမူ ဟော-ထိုပုဂ္ဂိုလ်အပေါင်းသည်။သံဃော-သံဃာမည်၏။

ဤတွင် သရဏဂုဏ် အရာ၌ သီလဝန္တလဇ္ဇီပေသလ သိက္ခာကာမကလျာဏ ပုထုဇဉ်သံဃာသည် မဂ်၏ ရှေ့အဘို့၌ဖြစ်သော မဂ်အား လျော်သောအကျင့်၌ တည်သောကြောင့် သေက္ခသညာ အရိယာ သံဃာ၌ သင်္ဂြိုဟ်ရေတွက်အပ်သည်ဖြစ်၍ သံဃာအရ ဖြစ်ခဲ့ပေရာ ဒက္ခိဏေယျ သံဃာ, သမုတိသံဃာ-နှစ်ပါးကိုပင် ယူအပ်ပါသည်။ စီစစ်သိရှိရန် သဘောကား များလှပါသည်။ သို့ဖြစ်၍ မိမိကိုယ်တိုင်က သရဏဂုဏ် မတည်ပါသော် အဘယ်သို့သော နည်းဖြင့် တပါးသော သံဃာအသျှင်မြတ်ကို ဆည်းကပ်ကိုးကွယ်တတ်ပါမည်နည်း။ အထက်ဟောစဉ်မှာကဲ့သို့ ဘုရားနှင့် တရားရှာရသည့်နည်းတူ ယခု သံဃာကိုလည်း ရှာရပေဦးမည် ဖြစ်ပေရာ—

သံဃာကို ဘုန်းကြီး ကွယ်တတ်လှကြသည်။

ဟူသော ရှေ့ကျင်ဆရာတော်ဘုရား၏ အဆုံးအမအတိုင်း ဖြစ်မည်မှာ မလွဲနိုင်သဖြင့် သုပ္ပဋိပန္နအစရှိသော သံဃာဂုဏ်တော် ၉-ပါး တည်တော်မူရာ အရိယာ အသျှင်မြတ်အဖြစ်သို့ ထေရဝါဒ အရိယာ သစ္စာနည်းဖြင့် အရောက်တက်လှမ်းနိုင်ခဲ့သော(တနည်း)တက်လှမ်းပြီးခဲ့သော—

သံဃံ သရဏံ ဂစ္ဆာမိ။

> သံဃံ-မဂ်ပုဂ္ဂိုလ် လေးယောက်၊ ဖိုလ်ပုဂ္ဂိုလ် လေးယောက်၊ ရှစ်ယောက်သော ပရမတ္ထသံဃာတော်အသျှင်မြတ်တို့အား။ သရဏံ-သရဏံ ဣတိ-ကိုးကွယ်ပူဇော်ရာဟူ၍။ ဂစ္ဆာမိ-ဆည်းကပ်ပါ၏ အသျှင်ဘုရား။

ဟူသည်နှင့်အညီ အမှန်တရားကို သိမြင်သည့်အတိုင်း သံဃာအစစ်အမှန်အဖြစ်သို့ ဆိုက်ရောက်ပြီးဖြစ်သည့်နည်းတူဘုရားရှင်အလိုသော်ကျ ဖြစ်သော သစ္စာတရားဖြင့် ဘုရားစစ်ကိုပါ ဖူးမြင်ရသဖြင့်—

ဤသရဏဂုဏ် သုံးပါးသည် နိဗ္ဗာန်တိုင်အောင် မယိမ်းမယိုင် မပြိုမပျက် မရွေ့မလျော တစပ်တည်း ကိန်းအောင်းတည်နေတော်မူလိမ့်သတည်း။

# ပစ္ဆိမဗုဒ္ဓဒေသနာတော်

အရှည်တွင်သံသရာ၊အချည်ကတော့ တဏှာ၊သံသရာကိုတိုအောင် ဖြတ်၊ တဏှာကို သေအောင်သတ်၊ တောင်တွင်လည်း မြင့်မိုရ်၊ မြင်း တွင်လည်း အဿမိုရ်၊ ဂုဏ်ရှိရာဆိုခဲ့မည်။ မြင့်မိုရ်ကိုပုံပြု၍ ကုသိုလ် ကို များအောင်စု၊ ကောင်းမှုကိုများအောင်ကြံ၊ သတ္တဝါ ကောင်း မကောင်း အကြောင်းကံသာ စီမံတော့သည်။ ကံသာလျှင်အမိ၊ ကံသာလျှင်အဖဆိုတာက လောကစကား၊ ဉာဏ်သာလျှင် အမိ၊ ဉာဏ်သာလျှင် အဖဆိုတာက ဂေါတမဘုရား၊ ဟောပြလို့ ထား တာက—

> ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ၊
> ဝယဓမ္မာသင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

ဘိက္ခဝေ-အစစ်ပါးနပ်တဲ့ ချစ်သားမြတ်တို့။ ဒါနိ—ဣဒါနိ-ယခုအခါ ကာလ၌။ ဟန္ဒ-သက်တော်ရှစ်ဆယ် ဝါလေးဆယ်ငါး မရပ်မနားဘဲ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးခဲ့ရသဖြင့် ခန္ဓာတော် ရိုန္မမ်း၍ ငါကိုယ်တော်မြတ် တကာယ်ပင် ပင်ပန်းခဲ့လှလေပြီ။ ဝါ- ကုသိန္နာရုံ ပင်မျိုးစုံသည့် ရဂုံသာမော အင်ကြင်းတော၌ မြောက် သို့ ဉကျွောင်းပြုခါလျောင်း၍ ထေရ်ပေါင်းခြံရံ နန်းနိဗ္ဗာန်ကို ဝင် စံမည့်ဆဲဆဲ ချိန်ခါထဲ၌။ ဝေါ-ရင်သွေးရတနာ သားသက်လျာဟု ကရုဏာထား သင်ချစ်သားတို့အား။အာမန္တယာမိ-သတိတရား အသိ မမှားရအောင် ထင်ထင်ရှားရှား မိန့်ကြားသိတော်မူခဲ့ပါအံ့-

သခ်ါရာ-အစဉ်ထာဝရ၊ ဘင်မှာကြတော့၊ ခင်စရာမရနိုင်တဲ့၊ ဓမ္မာရုံ သင်္ခါရတို့သည်။ဝယဓမ္မာ-လှစ်ခနဲ-လှစ်ခနဲ-လှစ်ခနဲ-လှစ်ခနဲနှင့် အဖြစ်ကလဲမစဲ၊ အပျက်ကလဲ မစဲနိုင်ဘဲ၊ ထိတ်စရာတမျှ အဝိဇ္ဇာကစတာကြောင့် ဟော-စိတ်သာချပေတော့၊ အနိစ္စဝတ တို့ပါတကား။အပ္ပမာဒေန-မေ့မေ့လျော့လျော့၊ ပေါ့ပေါ့ တန်တန်၊ မနေခြင်းဖြင့်။ သမ္ပာဒေထ - ပြည့်စုံရစ်ကြပါကုန်လော့။ သမ္ပာဒေထ- မြင်ရာမှာလဲ မမေ့နှင့်၊ ကြားရာမှာလဲမမေ့နှင့်၊ နံရာမှာလဲမမေ့နှင့်၊ စားရာမှာလဲ မမေ့နှင့်၊ ထိရာ တွေ့ရာ သိရာတို့မှာလဲ မမေ့လိုက်ကြပါနှင့်၊ မေ့တတ်တဲ့ ဝါသနာကို တနေ့မကြာမကြာ အမြဲသတိထုံရစ်ကြပေတော့ သြော်-တကတဲ ပြည့်စုံရစ်ကြပါကုန်လော့—

စိရံ တိဋ္ဌတု သဒ္ဓမ္မော။

သဒ္ဓမ္မော-မွေးသေလွတ်တဲ့ သူတော်ကောင်း တရားသည်။ စိရံ-ကြာမြင့်စွာသော ကာလပတ်လုံး။တိဋ္ဌတု-တည်တော်မူပါစေသတည်း။ ။

ဤတွင် တခဏ်းရပ်၍ ပြီးဆုံးပါသည်။

# အမှားပြင်ဆင်ချက်

| စာမျက်နှာ | အကြောင်းအရေ | အမှား | အမှန် |
|---|---|---|---|
| ၁၀ | ၁၃ | ပဋ္ဌိဝိဇ္ဇိတုံ | ပဋ္ဌိဝိဇ္ဈိတုံ |
| ၂၀ | ၆-၇ | ပရမတ္တ | ပရပတ္တ |
| ။ | ၁၃ | ကိလာမထဥ္ဒ | ကိလမထဥ္ဒ |
| ။ | ၁၀ | ပတာတဗ္ဗတရား | ပဟာတဗ္ဗတရား |
| ၂၁ | ၄ | မရမတ္တ | ပရမတ္တ |
| ။ | ၇ | ပရမတ္တဝိပါတ်ခန္ဓာကို | ပရမတ္တ ဝိပါက်ခန္ဓာ |
| ။ | ၂၃ | ဒါနမျှ၊ သီသမျှ၊ ဘာဝနာမျှ | ဒါနမှု သီလမှု၊ ဘာဝနာမှု |
| ၂၂ | ၁၀ | ကာယိကဒုက္ခ | ကာယိကဒုက္ခ |
| ။ | ၁၉ | ပရမတ္ထသစ္စ | ပရမတ္ထသစ္စာ |
| ၂၃ | ၇ | ဒုက္ခေညာဏ်ဝိဇ္ဇာ | ဒုက္ခေဉာဏ်ဝိဇ္ဇာ |
| ။ | ၁၂ | ဝိဒ္ဓံယံဝိန္ဒတီတိဝိဇ္ဇာ | ဝိဒ္ဓံယံဝိန္ဒတီတိဝိဇ္ဇာ |
| ။ | ၂၀ | ပဋ္ဌိဝိဇ္ဇိတုံ | ပဋ္ဌိဝိဇ္ဈိတုံ |
| ။ | ၂၁ | ဝိဇ္ဇာဥာဏ်သည် | ဝိဇ္ဇာဉာဏ်သည် |
| ။ | ၂၂ | သစ္စ | သစ္စာ |
| ၂၄ | ၇ | ပဋ္ဌိသမ္ဘိဒါမဂ် | ပဋိသမ္ဘိဒါမဂ် |
| ။ | ၁၉ | ပဋ္ဌိဝိဇ္ဇိတုံနဒေထိ | ပဋိဝိဇ္ဈိတုံနဒေတိ |
| ၂၇ | ၁၁ | ပဿိတုံပဋိဝိဇ္ဇိတုံ | ပဿိတုံပဋိဝိဇ္ဈိတုံ |
| ။ | ၁၃ | ဤဝိဇ္ဇာဥာဏ်သည် | ဒုက္ခသ ဤဝိဇ္ဇာဉာဏ်သည် |
| ။ | ၁၄ | သမုဒယသ | ဒုက္ခသမုဒယသ |

| စာမျက်နှာ | အကြောင်းအရေ | အမှား | အမှန် |
|---|---|---|---|
| ။ | ၁၇ | ဇနိတုံ | ဇာနိ |
| ၂၈ | ၁ | ဒုက္ခသမုဒယေညာဏံ | ဒုက္ခသမုဒယေဉာဏံ |
| ၂၉ | ၄ | ယထာဝ | ယာထာဝ |
| ။ | ၅ | ပဋိဝိဇ္ဇတုံ | ပဋိဝိဇ္ဈတုံ |
| ၃၀ | ၂ | ဥပ္ပာဒေ | ဥပ္ပာဒေါ |
| ။ | ၈ | ဇယမင်္ဂေါ | ဧသမင်္ဂေါ |
| ။ | ၁၁ | ဒုက္ခဆင်းရဲလှကုန်၏ | ဒုက္ခာဆင်းရဲ လှကုန်၏ |
| ၃၇ | ။ | အရိယသစ္စဏ်ကို | အရိယသစ္စာဉာဏ်ကို |
| ၃၉ | ၁၈ | ပတ္ထပဋိသမ္ဘိဒါ | အတ္ထပဋိသမ္ဘိဒါ |
| ၄၈ | — | စာမျက်နှာပါ ညာဏံ စာလုံးဟူသမျှကို "ဉာဏံ" ဟု ပြင်ဆင်ဖတ်ရှုပါကုန်။ | |
| ၅၂ | ၁၅ | ခန္ဓတဏှာ | ဂန္ဓတဏှာ |
| ၆၂ | ၁၆ | ဓမ္မ၃ချက်ကြောင့် | ဓမ္မ ၃ ချက် ကြောင့်ဖသော |
| ၇၀ | ၆ | ဝိသဝယာ | ဝိသယော |
| ။ | ၁၅ | ဝိထိစိတ်သည် | ဝီထိစိတ်သည် |
| ။ | ၂၃ | သဒါရုံ | တဒါရုံ |
| ၇၂ | ၁၃ | ခန္ဓာရှုရုံ | ခန္ဓာကိုရှုရုံ |
| ၇၅ | ၇ | အစိုးရ၏သည် | အစိုးရသည် |
| ၇၆ | – | စာမျက်နှာပါနောက်ပိုင်း/ ရှေ့ပိုင်း ပရမတ္တ စာလုံး ဟူသမျှကို ပရမတ္ထ-ဟူကုန်။ | |
| ၇၈ | ၉ | ဌပတွာ | ဌပေတွာ |
| ၇၉ | ၅ | ရူပါရုံအဆင်းကို | ရူပံ-အဆင်းကို |

| စာမျက်နှာ | အကြောင်းအရေ | အမှား | အမှန် |
|---|---|---|---|
| ၈၄ | ၁၆ | အညာသိကောဏ္ဍာညော | အညာသိ ကောဏ္ဍာညော |
| ၈၅ | ၂ | ဒီယတိ | ခီယတိ |
| ။ | ၃ | အပါယဂမနီ | ဒ္ဒပါယဂမနီ |
| ။ | ၂၀ | ကာမသဝမှာ | ကာမာသဝမှာ |
| ၈၉ | ၃ | ဇီပ | ဇီဝ |
| ။ | ၆ | နိဇ္ဇဝသ | နိဇ္ဇီဝသ |

၉၄ - စာမျက်နှာပါ " ဣတ္တိလိင် " စာလုံးဟူသမျှကို " ဣတ္ထိလိင်"ဟု ဖတ်ရှုပါကုန်။

| စာမျက်နှာ | အကြောင်းအရေ | အမှား | အမှန် |
|---|---|---|---|
| ၁၀၉ | ၃ | သမုဒြာ၌ | သမုဒ္ဒရာ၌ |
| ၁၁၅ | ၁၇ | နာထိကရွာ | နာတိကရွာ၌ |
| ၁၁၇ | ၅ | သူဌေးသမီးရှုမပတီ | ရှုပဝတီသည် |
| ၁၂၀ | ၃ | ပုဂ္ဂိလ်သည် | ပုဂ္ဂိုလ်သည် |
| ။ | ၁၀ | ဖိုကိုစွလ်နှင့် | ဖိုလ်ကိုစွနှင့် |
| ၊ | ၁၅ | အမှားသရားကို | အမှားတရားကို |
| ၁၂၄ | ၅ | ဟူရှုမြင်မကောင်း | ဟူရှုမမြင်ကောင်းသော |
| ၁၂၅ | ၁၀ | ဗြဟ္မာဏပါဒနှင့် | ဗြဟ္မဏဝါဒနှင့် |
| ။ | ၂၂ | ကာမသုခလ္လကာ | ကာမသုခလ္လိကာ |
| ၁၃၀ | ၃ | အနုလောမိကံ | အနုကောမိကံ |
| ။ | ၅ | ပက္ခန္ဒတိတိ | ပက္ခန္ဒတီတိ |
| ။ | ၁၄ | အညတတ္တ | အညတတ္တံ |
| ။ | ၁၈ | အညတတ္တ | အညထတ္တံ |
| ၁၃၄ | ၈ | ဒိဋ္ဌိရာဂရတ္တေ | ဒိဋ္ဌိရာဂရတ္တေ |
| ၁၃၅ | ၁၃ | အနတ္တာ | အနတ္တာတိ |

| မျက်နှာ | အကြောင်းအရေ | အမှား | အမှန် |
|---|---|---|---|
| ၁၃၆ | ၇ | အတိတဘင် | အတီတဘင် |
| ၁၃၇ | ၁၂ | ပဥ္စက္ခန္ဓာ | ပဥ္စက္ခန္ဓ |
| ။ | ၁၄ | ခန္တိ | ခန္တိ |
| ၁၃၉ | ၁၁ | အနာဂါတ် | အနာဂတ် |
| ။ | ၁၄ | သတ္တိမရှိ | သတ္တိမရှိ |
| ၁၄၁ | ။ | လုံးစံအာဝနိယဂုဏ် | လုံးစုံဘာဝနိယဂုဏ် |
| ၁၄၂ | ၁၃ | အနတ္ထ | အနတ္တ |
| ၁၄၃ | ၇ | ဇကတ္ထ | ကေတ္တ |
| ၁၄၄ | ၁၂ | ဝိမုတ္ထိ | ဝိမုတ္တိ |
| ၁၄၆ | ။ | သဗ္ဗရုပံ | သဗ္ဗံရုပံ |
| ၁၄၉ | ၃ | နေဝသေက္ခနာက္ခ= | နေဝသေက္ခနာသေက္ခံ |
| ၁၅၁ | ၉ | ပဘာဝတိ၏ | ပဘာဝတီ၏ |
| ။ | ၁၂ | အာသဝါသင်္ခါရာဟိနာ | အာသဝါ သင်္ခါရာဟီနာ |
| ။ | ၁၇ | ပဏိဘာ | ပဏီတာ |
| ၁၅၂ | ၁ | မဟာဂရုဏာတော် | မဟာကရုဏာတော် |
| ။ | ၄ | အဘယ်ကဲ့သို့သော ကိစ္စကြီး | အဘယ်ကဲ့သို့ သော ငုဒ္ဓကိစ္စကြီး |
| | ၁၉ | (၁)အနုဿယ= | (၁)အနုသယ = |
| ။ | ၂၂ | (၂)ပရိယုဋ္ဌာန | (၂)ပရိယုဋ္ဌာန |
| ၁၅၄ | ဂ | (မဇ္ဈိနိကာယ်ကြည့်) | (မဇ္ဈိမနိကာယ် ကြည့်) |
| ၁၅၈ | ၁၅ | နမတီတိနာဗုံ | နမတီတိနာမံ |
| ။ | ၁၇ | စိန္တေ်တီတိစိတ္တံ | စိန္တေတီတိစိတ္တံ |

| စာမျက်နှာ | အကြောင်းအရေ | ကမှား | အမှန် |
|---|---|---|---|
| ၁၆၀ | ၂၃ | အဗန္ဓသည်းခြေ | အဗဒ္ဓသည်းခြေ |
| ၁၆၇ | ၁၅ | မသွားတတ်သော ဝေဒနာ | သွားတတ်သော ဝေဒနာ |
| ၁၆၉ | ၇ | ခဏတ္တအနိစ္စ ဖြစ်၏ | ခဏတ္တယအနိစ္စ ဖြစ်၏။ |
| ၁၇၂ | ၂ | မတ္တိမဂ်သကဒါဂါမိဂ် | ပတ္တိမဂ်သကဒါ ဂါမိမဂ် |
| ။ | ၃ | အနာဂါမိဂ် | အနာဂါမိမဂ် |
| ၁၇၃ | ၂ | သူ့အဖွဲ့မို့ | သူ့အစွဲမို့ |
| ၁၇၅ | ၄ | အနာဂတ် | အနာဂါမ် |
| ၁၇၆ | ၁ | ဤရွှေတွင်ကား | ဤတွင်ရွှေကား |
| ၁၇၈ | ၁၈ | သမဂ္ဂိသဘော | သမဂ္ဂီသဘော |
| ။ | ၂၀ | သင်္ခါရက္ခနာ | သင်္ခါရက္ခန္ဓာ |
| ၁၇၉ | ၁၄ | ဝိညာဏက္ခနာ | ဝိညာဏက္ခန္ဓာ |
| ၁၈၄ | ၄ | ဒုက္ခနိရောဝေ | ဒုက္ခနိရောဓေ |
| ။ | ၅ | ဒုက္ခနိရောဝဂါမိနိ ပဋိမဒါ | ဒုက္ခနိရောဓဂါ မိနိပ္ဋိပဒါ |
| ။ | ၁၁ | အပ့ါယဂမိနိယော | အပါယဂမိနိယော |
| ။ | ၁၇ | အဝါသဝေါ | ဘဝါသဝေါ |
| ၁၉၂ | ၁၂ | "ပဏိတ" | "ပဏီတ" |
| ။ | ၁၄ | "ယိန" | "ဟီန" |
| ။ | ၁၆ | ဘုရပ်အဖြစ်ဖြင့် | ဘုရင်အဖြစ်ဖြင့် |
| ။ | ၂၀/၂၂ | 'အာဒိနဝ' | 'အာဒီနဝ' |

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၉၃ | ၄ | မလှဲ့အရှောင်သာ | မလှဲ့မရှောင်သာ |
| ၁၉၄ | ၃ | အပ္ပ | အပ္ပိ |
| ။ | ၄ | စယောဟိ | ပိယောဟိ |
| ၁၉၆ | ၁ | သစ္စာနိဝိဘာဝယန္တိ | သစ္စာနိဝိဘာဝ ယန္တိ |
| ။ | ၇ | ကိဉ္စာပတော | ကိဉ္စာပိတော |
| ။ | ၁၆ | ဘုံဘာဝကို | ဘဝံဘာဝကို |
| ၁၉၇ | ၁ | သောတပန် | သောတာပန် |
| ၁၉၉ | ၁၁ | ကာသ | ကာယ |
| ။ | ၁၅ | အာနေဥာဘိ | အာနေဉ္ဇာဘိ |
| ၂၀၀ | ၁၄ | နိရောသစ္စာကား= | နိရောဓသစ္စာကား= |
| ၂၀၁ | ၁၀ | တဖန်ထုံ | တဖန်တုံ |
| ၂၀၂ | ၁ | ဒဂ္ဂတိဘုံသား | ဒုဂ္ဂတိဘုံသား |
| ။ | ၂ | သုဂ္ဂတိဘုံသား | သုဂတိဘုံသား |
| ။ | ၁၀ | ဒွသဖြင့် | ဒွဟဖြင့် |
| ။ | ၁၃ | 'ဟုဂါနဒ္ဓ' | 'ယုဂနဒ္ဓ' |
| ။ | ၂၁ | ဆုံးမဘောင်လည်း | ဆုံးမတောင်လည်း |
| ၂၀၃ | ၉ | (ဗာလဆိုတာ | (ဗာလျဆိုတာ |
| ၂၀၅ | ၇ | အတ္တေသုစေတီပကာ သောတီဘိ | အတ္တေသုဖေတီပကာ သောတီတိ |
| ၂၀၆ | ၉ | ဗဟိဒ္ဓါ/အဘိဘုယျ | မဟိဒ္ဓ/အဘိဘုယျ |
| ။ | ၁၀ | ဂေါကြဘူ | ဂေါတြဘူ |
| ၂၀၇ | ၂ | ပက္ခန္တတိတိဂေါကြဘူ | ပက္ခန္ဒဟိတိဂေါ တြဘူ |

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၀၈ | ၉ | ဘူဝိရောဂါသယိ | ဘုရောဂါသယို |
| ၂၀၉ | ၂ | ဒသနကိစ္စတပ်၏ | ဒသနကိစ္စတပ်၍ |
| ။ | ၆ | ပါဏာတိပါတ | ပါဏာတိပါတ |
| ။ | ၁၅ | ပြုပြင်အပ်သမျ | ပြုပြင်အပ်သမျှ |
| ၂၁၀ | ၁၂ | အာရဟာတ္တဖိုလ် | အရဟာတ္တဖိုလ် |
| ၂၁၃ | ၂၁ | နောဝဟောတိ | နေဝဟောတိ |
| ၂၁၇ | ၁၂ | မာရ်ကိုချ၍ | မာန်ကိုချ၍ |
| ။ | ၁၆ | အပြုပွဲ့စရိယ | အပြုပွစရိယ |
| ၂၁၉ | ၉ | ရူပေဝိဘူတော | ရူပေဝိဘူတေ |
| ။ | ၁၉ | စက္ခုံစ | စက္ခုဥ္စ |
| ။ | ။ | တိကံသင်္ဂတိ | တိကဥ္စံသင်္ဂတိ |
| ၂၂၄ | ၁၄ | "နေဝ ါဓယဂါမိ" | "နေဝ ါစယဂါမိ" |
| ၂၂၆ | ၄ | ဆိတ်သုန်းမည်လောက် | ဆိတ်သုဉ်းမည်လောက် |
| ၂၂၇ | ၁၂ | ဝဇီသင်္ခါရ | ဝစီသင်္ခါရ |
| ။ | ၁၃ | ပုညဘိသင်္ခါရ | ပုညာဘိသင်္ခါရ |
| ။ | ၁၄ | နေဥ္စာဘိသင်္ခါရ | နေဥ္စာဘိသင်္ခါရ |
| ၂၃၀ | ။ | ပရိယေတိ | ပရိယေသိ |
| ၂၃၁ | ၃ | သမ္မစဉ် | သမ္မဇဉ် |
| ၂၃၂ | ၁၈ | တရားဓမ္မ | တရားဓမ္မ |
| ၂၃၃ | ၈ | အပဿန္တော် | အပဿန္တော |
| ။ | ၉ | တဏှာမနာ | တဏှာမာန |
| ၂၃၄ | ၁ | စက္ခုံစ | စက္ခုဥ္စ |
| ။ | ၄ | နိရောဓော | နိရောဓော |

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၃၄ | ၂၀ | အာဒိနဝဉာဏ် | အာဒီနဝဉာဏ် |
| ၂၃၈ | ၁၈ | ပိပါကဝဋ္ဋ | ဝိပါကဝဋ္ဋ |
| ။ | ၂၂ | ကမဝဋ္ဋ | ကမ္မဝဋ္ဋ |
| ၂၄၀ | ၁၃ | စက္ကဝပတ္တ | စက္ကပဝတ္တ |
| ။ | ၂၁ | ဒုက္ခနိရောဓဂေါမိနီ | ဒုက္ခနိရောဓဂါမိနီ |
| ၂၄၂ | ၁၃ | မရဏတို့ချုပ်ရန် | မရဏဒုက္ခတို့ချုပ်ရန် |
| ၂၄၃ | ၁၂ | ပဋိသမ္ဘိဒါ | ဓမ္မပဋိသမ္ဘိဒါ |
| ၂၅၄ | ၂၂ | သမ္မယုတ်တရား | သမ္ပယုတ်တရား |
| ၂၅၅ | ၁၆ | အဝိဇ္ဇနိရောဓော | အဝိဇ္ဇာနိရောဓော |
| ။ | ၁၈ | နိရောဓချုပ်၏ | နိရောဓောချုပ်၏ |
| ၂၇၆ | ၂၀ | အတ္ထဝဋိသမ္ဘိဒါ | အတ္ထပဋိသမ္ဘိဒါ |
| ၂၇၉ | ၈ | သျှင်တော်မြတ် | သျှင်တော်မြတ် |
| ၂၈၃ | ၅ | နပသိတဗ္ဗံ | နပဿိတဗ္ဗံ |
| ၂၈၄ | ၂ | စက္ခု + ရူပါရုံ | တိဏ္ဏံ၊စက္ခု + ရူပါရုံ |
| ၂၈၈ | ၆ | တဆင့်ဗ္ဗနိဒါ | တဆင့်နိဗ္ဗိဒါ |
| ၂၉၉ | ၂၁ | (၆)ဝိစိကိစ္ဆာ | (၆)ဝိစိကိစ္ဆာ |
| ၃၄၅ | ၂၃ | နိဗ္ဗာန်တမ်း | နိဗ္ဗာန်လမ်း |
| ၃၅၄ | ၃ | (သံယုဂ်ပါဠိတော်) | (သံယုဂ်ပါဠိတော်) |
| ၃၅၅ | ၅ | အတ္တိသည် | သတ္တိသည် |
| ၃၅၇ | ၁၉ | အနုလောမိကခန္တီ | အနုလောမိကခန္တီ |
| ။ | ၂၅ | ခန္တိ | ခန္တီ |
| ၃၅၉ | ၁၉ | နိရောဓသစ္စစ္စံ | နိရောဓသစ္စံ |
| ။ | ၂၃ | ဝါဗ္ဗာန်မမ-နိည် | နိဗ္ဗာန်မမည် |

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၃၇၆ | ၆ | အတ္ထတ္တမှို နတ္တတ္ထမှို | အတ္ထတ္တမှိုနတ္ထတ္ထမှို |
| ၃၈၁ | ၁၀ | ဓဟိတိ | ဓမ္မံဟိ |
| ၃၈၃ | ၂၄ | ပြောကြသောသုရား” | ပြောကြသော ဘုရား” |

★

ထေရဝါဒ ဗုဒ္ဓသာသနာကို ယုံကြည်သူတိုင်း

လေ့လာသင့်သော

ဓမ္မကထိကဆရာကြီး (ဦးမြင့်သိန်း) ရေး

# အတိဂမ္ဘီရသဘာဝစွယ်စုံကျမ်း

အဖွင့်....

ဆူးလေစေတီတော် ဓမ္မသဘင်၌ တလလျှင် (၈) ကြိမ်ကျ

ဟောကြားပြု,သ,သော "ဝိပဿနာ သင်တန်း" မှ

(မဂ်ဉာဏ်-ဖိုလ်ဉာဏ်) အခြေခံတရားဖြစ်သော

(၁) ဗုဒ္ဓ ဝိဉာဏ်တော်

(၂) အကုပ္ပါမေ ဝိမုတ္တိ

ဗုဒ္ဓဝိဉာဏ်တော် စာအုပ်များကို လေ့လာတော်မူကြပါ။